# အဘိဓမ္မပိဋက

# ကထာဝတ္ထုပါဠိတော်

## မြန်မာပြန်

------

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ၁–ပုဂ္ဂလကထာ

## ၁–သုဒ္ဓသစ္စိကဋ္ဌ

## ၁–အနုလောမပစ္စနိက်

## (က) ပဌမနိဂ္ဂဟ

၁။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။[၁]

ပရဝါဒီ[၂]။ ။ သြော် ရအပ်ပါ၏[၃]။

သကဝါဒီ။ ။ မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော[၄]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၅]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့[၆]–

### ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့ပါမူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း သင် မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**အနုလောမပဉ္စက ပြီး၏။**

------

## ပဋိကမ္မစတုက္က

၂။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော[၁]။

သကဝါဒီ။ ။ ဩော် မရအပ်ပါ[၂]။

ပရဝါဒီ။ ။ မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော[၃]။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည်ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်

မဆိုခဲ့မူ “ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ “ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ “မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည်ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**ပဋိကမ္မစတုက္က ပြီး၏။**

------

# နိဂ္ဂဟစတုက္က

၃။ ပရဝါဒီ။ ။ “ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ ဆိုခဲ့သည်သာတည်း၊ “မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ကား သင် မဆိုခဲ့၊ ဤသို့ သင် (သကဝါဒီ) အောက်မေ့မှတ်ထင်ခဲ့ပါမူ ထိုအောက်မေ့မှတ်ထင်ခြင်းဟူသော အကြောင်းကြောင့် ထိုပဌမပုစ္ဆာ၌ ထိုဝန်ခံချက်ဖြင့်ပင် ဤသို့ဝန်ခံသော သင် (သကဝါဒီ) ကို ဤသို့ ဖိနှိပ်ထိုက်တော့၏၊ ထိုသို့ ဖိနှိပ်ထိုက်သော သင် (သကဝါဒီ) ကို (ငါတို့) ဖိနှိပ်ပါကုန်၏၊ သင် (သကဝါဒီ) သည် ကောင်းစွာ အဖိအနှိပ်ခံရသူလည်း ဖြစ်တော့၏။

## ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် “မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ ဆိုသင့်၏။ ထိုပဌမပုစ္ဆာ၌ “ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ “မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည်ရှိ၏၊ (ထိုတရားမျိုးကဲ့သို့ ) ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ “မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍ သင်မဆိုခဲ့ပါမူ “ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်”ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**နိဂ္ဂဟစတုက္က ပြီး၏။**

------

## ဥပနယနစတုက္က

၄။ အရှင်သကဝါဒီ (သင့်အပေါ်၌) ငါ ပြုခဲ့သော ဤဖိနှိပ်မှုသည် မတရားသဖြင့် ဖိနှိပ်မှု ဖြစ်ခဲ့မူ ထိုအနုလောမပဉ္စကၥ ဤအတူပင် ကြည့်ရှုစမ်းပါဦးလော့။

## အနုလောမပဉ္စကနှင့် နှိုင်းယှဉ်ပုံ

"ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ငါ ဆိုခဲ့သည်သာတည်း၊ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့် ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား ငါ မဆိုခဲ့၊ ဤသို့ ထိုအနုလောမပဉ္စက၌ ဤအတူပင် ကြည့်ရှုစမ်းပါဦးလော့။

ထိုအနုလောမပဉ္စက၌ ဤဝန်ခံချက်ဖြင့် ဤသို့ဝန်ခံသော ငါ (ပရဝါဒီ) တို့ကို သင် (သကဝါဒီ) သည် ဤသို့မဖိနှိပ်ထိုက်ကုန်ပါဘဲလျက် ငါ့ကို ဖိနှိပ်ဘိ၏၊ ငါ (ပရဝါဒီ) တို့သည် မတရားသဖြင့် (ဤသို့) အဖိနှိပ်ခံရသူများသာ ဖြစ်ကြရပါကုန်၏–

## သကဝါဒီ၏ မတရားဖိနှိပ်ပုံ[၁၀]

"အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါမူ ထိုအကြောင်းကြောင့်'မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ 'ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါး သော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ 'မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည့်ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ကား သင် မဆိုခဲ့မူ 'ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍လည်း သင် မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ 'ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ 'မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏'ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း"ဟု (ဖိနှိပ်ခဲ့၏)။

ဤသို့ မဖိနှိပ်ထိုက်ကုန်၊ သို့ပါလျက် (သင်သကဝါဒီသည်) ငါ့ကို ဖိနှိပ်ဘိ၏၊ ငါ (ပရဝါဒီ) တို့သည် မတရားသဖြင့် အဖိနှိပ်ခံရသူများ ဖြစ်ကြရကုန်၏။

**ဥပနယနစတုက္က ပြီး၏။**

------

## နိဂ္ဂမနစတုက္က

အကြင်အကြောင်းကြောင့် သင် (သကဝါဒီ) သည် ငါ ပရဝါဒီကို ဤသို့ မဖိနှိပ်ထိုက်–

၅။ အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် မဆိုခဲ့ပါမူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့

ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏”ဟူ၍ကား သင် မဆိုခဲ့ပေ၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်းဟု (ဤသို့ မဖိနှိပ်ထိုက်)။

ထိုအကြောင်းကြောင့် ငါ့ကို အကြင်သို့ ဖိနှိပ်ဘိ၏၊ သင်၏ ဤဖိနှိပ်ခြင်းသည် မှား၏၊ ထိုအကြောင်းကြောင့်ပင် အကြင်ဖိနှိပ်မှုကို ပြုအပ်ပြီ၊ ထိုဖိနှိပ်မှုကို (သင်သည်) မတရားသဖြင့် ပြုအပ်၏၊ တုံ့ပြန်ဖိနှိပ်မှုကို ငါသည် ကောင်းစွာ ပြုအပ်၏၊ စကားအစဉ်၏ ပြီးဆုံးစေမှုကို ငါသည် ကောင်းစွာ ပြုအပ်၏။

**နိဂ္ဂမနစတုက္က ပြီး၏။**

**ပဌမနိဂ္ဂဟ ပြီး၏။**

------

၁။ ပရမတ္ထအားဖြင့် ရအပ်သော သစ္စိကဋ္ဌပရမတ္ထကို ရည်ရွယ်၍ မေးသည်။
၂။ ဤပုဂ္ဂလကထာ၌ ပရဝါဒီအရ သာသနာတွင်း ဝဇ္ဇိပုတ္တက, သမိတိယဂိုဏ်းဝင်တို့နှင့် သာသနာပ အညတိတ္ထိယများကို ဆိုလိုသည်။
၃။ သမ္မုတိသစ္စာအားဖြင့် ဟောသည်ကို သစ္စိကဋ္ဌပရမတ္ထဟု ရည်ရွယ်၍ ရအပ်၏ဟု ဖြေသည်။
၄။ ငါးဆယ့်ခုနစ်ပါးသော တရား၏ သစ္စိကဋ္ဌပရမတ္ထ အမျိုးအစားကဲ့သို့သော သစ္စိကဋ္ဌပရမတ္ထမျိုးကို ပုဂ္ဂိုလ်၌ ရ–မရ ထင်ရှားအောင် ပြု၍ မေးတော်မူသည်။
၅။ သကဝါဒီမေးသော ငါးဆယ့်ခုနစ်ပါးသော တရား၏ သစ္စိကဋ္ဌပရမတ္ထ အမျိုးအစားကို ပုဂ္ဂိုလ်၌ မရနိုင်သောကြောင့် ဤသို့ ပဋိက္ခေပ (ပယ်မြစ်၍) ပြု၍ ဖြေသည်။
၆။ သကဝါဒီက ပဌမပုစ္ဆာ၌ ငါဆိုသော သစ္စိကဋ္ဌပရမတ္ထနှင့် ဒုတိယပုစ္ဆာ၌ ငါဆိုသော သစ္စိကဋ္ဌ ပရမတ္ထနှစ်ပါးတို့သည် အရ အတူတူပင် ဖြစ်ပါလျက် ပရဝါဒီသည် ပဌမပုစ္ဆာ၌ ဝန်ခံခဲ့ပြီးလျှင် ဒုတိယပုစ္ဆာသို့ရောက်မှ ပယ်မြစ်ပြန်သဖြင့် ဤသို့ ဖိနှိပ်ထိုက်သော အပြစ်ရှိ၏ဟု ဆိုတော်မူသည်။
၇။ သမ္မုတိသစ္စာအားဖြင့် ရအပ်သော သစ္စိကဋ္ဌပရမတ္ထကို ရည်ရွယ်၍ မေးသည်။
၈။ ပရမတ္ထသစ္စာအားဖြင့် ရအပ်သော သစ္စိကဋ္ဌပရမတ္ထကို ရည်ရွယ်၍ ဖြေသည်။
၉။ ပရဝါဒီက ‘အတ္တိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော’ဟု ဟောသော သမ္မုတိသစ္စာ သစ္စိကဋ္ဌပရမတ္ထမျိုးကဲ့သို့ သော သစ္စိကဋ္ဌပရမတ္ထပုဂ္ဂိုလ်မျိုး ရ–မရကို ထင်ရှားအောင် ပြု၍ မေးသည်၊ သကဝါဒီက ပရဝါဒီမေးသော သမ္မုတိသစ္စာ သစ္စိကဋ္ဌပရမတ္ထမျိုးကား ရနိုင်သောကြောင့် ဤသို့ ပဋိက္ခေပပြု၍ ဖြေသည်။
၁၀။ အနုလောမပဉ္စကာ၌လာသော စကားရပ်အတိုင်း ပရဝါဒီက ပြောသည်။

♣

**၁–သုဒ္ဓသစ္စိကဋ္ဌ**

**၂–ပစ္စနီကာနုလောမ**

## (ခ) ဒုတိယနိဂ္ဂဟ

၆။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ သြော် မရအပ်ပါ။

ပရဝါဒီ။ ။ မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

**ဖိနှိပ်ပုံ**

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင့်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင် မဆိုခဲ့မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည်ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**ပစ္စနီကပဉ္စက ပြီး၏။**

------

**ပဋိကမ္မစတုက္က**

၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံကား

အရှင်ပရဝါဒီပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် မဆိုခဲ့မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**ပဋိကမ္မစတုက္က ပြီး၏။**

------

## နိဂ္ဂဟစတုက္က

၈။ သကဝါဒီ။ ။ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုခဲ့သည်သာတည်း၊ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ ဤသို့ သင် (ပရဝါဒီ) အောက်မေ့မှတ်ထင်ခဲ့ပါမူ ထိုအောက်မေ့မှတ်ထင်ခြင်းဟူသော အကြောင်းကြောင့် ထိုပဌမပုစ္ဆာ၌ ဤဝန်ခံချက်ဖြင့် ဤသို့ဝန်ခံသော သင် (ပရဝါဒီ) ကို ဤသို့ ဖိနှိပ်ထိုက်တော့၏၊ ထိုသို့ ဖိနှိပ်ထိုက်သော သင် (ပရဝါဒီ) ကို ငါတို့ ဖိနှိပ်ပါကုန်၏၊ သင်ပရဝါဒီသည် ကောင်းစွာ အဖိနှိပ်ခံရသူလည်း ဖြစ်တော့၏–

## ဖိနှိပ်ပုံ[၁]

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင် စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် မဆိုခဲ့မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်ငါးဆယ့်ခုနစ်ပါးသော တရားသည် ရှိ၏၊ ထိုငါးဆယ့်ခုနစ်ပါးသော တရားကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

**နိဂ္ဂဟစတုက္က ပြီး၏။**

------

## ဥပနယနစတုက္က

၉။ အရှင်ပရဝါဒီ (သင့်အပေါ်၌) ငါ ပြုခဲ့သော ဤဖိနှိပ်မှုသည် မတရားသဖြင့် ဖိနှိပ်မှု ဖြစ်ခဲ့မူ ထိုပစ္စနီကပဥ္စကၥ၌ ဤအတူပင် ကြည့်ရှုစမ်းပါဦးလော့။ ပစ္စနီကပဥ္စကနှင့် နှိုင်းယှဉ်ပုံ

"ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ ငါ ဆိုခဲ့သည်သာတည်း၊ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား ငါ မဆိုခဲ့၊ ဤသို့ထိုပစ္စနီကပဥ္စကၥ၌ ဤအတူပင် ကြည့်ရှုစမ်းပါဦးလော့။

ထိုပစ္စနီကပဥ္စကၥ၌ ဤဝန်ခံချက်ဖြင့် ဤသို့ဝန်ခံသော ငါ (သကဝါဒီ) တို့ကို သင် (ပရဝါဒီ) သည် ဤသို့မဖိနှိပ်ထိုက်ကုန်ပါဘဲလျက် ငါ့ကို ဖိနှိပ်ဘိ၏၊ ငါ (သကဝါဒီ) တို့သည် မတရားသဖြင့် (ဤသို့) အဖိအနှိပ်ခံရသူများသာ ဖြစ်ကြရပါကုန်၏–

## ပရဝါဒီ၏ မတရားဖိနှိပ်ပုံ[1]

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟု ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟု သင် မဆိုခဲ့ပါမူ"ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးတို့ကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်းဟု (ဖိနှိပ်ခဲ့၏)။

ဤသို့ မဖိနှိပ်ထိုက်ကုန်ပါဘဲလျက် သင် ငါ့ကို ဖိနှိပ်ဘိ၏၊ ငါ (သကဝါဒီ) တို့သည် မတရားသဖြင့် အဖိအနှိပ်ခံရသူများ ဖြစ်ကြရကုန်၏။

**ဥပနယနစတုက္က ပြီး၏။**

------

## နိဂ္ဂမနစတုက္က

အကြင်အကြောင်းကြောင့် သင် (ပရဝါဒီ) သည် ငါသကဝါဒီကို ဤသို့ မဖိနှိပ်ထိုက်–

၁၀။ အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်မဆိုခဲ့ပါမူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "မှန်သောသဘော မြတ်သောသဘောဖြစ်သော အကြင်တရားမျိုးသည် ရှိ၏၊ ထိုတရားမျိုးကဲ့သို့ ထိုပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍သင် မဆိုခဲ့ပေ၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်းဟု (ဤကဲ့သို့ မဖိနှိပ်ထိုက်)။ ထိုအကြောင်းဖြင့်ပင် ဤသို့ ငါ့ကို အကြင်သို့ ဖိနှိပ်၏၊ သင်သည် ဤဖိနှိပ်မှုကို ပြုအပ်ပြီ၊ ထိုဖိနှိပ်မှုကိုသင်သည် မတရားသဖြင့် ပြုအပ်၏၊ တုံ့ပြန်ဖိနှိပ်မှုကို ငါသည် ကောင်းစွာ ပြုအပ်၏၊ (စကားအစဉ်၏) ပြီးဆုံးစေမှုကို ငါသည် ကောင်းစွာ ပြုအပ်၏။

**နိဂ္ဂမနစတုက္က ပြီး၏။**

**ဒုတိယနိဂ္ဂဟ ပြီး၏။**

------

၁။ ပဋိကမ္မစတုက္က (အပိုဒ်–၇) ၌ ပရဝါဒီအား (သကဝါဒီ) က ဖိနှိပ်ခဲ့ပုံကို ပြန်၍ ပြသည်။
၂။ ပစ္စနီကာနုလောမ (အပိုဒ်–၆) စကားရပ်အတိုင်း သကဝါဒီက ပြန်ပြောသည်။

♣

## ၂–ဩကာသသစ္စိကဋ္ဌ

## ၁–အနုလောမပစ္စနိက်

## (ဂ) တတိယနိဂ္ဂဟ

၁၁။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၁]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

### ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင် စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် မဆိုခဲ့မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍သာ သင်ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤ ရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**တတိယနိဂ္ဂဟ ပြီး၏။**

------

၁။ ရုပ်၌ အတ္တဟု ရှုသော အပြစ်၊ ဇီဝတခြား ကိုယ်တခြားဟု အစွဲပွါးယ်သက်ရောက်သော အပြစ် ဤအပြစ်နှစ်ခုကို မြင်သဖြင့် ပရဝါဒီပုဂ္ဂိုလ်က ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၃–ကာလသစ္စကဠ

## ၁–အနုလောမပစ္စနိက်

## (ဃ) စတုတ္ထနိဂ္ဂဟ

၁၂။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၁]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

### ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်းရအပ်၏"ဟူ၍ကား သင် မဆို၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း ရအပ်၏"ဟု အကယ်၍ သင် မဆိုခဲ့လျှင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်းရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသောစကားသာတည်း။ပ။

**စတုတ္ထနိဂ္ဂဟ ပြီး၏။**

------

၁။ ထိုသူသည်ပင် မင်းမျိုး ထိုသူသည်ပင် ပုဏ္ဏားမျိုးဖြစ်၏ဟု အဓိပ္ပါယ်သက်ရောက်သော အပြစ်၊ ပုဂ္ဂိုလ်တစ်ဦးတည်းပင် အသက်ထင်ရှားရှိစဉ်အခါနှင့် ပရိနိဗ္ဗာန်ပြုပြီးသော အခါတို့၌

အထူးမရှိဟု အဓိပ္ပါယ်သက်ရောက်သော အပြစ်ဟူသော အပြစ်နှစ်ခုကို မြင်သဖြင့် ပရဝါဒီက ဤသို့ ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၄-အဝယဝသစ္စိကဋ္ဌ

## ၁-အနုလောမပစ္စနိက်

## (င) ပဉ္စမနိဂ္ဂဟ

၁၃။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ၁။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

### ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍သာ သင်ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကား သာတည်း။

အရှင်ပရဝါဒီ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟု အကယ်၍ သင် မဆိုခဲ့မူ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**ပဉ္စမနိဂ္ဂဟ ပြီး၏။**

------

၁။ ရုပ်၌ အတ္တ၊ စက္ခု၌ အတ္တစသည် အဓိပ္ပါယ်သက်ရောက်သော အပြစ်ကို ကြောက်လန့်သဖြင့် ပရဝါဒီပုဂ္ဂိုလ်က ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၂-ဩကာသသစ္စိကဋ္ဌ

## ၂-ပစ္စနီကာနုလောမ

## (စ) ဆဋ္ဌနိဂ္ဂဟ

၁၄။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

### ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ပါမူ ထိုအကြောင်းကြောင့် "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ ဆိုသင့်၏။

ထိုပဋ္ဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့်မရအပ်"ဟု အကယ်၍ သင် မဆိုခဲ့ပါမူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့်မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဋ္ဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍သာ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော ကိုယ် (ခန္ဓာ) ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသောစကားသာတည်း။ပ။

**ဆဋ္ဌနိဂ္ဂဟ ပြီး၏။**

------

## ၃–ကာလသစ္စိကဋ္ဌ

## ၂–ပစ္စနီကာနုလောမ

## (ဆ) သတ္တမနိဂ္ဂဟ

၁၅။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း မရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

### ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ပါမူ ထိုအကြောင်းကြောင့် "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း မရအပ်"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့်အခါခပ်သိမ်း မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကိုသင် ဆိုဘိ၏၊ သင်၏ ဤ ရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်း မရအပ်"ဟူ၍သင် မဆိုခဲ့မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အခါခပ်သိမ်းမရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**သတ္တမနိဂ္ဂဟ ပြီး၏။**

------

## ၄-အဝယဝသစ္စိကဌ

## ၂-ပစ္စနီကာနုလောမ

## (ဈ) အဋ္ဌမနိဂ္ဂဟ

၁၆။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

### ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ မရအပ်ပါမူထိုအကြောင်းကြောင့် "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍သာ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည်မှားသောစကားသာတည်း။

အရှင်သကဝါဒီ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင် မဆိုခဲ့ပါမူ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍လည်း မဆိုသင့်တော့ပေ။ ထိုပဌမပုစ္ဆာ၌ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အလုံးစုံသော (ခန္ဓာအစရှိသော) တရားတို့၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**အဋ္ဌမနိဂ္ဂဟ ပြီး၏။**

------

## ၅-သုဒ္ဓိကသံသန္ဒနာ

၁၇။ သကဝါဒီ။ ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားလော[၁]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၂]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကားသင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ် သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟု အကယ်၍သင် မဆိုခဲ့ပါမူ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ"ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၁၈။ သကဝါဒီ။ ။ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

# ဖိနှိပ်ပုံ

အရှင်ပရဝါဒီဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ပါမူ ထိုအကြောင်းကြောင့် “ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား”ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ “ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏”ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ “ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား”ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ “ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား”ဟု အကယ်၍ သင် မဆိုခဲ့မူ “ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏”ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ “ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏”ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ “ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား”ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၁၉။ သကဝါဒီ။ ။ စက္ခာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။ပ။ သောတာယတနကို။ ဃာနာယတနကို။ ဇိဝှါ ယတနကို။ ကာယာယတနကို။ ရူပါယတနကို။ သဒ္ဒါယတနကို။ ဂန္ဓာယတနကို။ ရသာ ယတနကို။ ဖောဋ္ဌဗ္ဗာယတနကို။ မနာယတနကို။ ဓမ္မာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။

၂၀။ စက္ခုဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။ သောတဓာတ်ကို။ ဃာနဓာတ်ကို။ ဇိဝှါဓာတ်ကို။ ကာယဓာတ်ကို။ ရူပဓာတ်ကို။ သဒ္ဒဓာတ်ကို။ ဂန္ဓဓာတ်ကို။ ရသဓာတ်ကို။ ဖောဋ္ဌဗ္ဗဓာတ်ကို။ စက္ခုဝိညာဏဓာတ်ကို။ သောတဝိညာဏဓာတ်ကို။ ဃာနဝိညာဏဓာတ်ကို။ ဇိဝှါဝိညာဏဓာတ်ကို။ ကာယဝိညာဏဓာတ်ကို။ မနောဓာတ်ကို။ မနောဝိညာဏဓာတ်ကို။ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။

၂၁။ စက္ခုန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။ သောတိန္ဒြေကို။ ဃာနိန္ဒြေကို။ ဇိဝှိန္ဒြေကို။ ကာယိန္ဒြေကို။ မနိန္ဒြေကို။ ဇီဝိတိန္ဒြေကို။ ဣတ္ထိန္ဒြေကို။ ပုရိသိန္ဒြေကို။ သုခိန္ဒြေကို။ ဒုက္ခိန္ဒြေကို။ သောမနဿိန္ဒြေကို။ ဒေါမနဿိန္ဒြေကို။ ဥပေက္ခိန္ဒြေကို။ သဒ္ဓိန္ဒြေကို။ ဝီရိယိန္ဒြေကို။ သတိန္ဒြေကို။ သမာဓိန္ဒြေကို။ ပညိန္ဒြေကို။ အနညာတညဿာမီတိန္ဒြေကို။ အညိန္ဒြေကို။ အညာတာဝိန္ဒြေကို မှန်သောသဘော

မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေမှ တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် အကယ်၍ ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုး တခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ အကယ်၍ သင် မဆိုခဲ့မူ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းမဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၂၂။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါး အတွက်ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား အကယ်၍ ဟောအပ်ပါမူ ထိုအကြောင်းကြောင့်"ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါး အတွက်ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍သာ သင်ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ"ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ အရှင်သကဝါဒီ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍ အကယ်၍ကား သင် မဆိုခဲ့လျှင် ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍ကား မဆိုသင့်။

ထိုပဌမပုစ္ဆာ၌ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါး အတွက်ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍သာ သင်ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ"ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၂၃။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ သြော် မရအပ်ပါ။

ပရဝါဒီ။ ။ ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြားလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား အကယ်၍ ဟောအပ်ပါမူ ထိုအကြောင်းကြောင့်"ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏"ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား"ဟူ၍ အကယ်၍ကား သင် မဆိုခဲ့မူ "ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရားဟောအပ်၏"ဟူ၍ကား မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ"ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား"ဟူ၍ကားသင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၂၄။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ စက္ခာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။ သောတာယတနကို။ပ။ ဓမ္မာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။ပ။

၂၅။ စက္ခုဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။ ကာယဓာတ်ကို။ပ။ ရူပဓာတ်ကို။ပ။ ဖောဋ္ဌဗ္ဗဓာတ်ကို။ပ။ စက္ခုဝိညာဏဓာတ်ကို။ပ။ မနောဝိညာဏဓာတ်ကို။ပ။ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။

၂၆။ စက္ခုန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။ သောတိန္ဒြေကို။ပ။ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ။ပ။

၂၇။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ သြော် မရအပ်ပါ။

ပရဝါဒီ။ ။ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား အကယ်၍ ဟောအပ်ပါမူ ထိုအကြောင်းကြောင့် "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ အကယ်၍ သင်မဆိုခဲ့မူ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရားဟောအပ်၏"ဟူ၍ကား မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**သုဒ္ဓိကသံသန္ဒနာ ပြီး၏။**

------

၁။ ရုပ်သည် ပရမတ္တအားဖြင့် ရှိသကဲ့သို့ ပုဂ္ဂိုလ်သည်လည်း ပရမတ္တအားဖြင့် ရှိခဲ့မူ ရုပ်နှင့် ဝေဒနာ စသည်တို့၏ အသီးအခြား တစ်ပါးစီ ဖြစ်သကဲ့သို့ ပုဂ္ဂိုလ်သည်လည်း ရုပ်မှ အသီးအခြား ရကောင်းလေသလောဟု ဤဒုတိယပုစ္ဆာကို မေးလိုရင်း ဖြစ်သည်။

၂။ ပုဂ္ဂိုလ်ကို ရုပ်စသည်တို့မှ တစ်ပါးဟူ၍လည်းကောင်း၊ တစ်ပါးမဟုတ်ဟူ၍လည်းကောင်း မဆိုအပ်ဟူသော အယူဝါဒနှင့်လည်းကောင်း၊ အသက်သည်တခြား ကိုယ်သည်တခြားလောဟု မေးခဲ့သော် မဖြေအပ်ဟု မြတ်စွာဘုရားဟောသော သုတ်နှင့်လည်းကောင်း ဆန့်ကျင်နေသည်ကို မြင်သဖြင့် ပရဝါဒီပုဂ္ဂိုလ်က ဤသို့ ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၆–ဩပမ္မသံသန္ဒနာ

၂၈။ သကဝါဒီ။ ။ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် တစ်မျိုးတခြား ဖြစ်ပါ၏။

သကဝါဒီ။ ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

### ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်ခဲ့မူ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါမူ ထိုအကြောင်းကြောင့် "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဋ္ဌမပုစ္ဆာ၌ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍လည်းကောင်း၊ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟု သင်မဆိုခဲ့မူ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍လည်းကောင်း၊ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား'ဟူ၍လည်းကောင်း၊ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၂၉။ သကဝါဒီ။ ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား၊ ဝိညာဏ်သည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ သြော် တစ်မျိုးတခြား ဖြစ်ပါ၏။

သကဝါဒီ။ ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား၊ ဝိညာဏ်သည် (ရုပ်မှ) တစ်မျိုးတခြားဖြစ်ခဲ့မူ ရုပ်ကို မှန်သောသဘော

မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူထိုအကြောင်းကြောင့် "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ဆိုသင့်၏။

ထိုပဋ္ဌမပုစ္ဆာ၌ "ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား၊ ဝိညာဏ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍လည်းကောင်း၊ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ "ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ သင့်မဆိုခဲ့ပါမူဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား၊ ဝိညာဏ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ "ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းမဆိုသင့်တော့ပေ။

ထိုပဋ္ဌမပုစ္ဆာ၌ "ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြား၊ ဝိညာဏ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကိုသင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၃၀။ သကဝါဒီ။ ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို။ပ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၁။ သကဝါဒီ။ ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို။ပ။ ရုပ်ကို။ပ။ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ သညာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၂။ သကဝါဒီ။ ။ ဝိညာဏ်ကို။ပ။ ရုပ်ကို။ပ။ ဝေဒနာကို။ပ။ သညာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၃။ သကဝါဒီ။ ။ ရုပ်ကို။ပ။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ဝိညာဏ်သည် (သင်္ခါရတို့မှ) တစ်မျိုးတခြား၊ သင်္ခါရတို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြားတို့ ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ ဩော် တစ်မျိုးတခြားတို့ ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ကုန်သကဲ့သို့ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ဝိညာဏ်သည် (သင်္ခါရတို့မှ) တစ်မျိုးတခြား၊ သင်္ခါရတို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြား ဖြစ်ခဲ့ပါမူဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့်ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ် သည် (ဝိညာဏ်မှ) တစ်မျိုး တခြားဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ဝိညာဏ်သည် (သင်္ခါရတို့မှ) တစ်မျိုးတခြား၊ သင်္ခါရတို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြားတို့တည်းဟူ၍ လည်းကောင်း၊ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြားဟူ၍ သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီဝိညာဏ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ဝိညာဏ်မှ) တစ်မျိုးတခြားဟုအကယ်၍ သင် မဆိုခဲ့မူဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ သင်္ခါရတို့ကိုလည်း မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ကုန်၏၊ ဝိညာဏ်သည် (သင်္ခါရတို့မှ) တစ်မျိုးတခြား၊ သင်္ခါရတို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြားတို့ဟူ၍ လည်းကောင်း၊ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့်

ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ကုန်သကဲ့သို့ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ဝိညာဏ်သည် (သင်္ခါရတို့မှ) တစ်မျိုးတခြား၊ သင်္ခါရတို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြားတို့ဟူ၍လည်းကောင်း၊ ဝိညာဏ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဝိညာဏ်သည် (ပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်တို့သည် (ဝိညာဏ်မှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၃၄။ သကဝါဒီ။ ။ သောတာယတနကို။ပ။ ဓမ္မာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။ စက္ခာယတနကို။ပ။ မနာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဓမ္မာယတနကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၅။ သကဝါဒီ။ ။ သောတဓာတ်ကို။ပ။ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခုဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။ စက္ခုဓာတ်ကို။ပ။ မနောဝိညာဏဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၆။ သကဝါဒီ။ ။ သောတိန္ဒြေကို။ပ။ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခုန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။ စက္ခုန္ဒြေကို။ပ။ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ (ထို့ကြောင့်) အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုး တခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ထြော် တစ်မျိုးတခြား ဖြစ်ပါ၏။

သကဝါဒီ။ ။ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ထြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့−

# ဖိနိပ်ပုံ

အရှင်ပရဝါဒီ "အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုးတခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား ဖြစ်ခဲ့မူ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုးတခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ "အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြား"ဟူ၍ ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍ သင် မဆိုခဲ့မူ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ ထို့ကြောင့်အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုးတခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်းကောင်းမဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုးတခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ ပ။

၃၇။ ပရဝါဒီ။ ။ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

သကဝါဒီ။ ။ ဩော် တစ်မျိုးတခြား ဖြစ်ပါ၏။

ပရဝါဒီ။ ။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက်ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြားဖြစ်ခဲ့မူ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်ပါမူထိုအကြောင်းကြောင့် ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြား"ဟူ၍လည်းကောင်း၊ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရားဟောအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုး တခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည်မှားသောစကားသာတည်း။

အရှင်သကဝါဒီ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားဟု အကယ်၍သင် မဆိုခဲ့မူ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ) တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရားဟောအပ်၏ဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ "ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) ရုပ်သည် (ဝေဒနာမှ)

တစ်မျိုးတခြား၊ ဝေဒနာသည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏"ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၃၈။ ပရဝါဒီ။ ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၃၉။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၄၀။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ သညာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၄၁။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို။ သညာကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ကုန်၏။ပ။

၄၂။ ရုပ်ကို။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ကုန်သကဲ့သို့ ဝိညာဏ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၄၃။ သောတာယတနကို။ပ။ ဓမ္မာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။ စက္ခာယတနကို။ပ။ သောတာယတနကို။ပ။ မနာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဓမ္မာယတနကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၄၄။ သောတဓာတ်ကို။ပ။ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခုဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ စက္ခုဓာတ်ကို။ပ။ မနောဝိညာဏဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ ဓမ္မဓာတ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။

၄၅။ သောတိန္ဒြေကို။ပ။ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ စက္ခုန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။ပ။ သောတိန္ဒြေကို။ပ။ စက္ခုန္ဒြေကို။ပ။ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊

(ထို့ကြောင့်) အညာတာဝိန္ဒေသည် (အညိန္ဒေမှ) တစ်မျိုးတခြား၊ အညိန္ဒေသည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဖြစ်သလော။

သကဝါဒီ။ ။ ဩော် တစ်မျိုးတခြား ဖြစ်ပါ၏။

ပရဝါဒီ။ ။ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ အညာတာဝိန္ဒေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြား ဖြစ်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ အညိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒေသည် (အညိန္ဒေမှ) တစ်မျိုးတခြား၊ အညိန္ဒေသည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဖြစ်ခဲ့မူ အညာတာဝိန္ဒေကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်ခဲ့မူ ထိုအကြောင်းကြောင့် အညာတာဝိန္ဒေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဟူ၍ သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ အညိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒေသည် (အညိန္ဒေမှ) တစ်မျိုးတခြား၊ အညိန္ဒေသည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ "မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ အညာတာဝိန္ဒေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ အညာတာဝိန္ဒေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဟု သင် မဆိုခဲ့မူ အညိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရသကဲ့သို့ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒေသည် (အညိန္ဒေမှ) တစ်မျိုးတခြား၊ အညိန္ဒေသည် (အညာတာဝိန္ဒေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ 'မိမိ

စီးပွားရေးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ အညိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏၊ (ထို့ကြောင့်) အညာတာဝိန္ဒြေသည် (အညိန္ဒြေမှ) တစ်မျိုးတခြား၊ အညိန္ဒြေသည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍လည်းကောင်း၊ အညာတာဝိန္ဒြေကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်သကဲ့သို့ မိမိစီးပွားရေးအတွက်ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။

ဤဒုတိယပုစ္ဆာ၌မူ အညာတာဝိန္ဒြေသည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (အညာတာဝိန္ဒြေမှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

**ဩပမ္မသံသန္ဒနာ ပြီး၏။**

------

## ၇-စတုက္ကနယသံသန္ဒနာ

၄၆။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် ပုဂ္ဂိုလ်မည်သလော[၁]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၂]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

**ဖိနှိပ်ပုံ**

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟု ဆိုသင့်သည်သာတည်း။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟု သင် ဆိုခဲ့၏။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟု သင် မဆိုခဲ့မူ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၄၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရုပ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။[၃] ရုပ်ကို ကြဉ်ထား၍ (ရုပ်မှတစ်ပါး) ပုဂ္ဂိုလ် ကိုရအပ်ပါသလော။ပ။[၄] ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်ပါသလော။[၅]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၆]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့်'ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်၏'ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍သာ သင် ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်၏ဟူ၍ သင် မဆိုခဲ့မူ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၄၈။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာသည် ပုဂ္ဂိုလ်မည်သလော။ပ။ ဝေဒနာ၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဝေဒနာကို ကြဉ်ထား၍ (ဝေဒနာမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဝေဒနာကို ရအပ်ပါသလော။ပ။ သညာသည် ပုဂ္ဂိုလ်မည်သလော။ပ။ သညာ၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ သညာကိုကြဉ်ထား၍ (သညာမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ သညာကို ရအပ်ပါသလော။ပ။ သင်္ခါရတို့သည် ပုဂ္ဂိုလ်မည်ပါသလော။ပ။ သင်္ခါရတို့၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ သင်္ခါရတို့ကိုကြဉ်ထား၍ (သင်္ခါရတို့မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ သင်္ခါရတို့ကို ရအပ်ပါကုန်သလော။ပ။ ဝိညာဏ်သည်

ပုဂ္ဂိုလ်မည်သလော။ပ။ ဝိညာဏ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဝိညာဏ်ကို ကြဉ်ထား၍ (ဝိညာဏ်မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့။

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည်မှားသောစကားသာတည်း။

အရှင်ပရဝါဒီ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ သင် မဆိုခဲ့မူ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၄၉။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခာယတန၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခာယတနကို ကြဉ်ထား၍ (စက္ခာယတနမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ စက္ခာယတနကို ရအပ်ပါသလော။ပ။ ဓမ္မာယတနသည် ပုဂ္ဂိုလ်မည်သလော။ပ။ ဓမ္မာယတန၌ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဓမ္မာယတနကို ကြဉ်ထား၍ (ဓမ္မာယတနမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဓမ္မာယတနကို ရအပ်ပါသလော။ပ။

စက္ခုဓာတ်သည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခုဓာတ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခုဓာတ်ကိုကြဉ်ထား၍ (စက္ခုဓာတ်မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ စက္ခုဓာတ်ကို ရအပ်ပါသလော။ပ။ ဓမ္မဓာတ်သည် ပုဂ္ဂိုလ်မည်သလော။ပ။ ဓမ္မဓာတ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဓမ္မဓာတ်ကို ကြဉ်ထား၍ (ဓမ္မဓာတ်မှ တစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဓမ္မဓာတ်ကို ရအပ်ပါသလော။ပ။

စက္ခုန္ဒြေသည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခုန္ဒြေ၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခုန္ဒြေကို ကြဉ်ထား၍ (စက္ခုန္ဒြေမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ စက္ခုန္ဒြေကို ရအပ်ပါသလော။ပ။ အညာတာဝိန္ဒြေသည် ပုဂ္ဂိုလ်မည်သလော။ပ။ အညာတာဝိန္ဒြေ၌ ပုဂ္ဂိုလ်ကို

ရအပ်ပါသလော။ပ။ အညာတာဝိန္ဒြေကို ကြဉ်ထား၍ (အညာတာဝိန္ဒြေမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌အညာတာဝိန္ဒြေကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့်'ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏'ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍သာ သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ သင် မဆိုခဲ့မူ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၅၀။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ 'မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ရုပ်သည် ပုဂ္ဂိုလ်မည်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟု ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟု သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟူ၍ကား

သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟူ၍ သင် မဆိုခဲ့လျှင် မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟု သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟူ၍ သင် မဆို၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည်မှားသောစကားသာတည်း။ပ။

၅၁။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ သြော် မရအပ်ပါ။

ပရဝါဒီ။ ။ 'မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ရုပ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ရုပ်ကို ကြဉ်ထား၍ (ရုပ်မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ရုပ်ကို ရအပ်ပါသလော။ပ။ ဝေဒနာသည် ပုဂ္ဂိုလ်မည်သလော။ပ။ ဝေဒနာ၌ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဝေဒနာကို ကြဉ်ထား၍ (ဝေဒနာမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဝေဒနာကို ရအပ်ပါသလော။ပ။ သညာသည် ပုဂ္ဂိုလ်မည်ပါသလော။ပ။ သညာ၌ ပုဂ္ဂိုလ်ကိုရအပ်ပါသလော။ပ။ သညာကို ကြဉ်ထား၍ (သညာမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌သညာကို ရအပ်ပါသလော။ပ။ သင်္ခါရတို့သည် ပုဂ္ဂိုလ်မည်သလော။ပ။ သင်္ခါရတို့၌ ပုဂ္ဂိုလ်ကို ရအပ်ပါ့သလော။ပ။ သင်္ခါရတို့ကို ကြဉ်ထား၍ (သင်္ခါရ တို့မှ တစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌သင်္ခါရတို့ကို ရအပ်ပါကုန်သလော။ပ။ ဝိညာဏ်သည် ပုဂ္ဂိုလ်မည်သလော။ပ။ ဝိညာဏ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဝိညာဏ်ကို ကြဉ်ထား၍ (ဝိညာဏ်မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟုသင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ သင် မဆိုခဲ့မူ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ဝိညာဏ်ကို ရအပ်၏ဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၅၂။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် မရအပ်ပါ။

ပရဝါဒီ။ ။ 'မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏'ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ စက္ခာယတနသည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခာယတန၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခာယတနကို ကြဉ်ထား၍ (စက္ခာယတနမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌စက္ခာယတနကို ရအပ်ပါသလော။ပ။ ဓမ္မာယတနသည် ပုဂ္ဂိုလ်မည်သလော။ပ။ ဓမ္မာယတန၌ ပုဂ္ဂိုလ်ကိုရအပ်ပါသလော။ပ။ ဓမ္မာယတနကို ကြဉ်ထား၍ (ဓမ္မာယတနမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဓမ္မာယတနကို ရအပ်ပါသလော။ပ။

စက္ခုဓာတ်သည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခုဓာတ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခုဓာတ်ကိုကြဉ်ထား၍ (စက္ခုဓာတ်မှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ စက္ခုဓာတ်ကို ရအပ်ပါသလော။ပ။ ဓမ္မဓာတ်သည် ပုဂ္ဂိုလ်မည်သလော။ပ။ ဓမ္မဓာတ်၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ဓမ္မဓာတ်ကို ကြဉ်ထား၍ (ဓမ္မဓာတ်မှ တစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ ဓမ္မဓာတ်ကိုရအပ်ပါသလော။ပ။

စက္ခုန္ဒြေသည် ပုဂ္ဂိုလ်မည်သလော။ပ။ စက္ခုန္ဒြေ၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ စက္ခုန္ဒြေကိုကြဉ်ထား၍ (စက္ခုန္ဒြေမှတစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ စက္ခုန္ဒြေကို ရအပ်ပါသလော။ပ။ အညာတာဝိန္ဒြေသည် ပုဂ္ဂိုလ်မည်သလော။ပ။ အညာတာဝိန္ဒြေ၌ ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ အညာတာဝိန္ဒြေကို ကြဉ်ထား၍ (အညာတာဝိန္ဒြေမှ တစ်ပါး) ပုဂ္ဂိုလ်ကို ရအပ်ပါသလော။ပ။ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## တုန့်ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍ သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟု သင် မဆိုခဲ့လျှင် မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ မိမိစီးပွားအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍ သင်ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ပုဂ္ဂိုလ်၌ အညာတာဝိန္ဒြေကို ရအပ်၏ဟူ၍ သင် မဆိုခဲ့၊ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ် သောစကားသည် မှားသောစကားသာတည်း။ပ။

**စတုက္ကနယသံသန္ဒနာ ပြီး၏။**

------

၁။ ရုပ်ကို သစ္စိကဋ္ဌပရမတ္ထအားဖြင့် ရခဲ့ပါမူ ပုဂ္ဂိုလ်သည်လည်း ရုပ်စသော ငါးဆယ့်ခုနစ်ပါးသော တရားတို့တွင် တစ်ပါးပါးသာလျှင် ဖြစ်သင့်သည်ဟု ရည်ရွယ်၍ ဤဒုတိယပုစ္ဆာကို မေးခြင်း ဖြစ်သည်။
၂။ ရုပ်သည် ပုဂ္ဂိုလ်မည်၏ဟု ဖြေဆိုခဲ့လျှင် ရုပ်သည် ချုပ်ပျောက်ပျက်စီးသကဲ့သို့ အတ္တ, ဇီဝဟု စွဲယူထားသောပုဂ္ဂိုလ်သည်လည်း ချုပ်ပျောက်ပျက်စီး၏ဟု ဥစ္ဆေဒဒိဋ္ဌိအဖြစ်ကို ကြောက်သောကြောင့် ပရဝါဒီပုဂ္ဂိုလ်က ပဋိက္ခေပပြု၍ ဖြေသည်။
၃။ သစ္စိကဋ္ဌပရမတ္ထ ရကောင်းသော မဟာဘုတ်လေးပါးကို ကျန်မဟာဘုတ်သုံးပါးတို့က မှီသကဲ့သို့လည်းကောင်း၊ ဝတ္ထုရုပ်ကိုဝိညာဏ်က မှီသကဲ့သို့လည်းကောင်း ရုပ်၌ ပုဂ္ဂိုလ်ရကောင်းသလောဟု မေးလိုရင်း ဖြစ်သည်။
၄။ သဘာဝတရားတို့ကို ခွဲခြားဝေဖန်သောအားဖြင့် ဝေဒနာစသော တရားအားလုံးတို့ကို လည်းကောင်း၊ သို့မဟုတ် နာမ် ခန္ဓာလေးပါးတို့ကိုလည်းကောင်း နိဗ္ဗာန်ကိုလည်းကောင်း ရုပ်မှ တစ်ခြားတပါးဟု ဆိုခြင်းငှါ တတ်ကောင်းသကဲ့သို့ ပုဂ္ဂိုလ်ကိုလည်း ရုပ်မှ တစ်ခြားတစ်ပါးဟု ဆိုထိုက်ပါသလောဟူ၍ မေးလိုရင်း ဖြစ်သည်။
၅။ စိတ္တသမုဋ္ဌာနရုပ်တို့၏ မှီရာအားဖြင့် ရုပ်သည် ဝေဒနာစသည်၌ မှီ၍ ဖြစ်၏ဟု ဆိုခြင်းငှါ တတ်တောင်းသကဲ့သို့ ပုဂ္ဂိုလ်ကိုလည်း မှီရာအဖြစ်ဖြင့် ပုဂ္ဂိုလ်၌ ရုပ်ဟု ဆိုထိုက်ပါသလောဟု မေးလိုရင်း ဖြစ်သည်။
၆။ ဆိုခဲ့ပြီးသော ဥစ္ဆေဒဒိဋ္ဌိနှင့် မိမိအယူ လဒ္ဓိသမယမှ ဆန့်ကျင်နေသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၈–လက္ခဏာယုတ္တိကထာ

၅၃။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အကြောင်းနှင့် တကွဖြစ်၍ 'သပစ္စယ'မည်သလော။ပ။ ပုဂ္ဂိုလ်သည်အကြောင်း ကင်း၍ 'အပစ္စယ'မည်သလော။ ပုဂ္ဂိုလ်သည် ပြုပြင်စီရင်ခံရသူဖြစ်၍ 'သင်္ခတ'မည်သလော။ ပုဂ္ဂိုလ်သည် ပြုပြင်စီရင်မှု ကင်း၍ 'အသင်္ခတ'မည်သလော။ ပုဂ္ဂိုလ်သည် မြဲသည်ဖြစ်၍ 'သဿတ' မည်သလော။ ပုဂ္ဂိုလ်သည် မမြဲသည်ဖြစ်၍ 'အသဿတ'မည်သလော။ ပုဂ္ဂိုလ်သည် အကြောင်းနိမိတ်နှင့်တကွဖြစ်၍ 'သနိမိတ္တ'မည်သလော။ ပုဂ္ဂိုလ်သည် အကြောင်းနိမိတ် ကင်း၍ 'အနိမိတ္တ'မည်သလော[၁]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ [အကျဉ်းချုံးထား၏]။

၅၄။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် မရအပ်ပါသလော။

သကဝါဒီ။ ။ သြော် မရအပ်ပါ။

ပရဝါဒီ။ ။ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် အကြောင်းနှင့်တကွ ဖြစ်၍ 'သပစ္စယ'မည်သလော။ပ။ ပုဂ္ဂိုလ်သည်အကြောင်းကင်း၍ 'အပစ္စယ'မည်သလော။ ပုဂ္ဂိုလ်သည် ပြုပြင်စီရင်ခံရသူဖြစ်၍ 'သင်္ခတ'မည်သလော။ ပုဂ္ဂိုလ်သည် ပြုပြင်စီရင်မှု ကင်း၍ 'အသင်္ခတ'မည်သလော။ ပုဂ္ဂိုလ်သည် မြဲသည်ဖြစ်၍ 'သဿတ'မည်သလော။ ပုဂ္ဂိုလ်သည် မမြဲသည်ဖြစ်၍ 'အသဿတ'မည်သလော။ ပုဂ္ဂိုလ်သည် အကြောင်းနိမိတ်နှင့်တကွဖြစ်၍ 'သနိမိတ္တ'မည်သလော။ ပုဂ္ဂိုလ်သည် အကြောင်းနိမိတ်ကင်း၍ 'အနိမိတ္တ'မည်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ [အကျဉ်းချုံးထား၏][၂]။

**လက္ခဏာယုတ္တိကထာ ပြီး၏။**

------

၁။ နိဗ္ဗာန်ကို ချန်ထား၍ နိဗ္ဗာန်မှ ကြွင်းသော သစ္စိကဋ္ဌတရားဟူသမျှသည် အကြောင်းပစ္စည်းနှင့် တကွဖြစ်သောကြောင့် 'သပစ္စယ' မည်၏၊ အကြောင်းတရားတို့' ပေါင်းဆုံ၍ ပြုအပ်သည်၏ အဖြစ်ကြောင့် 'သင်္ခတ' မည်၏၊ ဖြစ်ပြီးမှ ချုပ်ပျောက်သည်ဖြစ်၍ အခါခပ်သိမ်း မရှိသောကြောင့် 'အသဿတ' မည်၏၊ ဖြစ်ခြင်း၏ အကြောင်းဟု ဆိုအပ်သော နိမိတ်ရှိသည်၏ အဖြစ်ကြောင့် 'သနိမိတ္တ' မည်၏၊ နိဗ္ဗာန်သည်ကား ဆိုအပ်ခဲ့ပြီးသည်မှ ပြန်သောအားဖြင့် 'အပစ္စယ၊ အသင်္ခတ၊ သဿတ၊ အနိမိတ္တ' မည်၏၊ ဤကား သစ္စိကဋ္ဌလက္ခဏာတည်း၊ ထို့ကြောင့် ပုဂ္ဂိုလ်သည်လည်း သစ္စိကဋ္ဌ ပရမတ္ထ ဖြစ်ခဲ့မူ တိုပုဂ္ဂိုလ်သည်လည်း သပစ္စယ စသည် ဖြစ်ရာ၏ဟု ရည်ရွယ်၍ သကဝါဒီက မေးခြင်း ဖြစ်သည်၊ ပရဝါဒီကမူကား မိမိယူဆသော ပုဂ္ဂိုလ်၏ အတ္တဇီဝနှင့် ယှဉ်သောကြောင့် ပယ်မြစ်ရလေသည်။

၂။ သမ္မုတိသစ္စာဖြင့် ပြီးသောပုဂ္ဂိုလ်အားသော်လည်း သပစ္စယ စသောအဖြစ် မရှိခဲ့၊ ထို့ကြောင့် ဟုတ်တိုင်းမှန်စွာ ယူဆသော သကဝါဒီဆရာက ပဋိကမ္မပပြု၍ ဖြေသည်၊ ပရဝါဒီကား မိမိ၏ ယုတ်ညံ့သောဝါဒ၏ အစွမ်းဖြင့် တုံ့ပြန် ဖိနှိပ်မှုကို ပြု၏။

♣

## ၉–ဝစနသောဓနကထာ

၅၅။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရအပ်သောအနက်သဘော မည်ပါသလော၊ ရအပ်သောအနက်သဘောသည် ပုဂ္ဂိုလ်မည်ပါသလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရအပ်သောအနက်သဘောမည်၏၊ ရအပ်သောအနက်သဘော အချို့ကားပုဂ္ဂိုလ်မည်၏၊ အချို့ကား ပုဂ္ဂိုလ်မမည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်အချို့ကား ရအပ်သောအနက်သဘော မည်သလော၊ အချို့ကား ရအပ်သော အနက်သဘော မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၆။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် မှန်သောအနက်သဘော မည်သလော၊ မှန်သောအနက်သဘော သည်ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် မှန်သောအနက်သဘော မည်၏၊ မှန်သောအနက်သဘော အချို့ကား ပုဂ္ဂိုလ်မည်၏၊ အချို့ကား ပုဂ္ဂိုလ်မမည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်အချို့ကား မှန်သောအနက်သဘော မည်သလော၊ အချို့ကား မှန်သောအနက်သဘော မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ထင်ရှားသောအနက်သဘော မည်သလော၊ ထင်ရှားသော အနက်သဘောသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် ထင်ရှားသောအနက်သဘော မည်၏၊ ထင်ရှားသောအနက်သဘော အချို့ကား ပုဂ္ဂိုလ်မည်၏၊ အချို့ကား ပုဂ္ဂိုလ်မမည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်အချို့ကား ထင်ရှားသောအနက်သဘော မည်သလော၊ အချို့ကား ထင်ရှား သောအနက်သဘော မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၈။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ကောင်းစွာ ထင်ရှားသောအနက်သဘော မည်သလော၊ ကောင်းစွာထင်ရှားသောအနက်သဘောသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် ကောင်းစွာ ထင်ရှားသောအနက်သဘော မည်၏၊ ကောင်းစွာ ထင်ရှား သောအနက်သဘောသည် အချို့ကား ပုဂ္ဂိုလ်မည်၏၊ အချို့ကား ပုဂ္ဂိုလ်မမည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အချို့ကား ကောင်းစွာ ထင်ရှားသောအနက်သဘော မည်သလော၊ အချို့ကား ကောင်းစွာ ထင်ရှားသောအနက်သဘော မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အရှိသဘောမည်သလော၊ အရှိသဘောသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် အရှိသဘောမည်၏၊ အရှိသဘော အချို့ကား ပုဂ္ဂိုလ်မည်၏၊ အချို့ကားပုဂ္ဂိုလ် မမည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အချို့ကား အရှိသဘောမည်သလော၊ အချို့ကား အရှိသဘော မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၆၀။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အရှိသဘောမည်သလော၊ အရှိသဘောသည် အားလုံး ပုဂ္ဂိုလ်မမည်သလော။

ပရဝါဒီ။ ။ သြော် မမည်ပါ။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် မရှိသဘောမည်သလော၊ မရှိသဘောသည် အားလုံး ပုဂ္ဂိုလ် မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ [အကျဉ်းချုံးထား၏][၂]။

**ဝစနသောဓန ပြီး၏။**

------

၁။ မှန်သောသဘော၊ ထင်ရှားရှိသောသဘော၊ ကောင်းစွာ ထင်ရှားရှိသောသဘော၊ အရှိသဘော ဤလေး၌ အနက်ကား 'ရ'အပ်သော အနက်သဘောဟူသည်နှင့် ပရိယာယ်တူပုဒ်များတည်း။

၂။ ပုဂ္ဂိုလ်သည် အရှိသဘော ဖြစ်၏၊ အရှိသဘောသည် အချို့ကား ပုဂ္ဂိုလ်မည်၏၊ အချို့ကား ပုဂ္ဂိုလ်မမည်ဟု ပရဝါဒီက ဆိုခဲ့၏၊ ထိုစကားအရ ပုဂ္ဂိုလ်သည် အရှိသဘောမည်၏၊ အရှိသဘောသည် အလုံးစုံ ပုဂ္ဂိုလ် မမည်ဟု အနက် ရောက်ခဲ့၏၊ ထိုစကားကို ဝန်ခံစေလို၍ သကဝါဒီက ပဌမအမေးကို မေးသည်၊ ပရဝါဒီကလည်းဝန်ခံ၏။ သင်ပရဝါဒီသည် မိမိအကျိုးစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟူသော စကားမျှကို အမှီပြု၍ ပုဂ္ဂိုလ်ရှိ၏ဟူသော အယူကို ယူဘိ၏၊ မြတ်စွာဘုရားသည် မိမိအကျိုးအတွက် ကျင့်သောပုဂ္ဂိုလ်ရှိ၏ဟု ဟောသကဲ့သို့ ထို့အတူ သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော အစရှိသောနည်းဖြင့် ပုဂ္ဂိုလ် မရှိဟူ၍လည်း ဟောတော်မူခဲ့၏၊ ထို့ကြောင့် ပုဂ္ဂိုလ်သည် အရှိသဘောဖြစ်၏ဟူသော အနက်သဘောသည် အလုံးစုံ ပုဂ္ဂိုလ် မမည်နိုင်သကဲ့သို့ ထို့အတူ ပုဂ္ဂိုလ်သည် မရှိ၊ မရှိသော အနက်သဘောသည် အလုံးစုံသောပုဂ္ဂိုလ် မမည်ဟူသော အနက်သို့လည်း ရောက်ခဲ့၏၊ ထိုကို ဝန်ခံမည်ဟူလော ရည်ရွယ်ချက်ဖြင့် ဒုတိယပုစ္ဆာကို သကဝါဒီက မေးလေသည်၊ ပရဝါဒီကမူ ထိုအတိုင်း ဝန်မခံနိုင်သဖြင့် ပဋိက္ခေပပြု၍ ဖြေရသည်။

♣

## ၁၀–ပညတ္တာနုယောဂ

၆၁။ သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်ရှိသော သူသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏[၁]။

သကဝါဒီ။ ။ ကာမဓာတ်၌ လိုချင်တပ်မက်မှု 'ကာမ'ရှိသော သူသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

၆၂။ သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်ရှိသော သူတို့သည် သတ္တဝါမည်ကုန်သလော[၃]။

ပရဝါဒီ။ ။ ဩော် မည်ကုန်၏။

သကဝါဒီ။ ။ ကာမဓာတ်၌ လိုချင်မှု 'ကာမ'ရှိသော သူတို့သည် သတ္တဝါမည်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃။ သကဝါဒီ။ ။ အရူပဓာတ်၌ ရုပ်မရှိသော သူသည် ပုဂ္ဂိုလ်မည်သလော[၄]။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ ကာမဓာတ်၌ လိုချင်မှု 'ကာမ'ရှိသော သူသည် ပုဂ္ဂိုလ်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၄။ သကဝါဒီ။ ။ အရူပဓာတ်၌ ရုပ်မရှိသော သူတို့သည် သတ္တဝါတို့ မည်ကုန်သလော။

ပရဝါဒီ။ ။ ဩော် မည်ကုန်၏။

သကဝါဒီ။ ။ ကာမဓာတ်၌ လိုချင်မှု 'ကာမ'ရှိသော သူတို့သည် သတ္တဝါတို့ မည်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၅။ သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်ရှိသော သူသည် ပုဂ္ဂိုလ်မည်၏၊ အရူပဓာတ်၌ ရုပ်မရှိသော သူသည်ပုဂ္ဂိုလ်မည်၏၊ ရူပဓာတ်မှ စုတေ၍ အရူပဓာတ်သို့ ရောက်သော သတ္တဝါအချို့ ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်ရှိသောပုဂ္ဂိုလ်သည် ပြတ်သလော၊ ရုပ်မရှိသောပုဂ္ဂိုလ်သည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၆။ သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်ရှိသော သူတို့သည် သတ္တဝါမည်ကုန်၏၊ အရူပဓာတ်၌ ရုပ်မရှိ သောသူတို့သည် သတ္တဝါမည်ကုန်၏၊ ရူပဓာတ်မှ စုတေ၍ အရူပဓာတ်သို့ ရောက်သော သတ္တဝါအချို့ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်ရှိသော သတ္တဝါသည် ပြတ်သလော၊ ရုပ်မရှိသော သတ္တဝါသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၇။ သကဝါဒီ။ ။ ကိုယ်ဟူ၍လည်းကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း, ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲဝေအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဖြစ်သလော၊ ဤသရီရသည် ဤကိုယ်ပင် ဖြစ်သလော၊ ကိုယ်နှင့် သရီရ, သရီရနှင့် ကိုယ်သည် တူသော အနက်ရှိသလော၊ တူသလော၊ တူသော အဖို့ရှိသလော၊ ထိုကိုယ်ကြောင့် သရီရ, ထိုသရီရကြောင့် ကိုယ်ဖြစ်သလော[၁]။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤပုဂ္ဂိုလ်သည် ဤဇီဝပင်ဖြစ်သလော၊ ဤဇီဝသည်ဤပုဂ္ဂိုလ်ပင် ဖြစ်သလော၊ ပုဂ္ဂိုလ်နှင့်, ဇီဝ, ဇီဝနှင့်, ပုဂ္ဂိုလ်သည် တူသော အနက်ရှိသလော၊ တူသလော၊ တူသော အဖို့ရှိသလော၊ ထိုပုဂ္ဂိုလ်ကြောင့် ဇီဝ၊ ထိုဇီဝကြောင့် ပုဂ္ဂိုလ် ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကိုယ်သည် ပုဂ္ဂိုလ်မှ တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် ကိုယ်မှ တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ သြော် တစ်မျိုးတခြား ဖြစ်ပါ၏။

သကဝါဒီ။ ။ ဇီဝသည် သရီရမှ တစ်မျိုးတခြားလော၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ကိုယ်ဟူ၍လည်းကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း, ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင်၊ ဤသရီရသည်ဤကိုယ်ပင်ဖြစ်ခဲ့မူ ကိုယ်နှင့် သရီရ၊ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိခဲ့မူ တူခဲ့မူ တူသော အဖို့ရှိသည် ဖြစ်ခဲ့မူ ထိုကိုယ်ကြောင့် သရီရ၊ ထိုသရီရကြောင့် ကိုယ်ဖြစ်ခဲ့မူ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်ကို မခွဲဝေအပ်သည်ကို ပြု၍ဤပုဂ္ဂိုလ်သည် ဤဇီဝပင်၊ ဤဇီဝသည် ဤပုဂ္ဂိုလ်ပင် ဖြစ်ခဲ့မူ ပုဂ္ဂိုလ်နှင့် ဇီဝ၊ ဇီဝနှင့် ပုဂ္ဂိုလ်သည်တူသောအနက်ရှိခဲ့မူ တူခဲ့မူ တူသောအဖို့ရှိသည် ဖြစ်ခဲ့မူ ထိုပုဂ္ဂိုလ်ကြောင့် ဇီဝ၊ ထိုဇီဝကြောင့် ပုဂ္ဂိုလ်ဖြစ်ခဲ့မူ ကိုယ်သည် ပုဂ္ဂိုလ်မှ တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် ကိုယ်မှ တစ်မျိုးတစ်ခြား ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် ဇီဝသည် သရီရမှ တစ်မျိုးတခြား၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍လည်ကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း, ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြ၍ ဤကိုယ်သည် ဤသရီရပင်၊ ဤသရီရသည်ဤကိုယ်ပင် ဖြစ်၏။ ကိုယ်နှင့် သရီရ၊ သရီနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏။ ထိုကိုယ်ကြောင့် သရီရ၊ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်ကို မခွဲခြားအပ်သည်ကို ပြ၍ ဤပုဂ္ဂိုလ်သည် ဤဇီဝပင်၊ ဤဇီဝသည် ဤပုဂ္ဂိုလ်ပင် ဖြစ်၏။ ပုဂ္ဂိုလ်နှင့် ဇီဝ၊ ဇီဝနှင့်ပုဂ္ဂိုလ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသော အဖို့ရှိ၏။ ထိုပုဂ္ဂိုလ်ကြောင့် ဇီဝ၊ ထိုဇီဝကြောင့်ပုဂ္ဂိုလ် ဖြစ်၏ဟူ၍လည်းကောင်း၊ ကိုယ်သည် ပုဂ္ဂိုလ်မှ တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် ကိုယ်မှတစ်မျိုးတခြား ဖြစ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယ ပုစ္ဆာ၌မူ ဇီဝသည်သရီရမှ တစ်မျိုး တခြား၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကား သာတည်း။

အရှင်ပရဝါဒီ ဇီဝသည် သရီရမှ တစ်မျိုးတခြား၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားဟူ၍ သင် မဆိုခဲ့မူကိုယ်ဟူ၍လည်းကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း, ကိုယ်ဟူ၍လည်းကောင်းကိုယ်ကို မခွဲခြားအပ်သည်ကို ပြ၍ ဤကိုယ်သည် ဤသရီရပင်၊ ဤသရီရသည် ဤကိုယ်ပင် ဖြစ်၏။ ကိုယ်နှင့် သရီရ၊ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏။ ထိုကိုယ်ကြောင့်သရီရ၊ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်ကို မခွဲခြားအပ်သည်ကို ပြ၍ဤပုဂ္ဂိုလ်သည် ဤဇီဝပင်၊ ဤဇီဝသည် ဤပုဂ္ဂိုလ်ပင် ဖြစ်၏၊ ပုဂ္ဂိုလ်နှင့် ဇီဝ၊ ဇီဝနှင့် ပုဂ္ဂိုလ်သည်တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏။ ထိုပုဂ္ဂိုလ်ကြောင့် ဇီဝ၊ ထိုဇီဝကြောင့် ပုဂ္ဂိုလ်ဖြစ်၏ဟူ၍လည်းကောင်း၊ (ကိုယ်သည်) ပုဂ္ဂိုလ်မှ တစ်မျိုးတခြား၊ (ပုဂ္ဂိုလ်သည် ) ကိုယ်မှ တစ်မျိုးတခြားဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။

ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍လည်းကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း, ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲဝေအပ်သည်ကို ပြ၍ ဤကိုယ်သည် ဤသရီရပင်၊ ဤသရီရသည်ဤကိုယ်ပင် ဖြစ်၏၊ ကိုယ်နှင့် သရီရ၊ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏။ ထိုကိုယ်ကြောင့် သရီရ, ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, ဇီဝဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း, ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်ကိုမခွဲဝေအပ်သည်ကို ပြ၍ ဤပုဂ္ဂိုလ်သည် ဤဇီဝပင်၊ ဤဇီဝသည် ဤပုဂ္ဂိုလ်ပင် ဖြစ်၏။ ပုဂ္ဂိုလ်နှင့် ဇီဝ၊ ဇီဝနှင့် ပုဂ္ဂိုလ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသော အဖို့ရှိ၏။ ထိုပုဂ္ဂိုလ်ကြောင့် ဇီဝ၊ ထိုဇီဝကြောင့် ပုဂ္ဂိုလ်ဖြစ်၏ဟူ၍လည်းကောင်း၊ ကိုယ်သည် ပုဂ္ဂိုလ်မှ တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် ကိုယ်မှတစ်မျိုး တခြား ဖြစ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ဇီဝသည်သရီရမှ တစ်မျိုးတခြား၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည်မှားသောစကားသာတည်း။ပ။

၆၈။ ပရဝါဒီ။ ။ ကိုယ်ဟူ၍လည်းကောင်း, သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း,ကိုယ်ဟူ၍ လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင်, ဤသရီရသည်ဤကိုယ်ပင် ဖြစ်သလော၊ ကိုယ်နှင့် သရီရ, သရီရနှင့် ကိုယ်သည် တူသောအနက်ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော။ ထိုကိုယ်ကြောင့် သရီရ၊ ထိုသရီရကြောင့် ကိုယ်ဖြစ်သလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ပါသလော။

သကဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ကိုယ်မှ) တစ်မျိုးတခြား လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၆]။

ပရဝါဒီ။ ။ တုံ့ပြန်ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ ကိုယ်ဟူ၍လည်းကောင်း သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ ကိုယ့်ဟူ၍လည်းကောင်း ကိုယ်ကို မဝေခွဲအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည်ဤကိုယ်ပင် ဖြစ်ခဲ့မူ ကိုယ်နှင့် သရီရ သရီရနှင့် ကိုယ်သည် တူသော အနက်ရှိခဲ့မူ တူခဲ့မူ တူသောအဖို့ရှိခဲ့မူ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်ခဲ့မူ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ခဲ့မူ ထိုအကြောင်းကြောင့် ကိုယ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား ပုဂ္ဂိုလ် သည် (ကိုယ်မှ) တစ်မျိုးတခြားဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍လည်ကောင်း၊ သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည်ဤကိုယ်ပင် ဖြစ်၏၊ ကိုယ်နှင့် သရီရ သရီရနှင့် ကိုယ်သည် တူသော အနက် ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့သည်သာတည်း။ ဒုတိယပုစ္ဆာ၌မူ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ကိုယ်မှ) တစ်မျိုးတခြားဟူ၍ကားသင် မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ကိုယ်မှ) တစ်မျိုးတခြားဟု သင်မဆိုခဲ့မူ ကိုယ်ဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည်ဤကိုယ်ပင် ဖြစ်၏၊ ကိုယ်နှင့် သရီရ သရီရနှင့်

ကိုယ်သည် တူသော အနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ မိမိစီးပွားအတွက်ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်း မဆိုသင့်တော့ပေ။ ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍ လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ သရီရဟူ၍လည်းကောင်း၊ ကိုယ်ဟူ၍လည်းကောင်း ကိုယ်ကို မခွဲခြားအပ်သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည်ဤကိုယ်ပင် ဖြစ်၏။ ကိုယ်နှင့် သရီရ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဖို့ရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍လည်းကောင်း၊ မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍လည်းကောင်းဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ကိုယ်မှ) တစ်မျိုးတခြားဟူ၍ကား သင် မဆိုခဲ့ပေ၊ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ [အကျဉ်းချုံးထား၏]။

**ပညတ္တာနုယောဂ ပြီး၏။**

------

၁။ ရုပ်ရှိသည်ဟု ဆိုခဲ့သော် ရူပကာယသည် ထင်ရှားဖြစ်သင့်သောကြောင့်လည်းကောင်း၊ ထိုသို့သဘောရှိသော ရုပ်ရှိသူဟူသော ပညတ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ပရဝါဒီက ဝန်ခံသည်။
၂။ လိုချင်မှု 'ကာမ' ရှိသူဟု ဆိုအပ်သည်ရှိသော် ရာဂကင်းသူ၏ ထင်ရှားရှိသောကြောင့် လည်းကောင်း လိုချင်မှု 'ကာမ' ရှိသူဟူသော ပညတ် မရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ သတ္တဝါဟူသည် ပုဂ္ဂိုလ်၏ ပရိယာယ်ပင်တည်း။
၄။ ရုပ်မရှိသူဟု ဆိုခဲ့သော် နာမ်ခန္ဓာတို့ ထင်ရှားရှိသောကြောင့်လည်းကောင်း ထိုသို့သဘောရှိသော ရုပ်မရှိသူဟူသော ပညတ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ပဌမအမေး၌ ပရဝါဒီက ဝန်ခံ၏၊ ဒုတိယအမေး၌ကား ရှေးအတိုင်းပင်တည်း။
၅။ ကာယေ ကာယာနုပဿီဟု လာသောအရာ၌ ကာယအခြားတစ်ပါး၊ ပုဂ္ဂိုလ်အခြားတစ်ပါးဟု ပရဝါဒီက အယူရှိခဲ့၏၊ ထိုအယူကို ပယ်ဖျက်လို၍ ပဌမပုစ္ဆာကို သကဝါဒီက မေးသည်၊ ပရဝါဒီက ကာယနှင့် သရီရ, သရီရနှင့် ကာယအထူးကို မမြင်သောကြောင့် အမေးသုံးချက်ကို ဝန်ခံခဲ့၏။ ဇီဝသည် သရီရမှ တစ်မျိုးတခြားလော၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားလော ဟူသော စတုတ္ထအမေး၌မူ 'အညံ ဇီဝံ အညံ သရီရန္တိ အဗျာကတမေတံ မယာ'ဟူသော တိုက်ရိုက်ဟော အာဟစ္စဘာသိတသုတ်ကို မပယ်နိုင်သောကြောင့် ပဋိက္ခေပပြု၍ ဖြေဆိုရ၏။
၆။ ကိုယ်သည် ပုဂ္ဂိုလ်မှ တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် ကိုယ်မှ တစ်မျိုးတခြားလောဟူသော ပရဝါဒီ၏ အမေးသည် အဖြေမပေးထိုက်သော ဌပနီယပုစ္ဆာ ဖြစ်သောကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်၊ ပရဝါဒီကမူကား ယုတ်ညံ့သောဝါဒကို မှီ၍ တုံ့ပြန်ပြစ်တင်မှုကို ပြုသည်။

♣

## ၁၁–ဂတိအနုယောဂ

၆၉။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏[၁]။

သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၀။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ အခြားပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

၇၁။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်လည်းကောင်း၊ အခြားပုဂ္ဂိုလ်သည်လည်းကောင်း ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

၇၂။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ထိုပုဂ္ဂိုလ်သည် လည်းမကျင်လည် (မသွားလာ) ပါသလော၊ အခြားပုဂ္ဂိုလ်သည်လည်း မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၇၃။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် သွားလာပါ၏။

သကဝါဒီ။ ။ ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ထိုပုဂ္ဂိုလ်သည်ကျင်လည် (သွားလာ) ပါသလော၊ အခြားပုဂ္ဂိုလ်သည် ကျင်လည် (သွားလာ)

ပါသလော၊ ထိုပုဂ္ဂိုလ်သည် လည်းကောင်း၊ အခြားပုဂ္ဂိုလ်သည်လည်းကောင်း ကျင်လည် (သွားလာ) ပါသလော၊ ထိုပုဂ္ဂိုလ်သည်မကျင်လည် (မသွားလာ) ပါသလော၊ အခြားပုဂ္ဂိုလ်သည် မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

၇၄။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ်အလွန် ကျင်လည် (သွားလာ) ပြီး၍ သံယောဇဉ်အားလုံးကုန်ဆုံးခြင်းကြောင့် ဆင်းရဲအဆုံးကို ပြုသူ ဖြစ်၏ဟူ၍ မြတ်စွာဘုရားသည် ဟောအပ်၏၊ ဤသို့သောသုတ္တန် (ပါဠိ) ကား ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှဤလောကသို့ ကျင်လည် (သွားလာ) ၏။

၇၅။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန်းတို့ သံသရာသည် မသိနိုင်သော အစရှိ၏၊ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည်၊ တဏှာဖြင့် ချည်နှောင်အပ်ကုန်သည် ဖြစ်၍ ကျင်လည် သွားလာကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ကား ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ၏။

၇၆။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဩော် ကျင်လည်သွားလာပါ၏။

သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

၇၇။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဩော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ လူဖြစ်ပြီးနောက် နတ်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏[၇]။

သကဝါဒီ။ ။ ထိုလူသည်ပင် ထိုနတ်ဖြစ်သလော။

ပရဝါဒီ။ ။ ထိုသို့ကား မဆိုသင့်ပါ။ပ။[၈]

၇၈။ သကဝါဒီ။ ။ ထိုလူသည်ပင် ထိုနတ်ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏[၉]။

သကဝါဒီ။ ။ လူဖြစ်ပြီး၍ နတ်ဖြစ်၏၊ နတ်ဖြစ်ပြီး၍ လူဖြစ်၏၊ လူသည် (နတ်မှ) တစ်မျိုးတခြား၊ နတ်သည် (လူမှ) တစ်မျိုးတခြားတည်း၊ လူဖြစ်သော ထိုသတ္တဝါသည်ပင် ကျင်လည် (သွားလာ) ၏ဟူသော (သင် ပရဝါဒီ၏) စကားသည် မှားသောစကားသာတည်း။ပ။

ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ စုတေ၍ အခြားလောကသို့ ကျင်လည် (သွားလာ) ခဲ့ပါမူ အခြား သောပုဂ္ဂိုလ် မဟုတ်တော့ပေ၊ ဤသို့ အခြားသောပုဂ္ဂိုလ် မဟုတ်ခဲ့သော် သေခြင်း မည်သည် မဖြစ် လတ္တံ့၊ အသက်သတ်ခြင်းကိုလည်း မရနိုင်တော့ပေ၊ (ကုသိုလ်အကုသိုလ်) ကံသည် ရှိ၏၊ ကံ၏ အကျိုး သည်ရှိ၏၊ ပြုအပ်သော ကံတို့၏ အကျိုးသည် ရှိ၏၊ ကုသိုလ်အကုသိုလ်သည် အကျိုးပေးလတ်သော်ထိုပုဂ္ဂိုလ်သည် ပင် ကျင်လည် (သွားလာ) ၏ဟူသော (သင် ပရဝါဒီ၏) စကားသည် မှားသောစကားသာတည်း[၁၀]။

၇၉။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဩော် ကျင်လည်သွားလာပါ၏။

သကဝါဒီ။ ။ လူဖြစ်ပြီး၍ ဘီလူးဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ရှိသလော၊ ပြိတ္တာဖြစ်သော၊ ငရဲသားဖြစ်သော၊ တိရစ္ဆာန်ဖြစ်သော၊ ကုလားအုတ်ဖြစ်သော၊ နွားဖြစ်သော၊ မြည်းဖြစ်သော၊ ဝက်ဖြစ်သော၊ ကျွဲဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုလူသည်ပင် ထိုကျွဲဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၀။ သကဝါဒီ။ ။ ထိုလူသည်ပင် ထိုကျွဲဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ လူဖြစ်ပြီး၍ ကျွဲဖြစ်၏၊ ကျွဲဖြစ်ပြီး၍ လူဖြစ်၏၊ လူ သည် (ကျွဲမှ) တစ်မျိုးတခြား၊ ကျွဲသည် (လူမှ) တစ်မျိုးတခြားတည်း၊ လူဖြစ်သော ထိုသတ္တဝါသည်ပင် ကျင်လည် (သွားလာ) ၏ဟူသော (သင် ပရဝါဒီ၏) စကားသည် မှားသောစကားသာတည်း။ပ။

ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ စုတေ၍ အခြားလောကသို့ ကျင်လည် (သွားလာ) ခဲ့ပါမူ အခြား သောပုဂ္ဂိုလ် မဟုတ်တော့ပေ၊ ဤသို့ အခြားသောပုဂ္ဂိုလ် မဟုတ်ခဲ့သော် သေခြင်းမည်သည် မဖြစ်လတ္တံ့၊ အသက်သတ်ခြင်းကို မရနိုင်တော့ပေ၊ (ကုသိုလ်အကုသိုလ်)

ကံသည် ရှိ၏၊ ကံ၏ အကျိုးသည် ရှိ၏၊ ပြုအပ်သော ကံတို့၏ အကျိုးသည် ရှိ၏၊ ကုသိုလ်အကုသိုလ်သည် အကျိုးပေးလတ်သော် ထိုပုဂ္ဂိုလ်သည် ပင် ကျင်လည် (သွားလာ) ၏ဟူသော (သင် ပရဝါဒီ၏) စကားသည် မှားသောစကားသာတည်း။

၈၁။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ မင်းဖြစ်ပြီး၍ ပုဏ္ဏားဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုမင်းသည်ပင် ထိုပုဏ္ဏားဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၂။ သကဝါဒီ။ ။ မင်းဖြစ်ပြီး၍ ကုန်သည်ဖြစ်သော, သူဆင်းရဲဖြစ်သော, တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုမင်းသည်ပင် ထိုသူဆင်းရဲဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၃။ သကဝါဒီ။ ။ ပုဏ္ဏားဖြစ်ပြီး၍ ကုန်သည်ဖြစ်သော, သူဆင်းရဲဖြစ်သော, မင်းဖြစ်သောတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုပုဏ္ဏားသည်ပင် ထိုမင်းဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၄။ သကဝါဒီ။ ။ ကုန်သည်ဖြစ်ပြီး၍ သူဆင်းရဲဖြစ်သော, မင်းဖြစ်သော, ပုဏ္ဏားဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုကုန်သည်သည်ပင် ထိုပုဏ္ဏားဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၅။ သကဝါဒီ။ ။ သူဆင်းရဲဖြစ်ပြီး၍ မင်းဖြစ်သော, ပုဏ္ဏားဖြစ်သော, ကုန်သည်ဖြစ်သော,တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုသူဆင်းရဲသည်ပင် ထိုကုန်သည်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၆။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဩော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ လက်ပြတ်သူသည် လက်ပြတ်သူပင် ဖြစ်သလော။ ခြေပြတ်သူသည် ခြေပြတ်သူပင်ဖြစ်သလော။ လက်ပြတ်ခြေပြတ်သူသည် လက်ပြတ်ခြေပြတ်သူပင် ဖြစ်သလော။ နားပြတ်သူသည်။ နှာခေါင်းပြတ်သူသည်။ နား, နှာခေါင်းပြတ်သူသည်။ ခြေချောင်း, လက်ချောင်းပြတ်သူသည်။ ခြေမ,လက်မပြတ်သူသည်။ အကြောမ ပြတ်သူသည်။ လက်ကောက်သူသည်။ ခြေချောင်းလက်ချောင်းပူးသူသည်။ နူနာရှိသူသည်။ ထွတ်အိုင်းနာ ရှိသူသည်။ ပွေးညှင်း တင်းတိပ်နာ ရှိသူသည်။ ခယရုပ် (ချောင်းဆိုး) နာရှိသူသည်။ ဝက်ရူးနာ ရှိသူသည်။ ကုလားအုတ်သည်။ နွားသည်။ မြည်းသည်။ ဝက်သည်။ ကျွဲသည်ကျွဲပင်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၇။ ပရဝါဒီ။ ။ 'ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ၏'ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ[၁၁]။

ပရဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် လူ့လောကမှ စုတေ၍ နတ်လောကသို့ (လူ့ပြည်မှနတ်ပြည် သို့) ရောက်၏၊ ထိုနတ်လောက၌လည်း သောတာပန်ပင် ဖြစ်သည် မဟုတ်လော။

သကဝါဒီ။ ။ ဩော် ဖြစ်ပါ၏[၁၂]။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သောတာပန်ပုဂ္ဂိုလ်သည် လူ့လောကမှ စုတေ၍ နတ်လောကသို့ ရောက်၏၊ ထိုနတ်လောက၌လည်း သောတာပန်ပင် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့်လည်း 'ထိုပုဂ္ဂိုလ်သည် ပင်ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ၏'ဟူ၍ဆိုသင့်၏။

၈၈။ သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် လူ့လောကမှ စုတေ၍ နတ်လောကသို့ ရောက်၏၊ ထိုနတ်လောက၌လည်း သောတာပန်ပင် ဖြစ်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်လည်း ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဩော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် လူ့လောကမှ စုတေ၍ နတ်လောကသို့ ရောက်၏၊ ထိုနတ်လောက၌လည်း လူပင် ဖြစ်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်လည်း ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၉။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်တစ်ပါး မဟုတ်မူ၍ မပြောင်းလွဲဘဲ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၃]

၉၀။ သကဝါဒီ။ ။ ပုဂ္ဂိုလ်တစ်ပါး မဟုတ်မူ၍ မပြောင်းလွဲဘဲ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏[၁၄]။

သကဝါဒီ။ ။ လက်ပြတ်သူသည် လက်ပြတ်သူပင် ဖြစ်ပါသလော။ ခြေပြတ်သူသည် ခြေပြတ်သူပင်ဖြစ်ပါသလော။ လက်ခြေပြတ်သူသည် လက်ခြေပြတ်သူပင် ဖြစ်ပါသလော။ နားပြတ်သူသည်။ နှာခေါင်းပြတ်သူသည်။ နား, နှာခေါင်းပြတ်သူသည်။ ခြေချောင်း, လက်ချောင်းပြတ်သူသည်။ ခြေမ, လက်မပြတ်သူသည်။ အကြောမ ပြတ်သူသည်။ လက်ကောက်သူသည်။ ခြေချောင်း, လက်ချောင်း ပူးသူသည်။ နူနာ ရှိသူသည်။ ထွတ်အိုင်းနာ ရှိသူသည်။ ပွေးညှင်းတင်းတိပ်နာ ရှိသူသည်။ ခယရပ် (ချောင်းဆိုး) နာရှိသူသည်။ ဝက်ရူးနာ ရှိသူသည်။ ကုလားအုတ်သည်။ နွားသည်။ မြည်းသည်။ ဝက်သည်။ ကျွဲသည်ကျွဲပင် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၁။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ရုပ်နှင့်တကွ ဖြစ်၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၅]

သကဝါဒီ။ ။ ရုပ်နှင့်တကွ ဖြစ်၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏[၁၆]။

သကဝါဒီ။ ။ ထိုဇီဝသည်ပင် ထိုသရီရဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၇]

သကဝါဒီ။ ။ ဝေဒနာနှင့်တကွ ဖြစ်၍။ပ။ သညာနှင့်တကွ ဖြစ်၍။ပ။ သင်္ခါရတို့နှင့်တကွ ဖြစ်၍။ပ။ ဝိညာဏ်နှင့်တကွ ဖြစ်၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၈]

သကဝါဒီ။ ။ ဝိညာဏ်နှင့်တကွ ဖြစ်၍ ကျင်လည်သွားလာပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည်သွားလာပါ၏။

သကဝါဒီ။ ။ ထိုဇီဝသည်ပင် ထိုသရီရဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၂။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ရုပ် မရှိမူ၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၉]

သကဝါဒီ။ ။ ရုပ် မရှိမူ၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏[၂၀]။

သကဝါဒီ။ ။ ဇီဝသည် (သရီရမှ) တစ်မျိုးတခြားလော၊ သရီရသည် (ဇီဝမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာ မရှိမူ၍။ပ။ သညာ မရှိမူ၍။ပ။ သင်္ခါရတို့ မရှိမူ၍။ပ။ ဝိညာဏ် မရှိမူ၍ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂၁]

သကဝါဒီ။ ။ ဝိညာဏ် မရှိမူ၍ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏[၂၂]။

သကဝါဒီ။ ။ ဇီဝသည် (သရီရမှ) တစ်မျိုးတခြားလော၊ သရီရသည် (ဇီဝမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၃။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ရုပ်သည် ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂၃]

သကဝါဒီ။ ။ ရုပ်သည် ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ထိုဇီဝသည်ပင် ထိုသရီရဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏ်သည် ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ထိုဇီဝသည်ပင် ထိုသရီရဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၄။ သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် ကျင်လည် (သွားလာ) ပါ၏။

သကဝါဒီ။ ။ ရုပ်သည် မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂၄]

သကဝါဒီ။ ။ ရုပ်သည် မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် မကျင်လည် (မသွားလာ) ပါ။

သကဝါဒီ။ ။ ဇီဝသည် (သရီရမှ) တစ်မျိုးတခြားလော၊ သရီရသည် (ဇီဝမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏ်သည် မကျင်လည် (မသွားလာ) ပါသလော။

ပရဝါဒီ။ ။ သြော် မကျင်လည် (မသွားလာ) ပါ။

သကဝါဒီ။ ။ ဇီဝသည် (သရီရမှ) တစ်မျိုးတခြားလော၊ သရီရသည် (ဇီဝမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ [အကျဉ်းချုံးထား၏]။

ခန္ဓာတို့ ပျက်စီးကုန်သည် ရှိသော် ထိုပုဂ္ဂိုလ်သည် အကယ်၍ ပျက်စီးပါမူ ပြတ်စဲခြင်းဟူသောအကြင် (ဥစ္ဆေဒ) အယူသည် ဖြစ်၏၊ (ထိုဥစ္ဆေဒအယူကို) မြတ်စွာဘုရားသည် ရှောင်ကြဉ်တော်မူ အပ်၏။ ခန္ဓာတို့ ပျက်စီးကုန်လျက် ပုဂ္ဂိုလ်ကား အကယ်၍ မပျက်စီးပါလျှင် ပုဂ္ဂိုလ်သည် မြဲသည် ဖြစ်၍ နိဗ္ဗာန်နှင့် အလွန်တူသည် ဖြစ်၏။

**ဂတိအနုယောဂ ပြီး၏။**

------

၁။ 'သသတ္တက္ခတ္တုပရမံ သန္ဓာဝိတွာန ပုဂ္ဂလော' ဤသို့စသော သုတ်တို့ကို နှလုံးသွင်း၍ ဝန်ခံ၏၊ ဒုတိယအမေးခွန်း ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားသော လောကသို့ ပြေးသွား၏ဟု

ဝန်ခံလိုက်လျှင် သဿတဒိဋ္ဌိအဖြစ်မှ မလွတ်သောကြောင့် ပရဝါဒီပုဂ္ဂိုလ်က ပဋိက္ခေပပြု၍ ဖြေသည်။

၂။ သကဝါဒီ၏ ဒုတိယအမေးကို ဝန်ခံခဲ့သော် ဥစ္ဆေဒဒိဋ္ဌိအဖြစ်မှ မလွတ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ သကဝါဒီ၏ ဒုတိယအမေးကို ဝန်ခံခဲ့သော် ဧကစ္စသဿတဒိဋ္ဌိအဖြစ်မှ မလွတ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ သကဝါဒီ၏ ဒုတိယအမေးကို ဝန်ခံခဲ့သော် အမရာဝိက္ခေပဒိဋ္ဌိအဖြစ်မှ မလွတ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၅။ သကဝါဒီ၏ ဒုတိယအမေးကို ဝန်ခံခဲ့သော် ဒိဋ္ဌိလေးမျိုးဟူသော အပြစ်မှ မလွတ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၆။ ဤလောကမှ အခြားလောကသို့ ပြေးသွားသော ထိုပုဂ္ဂိုလ်သည် ဤလောက၌လည်းကောင်း၊ အခြားလောက၌လည်းကောင်း တစ်ယောက်တည်းပင် ဖြစ်လေသလောဟူသော အလိုဖြင့် သကဝါဒီက မေးရကား သဿတဒိဋ္ဌိမှ မလွတ်နိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၇။ သကဝါဒီက မြဲမြံသည်ကို ပြု၍ တစ်ဖန်နောက်ထပ် မေးမြန်းလတ်သော် ထိုပြေးသွားသော သူသည် ပုဂ္ဂိုလ်သာ ဖြစ်ခဲ့၏၊ အခြားတစ်ပါးသော အဖြစ်မရှိ။ 'သော တတော စုတော ဣဓူပပန္နော' အစရှိသော သုတ်သည်လည်း ရှိခဲ့၏ဟု နှလုံးသွင်းမိသောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။

၈။ ထိုသူသည်ပင် ထိုနတ်ဖြစ်သလောဟု မေးမြန်းရာ၌မူ လူဖြစ်သောပုဂ္ဂိုလ်၏ နတ်အဖြစ်သည် မရှိနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေပြန်သည်။

၉။ "အဟံ တေန သမယေန သုနေတ္တော နာမ သတ္ထာ အဟောသိ" အစရှိသော သုတ္တန်ကို နှလုံးသွင်း၍ ပရဝါဒီက ဝန်ခံ၏။

၁၀။ နတ်ဘဝ လူဘဝတို့၏ မတူ ထူးခြားသည်၏အဖြစ်ကြောင့် ပရဝါဒီစကား မှားသည်ဟု သကဝါဒီက ပြဆိုခြင်း ဖြစ်သည်။

၁၁။ လောက၌ တည်နေသူအား ပဋိသန္ဓေ၏ အစွမ်းဖြင့် အခြားလောကသို့ သွားခြင်း မရှိနိုင်သောကြောင့် သကဝါဒီက ဝန်ခံသည်။

၁၂။ သောတာပန်ပုဂ္ဂိုလ်၏ ဘဝတစ်ပါး၌လည်း သောတာပန်အဖြစ်ကို မစွန့်သောကြောင့် ဒုတိယအမေးကိုလည်း သကဝါဒီက ဝန်ခံပြန်သည်။

၁၃။ နတ်လောက၌ ပဋိသန္ဓေနေသူအား လူ၏အဖြစ် မရှိနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၄။ ထိုပုဂ္ဂိုလ်သည်ပင် ကျင်လည်ပြေးလွှား၏ဟူသော မိမိဝါဒဖြင့် ပရဝါဒီက ဝန်ခံပြန်၏။

၁၅။ ဤရူပကာယနှင့်တကွ အခြားလောကသို့ မသွားသည်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၆။ ဤနောက်အမေး၌ အန္တရာဘဝပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်၊ အန္တရာဘဝပုဂ္ဂိုလ်သည် အန္တရာဘဝရုပ်နှင့်တကွ သွား၍ အမိဝမ်းတိုက်သို့ သက်ဝင်ပြီးမှ ထိုရုပ် ပျက်၏ဟု ပရဝါဒီ အယူရှိသည်။

၁၇။ ဤလောက၌ပင် ကိုယ်ကောင်ကို ပစ်ချထားခဲ့ရသောကြောင့်လည်းကောင်း၊ ဘုရားဟောသုတ်နှင့် တိုက်ရိုက်ဆန့်ကျင်သောကြောင့်လည်းကောင်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၈။ အသညသတ်ဘဝကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်၊ အခြားဘဝကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၁၉။ အန္တရာဘဝကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။
၂၀။ အရူပဘုံမှ စုတေ၍ အရူပဘုံ၌ ဖြစ်သူကို ရည်ရွယ်လျက် ပရဝါဒီက ဝန်ခံသည်။
၂၁။ သညီဘဝကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂၂။ အသညီဘဝကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၂၃။ "အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ"– ဟူ၍ သတ္တဝါတို့၏သာ ကျင်လည်ခြင်းကို ဟောတော်မူသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်၊ တစ်ဖန် နောက်ထပ်မေးမြန်းလတ်သော် ရုပ်နှင့်ကင်း၍ ပုဂ္ဂိုလ် မရှိနိုင်သောကြောင့် ပုဂ္ဂိုလ်ကျင်လည်သည်ရှိသော် ရုပ်သည်လည်း ကျင်လည်တော့သည်သာဟု နှလုံးပြု၍ ပရဝါဒီက ဝန်ခံပြန်၏၊ ဝေဒနာ စသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။
၂၄။ ပုဂ္ဂိုလ်ကျင်လည်သည်ရှိသော် ပုဂ္ဂိုလ်၏ စွဲမှီရာရုပ် မကျင်လည်ဟု ဆိုရန် မတတ်ကောင်းဟူသော အမှတ်ဖြင့် ပရဝါဒီက ပယ်ခဲ့၏၊ တစ်ဖန်နောက်ထပ် မေးမြန်းပြန်သော် သတ္တဝါတို့၏ ကျင်လည်ခြင်းကိုလည်း ဟောတော်မူသောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။

♣

## ၁၂–ဥပါဒါပညတ္တာနုယောဂ

၉၅။ သကဝါဒီ။ ။ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော 'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော 'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏[၁]။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည်လည်း မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော 'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော 'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၆။ သကဝါဒီ။ ။ ဝေဒနာကို စွဲ၍။ သညာကို စွဲ၍။ သင်္ခါရတို့ကို စွဲ၍။ ဝိညာဏ်ကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ထိုဝိညာဏ်သည် မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော 'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည်လည်း မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော 'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော 'ဝိပရိဏာမဓမ္မ'ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၇။ သကဝါဒီ။ ။ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ညိုသော ရုပ်ကို စွဲ၍ ညိုသောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ရွှေသောရုပ်ကို စွဲ၍။ နီသောရုပ်ကို စွဲ၍။ ဖြူသောရုပ်ကို စွဲ၍။ မြင်ခြင်းနှင့်တကွဖြစ်သော ရုပ်ကို စွဲ၍။ မြင်ခြင်း မရှိသောရုပ်ကို စွဲ၍။ ထိခိုက်ခြင်းနှင့်တကွ ဖြစ်သော ရုပ်ကို စွဲ၍။ ထိခိုက်ခြင်း မရှိသော ရုပ်ကို စွဲ၍ ထိခိုက်ခြင်း မရှိသောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၈။ သကဝါဒီ။ ။ ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်ဖြစ်သော ဝေဒနာကို စွဲ၍ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ကုသိုလ်ဖြစ်သော ဝေဒနာကို စွဲ၍ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏[၄]။

သကဝါဒီ။ ။ ကုသိုလ်ဖြစ်သော ဝေဒနာသည် အကျိုးရှိသလော၊ ဝိပါကရှိသလော၊ လိုလားအပ် သောအကျိုးရှိသလော၊ နှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို ပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာ ရေဖြင့်) မသွန်းလောင်းအပ်သော အကျိုးရှိသလော၊ ချမ်းသာကို တိုးပွားစေတတ်သလော၊ ချမ်းသာသော အကျိုးရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်သည်လည်း အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ လိုလားအပ်သော အကျိုးရှိသလော၊ နှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို ပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာ ရေဖြင့်) မသွန်းလောင်းအပ်သော အကျိုးရှိသလော၊ ချမ်းသာကို တိုးပွားစေတတ်သလော၊ ချမ်းသာသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

၉၉။ သကဝါဒီ။ ။ ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဖြစ်သော ဝေဒနာကို စွဲ၍ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်ဖြစ်သော ဝေဒနာကို စွဲ၍ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဖြစ်သော ဝေဒနာသည် အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ မလိုလားအပ်သော အကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို မပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာရေဖြင့်) သွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဆင်းရဲကို တိုးပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်သည်လည်း အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ မလိုလားအပ်သော အကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို မပွားစေတတ်သောအကျိုးရှိသလော၊ (ကိလေသာရေဖြင့်) မသွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဆင်းရဲကို တိုးပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၀။ သကဝါဒီ။ ။ ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အဗျာကတဖြစ်သော ဝေဒနာကို စွဲ၍ အဗျာကတဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဗျာကတဖြစ်သော ဝေဒနာကို စွဲ၍ အဗျာကတဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏[၆]။

သကဝါဒီ။ ။ အဇ္ဈာကတဖြစ်သော ဝေဒနာသည် မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အဇ္ဈာကတဖြစ်သောပုဂ္ဂိုလ်သည်လည်း မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်း သဘော'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော 'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၁။ သကဝါဒီ။ ။ သညာကို စွဲ၍။ သင်္ခါရတို့ကို စွဲ၍။ ဝိညာဏ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်ဝိညာဏ်ကို စွဲ၍ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်ဝိညာဏ်ကို စွဲ၍ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်ဝိညာဏ်သည် အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ လိုလားအပ်သောအကျိုးရှိသလော၊ နှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို ပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာရေဖြင့်) မသွန်းလောင်းအပ်သော အကျိုးရှိသလော၊ ချမ်းသာကို တိုးပွားစေတတ်သလော၊ ချမ်းသာသော အကျိုးရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်ဖြစ်သောပုဂ္ဂိုလ်သည်လည်း အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ လိုလားအပ်သော အကျိုးရှိသလော၊ နှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို ပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာ ရေဖြင့်) မသွန်းလောင်းအပ်သော အကျိုးရှိသလော၊ ချမ်းသာကို တိုးပွားစေတတ်သလော၊ ချမ်းသာသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၂။ သကဝါဒီ။ ။ ဝိညာဏ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဝိညာဏ်ကို စွဲ၍ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်ဝိညာဏ်ကို စွဲ၍ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဝိညာဏ်သည် အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ မလိုလားအပ်သောအကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို မပွားစေတတ်သော အကျိုးရှိသလော၊ (ကိလေသာ ရေဖြင့်) သွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဆင်းရဲကို တိုးပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်ဖြစ်သောပုဂ္ဂိုလ်သည်လည်း အကျိုးရှိသလော၊ ဝိပါက်ရှိသလော၊ မလိုလားအပ်သော အကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်ကို မပွားစေတတ်သောအကျိုးရှိသလော၊ (ကိလေသာရေဖြင့်) သွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဆင်းရဲကို တိုးပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၃။ သကဝါဒီ။ ။ ဝိညာဏ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အဗျာကတဝိညာဏ်ကို စွဲ၍ အဗျာကတဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဗျာကတဝိညာဏ်ကို စွဲ၍ အဗျာကတဖြစ်သောပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အဗျာကတဝိညာဏ်သည် မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်း ကိုစွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော 'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အဗျာကတဖြစ်သောပုဂ္ဂိုလ်သည်လည်း မမြဲသော 'အနိစ္စ'၊ ပြုပြင်အပ်သော 'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်း သဘော'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော 'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော 'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၄။ သကဝါဒီ။ ။ မျက်စိကို စွဲ၍ "မျက်စိရှိသောပုဂ္ဂိုလ်"ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏[၇]။

သကဝါဒီ။ ။ မျက်စိချုပ်လတ်သော် "မျက်စိရှိသောပုဂ္ဂိုလ်သည် ချုပ်၏"ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ နားကို စွဲ၍။ နှာခေါင်းကို စွဲ၍။ လျှာကို စွဲ၍။ ကိုယ်ကို စွဲ၍။ စိတ်ကို စွဲ၍ စိတ်ရှိသောပုဂ္ဂိုလ်ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ စိတ်ချုပ်လတ်သော် “စိတ်ရှိသောပုဂ္ဂိုလ်သည် ချုပ်၏”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မပြောဆိုသင့်ပါ။

၁၀၅။ သကဝါဒီ။ ။ မှားယွင်းသော အယူ ‘မိစ္ဆာဒိဋ္ဌိ’ကို စွဲ၍ “မှားယွင်းသော အယူရှိသောပုဂ္ဂိုလ်”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ မှားယွင်းသော အယူ ချုပ်လတ်သော် “မှားယွင်းသော အယူရှိသောပုဂ္ဂိုလ်သည်ချုပ်၏”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မှားယွင်းသော အကြံအစည်ကို စွဲ၍။ မှားယွင်းသောစကားကို စွဲ၍။ မှားယွင်းသောအလုပ်ကို စွဲ၍။ မှားယွင်းသော အသက်မွေးမှုကို စွဲ၍။ မှားယွင်းသော အားထုတ်မှုကို စွဲ၍။ မှားယွင်းသော အောက်မေ့မှုကို စွဲ၍။ မှားယွင်းသော တည်ကြည်မှုကို စွဲ၍ “မှားယွင်းသောတည်ကြည်မှု ရှိသောပုဂ္ဂိုလ်”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ မှားယွင်းသော တည်ကြည်မှု ချုပ်လတ်သော် “မှားယွင်းသော တည်ကြည်မှုရှိသောပုဂ္ဂိုလ်သည် ချုပ်၏”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၀၆။ သကဝါဒီ။ ။ မှန်ကန်သော အယူ ‘သမ္မာဒိဋ္ဌိ’ကို စွဲ၍ “မှန်ကန်သော အယူရှိသောပုဂ္ဂိုလ်”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ မှန်ကန်သော အယူချုပ်လတ်သော် “မှန်ကန်သော အယူရှိသောပုဂ္ဂိုလ်သည် ချုပ်၏”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မှန်ကန်သော အကြံအစည်ကို စွဲ၍။ မှန်ကန်သောစကားကို စွဲ၍။ မှန်ကန်သောအလုပ်ကို စွဲ၍။ မှန်ကန်သော အသက်မွေးမှုကို စွဲ၍။ မှန်ကန်သော အားထုတ်မှုကို စွဲ၍။ မှန်ကန်သောအောက်မေ့မှုကို စွဲ၍။ မှန်ကန်သော တည်ကြည်မှုကို စွဲ၍ “မှန်ကန်သော တည်ကြည်မှုရှိသောပုဂ္ဂိုလ်”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ မှန်ကန်သော တည်ကြည်မှု ချုပ်လတ်သော် “မှန်ကန်သော တည်ကြည်မှုရှိသောပုဂ္ဂိုလ်သည် ချုပ်၏”ဟူ၍ ပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၇။ သကဝါဒီ။ ။ ရုပ်ကို စွဲ၍၊ ဝေဒနာကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏[၉]။

သကဝါဒီ။ ။ ခန္ဓာနှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

သကဝါဒီ။ ။ ရုပ်ကိုစွဲ၍၊ ဝေဒနာကို စွဲ၍၊ သညာကို စွဲ၍၊ သင်္ခါရတို့ကို စွဲ၍၊ ဝိညာဏ်ကို စွဲ၍ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ခန္ဓာငါးပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်ငါးယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၈။ သကဝါဒီ။ ။ စက္ခာယတနကို စွဲ၍၊ သောတာယတနကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အာယတနနှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခာယတနကို စွဲ၍၊ သောတာယတနကို စွဲ၍။ပ။ ဓမ္မာယတနကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ အာယတနတစ်ဆယ့်နှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်တစ်ဆယ့်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၉။ သကဝါဒီ။ ။ စက္ခုဓာတ်ကို စွဲ၍၊ သောတဓာတ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ဓာတ်နှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဓာတ်ကို စွဲ၍၊ သောတဓာတ်ကို စွဲ၍။ပ။ ဓမ္မဓာတ်ကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏။

သကဝါဒီ။ ။ ခုတ်တစ်ဆယ့်ရှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်တစ်ဆယ့်ရှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၁၀။ သကဝါဒီ။ ။ စက္ခုဓာတ်ကို စွဲ၍၊ သောတဓာတ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ ဓာတ်နှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဓာတ်ကို စွဲ၍၊ သောတဓာတ်ကို စွဲ၍။ပ။ အညာတာဝိန္ဒြေကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်နှစ်ဆယ့်နှစ်ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၁။ သကဝါဒီ။ ။ ဧကဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်တစ်ယောက်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ စတုဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်လေးယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်တစ်ယောက်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ ပဉ္စဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်ငါးယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကဝေါကာရဘဝ၌ ပုဂ္ဂိုလ်တစ်ယောက်သာ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် တစ်ယောက်သာ ရှိပါ၏။

သကဝါဒီ။ ။ စတုဝေါကာရဘဝ၌ ပုဂ္ဂိုလ်လေးယောက်တို့ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကဝေါကာရဘဝ၌ ပုဂ္ဂိုလ်တစ်ယောက်သာ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် တစ်ယောက်သာ ရှိပါ၏။

သကဝါဒီ။ ။ ပဉ္စဝေါကာရဘဝ၌ ပုဂ္ဂိုလ်ငါးယောက်တို့ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၂။ သကဝါဒီ။ ။ သစ်ပင်ကို စွဲ၍ အရိပ်ကို ပညတ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ပညတ်ပါ၏။

သကဝါဒီ။ ။ သစ်ပင်ကို စွဲ၍ အရိပ်ကို ပညတ်သည် ဖြစ်ရကား သစ်ပင်သည်လည်း မမြဲ၊ အရိပ်သည်လည်း မမြဲသကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကား ရုပ်သည်လည်း မမြဲ၊ ပုဂ္ဂိုလ်သည်လည်း မမြဲသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

သကဝါဒီ။ ။ သစ်ပင်ကို စွဲ၍ အရိပ်ကို ပညတ်ရကား သစ်ပင်သည် (အရိပ်မှ) တစ်မျိုးတခြား၊ အရိပ်သည် (သစ်ပင်မှ) တစ်မျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကားရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၃။ သကဝါဒီ။ ။ ရွာကို စွဲ၍ ရွာသူ, ရွာသားကို ပညတ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ် ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ပညတ်ပါ၏။

သကဝါဒီ။ ။ ရွာကို စွဲ၍ ရွာသူ, ရွာသားကို ပညတ်ရကား ရွာသည် (ရွာသူ, ရွာသားမှ) တစ်မျိုးတခြား၊ ရွာသူ, ရွာသားသည် (ရွာမှ) တစ်မျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ရကား ရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၄။ သကဝါဒီ။ ။ တိုင်းပြည်ကို စွဲ၍ မင်းကို ပညတ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကိုပညတ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ပညတ်ပါ၏။

သကဝါဒီ။ ။ တိုင်းပြည်ကို စွဲ၍ မင်းကို ပညတ်ရကား တိုင်းပြည်သည် (မင်းမှ) တစ်မျိုးတခြား၊ မင်းသည် (တိုင်းပြည်မှ) တစ်မျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကားရုပ်သည် (ပုဂ္ဂိုလ်မှ) တစ်မျိုးတခြား၊ ပုဂ္ဂိုလ်သည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၅။ သကဝါဒီ။ ။ သံခြေချင်းသည် သံခြေချင်းရှိသူ မဟုတ်၊ အကြင်သူအား သံခြေချင်းသည် (ရှိ၏)၊ ထိုသူသည်သာ သံခြေချင်းရှိသူ ဖြစ်သကဲ့သို့ ဤအတူ ရုပ်သည် ရုပ်ရှိသူ မဟုတ်၊ အကြင်သူအားရုပ်သည် (ရှိ၏)၊ ထိုသူသည်သာ ရုပ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဩဝ် ဖြစ်ပါ၏။

သကဝါဒီ။ ။ သံခြေချင်းသည် သံခြေချင်းရှိသူ မဟုတ်၊ အကြင်သူအား သံခြေချင်းသည် (ရှိ၏)၊ ထိုသူသည်သာ သံခြေချင်းရှိသူဖြစ်သကဲ့သို့ သံခြေချင်းသည် (သံခြေချင်းရှိသူမှ) တစ်မျိုးတခြား၊ သံခြေချင်းရှိသူသည် (သံခြေချင်းမှ) တစ်မျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်သည် ရုပ်ရှိသူ မဟုတ်၊ အကြင်သူအား ရုပ်သည် ရှိ၏၊ ထိုသူသည်သာ ရုပ်ရှိသူ ဖြစ်ရကား ရုပ်သည် (ရုပ်ရှိသူမှ) တစ်မျိုးတခြား၊ ရုပ်ရှိသူသည် (ရုပ်မှ) တစ်မျိုးတခြား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၆။ သကဝါဒီ။ ။ စိတ်တိုင်း စိတ်တိုင်း၌ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ သြော် ပညတ်ပါ၏[၁၂]။

သကဝါဒီ။ ။ စိတ်တိုင်း စိတ်တိုင်း၌ ပုဂ္ဂိုလ်သည် ဖြစ်ပါသလော၊ အိုပါသလော၊ သေပါသလော၊ စုတေပါသလော၊ ပဋိသန္ဓေနေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၃]

သကဝါဒီ။ ။ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း မပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မပြောဆိုသင့်ပါ[၁၄]။

သကဝါဒီ။ ။ ဒုတိယစိတ် ဖြစ်လတ်သော် သတို့သားဟူ၍လည်းကောင်း၊ သတို့သမီးဟူ၍လည်းကောင်း မပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ပြောဆိုသင့်ပါ၏[၁၅]။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်းမပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ် ဖြစ်လတ်သော် သတို့သားဟူ၍လည်းကောင်း၊ သတို့သမီးဟူ၍လည်းကောင်း မပြောဆိုသင့်ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း မပြောဆိုသင့်ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ် ဖြစ်လတ်သော်သတို့သားဟူ၍လည်းကောင်း၊ သတို့သမီးဟူ၍လည်းကောင်း ပြောဆိုသင့်၏ဟူ၍ကား သင် ဆိုခဲ့၏။ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ ဒုတိယစိတ် ဖြစ်လတ်သော် သတို့သားဟူ၍လည်းကောင်း၊ သတို့သမီးဟူ၍လည်းကောင်းပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပြောဆိုသင့်၏ဟူ၍လည်း ဆိုသင့်တော့၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း မပြောဆိုသင့်ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ် ဖြစ်လတ်သော်သတို့သားဟူ၍လည်းကောင်း၊ သတို့သမီးဟူ၍လည်းကောင်း ပြောဆိုသင့်၏ဟူ၍ကား သင် ဆိုခဲ့၏။ (ဤသို့ ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။

၁၁၇။ သကဝါဒီ။ ။ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း မပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မပြောဆိုသင့်ပါ။

သကဝါဒီ။ ။ ဒုတိယစိတ် ဖြစ်လတ်သော် မိန်းမဟူ၍လည်းကောင်း၊ ယောကျ်ားဟူ၍လည်းကောင်းအိမ်နေသူလူဟူ၍လည်းကောင်း၊ ရဟန်းဟူ၍လည်းကောင်း၊ နတ်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်းမပြောဆိုသင့် ပါသလော။

ပရဝါဒီ။ ။ ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်းမပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ် ဖြစ်လတ်သော် နတ်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်း မပြောဆိုသင့်ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း မပြောဆိုသင့်ဟူ၍ သင် ဆိုခဲ့သည်သာတည်း။ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ် ဖြစ်လတ်သော်နတ်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်း ပြောဆိုသင့်၏ဟူ၍ကား သင် ဆိုခဲ့၏။ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှား သောစကားသာတည်း။

အရှင်ပရဝါဒီ ဒုတိယစိတ် ဖြစ်လတ်သော် နတ်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်း ပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပြောဆိုသင့်၏ဟူ၍လည်း သင် ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ မပြောဆိုသင့်ဟူ၍လည်းကောင်း သင် ဆိုခဲ့၏။ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ် ဖြစ်လတ်သော်နတ်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်း၊ ပြောဆိုသင့်၏ဟူ၍လည်းကောင်း သင် ဆိုခဲ့၏။ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ပ။

၁၁၈။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ[၁၆]။

ပရဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် ကြည့်ရှု၏၊ ထိုပုဂ္ဂိုလ်သည် မြင်သည် မဟုတ်ပါလော၊ အကြင် အဆင်း'ရူပါရုံ' ကို မြင်၏၊ ထိုအဆင်းကို မြင်သည် မဟုတ်ပါလော၊ အကြင်မျက်စိဖြင့် မြင်၏၊ ထိုမျက်စိဖြင့်မြင်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏[၁၇]။

အရှင်သကဝါဒီ အကြင်ပုဂ္ဂိုလ်သည် ကြည့်ရှု၏၊ ထိုပုဂ္ဂိုလ်သည် အကယ်၍ မြင်ခဲ့ပါလျှင်အကြင်အဆင်းကို မြင်၏၊ ထိုအဆင်းကို အကယ်၍ မြင်ခဲ့ပါလျှင် အကြင်မျက်စိဖြင့် မြင်၏၊ ထိုမျက်စိဖြင့်အကယ်၍ မြင်ခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၁၁၉။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် ကြား၏။ပ။ အကြင်ပုဂ္ဂိုလ်သည် နမ်း၏။ အကြင်ပုဂ္ဂိုလ်သည် လျက်၏။ အကြင်ပုဂ္ဂိုလ်သည် တွေ့ထိ၏။ အကြင်ပုဂ္ဂိုလ်သည် သိ၏၊ ထိုပုဂ္ဂိုလ်သည် သိသည် မဟုတ်ပါလော၊ အကြင်တရားကို သိ၏၊ ထိုတရား 'ဓမ္မာရုံ' ကို သိသည် မဟုတ်ပါလော၊ အကြင်စိတ်ဖြင့် သိ၏၊ ထိုစိတ်ဖြင့် သိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကြင်ပုဂ္ဂိုလ်သည် သိ၏၊ ထိုပုဂ္ဂိုလ်သည် အကယ်၍ သိခဲ့ပါလျှင်,အကြင်တရားကို သိ၏၊ ထိုတရားကို အကယ်၍ သိခဲ့ပါလျှင်, အကြင်စိတ်ဖြင့် သိ၏၊ ထိုစိတ်ဖြင့်အကယ်၍ သိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၁၂၀။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် မကြည့်ရှု၊ ထိုပုဂ္ဂိုလ်သည် မမြင်သည် မဟုတ်ပါလော၊ အကြင်အဆင်းကို မမြင်၊ ထိုအဆင်းကို မမြင်သည် မဟုတ်ပါလော၊ အကြင်မျက်စိဖြင့် မမြင်၊ ထိုမျက်စိဖြင့်မမြင် သည် မဟုတ်ပါလော[၁၈]။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

အရှင်ပရဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် မကြည့်ရှု၊ ထိုပုဂ္ဂိုလ်သည် အကယ်၍ မမြင်ခဲ့ပါလျှင်, အကြင်အဆင်းကို မမြင်၊ ထိုအဆင်းကို အကယ်၍ မမြင်ခဲ့ပါလျှင်, အကြင်မျက်စိဖြင့် မမြင်၊ ထိုမျက်စိဖြင့်အကယ်၍ မမြင်ခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟု သင် မဆိုသင့်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် မကြား။ပ။ အကြင်ပုဂ္ဂိုလ်သည် မနမ်း။ အကြင်ပုဂ္ဂိုလ်သည် ့မလျက်။ အကြင်ပုဂ္ဂိုလ်သည် မတွေ့ထိ။ အကြင်ပုဂ္ဂိုလ်သည် မသိ၊ ထိုပုဂ္ဂိုလ်သည် မသိသည် မဟုတ်ပါလော၊ အကြင်တရား 'ဓမ္မာရုံ' ကို မသိ၊ ထိုတရား 'ဓမ္မာရုံ' ကို မသိသည် မဟုတ်ပါလော၊ အကြင်စိတ်ဖြင့်မသိ၊ ထိုစိတ်ဖြင့် မသိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကြင်ပုဂ္ဂိုလ်သည် မသိ၊ ထိုပုဂ္ဂိုလ်သည် အကယ်၍ မသိခဲ့ပါလျှင်,အကြင်တရားကို မသိ၊ ထိုတရားကို အကယ်၍ မသိခဲ့ပါလျှင်, အကြင်စိတ်ဖြင့် မသိ၊ ထိုစိတ်ဖြင့်အကယ်၍ မသိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ သင် မဆိုသင့်။

၁၂၁။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ငါ (ဘုရား) သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ်ဖြင့် စုတေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်ညံ့သော သတ္တဝါ မြင့်မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ၊ ကောင်းသော လားရာ 'ဂတိ'ရှိသော သတ္တဝါ မကောင်းသော လားရာ 'ဂတိ'ရှိသော သတ္တဝါတို့ကို မြင်တော်မူ၏၊ ကံအားလျော်စွာ ဖြစ် ပေါ်ကုန်သော သတ္တဝါတို့ကို သိတော်မူ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၁၂၂။ သကဝါဒီ။ ။ "ရဟန်းတို့ ငါ (ဘုရား) သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ်ဖြင့် စုတေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်ညံ့သော သတ္တဝါ မြင့်မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ၊ ကောင်းသော လားရာ 'ဂတိ' ရှိသော သတ္တဝါ မကောင်းသော လားရာ 'ဂတိ' ရှိသောသတ္တဝါတို့ကို မြင်တော်မူ၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိတော်မူ၏"ဟူ၍မြတ်စွာဘုရား ဟောအပ်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သောနတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ်ဖြင့် အဆင်း 'ရူပါရုံ' ကို မြင်တော်မူပါသလော၊ ပုဂ္ဂိုလ်ကို မြင်တော်မူပါသလော။

ပရဝါဒီ။ ။ အဆင်း 'ရူပါရုံ' ကို မြင်တော်မူပါ၏။

သကဝါဒီ။ ။ အဆင်း 'ရူပါရုံ' သည် ပုဂ္ဂိုလ်လော၊ အဆင်းရူပါရုံသည် စုတေသလော၊ အဆင်းရူပါရုံသည် ပဋိသန္ဓေနေသလော၊ အဆင်းရူပါရုံသည် ကံအားလျော်စွာ (ထိုထိုဘဝသို့) ကပ်ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သောနတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ်ဖြင့် အဆင်း 'ရူပါရုံ' ကို မြင်တော်မူပါသလော၊ ပုဂ္ဂိုလ်ကို မြင်တော်မူပါသလော။

ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မြင်တော်မူပါသည်။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အဆင်း 'ရူပါရုံ' လော၊ ရူပါယတနလော၊ ရူပဓာတ်လော၊ အညိုလော၊ အရွှေလော၊ အနီလော၊ အဖြူလော၊ မျက်စိဖြင့် သိအပ်သူလော၊ မျက်စိ၌ ထိခိုက်သလော၊ မျက်စိအားထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သောနတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ်ဖြင့် အဆင်း 'ရူပါရုံ' ကို မြင်တော်မူပါသလော၊ ပုဂ္ဂိုလ်ကို မြင်တော်မူပါသလော။

ပရဝါဒီ။ ။ နှစ်မျိုးစလုံးကို မြင်တော်မူပါသည်။

သကဝါဒီ။ ။ နှစ်မျိုးလုံးတို့သည် အဆင်းလော၊ ရူပါယတနလော၊ ရူပဓာတ်လော၊ နှစ်မျိုးလုံး တို့သည် အညိုတို့လော၊ နှစ်မျိုးလုံးတို့သည် အရွှေတို့လော၊ နှစ်မျိုးလုံးတို့သည် အနီတို့လော၊ နှစ်မျိုးလုံးတို့သည် အဖြူတို့လော၊ နှစ်မျိုးလုံးတို့ကို မျက်စိဖြင့် သိအပ်ကုန်သလော၊ နှစ်မျိုးလုံးတို့သည်မျက်စိ၌ ထိခိုက်ကုန်သလော၊ နှစ်မျိုးလုံးတို့သည် မျက်စိအား ထင်ခြင်းသို့ ရောက်ကုန်သလော၊ နှစ်မျိုးလုံးတို့သည် စုတေကုန်သလော၊ နှစ်မျိုးလုံးတို့သည် ပဋိသန္ဓေနေကုန်သလော၊ နှစ်မျိုးလုံးတို့သည်ကံအားလျော်စွာ (ထိုထိုဘဝသို့) ကပ်ရောက်ကြကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

**ဥပါဒါပညတ္တာနုယောဂ ပြီး၏။**

------

၁။ သစ်ပင်ကို စွဲ၍ အရိပ်ဟု ပညတ်ခြင်း၊ မီးစာကို စွဲ၍ မီးဟု ပညတ်ခြင်းကဲ့သို့ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ဟု ပညတ်ခြင်းကို အလိုရှိရကား ပဌမဦးစွာဝန်ခံခဲ့၏၊ တစ်ပန် နောက်ထပ်အမေး၌လည်းဟုတ်တိုင်းမှန်စွာဝန်ခံပြီးလျှင် သစ်ပင်ကို စွဲ၍ ဖြစ်သော အရိပ်သည် သစ်ပင်ကဲ့သို့လည်းကောင်း၊ မီးစာကို စွဲ၍ဖြစ်သော မီးသည် မီးစာကဲ့သို့လည်းကောင်း မမြဲခြင်းသဘော ရှိခဲ့၏။ ရုပ်ကို စွဲ၍ ဖြစ်သောပုဂ္ဂိုလ်သည်လည်း ရုပ်ကဲ့သို့ မမြဲခြင်းသဘော ရှိသလောဟူသော အဓိပ္ပာယ်ဖြင့် မေးမြန်းလတ်သော် မိမိအယူ၌ တည်၍ ပဋိက္ခေပပြုလျက် ဖြေသည်။

၂။ ညိုသော ရုပ်နှင့်တကွ ပုဂ္ဂိုလ်၏ တစ်ခုတည်းအဖြစ်ကိုလည်းကောင်း၊ တစ်ခုသော ကိုယ်၌ များစွာကုန်သော အညို စသည်တို့၏ အစွမ်းဖြင့် ပုဂ္ဂိုလ်များသည်၏ အဖြစ်ကိုလည်းကောင်း အလိုမရှိသည် ဖြစ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ ဝေဒနာနှင့်တကွ ပုဂ္ဂိုလ်၏ တစ်ခုတည်းသော အဖြစ်ကိုလည်းကာင်း၊ တစ်ခုတည်းသော သန္တာန်၌ များစွာကုန်သော ဝေဒနာတို့၏ အစွမ်းဖြင့် ပုဂ္ဂိုလ်များသည်၏ အဖြစ်ကိုလည်းကောင်း အလိုမရှိသည်ဖြစ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ တစ်ဖန် နောက်ထပ် မေးမြန်းအပ်သော် မဂ္ဂကုသလော– လမ်းခရီး၌ လိမ္မာသူ၊ ဤသို့ အစရှိသောစကား၏ ထင်ရှားရှိနေသောကြောင့် လိမ္မာခြင်းအနက်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။
၅။ ထိုသို့သဘောရှိသော အကျိုးရှိသည့် ပုဂ္ဂိုလ်ဟူသော ဝေါဟာရ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ သဿတ စသည်တို့၏ အစွမ်းဖြင့် အဗျာကတအဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၇။ "စက္ခုမာ ဝိသမာနီဝ၊ ဝိဇ္ဇမာနေ ပရက္ကမေ။ ပဏ္ဍိတော ဇီဝလောကသ္မိံ ပါပါနိ ပရိဝဇ္ဇယေ။" ဟူသော ဥဒါန်းပါဠိတော်၌ မျက်စိရှိသူဟူသော ဝေါဟာရ ထင်ရှား ရှိသောကြောင့် ပရဝါဒီက ဝန်ခံသည်။
၈။ စက္ခုချုပ်ကာမျှဖြင့် ပုဂ္ဂိုလ်၏ ချုပ်ခြင်းကို အလိုမရှိ၍ ဒုတိယအမေး၌ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၉။ ခန္ဓာတို့ကို စွဲ၍ ပုဂ္ဂိုလ်ဟု ပညတ်ခဲ့ရကား နှစ်ခု သုံးခု လေးခု ငါးခုသော ခန္ဓာတို့ကို စွဲ၍ ပညတ်မှုကို ဝန်ခံခဲ့၏။
၁၀။ တစ်ခုသော သန္တာန်၌ နှစ်ယောက် ငါးယောက်သော ပုဂ္ဂိုလ်တို့ မရှိကောင်းသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၁။ ဤမေးသော အခြင်းအရာအားဖြင့် အလိုမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မိမိအယူ၌တည်လျက်လည်းကောင်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၂။ သရာဂစသော စိတ်တို့၏ အစွမ်းအားဖြင့် သရာဂပုဂ္ဂိုလ်စသည်ကို ရည်ရွယ်၍ စိတ္တာနုပဿနာ၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံသည်။
၁၃။ ပုဂ္ဂိုလ်၏ ခဏနှင့် ယှဉ်သည်၏ အဖြစ်ကို အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၄။ ဤပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဟူ၍လည်းကောင်း ပြောဆိုခဲ့သော် သဿတ, ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရာသောကြောင့် မဆိုသင့်ဟု ဝန်ခံသည်။
၁၅။ သတို့သား သတို့သမီးဟု မဆိုသင့်သလောဟူသော အမေး၌မူ လာကဝေါဟာရကို ပယ်ဖျောက်ခြင်းမှ ကြောက်သောကြောင့် ဆိုသင့်၏ဟု ပရဝါဒီက ဝန်ခံသည်။
၁၆။ ပရမတ္ထသစ္စာကို ရည်ရွယ်၍ သကဝါဒီက မဆိုသင့်ဟု ဝန်ခံသည်။
၁၇။ ဒုတိယအမေး၌ သမ္မုတိသစ္စာကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၁၈။ ကန်းသူ, အသညသတ်သတ္တဝါ, အရူပသတ္တဝါ, နိရောဓသမာပတ်ဝင်စားသူ, မကန်းသူပင်ဖြစ်သော်လည်း မမြင်သူပင် မည်၏။

♣

## ၁၃-ပုရိသကာရာနုယောဂ

၁၂၃။ ပရဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ပါကုန်သလော။

သကဝါဒီ။ ။ သြော် ရအပ်ပါကုန်၏။

ပရဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၁၂၄။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ပါကုန်၏ဟု နှလုံးသွင်း၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုပြုလုပ်သူ ပြုလုပ်စေသူကို (တစ်ဆင့်) ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

၁၂၅။ သကဝါဒီ။ ။ ထိုပြုလုပ်သူ ပြုလုပ်စေသူကို (တစ်ဆင့်) ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။[၃]

သကဝါဒီ။ ။ ထိုထိုကောင်းမှုကံ မကောင်းမှုကံကို ပြုလုပ်သူ ပြုလုပ်စေသူကို (တစ်ဆင့်) ပြုလုပ်သူ ပြုလုပ်စေသူအား ဒုက္ခ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ္ဋဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ (တစ်စုံတစ်ခုကိုမျှ) မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၂၆။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ပါကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၂၇။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၂၈။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍ မြေကြီးကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၂၉။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍ မဟာသမုဒ္ဒရာကို ပြုလုပ်သူ ပြုလုပ်စေ သူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၀။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍ မြင်းမိုရ်တောင်မင်းကို ပြုလုပ်သူပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၁။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ရေကို ရအပ်၏ဟု နှလုံးပြု၍ ရေကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၂။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မီးကို ရအပ်၏ဟု နှလုံးပြု၍ မီးကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၃။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ လေကို ရအပ်၏ဟု နှလုံးပြု၍ လေကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၃၄။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ မြက် ထင်း တောစိုးသစ်ပင်တို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၅။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့သည် (ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူပြုလုပ်စေသူမှ) တစ်မျိုးတခြားလော၊ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူသည် (ကောင်းမှုကံ မကောင်းမှုကံတို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၁၃၆။ ပရဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၇။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုအကျိုးခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

၁၃၈။ သကဝါဒီ။ ။ ထိုအကျိုးခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။[၆]

သကဝါဒီ။ ။ ထိုထိုကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးခံစားသူကို (တစ်ဆင့်) ခံစားသူအားဒုက္ခ၏ အဆုံးကို ပြုခြင်းသည် မရှိသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိသလော၊ (တစ်စုံတစ်ခုကိုမျှ) မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၃၉။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၀။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၁။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍။ပ။ ရေကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မီးကို ရအပ်၏ဟုနှလုံးပြု၍။ပ။ လေကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်၏ဟုနှလုံးပြု၍ မြက် ထင်း တောစိုးသစ်ပင် တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၂။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ရအပ်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့၏ အကျိုးခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးသည် (ကောင်းမှုကံ မကောင်းမှုကံတို့၏အကျိုးကို ခံစားသူမှ) တစ်မျိုးတခြားလော၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ခံစားသူသည် (ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

၁၄၃။ ပရဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

၁၄၄။ သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာကိုခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုနတ်၌ဖြစ်သော ချမ်းသာခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၅။ သကဝါဒီ။ ။ ထိုနတ်၌ဖြစ်သော ချမ်းသာခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုထိုနတ်၌ဖြစ်သော ချမ်းသာကို ခံစားသူကို (တစ်ဆင့်) ခံစားသူအား ဆင်းရဲအဆုံးကိုပြုခြင်းသည် မရှိသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိသလော၊ (တစ်စုံတစ်ခုကိုမျှ) မစွဲလမ်းမူ၍ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၆။ သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၇။ သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၈။ သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍။ပ။ ရေကို ရအပ်၏ဟု နှလုံးပြု၍။ပ။

မီးကို ရအပ်၏ဟုနှလုံးပြု၍။ပ။ လေကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်ကုန်၏ဟုနှလုံးပြု၍ မြက် ထင်း တောစိုး သစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

၁၄၉။ သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နတ်၌ဖြစ်သော ချမ်းသာသည် (နတ်၌ဖြစ်သော ချမ်းသာကို ခံစားသူမှ) တစ်မျိုးတခြားလော၊ နတ်၌ဖြစ်သော ချမ်းသာကို ခံစားသူသည် (နတ်၌ဖြစ်သော ချမ်းသာမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၀။ ပရဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၁။ သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုလူ၌ဖြစ်သော ချမ်းသာခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၂။ သကဝါဒီ။ ။ ထိုလူ၌ဖြစ်သော ချမ်းသာခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုသို့ လူ၌ဖြစ်သော ချမ်းသာခံစားသူကို (တစ်ဆင့်) ခံစားသူအား ဆင်းရဲအဆုံးကိုပြုခြင်းသည် မရှိသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိသလော၊ တစ်စုံတစ်ရာကိုမျှ မစွဲလမ်းမူ၍ငြိမ်းအေး မှု (ပရိနိဗ္ဗာန်) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၅၃။ သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၄။ သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နလုံးပြု၍ နိဗ္ဗာန်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၅။ သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နလုံးပြု၍။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နလုံးပြု၍။ ရေကို ရအပ်၏ဟု နလုံးပြု၍။ မီးကို ရအပ်၏ဟု နလုံးပြု၍။ လေကို ရအပ်၏ဟု နလုံးပြု၍။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်ကုန်၏ဟု နလုံးပြု၍မြက် ထင်း တောစိုးသစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၆။ သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ လူ၌ဖြစ်သော ချမ်းသာသည် (လူ၌ဖြစ်သော ချမ်းသာကို ခံစားသူမှ) တစ်မျိုးတခြားလော၊ လူ၌ဖြစ်သော ချမ်းသာကို ခံစားသူသည် (လူ၌ဖြစ်သော ချမ်းသာမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၇။ ပရဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ရအပ်ပါ၏။

ပရဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၈။ သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နလုံးပြု၍ အပါယ်၌ဖြစ်သောဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုအပါယ်၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၉။ သကဝါဒီ။ ။ ထိုအပါယ်၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုထိုအပါယ်၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူအား ဆင်းရဲ၏ အဆုံးကိုပြုခြင်းသည် မရှိပါသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ (တစ်စုံတစ်ရာကိုမျှ) မစွဲလမ်းမူ၍ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၆၀။ သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ အပါယ်၌ဖြစ်သောဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၁။ သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ အပါယ်၌ဖြစ်သောဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၆၂။ သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ အပါယ်၌ဖြစ်သောဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍။ ရေကို ရအပ်၏ဟု နှလုံးပြု၍။ မီးကို ရအပ်၏ဟု နှလုံးပြု၍။ လေကို ရအပ်၏ဟု နှလုံးပြု၍။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍မြက် ထင်း တောစိုးသစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၃။ သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ အပါယ်၌ဖြစ်သောဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အပါယ်၌ဖြစ်သော ဆင်းရဲသည် (အပါယ်၌ဖြစ်သော ဆင်းရဲကို ခံစားသူမှ) တစ်မျိုးတခြားလော၊ အပါယ်၌ဖြစ်သော ဆင်းရဲကို ခံစားသူသည် (အပါယ်၌ဖြစ်သော ဆင်းရဲမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၄။ ပရဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ ငရဲ၌ဖြစ်သော ဆင်းရဲခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ ထိုငရဲ၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၅။ သကဝါဒီ။ ။ ထိုငရဲ၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုထိုငရဲ၌ဖြစ်သော ဆင်းရဲခံစားသူကို (တစ်ဆင့်) ခံစားသူအား ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ (တစ်စုံတစ်ရာကိုမျှ) မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၆။ သကဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ ငရဲ၌ဖြစ်သော ဆင်းရဲခံစား သူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၇။ သကဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ ငရဲ၌ဖြစ်သော ဆင်းရဲခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၈။ သကဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ ငရဲ၌ဖြစ်သော ဆင်းရဲခံစား သူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍။ မြင်းမိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍။ ရေကို ရအပ်၏ဟု နှလုံးပြု၍။ မီးကို ရအပ်၏ဟုနှလုံးပြု၍။ လေကို ရအပ်၏ဟု နှလုံးပြု၍။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍မြက် ထင်း တောစိုးသစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၆၉။ သကဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲကို ရအပ်၏ဟု နှလုံးပြု၍ ငရဲ၌ဖြစ်သော ဆင်းရဲခံစား သူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ငရဲ၌ဖြစ်သော ဆင်းရဲသည် (ငရဲ၌ဖြစ်သော ဆင်းရဲကို ခံစားသူမှ) တစ်မျိုးတခြား လော၊ ငရဲ၌ဖြစ်သော ဆင်းရဲကို ခံစားသူသည် (ငရဲ၌ဖြစ်သော ဆင်းရဲမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၀။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူကိုလည်းကောင်း၊ ပြုလုပ်စေသူကိုလည်းကောင်း၊ အကျိုးခံစားသူကိုလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၁၀]

၁၇၁။ သကဝါဒီ။ ။ ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော။

ပရဝါဒီ။ ။ သြော် ခံစားပါ၏။[၁၁]

သကဝါဒီ။ ။ ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၂။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူကိုလည်းကောင်း၊ ပြုလုပ်စေသူကိုလည်းကောင်း၊ အကျိုးခံစားသူကိုလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၂]

၁၇၃။ သကဝါဒီ။ ။ အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော။

ပရဝါဒီ။ ။ သြော် ခံစားပါ၏။[၁၃]

သကဝါဒီ။ ။ ချမ်းသာ ဆင်းရဲကို သူတစ်ပါး ပြုအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၄]

၁၇၄။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူကိုလည်းကောင်း၊ ပြုလုပ်စေသူကိုလည်းကောင်း၊ အကျိုးခံစားသူကိုလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ပြုလုပ်ကုန်၍ ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ခံစားကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၅]

၁၇၅။ သကဝါဒီ။ ။ ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ပြုလုပ်ကုန်၍ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ခံစားကုန်သလော။

ပရဝါဒီ။ ။ သြော် ခံစားပါကုန်၏။

သကဝါဒီ။ ။ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၊ သူတစ်ပါးလည်း ပြုအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၆။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူကိုလည်းကောင်း၊ ပြုလုပ်စေသူကိုလည်းကောင်း၊ အကျိုးခံစားသူကိုလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုသူသည် မပြုလုပ်ဘဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ဘဲအခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၆]

၁၇၇။ သကဝါဒီ။ ။ ထိုသူသည် မပြုလုပ်ဘဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြု လုပ်ဘဲအခြားသူသည် မခံစားသလော။[၁၇]

ပရဝါဒီ။ ။ သြော် မခံစားပါ။

သကဝါဒီ။ ။ ချမ်းသာ ဆင်းရဲသည် ကိုယ်တိုင် မလုပ်ဘဲ သူတစ်ပါး မလုပ်ဘဲ အကြောင်းကို မစွဲမူ၍ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၈။ သကဝါဒီ။ ။ ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူကိုလည်းကောင်း၊ ပြုလုပ်စေသူကိုလည်းကောင်း၊ အကျိုးခံစားသူကိုလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော၊ အခြားသူသည် ပြုလုပ်၍အခြားသူသည် ခံစားသလော။ ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ပြုလုပ်ကုန်၍ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ခံစားကုန်သလော။ ထိုသူသည် မပြုလုပ်ဘဲထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ဘဲ အခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၉။ သကဝါဒီ။ ။ ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော၊ အခြားသူသည် ပြုလုပ်၍အခြားသူသည် ခံစားသလော။ ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ပြုလုပ်ကုန်၍ထိုသူသည်လည်းကောင်း၊ အခြားသူသည်လည်းကောင်း ခံစားကုန်သလော။ ထိုသူသည် မပြုလုပ်ဘဲထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ဘဲ အခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ သြော် မခံစားပါ။

သကဝါဒီ။ ။ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင် ပြုလုပ်အပ်သလော၊ ချမ်းသာ ဆင်းရဲကို သူတစ်ပါးပြုလုပ်အပ်သလော၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုလုပ်အပ် သူတစ်ပါးလည်း ပြုလုပ်အပ်သလော၊ ချမ်းသာ ဆင်းရဲသည် ကိုယ်တိုင် မပြုဘဲ သူတစ်ပါးမပြုဘဲ အကြောင်းကို မစွဲမူ၍ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၈၀။ ပရဝါဒီ။ ။ ကံသည် ရှိသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ကံပြုသူသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၁။ သကဝါဒီ။ ။ ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုကံပြုသူကို (တစ်ဆင့်) ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၂။ သကဝါဒီ။ ။ ထိုကံပြုသူကို (တစ်ဆင့်) ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုထိုကံကို ပြုလုပ်သူ (တစ်ဆင့်) ပြုလုပ်သူအား ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည်မရှိသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိသလော၊ တစ်စုံတစ်ရာကိုမျှ မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၃။ သကဝါဒီ။ ။ ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရှိ၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ပြုလုပ်သူသည် ရှိသလော။

ပရဝါဒ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၄။ သကဝါဒီ။ ။ ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိ၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၅။ သကဝါဒီ။ ။ ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မြေကြီးသည် ရှိ၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာသည် ရှိ၏ဟု နှလုံးပြု၍။ မြင်းမိုရ်တောင်မင်းသည် ရှိ၏ဟု နှလုံးပြု၍။ ရေသည် ရှိ၏ဟု နှလုံးပြု၍။ မီးသည် ရှိ၏ဟု နှလုံးပြု၍။ လေသည် ရှိ၏ဟု နှလုံးပြု၍။ မြက် ထင်း တောစိုးသစ်ပင်တို့သည် ရှိကုန်၏ဟု နှလုံးပြု၍ မြက် ထင်းတောစိုးသစ်ပင်တို့ကို ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၆။ သကဝါဒီ။ ။ ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံကို ပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကံသည် (ကံပြုသူမှ) တစ်မျိုးတခြားလော၊ ကံပြုသူသည် (ကံမှ) တစ်မျိုးတခြား လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၁၈၇။ ပရဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အကျိုး'ဝိပါက်'ကို ခံစားသူသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၈။ သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိ၏ဟု နှလုံးပြု၍ အကျိုး'ဝိပါက်'ကို ခံစားသူသည်ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုအကျိုး'ဝိပါက်'ကို ခံစားသူကို (တစ်ဆင့်) ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၈၉။ သကဝါဒီ။ ။ ထိုအကျိုး'ဝိပါတ်'ကို ခံစားသူကို (တစ်ဆင့်) ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုအကျိုး'ဝိပါတ်'ကို ခံစားသူကို (တစ်ဆင့်) ခံစားသူအား ဆင်းရဲ၏ အဆုံးကိုပြုခြင်းသည် မရှိသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိသလော၊ (တစ်စုံတစ်ရာကိုမျှ) မစွဲလမ်းမူ၍ငြိမ်းအေးမှု (ပရိနိဗ္ဗာန်) သည် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိ၏ဟု နှလုံးပြု၍ အကျိုး'ဝိပါက်'ကို ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရှိ၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၉၀။ သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိ၏ဟု နှလုံးပြု၍ အကျိုး'ဝိပါက်'ကို ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိ၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၉၁။ သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိ၏ဟု နှလုံးပြု၍ အကျိုး'ဝိပါက်'ကို ခံစားသူသည်ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မြေကြီးသည် ရှိ၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာသည် ရှိ၏ဟု နှလုံးပြု၍။ မြင်းမိုရ်တောင်မင်းသည် ရှိ၏ဟု နှလုံးပြု၍။ ရေသည် ရှိ၏ဟု နှလုံးပြု၍။ မီးသည် ရှိ၏ဟု နှလုံးပြု၍။ လေသည် ရှိ၏ဟု နှလုံးပြု၏။ မြက် ထင်း တောစိုးသစ်ပင်တို့သည် ရှိကုန်၏ဟု နှလုံးပြု၍ မြက် ထင်းတောစိုးသစ်ပင်တို့ကို ခံစားသူသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၉၂။ သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် ရှိ၏ဟု နှလုံးပြု၍ အကျိုး'ဝိပါက်'ကို ခံစားသူသည်ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် (အကျိုးခံစားသူမှ) တစ်မျိုးတခြားလော၊ အကျိုး'ဝိပါက်'ခံစားသူသည် (အကျိုးမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ [အကျဉ်းချုံးထား၏။]

**ပုရိသကာရာနုယောဂ ပြီး၏။**

## ရှေးဦးစွာသော ကလျာဏဝဂ် ပြီး၏။

------

၁။ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပြုလုပ်သူ ကတ္တားကို မေး၏၊ ပြုလုပ်ခြင်းမှုကို ရည်ရွယ်၍ မေးသည် မဟုတ်။ ထို့ကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂။ တစ်ဆင့် ပြုလုပ်သူ ပြုလုပ်စေသူကို အလိုမရှိသောကြောင့်လည်းကောင်း၊ ကုသရနိမ္မာနဝါဒမှ ကြောက်သောကြောင့်လည်းကောင်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ မိဘတို့သည် သားတည်းဟူသော ပုဂ္ဂိုလ်ကို ဖြစ်စေကုန်၏၊ အမည်မှည့်ကုန်၏၊ ကျွေးမွေးကြကုန်၏၊ ထို့ကြောင့် မိဘတို့သည် ထိုသားဖြစ်သော ပုဂ္ဂိုလ်ကို ပြုလုပ်သူ ကတ္တားမည်၏၊ အဆွေခင်ပွန်းကောင်းတို့သည်လည်းကောင်း၊ ဆရာတို့သည်လည်းကောင်း ထိုထိုအသက်မွေးကြောင်း အတတ်ပညာတို့ကို သင်စေကုန်၏။ ထို့ကြောင့် အဆွေခင်ပွန်းကောင်း ဆရာတို့သည် ပြုလုပ်စေသူတို့ မည်ကုန်၏၊ ဤကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၄။ သင်္ခါရရှိသောအတ္တ ဤသို့အစရှိသော အတ္တဒိဋ္ဌိမှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ ခံစားအပ်သော တရားမည်သည် ဝိပါက်သာ ဖြစ်သင့်၏၊ ပုဂ္ဂိုလ်သည်လည်း ဝိပါက် မဟုတ်ခဲ့၊ ထို့ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ တစ်ဖန် နောက်ထပ် မေးမြန်းပြန်သော် ကောင်းမှုသည် အကျိုး၌ တည်သောကြောင့် အကျိုးခံစားလျက် အမိကမူလည်း သားကို နမ်းရှုပ်ပွေ့ဖက်၏၊ မယားကမူလည်း လင်ကို နမ်းရှုပ်ပွေ့ဖက် ၏၊ ထိုသို့သဘောရှိသော ခံစားမှုမျိုးကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။
၇။ ဝေဒနာရှိသော အတ္တအစရှိသော သက္ကာယဒိဋ္ဌိမှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၈။ သကဝါဒီကား ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ခံစားမှုကိုသာ ပယ်သည်၊ ခံစားသော ဝေဒနာ၏အစွမ်းအားဖြင့် ခံစားမှုကိုကား ပယ်သည် မဟုတ်ဟု သိလေ။
၉။ မြေကြီး အစရှိသည်တို့ကို အာရုံပြု၍ ခံစားသူတို့၏ ဖြစ်ခြင်းကိုမူ မတားမြစ်ပေ။
၁၀။ သော ကရောတိ သော ပဋိသံဝေဒေတီတိ ခေါ ဗြာဟ္မဏ အယမေကော အန္တော– ဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၁။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ– စသော သုတ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၁၂။ အညော ကရောတိ အညော ပဋိသံဝေဒေတီတိ ခေါ ဗြာဟ္မဏ အယမေကော အန္တော– ဟူသောသုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၃။ လူဖြစ်သူသည် ကောင်းမှုကံကို ပြု၍ နတ်ဖြစ်သူသည် ထိုကံ၏ အကျိုး ခံစား၏ဟု အောက်မေ့ထင်မှတ်လျက် ဝန်ခံပြန်သည်။
၁၄။ လူ့ဘဝက ကောင်းမှုကံကို ပြုခဲ့၍ နတ်ဘဝ၌ ခံစား၏ဟု အယူရှိသူအား ပရံ ကတံ သုခံ ဒုက္ခံဟူသော အပြစ် ရောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၅။ သော စ အညော စ ကရောတိ သော စ အညော စ ပဋိသံဝေဒေတီတိ ခေါ ဗြာဟ္မဏ အယမေကော အန္တော– ဟူသော သုတ်နှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၆။ နေဝ သော ကရောတိ န အညော ပဋိသံဝေဒေတီတိ ခေါ ဗြာဟ္မဏ အယမေကော အန္တောဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၇။ လူဖြစ်သူသည် နတ်ပြည်၌ဖြစ်ရန် ကံကို ပြု၍ လူ့အဖြစ်ဖြင့် ခံစားရသည် မဟုတ်၊ အကြင်သူသည် ကံကို ပြု၏၊ ထိုကံပြုသူမှ တစ်ပါးသူသည်သာ ခံစားရသည်လည်း မဟုတ်ဟု နှလုံးသွင်း၍ ဝန်ခံပြန်သည်။

♣

## ၁၄–အဘိညာနုယောဂ

၁၉၃။ ။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်သလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ တန်ခိုးကို ပြုလုပ် (ဖန်ဆင်း) သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသည်မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တန်ခိုးကို ပြုလုပ် (ဖန်ဆင်း) သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ် သည်ရှိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ဆိုသင့်၏။[၁]

၁၉၄။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ နတ်၌ ဖြစ်သော နားနှင့်တူသော 'ဒိဗ္ဗသောတ'အဘိညာဉ်နှင့် အသံကို ကြားနိုင်သော။ပ။ သူတစ်ပါးစိတ်ကို သိနိုင်သော။ပ။ ရှေး၌ နေခဲ့ဖူးသော ဘဝကို အောက်မေ့နိုင်သော။ပ။ နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'အဘိညာဉ်ဖြင့် အဆင်းကို မြင်နိုင်သော။ အာသဝတို့၏ ကုန်ရာ (အရဟတ္တဖိုလ် နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အာသဝတို့၏ ကုန်ရာ (အရဟတ္တဖိုလ် နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင် သောတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၁၉၅။ သကဝါဒီ။ ။ တန်ခိုးကို ပြုလုပ် (ဖန်ဆင်း) သော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ရှိ၏ဟုနှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အကြင်သူသည် တန်ခိုးကို ပြုလုပ် (ဖန်ဆင်း) ၏၊ ထိုသူသည်သာ ပုဂ္ဂိုလ်ဖြစ်သလော၊ အကြင်သူသည် တန်ခိုးကို မပြုလုပ် (မဖန်ဆင်း)၊ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၁၉၆။ သကဝါဒီ။ ။ အကြင်သူသည် နတ်၌ ဖြစ်သော နားနှင့် တူသော 'ဒိဗ္ဗသောတ' အဘိညာဉ်ဖြင့်အသံကို ကြား၏။ပ။ အကြင်သူသည် သူတစ်ပါးစိတ်ကို သိ၏။ပ။ အကြင်သူသည် ရှေး၌ နေဖူးသောဘဝကို အောက်မေ့နိုင်၏။ အကြင်သူသည် နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'အဘိညာဉ်ဖြင့် အဆင်းကိုမြင်၏။ အကြင်သူသည် အာသဝတို့၏ ကုန်ရာ (အရဟတ္တဖိုလ် နိဗ္ဗာန်) ကို မျက်မှောက်ပြု၏၊ ထိုသူသည်သာ ပုဂ္ဂိုလ်ဖြစ်သလော၊ အကြင်သူသည် အာသဝတို့၏ ကုန်ရာ (အရဟတ္တဖိုလ် နိဗ္ဗာန်) ကိုမျက်မှောက်မပြု၊ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အဘိညာနုယောဂ ပြီး၏။**

------

၁။ အပြင်ပ အနိန္ဒြိယဗဒ္ဓရုပ်၌ ဣဒ္ဓိဝိဓစသော တရားထူးရခြင်း မရှိနိုင်၊ အဇ္ဈတ္တ၌သာ ရှိနိုင်၏၊ ထို့ကြောင့် ဣဒ္ဓိဝိဓ စသည်ကို ဖြစ်စေနိုင်သူသည် ပုဂ္ဂိုလ်သာ ဖြစ်ရာ၏ဟု ပရဝါဒီက ဆိုလိုသည်။

♣

## ၁၅–၁၈–ဉာတကာနုယောဂါဒိ

၁၉၇။ ပရဝါဒီ။ ။ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အမိသည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အမိရှိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၁၉၈။ ပရဝါဒီ။ ။ "ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အဖသည် ရှိသည် မဟုတ်ပါလော။ပ။ ညီအစ်ကိုသည် ရှိသည် မဟုတ်ပါလော။ အစ်မနှမသည် ရှိသည် မဟုတ်ပါလော။ မင်းမျိုးသည် ရှိသည် မဟုတ်ပါလော။ ပုဏ္ဏားမျိုးသည် ရှိသည်မဟုတ်ပါလော။ ကုန်သည်မျိုးသည် ရှိသည် မဟုတ်ပါလော။ သူဆင်းရဲမျိုးသည် ရှိသည် မဟုတ်ပါလော။ အိမ်၌နေသူ လူသည် ရှိသည် မဟုတ်ပါလော။ ရသေ့ရဟန်းသည် ရှိသည် မဟုတ်ပါလော။ နတ်သည်ရှိသည် မဟုတ်ပါလော။ လူသည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ လူသည် ရှိပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၁၉၉။ သကဝါဒီ။ ။ အမိသည် ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အမိ မဟုတ်ဘဲ အမိဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ် မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဖ မဟုတ်ဘဲ။ပ။ အစ်ကို ညီ မဟုတ်ဘဲ။ အစ်မ နှမ ညီမ မဟုတ်ဘဲ။ မင်းမျိုးမဟုတ်ဘဲ။ ပုဏ္ဏားမျိုး မဟုတ်ဘဲ။ ကုန်သည်မျိုး မဟုတ်ဘဲ။ သူဆင်းရဲမျိုး မဟုတ်ဘဲ။ အိမ်၌နေသူ လူမဟုတ်ဘဲ။ ရသေ့ရဟန်း မဟုတ်ဘဲ။ နတ် မဟုတ်ဘဲ။ လူ မဟုတ်ဘဲ လူဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ် မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၀၀။ သကဝါဒီ။ ။ အမိသည် ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အမိဖြစ်၍ အမိမဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ဖြစ်၍ ပုဂ္ဂိုလ်မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဖဖြစ်၍။ အစ်ကို, ညီဖြစ်၍။ အစ်မ, နှမ, ညီမဖြစ်၍။ မင်းမျိုးဖြစ်၍။ ပုဏ္ဏားမျိုးဖြစ်၍။ ကုန်သည်မျိုးဖြစ်၍။ သူဆင်းရဲမျိုးဖြစ်၍။ အိမ်၌နေသူ လူဖြစ်၍။ ရသေ့ရဟန်းဖြစ်၍။ နတ်ဖြစ်၍။ လူဖြစ်၍ လူ မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ဖြစ်၍ ပုဂ္ဂိုလ်မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဉာတကာနုယောဂါဒိ ပြီး၏။**

------

## ၁၉–ပဋိဝေဓာနုယောဂ

၂၀၁။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သောတာပန်ပုဂ္ဂိုလ် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၀၂။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သကဒါဂါမ်ပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ပ။ အနာဂါမ်ပုဂ္ဂိုလ်သည် ရှိသည်မဟုတ်ပါလော။ ရဟန္တာပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်သည် ရှိသည့်မဟုတ်ပါလော။ ပညာဝိမုတ္တပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ ကာယသက္ခိပုဂ္ဂိုလ်သည် ရှိသည်မဟုတ်ပါလော။ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ ဓမ္မာနုသာရီပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။ သဒ္ဓါနုသာရီပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သဒ္ဓါနုသာရီပုဂ္ဂိုလ် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၀၃။ သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ သောတာပန် မဟုတ်ဘဲ သောတာပန်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၀၄။ သကဝါဒီ။ ။ သကဒါဂါမ် မဟုတ်ဘဲ၊ အနာဂါမ် မဟုတ်ဘဲ၊ ရဟန္တာ မဟုတ်ဘဲ၊ ဥဘတောဘာဂဝိမုတ္တမဟုတ်ဘဲ၊ ပညာဝိမုတ္တမဟုတ်ဘဲ၊ ကာယသက္ခိ မဟုတ်ဘဲ၊ ဒိဋ္ဌိပ္ပတ္တမဟုတ်ဘဲ၊ သဒ္ဓါဝိမုတ္တမဟုတ်ဘဲ၊ ဓမ္မာနုသာရီ မဟုတ်ဘဲ၊ သဒ္ဓါနုသာရီ မဟုတ်ဘဲ သဒ္ဓါနုသာရီဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၀၅။ သကဝါဒီ။ ။ သောတာပန်သည် ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကိုမှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ သောတာပန်ဖြစ်၍ သောတာပန် မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ဖြစ်၍ ပုဂ္ဂိုလ်မဟုတ်သာ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်ဖြစ်၍။ အနာဂါမ်ဖြစ်၍ အနာဂါမ် မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်ဖြစ်၍ ပုဂ္ဂိုလ်မဟုတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ပဋိဝေဓာနုယောဂ ပြီး၏။**

------

## ၂၀–သံဃာနုယောဂ

၂၀၆။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ားမြတ်တို့သည်ရှိကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါကုန်၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့သည် ရှိခဲ့ပါကုန်မူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၀၇။ သကဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့သည် ရှိကုန်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရား ပွင့်တော်မူခြင်းကြောင့် အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့သည် ထင်ရှားဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ မြတ်စွာဘုရား ပွင့်တော်မူခြင်းကြောင့် ပုဂ္ဂိုလ်သည် ထင်ရှားဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား ပွင့်တော်မူခြင်းကြောင့် ပုဂ္ဂိုလ်သည် ထင်ရှားဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် ပုဂ္ဂိုလ်သည်ပြတ်စဲသည်ဖြစ်၍ ပုဂ္ဂိုလ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သံဃာနုယောဂ ပြီး၏။**

------

## ၂၁-သစ္စိကဋ္ဌသဘာဂါနုယောဂ

၂၀၈။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ 'သင်္ခတ' လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် မပြုပြင်အပ်သော အရာ 'အသင်္ခတ' လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ 'သင်္ခတ' လည်း မဟုတ်၊ မပြုပြင်အပ်သော အရာ'အသင်္ခတ' လည်း မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၀၉။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ 'သင်္ခတ' လည်း မဟုတ်၊ မပြုပြင်အပ် သောအရာ 'အသင်္ခတ' လည်း မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ ပြုပြင်အပ်သော အရာ 'သင်္ခတ' ကိုလည်းကောင်း၊ မပြုပြင်အပ်သော အရာ'အသင်္ခတ' ကိုလည်းကောင်း ချန်ထား၍ (သင်္ခတ အသင်္ခတမှ) တစ်မျိုးတခြားသော သုံးခုမြောက် အစွန်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၂၁၀။ ပြုပြင်အပ်သော အရာ 'သင်္ခတ' ကိုလည်းကောင်း၊ မပြုပြင်အပ်သော အရာ 'အသင်္ခတ' ကိုလည်းကောင်း ချန်ထား၍ (သင်္ခတ အသင်္ခတမှ) တစ်မျိုးတခြားသော သုံးခုမြောက် အစွန်းသည်ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏[၂]။

သကဝါဒီ။ ။ "ရဟန်းတို့ သဘာဝ (ဓာတ်) တို့ကား ဤနှစ်ပါးတို့တည်း၊ နှစ်ပါးတို့ဟူသည်အဘယ်တို့နည်း၊ ပြုပြင်အပ်သော သဘာဝ (ဓာတ်) လည်းကောင်း၊ မပြုပြင်အပ်သော သဘာဝ (ဓာတ်) လည်းကောင်းတည်း။ ရဟန်းတို့ သဘာဝ (ဓာတ်) တို့သည် ဤနှစ်ပါးတို့ပင်တည်း"ဟူ၍ မြတ်စွာဘုရားဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ပြုပြင်အပ်သော အရာ 'သင်္ခတ' ကိုလည်းကောင်း၊ မပြုပြင်အပ်သော အရာ'အသင်္ခတ' ကိုလည်းကောင်း ချန်ထား၍ (သင်္ခတ အသင်္ခတမှ) တစ်မျိုးတခြားသော သုံးခုမြောက်အစွန်းသည် ရှိ၏ဟု မဆိုသင့်။

၂၁၁။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ'သင်္ခတ'လည်း မဟုတ်, မပြုပြင်အပ်သောအရာ 'အသင်္ခတ' လည်း မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ ပြုပြင်အပ်သော အရာ'သင်္ခတ'သည် (အသင်္ခတမှ) တစ်မျိုးတခြားလော၊ မပြုပြင်အပ်သာ အရာ 'အသင်္ခတ' သည် (သင်္ခတမှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (သင်္ခတ အသင်္ခတတို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၁၂။ သကဝါဒီ။ ။ ခန္ဓာတို့သည် ပြုပြင်အပ်သော အရာ'သင်္ခတ'၊ နိဗ္ဗာန်သည် မပြုပြင်အပ်သောအရာ 'အသင်္ခတ' ဖြစ်၍ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ'သင်္ခတ'လည်း မဟုတ်, မပြုပြင်အပ်သောအရာ'အသင်္ခတ'လည်း မဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ခန္ဓာတို့သည် (နိဗ္ဗာန် ပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြားတို့လော၊ နိဗ္ဗာန်သည် (ခန္ဓာပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ခန္ဓာ နိဗ္ဗာန်တို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၁၃။ သကဝါဒီ။ ။ ရုပ်သည် ပြုပြင်အပ်သော အရာ'သင်္ခတ'၊ နိဗ္ဗာန်သည် မပြုပြင်အပ်သော အရာ'အသင်္ခတ' ဖြစ်၍ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ'သင်္ခတ'လည်း မဟုတ်, မပြုပြင်အပ်သောအရာ'အသင်္ခတ' လည်း မဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် (နိဗ္ဗာန် ပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြားလော၊ နိဗ္ဗာန်သည် (ရုပ်ပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြားလော၊ ပုဂ္ဂိုလ်သည် (ရုပ်နိဗ္ဗာန်တို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ပြုပြင်အပ်သော အရာ 'သင်္ခတ'၊ နိဗ္ဗာန်သည် မပြုပြင်အပ်သော အရာ'အသင်္ခတ' ဖြစ်၍ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သောအရာ'သင်္ခတ'လည်း မဟုတ်, မပြုပြင်အပ်သော အရာ'အသင်္ခတ' လည်း မဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဝိညာဏ်သည် (နိဗ္ဗာန် ပုဂ္ဂိုလ်တို့မှ) တစ်မျိုးတခြားလော၊ နိဗ္ဗာန်သည် (ပုဂ္ဂိုလ်ဝိညာဏ်တို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၁၄။ သကဝါဒီ။ ။ ပုဂ္ဂိုလ်၏ ဖြစ်မှု‘ဥပါဒ်’ သည် ထင်ရှားသလော၊ ပျက်မှု ‘ဘင်’ သည် ထင်ရှားသလော၊ တည်သောပုဂ္ဂိုလ်၏ တစ်မျိုးတခြား၏ အဖြစ် ‘ဌီ’ သည် ထင်ရှားသလော။

ပရဝါဒီ။ ။ သြော် ထင်ရှားပါ၏။[၃]

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ‘သင်္ခတ’ လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၄]။

သကဝါဒီ။ ။ “ရဟန်းတို့ ဤသုံးပါးတို့ကား ပြုပြင်အပ်သော အရာ‘သင်္ခတ’၏ ပြုပြင်မှုလက္ခဏာတို့တည်း၊ ရဟန်းတို့ ပြုပြင်အပ်သော အရာ သင်္ခတတရားတို့၏ ဖြစ်မှု‘ဥပါဒ်’သည် ထင်ရှား၏၊ ပျက်မှု ‘ဘင်’သည် ထင်ရှား၏၊ တည်သော တရားတို့၏ တစ်မျိုးတခြား၏ အဖြစ်သည် ထင်ရှား၏”ဟု မြတ်စွာဘုရား ဟောအပ်၏။ ပုဂ္ဂိုလ်၏ ဖြစ်မှု‘ဥပါဒ်’သည် ထင်ရှား၏၊ ပျက်မှု‘ဘင်’သည် ထင်ရှား၏၊ တည်သောပုဂ္ဂိုလ်၏ တစ်မျိုးတခြား၏ အဖြစ်သည် ထင်ရှား၏။ ထို့ကြောင့်ပင်လျှင် ပုဂ္ဂိုလ်သည် ပြုပြင်အပ်သော အရာ‘သင်္ခတ’တည်း။

၂၁၅။ သကဝါဒီ။ ။ ပုဂ္ဂိုလ်၏ ဖြစ်မှု‘ဥပါဒ်’သည် မထင်ရှားပါသလော၊ ပျက်မှု‘ဘင်’သည်မထင်ရှားပါသလော၊ တည်သောပုဂ္ဂိုလ်၏ တစ်မျိုးတခြား၏ အဖြစ်‘ဌီ’ သည် မထင်ရှားပါသလော။

ပရဝါဒီ။ ။ သြော် မထင်ရှားပါ။[၅]

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် မပြုပြင်အပ်သော အရာ‘အသင်္ခတ’ လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ “ရဟန်းတို့ ဤသုံးပါးတို့ကား မပြုပြင်အပ်သော တရား၏ မပြုပြင်မှု လက္ခဏာတို့တည်း၊ ရဟန်းတို့ မပြုပြင်အပ်သော တရားတို့၏ ဖြစ်မှု‘ဥပါဒ်’သည် မထင်ရှား၊ ပျက်မှု‘ဘင်’ သည်မထင်ရှား၊ တည်သော တရားတို့၏ တစ်မျိုးတခြား၏ အဖြစ်‘ဌီ’သည် မထင်ရှား”ဟု မြတ်စွာဘုရားဟောအပ်၏။ ပုဂ္ဂိုလ်၏ ဖြစ်မှု ‘ဥပါဒ်’သည် မထင်ရှား၊ ပျက်မှု‘ဘင်’သည် မထင်ရှား၊ တည်သောပုဂ္ဂိုလ်၏ တစ်မျိုးတခြား၏ အဖြစ် ‘ဌီ’သည် မထင်ရှား။ ထို့ကြောင့် ပုဂ္ဂိုလ်သည် မပြုပြင်အပ်သောအရာ ‘အသင်္ခတ’တည်း။[၆]

၂၁၆။ သကဝါဒီ။ ။ ပရိနိဗ္ဗာန်စံပြီးသောပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိပါသလော၊ နိဗ္ဗာန်၌ မရှိပါသလော။

ပရဝါဒီ။ ။ နိဗ္ဗာန်၌ ရှိပါသည်။

သကဝါဒီ။ ။ ပရိနိဗ္ဗာန်စံပြီးသောပုဂ္ဂိုလ်သည် မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပရိနိဗ္ဗာန်စံပြီးသောပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိပါသလော၊ နိဗ္ဗာန်၌ မရှိပါသလော။

ပရဝါဒီ။ ။ နိဗ္ဗာန်၌ မရှိပါ။

သကဝါဒီ။ ။ ပရိနိဗ္ဗာန်စံပြီးသောပုဂ္ဂိုလ်သည် ပြတ်စဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၁၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် အဘယ်ကို မှီ၍ တည်ပါသနည်း။

ပရဝါဒီ။ ။ (ဥပပတ္တိ) ဘဝကို မှီ၍ တည်ပါ၏။

သကဝါဒီ။ ။ ဘဝသည် မမြဲသော'အနိစ္စ'၊ ပြုပြင်အပ်သော'သင်္ခတ'၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပုဂ္ဂိုလ်သည်လည်း မမြဲသော'အနိစ္စ'၊ ပြုပြင်အပ်သော'သင်္ခတ'၊ အကြောင်းကို စွဲ၍ဖြစ်ပေါ်သော 'ပဋိစ္စသမုပ္ပန္န'၊ ကုန်ခန်းခြင်းသဘော 'ခယဓမ္မ'၊ ပျက်စီးခြင်းသဘော'ဝယဓမ္မ'၊ ကင်းပြတ်ခြင်းသဘော 'ဝိရာဂဓမ္မ'၊ ချုပ်ငြိမ်းခြင်းသဘော'နိရောဓဓမ္မ'၊ ဖောက်ပြန်ခြင်းသဘော'ဝိပရိဏာမဓမ္မ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၁၈။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟု သိသော တစ်စုံတစ်ယောက်သောသူ ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟုသိသော တစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၁၉။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဒုက္ခဝေဒနာကို ခံစားလတ်သော်။ပ။ အဒုက္ခမသုခဝေဒနာကို ခံစားလတ်သော်။ ငါသည်အဒုက္ခ မသုခဝေဒနာကို ခံစား၏ဟု သိသော တစ်စုံတစ်ယောက်သောသူ ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။[၁]

ပရဝါဒီ။ ။ အရှင်သကဝါဒီ အဒုက္ခမသုခဝေဒနာကို ခံစားလတ်သော် ငါသည် အဒုက္ခ မသုခ ဝေဒနာကိုခံစား၏ဟု သိသော တစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၂၀။ သကဝါဒီ။ ။ သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟု သိသောတစ်စုံတစ်ယောက်သောသူ ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အကြင်သူသည် သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟုသိ၏၊ ထိုသူသည်သာ ပုဂ္ဂိုလ်ဖြစ်သလော၊ အကြင်သူသည် သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟု မသိ၊ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်သူသည် ဒုက္ခဝေဒနာကို ခံစားလတ်သော်။ပ။ အဒုက္ခ မသုခဝေဒနာကို ခံစားလတ်သော် ငါသည် အဒုက္ခ မသုခဝေဒနာကို ခံစား၏ဟု သိ၏၊ ထိုသူသည်ပင် ပုဂ္ဂိုလ်ဖြစ်သလော၊ အကြင်သူသည် အဒုက္ခ မသုခဝေဒနာကို ခံစားလတ်သော် ငါသည် အဒုက္ခ မသုခဝေဒနာကို ခံစား၏ဟူ၍မသိ၊ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၂၁။ သကဝါဒီ။ ။ သုခဝေဒနာကို ခံစားလတ်သော် ငါသည် သုခဝေဒနာကို ခံစား၏ဟု သိသောတစ်စုံတစ်ယောက်သောသူ ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ သုခဝေဒနာသည် (သိသူမှ) တစ်မျိုးတခြားလော၊ သုခဝေဒနာကို ခံစားလတ်သော်ငါသည် သုခဝေဒနာကို ခံစား၏ဟု သိသောပုဂ္ဂိုလ်သည် (သုခဝေဒနာမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဝေဒနာသည် (သိသူမှ) တစ်မျိုးတခြားလော။ပ။ အဒုက္ခမသုခဝေဒနာသည် (သိသူမှ) တစ်မျိုးတခြားလော၊ အဒုက္ခမသုခဝေဒနာကို ခံစားလတ်သော် ငါသည် အဒုက္ခမသုခဝေဒနာကို ခံစား၏ဟုသိသော သူသည် (အဒုက္ခမသုခဝေဒနာမှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၂၂။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက်နေသော တစ်စုံတစ်ယောက်သောသူ ရှိသည်မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါသည်။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေသော တစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၂၃။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားကို အဖန်တလဲလဲရှုမှတ်လျက်နေသော တစ်စုံတစ်ယောက်သောသူ ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သဘောတရားတို့၌ သဘောတရားကို အဖန်တလဲလဲ ရှုမှတ်လျက် နေသောတစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

၂၂၄။ သကဝါဒီ။ ။ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေသော တစ်စုံတစ်ယောက်သောသူ ရှိ၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်လည်း ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ အကြင်သူသည် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေ၏၊ ထိုသူသည်သာပုဂ္ဂိုလ် ဖြစ်သလော၊ အကြင်သူသည် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် မနေ၊ ထိုသူသည့်ပုဂ္ဂိုလ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်သူသည် ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားကိုအဖန်တလဲလဲ ရှုမှတ်လျက် နေ၏၊ ထိုသူသည်သာ ပုဂ္ဂိုလ် ဖြစ်ပါသလော၊ အကြင်သူသည် သဘောတရားတို့၌ သဘောတရားကို အဖန်တလဲလဲ ရှုမှတ်လျက် မနေ၊ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၂၅။ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေသော တစ်စုံတစ်ယောက်သောသူ ရှိ၏ဟုနှလုံးပြု၍ ထိုအကြောင်းကြောင့်လည်း ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ ကိုယ်သည် (ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေသူမှ) တစ်မျိုးတခြားလော၊ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေသော သူသည် (ကိုယ်မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည် (အဖန်တလဲလဲ ရှုမှတ်လျက် နေသူမှ) တစ်မျိုးတခြားလော၊ စိတ်သည် (အဖန်တလဲလဲ ရှုမှတ်လျက် နေသူမှ) တစ်မျိုးတခြားလော၊ သဘောတရားတို့သည် (သဘောတရားတို့၌ သဘောတရားကို အဖန်တလဲလဲ ရှုမှတ်လျက် နေသူမှ) တစ်မျိုးတခြားလော၊ သဘောတရားတို့၌ သဘောတရားဟု အဖန်တလဲလဲ ရှုမှတ်လျက် နေသူသည် (သဘောတရားတို့မှ) တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၂၆။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ "မောဃရာဇလုလင် အခါခပ်သိမ်း သတိရှိသည်ဖြစ်၍ (ခန္ဓာ) လောကကို အတ္တမှကင်းဆိတ်သောအားဖြင့် ရှုမှတ်လော့၊ ဤသို့ ရှုမှတ်သည် ရှိသော် အတ္တသို့ အစဉ်လိုက်သော အယူကိုပယ်နုတ်၍ သေမင်းကို လွန်မြောက်သူ ဖြစ်နိုင်၏။ ဤသို့ (ခန္ဓာ) လောကကို မှတ်သူကို သေမင်းသည်မမြင်ရတော့ချေဟူ၍ မြတ်စွာဘုရား ဟောအပ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိသည် သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။

၂၂၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရှုမှတ်ပါသလော။

ပရဝါဒီ။ ။ သြော် ရှုမှတ်ပါ၏။

သကဝါဒီ။ ။ ရုပ်နှင့်တကွ ရှုမှတ်ပါသလော၊ ရုပ်နှင့် ကင်း၍ ရှုမှတ်ပါသလော။

ပရဝါဒီ။ ။ ရုပ်နှင့်တကွ ရှုမှတ်ပါ၏။[၈]

သကဝါဒီ။ ။ ထိုဇီဝသည် ထိုသရီရ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၉]

ပရဝါဒီ။ ။ ရုပ်နှင့် ကင်း၍ ရှုမှတ်ပါ၏။[၁၀]

သကဝါဒီ။ ။ ဇီဝသည် သရီရမှ တစ်မျိုးတခြားလော၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

၂၂၈။ သကဝါဒီ။ ။ ပုဂ္ဂိုလ်သည် ရှုမှတ်ပါသလော။

ပရဝါဒီ။ ။ သြော် ရှုမှတ်ပါ၏။

သကဝါဒီ။ ။ အတွင်း၌ တည်လျက် ရှုမှတ်ပါသလော၊ အပြင်သို့ ထွက်၍ ရှုမှတ်ပါသလော။

ပရဝါဒီ။ ။ အတွင်း၌ တည်လျက် ရှုမှတ်ပါ၏။

သကဝါဒီ။ ။ ထိုဇီဝသည် ထိုသရီရ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အပြင်သို့ ထွက်၍ ရှုမှတ်ပါ၏။

သကဝါဒီ။ ။ ဇီဝသည် သရီရမှ တစ်မျိုးတခြားလော၊ သရီရသည် ဇီဝမှ တစ်မျိုးတခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၂၉။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ “မိမိစီးပွားအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၂၃၀။ ပရဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ “ရဟန်းတို့ လောက၌ တစ်ဦးသောပုဂ္ဂိုလ်သည် ဖြစ်ပေါ်လတ်သော် လူအများ၏ အစီးအပွားအလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ လောကကို သနားစောင့်ရှောက် ချီးမြှောက်ရန်အလို့ငှါနတ်လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှါသာ ဖြစ်ပေါ်တော်မူ၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၂၃၁။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မုန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမုန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေရှိသည်၊ မုန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ "အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်"ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။[၃၂]

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ပုဂ္ဂိုလ်ကို မုန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။

၂၃၂။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မုန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမုန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မုန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ "ဖြစ်လတ်သော် ဆင်းရဲသည်သာလျှင် ဖြစ်၏၊ ချုပ်လတ်သော် ဆင်းရဲသည်သာလျှင်ချုပ်၏၊ ဤအရာ၌ မယုံမှား မတွေးတော၊ ဤအချက်၌ ထိုပုဂ္ဂိုလ်အား ဘုရားမှတစ်ပါး အခြားကိုယုံကြည်မှု မရှိသော ဉာဏ်သည်သာ ဖြစ်၏၊ ကစ္စာန ဤမျှဖြင့် ကောင်းသော အယူ (အမြင်မှန်) သည်ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မုန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်။

၂၃၃။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မုန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ “မာရ်နတ် သင်သည် အဘယ်ကို သတ္တဝါဟူ၍ ယုံကြည်နေ သနည်း၊ သင့်အားအယူမှား (အမြင်မှား) ဖြစ်နေသလော၊ ဤကိုယ်သည် သက် သက် ပြုပြင်အပ်မှု ‘သင်္ခါရ’အစုသာ ဖြစ်၏၊ ဤကိုယ်၌ သတ္တဝါကို မရနိုင်ချေ။ ရထားအင်္ဂါ, အဆောက်အဦကြောင့် ရထားဟူ၍ ပြောဆိုမှု ဖြစ်သကဲ့သို့ ဤအတူ ခန္ဓာတို့ရှိကုန်လတ်သော် သတ္တဝါဟူ၍ ပညတ်မှုသည် ဖြစ်၏။ မှန်၏၊ ဆင်းရဲသည်သာ ဖြစ်၏၊ ဆင်းရဲသည်သာ တည်လည်း တည်၏၊ ပျက်လည်း ပျက်၏၊ ဆင်းရဲကိုကြဉ်ထား၍ (အခြားသတ္တဝါသည်) ဖြစ်သည် မဟုတ်၊ ဆင်းရဲမှ အခြားသော သတ္တဝါသည် ချုပ်သည်မဟုတ်”ဟူ၍ဝဇိရာဘိက္ခုနီမသည် ယုတ်မာသော မာရ်နတ်အား ဤစကားကို ပြောဆိုပြီဟူသောသုတ္တန် (ပါဠိ) ရှိသည် သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။

၂၃၄။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ “မြတ်စွာဘုရား ဆိတ်သုဉ်းသော လောက ဆိတ်သုဉ်းသော လောကဟူ၍ ပြောဆိုအပ်ပါသည်၊ မြတ်စွာဘုရား အဘယ်မျှဖြင့် ဆိတ်သုဉ်းသော လောကဟူ၍ ပြောဆိုအပ်ပါသနည်း။ အာနန္ဒာ အကြင်ကြောင့် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ ထို့ကြောင့်ဆိတ်သုဉ်းသော လောကဟူ၍ ဆိုအပ်၏။ အာနန္ဒာ အဘယ်အရာသည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းသနည်း။ အာနန္ဒာ စက္ခုသည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်းဆိတ်သုဉ်း၏။ အဆင်း ‘ရူပါရုံ’ တို့သည် ဆိတ်သုဉ်းကုန်၏။ပ။ စက္ခုဝိညာဏ်သည် ဆိတ်သုဉ်း၏။ စက္ခုသမ္ဖဿသည် ဆိတ်သုဉ်း၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ချမ်းသာလည်းဖြစ်သော ဆင်းရဲလည်းဖြစ်သော မဆင်းရဲ မချမ်းသာလည်းဖြစ်သော အကြင်ဝေဒနာသည် ဖြစ်၏။ ထိုဝေဒနာသည်လည်းအတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ သောတသည် ဆိတ်သုဉ်း၏။ပ။ အသံ‘သဒ္ဒါရုံ’ တို့သည် ဆိတ်သုဉ်းကုန်၏။ ဃာနသည် ဆိတ်သုဉ်း၏။ အနံ့ ‘ဂန္ဓာရုံ’ တို့သည် ဆိတ်သုဉ်းကုန်၏။ ဇိဝှါသည် ဆိတ်သုဉ်း၏၊ အရသာ ‘ရသာရုံ’ တို့သည် ဆိတ်သုဉ်းကုန်၏၊ ကာယသည်ဆိတ်သုဉ်း၏၊ အတွေ့အထိ ‘ဖောဋ္ဌဗ္ဗာရုံ’ တို့သည် ဆိတ်သုဉ်းကုန်၏၊ စိတ်သည် ဆိတ်သုဉ်း၏။ သဘောတရားတို့သည် ဆိတ်သုဉ်းကုန်၏၊ မနောဝိညာဏ်သည် ဆိတ်သုဉ်း၏၊ မနောသမ္ဖဿသည်ဆိတ်သုဉ်း၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ချမ်းသာလည်းဖြစ်သော ဆင်းရဲလည်းဖြစ်သောမချမ်းသာ မဆင်းရဲလည်းဖြစ်သော အကြင်ဝေဒနာသည် ဖြစ်၏။ ထိုဝေဒနာသည်လည်း အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ အာနန္ဒာ အကြင်အကြောင်းကြောင့် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ ထိုအကြောင်းကြောင့် ဆိတ်သုဉ်းသော လောကဟူ၍ဆိုအပ်၏”ဟူ၍ အရှင်အာနန္ဒာသည် လျှောက်ထား၍ မြတ်စွာဘုရား ဟောတော်မူသော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။

၂၃၅။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်ကန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အတ္တသည် ဖြစ်လတ်သော် ငါ၏ အတ္တနိယဟူသော အယူသည် ရှိရာသလော၊ ရှိရာပါသည်ဘုရား။ ရဟန်းတို့ အတ္တနိယရှိလတ်သော် ငါသည် အတ္တဟူသော အယူသည် ရှိရာသလော၊ ရှိရာပါသည်ဘုရား။ ရဟန်းတို့ အတ္တကိုလည်းကောင်း၊ အတ္တနိယကိုလည်းကောင်း အမှန်အားဖြင့် အဟုတ်အားဖြင့် မရအပ်သည် ရှိသော် ထိုခန္ဓာငါးပါးသည် လောကတည်း၊ ထိုခန္ဓာငါးပါးသည်အတ္တတည်း၊ ထို (ငါသည်) တမလွန်ဘဝ၌ ဖြစ်လိမ့်မည်၊ မြဲ၏၊ ခိုင်ခံ့၏၊ ထင်ရှားရှိ၏၊ မဖောက်ပြန်ခြင်းသဘော ရှိ၏၊ ထင်ရှားရှိသော မြေကြီး မြင်းမိုရ်တောင် လနေတို့နှင့် တူစွာ ထိုအတိုင်းပင် တည်တံ့လိမ့်မည်ဟု အကြင်အယူသည် ရှိ၏၊ ရဟန်းတို့ ဤအယူသည် အလုံးစုံပြည့်စုံသော လူမိုက်တို့၏ တရားပင်မဟုတ်ပါလော၊ မြတ်စွာဘုရား အဘယ်မှာ မဟုတ်ဘဲ ရှိပါမည်နည်း၊ အလုံးစုံပြည့်စုံသော လူမိုက်တို့၏တရားပင်ဟုတ်ပါသည်ဘုရား"ဟူ၍ မြတ်စွာဘုရားသည် ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟုမဆိုသင့်။

၂၃၆။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်းသည်ကိုပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ "သေနိယ လောက၌ ဤဆရာသုံးဦးတို့သည် ထင်ရှားရှိကုန်၏၊ ဆရာသုံးဦးတို့ ကားအဘယ်တို့နည်း–

သေနိယဤလောက၌ အချို့သော ဆရာသည်ယခုဘဝ၌ပင်အတ္တကို အမှန်အားဖြင့်အဟုတ်အားဖြင့် ပညတ်၏၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် ပညတ်၏။

သေနိယ ထို့ပြင် ဤလောက၌ အချို့သော ဆရာသည် ယခုဘဝ၌သာလျှင် အတ္တကို အမှန်အားဖြင့်အဟုတ်အားဖြင့် ပညတ်၏၊ နောင်တမလွန်ဘဝ၌ကား အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် မပညတ်။

သေနိယ ထိုမှတစ်ပါး ဤလောက၌ အချို့သော ဆရာကား ယခုဘဝ၌လည်း အတ္တကို အမှန်အားဖြင့်အဟုတ်အားဖြင့် မပညတ်၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့်မပညတ်ချေ။

သေနိယ ထိုသုံးဦးတို့တွင် အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် ပညတ်၏၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် ပညတ်၏၊ သေနိယ ဤဆရာကို သဿတအယူ ရှိသူဟု ဆိုအပ်၏။

သေနိယ ထိုသုံးဦးတို့တွင် အကြင်ဆရာသည် ယခုဘဝ၌သာလျှင် အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် ပညတ်၏၊ နောင်တမလွန်ဘဝ၌ကား အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် မပညတ်၊ သေနိယ ဤဆရာကို ဥစ္ဆေဒအယူ ရှိသူဟု ဆိုအပ်၏။

သေနိယ ထိုသုံးဦးတို့တွင် အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် မပညတ်၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့် အဟုတ်အားဖြင့် မပညတ်ချေ၊ သေနိယ ဤဆရာကို မြတ်စွာဘုရားဟူ၍ ဆိုအပ်၏။

သေနိယ ဤဆရာသုံးဦးတို့သည် လောက၌ ထင်ရှားရှိကုန်၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟုမဆိုသင့်။

၂၃၇။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် “ထောပတ်အိုး”ဟူ၍ (သုံးနှုန်း) ပြောဆိုအပ်သည် မဟုတ်ပါ လော။

ပရဝါဒီ။ ။ သြော် ပြောဆိုပါ၏။

သကဝါဒီ။ ။ ထောပတ်အိုးကို ပြုလုပ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။

၂၃၈။ သကဝါဒီ။ ။ ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တစ်မျိုးတခြား မဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ဆီအိုး၊ ပျားရည်အိုး၊ တင်လဲအိုး၊ နို့ရေအိုး၊ ရေအိုး၊ သောက်ရေခွက်၊ ရေကျည်တောက်၊ ရေဖလား၊ နိစ္စဘတ်ဆွမ်း၊ အမြဲလှူသော ယာဂုဟူ၍ (သုံးနှုန်း) ပြောဆိုအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုအပ်ပါ၏။

သကဝါဒီ။ ။ မြဲသော ခိုင်ခံ့သော ထင်ရှားရှိသော ဖောက်ပြန်ခြင်းသဘော မရှိသော တစ်စုံတစ်ခု သောယာဂုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍မဆိုသင့်။ [အကျဉ်းချုံးထား၏။]

အဋ္ဌကနိဂ္ဂဟကထာ၊ ပေယျာလကထာ၊ သန္ဓာဝနိယကထာ၊ ဥပါဒါယကထာ၊ ငါးခုမြောက် စိတ္တကထာ၊ ကလျာဏကထာ၊ ဣဒ္ဓိကထာ၊ ရှစ်ခုမြောက် သုတ္တာ ဟရဏကထာတို့တည်း။

**ပုဂ္ဂလကထာ ပြီး၏။**

------

၁။ ဤသို့သဘောရှိသော သစ္စိကဋ္ဌမျိုး မရှိနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂။ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။
၃။ 'ဓာတိမေ့ဗွာ ဇရာဓမ္မာ အထော မရဏဓမ္မိနော' အစရှိသော သုတ်၏ အစွမ်းဖြင့် ဝန်ခံရ၏။
၄။ ပုဂ္ဂိုလ်၏ သဏ်တအဖြစ်ကိုမူ အလိုမရှိသောကြောင့် ပယ်ပြန်သည်။
၅။ 'ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ' အစရှိသည်ကို ဟောတော်မူသောကြောင့် ပုဂ္ဂိုလ်၏ ဥပါဒ် စသည်တို့ကား မသင့်ကုန်ဟု နှလုံးပြု၍ ဝန်ခံပြန်သည်။

၆။ 'သင်ပရဝါဒီဆရာသည် ပုဂ္ဂိုလ်၏ သခ်ံတအဖြစ်ကို အလိုမရှိသော်လည်း ဥပါဒ် ဠီ ဘင်ရှိပါမူ သခ်ံတသာ ဖြစ်ရာ၏၊ အသခ်ံတအဖြစ်ကို အလို မရှိသော်လည်း ဥပါဒ် ဠီ ဘင် မရှိပါမူ အသခ်ံတသာ ဖြစ်ရာ၏'ဟု အပြစ်ကိုပင် ပြသည်။

၇။ ဝေဒနာကို ခံစားလတ်သော် သိမ်းဆည်းအပ်သော ဝေဒနာရှိသော ယောဂီပုဂ္ဂိုလ်သည်သာ သိနိုင်၏၊ ဗာလပုထုဇဉ်ကား မသိနိုင်။

၈။ ပဉ္စဝေါကာရ၏ အစွမ်းအားဖြင့် ဝန်ခံသည်။

၉။ တံ ဇီဝံ တံ သရီရ န္တိ အဗျာကတမေတံဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၀။ စတုဝေါကာရ၏ အစွမ်းအားဖြင့် ဝန်ခံသည်။

၁၁။ အညံ ဇီဝံ အညံ သရီရန္တိ အဗျာကတမေတံဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၂။ အတ္တဇီဝပုဂ္ဂလမှ ကင်းကုန်၏၊ တစ်ခုသော တရား၌မျှ ပုဂ္ဂိုလ် မရှိဟု ဆိုလိုသည်။

♣

## ၂–ပရိဟာနိကထာ

## ၁–ဝါဒယုတ္တိပရိဟာနိ

၂၃၉။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။[၁]

သကဝါဒီ။ ။ အလုံးစုံသော ဘဝတို့၌ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ အလုံးစုံသော ဘဝတို့၌ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။[၃]

သကဝါဒီ။ ။ အလုံးစုံသောဘဝတို့၌ ရဟန္တာအား ဆုတ်ယုတ် (လျော့ကျ) မှု (ရှိနိုင်ပါသလော။)

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ အခါခပ်သိမ်း ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၅]

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ အခါခပ်သိမ်း ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။[၆]

သကဝါဒီ။ ။ ရဟန္တာအား ဆုတ်ယုတ် (လျော့ကျ) မှု အခါခပ်သိမ်း ရှိနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော ရဟန္တာတို့သည်ပင် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ အလုံးစုံသော ရဟန္တာတို့သည်ပင် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါကုန်၏။[၉]

သကဝါဒီ။ ။ အလုံးစုံသော ရဟန္တာတို့အားသာလျှင် ဆုတ်ယုတ် လျော့ကျမှု (ရှိနိုင်ပါသလော)။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် ဖိုလ်လေးပါးတို့မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

ပရဝါဒီ။ ။ သူဌေးသည် ဥစ္စာလေးသိန်းတို့ဖြင့် သူဌေးအဖြစ်ကို ပြုစေသည် ဖြစ်၍ ဥစ္စာတစ်သိန်းဆုတ်ယုတ်လတ်သော် သူဌေးအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) သူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) သူ ဖြစ်ပါ၏။[၁၂]

ပရဝါဒီ။ ။ အလုံးစုံသော စည်းစိမ်ဥစ္စာမှ ဆုတ်ယုတ် (လျော့ကျ) သူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၃]

သကဝါဒီ။ ။ သူဌေးသည် ဥစ္စာလေးသိန်းတို့ဖြင့် သူဌေးအဖြစ်ကို ပြုစေသည် ဖြစ်၍ ဥစ္စာတစ်သိန်းဆုတ်ယုတ်လတ်သော် အလုံးစုံသော စည်းစိမ်ဥစ္စာမှ ဆုတ်ယုတ် (လျော့ကျ)ခြင်းငါ ထိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် ထိုက်ပါ၏။[၁၄]

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) လတ်သော် ဖိုလ်လေးပါးတို့မှဆုတ်ယုတ် (လျောကျ)ခြင်းငါ ထိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

------

၁။ ပရိဟာနိကထာကို ဟောရခြင်းအကြောင်း– ဒွေမေ ဘိက္ခဝေ ဓမ္မာ သေက္ခဿ ဘိက္ခုနော ပရိဟာနာယ သံဝတ္တန္တိ ပဉ္စိမေ ဘိက္ခဝေ ဓမ္မာသမယဝိမုတ္တဿ ဘိက္ခုနော ပရိဟာနာယ သံဝတ္တန္တိ ဤသို့ အစရှိသော သုတ်တို့ကို အမှီပြု၍ သမ္မိတိယဂိုဏ်းဝဇ္ဇိပုတ္တကဂိုဏ်း သဗ္ဗတ္ထိဝါဒီ ဂိုဏ်း အချို့သော မဟာသံဃိကဂိုဏ်းဟူသော ပရဝါဒီဆရာတို့သည် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်၏လည်းကောင်း မိမိတို့ ရပြီးသော ဖိုလ်မှ ဆုတ်ယုတ်လျောကျခြင်းကို ပြောဆိုကြကုန်၏၊ ထို့ကြောင့် ထိုဆရာတို့၏ အယူဝါဒကို ဖျက်ဆီးခြင်းငါ ဤပရိဟာနိကထာကို ဟောတော်မူသည်။
၂။ အရဟတ္တဖိုလ်မှ အစဉ်အတိုင်း ဆုတ်ယုတ်လျောကျခဲ့၍ သောတာပတ္တိဖိုလ်၌ တည်လတ်သော် မဆုတ်ယုတ် မလျောကျတော့ပေ၊ အထက်ဖိုလ်သုံးပါးတို့၌ တည်နေသူအားသာ ဆုတ်ယုတ်လျောကျသည်၊ ရူပဘဝ အရူပဘဝတို့၌ တည်နေသော ရဟန္တာအား အရဟတ္တဖိုလ်မှ မဆုတ်ယုတ် မလျောကျနိုင်၊ ကမ္မာရာမတာအစရှိသော ဆုတ်ယုတ်ကြောင်းတရားရှိသည့် ကာမဘဝ၌ တည်နေသော ရဟန္တာအားသာ ဆုတ်ယုတ်လျောကျနိုင်၏ဟူသော အလိုဖြင့် ဤဒုတိယအမေးကို ပဋိက္ခေပပြု၍ ဖြေသည်။
၃။ ကာမဘဝအားလုံး၌ ဆုတ်ယုတ်လျောကျကြောင်း ကာမဂုဏ်တို့ရှိသောကြောင့် ကာမဘဝအားလုံးကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၄။ ဆုတ်ယုတ်လျောကျကြောင်း တရားတို့ကို မေးသည် ဖြစ်ရကား ကမ္မာရာမတာအစရှိသော တရားတို့နှင့် အထူးအားဖြင့် ကာမရာဂ ဗျာပါဒတရားတို့သာ ဆုတ်ယုတ်လျောကျကြောင်း ဖြစ်သည်၊ ထိုတရားတို့ကား ရူပဘဝ အရူပဘဝတို့၌ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ အသင့်အတင့်အားဖြင့် နှလုံးသွင်းသော အခါ၌ မဆုတ်ယုတ် မလျောကျနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ညဥ့်အဖို့၌ ဖြစ်စေ၊ နေ့အဖို့၌ ဖြစ်စေ အခါခပ်သိမ်း ဆုတ်ယုတ် လျောကျနိုင်သောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။
၇။ ဆုတ်ယုတ်လျောကျခြင်းကို ပြုတတ်သော တရားအပေါင်း ရှိလတ်သော် တစ်ခဏမျှ ဆုတ်ယုတ်လျောကျသည် မည်၏၊ ထိုသို့ ဆုတ်ယုတ်လျောကျသည်မှ ရှေးအဖို့၌ မဆုတ်ယုတ့်မလျောကျမူ၍ နောက်မှ ဆုတ်ယုတ်လျောကျသူအား အခါခပ်သိမ်း ဆုတ်ယုတ်လျောကျမှု မရှိနိုင်ရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၈။ တိက္ခိန္ဒြိယရဟန္တာတို့ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၉။ မုဒိန္ဒြိယရဟန္တာတို့ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။
၁၀။ တိက္ခိန္ဒြိယရဟန္တာအားလုံးတို့အား ဆုတ်ယုတ်လျောကျမှု မရှိနိုင်ဟု နှလုံးသွင်း၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၁။ ဖိုလ်လေးပါးလုံးတို့မှ လျောကျမှုကို အလိုမရှိ၊ အထက်ဖိုလ်သုံးပါးတို့မှ လျောကျမှုကိုသာ အလိုရှိရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၂။ တစ်စိတ်တစ်ဒေသအားဖြင့် ဆုတ်ယုတ်လျော့ကျသည်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

၁၃။ အလုံးစုံသော စည်းစိမ်ဥစ္စာတို့မှမူ မလျော့ကျသောကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။ ဤဥပမာအတူပင် ရဟန္တာအား ဖိုလ်လေးပါးလုံးတို့မှ လျော့ကျခြင်း မဟုတ်ဘဲ အထက်ဖိုလ်သုံးပါးတို့ လျော့ကျခြင်းသာ ဖြစ်၏ဟု ပရဝါဒီက ဆိုလိုသည်။

၁၄။ အမြဲနိယာမအားဖြင့် စည်းစိမ်ဥစ္စာအားလုံးတို့မှ ဆုတ်ယုတ်လျော့ကျထိုက်သည်ကို မမြင်သောကြောင့် ပရဝါဒီက ဝန်ခံသည်။

၁၅။ နိယတော သမ္မောဓိပရာယဏောဟူသောစကား၏ အနက်ကို မသင့်လျော်သောအားဖြင့် ယူ၍ မိမိအယူဝါဒ၌ တည်၍ သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ်လျော့ကျခြင်း၌ မထိုက်သည်ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၂-အရိယပုဂ္ဂလသံသန္ဒနပရိဟာနိ

၂၄၀။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၄၁။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် အဘယ်၌ တည်ပါသနည်း။

ပရဝါဒီ။ ။ အနာဂါမိဖိုလ်၌ တည်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် အဘယ်၌ တည်ပါသနည်း။

ပရဝါဒီ။ ။ သကဒါဂါမိဖိုလ်၌ တည်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် အဘယ်၌တည်ပါသနည်း။

ပရဝါဒီ။ ။ သောတာပတ္တိဖိုလ်၌ တည်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် ပုထုဇဉ် ဘုံ၌တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့-ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် အနာဂါမိဖိုလ်၌တည်ခဲ့ပါမူ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် သကဒါဂါမိဖိုလ်၌တည်ခဲ့ပါမူ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် သောတာပတ္တိဖိုလ်၌တည်ခဲ့ပါမူ ထိုအကြောင်းကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် ပုထုဇဉ်ဘုံ၌ တည်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) လတ်သော် သောတာပတ္တိ ဖိုလ်၌တည်ပါသလော။

ပရဝါဒီ။ ။ ထြော် တည်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်ကို ပင် မျက်မှောက်ပြုပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

၂၄၂။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည်လည်းကောင်း၊ သောတာပန်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည်အလွန် များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။[၄]

ပရဝါဒီ။ ။ ရဟန္တာသည် အလွန်များသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါမူ ထိုအကြောင်းကြောင့်သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟု ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည်လည်းကောင်း၊ သကဒါဂါမ်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည်အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။

ပရဝါဒီ။ ။ ရဟန္တာသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ခဲ့ပါလျှင် ထိုအကြောင်းကြောင့်သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည်လည်းကောင်း၊ အနာဂါမ်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည်အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။

ပရဝါဒီ။ ။ ရဟန္တာသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) ခဲ့ပါမူ ထိုအကြောင်းကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည်လည်းကောင်း၊ သောတာပန်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည်အလွန် များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။

ပရဝါဒီ။ ။ အနာဂါမ်သည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်သည် အလွန်များသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

၂၄၃။ သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည်လည်းကောင်း၊ သကဒါဂါမ်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။

ပရဝါဒီ။ ။ အနာဂါမ်သည် (အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏)။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်သည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ်လျောကျခဲ့ပါမူ ထိုအကြောင်းကြောင့်သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သကဒါဂါမိသည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိသည်လည်းကောင်း၊ သောတာပန်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်သည်အလွန် များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်သနည်း။

ပရဝါဒီ။ ။ သကဒါဂါမိသည် (အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်၏)။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သကဒါဂါမိသည် အလွန်များပြားသော ကိလေသာတို့ကို ပယ်ရှားအပ်ပါကုန်လျက် သကဒါဂါမိသည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) ခဲ့ပါမူ ထိုအကြောင်းကြောင့်သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

၂၄၄။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏လည်းကောင်း၊ သောတာပန်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကိုပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။[၁]

ပရဝါဒီ။ ။ ရဟန္တာ၏ မဂ်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာ၏ မဂ်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိခဲ့ပါ လျက်ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) ခဲ့ပါမူ ထိုအကြောင်းကြောင့် သောတာပန် သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏လည်းကောင်း၊ သောတာပန်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ သတိပဋ္ဌာန်ကို ပွါးများမှုသည်။ပ။ သမ္မပ္ပဓာန်ကို ပွါးများမှုသည်။ ဣဒ္ဓိပါဒ်ကို ပွါးများမှုသည်။

ဣန္ဒြေကိုပွါးများမှုသည်။ ဗိုလ်ကို ပွါးများမှုသည်။ ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ ရဟန္တာ၏ ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာ၏ ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏လည်းကောင်း၊ သကဒါဂါမ်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကိုပွါးများမှုသည်။ပ။ ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ ရဟန္တာ၏ (ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏။)

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာ၏ ဗောဇ္ဈင်ကို ပွါးများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိမဂ်ဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည်လည်းကောင်း၊ အနာဂါမ်သည်လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကို ပွားများမှုသည်။ပ။ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ ရဟန္တာ၏ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာ၏ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် ရဟန္တာသည် ရဟန္တာ၏ အဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

၂၄၅။ သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်၏လည်းကောင်း၊ သောတာပန်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကို ပွားများမှုသည်။ပ။ ဖောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ အနာဂါမ်၏ (ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏)။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်၏ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်၏လည်းကောင်း၊ သကဒါဂါမ်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကို ပွားများမှုသည်။ပ။ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ အနာဂါမ်၏ (ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏)။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်၏ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

၂၄၆။ သကဝါဒီ။ ။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်၏လည်းကောင်း၊ သောတာပန်၏လည်းကောင်း အဘယ်ပုဂ္ဂိုလ်၏ မဂ်ကို ပွားများမှုသည်။ပ။ ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါသနည်း။

ပရဝါဒီ။ ။ သကဒါဂါမ်၏ (ဗောဇ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည် ရှိပါ၏)။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သကဒါဂါမ်၏ ဗောဓ္ဈင်ကို ပွားများမှုသည် လွန်ကဲသော အတိုင်းအရှည်ရှိခဲ့ပါလျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့်သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ ဆိုသင့်၏။

၂၄၇။ သကဝါဒီ။ ။ ရဟန္တာသည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။[၆]

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် နိရောဓသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် နိရောဓသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် ရဟန္တာသည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် သောတာပန် သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ နိရောဓသစ္စာကိုသိမြင်အပ်ပြီးဖြစ်လျက်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် သကဒါဂါမ်သည့်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ နိရောဓသစ္စာကိုသိမြင်အပ်ပြီးဖြစ်လျက်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက်။ပ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် အနာဂါမ်သည်အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၄၈။ သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် အနာဂါမ်သည်အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ နိရောဓသစ္စာကိုသိမြင်အပ်ပြီးဖြစ်လျက်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက်။ပ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် သောတာပန် သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိ ဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ နိရောဓသစ္စာကိုသိမြင်အပ်ပြီးဖြစ်လျက်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက်။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် သကဒါဂါမ်သည်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၄၉။ သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သကဒါဂါမ်သည်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ပ။ နိရောဓသစ္စာကိုသိမြင်အပ်ပြီးဖြစ်လျက်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ပြီးဖြစ်လျက်။ သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက်။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်လျက် သောတာပန် သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၅၀။ သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့် သောတာပန် သည်သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် သမုဒယသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ နိရောဓသစ္စာ ကိုသိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ မဂ္ဂသစ္စာကို သိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတရားတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် ရဟန္တာသည်ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် ရဟန္တာသည်ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် သစ္စာလေးပါးတို့ကို သိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် ရဟန္တာသည်ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဒုက္ခသစ္စာကို သိမြင်အပ်ပြီးဖြစ်သောကြောင့်။ပ။ သစ္စာလေးပါးတို့ကိုသိမြင်အပ်ကုန်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၁။ သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်လျက် အပါယ်ရောက်ကြောင်း တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်ရောက်ကြောင်း ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်ရောက်ကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ တွေဝေမှု'မောဟ'ကိုပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ ထောင်လွှားမှု'မာန'ကို ပယရှားအပ်ပြီးဖြစ်လျက်။ အမြင်မှားမှု'ဒိဋ္ဌိ'ကိုပယ်ရှားအပ်ပြီးဖြစ်လျက်။ ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ စိတ်၏ ထိုင်းမှိုင်းမှု'ထိန'ကိုပယ်ရှားအပ်ပြီးဖြစ်လျက်။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် မရှက်မှု'အဟိရိက'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ မကြောက်လန့်မှု'အနောတ္တပ္ပ' ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်လျက် အပါယ်ရောက်ကြောင်း တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်ရောက်ကြောင်း ပြစ်မှားမှု'ဒေါသ'ကို

ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်ရောက်ကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်လျက် ကြမ်းတမ်းသော လိုချင်တပ်မက်မှု'ကာမရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ ကြမ်းတမ်းသော ပြစ်မှားမှု 'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည့်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ မကြောက်လန့်မှု'အနောတ္တပ္ပ' ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ ကြမ်းတမ်းသောပြစ်မှားမှု 'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိ ဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ သိမ်မွေ့သော လိုချင်တပ်စွန်းမှု 'ကာမရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သိမ်မွေ့သော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ မကြောက်လန့်မှု'အနောတ္တပ္ပ' ကို ပယ်ရှားအပ်ပြီးဖြစ်လျက် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၂။ သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည်အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိ ဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်လားကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိတို့ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်လားကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီဖြစ်လျက် အနာဂါမ်သည် အနာဂါမိ ဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိ ဖိုလ်မှဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ ကြမ်းတမ်းသော လိုချင်တပ်စွန်းမှု'ကာမရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ ကြမ်းတမ်းသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ ကြမ်းတမ်းသောပျက်စီးစေလိုမှု'ဗျာပဒ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၃။ သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည့်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည်သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည်သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်လားကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ ကြမ်းတမ်းသောလိုချင်တပ်စွန်းမှု 'ကာမရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ ကြမ်းတမ်းသောပျက်စီးစေလိုမှု 'ဗျာပါဒ'ကိုပယ်ရှားအပ်ပြီးဖြစ်လျက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ အပါယ်လားကြောင်းတွေဝေမှု 'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၄။ သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည်အရဟတ္တဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည်သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု‘ဒေါသ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက် လန့်မှု‘အနောတ္တပ္ပ”ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု‘ဝိစိကိစ္ဆာ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ အပါယ်လားကြောင်း တွေဝေမှု‘မောဟ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု ‘ရာဂ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက့်လန့်မှု ‘အနောတ္တပ္ပ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၅။ သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု‘ရာဂ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက် လန့်မှု‘အနောတ္တပ္ပ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ယုံမှားမှု‘ဝိစိကိစ္ဆာ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ ကြမ်းတမ်းသော ပျက်စီးစေလိုမှု ‘ဗျာပါဒ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု‘ရာဂ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက် လန့်မှု‘အနောတ္တပ္ပ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၆။ သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ အနာဂါမ်သည်အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု ‘ရာဂ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက်လန့်မှု ‘အနောတ္တပ္ပ’ကို ပယရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် ယုံမှားမှု‘ဝိစိကိစ္ဆာ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု‘ဗျာပါဒ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု‘ရာဂ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ မကြောက် လန့်မှု‘အနောတ္တပ္ပ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၇။ သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ သိမ်မွေ့သောပျက်စီးစေလိုမှု ‘ဗျာပါဒ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ့် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု‘ဝိစိကိစ္ဆာ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ အပါယ်လားကြောင်း တွေဝေမှု‘မောဟ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု ‘ဗျာပါဒ’ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၈။ သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ ကြမ်းတမ်းသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှမဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ အနာဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ သိမ်မွေ့သောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၅၉။ သကဝါဒီ။ ။ သောတာပန်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ ကြမ်းတမ်း သောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှမဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ အပါယ်လားကြောင်း တွေဝေမှု'မောဟ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျော့ကျ) နိုင်ပါ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သက္ကာယဒိဋ္ဌိကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့်။ပ။ ကြမ်းတမ်းသောပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ရှားအပ်ပြီးဖြစ်သောကြောင့် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်မှမဆုတ်ယုတ် (မလျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၆၀။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်သည်၊ အမြစ်အရင်းကို ဖြတ်အပ်ပြီးဖြစ်သည်၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးသည်၊ တစ်ဖန်မဖြစ်အောင် ပြုပြီးသည်၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးသည်၊ အမြစ်အရင်းကိုဖြတ်အပ်ပြီးသည်၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးသည်၊ တစ်ဖန်မဖြစ်အောင် ပြုပြီးသည်၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိသည် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးသည်။ပ။ တွေဝေမှု'မောဟ'ကိုပယ်ရှားအပ်ပြီးသည်၊ ထောင်လွှားမှု'မာန'ကို ပယ်ရှားအပ်ပြီးသည်၊ အမြင်မှားမှု 'ဒိဋ္ဌိ'ကို ပယ်ရှားအပ်ပြီးသည်၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ရှားအပ်ပြီးသည်၊ (စိတ်၏) ထိုင်းမှိုင်းမှု'ထိန'ကို ပယ်ရှားအပ်ပြီးသည်၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'ကို ပယ်ရှားအပ်ပြီးသည်၊ မရှက်မှု 'အဟိရိက'ကို ပယ်ရှားအပ်ပြီးသည်၊ မကြောက်လန့်မှု'အနောတ္တပ္ပ' ကို ပယ်ရှားအပ်ပြီးသည်၊ အမြစ်အရင်းကို ဖြတ်အပ်ပြီးသည်၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးသည်၊ တစ်ဖန်မဖြစ်အောင် ပြုပြီးသည်၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားအပ်ပြီးသည်၊ အမြစ်အရင်းကိုဖြတ်အပ်ပြီးသည်၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးသည်၊ တစ်ဖန်မဖြစ်အောင် ပြုပြီးသည်၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိသည် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားခြင်းငှါ မဂ်ကို ပွားများပြီးသူ မဟုတ် ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားခြင်းငှါ မဂ်ကို ပွားများပြီးဖြစ်ခဲ့ပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားခြင်းငှါ သတိပဋ္ဌာန်တို့ကို ပွားများပြီးသူမဟုတ်ပါလော။ပ။ သမ္မပ္ပဓာန်တို့ကို ပွားများပြီးသူ မဟုတ်ပါလော။ပ။ ဣဒ္ဓိပါဒ်တို့ကို ပွားများပြီးသူမဟုတ်ပါလော။ ဣန္ဒြေတို့ကို ပွားများပြီးသူ မဟုတ်ပါလော။ ဗိုလ်တို့ကို ပွားများပြီးသူ မဟုတ်ပါလော။ ဗောဇ္ဈင်တို့ကို ပွားများပြီးသူ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားခြင်းငါ ဖောဇ္ဈင်တို့ကိုပွားများပြီးသူ ဖြစ်ခဲ့ပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားခြင်းငါ။ပ။ မကြောက်လန့်မှု 'အနောတ္တပ္ပ'ကိုပယ်ရှားခြင်းငါ မဂ်ကို ပွားများပြီးသူ မဟုတ်ပါလော။ပ။ ဖောဇ္ဈင်တို့ကို ပွားများပြီးသူ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားခြင်းငါ ဖောဇ္ဈင်တို့ကို ပွားများပြီးသူ ဖြစ်ခဲ့ပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

၂၆၁။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ'ကင်းပြီးသူ, တွေဝေမှု'မောဟ' ကင်းပြီးသူ, ပြုဖွယ်ကိစ္စကို ပြုပြီးသူ, ခန္ဓာဝန်ကို ချပြီးသူ, မိမိအကျိုးစီးပွားကို ရပြီးသူ, ဘဝသံယောဇဉ် ကုန်ပြီးသူ, ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ, (အဝိဇ္ဇာ) တံခါးကျည်ကို ပစ်လွှတ်ပြီးသူ, (ကံသခ်ါရ) ကျုံးမြောင်းကို ဖျက်ဆီးပြီးသူ, (တဏှာ) တံခါးတိုင်ကို နုတ်ပြီးသူ, (အောက်ပိုင်းသံယောဇဉ်ငါးပါး) တံခါးရွက် မရှိသူ, အရိယာ ဖြစ်သူ, (မာန) တံခွန်ကို ချပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ, (မာန) နှင့်မယှဉ်သူ, အောင်မြင်အပ်သော ရန်ကို ကောင်းစွာ အောင်မြင်ပြီးသူ မဟုတ်ပါလော၊ ထိုရဟန္တာသည်ဒုက္ခကို ပိုင်းခြား၍သိပြီးသူ, သမုဒယသစ္စာကို ပယ်ရှားပြီးသူ, နိရောဓသစ္စာကို မျက်မှောက်ပြုပြီးသူ,မဂ္ဂသစ္စာကို ပွားများပြီးသူ, အထူးသိထိုက်သော တရားကို အထူးသိပြီးသူ, ပိုင်းခြား၍ သိထိုက်သောတရားကို ပိုင်းခြား၍ သိပြီးသူ, ပယ်ရှားထိုက်သော တရားကို ပယ်ရှားပြီးသူ, ပွားများထိုက်သော တရားကို ပွားများပြီးသူ, မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုပြီးသူ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် တပ်စွန်းမှု'ရာဂ' ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ' ကင်းပြီးသူ,တွေဝေမှု'မောဟ' ကင်းပြီးသူ ဖြစ်ခဲ့မူ။ပ။ (ထိုရဟန္တာသည်) မျက်မှောက်ပြုထိုက်သော တရားကိုမျက်မှောက်ပြုပြီးသူ ဖြစ်ခဲ့ပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍မဆိုသင့်။

၂၆၂။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏၊ အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။[၇]

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်။ပ။ မကြောက်လန့်မှု 'အနောတ္တပ္ပ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက် သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် မကြောက်လန့်မှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်လျက်အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်လျက် သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်လျက် အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် သတိပဋ္ဌာန်တို့ကိုပွားများအပ်ပြီးဖြစ်လျက်။ပ။ သမ္မပ္ပဓာန်တို့ကို ပွားများအပ်ပြီးဖြစ်လျက်။ ဣဒ္ဓိပါဒ်တို့ကို ပွားများအပ်ပြီးဖြစ်လျက်။ ဣန္ဒြေတို့ကို ပွားများအပ်ပြီးဖြစ်လျက်။ ဗိုလ်တို့ကို ပွားများအပ်ပြီးဖြစ်လျက်။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီးဖြစ်လျက် သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် သတိပဋ္ဌာန်တို့ကိုပွားများအပ် ပြီးဖြစ်လျက်။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီးဖြစ်လျက် အသမယဝိမုတ္တရဟန္တာသည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားရန်။ပ။ မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်လျက်။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီးဖြစ်လျက် သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားရန် မဂ်ကိုပွားများအပ်ပြီးဖြစ်လျက်။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီးဖြစ်လျက် အသမယဝိမုတ္တရဟန္တာသည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ' ကင်းပြီး သူ,တွေဝေမှု'မောဟ'ကင်းပြီးသူ, ပြုဖွယ်ကိစ္စကို ပြုပြီးသူ, ခန္ဓာဝန်ကို ချပြီးသူ, မိမိအကျိုးစီးပွားကိုရပြီးသူ, ဘဝသံယောဇဉ် ကုန်ပြီးသူ, ကောင်း စွာ သိ၍ လွတ်မြောက်ပြီးသူ, (အဝိဇ္ဇာ) တံခါးကျည်ကိုပစ်လွှတ်ပြီးသူ, (ကံသင်္ခါရ) ကျုံးမြောင်းကို ဖျက်ဆီးပြီးသူ, (တဏှာ) တံခါးတိုင်ကို နုတ်ပြီးသူ, (အောက်ပိုင်း သံယောဇဉ်ငါးပါး) တံခါးရွက် မရှိသူ, အရိယာဖြစ်သူ, (မာန) တံခွန်ကို ချပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ, (မာနနှင့်) မယှဉ်သူ, အောင်ထိုက်သော ရန်ကို ကောင်းစွာ အောင်ပြီးသူဖြစ်၍ထိုသမယဝိမုတ္တရဟန္တာသည် ဒုက္ခသစ္စာကို ပိုင်းခြားသိအပ်ပြီးသည် သမုဒယသစ္စာကိုပယ်ရှားအပ်ပြီးသည် နိရောဓ သစ္စာကို မျက်မှောက်ပြုအပ်ပြီးသည် မဂ္ဂသစ္စာကို ပွားများအပ်ပြီးသည်အထူးသိထိုက်သော တရားကို သိအပ်ပြီးသည် ပိုင်းခြား၍သိထိုက်သော တရားကိုပိုင်းခြား၍သိအပ်ပြီးသည် ပယ်ရှားထိုက်သော တရားကို ပယ်ရှားအပ်ပြီးသည် ပွါးများအပ်သော တရားကိုပွါးများအပ်ပြီးသည် မျက်မှောက်ပြုထိုက်သော တရားကို

မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်လျက်သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ'ကင်းပြီး သူ,တွေဝေမှု 'မောဟ'ကင်းပြီးသူ။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်လျက် အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၆၃။ သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု 'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်၍အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားအပ်ပြီးဖြစ်၍ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားအပ်ပြီးဖြစ်၍ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားအပ်ပြီးဖြစ်၍သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီဖြစ်၍ အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှမဆုတ် ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကို ပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီဖြစ်၍ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် ပြစ်မှားမှု'ဒေါသ'ကို ပယ်ရှားရန်။ပ။ မကြောက်လန့်မှု 'အနောတ္တပ္ပ'ကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို

ပွားများအပ်ပြီးဖြစ်၍ အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ သမယဝိမုတ္တရဟန္တာသည် မကြောက်လန့်မှု'အနောတ္တပ္ပ'ကို ပယ်ရှားရန် မဂ်ကိုပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ပြီးဖြစ်၍ သမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှမဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ' ကင်းပြီးသူ,တွေဝေမှု 'မောဟ'ကင်းပြီးသူ။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီး သည် ဖြစ်၍အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) နိုင်ပါ။

သကဝါဒီ။ ။ အသမယဝိမုတ္တရဟန္တာသည် တပ်စွန်းမှု'ရာဂ'ကင်းပြီးသူ, ပြစ်မှားမှု'ဒေါသ'ကင်း ပြီးသူ,တွေဝေမှု 'မောဟ'ကင်းပြီးသူ။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍အသမယဝိမုတ္တရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၆၄။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာထေရ်သည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) ဖူးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသျှင်မဟာမောဂ္ဂလ္လာန်ထေရ်သည်။ပ။ အသျှင်မဟာကဿပထေရ်သည်။ပ။ အသျှင်မဟာကစ္စာယနထေရ်သည်။ပ။ အသျှင်မဟာကောဋ္ဌိကထေရ်သည်။ပ။ အသျှင်မဟာပန္ထကထေရ်သည်ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) ဖူးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာထေရ်သည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) ဖူးပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ် (မလျောကျ) ဖူးပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသျှင်သာရိပုတ္တရာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျောကျ) ဖူးပါမူရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အသျှင်မဟာမောဂ္ဂလ္လာန်ထေရ်သည်။ အသျှင်မဟာကဿပထေရ်သည်။ အသျှင်မဟာကစ္စာယနထေရ်သည်။ အသျှင်မဟာကောဋ္ဌိကထေရ်သည်။ အသျှင်မဟာပန္ထကထေရ်သည် ရဟန္တာအဖြစ်မှမဆုတ်ယုတ် (မလျော့ကျ) ဖူးပါသလော။

ပရဝါဒီ။ ။ ဩော် မဆုတ်ယုတ် (မလျော့ကျ) ဖူးပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရှင်မဟာပန္ထကထေရ်သည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ် (မလျော့ကျ) ဖူးပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) ၏ဟူ၍ မဆိုသင့်။

**အရိယပုဂ္ဂလသံသန္ဒနာ ပြီး၏။**

------

၁။ ဤအရာ၌ အချို့က ရဟန္တာ၏ ဆုတ်ယုတ်လျော့ကျမှုကိုသာ အလိုရှိကုန်၏၊ အချို့က ရဟန္တာ အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဆုတ်ယုတ်လျော့ကျမှုကို အလိုရှိကုန်၏၊ အချို့က ရဟန္တာ အနာဂါမ် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ဆုတ်ယုတ်လျော့ကျခြင်းကို အလိုရှိကုန်၏၊ ဝါဒအားလုံးကပင် သောတာပန်ပုဂ္ဂိုလ်၏ ဆုတ်ယုတ်လျော့ကျခြင်းကို အလိုမရှိကြကုန်၊ ထိုဝါဒတို့၏ အစွမ်းအားဖြင့် ပုစ္ဆာပြု၍ ဟောတော်မူသည်၊ ထိုဆရာတို့၏ အယူဝါဒ၏ အစွမ်းအားဖြင့် ဝန်ခံခြင်း ပယ်မြစ်ခြင်းကို ပြသည်။

၂။ အရဟတ္တဖိုလ်မှ လျော့ကျ၍ သောတာပတ္တိဖိုလ်၌ တည်လတ်သော် တစ်ဖန် အားထုတ်ပြန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသည်ကို ရည်ရွယ်လျက် မေးသည်။

၃။ သောတာပတ္တိဖိုလ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်၏ မရှိခြင်းကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ ဤသို့ ဆုတ်ယုတ်လျော့ကျခြင်းမည်သည် ကိလေသာပယ်မှု နှံ့နှေးသောကြောင့် ဖြစ်ရာ၏ဟု နှလုံးသွင်း၍ သကဝါဒီက မေးသည်။

၅။ ဤဆုတ်ယုတ်လျော့ကျမှုသည် မဂ်ကို ပွါးများခြင်းအစရှိသည်တို့၏ မလွန်ကဲမှုကြောင့် ဖြစ်ရာ၏ဟု နှလုံးသွင်းလျက် သကဝါဒီက မေးသည်။

၆။ ဤသို့ ဆုတ်ယုတ်လျော့ကျမှုသည် သစ္စာတို့ကို မမြင်နိုင်သောကြောင့် ဖြစ်ရာ၏ဟု နှလုံးသွင်း၍ သကဝါဒီက မေးသည်။

၇။ မုဒိန္ဒြေရဟန္တာသည် သမယဝိမုတ္တမည်၏၊ တိက္ခိန္ဒြေရဟန္တာသည် အသမယဝိမုတ္တမည်၏ဟု ပရဝါဒီတို့ အယူရှိကြကုန်၏၊ ထို့ကြောင့် မိမိဝါဒကို ယူလျက် သမယဝိမုတ္တရဟန္တာသည် အရဟတ္တဖိုလ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏၊ အသမယဝိမုတ္တရဟန္တာသည် အရဟတ္တဖိုလ်မှ မဆုတ်ယုတ် မလျော့ကျဟု ပရဝါဒီက ဖြေဆိုသည်။ သကဝါဒီဆရာတို့ကား ဝသီဘော်သို့ မရောက်သေးသော ဈာနလာဘီသည် သမယဝိမုတ္တမည်၏၊ ဝသီဘော်သို့ ရောက်ပြီးသော ဈာနလာဘီတို့နှင့် အရိယာအားလုံးတို့သည် အရိယာဝိမောက္ခ၌ အသမယဝိမုတ္တမည်ကုန်၏ဟု ဆုံးဖြတ်တော်မူကြကုန်၏။

♣

## ၃–သုတ္တသာဓနပရိဟာနိ

၂၆၅။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် မြတ်သောအကျင့်, မမြတ်သော အကျင့်တို့ကိုပြအပ်ကုန်၏၊ (နိဗ္ဗာန်) တစ်ဖက်ကမ်းသို့ (မဂ်တစ်ပါးတည်းဖြင့်) နှစ်ကြိမ် မရောက်နိုင်ကုန်၊ ဤ (နိဗ္ဗာန်) တစ်ဖက်ကမ်းသည် (မဂ်) တစ်ကြိမ်ဖြင့်သာ တွေ့ထိအပ်သည် မဟုတ်ဟု မြတ်စွာဘုရားဟောအပ်၏”ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ မဂ်ဖြင့် ဖြတ်ပြီးသော ကိလေသာကို (တစ်ဖန်) ဖြတ်ခြင်းသည် ရှိပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၁]

သကဝါဒီ။ ။ မဂ်ဖြင့် ဖြတ်ပြီးသော ကိလေသာကို (တစ်ဖန်) ဖြတ်ခြင်းသည် ရှိပါသေးသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၂]

သကဝါဒီ။ ။ “အကြင်ပုဂ္ဂိုလ်အား ပြုဖွယ်ကိစ္စသည် မရှိ၊ (ထိုပုဂ္ဂိုလ်သည်) တပ်မက်မှု ‘ရာဂ’ကင်းသူစွဲလမ်းမှု မရှိသူ (ဖြစ်၏)၊ မဂ်ဖြင့် ဖြတ်ပြီးသော ကိလေသာကို တစ်ဖန် ဖြတ်ခြင်းသည် မရှိ၊ ကိလေသာရေအလျဉ် ကိလေသာ ကျော့ကွင်းကို ပယ်အပ်ပြီဟု မြတ်စွာဘုရား ဟောအပ်၏”ဟူသောသုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် မဂ်ဖြင့် ဖြတ်ပြီးသော ကိလေသာကို တစ်ဖန် ဖြတ်ခြင်းသည် ရှိ၏ဟူ၍မဆိုသင့်။

၂၆၆။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျော့ကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျော့ကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ပြုအပ် (ပွါးများအပ်) ပြီးသော မဂ်ကို တစ်ဖန် ဆည်းပူးခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ ပြုအပ် (ပွါးများအပ်) ပြီးသော မဂ်ကို တစ်ဖန်ဆည်းပူးခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၄]

သကဝါဒီ။ ။ “ကောင်းစွာ (ကိလေသာတို့မှ) လွတ်သည်ဖြစ်၍ ငြိမ်သက်သော စိတ်ရှိသောထိုရဟန္တာပုဂ္ဂိုလ်အား ပြုပြီးသောကိစ္စကို တစ်ဖန်ပွားစေခြင်း မရှိ၊ ပြုဖွယ် ကိစ္စလည်း မရှိ။ တစ်ခဲနက်သော ကျောက်တောင်သည် ပြင်းထန်စွာတိုက်ခတ်သော လေကြောင့်မတုန်လှုပ် (မရွေ့လျား) သကဲ့သို့ ၊ ဤအတူ အဆင်း‘ရူပါရုံ’, အရသာ‘ရသာရုံ’, အသံ ‘သဒ္ဒါရုံ’,အနံ့‘ဂန္ဓာရုံ’, အတွေ့‘ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း၊ အားလုံး သော–ကောင်းသော အာရုံတို့သည်လည်းကောင်း၊ မကောင်းသော အာရုံတို့သည်လည်းကောင်းသည်းခံခြင်းဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏ တည်ကြည်သော (ကိလေသာတို့မှ) လွတ်သောစိတ်ကို မတုန်လှုပ်စေနိုင်ကုန်။ (ရဟန္တာပုဂ္ဂိုလ် သည်) ထိုစိတ်၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှု၏”ဟူ၍မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် “ပြုအပ်ပြီးသောမဂ်ကို တစ်ဖန် ဆည်းပူးခြင်းသည် ရှိ၏”ဟု မဆိုသင့်။

၂၆၇။ ပရဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ “ရဟန်းတို့ ဤတရားငါးပါးတို့သည် သမယဝိမုတ္တရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ် (တရား) ငါးပါးတို့နည်းဟူမူ– အလုပ် (အမှု) ကိစ္စ၌ မွေ့လျော်ခြင်း၊ စကားပြောဆိုမှု၌မွေ့လျော်ခြင်း၊ အိပ်မှု၌ မွေ့လျော်ခြင်း၊ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ လွတ်မြောက်ပြီးတိုင်းသောစိတ်ကို မဆင်ခြင်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရားငါးပါးတို့သည် သမယဝိမုတ္တရဟန်းအားဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာမဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။[၅]

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏။

သကဝါဒီ။ ။ ရဟန္တာအား အလုပ်ကိစ္စ၌ မွေ့လျော်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၆]

သကဝါဒီ။ ။ ရဟန္တာအား အလုပ်ကိစ္စ၌ မွေ့လျော်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၇]

သကဝါဒီ။ ။ ရဟန္တာအား ရာဂသည်၊ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းခြင်းသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် ရှိပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား ပြောဆိုမှု၌ မွေ့လျော်ခြင်းသည် ရှိပါသလော။ ရဟန္တာအား အိပ်မှု၌မွေ့လျော်ခြင်းသည် ရှိပါသလော။ ရဟန္တာအား အပေါင်းအသင်း၌ မွေ့လျော်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား အပေါင်းအသင်း၌ မွေ့လျော်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ရာဂသည်၊ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းခြင်းသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၆၈။ သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) လတ်သော် အဘယ်တရားထကြွသောင်းကျန်းသည် ဖြစ်၍ ဆုတ်ယုတ် (လျောကျ) ပါသနည်း။

ပရဝါဒီ။ ။ ရာဂထကြွသောင်းကျန်းအပ်သည် ဖြစ်၍ ဆုတ်ယုတ် (လျောကျ) ပါ၏။

သကဝါဒီ။ ။ အဘယ်ကို စွဲ၍ ထကြွသောင်းကျန်းမှု ဖြစ်ပါသနည်း။

ပရဝါဒီ။ ။ အနုသယကို စွဲ၍ ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား အနုသယတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား အနုသယတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။[၁]

သကဝါဒီ။ ။ ရဟန္တာအား ကာမရာဂါနုသယသည် ပဋိဃာနုသယသည် မာနာနုသယသည် ဒိဋ္ဌာနုသယသည် ဝိစိကိစ္ဆာနုသယသည် ဘဝရာဂါနုသယသည် အဝိဇ္ဇာနုသယသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

(သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) လတ်သော် အဘယ်တရား ထကြွသောင်းကျန်းသည် ဖြစ်၍ ဆုတ်ယုတ်လျောကျပါသနည်း)။[၆]

ပရဝါဒီ။ ။ ပြစ်မှားမှု 'ဒေါသ' ထကြွသောင်းကျန်းသည် ဖြစ်၍ ဆုတ်ယုတ် (လျောကျ) ပါ၏။ပ။ တွေဝေမှု 'မောဟ' ထကြွသောင်းကျန်းသည် ဖြစ်၍ ဆုတ်ယုတ် (လျောကျ) ပါ၏။

သကဝါဒီ။ ။ ထကြွသောင်းကျန်းမှုကား အဘယ်ကို စွဲ၍ ဖြစ်ပါသနည်း။

ပရဝါဒီ။ ။ အနုသယကို စွဲ၍ ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား အနုသယတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အနုသယတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ရဟန္တာအား ကာမရာဂါနုသယသည်။ပ။ အဝိဇ္ဇာနုသယသည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) လတ်သော် အဘယ်တရားသည်ပွါးစီးခြင်းသို့ ရောက်ပါသနည်း၊ ရာဂသည် ပွါးစီးခြင်းသို့ ရောက်ပါသလော၊ သက္ကာယဒိဋ္ဌိသည့်ပွါးစီးခြင်းသို့ ရောက်ပါသလော၊ ဝိစိကိစ္ဆာသည် ပွါးစီးခြင်းသို့ ရောက်ပါသလော၊ သီလဗ္ဗတပရာမာသသည် ပွါးစီးခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဒေါသသည် ပွါးစီးခြင်းသို့ ရောက်ပါသလော။ပ။ မောဟသည် ပွါးစီးခြင်းသို့ရောက်ပါသလော၊ သက္ကာယဒိဋ္ဌိသည် ပွါးစီးခြင်းသို့ ရောက်ပါသလော၊ ဝိစိကိစ္ဆာသည် ပွါးစီးခြင်းသို့ရောက်ပါသလော၊ သီလဗ္ဗတပရာမာသသည် ပွါးစီးခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ် (လျောကျ) နိုင်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) ပွါးစေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) ဖျက်ဆီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) စွဲလမ်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) ဖြေရှင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) နှောင်ဖွဲ့ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) မှုတ်လွှင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် (စုတိပဋိသန္ဓေကို) ပေါင်းစည်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာသည် ပွါးဆဲလည်းမဟုတ်၊ ဖျက်ဆီးဆဲလည်း မဟုတ်မူ၍ ဖျက်ဆီးပြီး၍တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပွါးဆဲလည်း မဟုတ်၊ ဖျက်ဆီးဆဲလည်း မဟုတ်မူ၍ ဖျက်ဆီးပြီး၍တည်သည်ဟုတ်ခဲ့ပါမူ ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် မပယ်စွန့် မစွဲလမ်းဘဲ ပယ်စွန့်ပြီး၍ တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မပယ်စွန့် မစွဲလမ်းဘဲ ပယ်စွန့်ပြီး၍ တည်သည်ဟုတ်ခဲ့ပါမူရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် မဖြေရှင်း မနှောင်ဖွဲ့ဘဲ ဖြေရှင်းပြီး၍ တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မဖြေရှင်း မနှောင်ဖွဲ့ဘဲ ဖြေရှင်းပြီး၍ တည်ခဲ့ပါမူရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်။
သကဝါဒီ။ ။ ရဟန္တာသည် မမှုတ်လွှင့် မပေါင်းစည်းဘဲ မှုတ်လွှင့်ပြီး၍ တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မမှုတ်လွှင့် မပေါင်းစည်းဘဲ မှုတ်လွှင့်ပြီး၍ တည်ခဲ့ပါမူရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျောကျ) နိုင်၏ဟူ၍ မဆိုသင့်တော့ပေ။

**ပရိဟာနိကထာ ပြီး၏။**

------

၁။ တိကဒ္ဓြေကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂။ တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် မုဒိန္ဒြေကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၃။ တိကဒ္ဓြေကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ မုဒိန္ဒြေကို ရည်ရွယ်လျက် ပရဝါဒီက ဝန်ခံပြန်သည်။
၅။ ဤပရဝါဒီတင်ပြသော သုတ်၌ တရားငါးပါးတို့သည် မရသေးသော လောကုတ္တရာတရားမှ ဆုတ်ယုတ်ခြင်းငှါလည်းကောင်း၊ လောကသမာပတ်မှ ဆုတ်ယုတ်ခြင်းငှါလည်းကောင်း ဖြစ်ကုန်၏ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ပရဝါဒီ ဆရာတို့ကမူ ရအပ်ပြီးသော အရဟတ္တဖိုလ်မှ ဆုတ်ယုတ် လျောကျရန် ဖြစ်၏ဟူသော အမှတ်ဖြင့် ဤသုတ်ကို ထုတ်ဆောင်၍ မေးသည်။
၆။ ကာမရာဂ၏ အစွမ်းအားဖြင့် ဖြစ်သော အလုပ်ကိစ္စ၌ မွေ့လျော်မှုကို ရည်ရွယ်၍ ပဋိက္ခေပပြု၍ ဖြေသည်။
၇။ ကာမရာဂ၏ အစွမ်းအားဖြင့် ဖြစ်သည်မှ တစ်ပါးသော အလုပ်ကိစ္စ၌ မွေ့လျော်မှုကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၈။ တိကဒ္ဓြေကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်၊ မုဒိန္ဒြေကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၉။ ( ) ပါဠိတော်၌ မပါ၊ ကျရစ်နေသည်။

♣

## ၃–ဗြဟ္မစရိယကထာ

## ၁–သုဒ္ဓဗြဟ္မစရိယကထာ

၂၆၉။ သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သော အကျင့်ကို ကျင့်သုံးမှု မရှိပါသလော။[၁]

ပရဝါဒီ[၂]။ ။ ဩော် မရှိပါ။[၃]

သကဝါဒီ။ ။ အလုံးစုံကုန်သော နတ်ဗြဟ္မာတို့သည် အရိအရွဲယိုကုန်သလော၊ ဆွံ့အကုန်သလော၊ သိကြားမှု မရှိကုန်သလော၊ လက်ဖြင့် ပြောဆိုရကုန်သလော၊ ကောင်းစွာ ပြောဆိုအပ်သောစကားမကောင်းသဖြင့် ပြောဆိုအပ်သောစကားတို့၏ အနက် (အဓိပ္ပါယ်ကို) သိခြင်းငှါ မစွမ်းနိုင်ကုန်သလော၊[၄] အလုံးစုံကုန်သော နတ်ဗြဟ္မာတို့သည် ဘုရား၌ မကြည်ညိုကုန်သလော၊ တရား၌ မကြည်ညိုကုန်သလော၊ သံဃာ၌ မကြည်ညိုကုန်သလော၊ ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်ကို မဆည်းကပ်ကုန်သလော၊ ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်ကို ပြဿနာမမေးကုန်သလော၊ ဘုန်းတော်ကြီးတော်မူသော ဘုရားရှင် ဖြေဆိုအပ်သော ပြဿနာတို့ကို မနှစ်သက်ကုန်သလော။

အလုံးစုံကုန်သော နတ်ဗြဟ္မာတို့သည် ပိတ်ပင်တတ်သော ကံနှင့် ပြည့်စုံကုန်သလော၊ ပိတ်ပင်တတ်သော ကိလေသာနှင့် ပြည့်စုံကုန်သလော၊ ပိတ်ပင်တတ်သော အကျိုး 'ဝိပါက်'နှင့်ပြည့်စုံကုန်သလော၊ သဒ္ဓါတရား မရှိကုန်သလော၊ လိုလားမှု'ဆန္ဒ' မရှိကုန်သလော၊ ပညာမရှိကုန်သလော၊ ကုသိုလ် တရားတို့၌ မဖောက်ပြန်ခြင်း သဘောရှိသော မဂ်ဟူသော နိယာမသို့ရောက်ခြင်းငှါ မထိုက်တန်ကုန်သလော။

အလုံးစုံကုန်သော နတ်ဗြဟ္မာတို့သည် အမိကို သတ်ကုန်သလော၊ အဖကို သတ်ကုန်သလော၊ ရဟန္တာကို သတ်ကုန်သလော၊ (ဘုရားရှင်၌) သွေးစိမ်းတည်စေကုန်သလော၊ သံဃာကို ကွဲပြားစေကုန်သလော။

အလုံးစုံကုန်သော နတ်ဗြဟ္မာတို့သည် (သူတစ်ပါးအသက်ကို) သတ်လေ့ရှိကုန်သလော၊ မပေးအပ် သောပစ္စည်းဥစ္စာကို ခိုးယူလေ့ရှိကုန်သလော၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ကုန်သလော၊ မုသားပြောလေ့ရှိကုန်သလော၊ ကုန်းတိုက်သောစကား ရှိကုန်သလော၊ ကြမ်းတမ်းသောစကား ရှိကုန်သလော၊ အကျိုးစီးပွါး ပျက်စီးတတ်သောစကားကို ပြောဆိုလေ့ရှိကုန်သလော၊ (သူတစ်ပါးပစ္စည်းကို) ရှေးရှု ကြံစည်လေ့ရှိကုန်သလော၊ ပျက်စီးစေလိုသော စိတ်ရှိကုန်သလော၊ မှားယွင်းသော အယူဝါဒ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရိအရွဲ မယိုကုန်သော နတ်ဗြဟ္မာတို့သည်၊ မဆွံ့, မအကုန်သော နတ်ဗြဟ္မာ တို့သည်၊ သိကြားမှုရှိကုန်သော နတ်ဗြဟ္မာတို့သည်၊ လက်ဖြင့် မပြောဆိုရကုန်သော နတ်ဗြဟ္မာတို့သည်၊ ကောင်းစွာပြောဆိုအပ်သောစကား မကောင်းသဖြင့် ပြောဆိုအပ်သောစကားတို့၏ အနက် (အဓိပ္ပါယ်) ကို သိခြင်းငှါစွမ်းနိုင်ကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ဘုရား၌ ကြည်ညိုကုန်သော နတ်ဗြဟ္မာတို့သည်၊ တရား၌ ကြည်ညိုသော, သံဃာ၌ ကြည်ညိုသော,ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်ကို ဆည်းကပ်သော, ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်ကိုပြဿနာမေးကုန်သော , ဘုန်းတော်ကြီးတော်မူသော ဘုရားရှင် ပြဿနာကို ဖြေဆိုအပ်သော် နှစ်သက်ကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပိတ်ပင်တတ်သော ကံနှင့် မပြည့်စုံကုန်သော နတ်ဗြဟ္မာတို့သည်၊ ပိတ်ပင်တတ်သော ကိလေသာနှင့်မပြည့်စုံကုန်သော , ပိတ်ပင်တတ်သော အကျိုး'ဝိပါက်'နှင့် မပြည့်စုံကုန်သော , ယုံကြည်မှု'သဒ္ဓါ'တရားရှိကုန်သော , လိုလားမှု'ဆန္ဒ'ရှိကုန်သော , ပညာရှိကုန်သော , ကုသိုလ်တရားတို့၌မဖောက်ပြန်ခြင်းသဘော ရှိသော, မဂ်ဟူသော နိယာမသို့ ရောက်ခြင်းငှါ ထိုက်တန်ကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်သည် မဟုတ်ပါလော။

အမိကို မသတ်ကုန်သော နတ်ဗြဟ္မာတို့သည်၊ အဖကို မသတ်ကုန်သော , ရဟန္တာကို မသတ်ကုန်သော , (ဘုရားရှင်၌) သွေးစိမ်း မတည်စေကုန်သော , သံဃာကို မကွဲပြားစေကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်သည် မဟုတ်ပါလော။

သူတစ်ပါးအသက်ကို သတ်လေ့မရှိကုန်သော နတ်ဗြဟ္မာတို့သည်၊ မပေးအပ်သော ပစ္စည်းဥစ္စာကိုခိုးယူလေ့ မရှိကုန်သော , ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့မရှိကုန်သော , မုသား ပြောဆိုလေ့မရှိကုန်သော , ကုန်းတိုက်သောစကား မရှိကုန်သော , ကြမ်းတမ်းသောစကား မရှိကုန်သော , အကျိုးစီးပွါးကိုဖျက်ဆီးတတ်သောစကားကို ပြောဆိုလေ့မရှိကုန်သော , (သူတစ်ပါးဥစ္စာကို) ရှေးရှု ကြံစည်လေ့မရှိကုန်သော , ပျက်စီးစေလိုသောစိတ် မရှိကုန်သော , မှန်ကန်သော အယူရှိကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရိအရွဲ မယိုကုန်သော နတ်ဗြဟ္မာတို့သည်၊ မဆွံ့, မအကုန်သော နတ်ဗြဟ္မာတို့သည်၊ သိကြားမှုရှိသော နတ်ဗြဟ္မာတို့သည်၊ လက်ဖြင့် မပြောဆိုရကုန်သော နတ်ဗြဟ္မာတို့သည်၊ ကောင်းစွာ ပြောဆိုအပ်သောစကား မကောင်းသဖြင့် ပြောဆိုအပ်သောစကားတို့၏ အနက်အဓိပ္ပါယ်ကို သိခြင်းငှါ စွမ်းနိုင်ကုန်သော နတ်ဗြဟ္မာတို့သည် ရှိကုန်ပါမူ။ပ။ ဘုရား၌ ကြည်ညိုကုန်သော နတ်ဗြဟ္မာတို့သည် ရှိပါကုန်မူ။ပ။ မှန်ကန်သော အယူရှိကုန်သော နတ်ဗြဟ္မာတို့သည် ရှိပါကုန်မူ နတ်ဗြဟ္မာတို့၌ မြတ်သော အကျင့်ကို ကျင့်သုံးမှု မရှိဟု မဆိုသင့်။

၂၇၀။ ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သော အကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ ဩဝ် ရှိပါ၏။[၅]

ပရဝါဒီ။ ။ ထိုနတ်ဗြဟ္မာတို့၌ ရှင်ရဟန်းအဖြစ်သည်၊ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည်၊ သင်္ကန်းကိုဝတ်ရုံမှုသည်၊ သပိတ်ကို ကိုင်ဆောင်မှုသည် ရှိပါသလော၊ နတ်ဗြဟ္မာတို့၌ မြတ်စွာဘုရားတို့ပွင့်ပါကုန်သလော၊ ပစ္စေကဗုဒ္ဓါတို့ ပွင့်ပါကုန်သလော၊ သာဝကအစုံသည် ဖြစ်ပေါ်ပါသလော။[၆]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ ရှင်ရဟန်းအဖြစ်သည် မရှိဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ ရှင်ရဟန်းအဖြစ်သည် ရှိ၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိပါသလော၊ အကြင်ဘုံ၌ ရှင်ရဟန်းအဖြစ်သည် မရှိ၊ ထိုဘုံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ အကြင်ဘုံ၌ ရှင်ရဟန်းအဖြစ်သည် ရှိ၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိပါသလော၊ အကြင်ဘုံ၌ ရှင်ရဟန်းအဖြစ်သည် မရှိ၊ ထိုဘုံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုမရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။[၈]

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် ရှင်ရဟန်းပြု၏၊ ထိုပုဂ္ဂိုလ်အားသာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ပုဂ္ဂိုလ်သည် ရှင်ရဟန်း မပြု၊ ထိုပုဂ္ဂိုလ်အား မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည် မရှိပါဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည် ရှိ၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည် မရှိ၊ ထိုဘုံ၌မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည် ရှိ၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ ဦးပြည်း (ခေါင်းတုံး) ၏ အဖြစ်သည် မရှိ၊ ထိုဘုံ၌မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် ဦးပြည်း (ခေါင်းတုံး) သူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်အားသာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ပုဂ္ဂိုလ်သည် ဦးပြည်း (ခေါင်းတုံး) သူ မဟုတ်၊ ထိုပုဂ္ဂိုလ်အားမြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ သင်္ကန်းဝတ်ရုံမှု မရှိဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌ မြတ်သော အကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သင်္ကန်းဝတ်ရုံမှု ရှိ၏၊ ထိုဘုံ၌သာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သင်္ကန်းဝတ်ရုံမှု မရှိ၊ ထိုဘုံ၌ မြတ်သော အကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သင်္ကန်းဝတ်ရုံမှု ရှိ၏၊ ထိုဘုံ၌သာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သင်္ကန်းဝတ်ရုံမှု မရှိ၊ ထိုဘုံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် သင်္ကန်းကိုဝတ်ရုံ၏၊ ထိုပုဂ္ဂိုလ်အားသာလျှင် မြတ်သော အကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ပုဂ္ဂိုလ်သည် သင်္ကန်းကို မဝတ်ရုံ၊ ထိုပုဂ္ဂိုလ်အား မြတ်သော အကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ သပိတ်ဆောင်မှု မရှိဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌ မြတ်သော အကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သပိတ်ဆောင်မှု ရှိ၏၊ ထိုဘုံ၌သာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သပိတ်ဆောင်မှုသည် မရှိ၊ ထိုဘုံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သပိတ်ဆောင်မှု ရှိ၏၊ ထိုဘုံ၌သာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သပိတ်ဆောင်မှုသည် မရှိ၊ ထိုဘုံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်သည် သပိတ်ကို ဆောင်၏၊ ထိုပုဂ္ဂိုလ်အားသာ မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ပုဂ္ဂိုလ်သည် သပိတ်ကို မဆောင်၊ ထိုပုဂ္ဂိုလ်အား မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်စွာဘုရားတို့သည် မပွင့်ကုန်ဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ မြတ်စွာဘုရားတို့သည် ပွင့်ကုန်၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ မြတ်စွာဘုရားတို့သည် မပွင့်ကုန်၊ ထိုဘုံ၌ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်ဘုံ၌ မြတ်စွာဘုရားတို့သည် ပွင့်ကုန်၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ မြတ်စွာဘုရားတို့သည် မပွင့်ကုန်၊ ထိုဘုံ၌ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူ၏၊ ဗောဓိပင်ရင်း၌ ဘုရားဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ တရားစကြာကို လည်စေတော်မူအပ်ပြီ၊ ထိုအရပ်တို့၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အခြားအရပ်၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ ပစ္စေဗုဒ္ဓါတို့သည် မပွင့်ကုန်ဟု နှလုံးပြု၍ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ ပစ္စေကဗုဒ္ဓါတို့သည် ပွင့်ကုန်၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ ပစ္စေကဗုဒ္ဓါတို့သည် မပွင့်ကုန်၊ ထိုဘုံ၌ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ ပစ္စေကဗုဒ္ဓါတို့သည် ပွင့်ကုန်၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ ပစ္စေကဗုဒ္ဓါတို့သည် မပွင့်ကုန်၏၊ ထိုဘုံ၌ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မဇ္ဈိမဇနပုဒ်တို့၌ ပစ္စေကဗုဒ္ဓါတို့သည် ပွင့်ကုန်၏၊ ထိုမဇ္ဈိမဇနပုဒ်တို့၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် ရှိပါသလော၊ အခြားအရပ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ သာဝကအစုံသည် မဖြစ်ပေါ်ဟု နလုံးပြု၍ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သာဝကအစုံသည် ဖြစ်ပေါ်၏၊ ထိုဘုံ၌သာလျှင် မြတ်သောအကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သာဝကအစုံသည် မဖြစ်ပေါ်၊ ထိုဘုံ၌ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြင်ဘုံ၌ သာဝကအစုံသည် ဖြစ်ပေါ်၏၊ ထိုဘုံ၌သာလျှင် မြတ်သော အကျင့်ကိုကျင့်သုံးမှု ရှိပါသလော၊ အကြင်ဘုံ၌ သာဝကအစုံသည် မဖြစ်ပေါ်၊ ထိုဘုံ၌ မြတ်သော အကျင့်ကိုကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မဂဓတိုင်းတို့၌ သာဝကအစုံသည် ဖြစ်ပေါ်၏၊ ထိုမဂဓတိုင်းတို့၌သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အခြားအရပ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၁။ ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။[၉]

ပရဝါဒီ။ ။ အလုံးစုံသော နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

သကဝါဒီ။ ။ လူတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၁၁]

သကဝါဒီ။ ။ အလုံးစုံသော လူတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၂]

ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ပေါ်လာမှု မရှိသော ပစ္စန္တရာဇ်ဇနပုဒ်နှင့် ပစ္စန္တရာဇ်ဇနပုဒ်နေ မသိမလိမ္မာသော လူရိုင်းတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိသော နတ်ဗြဟ္မာတို့သည်လည်း ရှိကုန်၏၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိသော နတ်ဗြဟ္မာတို့သည်လည်း ရှိကုန်၏။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိကုန်သော ဗြဟ္မာတို့လည်းရှိကုန်သလော၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိကုန်သော ဗြဟ္မာတို့လည်း ရှိကုန်သလော၊ သညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိကုန်သော ဗြဟ္မာတို့လည်း ရှိကုန်သလော၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိသော ဗြဟ္မာတို့လည်း ရှိကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိသော နတ်ဗြဟ္မာတို့လည်း ရှိကုန်သလော၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိသော နတ်ဗြဟ္မာတို့လည်း ရှိကုန်သလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အဘယ်နတ်ဗြဟ္မာ၌ ရှိပါသနည်း၊ အဘယ်နတ်ဗြဟ္မာ၌ မရှိပါသနည်း။

သကဝါဒီ။ ။ သညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိ၊ အသညသတ်ဗြဟ္မာတို့၌မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိ၏။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

သကဝါဒီ။ ။ သြော် မရှိပါ။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ လူတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

ပရဝါဒီ။ ။ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိသော လူတို့လည်း ရှိကုန်၏၊ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိသော လူတို့လည်း ရှိကုန်၏။

သကဝါဒီ။ ။ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ပေါ်လာမှု မရှိသော ပစ္စ န္တရာဇ်ဇနပုဒ်နှင့် ပစ္စ န္တရာဇ်ဇနပုဒ်နေ မသိမလိမ္မာသော လူရိုင်းတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိသောလူတို့လည်း ရှိကုန်သလော၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိသော လူတို့လည်း ရှိကုန်သလော၊ မဇ္ဈိမဇနပုဒ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိသော လူတို့လည်း ရှိကုန်သလော၊ မြတ်သောအကျင့်ကိုကျင့်သုံးမှု မရှိသော လူတို့လည်း ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ လူတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိသော လူတို့လည်း ရှိကုန်သလော၊ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိသော လူတို့လည်း ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အဘယ်အရပ်တို့၌ ရှိပါသနည်း၊ အဘယ်အရပ်တို့၌ မရှိပါသနည်း။

ပရဝါဒီ။ ။ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ပေါ်လာမှု မရှိသော ပစ္စန္တရာဇ်ဇနပုဒ်နှင့် ပစ္စ န္တရာဇ်ဇနပုဒ်နေ မသိမလိမ္မာသော လူရိုင်းတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိကုန်၊ မဇ္ဈိမဇနပုဒ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် ရှိကုန်၏။

သကဝါဒီ။ ။ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ပေါ်လာမှု မရှိသော ပစ္စန္တရာဇ်ဇနပုဒ်နှင့် ပစ္စ န္တရာဇ်ဇနပုဒ်နေ မသိမလိမ္မာသော လူရိုင်းတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မဇ္ဈိမဇနပုဒ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မဇ္ဈိမဇနပုဒ်တို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ပေါ်လာမှု မရှိသော ပစ္စန္တရာဇ်ဇနပုဒ်နှင့် ပစ္စ န္တရာဇ်ဇနပုဒ်နေ မသိမလိမ္မာသော လူရိုင်းတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့် ကျင့်သုံးမှု ရှိပါသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ “ရဟန်းတို့ အကြောင်းသုံးပါးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသားဖြစ်သော လူတို့သည် ဥတ္တရကုရုကျွန်းသားဖြစ်သော လူတို့ကိုလည်းကောင်း၊ တာဝတိံသာနတ်တို့ကိုလည်းကောင်း လွှမ်းမိုးနိုင်ကုန်၏။ အဘယ်အကြောင်းသုံးပါးတို့ဖြင့် လွှမ်းမိုးနိုင်ကုန်သနည်း၊ ရဲရင့်ကုန်၏၊ သတိရှိကုန်၏၊ ဤ (ဇမ္ဗူဒိပ်) ၌မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် ရှိ၏၊ ဤအကြောင်းသုံးပါးတို့ဖြင့် လွှမ်းမိုးနိုင်ကုန်၏” ဤသို့လျှင်မြတ်စွာဘုရား ဟောတော်မူအပ်၏ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိ။

သကဝါဒီ။ ။ ဤ (ဇမ္ဗူဒိပ်) ကျွန်း၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိ၏ဟူသောစကားကိုသာဝတ္ထိမြို့၌ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ သာဝတ္ထိမြို့၌သာ မြတ်သောအကျင့်ကို ကျင့်သုံးမှု ရှိပါသလော၊ အခြားအရပ်တို့၌မြတ်သော အကျင့်ကို ကျင့်သုံးမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၂၇၂။ သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ပယ်ရှားအပ်ကုန်၏၊ အထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကိုကား မပယ်အပ်ကုန်သေး၊ ဤလူ့ဘုံမှ စုတေ၍ ထိုဗြဟ္မာ့ဘုံ၌ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်အား အဘယ်ဘုံ၌ အရဟတ္တဖိုလ် ဖြစ်ပေါ်ပါသနည်း။

ပရဝါဒီ။ ။ ထိုဗြဟ္မာ့ဘုံ၌ပင် ဖြစ်ပါသည်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ပယ်ရှားအပ်ကုန်၏၊ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကိုကား မပယ်အပ်ကုန်သေး၊ ဤလူ့ဘုံမှ စုတေ၍ ထိုဗြဟ္မာ့ဘုံ၌ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်အား ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ် ဖြစ်ပေါ်ခဲ့ပါမူ နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် မရှိဟု မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ပယ်ရှားအပ်ကုန်၏၊ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကိုကား မပယ်အပ်ကုန်သေး၊ ဤလူ့ဘုံမှ စုတေ၍ ထိုဗြဟ္မာ့ဘုံ၌ ဖြစ်သောအနာဂါမ်ပုဂ္ဂိုလ်အား အဘယ်ဘုံ၌ (ခန္ဓာ) ဝန်ကို ပစ်ချပါသနည်း၊ အဘယ်ဘုံ၌ ဆင်းရဲကို ပိုင်းခြား၍သိပါသနည်း၊ အဘယ်ဘုံ၌ ကိလေသာကို

ပယ်ရှားပါသနည်း၊ အဘယ်ဘုံ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသနည်း၊ အဘယ်ဘုံ၌ အရဟတ္တဖိုလ်ကို ထိုးထွင်းသိမှု ဖြစ်ပါသနည်း။

ပရဝါဒီ။ ။ ထိုဗြဟ္မာ့ဘုံ၌ပင် ဖြစ်ပါသည်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ပယ်ရှားအပ်ကုန်၏၊ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကိုကား မပယ်အပ်ကုန်သေး၊ ဤလူ့ဘုံမှ စုတေ၍ ထိုဗြဟ္မာ့ဘုံ၌ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်အား ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို ထိုးထွင်းသိမှု ဖြစ်ခဲ့မူ နတ်ဗြဟ္မာတို့၌မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိဟု မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ပယ်ရှားအပ်ကုန်၏၊ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကိုကား မပယ်ရှားအပ်ကုန်သေး၊ ဤလူ့ဘုံမှ စုတေ၍ ထိုဗြဟ္မာ့ဘုံ၌ ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်အား ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်၏ ဖြစ်ပေါ်မှုသည်၊ ထိုဗြဟ္မာ့ဘုံ၌ (ခန္ဓာ) ဝန်ကိုပစ်ချမှုသည်၊ ထိုဗြဟ္မာ့ဘုံ၌ ဆင်းရဲကို ပိုင်းခြားသိမှုသည်၊ ထိုဗြဟ္မာ့ဘုံ၌ ကိလေသာကို ပယ်ရှားမှုသည်၊ ထိုဗြဟ္မာ့ဘုံ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုသည်၊ ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို ထိုးထွင်းသိမှုသည် ဖြစ်ခဲ့ပါလျက် သင်သည် အဘယ်အကြောင်းကြောင့် နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုသည် မရှိဟုဆိုပါသနည်း။

ပရဝါဒီ။ ။ အကြင်ကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ ဘုံ၌အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်၏၊ ထို့ကြောင့် နတ်ဗြဟ္မာတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးမှု မရှိဟု ဆိုပါ၏။

------

၁။ မြတ်သောအကျင့်ကို ကျင့်သုံးမှု 'ဗြဟ္မစရိယဝါသ' ဟူသည် မဂ်ကို ပွါးများစေမှုနှင့် ရှင်အဖြစ် ရဟန်းအဖြစ်တည်း၊ ရှင်အဖြစ် ရဟန်းအဖြစ်သည် နတ်အားလုံးတို့၌ မရှိနိုင်၊ မဂ်ကို ပွါးများစေမှုသည်ကား အသညသတ်ဗြဟ္မာတို့အားသာ မရှိ၊ အခြားသော နတ်ဗြဟ္မာတို့၌ မတားမြစ်အပ်ပါ၊ သမ္မိတိယဆရာတို့သည်ကား ပရနိမ္မိတဝသဝတ္တိနတ်ပြည်မှ စ၍ အထက်ဗြဟ္မာပြည်တို့၌ မဂ္ဂဗြဟ္မစရိယလည်း မရှိဟု အယူရှိကြကုန်၏၊ ထိုဆရာတို့ကို ရည်ရွယ်၍ သကဝါဒီက မေးသည်။
၂။ ဤပရဝါဒီဟူသည် သမ္မိတိယဂိုဏ်းဝင်များကို ဆိုလိုသည်။
၃။ 'တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပိကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ ကတမေဟိ တီဟိ၊ သူရာ, သတိမန္တော, ဣဓ ဗြဟ္မစရိယဝါသော' ဟူသော သုတ်ကို မှီ၍ ဗြဟ္မစရိယဝါသ နှစ်မျိုးလုံးပင် နတ်တို့၌ မရှိကုန်ဟု ဖြစ်သောဝါဒ၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံသည်။
၄။ ဗြဟ္မစရိယ နှစ်ပါးတို့၏ အန္တရာယ်ကို သိတတ်ကုန်သော တရားတို့၏ အစွမ်းအားဖြင့် သကဝါဒီက မေးသည်။
၅။ မဂ်ကို ပွါးများစေမှု ဗြဟ္မစရိယဝါသ ရှိသည်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၆။ ပဋိညာဉ်ဝန်ခံချက်၏ အဓိပ္ပါယ်ကို မမှတ်မိနိုင်သဖြင့် ပဗ္ဗဇ္ဇဗြဟ္မစရိယ၏ အစွမ်းအားဖြင့် ပရဝါဒီက မေးပြန်သည်။

၇။ လူပုဂ္ဂိုလ်တို့နှင့် အချို့သောနတ်တို့၏ မဂ်ရခြင်းကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၈။ လူပုဂ္ဂိုလ်တို့နှင့် အချို့သောနတ်တို့၏ မဂ်ရခြင်းကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၉။ မဂ်ကို ပွားများစေမှု ရှိသည်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၁၀။ အသညသတ်ဗြဟ္မာတို့ကို ရည်ရွယ်၍ သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၁။ ဇမ္ဗူဒိပ်ကျွန်းသူ, ကျွန်းသားတို့ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၁၂။ ပစ္စန္တရာဇ်နေသူတို့ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၂-သံသန္ဒနဗြဟ္မစရိယကထာ

၂၇၃။ သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ပြုနိုင်ပါ၏။[၁]

သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ ပွါးများပြီးသောမဂ်ဖြင့် ဤလူ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၂]

သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ပြုနိုင်ပါ၏။

သကဝါဒီ။ ။ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့်ဤလူ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ဤလူ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ပြုနိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့်ဤလူ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ထြော် ပြုနိုင်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ ပွါးများပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဤလူ့ဘုံ၌ စွန့်လွှတ်၍ ပြီးဆုံးသောပုဂ္ဂိုလ်သည် မဂ်ကိုသာ ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုမူကား မပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် မပယ်ရှားအပ်ပါကုန်။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်ကိုသာပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုမူကား မပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဤလူ့ဘုံ၌ စွန့်လွှတ်၍ ပြီးဆုံးသောပုဂ္ဂိုလ်သည် မဂ်ကိုသာ ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုမူကား မပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် မပယ်ရှားအပ်ပါကုန်။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်ကိုသာ ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုမူကားမပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်ကိုလည်း ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုလည်း ပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ ဤလူ့ဘုံ၌ စွန့်လွှတ်၍ ပြီးဆုံးသောပုဂ္ဂိုလ်သည် မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်ကိုလည်း ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုလည်း ပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်ကိုလည်း ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုလည်း ပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပါကုန်၏။

သကဝါဒီ။ ။ ဤလူ့ဘုံ၌ စွန့်လွှတ်၍ ပြီးဆုံးသောပုဂ္ဂိုလ်သည် မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်ကိုလည်း ပွါးများအပ်ပါသလော၊ ကိလေသာတို့ကိုလည်း ပယ်ရှားအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော ပွါးများပြီးသော ဘာဝနာရှိသော အနာဂါမ်ပုဂ္ဂိုလ် သည်ထိုဗြဟ္မာ့ဘုံ၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၄]

သကဝါဒီ။ ။ ရဟန္တာသည် ပဋိသန္ဓေအားဖြင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၅]

သကဝါဒီ။ ။ ရဟန္တာသည် ပဋိသန္ဓေအားဖြင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၆]

သကဝါဒီ။ ။ ရဟန္တာအား တစ်ဖန်ဘဝသစ်၌ ဖြစ်မှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၇]

သကဝါဒီ။ ။ ရဟန္တာအား တစ်ဖန်ဘဝသစ်၌ ဖြစ်မှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၈]

သကဝါဒီ။ ။ ရဟန္တာသည် ဘဝ (တစ်ခု) မှ ဘဝ (တစ်ခု) သို့ သွားပါသလော၊ ဂတိ (တစ်ခု) မှ ဂတိ (တစ်ခု) သို့ သွားပါသလော၊ သံသရာ (တစ်ခု) မှ သံသရာ (တစ်ခု) သို့ သွားပါသလော၊ ပဋိသန္ဓေ (တစ်ခု) မှပဋိသန္ဓေ (တစ်ခု) သို့ သွားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော ပွါးများပြီးသော ဘာဝနာရှိသော မချအပ်သော (ခန္ဓာ) ဝန်ရှိသော အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ခန္ဓာဝန်ကို ချခြင်းငှါ တစ်ဖန် မဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပြုအပ်ပြီးသောမဂ်ကိစ္စရှိသော ပွါးများပြီးသောဘာဝနာရှိသော ပိုင်းခြား၍ မသိအပ်သေးသော ဆင်းရဲရှိသော မပယ်အပ်သေးသော ကိလေသာရှိသော မျက်မှောက်မပြုအပ်သေးသော နိဗ္ဗာန်ရှိသော ထိုးထွင်း၍ မသိအပ်သေးသော အရဟတ္တဖိုလ်ရှိသော အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ပင်ပဋိသန္ဓေအားဖြင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှါ တစ်ဖန် မဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပြုအပ်ပြီးသောမဂ်ကိစ္စရှိသော ပွါးများပြီးသောဘာဝနာရှိသော မချအပ်သေးသော (ခန္ဓာ) ဝန်ရှိသော အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပါသလော၊ (ခန္ဓာ) ဝန်ကို ချခြင်းငှါတစ်ဖန် မဂ်ကို မပွါးများလည်း မပွါးများပါသလော။

ပရဝါဒီ။ ။ သြော် မပွါးများပါ။

သကဝါဒီ။ ။ ခန္ဓာဝန်ကို မချအပ်ဘဲလည်း ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်စံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပြုအပ်ပြီးသောမဂ်ကိစ္စရှိသော ပွါးများပြီးသောဘာဝနာရှိသော ပိုင်းခြား၍ မသိအပ်သေးသော ဆင်းရဲရှိသော မပယ်အပ်သေးသော ကိလေသာရှိသော မျက်မှောက်မပြုအပ်သေးသော နိဗ္ဗာန်ရှိသော ထိုးထွင်း၍ မသိအပ်သော အရဟတ္တဖိုလ်ရှိသော အနာဂါမ်ပုဂ္ဂိုလ်သည် ထိုဗြဟ္မာ့ဘုံ၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပါသလော၊ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှါ တစ်ဖန် မဂ်ကို မပွါးများလည်းမပွါးများပါသလော။

ပရဝါဒီ။ ။ သြော် မပွါးများပါ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိအပ်ဘဲလည်း ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်စံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ၊ သမင်သည် မြားဖြင့် ပစ်အပ်သည် ရှိသော် အဝေးသို့ သွား၍သေသကဲ့သို့ ဤအတူ အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများအပ်ပြီးသော မဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။[၆]

သကဝါဒီ။ ။ သမင်သည် မြားဖြင့် ပစ်အပ်သည် ရှိသော် အဝေးသို့ သွား၍ မြားနှင့်တကွ သေရသကဲ့သို့ ဤအတူ အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ ပွါးများအပ်ပြီးသောမဂ်ဖြင့် ထိုဗြဟ္မာ့ဘုံ၌ (မဂ်တည်းဟူသော) မြားနှင့်တကွ ပရိနိဗ္ဗာန်စံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဗြဟ္မစရိယကထာ ပြီး၏။**

------

၁။ အနာဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ဘုံ၌ အနာဂါမိမဂ်ကို ပွါးများပြီး၍ 'ဩပပါတိကော တတ္ထ ပရိနိဗ္ဗာယီ'ဟု ဟောတော်မူသောကြောင့် တစ်ဖန် အရဟတ္တမဂ်ကို မပွါးရဘဲ သုဒ္ဓါဝါသပဋိသန္ဓေ၏ အစွမ်းအားဖြင့်ပင် အရဟတ္တဖိုလ်ကို မျက်မှောက် ပြု၏ဟု အယူရှိရကား ပရဝါဒီက ဝန်ခံသည်။
၂။ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ထိုဗြဟ္မာ့ဘုံ၌ မဂ်ကို ပွါးများပြီး၍ ထိုပွါးများရာဘုံ၌ ပဋိသန္ဓေနေခြင်း ရှိသူတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုသောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ဤလူ့ဘုံသို့ လာခြင်း မရှိနိုင်ရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ အနာဂါမ်ပုဂ္ဂိုလ်အား ထိုဗြဟ္မာ့ဘုံ၌ မဂ်ကို ပွါးများမှုပင် မရှိဟူသော အယူဖြင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ 'ဩပပါတိကော တတ္ထ ပရိနိဗ္ဗာယီ'ဟု ဟောတော်မူသောကြောင့် ပဋိသန္ဓေဖြင့်သာလျှင် ပြုအပ်ပြီးသော ကိစ္စရှိသည် စသောအဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၅။ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသည့် ရဟန္တာ၏ အစွမ်းအားဖြင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသည့် ရဟန္တာ၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံပြန်သည်။
၇။ တတ္ထ ပရိနိဗ္ဗာယီ၏ အစွမ်းအားဖြင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၈။ ဣဓ ပရိနိဗ္ဗာယီ၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံပြန်သည်။
၉။ ဤလူ့ပြည်၌ ပွါးများအပ်ပြီးသော မဂ်ဖြင့် ထိုအနာဂါမ်ပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိခြင်းကို အလိုရှိသော ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၃–ဩဓိသောကထာ[၁]

၂၇၄။ သကဝါဒီ။ ။ ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။[၂]

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုသိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ ထိုကိလေသာသုံးပါးနှင့်တကွ တစ်ခုတည်းသောစိတ်၌တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သောတာပန်မည်၍ တစ်စိတ်တစ်ဒေသသည် သောတာပန်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ တစ်စိတ်တစ်ဒေသသည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ဧကဗီဇီသောတာပန်လော၊ ဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံသလော၊ တရား၌။ပ။ သံဃာ၌။ပ။ အရိယာတို့ နှစ်သက်သော သီလတို့နှင့်ပြည့်စုံသလော၊ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတရာမာသကိုလည်းကောင်း၊ ထိုကိလေသာသုံးပါးနှင့်တကွ တစ်ခုတည်းသောစိတ်၌တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သောတာပန်မည်၍ တစ်စိတ်တစ်ဒေသသည် သောတာပန်မမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် ပြည့်စုံ၍ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ ထိုကိလေသာနှစ်ပါးနှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာ တစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်းပယ်စွန့်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သောတာပန်မည်၍ တစ်စိတ်တစ်ဒေသသည် သောတာပန်မမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် ပြည့်စုံ၍ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌တည်သော ကိလေသာတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သောတာပန်မည်၍ တစ်စိတ်တစ်ဒေသသည် သောတာပန်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ တစ်စိတ်တစ်ဒေသသည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလ သောတာပန်လော၊ ဧကဗီဇီသောတာပန်လော၊ တစ်စိတ်တစ်ဒေသသည် ဘုရား၌ကြည်ညိုသလော၊ တရား၌ ကြည်ညိုသလော။ပ။ သံဃာ၌။ပ။ တစ်စိတ်တစ်ဒေသသည် အရိယာတို့နှစ်သက်သော သီလနှင့် ပြည့်စုံ၍ တစ်စိတ်တစ်ဒေသသည် အရိယာတို့ နှစ်သက်သော သီလနှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၅။ သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုသိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာ တစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကို လည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ (တစ်စိတ်တစ်ဒေသသည်) ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌တည်သော ကိလေသာတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် သကဒါဂါမ်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၆။ သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုသိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ သိမ်မွေ့သောကာမရာဂကိုလည်းကောင်း၊ သိမ်မွေ့သောဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာ တစ်စိတ်တစ်ဒေသကိုလည်းကောင်းပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မမည်သလော၊ တစ်စိတ်တစ်ဒေသသည် အနာဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိမနေသလော၊ တစ်စိတ်တစ်ဒေသသည် အန္တရာပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊ အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊ သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊

ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သိမ်မွေ့သောကာမရာဂကိုလည်းကောင်း၊ သိမ်မွေ့သောဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌တည်သော ကိလေသာ တစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည်ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သိမ်မွေ့သော ဗျာပါဒကိုလည်းကောင်း၊ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌တည်သော ကိလေသာ တစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် အနာဂါမ် မမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ထိုကိလေသာနှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတို့ကို ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် အနာဂါမ်မည်၍ တစ်စိတ်တစ်ဒေသသည် အနာဂါမ် မမည်သလော၊ တစ်စိတ်တစ်ဒေသသည် အနာဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိ မနေပါသလော၊ တစ်စိတ်တစ်ဒေသသည် အန္တရာပရိနိဗ္ဗာယီ မည်သလော၊ ဥပဟစ္စပရိနိဗ္ဗာယီမည်သလော၊ အသင်္ခါရပရိနိဗ္ဗာယီမည်သလော၊ သသင်္ခါရပရိနိဗ္ဗာယီ မည်သလော၊ တစ်စိတ်တစ်ဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မည်၍ တစ်စိတ်တစ်ဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၇။ သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုသိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ရူပဘုံ၌ တပ်စွန်းမှု 'ရူပရာဂ'ကိုလည်းကောင်း၊ အရူပဘုံ၌ တပ်စွန်းမှု 'အရူပရာဂ'ကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ဥဒ္ဓစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်းပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် ရဟန္တာမည်၍ တစ်စိတ်တစ်ဒေသသည် ရဟန္တာမမည်သလော၊ တစ်စိတ်တစ်ဒေသသည် အရဟတ္တဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက် ပြုအပ်သည် ဖြစ်၍ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေလျက် တစ်စိတ်တစ်ဒေသသည်ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ တစ်စိတ်တစ်ဒေသသည် ရာဂကင်းသူ, ဒေါသကင်းသူ,မောဟကင်းသူ, ပြုဖွယ်ကိစ္စကို ပြုပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ, မိမိအကျိုးစီးပွားကို ရပြီးသူ,ဘဝသံယောဇဉ် ကုန်ပြီးသူ, ကောင်းစွာ သိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ, (အဝိဇ္ဇာ) တံခါးကျည်ကို ပစ်လွှတ်ပြီးသူ, (ကံသင်္ခါရ) ကျုံးမြောင်းကို ဖျက်ဆီးပြီးသူ, တဏှာတံခါးတိုင်ကို နုတ်ပြီးသူ,သံယောဇဉ်တံခါးရွက် မရှိသူ, အရိယာဖြစ်သူ, (မာန) တံခွန်ကို ချပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ,သံယောဇဉ်ကင်းပြီးသူ, အောင်ထိုက်သော ရန်ကို အောင်ပြီးသူ မဟုတ်ပါလော၊ ထိုရဟန္တာသည် ထိုဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်ပြီးသည် သမုဒယသစ္စာကို ပယ်ရှားအပ်ပြီးသည် နိရောဓသစ္စာကို မျက်မှောက်ပြုအပ်ပြီးသည် မဂ္ဂသစ္စာကို ပွါးများအပ်ပြီးသည် အထူးသိအပ်သော တရားကို အထူးသိအပ်ပြီးသည့်ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြား၍ သိအပ်ပြီးသည် ပယ်အပ်သော တရားကို ပယ်အပ်ပြီးသည်ပွါးများ အပ်သော တရားကို ပွါးများအပ်ပြီးသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက်မပြုအပ်သည်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ရူပဘုံ၌ တပ်စွန်းမှု 'ရူပရာဂ'ကိုလည်းကောင်း၊ အရူပဘုံ၌ တပ်စွန်းမှု 'အရူပရာဂ'ကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ဥဒ္ဓစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်းပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် ရဟန္တာမည်၍ တစ်စိတ်တစ်ဒေသသည် ရဟန္တာမမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားတို့ကို မျက်မှောက်ပြု၍ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားတို့ကို မျက်မှောက် မပြုသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ မာနကိုလည်းကောင်း၊ ဥဒ္ဓစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့် တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတစ်စိတ်တစ်ဒေသတို့ကိုလည်းကောင်းပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် ရဟန္တာမည်၍ တစ်စိတ်တစ်ဒေသသည် ရဟန္တာမမည်သလော။ပ။ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက်ပြု၍ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက် မပြုသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ဥဒ္ဒစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်း၊ ထိုကိလေသာတို့နှင့် တကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်း ပယ်စွန့်၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသသည် ရဟန္တာမည်၍ တစ်စိတ်တစ်ဒေသသည် ရဟန္တာမမည်သလော၊ တစ်စိတ်တစ်ဒေသသည် အရဟတ္တဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ပြည့်စုံစေလျက် နေသလော၊ တစ်စိတ်တစ်ဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစ်စိတ်တစ်ဒေသ သည်ကိုယ်ဖြင့် တွေ့ထိ မနေသလော၊ တစ်စိတ်တစ်ဒေသသည် ရာဂကင်းပြီးသူ, ဒေါသကင်းပြီးသူ,မောဟကင်းပြီးသူ, ပြုဖွယ်ကိစ္စကို ပြုပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ, မိမိအကျိုးစီးပွါးကို ရပြီးသူ,ဘဝသံယောဇဉ်ကုန်ပြီးသူ, ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ, (အဝိဇ္ဇာ) တံခါးကျည်ကို ပစ်လွှတ်ပြီးသူ, (ကံသင်္ခါရ) ကျုံးမြောင်းကို ဖျက်ဆီးအပ်ပြီးသူ, (တဏှာ) တံခါးတိုင်ကို ပယ်နုတ်ပြီးသူ, သံယောဇဉ်တံခါးရွက် မရှိသူ, အရိယာဖြစ်သူ, မာနတံခွန်ကို ချပြီးသူ, (ခန္ဓာ) ဝန်ကို ချပြီးသူ, မာနနှင့် မယှဉ်သူ,အောင်ထိုက်သောရန်ကို ကောင်းစွာ အောင်မြင်ပြီးသူ မဟုတ်ပါလော၊ ထိုရဟန္တာသည် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိအပ်ပြီးသည် သမုဒယသစ္စာကို ပယ်ရှားအပ်ပြီးသည် နိရောဓသစ္စာကို မျက်မှောက်ပြုအပ်ပြီးသည် မဂ္ဂသစ္စာကို ပွါးစေအပ်ပြီးသည် အထူးသိထိုက်သော တရားကို အထူးသိအပ်ပြီးသည် ပိုင်းခြား၍ သိထိုက်သော တရားကို ပိုင်းခြား၍ သိအပ်ပြီးသည် ပယ်ရှားထိုက်သော တရားကို ပယ်ရှားအပ်ပြီးသည် ပွါးများအပ်သော တရားကို ပွါးများအပ်ပြီးသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် မဟုတ်ပါလော၊ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားကိုမျက်မှောက်ပြုပြီး၍ တစ်စိတ်တစ်ဒေသသည် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက် မပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၈။ ပရဝါဒီ။ ။ ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် စွန့်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ပန်းထိမ်သည်သည် ငွေ၏ အညစ်အကြေးကို ထုတ်ပစ်သကဲ့သို့ ထို့အတူ ပညာရှိသည်အစဉ်အားဖြင့် အနည်းငယ် အနည်းငယ် ခဏတိုင်း ခဏ တိုင်း မိမိ၏ လောဘဒေါသစသောအညစ်အကြေးကို ထုတ်ပစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ လျှင်မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ "ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော ဤတရား သုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏၊ ကိလေသာစိုးစဉ်း အနည်းငယ် ရှိစေကာမူ (ထိုသောတာပန်ပုဂ္ဂိုလ်သည်) အပါယ်လေးပါးတို့မှလွတ်မြောက်၏၊ (အာနန္တရိက ကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရား တို့ကိုမပြုတော့ပြီ"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကအား အလုံးစုံသော တရားသည် ဖြစ်ပေါ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ပေါ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ပျောက်ခြင်း သဘော ရှိ၏ဟုကိလေသာမြူ အညစ်အကြေး ကင်းစင်သော တရားမျက်စိသည် ဖြစ်ပေါ်၏၊ ရဟန်းတို့ အရိယာသာဝကသည် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားအပ်ကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ကိလေသာတို့ကို အစိတ်အစိတ်အားဖြင့် ပယ်စွန့်၏ဟူ၍ မဆိုသင့်။

**ဩဓိသောကထာ ပြီး၏။**

------

၁။ သောတာပန် စသောပုဂ္ဂိုလ်တို့၏ အထူးထူးသောကာလ၏ အစွမ်းအားဖြင့် ဒုက္ခသစ္စာကို မြင်ခြင်း အစရှိသည်တို့ဖြင့် အစိတ်အစိတ်အားဖြင့် ကိလေသာတို့ကို ပယ်ခြင်းကို အလိုရှိကုန်သော ပရဝါဒီဆရာတို့၏ အယူဝါဒကို ပယ်ဖျောက်လို၍ ဩဓိသောကထာကို ဟောတော်မူသည်။

၂။ ဤဩဓိသောကထာ၌ ပရဝါဒီကား သမ္မိတိယဂိုဏ်းဝင် စသည်တို့တည်း။

၃။ (တစ်စိတ်တစ်ဒေသ) ဧကဒေသ သောတာပန်မျိုး မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၄–ဇဟတိကထာ

(ဈာနလာဘီပုထုဇဉ်ပုဂ္ဂိုလ်သည် သစ္စာလေးပါးတရားကို သိသည်နှင့် တစ်ပြိုင်နက် အနာဂါမ်မည်၏၊ အကြောင်းသော်ကား ထိုဈာနလာဘီပုထုဇဉ်ပုဂ္ဂိုလ်သည် ပုထုဇဉ်ဖြစ်စဉ်ကပင် ကာမရာဂဗျာပါဒတို့ကို ပယ်အပ်ကုန်ပြီးဖြစ်သောကြောင့်တည်းဟု အယူရှိသော ပရဝါဒီဆရာတို့၏ အယူကိုပယ်ဖျက်တော်မူလို၍ ဤဇဟတိကထာကို ဟောတော်မူသည်။)

------

### ၁– န သုတ္တာဟရဏကထာ

၂၇၉။ သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်သလော။[၁]

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။[၂]

သကဝါဒီ။ ။ အဆုံးအပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော၊ အကြွင်းမဲ့ ပယ်စွန့်သလော၊ အဆက်အစပ် မရှိအောင် ပယ်စွန့်သလော၊ အမြစ်အရင်းနှင့်တကွ ပယ်စွန့်သလော၊ တပ်မက်မှု'တဏှာ'နှင့်တကွ ပယ်စွန့်သလော၊ အနုသယနှင့်တကွ ပယ်စွန့်သလော၊ အရိယာဉာဏ်ဖြင့် ပယ်စွန့်သလော၊ အရိယာမဂ်ဖြင့် ပယ်စွန့်သလော၊ အရဟတ္တဖိုလ်ကို ထိုးထွင်း၍သိလျက် ပယ်စွန့်သလော၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြု၍ ပယ်စွန့်သလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အဆုံးအပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော၊ အကြွင်းမဲ့ ပယ်စွန့်သလော၊ အဆက်အစပ် မရှိအောင် ပယ်စွန့်သလော၊ အမြစ်အရင်းနှင့်တကွ ပယ်စွန့်သလော၊ တပ်မက်မှု'တဏှာ'နှင့် တကွ ပယ်စွန့်သလော၊ အနုသယနှင့်တကွ ပယ်စွန့်သလော၊ အရိယာဉာဏ်ဖြင့်ပယ်စွန့်သလော၊ အရိယာမဂ်ဖြင့် ပယ်စွန့်သလော၊ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိလျက်ပယ်စွန့်သလော၊ အနာဂါမိ ဖိုလ်ကို မျက်မှောက်ပြု၍ ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒကိုပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော၊ အကြွင်းမဲ့ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုလျက် ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။[၅]

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံး အပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော၊ အကြွင်းမဲ့ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုလျက် ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒကိုပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည် အဆုံးအပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော။ပ။ အကြွင်းမဲ့ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုလျက် ပယ်စွန့်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို လွန်၍ ပယ်စွန့်သလော၊ အကြွင်းမဲ့ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုလျက် ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို မလွန်ဘဲ ပယ်စွန့်သလော၊ အကြွင်းမဲ့ မဟုတ်ဘဲ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက် မပြုဘဲ ပယ်စွန့်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒကိုပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို မလွန်ဘဲ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက် မပြုဘဲ ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို မလွန်ဘဲ ပယ်စွန့်သလော၊ အကြွင်းမဲ့ မဟုတ်ဘဲ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက် မပြုဘဲ ပယ်စွန့်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒကိုပယ်စွန့်၏၊ ထိုပုဂ္ဂိုလ်သည်လည်း အဆုံးအပိုင်းအခြားကို မလွန်ဘဲ ပယ်စွန့်သလော၊ အကြွင်းမဲ့မဟုတ်ဘဲ ပယ်စွန့်သလော။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်မပြုဘဲ ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ ရူပါဝစရမဂ်ဖြင့် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ရူပါဝစရမဂ်သည် (ဝဋ်မှ) ထွက်မြောက်ကြောင်း အာသဝေါတို့၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်း ပဋိသန္ဓေတို့ကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်၍ အာသဝတို့၏ အာရုံမဟုတ်သည် သံယောဇဉ်တို့၏ အာရုံမဟုတ်သည် ဂန္ထတရားတို့၏ အာရုံမဟုတ်သည် ဩဃတို့၏ အာရုံမဟုတ်သည် ယောဂတို့၏ အာရုံမဟုတ်သည် နီဝရဏတို့၏အာရုံမဟုတ်သည် တဏှာရာဂတို့ဖြင့် မသုံးသပ်အပ်သည် ဥပါဒါန်တို့၏ အာရုံမဟုတ်သည် ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ မထိုက်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရူပါဝစရမဂ်သည် (ဝဋ်မှ) ထွက်မြောက်ကြောင်း မဟုတ်သည် အာသဝေါတိ၏ ကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သည် အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်း မဟုတ်သည် စုတိ ပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သည်ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်သည် သံယောဇဉ်တို့၏ အာရုံဖြစ်သည်။ပ။ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါထိုက်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပါဝစရမဂ်သည်ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သည့်အာသဝေါတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သည်။ပ။ ကိလေသာတို့ကို ရခြင်းငှါ ထိုက်သည် ဖြစ်ခဲ့ပါမူ ပုထုဇဉ်သည် ရူပါဝစရမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုမဂ်သည်လည်း (ဝဋ်မှ) ထွက်မြောက်ကြောင်းဖြစ်သည် အာသဝေါတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည် အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်းဖြစ်သည် စုတိ ပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည် အာသဝတို့၏ အာရုံဖြစ်သည်။ပ။ ကိလေသာကို ရခြင်းငှါ မထိုက်သည် ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပုထုဇဉ်သည် ရူပါဝစရမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုမဂ်သည်ဝဋ်မှထွက်မြောက်ကြောင်းဖြစ်သည် အာသဝေါတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည်အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်းဖြစ်သည် စုတိပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည် အာသဝတို့၏ အာရုံမဟုတ်သည်။ပ။ ကိလေသာတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ရူပါဝစရမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုမဂ်သည် လည်း (ဝဋ်မှ) ထွက်မြောက်ကြောင်း မဟုတ်သည် အာသဝတို့ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ် သည်အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်း မဟုတ်သည် စုတိပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ရောက်ကြောင်း မဟုတ်သည် အာသဝတို့၏

အာရုံဖြစ်သည်။ပ။ ပူပန်စေတတ် နှိပ်စက်တတ်သောကိလေသာကို ရခြင်းငှါ ထိုက်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသောပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏၊ ထိုမဂ်သည်လည်း (ဝဋ်မှ) ထွက်မြောက်ကြောင်း မဟုတ်သည် အာသဝေါတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သည် အရဟတ္တမဂ်ဉာဏ်သို့ ရောက်ကြောင်း မဟုတ်သည် စုတိပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သည် အာသဝေါတို့၏အာရုံ ဖြစ်သည်။ပ။ ကိလေသာကို ရခြင်းငှါ ထိုက်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၈၀။ သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမတို့၌ တပ်စွန်းမှု'ရာဂ'ကင်းသည် ဖြစ်၍ တရားကို သိသည်နှင့်တစ်ပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။[၇]

သကဝါဒီ။ ။ အရဟတ္တဖိုလ်၌ တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၈]

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမတို့၌ တပ်စွန်းမှု'ရာဂ'ကင်းသည် ဖြစ်၍ တရားကို သိသည်နှင့်တစ်ပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်သုံးပါးတို့ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၉]

သကဝါဒီ။ ။ မရှေးမနှောင်း (တစ်ပြိုင်နက်) မဂ်သုံးပါးတို့ကို ပွါးများပါသလော။

ပရဝါဒီ။ ။ သြော် ပွါးများပါ၏။[၁၀]

သကဝါဒီ။ ။ မရှေးမနှောင်း (တစ်ပြိုင်နက်) သာမညဖိုလ်သုံးပါးတို့ကို မျက်မှောက်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မရှေးမနှောင်း (တစ်ပြိုင်နက်) သာမညဖိုလ်သုံးပါးတို့ကို မျက်မှောက်ပြုပါသလော။

ပရဝါဒီ။ ။ သြော် ပြုပါ၏။

သကဝါဒီ။ ။ ဖဿသုံးပါးတို့၏ ဝေဒနာသုံးပါးတို့၏ သညာသုံးပါးတို့၏ စေတနာသုံးပါးတို့၏ စိတ်သုံးပါးတို့၏ သဒ္ဓါသုံးပါးတို့၏ ဝီရိယသုံးပါးတို့၏ သတိသုံးပါးတို့၏ သမာဓိသုံးပါးတို့၏ ပညာသုံးပါးတို့၏ ပေါင်းဆုံခြင်းသည် ဖြစ်ပါသလော။

ပရ၀ါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမတို့၌ တပ်စွန်းမှု'ရာဂ'ကင်းသည် ဖြစ်၍ တရားကို သိသည်နှင့်တစ်ပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါသလော။

ပရ၀ါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် တည်ပါသလော။

ပရ၀ါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်ဖြင့် တည်ပါသလော။

ပရ၀ါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် တည်ပါသနည်း။

ပရ၀ါဒီ။ ။ အနာဂါမိမဂ်ဖြင့် တည်ပါသည်။[၁၁]

သကဝါဒီ။ ။ အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသတို့ကိုလည်းကောင်း ပယ်စွန့်ပါသလော။

ပရ၀ါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၂]

------

၁။ ဤဇာတိကထာ၌ ပရ၀ါဒီဟူသည်မှာ သမ္မိတိယဂိုဏ်းဝင်တို့ပင်တည်း။
၂။ ဈာန်ဖြင့် ပယ်စွန့်အပ်ကုန်သော ကာမရာဂဗျာပါဒတို့၏ ပရိယုဋ္ဌာနကို မမြင်သောကြောင့် ပရ၀ါဒီက ဝန်ခံသည်။
၃။ ဈာန်ဖြင့် ပယ်စွန့်အပ်ကုန်သော်လည်း ထိုကာမရာဂဗျာပါဒတို့ကို အနာဂါမိမဂ်ဖြင့်သာလျှင် စင်စစ် အကြွင်းမရှိသောအားဖြင့် ပယ်ဖျက်နိုင်ခြင်းဖြစ်ရကား အစ္စန္တစသည်ဖြင့် ထပ်၍ မေးပြန်သည်။
၄။ ထိုသို့သဘောရှိသော ပယ်စွန့်မှုမျိုး မရှိနိုင်သောကြောင့် ပရ၀ါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ အနာဂါမိမဂ္ဂဋ္ဌာန်နှင့်တကွ ပုထုဇဉ်ကို ရောနှော၍ မေးသောဝါဒ ဖြစ်သည်။
၆။ အနာဂါမိမဂ္ဂဋ္ဌာန်နှင့်တကွ ပုထုဇဉ်ကို ရောနှော၍ မေးသောဝါဒ ဖြစ်သည်။
၇။ ဈာန်ရသော အနာဂါမ်၏ အဖြစ်ကို ရည်ရွယ်၍ ပရ၀ါဒီက ဝန်ခံသည်။
၈။ သောတာပတ္တိမဂ်ဖြင့် ဥဒ္ဓံဘာဂိယသံယောဇဉ်တို့ကို ပယ်ဖျက်နိုင်ခြင်း မရှိသောကြောင့် ပရ၀ါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၉။ ထိုသို့သဘောရှိသော ဘာ၀နာ၏ မရှိသောကြောင့် ပရ၀ါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၀။ တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် မဂ်သုံးပါးတို့ ကိလေသာတို့ကို ပယ်ဖျက်ခြင်းကိစ္စ ဖြစ်နိုင်သည်ကို ရည်ရွယ်၍ ပရ၀ါဒီက ဝန်ခံပြန်သည်။
၁၁။ ဈာန်နှင့် ယှဉ်သော အနာဂါမ်၏ အဖြစ်ကို ရည်ရွယ်၍ ဖြေဆိုသည်။
၁၂။ ကိလေသာသုံးပါးတို့၏ အနာဂါမိမဂ်ဖြင့် မပယ်အပ်သည့်အဖြစ်ကြောင့် ပရ၀ါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

## ၂-သုတ္တာဟရဏကထာ

၂၈၁။ သကဝါဒီ။ ။ အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။[၁]

သကဝါဒီ။ ။ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မြတ်စွာဘုရားဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း ပယ်စွန့်၏ဟူ၍ကား မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသောဗျာပါဒကိုလည်းကောင်း ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသောဗျာပါဒကိုလည်းကောင်း ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ကာမရာဂနှင့် ဗျာပါဒတို့၏ ခေါင်းပါးခြင်းကြောင့် သကဒါဂါမိဖိုလ်ကို မြတ်စွာဘုရားဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမရာဂနှင့် ဗျာပါဒတို့ ခေါင်းပါးခြင်းကြောင့် သကဒါဂါမိဖိုလ်ကို မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အနာဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း ပယ်စွန့်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမတို့၌ တပ်စွန်းမှု 'ရာဂ' ကင်းသည် ဖြစ်၍ တရားကို သိသည်နှင့်တစ်ပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် တရားကို (ထိုးထွင်း၍) သိကုန်၏၊ ထိုအလုံးစုံသောပုဂ္ဂိုလ်တို့သည် တရားကို သိသည်နှင့် တစ်ပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အခြံအရံ (အကျော်အစော) ရှိကုန်သော ၊ စိမ်းရွှေ (ညှိုဟောက်) သော (ကာမ) အနံ့မရှိကုန်သော ၊ သနားခြင်း၌ သက်ဝင်ကုန်သော ၊ ကာမသံယောဇဉ်ကို လွန်မြောက်ကုန်သော အကြင်ဆရာခြောက်ဦးတို့သည် အတိတ်အဖို့ (ကာလ) ၌ ဖြစ်ဖူးကုန်၏၊ ထိုဆရာခြောက်ဦးတို့သည်လိုချင်တပ်စွန်းမှု 'ကာမရာဂ'ကို ကင်းပြတ်စေ၍ ဖြဟ္မာ့ဘုံသို့ ကပ်ရောက်ကုန်၏။ စိမ်းရွှေ (ညှိုဟောက်) သော (ကာမ) အနံ့ မရှိကုန်သော ၊ သနားခြင်း၌ သက်ဝင် ကုန်သော ၊ ကာမသံယောဇဉ်ကို လွန်မြောက်ကုန်သော ထိုဆရာခြောက်ဦးတို့၏ အရာမကများစွာသော တပည့်တို့သည် ရှိခဲ့ကုန်၏၊ ထိုတပည့်တို့သည်လည်း လိုချင်တပ်စွန်းမှု 'ကာမရာဂ' ကို ကင်းပြတ်စေ၍ဖြဟ္မာ့ဘုံသို့ ကပ်ရောက်ကုန်၏"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာမဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏။

သကဝါဒီ။ ။ ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သုနေတ္တမည်သော ထိုဆရာသည် ဤမျှရှည်သော အသက်ရှိသူ ဤမျှကြာမြင့်စွာ တည်ခြင်းရှိသူ ဖြစ်ပါလျက် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း လွန်စွာ ပင်ပန်းခြင်းတို့မှ မလွတ်မြောက်သူ ဆင်းရဲမှ မလွတ်မြောက်သူဖြစ်၏ဟူ၍ (ငါဘုရား) ဟောတော်မူ၏။ ထိုသို့ မလွတ်မြောက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ တရားလေးပါးတို့ကို လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့်တည်း။ အဘယ်တရားလေးပါးတို့ကိုလျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် (မလွတ်မြောက်သူ ဖြစ်သနည်း)၊ မြတ်သော သီလကိုလျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့်၊ မြတ်သော သမာဓိကို၊ မြတ်သော ပညာကို၊ မြတ်သော နိဗ္ဗာန်ကို လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် (ဆင်းရဲမှ မလွတ်မြောက်သူဟူ၍ငါဘုရား ဟောတော်မူ၏)။

ရဟန်းတို့ (အကြင်ပုဂ္ဂိုလ်သည် ) ထိုမြတ်သော သီလကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော သမာဓိကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော ပညာကို လျော်စွာသိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော နိဗ္ဗာန်ကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ (ထိုပုဂ္ဂိုလ်သည် ) ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' ကို ဖြတ်ပြီးပြီ၊ ဘဝကို ဆွဲဆောင်ကြောင်း (တဏှာ) ကုန်ခန်းပြီ၊ တစ်ဖန်ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီဟူ၍လည်းကောင်း။ အမြတ်ဆုံးဖြစ်သော သီလကိုလည်းကောင်း၊ သမာဓိကိုလည်းကောင်း၊ ပညာကို လည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း ဤတရားတို့ကို အခြံအရံ အကျော်အစော ရှိတော်မူသောဂေါတမမြတ်စွာဘုရားသည် လျော်စွာ သိအပ်ကုန်ပြီ။ ဤသို့ထူးသောညာဏ်ဖြင့် သိခြင်းကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အား တရားကို ဟောတော်မူပြီ၊ လူနတ်တို့ ဆရာ မြတ်စွာဘုရားသည် ဆင်းရဲခြင်း၏ အဆုံးကို ပြုတော်မူ၏၊ ပညာမျက်စိရှိတော်မူသောမြတ်စွာဘုရားသည် ငြိမ်းအေး တော်မူလေပြီ"ဟူ၍လည်းကောင်း မြတ်စွာဘုရားသည် ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပုထုဇဉ်သည် ကာမရာဂနှင့် ဗျာပါဒကို ပယ်စွန့်၏ဟူ၍ မဆိုသင့်။

**ဇဟတိကထာ ပြီး၏။**

------

၁။ သောတာပတ္တိမဂ်၏သာလျှင် ဈာန်နှင့်ယှဉ်သော အနာဂါမိမဂ်၏ အဖြစ်ကိုရည်ရွယ်၍ ဝန်ခံပြန်သည်။

## ၅–သဗ္ဗမတ္ထီတိကထာ

(ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ။ပ။ အယံဝုစ္စတိ ရူပက္ခန္ဓော ဤသို့အစရှိသည်ကို ဟောတော်မူသောကြောင့် အတိတ်စသည် ပြားကုန်သော တရားအားလုံးတို့သည် ခန္ဓာသဘောကို မစွန့်ကြကုန်၊ ထို့ကြောင့် အလုံးစုံသော တရားသည် ရှိသည်မည်၏ဟု အယူရှိကြကုန်သော ပရဝါဒီဆရာတို့၏ အယူကို သုတ်သင်တော်မူလိုသောကြောင့် ဤသဗ္ဗမတ္ထီတိကထာကို ဟောတော်မူရသည်။)

------

## ၁–ဝါဒယုတ္တိ

၂၈၂။ သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ[၁]။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော ကိုယ်၌ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော အချိန် (ကာလ)တို့၌ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော အချင်းခပ်သိမ်း အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော တရားတို့၌ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မယုဥ်ဟု (နှလုံး) ပြု၍ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အကြင်အရာဝတ္ထုသည်လည်း မရှိ၊ ထိုအရာဝတ္ထုသည်လည်း ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော တရားသည် ရှိ၏ဟူသော (သင်၏) အကြင်အယူသည် ရှိ၏၊ ထိုအယူသည် မိစ္ဆာဒိဋ္ဌိ 'မှားသော အယူ'ဟူ၍လည်းကောင်း၊ (ငါတို့၏) အကြင်အယူသည် ရှိ၏၊ ထိုအယူသည်သမ္မာဒိဋ္ဌိ 'မှန်သော အယူ'ဟူ၍လည်းကောင်း ဤသို့ (သင်၏ အယူ၌) ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ [အကျဉ်းချုံးထား၏။]

**ဝါဒယုတ္တိ ပြီး၏။**

------

၁။ ဤကထာ၌ ပရဝါဒီအရ သဗ္ဗမတ္ထိဂိုဏ်းသားတို့ကို ယူ။

♣

## ၂-ကာလသံသန္ဒနာ

၂၈၃။ သကဝါဒီ။ ။ လွန်ပြီးသော 'အတိတ်' သည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လွန်ပြီးသော 'အတိတ်' သည် ချုပ်ပြီး ကင်းပြတ်ပြီး ဖောက်ပြန်ပျက်စီးခဲ့ပြီး ကွယ်ပြီးကွယ်ပျောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လွန်ပြီးသော 'အတိတ်' သည် ချုပ်ပြီး ကင်းပြတ်ပြီး ဖောက်ပြန်ပျက်စီးခဲ့ပြီး ကွယ်ပြီး ကွယ်ပျောက်ပြီးဖြစ်ခဲ့ပါမူ လွန်ပြီးသော 'အတိတ်' သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မရောက်သေးသော 'အနာဂတ်' သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မရောက်သေးသော 'အနာဂတ်' သည် မဖြစ်သေးသည် မထင်ရှားသေးသည် ကောင်းစွာမဖြစ်သေးသည် မဖြစ်ပေါ်သေးသည် အသစ် မဖြစ်သေးသည် ထင်ရှား မဖြစ်ပေါ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

အရှင်ပရဝါဒီ။ ။ မရောက်သေးသော 'အနာဂတ်' သည် မဖြစ်သေးသည် မထင်ရှားသေးသည်ကောင်းစွာ မဖြစ်သေးသည် မဖြစ်ပေါ်သေးသည် အသစ် မဖြစ်သေးသည် ထင်ရှား မဖြစ်ပေါ်သေးသည်ဖြစ်ခဲ့ပါမူ မရောက်သေးသော 'အနာဂတ်' သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖြစ်ဆဲ 'ပစ္စုပ္ပန်' သည် ရှိသလော၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' သည် မချုပ် မဖောက်ပြန် မပျက်စီးမကွယ်ပျောက်သလော။

ပရဝါဒီ။ ။ သြော် မကွယ်ပျောက်ပါ။

သကဝါဒီ။ ။ လွန်ခဲ့ပြီးသော 'အတိတ်' သည် ရှိသလော၊ လွန်ခဲ့ပြီးသော 'အတိတ်' သည် မချုပ်မကင်းပြတ် မဖောက်ပြန် မပျက်စီး မကွယ်ပျောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖြစ်ဆဲ 'ပစ္စုပ္ပန်' သည် ရှိဆဲလော၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' သည် ဖြစ်ဆဲလော၊ ထင်ရှားဆဲလော၊ ကောင်းစွာ ဖြစ်ဆဲလော၊ ဖြစ်ဆဲလော၊ အသစ် ဖြစ်ဆဲလော၊ ထင်ရှား ဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပေါ်ဆဲ ဖြစ်ပါ၏။

သကဝါဒီ။ ။ မရောက်သေးသော 'အနာဂတ်' သည် ရှိသလော၊ မရောက်သေးသော 'အနာဂတ်' သည်ဖြစ်ဆဲလော၊ ထင်ရှားဆဲလော၊ ဖြစ်ပေါ်ဆဲလော၊ အသစ် ဖြစ်ဆဲလော၊ ထင်ရှား ဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်သည် ရှိသလော၊ အတိတ်သည် ချုပ်ပြီးလော၊ ကင်းပြတ်ပြီးလော၊ ဖောက်ပြန်ပျက်စီးပြီးလော၊ ကွယ်ပြီးလော၊ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ သြော် ကွယ်ပျောက်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်သည် ရှိသလော၊ ပစ္စုပ္ပန်သည် ချုပ်ပြီးလော၊ ကင်းပြတ်ပြီးလော၊ ဖောက်ပြန်ပျက်စီးပြီးလော၊ ကွယ်ပြီးလော၊ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်သည် ရှိသလော၊ အနာဂတ်သည် မဖြစ်သေးသလော၊ မထင်ရှားသေးသလော၊ ကောင်းစွာ မဖြစ်သေးသလော၊ မဖြစ်ပေါ်သေးသလော၊ အသစ် မဖြစ်သေးသလော၊ ထင်ရှားမဖြစ်သေးသလော။

ပရဝါဒီ။ ။ သြော် ထင်ရှား မဖြစ်သေးပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်သည် ရှိသလော၊ ပစ္စုပ္ပန်သည် မဖြစ်သေးသလော၊ မထင်ရှားသေးသလော၊ ကောင်းစွာ မဖြစ်သေးသလော၊ အသစ် မဖြစ်သေးသလော၊ ထင်ရှား မဖြစ်သေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၈၄။ သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ချုပ်ပြီးသည် ကင်းပြတ်ပြီးသည် ဖောက်ပြန်ပျက်စီးပြီးသည်ကွယ်ပြီးသည် ကွယ်ပျောက်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်ရုပ်သည် ချုပ်ပြီးဖြစ်ခဲ့ပါမူ။ပ။ ကွယ်ပျောက်ပြီးဖြစ်ခဲ့ပါမူအတိတ်ရုပ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် မဖြစ်သေးသည် မထင်ရှားသေးသည် ကောင်းစွာ မဖြစ်သေးသည်မဖြစ်ပေါ်သေးသည် အသစ် မဖြစ်သေးသည် ထင်ရှားစွာ မဖြစ်ပေါ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်ရုပ်သည် မဖြစ်သေးခဲ့ပါမူ။ပ။ ထင်ရှားစွာ မဖြစ်ပေါ်သေးခဲ့ပါမူအနာဂတ်ရုပ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသလော၊ ပစ္စုပ္ပန်ရုပ်သည် မချုပ်သလော၊ မကင်းပျောက်သလော၊ မဖောက်ပြန် မပျက်စီးသလော၊ မကွယ်သလော၊ မကွယ်ပျောက်သလော။

ပရဝါဒီ။ ။ သြော် မကွယ်ပျောက်ပါ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော၊ အတိတ်ရုပ်သည် မချုပ်သလော၊ မကင်းပျောက်သလော၊ မဖောက်ပြန် မပျက်စီးသလော၊ မကွယ်သလော၊ မကွယ်ပျောက်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသလော၊ ပစ္စုပ္ပန်ရုပ်သည် ဖြစ်ဆဲလော၊ ထင်ရှားဆဲလော၊ ကောင်းစွာဖြစ်ဆဲလော၊ ဖြစ်ပေါ်ဆဲလော၊ အသစ် ဖြစ်ဆဲလော၊ ထင်ရှား ဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပေါ်ဆဲပါ။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသလော၊ အနာဂတ်ရုပ်သည် ဖြစ်ဆဲလော၊ ထင်ရှားဆဲလော၊ ကောင်းစွာ ဖြစ်ဆဲလော၊ ဖြစ်ပေါ်ဆဲလော၊ အသစ် ဖြစ်ဆဲလော၊ ထင်ရှား ဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော၊ အတိတ်ရုပ်သည် ချုပ်ပြီးလော၊ ကင်းပျောက်ပြီးလော၊ ဖောက်ပြန် ပျက်စီးပြီးလော၊ ကွယ်ပြီးလော၊ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ သြော် ကွယ်ပျောက်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသလော၊ ပစ္စုပ္ပန်ရုပ်သည် ချုပ်ပြီးလော၊ ကင်းပျောက်ပြီးလော၊ ဖောက်ပြန် ပျက်စီးပြီးလော၊ ကွယ်သလော၊ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသလော၊ အနာဂတ်ရုပ်သည် မဖြစ်သေးသလော၊ မထင်ရှားသေးသလော၊ ကောင်းစွာ မဖြစ်သေးသလော၊ မဖြစ်ပေါ်သေးသလော၊ အသစ် မဖြစ်သေးသလော၊ ထင်ရှား မဖြစ်ပေါ်သေးသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပေါ်သေးပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသလော၊ ပစ္စုပ္ပန်ရုပ်သည် မဖြစ်သေးသလော၊ မထင်ရှားသေးသလော၊ ကောင်းစွာ မဖြစ်သေးသလော၊ မဖြစ်ပေါ်သေးသလော၊ အသစ် မဖြစ်သေးသလော၊ ထင်ရှားမဖြစ်သေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ အတိတ်ဝေဒနာသည် ရှိသလော။ပ။ သညာသည် ရှိသလော၊ သင်္ခါရတို့သည်ရှိကုန်သလော၊ ဝိညာဏ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ချုပ်ပြီးသည် ကင်းပျောက်ပြီးသည် ဖောက်ပြန်ပျက်စီးပြီးသည်ကွယ်ပြီးသည် ကွယ်ပျောက်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်ဝိညာဏ်သည် ချုပ်ပြီးဖြစ်ခဲ့ပါမူ။ပ။ ကွယ်ပျောက်ပြီးဖြစ်ခဲ့ပါမူအတိတ်ဝိညာဏ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် မဖြစ်သေးသည် မထင်ရှားသေးသည် ကောင်းစွာမဖြစ်သေးသည်မဖြစ်ပေါ်သေးသည် အသစ် မဖြစ်သေးသည် ထင်ရှားစွာ မဖြစ်ပေါ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်ဝိညာဏ်သည် မဖြစ်သေးခဲ့ပါမူ။ပ။ ထင်ရှားစွာ မဖြစ်ပေါ်သေးခဲ့ပါမူ အနာဂတ်ဝိညာဏ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော၊ ပစ္စုပ္ပန်ဝိညာဏ်သည် မချုပ်သလော။ပ။ မကွယ်ပျောက်ပါသလော။

ပရဝါဒီ။ ။ ဩော် မကွယ်ပျောက်ပါ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသလော၊ အတိတ်ဝိညာဏ်သည် မချုပ်သလော။ပ။ မကွယ်ပျောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော၊ ပစ္စုပ္ပန်ဝိညာဏ်သည် ဖြစ်ဆဲလော။ပ။ ထင်ရှားဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ ဩော် ထင်ရှားဖြစ်ပေါ်ဆဲပါ။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသလော၊ အနာဂတ်ဝိညာဏ်သည် ဖြစ်ဆဲလော။ပ။ ထင်ရှားဖြစ်ပေါ်ဆဲလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသလော၊ အတိတ်ဝိညာဏ်သည် ချုပ်ပြီးလော။ပ။ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ ဩော် ကွယ်ပျောက်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော၊ ပစ္စုပ္ပန်ဝိညာဏ်သည် ချုပ်ပြီးလော။ပ။ ကွယ်ပျောက်ပြီးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသလော၊ အနာဂတ်ဝိညာဏ်သည် မဖြစ်သေးသလော။ပ။ ထင်ရှား မဖြစ်ပေါ်သေးသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပေါ်သေးပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော၊ ပစ္စုပ္ပန်ဝိညာဏ်သည် မဖြစ်သေးသလော။ပ။ ထင်ရှားမဖြစ်ပေါ်သေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

၂၈၅။ သကဝါဒီ။ ။ ပစ္စုပ္ပန်ဟူ၍လည်းကောင်း ရုပ်ဟူ၍လည်းကောင်း, ရုပ်ဟူ၍လည်းကောင်း ပစ္စုပ္ပန်ဟူ၍လည်းကောင်း, ပစ္စုပ္ပန်နှင့် ရုပ်ကို မဝေဖန်အပ်သည်ကို ပြု၍ ပစ္စုပ္ပန်သည် ဤရုပ်လော၊ ဤရုပ်သည် ပစ္စုပ္ပန်လော၊ ပစ္စုပ္ပန်နှင့် ရုပ်သည် တူသောအနက် ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုပစ္စုပ္ပန်ကြောင့် ရုပ် ထိုရုပ်ကြောင့် ပစ္စုပ္ပန်ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ချုပ်လတ်သော် ပစ္စုပ္ပန်အဖြစ်ကို ပယ်စွန့်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ရုပ်အဖြစ်ကို ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။[၁]

သကဝါဒီ။ ။ ပစ္စုပ္ပန်ဟူ၍လည်းကောင်း, ရုပ်ဟူ၍လည်းကောင်း၊ ရုပ်ဟူ၍လည်းကောင်း, ပစ္စုပ္ပန်ဟူ၍လည်းကောင်း ပစ္စုပ္ပန်နှင့် ရုပ်ကို မဝေဖန်အပ်သည်ကို ပြု၍ ပစ္စုပ္ပန်သည် ဤရုပ်လော၊ ဤရုပ်သည်ပစ္စုပ္ပန်လော၊ ပစ္စုပ္ပန်နှင့် ရုပ်သည် တူသောအနက် ရှိသလော၊ တူသလော၊ တူသောအဖို့ ရှိသလော၊ ထိုပစ္စုပ္ပန်ကြောင့် ရုပ်, ထိုရုပ်ကြောင့် ပစ္စုပ္ပန် ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ချုပ်လတ်သော် ရုပ်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။[၂]

သကဝါဒီ။ ။ ပစ္စုပ္ပန်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အဖြူရောင်ဟူ၍လည်းကောင်း, အဝတ်ဟူ၍လည်းကောင်း၊ အဝတ်ဟူ၍လည်းကောင်း, အဖြူရောင်ဟူ၍လည်းကောင်း အဖြူရောင်နှင့် အဝတ်ကို မဝေဖန်အပ်သည်ကို ပြု၍ ဤအဖြူသည် ဤအဝတ်လော၊ ဤအဝတ်သည် ဤအဖြူလော၊ အဖြူရောင်နှင့် အဝတ်သည် တူသောအနက် ရှိသလော၊ တူသလော၊ တူသောအဖို့ ရှိသလော၊ ထိုအဖြူရောင်ကြောင့် အဝတ် ထိုအဝတ်ကြောင့် အဖြူရောင်ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၃]

ပရဝါဒီ။ ။ ဖြူသော အဝတ်ကို ဆေးဆိုးလတ်သော် အဖြူ၏ အဖြစ်ကို စွန့်သလော။

သကဝါဒီ။ ။ သြော် စွန့်ပါ၏။[၄]

ပရဝါဒီ။ ။ အဝတ်၏ အဖြစ်ကို စွန့်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။[၅]

ပရဝါဒီ။ ။ အဖြူရောင်ဟူ၍လည်းကောင်း, အဝတ်ဟူ၍လည်းကောင်း၊ အဝတ်ဟူ၍လည်းကောင်း, အဖြူရောင်ဟူ၍လည်းကောင်း အဖြူရောင်နှင့် အဝတ်ကို မဝေဖန်အပ်သည်ကို ပြု၍ ဤအဖြူသည်ဤအဝတ်လော၊ ဤအဝတ်သည် ဤအဖြူလော၊

အဖြူရောင်နှင့် အဝတ်သည် တူသောအနက် ရှိသလော၊ တူသလော၊ တူသော အဖို့ ရှိသလော၊ ထိုအဖြူရောင်ကြောင့် အဝတ် ထိုအဝတ်ကြောင့် အဖြူရောင်ဖြစ်သလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ ဖြူသော အဝတ်ကို ဆေးဆိုးလတ်သော် အဝတ်၏ အဖြစ်ကို မစွန့်သလော။

သကဝါဒီ။ ။ သြော် မစွန့်ပါ။

ပရဝါဒီ။ ။ အဖြူရောင်အဖြစ်ကို မစွန့်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၈၆။ သကဝါဒီ။ ။ ရုပ်သည် ရုပ်၏ အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ ရုပ်သည် မြဲသလော၊ ခိုင်ခံ့သလော၊ အမြဲထင်ရှားရှိသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ ရုပ်သည် ရုပ်၏အဖြစ်ကို မစွန့်ဟု နှလုံးပြု၍ ရုပ်သည် မမြဲသည် မဟုတ်ပါလော၊ မခိုင်ခံ့သည် မဟုတ်ပါလော၊ ထင်ရှားမရှိသည် မဟုတ်ပါလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်သည် မမြဲခဲ့ပါမူ မခိုင်ခံ့ခဲ့ပါမူ အမြဲထင်ရှား မရှိခဲ့ပါမူ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိခဲ့ပါမူ ရုပ်သည် ရုပ်၏ အဖြစ်ကို မစွန့်ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟု နှလုံးပြု၍ နိဗ္ဗာန်သည် မြဲသလော၊ ခိုင်ခံ့သလော၊ အမြဲထင်ရှားရှိသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသလော။

ပရဝါဒီ။ ။ သြော် ပျက်စီးခြင်း မရှိပါ။

သကဝါဒီ။ ။ ရုပ်သည် ရုပ်၏ အဖြစ်ကို မစွန့်ဟု နှလုံးပြု၍ ရုပ်သည် မြဲသလော၊ ခိုင်ခံ့သလော၊ အမြဲထင်ရှားရှိသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ရုပ်၏ အဖြစ်ကို မစွန့်ဟု နှလုံးပြု၍ ရုပ်သည် မမြဲသလော၊ မခိုင်ခံ့သလော၊ အမြဲထင်ရှား မရှိသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိသလော။

ပရဝါဒီ။ ။ သြော် ပျက်စီးခြင်းရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် နိဗ္ဗာန်၏ အဖြစ်ကို မစွန့်ဟု နှလုံးပြု၍ နိဗ္ဗာန်သည် မမြဲသလော၊ မခိုင်ခံ့သလော၊ အမြဲထင်ရှား မရှိသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။[၆]

သကဝါဒီ။ ။ အနာဂတ်သည် ရှိသည်ဖြစ်၍ အနာဂတ်သည် အနာဂတ်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၇]

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ အနာဂတ်သည် ရှိသည်ဖြစ်၍ အနာဂတ်သည် အနာဂတ်၏ အဖြစ်ကို စွန့်သလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကို စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်၏ အဖြစ်ကို စွန့်သလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကို စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကို မစွန့်သလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ အတိတ်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောမရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်သည် အကယ်၍ မမြဲခဲ့ပါမူ မခိုင်ခံ့ခဲ့ပါမူ အမြဲထင်ရှား မရှိခဲ့ပါမူဖောက်ပြန်ပျက်စီးခြင်းသဘော ရှိခဲ့ပါမူ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ်သည် အတိတ်၏ အဖြစ်ကိုမစွန့်ဟု မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်အဖြစ်ကို မစွန့်ဟု နလုံးပြုလျက်နိဗ္ဗာန်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ် သည် အတိတ်၏ အဖြစ်ကို မစွန့်ဟု နလုံးပြုလျက် အတိတ်သည် မြဲသည် ခိုင်ခံ့သည် ထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်သည် ရှိသည်ဖြစ်၍ အတိတ် သည် အတိတ်၏ အဖြစ်ကို မစွန့်ဟု နလုံး ပြုလျက်အတိတ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်း သဘော ရှိသည်ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟု နလုံးပြုလျက်နိဗ္ဗာန်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၈၇။ သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် မစွန့်ပါ။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသည်ဖြစ်၍ အနာဂတ်ရုပ်သည် အနာဂတ်၏အဖြစ်ကို မစွန့်ပါ့သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏ အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် မစွန့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ပစ္စုပ္ပန်၏ အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသည်ဖြစ်၍ အနာဂတ်ရုပ်သည် အနာဂတ်၏ အဖြစ်ကို စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏ အဖြစ်ကို စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ပစ္စုပ္ပန်၏ အဖြစ်ကို စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏ အဖြစ်ကို စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏ အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောမရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ် သည် မမြဲခဲ့ပါမူ။ပ။ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိခဲ့ပါမူအတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏ အဖြစ်ကို မစွန့်ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟု နှလုံးပြုလျက်နိဗ္ဗာန်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏အဖြစ်ကို မစွန့်ဟုနှလုံးပြုလျက် အတိတ်ရုပ်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောမရှိသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသည်ဖြစ်၍ အတိတ်ရုပ်သည် အတိတ်၏အဖြစ်ကို မစွန့်ဟုနလုံးပြုလျက် အတိတ်ရုပ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟု နလုံးပြုလျက်နိဗ္ဗာန်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဝေဒနာသည် ရှိသည်။ အတိတ်သညာသည် ရှိသည်။ အတိတ်သင်္ခါရတို့သည်ရှိကုန်သည်။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အနာဂတ်ဝိညာဏ်သည် အနာဂတ်၏ အဖြစ်ကိုမစွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကိုမစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် ပစ္စုပ္ပန်၏အဖြစ်ကို မစွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အနာဂတ်ဝိညာဏ်သည် အနာဂတ်၏အဖြစ်ကိုစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကိုစွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် ပစ္စုပ္ပန်၏အဖြစ်ကို စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကိုစွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကိုမစွန့်ပါသလော။

ပရဝါဒီ။ ။ သြော် မစွန့်ပါ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်ဝိညာဏ်သည် မမြဲ မခိုင်ခံ့ အမြဲထင်ရှား မရှိ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိခဲ့ပါမူ အတိတ်ဝိညာဏ်သည် ရှိသည် ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏အဖြစ်ကို မစွန့်ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟုနလုံးပြုလျက်နိဗ္ဗာန်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ခြင်းသဘော မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏အဖြစ်ကို မစွန့်ဟုနလုံးပြုလျက် အတိတ်ဝိညာဏ်သည် မြဲသည် ခိုင်ခံ့သည် အမြဲထင်ရှားရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသည်ဖြစ်၍ အတိတ်ဝိညာဏ်သည် အတိတ်၏ အဖြစ်ကို မစွန့်ဟုနလုံးပြုလျက် အတိတ်ဝိညာဏ်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်သည် နိဗ္ဗာန်၏အဖြစ်ကို မစွန့်ဟုနလုံးပြုလျက်နိဗ္ဗာန်သည် မမြဲသည် မခိုင်ခံ့သည် အမြဲထင်ရှား မရှိသည် ဖောက်ပြန်ခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ ဝစနသောဓနာ

၂၈၈။ သကဝါဒီ။ ။ အတိတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အတိတ် မရှိခဲ့ပါမူ အတိတ်ရှိ၏ဟူသောစကားသည် မှား၏၊ သို့မဟုတ် ရှိသောသဘောသည် အတိတ် မဟုတ်ခဲ့ပါမူ ရှိသောသဘောသည် အတိတ်ဖြစ်၏ဟူသောစကားသည် မှား၏။

သကဝါဒီ။ ။ အနာဂတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အနာဂတ် မရှိခဲ့ပါမူ အနာဂတ်ရှိ၏ဟူသောစကားသည် မှား၏၊ သို့မဟုတ် ရှိသောသဘောသည် အနာဂတ် မဟုတ်ခဲ့ပါမူ ရှိသောသဘောသည် အနာဂတ်ဖြစ်၏ဟူသောစကားသည် မှား၏။

သကဝါဒီ။ ။ အနာဂတ် ဖြစ်ပြီး၍ ပစ္စုပ္ပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၉]

သကဝါဒီ။ ။ ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန်လော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၁၀]

သကဝါဒီ။ ။ (အနာဂတ်) ဖြစ်ပြီး၍ (ပစ္စုပ္ပန်) ဖြစ်သလော၊ (ပစ္စုပ္ပန်) ဖြစ်လျက်ပင် (အနာဂတ်) ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

သကဝါဒီ။ ။ (အနာဂတ်) ဖြစ်ပြီး၍ (ပစ္စုပ္ပန်) ဖြစ်သလော၊ (ပစ္စုပ္ပန်) ဖြစ်လျက်ပင် အနာဂတ်ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။[၁၂]

သကဝါဒီ။ ။ (အနာဂတ်) မဖြစ်မူ၍ (ပစ္စုပ္ပန်) မဖြစ်ပါသလော၊ (ပစ္စုပ္ပန်) မဖြစ်မူ၍ အနာဂတ် မဖြစ်ပါ့သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၃]

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်သည်ပင် ထိုအတိတ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၄]

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်သည်ပင် ထိုအတိတ်ဖြစ်သလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၁၅]

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သလော၊ အတိတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၆]

သကဝါဒီ။ ။ (ပစ္စုပ္ပန်) ဖြစ်၍ (အတိတ်) ဖြစ်သလော၊ (အတိတ်) ဖြစ်၍ (ပစ္စုပ္ပန်) ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။[၁၇]

သကဝါဒီ။ ။ (ပစ္စုပ္ပန်) မဖြစ်မူ၍ (အတိတ်) မဖြစ်သလော၊ (အတိတ်) မဖြစ်မူ၍ (ပစ္စုပ္ပန်) မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်သလော၊ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန် ထိုအတိတ်လေလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန်လေလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (အနာဂတ်) ဖြစ်ပြီး၍ (ပစ္စုပ္ပန်, အတိတ်) ဖြစ်သလော၊ (ပစ္စုပ္ပန်,အတိတ်) ဖြစ်ပြီး၍ (အနာဂတ်) ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အနာဂတ်) ဖြစ်ပြီး၍ (ပစ္စုပ္ပန်,အတိတ်) ဖြစ်သလော၊ (ပစ္စုပ္ပန်,အတိတ်) ဖြစ်ပြီး၍ (အနာဂတ်) ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (အနာဂတ်) မဖြစ်မူ၍ (ပစ္စုပ္ပန်,အတိတ်) မဖြစ်သလော၊ (ပစ္စုပ္ပန်,အတိတ်) မဖြစ် မူ၍ (အနာဂတ်) မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

## အတီတစက္ခုရူပါဒိကထာ

၂၈၉။ သကဝါဒီ။ ။ အတိတ်ဖြစ်သောစက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၁၈]

သကဝါဒီ။ ။ အတိတ်စက္ခုဖြင့် အတိတ်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၉]

သကဝါဒီ။ ။ အတိတ်ဖြစ်သော သောတသည် ရှိသလော၊ သဒ္ဒါရုံတို့သည် ရှိကုန်သလော၊ သောတဝိညာဏ်သည် ရှိသလော၊ အာကာသသည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်သောတဖြင့် အတိတ်သဒ္ဒါရုံကို ကြားသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ဃာနသည် ရှိသလော၊ ဂန္ဓာရုံတို့သည် ရှိကုန်သလော၊ ဃာနဝိညာဏ်သည် ရှိသလော၊ ဝါယောဓာတ်သည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ဃာနဖြင့် အတိတ်ဂန္ဓာရုံကို နံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ဇိဝှါသည် ရှိသလော၊ ရသာရုံတို့သည် ရှိကုန်သလော၊ ဇိဝှါဝိညာဏ်သည် ရှိသလော၊ အာပေါဓာတ်သည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ဇိဝှါဖြင့် အတိတ်ရသာရုံကို လျက်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ကာယသည် ရှိသလော၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ရှိကုန်သလော၊ ကာယဝိညာဏ်သည် ရှိသလော၊ ပထဝီဓာတ်သည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ကာယဖြင့် အတိတ်ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်မနောဖြင့် အတိတ်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်စက္ခုဖြင့် အနာဂတ်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော သောတသည် ရှိသလော၊ ဃာနသည် ရှိသလော၊ ဇိဝှါသည်ရှိသလော၊ ကာယသည် ရှိသလော၊ မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည်

ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်မနောဖြင့် အနာဂတ်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော စက္ခုသည် ရှိသလော၊ အဆင်းရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုဖြင့်ပစ္စုပ္ပန်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ သြော် မြင်ပါ၏။

သကဝါဒီ။ ။ အတိတ်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အတိတ်စက္ခုဖြင့်အတိတ်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော သောတသည် ရှိသလော၊ ဃာနသည် ရှိသလော၊ ဇိဝှါသည် ရှိသလော၊ ကာယသည် ရှိသလော၊ မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်မနောဖြင့်ပစ္စုပ္ပန်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ အတိတ်မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည်ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အတိတ်မနောဖြင့် အတိတ်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုဖြင့်ပစ္စုပ္ပန်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ သြော် မြင်ပါ၏။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သောစက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အနာဂတ်စက္ခုဖြင့်အနာဂတ်ရူပါရုံကို မြင်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော သောတသည် ရှိသလော၊ ဃာနသည် ရှိသလော၊ ဇိဝှါသည် ရှိသလော၊ ကာယသည် ရှိသလော၊ မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊

မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်မနောဖြင့်ပစ္စုပ္ပန်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အနာဂတ်မနောဖြင့်အနာဂတ်ဓမ္မာရုံကို သိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အတိတ်စက္ခုဖြင့်မူကား အတိတ်ရူပါရုံကို မမြင်ပါသလော။

ပရဝါဒီ။ ။ သြော် မမြင်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုဖြင့်မူကား ပစ္စုပ္ပန်ရူပါရုံကို မမြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ အတိတ်ဖြစ်သော သောတသည် ရှိသလော၊ ဃာနသည် ရှိသလော၊ ဇိဝှါသည်ရှိသလော၊ ကာယသည် ရှိသလော၊ မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အတိတ်မနောဖြင့်မူကား အတိတ်ဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ သြော် မသိပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်မနောဖြင့်မူကား ပစ္စုပ္ပန်ဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အနာဂတ်စက္ခုဖြင့်မူကား အနာဂတ်ရူပါရုံကို မမြင်ပါသလော။

ပရဝါဒီ။ ။ သြော် မမြင်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော စက္ခုသည် ရှိသလော၊ ရူပါရုံတို့သည် ရှိကုန်သလော၊ စက္ခုဝိညာဏ်သည် ရှိသလော၊ အာလောကသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုဖြင့်မူကား ပစ္စုပ္ပန်ရူပါရုံကို မမြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော သောတသည် ရှိသလော၊ ဃာနသည် ရှိသလော၊ ဇိဝှါသည်ရှိသလော၊ ကာယသည် ရှိသလော၊ မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ အနာဂတ်မနောဖြင့်မူကား အနာဂတ်ဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ ဩဝ် မသိပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော မနောသည် ရှိသလော၊ ဓမ္မာရုံတို့သည် ရှိကုန်သလော၊ မနောဝိညာဏ်သည် ရှိသလော၊ ဟဒယဝတ္ထုသည် ရှိသလော၊ မနသိကာရသည် ရှိသလော၊ ပစ္စုပ္ပန်မနောဖြင့်မူကား ပစ္စုပ္ပန်ဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

## အတီတဉာဏာဒိကထာ

၂၉၀။ သကဝါဒီ။ ။ အတိတ်ဖြစ်သော အသိဉာဏ်သည် ရှိသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂၀]

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်သလော။

ပရဝါဒီ။ ။ ဩဝ် ပြုလုပ်ပါ၏။[၂၁]

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကို ပွါးများသလော။[၂၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂၃]

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော အသိဉာဏ်သည် ရှိသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ပြုလုပ်ပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်စွန့်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကို ပွါးများသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကိုပြုလုပ်သလော။

ပရဝါဒီ။ ။ သြော် ပြုလုပ်ပါ၏။

သကဝါဒီ။ ။ အတိတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ် ကိစ္စကိုပြုလုပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်စွန့်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကိုပွါးများသလော။

ပရဝါဒီ။ ။ သြော် ပွါးများပါ၏။

သကဝါဒီ။ ။ အတိတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်စွန့်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကိုပွါးများသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ် ကိစ္စကိုပြုလုပ်သလော။

ပရဝါဒီ။ ။ သြော် ပြုလုပ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ် ကိစ္စကိုပြုလုပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်စွန့်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကိုပွါးများသလော။

ပရဝါဒီ။ ။ သြော် ပွါးများပါ၏။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်၍ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကိုပိုင်းခြားသိသလော၊ သမုဒယသစ္စာကို ပယ်စွန့်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုသလော၊ မဂ္ဂသစ္စာကို ပွါးများသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကိုမူကား မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော် မပြုလုပ်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကိုမူကား မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို မူကားပိုင်းခြား၍ မသိသလော၊ သမုဒယသစ္စာကိုမူကား မပယ်စွန့်ပါသလော၊ နိရောဓသစ္စာကိုမူကားမျက်မှောက် မပြုသလော၊ မဂ္ဂသစ္စာကိုမူကား မပွါးများသလော။

ပရဝါဒီ။ ။ ဩော် မပွါးများပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကိုမူကားပိုင်းခြား၍ မသိပါသလော၊ သမုဒယသစ္စာကိုမူကား မပယ်စွန့်ပါသလော၊ နိရောဓသစ္စာကိုမူကားမျက်မှောက် မပြုပါသလော၊ မဂ္ဂသစ္စာကိုမူကား မပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကိုမူကား မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဩော် မပြုလုပ်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကိုမူကား မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကိုမူကားပိုင်းခြား၍ မသိသလော၊ သမုဒယသစ္စာကိုမူကား မပယ်စွန့်သလော၊ နိရောဓသစ္စာကိုမူကား မျက်မှောက်မပြုပါသလော၊ မဂ္ဂသစ္စာကိုမူကား မပွါးများပါသလော။

ပရဝါဒီ။ ။ ဩော် မပွါးများပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော အသိဉာဏ်သည် ရှိသည်ဖြစ်လျက် ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကိုမူကားပိုင်းခြား၍ မသိပါသလော၊ သမုဒယသစ္စာကိုမူကား မပယ်စွန့်ပါသလော၊ နိရောဓသစ္စာကိုမူကားမျက်မှောက် မပြုပါသလော၊ မဂ္ဂသစ္စာကိုမူကား မပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

## အရဟန္တာဒိကထာ

၂၉၁။ သကဝါဒီ။ ။ ရဟန္တာအား အတိတ်ရာဂသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၂၄]

သကဝါဒီ။ ။ ရဟန္တာသည် ထိုရာဂဖြင့် ရာဂရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုင့်ပါ။ပ။[၂၅]

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ဒေါသသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုဒေါသဖြင့် ဒေါသရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်မောဟသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုမောဟဖြင့် မောဟရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ရဟန္တာအား အတိတ်မာနသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုမာနဖြင့် မာနရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ဒိဋ္ဌိသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ဝိစိကိစ္ဆာသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုဝိစိကိစ္ဆာဖြင့်ဝိစိကိစ္ဆာရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ထိနသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုထိနဖြင့် ထိနရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ဥဒ္ဒစ္စသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုဥဒ္ဒစ္စဖြင့် ဥဒ္ဒစ္စရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်အဟိရိကသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုအဟိရိကဖြင့် အဟိရိကရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်အနောတ္တပ္ပသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ထိုအနောတ္တပ္ပဖြင့် အနောတ္တပ္ပရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်အား အတိတ်ဝိစိကိစ္ဆာသည် ရှိသလော၊ အတိတ်သီလဗ္ဗတပရာမာသသည်ရှိသလော၊ သိမ်မွေ့သော အတိတ်ကာမရာဂသည် ရှိသလော၊ သိမ်မွေ့သော အတိတ်ဗျာပါဒသည်ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ သကဒါဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်အား အတိတ်ဝိစိကိစ္ဆာသည် ရှိသလော၊ အတိတ်သီလဗ္ဗတပရာမာသသည်ရှိသလော၊ ကြမ်းတမ်းသော အတိတ်ကာမရာဂသည် ရှိသလော၊ ကြမ်းတမ်းသော အတိတ်ဗျာပါဒသည်ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်အား အတိတ်သက္ကာယဒိဋ္ဌိသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်အား အတိတ်ဝိစိကိစ္ဆာသည် ရှိသလော၊ အတိတ်သီလဗ္ဗတပရာမာသသည်ရှိသလော၊ အပါယ်လားကြောင်း အတိတ်ရာဂသည် ရှိသလော၊ အပါယ်လားကြောင်း အတိတ်ဒေါသသည် ရှိသလော၊ အပါယ်လားကြောင်း အတိတ်မောဟသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သောတာပန်သည် ထိုမောဟဖြင့် မောဟရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၂၉၂။ သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ရာဂရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုရာဂဖြင့် ရာဂရှိသူဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ရာဂရှိသည် ဖြစ်၍ ရဟန္တာသည် ထိုရာဂဖြင့် ရာဂရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ဒေါသရှိသည် ဖြစ်၍။ပ။ အတိတ်အနောတ္တပ္ပရှိသည် ဖြစ်၍ပုထုဇဉ်သည် ထိုအနောတ္တပ္ပဖြင့် အနောတ္တပ္ပရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်အနောတ္တပ္ပရှိသည် ဖြစ်၍ ရဟန္တာသည် ထိုအနောတ္တပ္ပဖြင့်အနောတ္တပ္ပရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်၍ အနာဂါမ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်၍။ပ။ သိမ်မွေ့သော အတိတ်ဗျာပါဒ ရှိသည်ဖြစ်၍ ပုထုဇဉ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်အား သိမ်မွေ့သော အတိတ်ဗျာပါဒရှိသည် ဖြစ်၍ အနာဂါမ်သည် ထိုဗျာပါဒဖြင့်ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်၍ သကဒါဂါမ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်၍ ကြမ်းတမ်းသော အတိတ်ဗျာပါဒသည်ရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်အား ကြမ်းတမ်းသော အတိတ်ဗျာပါဒသည် ရှိသည် ဖြစ်၍ သကဒါဂါမ် သည်ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်၏။

သကဝါဒီ။ ။ သောတာပန်အား အတိတ်သက္ကာယဒိဋ္ဌိ ရှိသည် ဖြစ်၍ သောတာပန်သည် ထိုဒိဋ္ဌိဖြင့်ဒိဋ္ဌိရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်၍။ပ။ အပါယ်လားကြောင်း အတိတ်မောဟရှိသည် ဖြစ်၍ ပုထုဇဉ်သည် ထိုမောဟဖြင့် မောဟရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သောတာပန်အား အပါယ်လားကြောင်း အတိတ်မောဟရှိသည် ဖြစ်၍ သောတာပန် သည်ထိုမောဟဖြင့် မောဟရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ရာဂရှိသည် ဖြစ်လျက် ရဟန္တာသည် ထိုရာဂဖြင့် ရာဂရှိသူ မူကားမဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်ရာဂရှိသည် ဖြစ်လျက် ပုထုဇဉ်သည် ထိုရာဂဖြင့် ရာဂရှိသူ မူကားမဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား အတိတ်ဒေါသရှိသည် ဖြစ်လျက်။ပ။ အတိတ်အနောတ္တပ္ပရှိသည် ဖြစ်လျက်ရဟန္တာသည် ထိုအနောတ္တပ္ပဖြင့် အနောတ္တပ္ပရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်အနောတ္တပ္ပရှိသည်ဖြစ်လျက် ပုထုဇဉ်သည် ထိုအနောတ္တပ္ပဖြင့်အနောတ္တပ္ပရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် အနာဂါမ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်လျက်။ပ။ သိမ်မွေ့သော အတိတ်ဗျာပါဒရှိသည် ဖြစ်လျက် အနာဂါမ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူမူကား မဖြစ်သလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား သိမ်မွေ့သော အတိတ်ဗျာပါဒရှိသည် ဖြစ်လျက် ပုထုဇဉ်သည် ထိုဗျာပါဒဖြင့်ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူမူကား မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် သကဒါဂါမ်သည် ထိုဒိဋ္ဌိဖြင့်ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်လျက်။ပ။ ကြမ်းတမ်းသော အတိတ်ဗျာပါဒရှိသည် ဖြစ်လျက် သကဒါဂါမ်သည် ထိုဗျာပါဒဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား ကြမ်းတမ်းသော အတိတ်ဒေါသရှိသည် ဖြစ်လျက် ပုထုဇဉ်သည်ထိုဒေါသဖြင့် ဖောက်ပြန်ပျက်စီးသော စိတ်ရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပန်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် သောတာပန်သည် ထိုဒိဋ္ဌိဖြင့်ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အတိတ်သက္ကာယဒိဋ္ဌိရှိသည် ဖြစ်လျက် ပုထုဇဉ်သည် ထိုဒိဋ္ဌိဖြင့် ဒိဋ္ဌိရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပန်အား အတိတ်ဝိစိကိစ္ဆာရှိသည် ဖြစ်လျက်။ပ။ အပါယ်လားကြောင်း အတိတ်မောဟရှိသည် ဖြစ်လျက် သောတာပန်သည် ထိုမောဟဖြင့် မောဟရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား အပါယ်လားကြောင်း အတိတ်မောဟရှိသည်ဖြစ်လျက် ပုထုဇဉ်သည်ထိုမောဟဖြင့် မောဟရှိသူမူကား မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

## အတီတဟတ္ထာဒိကထာ

၂၉၃။ သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော လက်တို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော လက်တို့ ရှိကုန်သော် ကိုင်ယူမှု ချထားမှု ထင်ရှားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော ခြေတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော ခြေတို့ ရှိကုန်သော် ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်းထင်ရှားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော ခြေဆစ် လက်ဆစ်တို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အတိတ်ဖြစ်ကုန်သော ခြေဆစ် လက်ဆစ်တို့ ရှိကုန်သော် ကွေးခြင်း ဆန့်ခြင်းထင်ရှားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သောဝမ်းဗိုက်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ဖြစ်သောဝမ်းဗိုက်ရှိလတ်သော် ဆာလောင်ခြင်း မွတ်သိပ်ခြင်း ထင်ရှားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ကိုယ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ကိုယ်သည် ချီးမြှောက်ခြင်း နှိမ့်ချခြင်းသို့ ရောက်ပါသလော၊ ဖြတ်ခြင်းခွဲခြင်းသို့ ရောက်ပါသလော၊ ကျီး လင်းတ စွန်ရဲတို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ကိုယ်၌ အဆိပ် တက်ရာသလော၊ ဓားလက်နက် စူးရှရာသလော၊ မီးလောင်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ကိုယ်ကို နှောင်အိမ်အနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ ကြိုးအနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ သံခြေကျဉ်းအနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ ရွာအနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ နိဂုံးအနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ မြို့အနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ တိုင်းခရိုင်အနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ခြင်းငှါ လည်ပင်းလျှောင် ငါးခုမြောက်ရှိသော (လက်နှစ်ဖက်, ခြေနှစ်ဖက်) အနှောင်အဖွဲ့တို့ဖြင့် ချုပ်နှောင်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ အတိတ်ဖြစ်သော ရေသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရေဖြင့် ရေ၏ ပြုဖွယ်ကိစ္စကို ပြုလုပ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော မီးသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုမီးဖြင့် မီး၏ ပြုဖွယ်ကိစ္စကို ပြုလုပ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော လေသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုလေဖြင့် လေ၏ ပြုဖွယ်ကိစ္စကို ပြုလုပ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

## အတီတက္ခန္ဓာဒိသမောဓာနကထာ

၂၉၄။ သကဝါဒီ။ ။ အတိတ်ရူပက္ခန္ဓာသည် ရှိသလော၊ အနာဂတ်ရူပက္ခန္ဓာသည် ရှိသလော၊ ပစ္စုပ္ပန်ရူပက္ခန္ဓာသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သဝကါဒီ။ ။ ရူပက္ခန္ဓာတို့ကား သုံးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ခန္ဓာငါးပါးတို့သည် ရှိကုန်သလော၊ အနာဂတ်ခန္ဓာငါးပါးတို့သည် ရှိကုန်သလော၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ခန္ဓာတို့ကား တစ်ဆယ့်ငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခာယတနသည် ရှိသလော၊ အနာဂတ်စက္ခာယတနသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခာယတနသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခာယတနတို့သည် သုံးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်အာယတန တစ်ဆယ့်နှစ်ပါးတို့ ရှိကုန်သလော၊ အနာဂတ်အာယတနတစ်ဆယ့်နှစ်ပါးတို့ ရှိကုန်သလော၊ ပစ္စုပ္ပန်အာယတန တစ်ဆယ့်နှစ်ပါးတို့ ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အာယတနတို့ကား သုံးဆယ့်ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခုဓာတ်သည် ရှိသလော၊ အနာဂတ်စက္ခုဓာတ်သည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုဓာတ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဓာတ်တို့သည် သုံးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ အတိတ်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့သည် ရှိကုန်သလော၊ အနာဂတ်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့သည် ရှိကုန်သလော၊ ပစ္စုပ္ပန်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ခတ်တို့သည် ငါးဆယ့်လေးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခုန္ဒြေသည် ရှိသလော၊ အနာဂတ်စက္ခုန္ဒြေသည် ရှိသလော၊ ပစ္စုပ္ပန်စက္ခုန္ဒြေသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေတို့သည် သုံးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့သည် ရှိကုန်သလော၊ အနာဂတ်စက္ခုဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့သည် ရှိကုန်သလော၊ ပစ္စုပ္ပန်ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဣန္ဒြေတို့သည် ခြောက်ဆယ့်ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စကြဝတေးမင်းသည် ရှိသလော၊ အနာဂတ်စကြဝတေးမင်းသည် ရှိသလော၊ ပစ္စုပ္ပန်စကြဝတေးမင်းသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စကြဝတေးမင်း သုံးဦးတို့၏ မျက်မှောက်အဖြစ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်မြတ်စွာဘုရားသည် ရှိပါသလော၊ အနာဂတ်မြတ်စွာဘုရားသည် ရှိပါသလော၊ ပစ္စုပ္ပန် မြတ်စွာဘုရားသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သုံးဆူသော မြတ်စွာဘုရားတို့၏ မျက်မှောက်အဖြစ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

## ပဒသောဓနကထာ

၂၉၅။ သကဝါဒီ။ ။ အတိတ်သည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှိသော တရားသည် အတိတ်လော။

ပရဝါဒီ။ ။ ရှိသော တရားသည် အချို့ အတိတ်ဖြစ်ပါ၏၊ အချို့ အတိတ် မဖြစ်ပါ။

သကဝါဒီ။ ။ ဖိနိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ အတိတ်တရားသည် ရှိသည်ဖြစ်၍ ရှိသော တရားသည် အချို့ အတိတ်ဖြစ်၍ အချို့အတိတ် မဟုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အတိတ်တရားသည် အတိတ် မဟုတ်၊ အတိတ် မဟုတ်သောတရားသည် အတိတ်ဖြစ်၏ဟု ဆိုသည် မည်၏။

ထိုအမေးပုစ္ဆာ၌ အတိတ်တရားသည် ရှိ၏၊ ရှိသော တရားသည် အချို့ အတိတ်ဖြစ်၍ အချို့ အတိတ်မဟုတ်ဟု သင် ဆိုခဲ့သည်သာတည်း၊ ထို့ကြောင့် အတိတ်တရားသည် အတိတ် မဟုတ်၊ အတိတ်မဟုတ်သော တရားသည် အတိတ်ဖြစ်၏ဟူ၍ အကြင်စကားကို သင်ဆို၏၊ သင်၏ ထိုစကားသည့်မှားသောစကားသာတည်း။

အရှင်ပရဝါဒီ အတိတ်တရားသည် အတိတ် မဟုတ်၊ အတိတ် မဟုတ်သော တရားသည် အတိတ်ဖြစ်၏ဟု မဆိုအပ်ခဲ့ပါမူ အတိတ်တရားသည် ရှိ၏၊ ရှိသော တရားသည် အချို့ အတိတ်ဖြစ်၍ အချို့အတိတ် မဟုတ်ဟူ၍ မဆိုသင့်တော့ပေ။

ထိုအမေးပုစ္ဆာ၌ အတိတ်တရားသည် ရှိ၏၊ ရှိသော တရားသည် အချို့ အတိတ်ဖြစ်၍ အချို့ အတိတ်မဟုတ်ဟု သင် ဆိုခဲ့သည်သာတည်း၊ ထို့ကြောင့် အတိတ်တရားသည် အတိတ် မဟုတ်၊ အတိတ်မဟုတ်သော တရားသည် အတိတ်ဖြစ်၏ဟူ၍ အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ထိုစကားသည်မှားသောစကားသာတည်း။

သကဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရှိသောတရားသည် အနာဂတ်လော။

ပရဝါဒီ။ ။ ရှိသောတရားသည် အချို့ အနာဂတ်ဖြစ်၍ အချို့ အနာဂတ် မဟုတ်။

သကဝါဒီ။ ။ ဖိနိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ အနာဂတ်တရားသည် ရှိသည်ဖြစ်၍ ရှိသော တရားသည် အချို့ အနာဂတ်ဖြစ်၍ အချို့အနာဂတ် မဟုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အနာဂတ်တရားသည် အနာဂတ် မဟုတ်၊ အနာဂတ်မဟုတ်သော တရားသည် အနာဂတ်ဟု ဆိုသည် မည်၏။

ထိုအမေးပုစ္ဆာ၌ အနာဂတ်တရားသည် ရှိ၏၊ ရှိသော တရားသည် အချို့ အနာဂတ်ဖြစ်၍ အချို့အနာဂတ် မဟုတ်ဟု ဆိုအပ်သည်သာတည်း၊ ထို့ကြောင့် အနာဂတ်တရားသည် အနာဂတ် မဟုတ်၊ အနာဂတ် မဟုတ်သော တရားသည် အနာဂတ်ဟူ၍ အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ထိုစကားသည် မှားသောစကားသာတည်း။

အရှင်ပရဝါဒီ အနာဂတ်တရားသည် အနာဂတ် မဟုတ်၊ အနာဂတ် မဟုတ်သော တရားသည်အနာဂတ်ဖြစ်၏ဟု မဆိုအပ်ခဲ့ပါမူ အနာဂတ်တရားသည် ရှိ၏၊ ရှိသောတရားသည် အချို့ အနာဂတ်ဖြစ်၍အချို့ အနာဂတ် မဟုတ်ဟု မဆိုသင့်တော့ပေ။

ထိုအမေးပုစ္ဆာ၌ အနာဂတ်တရားသည် ရှိ၏၊ ရှိသောတရားသည် အချို့ အနာဂတ်ဖြစ်၍ အချို့အနာဂတ် မဟုတ်ဟု သင် ဆိုအပ်သည်သာတည်း၊ ထို့ကြောင့် အနာဂတ်တရားသည် အနာဂတ် မဟုတ်၊ အနာဂတ် မဟုတ်သော တရားသည် အနာဂတ်ဖြစ်၏ဟူ၍ ဆိုသင့်၏ဟူသော အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ထိုစကားသည် မှားသောစကားသာတည်း။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ရှိဆဲတရားသည် ပစ္စုပ္ပန်လော။

သကဝါဒီ။ ။ ရှိဆဲတရားသည် အချို့ ပစ္စုပ္ပန်ဖြစ်၍ အချို့ ပစ္စုပ္ပန် မဟုတ်။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်သကဝါဒီ ပစ္စုပ္ပန်တရားသည် ရှိသည်ဖြစ်၍ ရှိဆဲတရားသည် အချို့ ပစ္စုပ္ပန်ဖြစ်၍ အချို့ ပစ္စုပ္ပန်မဟုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပစ္စုပ္ပန်တရားသည် ပစ္စုပ္ပန်မဟုတ်၊ ပစ္စုပ္ပန်မဟုတ်သော တရားသည်ပစ္စုပ္ပန် ဖြစ်၏ဟူ၍ ဆိုသည် မည်၏။

ထိုအမေးပုစ္ဆာ၌ ပစ္စုပ္ပန်တရားသည် ရှိ၏၊ ရှိဆဲတရားသည် အချို့ ပစ္စုပ္ပန်ဖြစ်၍ အချို့ ပစ္စုပ္ပန်မဟုတ်ဟု သင် ဆိုအပ်သည်သာတည်း၊ ထို့ကြောင့် ပစ္စုပ္ပန်ဖြစ်သော တရားသည် ပစ္စုပ္ပန်မဟုတ်၊ ပစ္စုပ္ပန်မဟုတ်သော တရားသည် ပစ္စုပ္ပန်ဖြစ်၏ဟူ၍ အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ထိုစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ပစ္စုပ္ပန်တရားသည် ပစ္စုပ္ပန်မဟုတ်မူ၍ ပစ္စုပ္ပန်မဟုတ်သော တရားသည် ပစ္စုပ္ပန် ဖြစ်၏ဟုမဆိုအပ်ခဲ့ပါမူ ပစ္စုပ္ပန်တရားသည် ရှိ၏၊ ရှိဆဲတရားသည် အချို့ ပစ္စုပ္ပန်ဖြစ်၍ အချို့ ပစ္စုပ္ပန် မဟုတ်ဟုမဆိုသင့် တော့ပေ။

ထိုအမေးပုစ္ဆာ၌ ပစ္စုပ္ပန်တရားသည် ရှိ၏၊ ရှိဆဲတရားသည် အချို့ ပစ္စုပ္ပန်ဖြစ်၍ အချို့ ပစ္စုပ္ပန်မဟုတ်ဟု ဆိုအပ်သည်သာတည်း၊ ထို့ကြောင့် ပစ္စုပ္ပန်တရားသည် ပစ္စုပ္ပန်မဟုတ်၊ ပစ္စုပ္ပန်မဟုတ်သောတရားသည် ပစ္စုပ္ပန် ဖြစ်၏ဟူသော အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ထိုစကားသည် မှားသောစကားသာတည်း။

ပရဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ရှိဆဲတရားသည် နိဗ္ဗာန်လော။

သကဝါဒီ။ ။ ရှိဆဲတရားသည် အချို့ နိဗ္ဗာန်ဖြစ်၍ အချို့ နိဗ္ဗာန်မဟုတ်။

ပရဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို သင်ဝန်ခံလော့-

## ဖိနှိပ်ပုံ

အရှင်သကဝါဒီ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ ရှိဆဲတရားသည် အချို့ နိဗ္ဗာန်ဖြစ်၍ အချို့ နိဗ္ဗာန်မဟုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သော တရားသည် နိဗ္ဗာန်ဖြစ်၏ဟု ဆိုသည် မည်၏။

ထိုအမေးပုစ္ဆာ၌ နိဗ္ဗာန်သည် ရှိ၏၊ ရှိဆဲတရားသည် အချို့ နိဗ္ဗာန်ဖြစ်၍ အချို့ နိဗ္ဗာန်မဟုတ်ဟုဆိုအပ်သည်သာတည်း၊ ထို့ကြောင့် နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သော တရားသည် နိဗ္ဗာန်တည်းဟူ၍ အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ထိုစကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်မူ၍ နိဗ္ဗာန်မဟုတ်သော တရားသည် နိဗ္ဗာန်ဖြစ်၏ဟူ၍မဆိုအပ်ခဲ့ပါမူ နိဗ္ဗာန်သည် ရှိ၏၊ ရှိဆဲတရားသည် အချို့ နိဗ္ဗာန်ဖြစ်၍ အချို့ နိဗ္ဗာန်မဟုတ်ဟုမဆိုသင့်တော့ပေ။

ထိုအမေးပုစ္ဆာ၌ နိဗ္ဗာန်သည် ရှိ၏၊ ရှိဆဲတရားသည် အချို့ နိဗ္ဗာန်ဖြစ်၍ အချို့ နိဗ္ဗာန်မဟုတ်ဟုဆိုအပ်သည်သာတည်း၊ ထို့ကြောင့် နိဗ္ဗာန်သည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်မဟုတ်သော တရားသည် နိဗ္ဗာန်ဖြစ်၏ဟူသော အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ထိုစကားသည် မှားသောစကားသာတည်း။

သုတ္တသာဓနေ

၂၉၆။ ပရဝါဒီ။ ။ "အတိတ်တရားသည် ရှိ၏၊ အနာဂတ်တရားသည် ရှိ၏"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သောအကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကိုရူပက္ခန္ဓာဟု ဆိုအပ်၏၊ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သောအကြမ်းအနု လည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သောဝေဒနာအားလုံးကို။ သညာ အားလုံးကို။ သင်္ခါရအားလုံးတို့ကို။ ဝိညာဏ်အားလုံးကိုဝိညာဏက္ခန္ဓာဟုဆိုအပ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်တရားသည် ရှိ၏၊ အနာဂတ်တရားသည် ရှိ၏။

သကဝါဒီ။ ။ အတိတ်တရားသည် ရှိသလော၊ အနာဂတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ပညာရှိ သမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်ကုန်သော မစွန့်အပ်ကုန်သော မစွန့်ဖူးကုန်သော သဒ္ဒါ, အမည်, ပညတ် ဤသုံးမျိုးတို့ကို ယခုလည်း မစွန့်အပ်ကုန်၊ နောင်လည်း စွန့်အပ်လိမ့်မည် မဟုတ်ကုန်၊ အဘယ်သုံးမျိုးတို့နည်းဟူမူ– ရဟန်းတို့ လွန်ပြီး ချုပ်ပြီးကင်းပြတ်ပြီး ဖောက်ပြန်ပြီးသော ရုပ်အား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကိုဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော

အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသောအရေအတွက်ကို မရ။ လွန်ပြီး ချုပ်ပြီး ကင်းပြတ်ပြီး ဖောက်ပြန်ပြီးသော ဝေဒနာအား ဖြစ်ပြီးဟူသောအရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသောအရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ လွန်ပြီး ချုပ်ပြီး ကင်းပြတ်ပြီးဖောက်ပြန်ပြီးသော သညာအား။ သင်္ခါရတို့အား ဖြစ်ပြီးဟူသော အရေအတွက်ကို ဖြစ်ပြီးဟူသောအမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသောအရေအတွက်ကို မရ။ လွန်ပြီး ချုပ်ပြီး ကင်းပြတ်ပြီး ဖောက်ပြန်ပြီးသောဝိညာဏ်အား ဖြစ်ပြီးဟူသောအရေအတွက်ကို ဖြစ်ပြီးဟူသော အမည်ကို ဖြစ်ပြီးဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသောအရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။

ရဟန်းတို့ မဖြစ်သေး မထင်ရှားသေးသော ရုပ်အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသော ဝေဒနာအား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသော သညာအား။ သင်္ခါရတို့အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသော အမည်ကို ဖြစ်လတ္တံ့ဟူသောပညတ် ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ။ မဖြစ်သေး မထင်ရှားသေးသောဝိညာဏ်အား ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို ဖြစ်လတ္တံ့ဟူသောအမည်ကို ဖြစ်လတ္တံ့ဟူသော ပညတ်ကို ရ၏၊ ဖြစ်ဆဲဟူသော အရေအတွက်ကို မရ၊ ဖြစ်ပြီးဟူသောအရေအတွက်ကို မရ။

ရဟန်းတို့ ဖြစ်နေသော ထင်ရှားနေသော ရုပ်အား ဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသောအမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသောအရေအတွက်ကို မရ။ ဖြစ်နေသော ထင်ရှားနေသော ဝေဒနာအား ဖြစ်ဆဲဟူသော အရေအတွက်ကိုဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ ဖြစ်နေသော ထင်ရှားနေသော သညာအား။ သင်္ခါရတို့အားဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသော အမည်ကို ဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသော အရေအတွက်ကို မရ။ ဖြစ်နေသောထင်ရှားနေသောဝိညာဏ် အား ဖြစ်ဆဲဟူသော အရေအတွက်ကို ဖြစ်ဆဲဟူသော အမည်ကိုဖြစ်ဆဲဟူသော ပညတ်ကို ရ၏၊ ဖြစ်ပြီးဟူသော အရေအတွက်ကို မရ၊ ဖြစ်လတ္တံ့ဟူသောအရေအတွက်ကို မရ။

ရဟန်းတို့ ပညာရှိသမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်ကုန်သော မစွန့်အပ်ကုန်သော မစွန့်ဖူးကုန်သော သဒ္ဒါ, အမည်, ပညတ် ဤသုံးမျိုးတို့ကို ယခုလည်း မစွန့်အပ်ကုန်၊ နောင်လည်း စွန့်အပ့်လိမ့်မည် မဟုတ်ကုန်။ ရဟန်းတို့ အကြောင်းမရှိဟု အယူရှိကြကုန်သော ပြုသော်လည်း ပြုသည် မမည်ဟု အယူရှိကြကုန်သော အကျိုး မရှိဟု အယူရှိကြကုန်သော ဥက္ကလဇနပုဒ်သားဝဿနှင့် ဘညတို့သော်မှလည်း ကဲ့ရဲ့ပုတ်ခတ် ပြစ်တင် စွပ်စွဲမည်ကို ကြောက်သောကြောင့် ဤသဒ္ဒါ, အမည်, ပညတ်သုံးမျိုးတို့ကို ကဲ့ရဲ့ဖွယ် တားမြစ်ဖွယ်ဟု မထင်ခဲ့ကြကုန်”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် အတိတ်တရားသည် ရှိ၏၊ အနာဂတ်တရားသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "အရှင်ဖဂ္ဂုနသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏– မြတ်စွာဘုရားပပဉ္စတရားတို့ကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋလမ်းကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋဆင်းရဲ ကုန်ခန်းပြီးကုန်သော ဆင်းရဲအားလုံးကို လွန်မြောက်ကုန်သော ပရိနိဗ္ဗာန်စံပြီး၍ လွန်လေပြီးသော ဘုရားရှင်တို့ကို ပညတ်လိုသော သူသည် အကြင်မျက်စိဖြင့် ပညတ်ရာ၏၊ ထိုသို့သော မျက်စိသည်ရှိပါသလော။ပ။ မြတ်စွာဘုရား ထိုလျှာသည် ရှိပါသလော။ပ။ မြတ်စွာဘုရား ပပဉ္စတရားတို့ကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋလမ်းကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋဆင်းရဲ ကုန်ခန်းပြီးကုန်သော ဆင်းရဲအားလုံးကို လွန်မြောက် ကုန်သော ပရိနိဗ္ဗာန်စံပြီး၍ လွန်လေပြီးသော ဘုရားရှင်တို့ကို ပညတ်လိုသော သူသည် အကြင်စိတ်ဖြင့် ပညတ်ရာ၏၊ ထိုသို့သော စိတ်သည် ရှိပါသလော။

ဖဂ္ဂုန ပပဉ္စတရားတို့ကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋလမ်းကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋဆင်းရဲကုန်ခန်းပြီးကုန်သော ဆင်းရဲအားလုံးကို လွန်မြောက်ကုန်သော ပရိနိဗ္ဗာန်စံပြီး၍ လွန်လေပြီးသော ဘုရားရှင်တို့ကို ပညတ်လိုသောသူသည် အကြင်မျက်စိဖြင့် ပညတ်ရာ၏၊ ထိုသို့သော မျက်စိသည်မရှိ။ပ။ ဖဂ္ဂုန ထိုသို့သော လျှာသည် မရှိ။ပ။ ဖဂ္ဂုန ပပဉ္စတရားကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋလမ်းကို ဖြတ်တောက်ပြီးကုန်သော ဝဋ္ဋဆင်းရဲ ကုန်ခန်းပြီးသော ဆင်းရဲအားလုံးကို လွန်မြောက်ကုန်သော ပရိနိဗ္ဗာန်စံပြီး၍ လွန်ပြီးကုန်သော ဘုရားရှင်တို့ကို ပညတ်လိုသော် အကြင်စိတ်ဖြင့် ပညတ်ရာ၏၊ ထိုသို့သော စိတ်သည် မရှိ"ဟု ဤသို့ ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် အတိတ်တရားသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "အရှင်နန္ဒကသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏– ရှေး၌ လိုချင်မှု'လောဘ' သည် ဖြစ်ခဲ့ဖူးပါ၏၊ ထိုလိုချင်မှု 'လောဘ' သည် အကုသိုလ် ဖြစ်ခဲ့ပါ၏၊ ထိုလိုချင်မှု 'လောဘ' သည် ယခု မရှိပါ၊ ဤသို့ မရှိခြင်းကား ကောင်း၏၊ ဖျက်ဆီးမှု 'ဒေါသ' သည် ရှေး၌ ဖြစ်ခဲ့ဖူးပါ၏၊ တွေဝေမှု 'မောဟ' သည် ရှေး၌ ဖြစ်ခဲ့ဖူးပါ၏၊ ထိုတွေဝေမှု 'မောဟ' သည် အကုသိုလ် ဖြစ်ခဲ့ပါ၏၊ ထိုတွေဝေမှု'မောဟ'သည် ယခု မရှိပါ၊ ဤသို့ မရှိခြင်းသည် ကောင်း၏"ဟု ဤသို့သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်တရားသည် ရှိ၏ဟု မဆိုသင့်။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ကဗဠီကာရအာဟာရ၌ တပ်စွန်းမှု'ရာဂ' နှစ်သက်မှု'နန္ဒီ' တပ်မက်မှု 'တဏှာ'ရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ဝိညာဏ်သည် တည်၏၊ စည်ပင်၏။ အကြင်တေဘူမိကဝဋ်၌ဝိညာဏ် သည်တည်၏၊ စည်ပင်၏၊ ထိုတေဘူမိကဝဋ်၌ နာမ်ရုပ် သက်ဝင်၏။ အကြင်တေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ ထိုတေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွားကုန်၏။ အကြင်တေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွားကုန်၏၊ ထိုတေဘူမိကဝဋ်၌ နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏။ အကြင်တေဘူမိကဝဋ်၌နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု ရှိ၏။ အကြင် တေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု ရှိ၏၊ ရဟန်းတို့ ထိုတေဘူမိကဝဋ်သည်စိုးရိမ်ခြင်းနှင့် တကွ ဖြစ်၏၊ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ ပြင်းစွာ ပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ဟု ငါဘုရားဟောတော်မူ၏။

ရဟန်းတို့ ဖဿာဟာရ၌။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌။ ရဟန်းတို့ဝိညာဏာဟာရ၌တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ'။ပ။ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ဟုငါဘုရား ဟောတော်မူ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် အနာဂတ်တရားသည် ရှိ၏။

သကဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ကဗဠီကာရအာဟာရ၌ တပ်စွန်းမှု'ရာဂ', နှစ်သက်မှု'နန္ဒီ', တပ်မက်မှု'တဏှာ' မရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ဝိညာဏ်သည် မတည် မစည်ပင်။ အကြင်တေဘူမိကဝဋ်၌ဝိညာဏ်သည် မတည် မစည်ပင်၊ ထိုတေဘူမိကဝဋ်၌ နာမ်ရုပ် မသက်ဝင်။ အကြင်တေဘူမိကဝဋ်၌ နာမ်ရုပ်မသက်ဝင်၊ ထိုတေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွားခြင်း မရှိ။ အကြင်တေဘူမိကဝဋ်၌ သင်္ခါရတို့ကြီးပွားခြင်း မရှိ၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိ။ အကြင်တေဘူမိကဝဋ်၌နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိ၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု မရှိ။ အကြင်တေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု မရှိ၊ ရဟန်းတို့ ထိုတေဘူမိကဝဋ်သည်စိုးရိမ်ခြင်း မရှိ၊ ပူပန်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဖဿာဟာရ၌။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌။ ရဟန်းတို့ဝိညာဏာဟာရ၌တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ'။ပ။ ပူပန်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိဟူ၍ ငါဘုရား ဟောတော်မူ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အနာဂတ်တရားသည် ရှိ၏ဟု မဆိုသင့်။

**သဗ္ဗမတ္ထီတိကထာ ပြီး၏။**

------

၁။ ချုပ်ပြီးသော ရုပ်၏လည်း ရူပက္ခန္ဓာဖြင့် သိမ်းကျုံးရေတွက်အပ်သည်၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂။ ချုပ်ပြီးသော ရုပ်၏လည်း ရူပက္ခန္ဓာဖြင့် သိမ်းကျုံးရေတွက်အပ်သည်၏ အဖြစ်ကြောင့်ပင် ပရဝါဒီက ဝန်ခံပြန်သည်။
၃။ အဝတ်အားလုံးသည် အဖြူချည်းသာ မဟုတ်သော်လည်း ဤပရဝါဒီဆရာက အဝတ်ဟု သာမည မဆိုမူ၍ ဖြူသော အဝတ်ကို မဝေဖန်အပ်သည်ကို ပြု၍ဟု ဆိုအပ်သည်ရှိသော် ဩဒါတသဒ္ဒါ၏ အနက် ဝတ္ထသဒ္ဒါ၏ အနက်တို့၏ တူသောသဘောရှိသည်၏ အဖြစ်ကို သကဝါဒီဆရာက ဝန်ခံအပ်၏။
၄။ ဖြူသော အဆင်း၏ ကင်းပြတ်ခြင်းကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံ၏။
၅။ အဝတ်ပုဆိုးဟူသော နာမပညတ် မကင်းပြတ်သည်၏ အဖြစ်ကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေ၏။
၆။ အတိတ်သည် အတိတ်၏ အဖြစ်ကို စွန့်ခဲ့ပါမူ အနာဂတ်သော်လည်း ဖြစ်ရာ၏၊ ပစ္စုပ္ပန်သော်လည်း ဖြစ်ရာ၏ဟု အောက်မေ့မှတ်ထင်သောကြောင့် ပရဝါဒီက ဝန်ခံသည်။
၇။ အနာဂတ်သည် အနာဂတ်၏ အဖြစ်ကို မစွန့်ခဲ့ပါမူ အနာဂတ်သာလျှင် ဖြစ်ရာ၏၊ ပစ္စုပ္ပန်အဖြစ်သို့ မရောက်ရာဟု အောက်မေ့မှတ်ထင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၈။ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်၏ အဖြစ်ကို စွန့်ခဲ့ပါမူ အတိတ်၏အဖြစ်သို့ မရောက်နိုင်ဟူသော အပြစ်ဖြစ်ရာသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၉။ အနာဂတ်ခဏ၌သာလျှင် ထိုအနာဂတ်တရား၏ ပစ္စုပ္ပန်အဖြစ် မရှိခြင်းကို ရည်ရွယ်၍ ကာလထူးသည်၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၀။ ဒုတိယအမေး၌ အကြင်တရားသည် ဥပါဒ်ခဏမှ ရှေး၌ အနာဂတ်တရား ဖြစ်ခဲ့ပြီ၊ ထိုအနာဂတ်ဖြစ်သော တရား၏ ဥပါဒ် ဌီ ဘင်ဟူသော ခဏသုံးပါးသို့ ရောက်ဆဲကာလ၌ ပစ္စုပ္ပန်ဖြစ်ပြန်သည်၏အဖြစ်ကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။
၁၁။ အနာဂတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်သော တရား၏ တစ်ဖန် အနာဂတ်မှ ပစ္စုပ္ပန် ပြန်၍ဖြစ်ခြင်း မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၂။ နောက်ထပ် တစ်ဖန် မေးပြန်လတ်သော် ထိုအနာဂတ်ဖြစ်၍ ပစ္စုပ္ပန်ဖြစ်သော တရားသည် အနာဂတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်လတ်သော် 'ဖြစ်ပြီး၍ ဖြစ်၏'ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ဤသို့ နှလုံးသွင်းလျက် ဝန်ခံပြန်သည်။
၁၃။ အနာဂတ် မဖြစ်ဘဲ ပစ္စုပ္ပန် မဖြစ်သောကြောင့် အနာဂတ် မဖြစ်မူ၍ ပစ္စုပ္ပန် မဖြစ်ဟူသည်ကား ရှိတန်စေ၊ လုံးဝမရှိသော ယုန်ချိုကဲ့သို့ သော တရား၏ မဖြစ်ဟူသောသဘောကား အဘယ်မှာ ရှိနိုင်လိမ့်မည်နည်းဟု နှလုံးသွင်း၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၄။ ပစ္စုပ္ပန်ခဏ၌ပင် ထိုတရား၏ အတိတ် မရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ကာလကွဲပြားသည်၏အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၅။ အတိတ်ဖြစ်သည်မှ ရှေး၌ ပစ္စုပ္ပန် ဖြစ်ဖူးပြီ၊ ထိုပစ္စုပ္ပန်တရားသည်ပင် အတိတ်ဖြစ်သောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။
၁၆။ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သောတရား၏ တစ်ဖန် ပစ္စုပ္ပန်ဖြစ်၍ အတိတ်ဖြစ်ခြင်း မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၇။ ထိုတရားသည် ပစ္စုပ္ပန်ဖြစ်၍ အတိတ်ဖြစ်ခဲ့သော် "ဖြစ်၍ ဖြစ်၏"ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏ဟူ၍ နှလုံးသွင်းလျက် ပရဝါဒီက ဝန်ခံပြန်သည်။
၁၈။ စက္ခုစသော အဖြစ်ကို မစွန့်သောကြောင့် သကဝါဒီက ဝန်ခံသည်။
၁၉။ ထိုစက္ခုစသောဝိညာဏ်တို့၏ ကိစ္စမရှိသည်၏ အစွမ်းအားဖြင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂၀။ ထိုဉာဏ်၏ ချုပ်ပြီးသည်၏ အဖြစ်ကြောင့် ထိုဉာဏ်၏ ကိစ္စအဖြစ်ကို မမြင်နိုင်ရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂၁။ တစ်ဖန် မေးပြန်သော် အတိတ်လျှင် အာရုံရှိသော ပစ္စုပ္ပန်ဉာဏ်သည် အတိတ်တရားတို့ကို သိသောကြောင့် အတိတ်ဉာဏ်ဟူသောအမြွက်မျှဖြင့် ပစ္စုပ္ပန်ကိုပင် အတိတ်ဉာဏ်ပြု၍ ထိုဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စရှိသည်၏ အဖြစ်ကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။
၂၂။ အမြွက်ထောင်ခွင့်ကို မပေးလိုသောကြောင့် သကဝါဒီက မေးပြန်သည်။
၂၃။ အတိတ်ကို အာရုံပြုသောဉာဏ်ဖြင့် ဤကိစ္စလေးပါးတို့ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၂၄။ ရာဂစသော အဖြစ်ကို မစွန့်သောကြောင့် ဝန်ခံသည်။
၂၅။ ယုတ္တိ, အာဂမ နှစ်ပါးစုံ ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

## ၆-အတီတက္ခန္ဓာဒိကထာ

### ၁-န သုတ္တသာဓနေ

၂၉၇။ ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာတို့ မည်ကုန်သလော။

သကဝါဒီ။ ။ ဩော် မည်ပါကုန်၏။[1]

ပရဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[2]

ပရဝါဒီ။ ။ အတိတ်တရားသည် အာယတန မည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ဓာတ်မည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာ, ဓာတ်, အာယတနတို့ မည်ကုန်သလော။

သကဝါဒီ။ ။ ဩော် မည်ပါကုန်၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ခန္ဓာတို့ မည်ကုန်သလော။

သကဝါဒီ။ ။ ဩော် မည်ပါကုန်၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် အာယတနမည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ဓာတ်မည်ပါသလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ခန္ဓာ, ဓာတ်, အာယတန မည်ကုန်သလော။

သကဝါဒီ။ ။ ဩော် မည်ကုန်၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် အာယတနမည်သည် ဖြစ်၍ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ဓာတ်မည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ဓာတ်မည်သည် ဖြစ်၍ အတိတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အတိတ်တရားသည်ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာတို့မည်ကုန်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ခန္ဓာတို့မည်ကုန်သည် ဖြစ်၍ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် အာယတနမည်သည် ဖြစ်၍ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ဓာတ်မည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ဓာတ်မည်သည် ဖြစ်၍ အနာဂတ်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ခန္ဓာ,ဓာတ်,အာယတနမည်သည်ဖြစ်၍ အနာဂတ်တရားသည်ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ အတိတ်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် အာယတနမည်သည် ဖြစ်၍ အတိတ်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ဓာတ်မည်သည် ဖြစ်၍ အတိတ်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ဓာတ်မည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ခန္ဓာ, ဓာတ်, အာယတနတို့ မည်ကုန်သည်ဖြစ်၍ အတိတ်တရားသည်မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ အနာဂတ်တရားသည် မရှိသလော။

သကဝါဒီ။ ။ သြော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာတို့ မည်ကုန်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်တရားသည် အာယတနမည်သည် ဖြစ်၍။ပ။ အနာဂတ်တရားသည် ဓာတ်မည်သည် ဖြစ်၍။ပ။ အနာဂတ်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အနာဂတ်တရားသည် မရှိသလော။

သကဝါဒီ။ ။ သြော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်တရားသည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာမည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် အာယတနမည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ဓာတ်မည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတန မည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတန မည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ခန္ဓာမည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် အာယတန မည်သလော။ပ။ အနာဂတ်ရုပ်သည် ဓာတ်မည်သလော။ပ။ အနာဂတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတန မည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် အာယတနမည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ရုပ်သည် ဓာတ်မည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အတိတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ အနာဂတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် အာယတနမည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ရုပ်သည် ဓာတ်မည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အနာဂတ်ရုပ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ အတိတ်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ရုပ်သည် အာယတနမည်သည် ဖြစ်၍။ပ။ အတိတ်ရုပ်သည် ဓာတ်မည်သည်ဖြစ်၍။ပ။ အတိတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အတိတ်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ အနာဂတ်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ရုပ်သည် အာယတနမည်သည် ဖြစ်၍။ပ။ အနာဂတ်ရုပ်သည် ဓာတ်မည်သည်ဖြစ်၍။ပ။ အနာဂတ်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အနာဂတ်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ရုပ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ရုပ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ဝေဒနာသည်။ အတိတ်သညာသည်။ အတိတ်သင်္ခါရတို့သည်။ အတိတ်ဝိညာဏ်သည် ခန္ဓာမည်သလော။

သကဝါဒီ။ ။ ဩော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် အာယတနမည်သလော။ပ။ အတိတ်ဝိညာဏ်သည် ဓာတ်မည်သလော။ပ။ အတိတ်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတန မည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာမည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် အာယတနမည်သလော။ပ။ အနာဂတ်ဝိညာဏ်သည် ဓာတ်မည်သလော။ပ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတန မည်သလော။

သကဝါဒီ။ ။ သြော် မည်ပါ၏။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ အတိတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် အာယတနမည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ဝိညာဏ်သည် ဓာတ်မည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည်ရှိသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ခန္ဓာဓာတ်အာယတနမည်သည်ဖြစ်၍ အတိတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ အနာဂတ်ဝိညာဏ်သည် ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် အာယတနမည်သည် ဖြစ်၍။ပ။ ပစ္စုပ္ပန်ဝိညာဏ်သည် ဓာတ်မည်သည်ဖြစ်၍။ပ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည်ရှိသလော။

သကဝါဒီ။ ။ ဩဘ် ရှိပါ၏။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အနာဂတ်ဝိညာဏ် သည်ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ အတိတ်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဩဘ် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်ဝိညာဏ်သည် အာယတနမည်သည် ဖြစ်၍။ပ။ အတိတ်ဝိညာဏ်သည် ဓာတ်မည်သည် ဖြစ်၍။ပ။ အတိတ်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အတိတ်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဩဘ် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာဓာတ်အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ အနာဂတ်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဩဘ် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အနာဂတ်ဝိညာဏ်သည် အာယတနမည်သည် ဖြစ်၍။ပ။ အနာဂတဝိညာဏ်သည်ဓာတ်မည်သည် ဖြစ်၍။ပ။ အနာဂတ်ဝိညာဏ်သည် ခန္ဓာ, ဓာတ်, အာယတနမည်သည် ဖြစ်၍ အနာဂတ်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဩဘ် မရှိပါ။

ပရဝါဒီ။ ။ ပစ္စုပ္ပန်ဝိညာဏ်သည် ခန္ဓာဓာတ်အာယတနမည်သည် ဖြစ်၍ ပစ္စုပ္ပန်ဝိညာဏ်သည် မရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

------

၁။ အတိတ်တရား၏ ခန္ဓာဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကြောင့် သကဝါဒီက ဝန်ခံသည်။
၂။ နိရုတ္တိပထသုတ်ဖြင့် ထိုအတိတ်တရား ရှိသည်၏အဖြစ်ကို တားမြစ်အပ်သည်၏ အဖြစ်ကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၂-သုတ္တသာဓနံ

၂၉၈။ သကဝါဒီ။ ။ အတိတ်အနာဂတ်တရားတို့သည် ခန္ဓာ ဓာတ် အာယတနတို့ မည်ကုန်သည်ဖြစ်လျက် ဤခန္ဓာ, ဓာတ်, အာယတနတရားတို့သည် မရှိကုန်ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။[၁]

သကဝါဒီ။ ။ ရဟန်းတို့ ပညာရှိ သမဏဗြာဟ္မဏတို့သည် မတားမြစ်အပ်ကုန်သော ။ပ။ သဒ္ဒါ,အမည်, ပညတ် ဤသုံးမျိုးတို့ကို ယခုလည်း မစွန့်အပ်ကုန်။ပ။ နောင်လည်း စွန့်လိမ့်မည် မဟုတ်ဟူ၍မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်အနာဂတ်တရားတို့သည် ခန္ဓာ, ဓာတ်, အာယတနမည်ကုန်သည်ဖြစ်သော်လည်း ဤခန္ဓာ, ဓာတ်, အာယတနတရားတို့သည် မရှိကုန်ဟူ၍သာ ဆိုသင့်၏။[၃]

ပရဝါဒီ။ ။ အတိတ်အနာဂတ်တရားတို့သည် ခန္ဓာ, ဓာတ်, အာယတနမည်ကုန်သည် ဖြစ်၍ဤတရားတို့သည် မရှိကုန်သလော။

သကဝါဒီ။ ။ သြော် မရှိကုန်။

ပရဝါဒီ။ ။ ရဟန်းတို့ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပြင်လည်းဖြစ်သောအကြမ်းအနုလည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကိုရူပက္ခန္ဓာဟု ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ ဝေဒနာအားလုံးကို။ သညာအားလုံးကို။ သင်္ခါရအားလုံးတို့ကို။ ဝိညာဏ်အားလုံးကိုဝိညာဏက္ခန္ဓာဟု ဆိုအပ်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၄]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်အနာဂတ်တရားတို့သည် ခန္ဓာ, ဓာတ်, အာယတနတို့ မည်ကုန်သည် ဖြစ်၍ ဤတရားတို့သည်လည်း မရှိကုန်ဟူ၍ မဆို သင့်ပါ။

**အတီတက္ခန္ဓာဒိကထာ ပြီး၏။**

------

၁။ ခန္ဓာစသော အဖြစ်ရှိလတ်သော် မရှိသည်၏ အဖြစ်ကို အလိုမရှိသောကြောင့် ပရဝါဒီက ဝန်ခံသည်။
၂။ ထိုအတိတ်အနာဂတ်တရားတို့ မရှိသည်၏ အဖြစ်ကို ပြီးစေလိုသောကြောင့် သကဝါဒီက သုတ်ကို ဆောင်ပြသည်။
၃။ ဤပါဠိတော်၌ တေန ဟိ န ဝတ္တဗ္ဗံရှိသော်လည်း န ဖြုတ်၍ ပြန်ဆိုလိုက်သည်။
၄။ ပရဝါဒီ ဆောင်ပြသော သုတ်သည် ခန္ဓာစသော အဖြစ်ကိုသာ ပြီးစေသည်၊ ရှိသည့် အဖြစ်ကိုကား မပြီးစေ၊ သုတ်ကို ဆောင်ပြသော်လည်း မဆောင်သည်နှင့် တူသည်သာတည်း။

♣

## ၇–ဧကစ္စံ အတ္ထီတိကထာ

### ၁–အတီတာဒိဧကစ္စကထာ

၂၉၉။ သကဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ အချို့ ရှိ၍ အချို့ကား မရှိပါ။[၁]

သကဝါဒီ။ ။ အတိတ်တရားသည် အချို့ ချုပ်ပြီးဖြစ်၍ အချို့ ချုပ်ပြီး မဖြစ်သလော၊ အချို့ကင်းပြီးဖြစ်၍ အချို့ ကင်းပြီး မဖြစ်သလော၊ အချို့ ကွယ်ပြီးဖြစ်၍ အချို့ ကွယ်ပြီး မဖြစ်သလော၊ အချို့ ကွယ်ပျောက်ပြီးဖြစ်၍ အချို့ ကွယ်ပျောက်ပြီး မဖြစ်သလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အတိတ်တရား အချို့ ရှိ၍ အချို့ မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိကုန်သော အတိတ်တရား အချို့တို့ ရှိကုန်၍ အချို့တို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရား အချို့ ရှိ၍ အချို့ မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိကုန်သော အတိတ်တရား အချို့တို့သည် ရှိကုန်၍အချို့တို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆို သင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရား အချို့ ရှိ၍ အချို့ကား မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အကျိုးကို မပေးတတ်သော အတိတ်တရား အချို့တို့သည် ရှိကုန်၍ အချို့တို့သည်မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ အတိတ်တရား အချို့ ရှိ၍ အချို့ကား မရှိသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်တရားသည် ရှိ၍ အဘယ်တရားသည် မရှိသနည်း။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်၍ ရင့်ကျက်ပြီး သောအကျိုးရှိသော အတိတ်တရားတို့သည် မရှိကုန်။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိကုန်၏။

သကဝါဒီ။ ။ အကျိုးကို မပေးတတ်သော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် မရှိပါကုန်။ သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုးမပေးသော အတိတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် မရှိပါကုန်။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိကုန်၏။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးကုန်သည် မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ချုပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မရင့်ကျက်သေးသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ခဲ့ကုန်မူမရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်လျက်ထိုတရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်လျက်ထိုတရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်လျက်ထိုတရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အကျိုးကို မပေးတတ်သော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်လျက် ထိုတရားတို့သည် ရှိကုန်သေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်သည် ဖြစ်၍ထိုတရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်သည် ဖြစ်၍ထိုတရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုးကို မပေးသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်သည် ဖြစ်၍ထိုတရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်သည် ဖြစ်၍ထိုတရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်လျက်ထိုတရားတို့သည် ရှိကုန်သေးသလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်၍ ထိုတရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရားတို့နှင့် တစ်စိတ်တစ်ဒေသ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ချုပ်ပြီးဖြစ်ကုန်၍ ထိုတရားတို့သည် အချို့ ရှိကုန်၍ အချို့ မရှိကုန်သလော။[၄]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်၏ဟူ၍ မဆိုသင့်သလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရင့်ကျက်ကုန်လတ္တံ့မဟုတ်လော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရင့်ကျက်ကုန်လတ္တံ့ ဖြစ်ကုန်မှု ထိုအကြောင်းကြောင့် မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည်ရှိကုန်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ မရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရင့်ကျက်ကုန်လတ္တံ့ဟုနလုံးပြု၍ ထိုမရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။[၅]

သကဝါဒီ။ ။ ရင့်ကျက်ကုန်လတ္တံ့ဟု နလုံးပြု၍ (ထိုမရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည်) ပစ္စုပ္ပန်ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရင့်ကျက်ကုန်လတ္တံ့ဟု နလုံးပြု၍ ထိုမရင့်ကျက်သေးသော အကျိုးရှိသော အတိတ်တရားတို့သည် ပစ္စုပ္ပန်ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါကုန်၏။[၆]

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားတို့သည် ချုပ်ကုန်လတ္တံ့ဟု နလုံးပြု၍ ထိုပစ္စုပ္ပန်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

------

၁။ မရင့်ကျက်သေးသည့် အကျိုးရှိသော တရားအချို့ ရှိ၍ ရင့်ကျက်ပြီးသည့် အကျိုးရှိသော တရားအချို့ မရှိဟု ပရဝါဒီက ဆိုလိုသည်။
၂။ သင် ပရဝါဒီ၏ စကားသည် "အတိတ်တရား အချို့ ရှိ၍ အချို့ မရှိခဲ့သော် အချို့သော အတိတ်တရားသည် ချုပ်၍ အချို့သော အတိတ်တရားကား မချုပ်၊ ထိုဥပါဒ်တိုင်းသော အခြင်းအရာအားဖြင့် တည်၏"ဟူသော အနက်ရောက်ခဲ့၏ဟု ပြလို၍ သကဝါဒီက မေးသည်။
၃။ အဗျာကတ (ဝိပါက် ကိရိယာ ရုပ် နိဗ္ဗာန်) တရားတို့၏ အစွမ်းအားဖြင့် မေးသည်။
၄။ မပြီးဆုံးသေးသော အကျိုးပေးခြင်းကိစ္စရှိသော တရားတို့ကို "ရင့်ကျက်ပြီးသော အကျိုးရှိသော အတိတ်တရား မရင့်ကျက်သေးသည့် အကျိုးရှိသော အတိတ်တရား တစ်စိတ်တို့"ဟူ၍ ဆိုအပ်ကုန်၏၊ ဘဝင်နှင့် စုတိသည် ပဋိသန္ဓေကို ဖြစ်စေသော ကံ၏ အကျိုးတရားပင် ဖြစ်၍ ပဋိသန္ဓေမှ စုတိတိုင်အောင် ထိုကံတရားသည် မပြီးဆုံးသေးသော အကျိုးရှိသော ကံပင် မည်၏၊ ထိုကံတရားကို ရည်ရွယ်၍ မေးသည်။
၅။ ပရိယတ္တိဓမ္မကို ဆောင်သောပုဂ္ဂိုလ်အား အိပ်ပျော်နေစဉ်ပင်လည်း ပရိယတ္တိဓမ္မတို့ များစွာ ထင်ရှားဖြစ်ခြင်း ရှိကုန်၏ဟု ဆိုအပ်ကုန်သကဲ့သို့ လောကဝေါဟာရ၏ အစွမ်းအားဖြင့်သာလျှင် ထင်ရှားရှိသည်၏အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၆။ ထိုကံ၏ မပျက်စီးခြင်းဟု ဆိုအပ်သော ကမ္မူပစယမည်သော တစ်ခုသော သင်္ခါရတရားသည် ထင်ရှားရှိ၏ဟူသော အယူ၌ တည်၍ ပရဝါဒီက ဝန်ခံသည်။

♣

## ၂-အနာဂတာဒိကေစ္စကထာ

၃၀၀။ သကဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ အချို့ ရှိ၍ အချို့ကား မရှိပါ။[၁]

သကဝါဒီ။ ။ အချို့သည် ဖြစ်ဆဲလော၊ အချို့ကား မဖြစ်သေးသလော၊ အချို့ ကောင်းစွာ ဖြစ်ဆဲလော၊ အချို့ ကောင်းစွာ မဖြစ်သေးသလော၊ အချို့ ဖြစ်ပေါ်သလော၊ အချို့ မဖြစ်ပေါ်သလော၊ အချို့သည် ထင်ရှားဖြစ်သလော၊ အချို့ကား ထင်ရှား မဖြစ်သေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားသည် အချို့ရှိ၍ အချို့ကား မရှိသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် အချို့ ရှိကုန်၍ အချို့ကားမရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားသည် အချို့ ရှိ၍ အချို့ကား မရှိသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့ အချို့ ရှိကုန်၍ အချို့ကား မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားသည် အချို့ ရှိ၍ အချို့ကား မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်တရားသည် ရှိ၍ အဘယ်တရားသည် မရှိသနည်း။

ပရဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၍ ဧကန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိပါကုန်။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဧကန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် အကယ်၍မဖြစ်ကုန်သေးမူ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရာတို့သည် မဖြစ်ကုန်သေးဘဲလျက်ထိုအနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဧကန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးဘဲလျက်ထိုအနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဧကန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည်ဖြစ်၍ထိုအနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည်ဖြစ်၍ထိုအနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ဖြစ်ကုန်လတ္တံ့ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် အကယ်၍ဖြစ်ကုန်လတ္တံ့ ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည်ရှိကုန်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဧကန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ဖြစ်ကုန်လတ္တံ့ဟု နှလုံးပြု၍ထိုအနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဖြစ်ကုန်လတ္တံ့ဟု နှလုံးပြု၍ (ထိုအနာဂတ်တရားတို့သည်) ပစ္စုပ္ပန်ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖြစ်ကုန်လတ္တံ့ဟု နှလုံးပြု၍ ထိုအနာဂတ်တရားတို့သည် ပစ္စုပ္ပန်ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားတို့သည် ချုပ်ကုန်လတ္တံ့ဟု နှလုံးပြု၍ ထိုပစ္စုပ္ပန်တရားတို့သည်မရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ကေစိ အတ္ထီတိကထာ ပြီး၏။**

------

၁။ မချွတ်ဖြစ်လတ္တံ့ကုန်သော ဝိပါက်တရားတို့ကို ရည်ရွယ်၍ ပရဝါဒီက ဖြေဆိုသည်။

♣

## ၈–သတိပဋ္ဌာနကထာ

၃၀၁။ သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်ကုန်သလော။[၁]

ပရဝါဒီ။ ။ ဩော် မည်ကုန်၏။[၂]

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိ, သတိန္ဒြေ, သတိဗိုလ်, သမ္မာသတိ, သတိသမ္ဗောဇ္ဈင်မည်သလော၊ တစ်ကြောင်းတည်းသောလမ်း, အာသဝကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း, သစ္စာလေးပါးကို သိကြောင်းလမ်း, စုတိပဋိသန္ဓေကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းမည်သလော၊ အာသဝတို့၏ အာရုံ မဟုတ်ကုန်သလော၊ သံယောဇဉ်တို့၏ အာရုံ မဟုတ်ကုန်သလော၊ ဂန္ထတရားတို့၏ အာရုံ မဟုတ်ကုန်သလော၊ ဩဃတရား, ယောဂတရား, နီဝရဏတရားတို့၏ အာရုံမဟုတ်ကုန်သလော၊ တဏှာဒိဋ္ဌိတို့သည် မသုံးသပ် အပ်ကုန်သလော၊ ဥပါဒါန်တို့၏ အာရုံ မဟုတ်ကုန်သလော၊ ကိလေသာတရားတို့ကို ရခြင်းငှါ မထိုက်ကုန်သလော၊ တရားအားလုံးတို့သည် ဗုဒ္ဓါနုဿတိမည်သလော၊ ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, အာနာပါနဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, ဥပသမာနုဿတိ မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်ကုန်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် သတိပဋ္ဌာန်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခာယတနသည် သတိပဋ္ဌာန်မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် သတိမည်သလော၊ သတိန္ဒြေ, သတိဗိုလ်, သမ္မာသတိ, သတိသမ္ဗောဇ္ဈင်, တစ်ကြောင်းတည်းသောလမ်း, အာသဝတို့ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း, သစ္စာလေးပါးကို သိကြောင်းလမ်း, ကိလေသာကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း မည်သလော၊ အာသဝတို့၏ အာရုံ မဟုတ်သလော၊ သံယောဇဉ်တို့၏ အာရုံ မဟုတ်သလော။ပ။ ကိလေသာတို့ကို ရခြင်းငှါ မထိုက်သလော၊ စက္ခာယတနသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ အာနာပါနဿတိ, မရဏာနုဿတိ, ကာယဂတာသတိ,ဥပသမာ နုဿတိ မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာယတနသည်။ ဃာနာယတနသည်။ ဇိဝှါယတနသည်။ ကာယာယတန သည်။ ရူပါယတန။ သဒ္ဒါယတန။ ဂန္ဓာယတန။ ရသာယတန။

ဖောဋ္ဌဗ္ဗာယတနသည်။ ရာဂသည်။ ဒေါသသည်။ မောဟသည်။ မာနသည်။ ဒိဋ္ဌိသည်။ ဝိစိကိစ္ဆာသည်။ ထိနသည်။ ဥဒ္ဓစ္စသည်။ အဟိရိကသည်။ အနောတ္တပ္ပသည် သတိပဋ္ဌာန်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနောတ္တပ္ပသည် သတိပဋ္ဌာန်မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ အနောတ္တပ္ပသည် သတိ, သတိန္ဒြေ, သတိဗိုလ်, သမ္မာသတိ မည်သလော။ပ။ ကာယဂတာ သတိမည်သလော။ ဥပသမာနုဿတိ မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတိသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော စက္ခာယတနသည်လည်းသတိလည်း မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော စက္ခာယတနသည်လည်းသတိလည်း မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတိသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော သတိသည်လည်း သတိမည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ကာယာယတနသည်။ ရူပါယတနသည်။ ဖောဋ္ဌဗ္ဗာယတနသည်။ ရာဂသည်။ ဒေါသသည်။ မောဟသည်။ အနောတ္တပ္ပသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော အနောတ္တပ္ပသည်လည်း သတိမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုယတနသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော စက္ခာယတနသည်ကားသတိ မမည်သလော။

ပရဝါဒီ။ ။ ဩော် မမည်ပါ။

သကဝါဒီ။ ။ သတိသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော သတိသည်ကား သတိမမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ကာယာယတနသည်။ ရူပါယတနသည်။ ဖောဋ္ဌဗ္ဗာယတနသည်။ ရာဂ။ ဒေါသ။ မောဟသည်။ အနောတ္တပ္ပသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သောအနောတ္တပ္ပသည်ကား သတိ မမည်သလော။

ပရဝါဒီ။ ။ သြော် မမည်ပါ။

သကဝါဒီ။ ။ သတိသည် သတိပဋ္ဌာန်မည်၍ ထိုသတိပဋ္ဌာန်မည်သော သတိသည်ကား သတိမမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၀၂။ ပရဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်မည်ကုန်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ တရားအားလုံးတို့ကို အာရုံပြု၍ သတိသည် ကောင်းစွာ တည်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တရာအားလုံးတို့ကို အာရုံပြု၍ သတိသည် ကောင်းစွာ တည်ခဲ့ပါမူ ထိုအကြောင်းကြောင့် တရားအားလုံးတို့သည် သတိပဋ္ဌာန်မည်ကုန်၏ဟူ၍ ဆိုသင့်ပါ၏။

သကဝါဒီ။ ။ တရားအားလုံးကို အာရုံပြု၍ သတိသည် ကောင်းစွာ တည်၏ဟု နှလုံးပြု၍ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်သလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ တရားအားလုံးကို အာရုံပြု၍ ဖဿသည် ကောင်းစွာ တည်၏ဟု နှလုံးပြု၍ တရားအားလုံးတို့သည် ဖဿပဋ္ဌာန်မည်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးကို အာရုံပြု၍ သတိသည် ကောင်းစွာ တည်၏ဟု နှလုံးပြု၍ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်သလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ တရားအားလုံးကို အာရုံပြု၍ ဝေဒနာသည် ကောင်းစွာ တည်၏။ သညာသည်ကောင်းစွာ တည်၏။ စေတနာသည် ကောင်းစွာ တည်၏။ စိတ်သည် ကောင်းစွာ တည်၏ဟု နှလုံးပြု၍ထိုတရားအားလုံးတို့သည် စိတ္တပဋ္ဌာန်မည်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်သလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့သည် ရှေးရှုထင်သော သတိရှိကုန်သလော၊ သတိနှင့် ပြည့်စုံကုန်သလော၊ သတိနှင့် ဆက်စပ်ကုန်သလော၊ သတ္တဝါအားလုံးတို့အား သတိသည် ရှေးရှုထင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၀၃။ သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ ရဟန်းတို့ အကြင်ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိကို မသုံးဆောင်ရကုန်၊ ထိုပုဂ္ဂိုလ်တို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရကုန်။ အကြင်ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိကိုသုံးဆောင်ရကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရကုန်၏ဟူ၍ မြတ်စွာဘုရားဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့သည် ကာယဂတာသတိကို သုံးဆောင်ကြပါသလော၊ ရကြပါသလော၊ မှီဝဲကြပါသလော၊ ပွါးစေကြပါသလော၊ အကြိမ်များစွာ ပြုကြပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်ပါသလော။

ပရဝါဒီ။ ။ ဩော် မည်ပါကုန်၏။

သကဝါဒီ။ ။ ရဟန်းတို့ အကြင်လေးပါးသော သတိပဋ္ဌာန်တို့သည် ရှိကုန်၏၊ ဤသတိပဋ္ဌာန်လမ်းစဉ်သည် သတ္တဝါတို့၏ စင်ကြယ်ရန် စိုးရိမ်ပူဆွေး ငိုကြွေးမှုတို့ကို လွတ်မြောက်ရန် ကိုယ်ဆင်းရဲနှင့်စိတ်ဆင်းရဲမှုတို့ ချုပ်ငြိမ်းရန် မဂ်ဉာဏ်ကို ရရှိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသောလမ်းခရီးပေတည်းဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ တရားအားလုံးတို့သည် တစ်ကြောင်းတည်းသော လမ်းခရီး မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်မည်ကုန်သလော။

ပရဝါဒီ။ ။ ဩော် မည်ကုန်၏။

သကဝါဒီ။ ။ ရဟန်းတို့ စကြဝတေးမင်း၏ ဖြစ်ပေါ်ခြင်းကြောင့် ရတနာခုနစ်ပါးတို့ ဖြစ်ပေါ်လာ၏၊ အဘယ်ရတနာခုနစ်ပါးတို့ ဖြစ်ပေါ်သနည်း။ စကြာရတနာ ဖြစ်ပေါ်လာ၏၊ ဆင်ရတနာ ဖြစ်ပေါ်လာ၏၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ စကြဝတေးမင်း၏ ဖြစ်ပေါ်ခြင်းကြောင့် ဤရတနာခုနစ်ပါးတို့ ဖြစ်ပေါ်လာ၏။

ရဟန်းတို့ လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူ ထိုက်သော တရားအားလုံးကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်သော မြတ်စွာဘုရား၏ ပွင့်တော်မူခြင်းကြောင့် ဗောဇ္ဈင်ရတနာခုနစ်ပါးတို့ ဖြစ်ပေါ်လာ၏၊ အဘယ်ဗောဇ္ဈင် ရတနာခုနစ်ပါးတို့ ဖြစ်ပေါ်လာသနည်း။

သတိသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏၊ ဝီရိယသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏၊ ပီတိသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရတနာဖြစ်ပေါ် လာ၏၊ သမာဓိသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏၊ ဥပေက္ခာသမ္ဗောဇ္ဈင်ရတနာ ဖြစ်ပေါ်လာ၏။

ရဟန်းတို့ လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူ ထိုက်သော တရားအားလုံးကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်သော မြတ်စွာဘုရား၏ ပွင့်တော်မူခြင်းကြောင့် ဤဗောဇ္ဈင်ရတနာခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာ၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူ ထိုက်သော တရားအားလုံးကို မှန်ကန်စွာကိုယ်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား ပွင့်တော်မူခြင်းကြောင့် တရားအားလုံးတို့သည် သတိသမ္ဗောဇ္ဈင်ရတနာတို့သာ မည်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သတိပဋ္ဌာန်တို့ မည်ပါသလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ တရားအားလုံးတို့သည် သမ္မပ္ပဓာန်။ ဣဒ္ဓိပါဒ်။ ဣန္ဒြေ။ ဗိုလ်။ ဗောဇ္ဈင်တို့ မည်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သတိပဋ္ဌာနကထာ ပြီး၏။**

------

၁။ "စတုန္နံ ဘိက္ခဝေ သတိပဋ္ဌာနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေဿာမိ"ဟု သတိပဋ္ဌာနသံယုတ်၌ ဟောတော်မူသော နည်းဖြင့်သာလျှင် ကာယအစရှိသော သတိ၏ အာရုံဖြစ်ကုန်သော တရားတို့ကိုယူ၍ တရားအားလုံးတို့သည် သတိပဋ္ဌာန် မည်ကုန်၏ဟု အယူရှိကုန်သော ပုဗ္ဗသေလိယ, အပရသေလိယ, ရာဇဂိရိယ, သိဒ္ဓတ္ထိကဟူကုန်သော အန္ဓကဂိုဏ်းသား ပရဝါဒီတို့၏ အယူကို စိစစ်ခြင်းငှါ မေးသည်။ (ဤ၌ ပဋ္ဌာနသဒ္ဒါကို အဓိကရဏသာဓ်ဝိဂြိုဟ်ပြု၍ ဆဋ္ဌီတပ္ပုရိသ်တွဲလျှင် သတိ၏ တည်ရာအာရုံ ဖြစ်ကောင်းသော တရားတို့သည် သတိပဋ္ဌာန မည်ကုန်၏၊ ပဋ္ဌာနသဒ္ဒါကို ကတ္တုသာဓ်ဝိဂြိုဟ်ပြု၍ သတိနှင့် ကမ္မဓာရည်းသမာသ်တွဲလျှင် သတိသည်ပင်လျှင် ပဋ္ဌာန မည်၏၊ ထို့ကြောင့်ဝါဒနှစ်ပါးလုံးပင် ပရိယာယ်အားဖြင့် သင့်ကြပါကုန်၏၊ ပရဝါဒီတို့ကား ထိုပရိယာယ်ကို စွန့်ပယ်၍ မုချအားဖြင့် တရားအားလုံးပင် သတိပဋ္ဌာန်မည်၏ဟု အယူရှိကုန်၏၊ ထိုပရဝါဒီတို့ကို ရည်ရွယ်၍ သကဝါဒီက မေးသည်။

၂။ အာရုံ၏ အစွမ်းဖြင့် သတိပဋ္ဌာန်မည်သည်ကို ရည်ရွယ်၍ ဝန်ခံသည်။

♣

## ၉–ဟေတုဝိုကထာ[၁]

၃၀၄။ သကဝါဒီ။ ။ အတိတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ ရှိ၍ ဤသို့ကား မရှိ။[၂]

သကဝါဒီ။ ။ ထိုအတိတ်တရားသည်ပင် ရှိ၍ ထိုအတိတ်တရားသည်ပင် မရှိသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ထိုအတိတ်တရားသည်ပင် ရှိ၍ ထိုအတိတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။[၅]

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော၊ မရှိသောသဘောသည် ရှိသောသဘော မည်သလော၊ ရှိသည်၏အဖြစ်သည် မရှိသည်၏အဖြစ်မည်သလော၊ မရှိသည်၏အဖြစ်သည်ရှိသည်၏အဖြစ်မည်သလော၊ ရှိ၏ဟူ၍လည်းကောင်း, မရှိဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း,ရှိ၏ဟူ၍လည်းကောင်း ဤရှိ မရှိနှင့် မရှိ ရှိသည် တူသောအနက်ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိ ရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ ရှိ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုအနာဂတ်တရားသည်ပင် ရှိ၍ ထိုအနာဂတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအနာဂတ်တရားသည်ပင် ရှိ၍ ထိုအနာဂတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော၊ မရှိသောသဘောသည် ရှိသောသဘော မည်သလော၊ ရှိသည်၏အဖြစ်သည် မရှိသည်၏အဖြစ်မည်သလော၊ မရှိသည်၏အဖြစ်သည်ရှိသည်၏အဖြစ်မည်သလော၊ ရှိ၏ဟူ၍လည်းကောင်း, မရှိဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း,ရှိ၏ဟူ၍လည်းကောင်း ဤရှိ မရှိနှင့် မရှိ ရှိသည် တူသောအနက်ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိ ရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ ရှိ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်တရားသည်ပင် ရှိ၍ ထိုပစ္စုပ္ပန်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်တရားသည်ပင် ရှိ၍ ထိုပစ္စုပ္ပန်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၀၅။ သကဝါဒီ။ ။ အတိတ်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်သို့ ရှိ၍ အဘယ်သို့ကား မရှိသနည်း။

ပရဝါဒီ။ ။ အတိတ်တရားသည် အတိတ်တရားဟူ၍ ဤသို့ ရှိ၏၊ အတိတ်တရားသည် အနာဂတ်တရားဟူ၍ ဤသို့ကား မရှိ၊ အတိတ်တရားသည် ပစ္စုပ္ပန်တရားဟူ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုအတိတ်တရားသည်ပင် ရှိ၍ ထိုအတိတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ထိုအတိတ်တရားသည်ပင် ရှိ၍ ထိုအတိတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော၊ မရှိသောသဘောသည် ရှိသောသဘောမည်သလော၊ ရှိသည်၏အဖြစ်သည် မရှိသည်၏အဖြစ်မည်သလော၊ မရှိသည်၏အဖြစ်သည် ရှိသည်၏အဖြစ်မည်သလော၊ ရှိ၏ဟူ၍လည်းကောင်း, မရှိဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း, ရှိ၏ဟူ၍လည်းကောင်း ဤရှိ မရှိနှင့် မရှိရှိသည် တူသောအနက်ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိသလော။

ပရဝါဒီ။ ။ ဩဘ်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်သို့ ရှိ၍ အဘယ်သို့ကား မရှိသနည်း။

ပရဝါဒီ။ ။ အနာဂတ်တရားသည် အနာဂတ်တရားဟူ၍ ဤသို့ ရှိ၏၊ အနာဂတ်တရားသည်အတိတ်တရားဟူ၍ ဤသို့ကား မရှိ၊ အနာဂတ်တရားသည် ပစ္စုပ္ပန်တရားဟူ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုအနာဂတ်တရားသည်ပင် ရှိ၍ ထိုအနာဂတ်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုတရားသည် ရှိ၍ ထိုတရားသည် မရှိသလော။

ပရဝါဒီ။ ။ ထြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော၊ မရှိသောသဘောသည် ရှိသောသဘော မည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့်ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိသလော။

ပရဝါဒီ။ ။ ထြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်သို့ ရှိ၍ အဘယ်သို့ကား မရှိသနည်း။

ပရဝါဒီ။ ။ ပစ္စုပ္ပန်တရားသည် ပစ္စုပ္ပန်တရားဟူ၍ ဤသို့ ရှိ၏၊ ပစ္စုပ္ပန်တရားသည် အတိတ်တရားဟူ၍ ဤသို့ကား မရှိ၊ ပစ္စုပ္ပန်တရားသည် အနာဂတ်တရားဟူ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်တရားသည်ပင် ရှိ၍ ထိုပစ္စုပ္ပန်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုပစ္စုပ္ပန်တရားသည်ပင် ရှိ၍ ထိုပစ္စုပ္ပန်တရားသည်ပင် မရှိသလော။

ပရဝါဒီ။ ။ ထြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အတိတ်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိ၊ အနာဂတ်တရားသည် ဤသို့ ရှိ၍ဤသို့ကား မရှိ၊ ပစ္စုပ္ပန်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အတိတ်တရားသည် အနာဂတ်တရားတည်းဟူ၍ ဤသို့ ရှိသလော၊ အတိတ်တရားသည်ပစ္စုပ္ပန်တရားဟူ၍ ဤသို့ ရှိသလော၊ အနာဂတ်တရားသည် အတိတ်တရားဟူ၍ ဤသို့ ရှိသလော၊ အနာဂတ်တရားသည် ပစ္စုပ္ပန်တရားဟူ၍ ဤသို့ ရှိသလော၊ ပစ္စုပ္ပန်တရားသည် အတိတ်တရားဟူ၍ဤသို့ ရှိသလော၊ ပစ္စုပ္ပန်တရားသည် အနာဂတ်တရားဟူ၍ ဤသို့ ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိ၊ အနာဂတ်တရားသည်ဤသို့ ရှိ၍ ဤသို့ကား မရှိ၊ ပစ္စုပ္ပန်တရားသည် ဤသို့ ရှိ၍ ဤသို့ကား မရှိပါ။[၆]

၃၀၆။ သကဝါဒီ။ ။ ရုပ်သည် ရှိသလော။

ပရဝါဒီ။ ။ (ရုပ်သည်) ဤသို့ ရှိ၍ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုရုပ်သည်ပင် ရှိ၍ ထိုရုပ်သည် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်သည် ရှိ၍ ထိုရုပ်သည် မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသော ရုပ်သဘောသည် မရှိသော ရုပ်သဘောမည်သလော၊ မရှိသော ရုပ်သဘောသည် ရှိသော ရုပ်သဘောမည်သလော၊ ရှိသည်၏အဖြစ်သည် မရှိသည်၏အဖြစ်မည်သလော၊ မရှိသည်၏အဖြစ်သည် ရှိသည်၏အဖြစ်မည်သလော၊ ရုပ်သည် ရှိ၏ဟူ၍လည်းကောင်း, မရှိဟူ၍လည်းကောင်း၊ ရုပ်သည် မရှိဟူ၍လည်းကောင်း, ရှိ၏ဟူ၍လည်းကောင်း ဤရှိမရှိနှင့် မရှိရှိ တူသောအနက်ရှိသလော၊ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ ရှိ၏၊ ဤသို့ကား မရှိပါ။

သကဝါဒီ။ ။ ထိုဝိညာဏ်သည်ပင် ရှိ၍ ထိုဝိညာဏ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဝိညာဏ်သည်ပင် ရှိ၍ ထိုဝိညာဏ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ဤသို့ ရှိ၍ ဤသို့ မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်သို့ ရှိ၍ အဘယ်သို့ မရှိသနည်း။

ပရဝါဒီ။ ။ ရုပ်သည် ရုပ်ဟူ၍ ဤသို့ ရှိ၏၊ ရုပ်သည် ဝေဒနာဟူ၍ ဤသို့ကား မရှိ။ပ။ ရုပ်သည်သညာဟူ၍ ဤသို့ မရှိ။ပ။ ရုပ်သည် သင်္ခါရတို့ဟူ၍ ဤသို့ မရှိ။ပ။ ရုပ်သည်ဝိညာဏ်ဟူ၍ ဤသို့ မရှိ။

သကဝါဒီ။ ။ ထိုရုပ်သည်ပင် ရှိ၍ ထိုရုပ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်သည်ပင် ရှိ၍ ထိုရုပ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ဤသို့ ရှိ၍ ဤသို့ကားမရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်သို့ ရှိ၍ အဘယ်သို့ကား မရှိသနည်း။

ပရဝါဒီ။ ။ ဝိညာဏ်သည်ဝိညာဏ်ဟူ၍ ဤသို့ ရှိ၍ဝိညာဏ်သည် ရုပ်ဟူ၍ ဤသို့ မရှိ။ပ။ ဝိညာဏ်သည် ဝေဒနာတည်းဟူ၍ ဤသို့ မရှိ။ပ။ ဝိညာဏ်သည် သညာဟူ၍ ဤသို့ မရှိ။ပ။ ဝိညာဏ်သည် သင်္ခါရတို့ဟူ၍ ဤသို့ မရှိပါ။

သကဝါဒီ။ ။ ထိုဝိညာဏ်သည်ပင် ရှိ၍ ထိုဝိညာဏ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဝိညာဏ်သည်ပင် ရှိ၍ ထိုဝိညာဏ်သည်ပင် မရှိသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှိသောသဘောသည် မရှိသောသဘောမည်သလော။ပ။ တူသလော၊ တူသောအဖို့ရှိသလော၊ ထိုရှိမရှိကြောင့် မရှိရှိ, မရှိရှိကြောင့် ရှိမရှိ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ရုပ်သည် ဤသို့ ရှိ၏၊ ဤသို့ကား မရှိဟူ၍ မဆိုသင့်ပါသလော။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ဤသို့ ရှိ၏၊ ဤသို့ကား မရှိဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရုပ်သည် ဝေဒနာဟူ၍ ဤသို့ ရှိသလော။ပ။ ရုပ်သည် သညာဟူ၍ ဤသို့ ရှိသလော။ပ။ ရုပ်သည် သင်္ခါရတို့ဟူ၍ ဤသို့ ရှိသလော။ပ။ ရုပ်သည်ဝိညာဏ်ဟူ၍ ဤသို့ ရှိသလော။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် ဝေဒနာဟူ၍ ဤသို့ ရှိသလော။ ဝိညာဏ် သည်သညာဟူ၍ ဤသို့ ရှိသလော။ ဝိညာဏ်သည် သင်္ခါရတို့ဟူ၍ ဤသို့ ရှိသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရုပ်သည် ဤသို့ ရှိ၏၊ ဤသို့ကား မရှိ၊ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်၊ ဝိညာဏ်သည် ဤသို့ ရှိ၏၊ ဤသို့ကား မရှိ။[၁]

**မဟာဝဂ် ပြီး၏။**

------

၁။ အတိတ်စသည် အပြားရှိကုန်သော တရားအားလုံးတို့သည် ရုပ်စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိကုန်၏၊ အတိတ်တရားသည် အနာဂတ်ပစ္စုပ္ပန်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိသည် မဟုတ်ကုန်၊ အနာဂတ်ပစ္စုပ္ပန်တို့သည်လည်း အတိတ်စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိသည် မဟုတ်ကုန်၊ ထို့ကြောင့် ဤတရားအားလုံးသည်ပင် ရုပ်စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိကုန်၏၊ အနာဂတ်စသည်တို့၏အစွမ်းအားဖြင့် ထင်ရှားရှိသည် မဟုတ်ကုန်ဟု အယူရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်တော်မူ၍ ဤပေယျာလကထာကို ဟောတော်မူသည်။

၂။ ရုပ်စသည်၏ အစွမ်းအားဖြင့် ထင်ရှားရှိ၍ အနာဂတ် ပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ထင်ရှားရှိသည် မဟုတ်ဟု ဆိုလိုသည်။

၃။ အတိတ်တရားသည်ပင် ရုပ်စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိ၏၊ အနာဂတ် ပစ္စုပ္ပန်တို့၏ အစွမ်းအားဖြင့် ထင်ရှားရှိသည် မဟုတ်ဟု အယူရှိခဲ့ပါမူ ထိုအတိတ်တရားသည်ပင် ထင်ရှားရှိသည် မည်၍ ထိုအတိတ်တရားသည်ပင် ထင်ရှားရှိသည် မမည်ပါသလောဟု မေးလိုရင်း ဖြစ်သည်။

၄။ ထိုအတိတ်တရားဖြင့်သာလျှင် သဘောအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ထင်ရှားမရှိသည်၏ အဖြစ်ကိုလည်းကောင်း ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၅။ တစ်ဖန်မေးလတ်သော် မိမိသဘောဖြင့်သာလျှင် ထင်ရှားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ တစ်ပါးသောတရား၏ သဘောဖြင့်သာလျှင် ထင်ရှားမရှိသည်၏ အဖြစ်ကိုလည်းကောင်း ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

၆။ ပရဝါဒီဆရာသည် ဤစကားရပ်ဖြင့် မိမိအယူကို တည်စေပါသော်လည်း မသင့်သောအားဖြင့် တည်စေသောကြောင့် အယူကို တည်စေအပ်သည် မမည်။

၇။ ပရဝါဒီဆရာသည် မိမိအယူကို တည်စေပါသော်လည်း မသင့်သောအားဖြင့် တည်စေသောကြောင့် အယူကို တည်စေအပ်သည် မမည်။

♣

## ၂–ဒုတိယဝဂ် (၁၀) ၁–ပရူပဟာရကထာ[၁]

၃၀၇။ သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ရာဂသည်၊ ကာမရာဂသည်၊ ကာမရာဂ သောင်းကျန်းမှုသည်၊ ကာမ ရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် ရှိသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား ရာဂသည်၊ ကာမရာဂသည်၊ ကာမရာဂ သောင်းကျန်းမှုသည်၊ ကာမ ရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ရာဂ ကာမရာဂ ကာမရာဂသောင်းကျန်းမှု ကာမရာဂသံယောဇဉ် ကာမောဃ ကာမယောဂ ကာမစ္ဆန္ဒနီဝရဏ မရှိခဲ့ပါလျှင် ရဟန္တာအား သုက်နှင့် သုက်လွတ်မှုရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား သုက်နှင့်သုက်လွတ်မှု ရှိသည်ဖြစ်၍ ထိုပုထုဇဉ်အား ရာဂ ကာမရာဂကာမရာဂ သောင်းကျန်းမှု ကာမရာဂသံယောဇဉ် ကာမောဃ ကာမယောဂ ကာမစ္ဆန္ဒနီဝရဏ ရှိသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရှိသည် ဖြစ်လျက် ထိုရဟန္တာအား ရာဂ ကာမရာဂကာမရာဂ သောင်းကျန်းမှု။ပ။ ကာမစ္ဆန္ဒနီဝရဏ ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရှိသည် ဖြစ်လျက် ထိုရဟန္တာအား ရာဂ ကာမရာဂ ကာမရာဂ သောင်းကျန်းမှု။ပ။ ကာမစ္ဆန္ဒနီဝရဏ မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား သုက်နှင့် သုက်လွတ်မှု ရှိသည် ဖြစ်လျက် ထိုပုထုဇဉ်အား ရာဂ ကာမရာဂ ကာမရာဂ သောင်းကျန်းမှု။ပ။ ကာမစ္ဆန္ဒနီဝရဏ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရှိသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အဘယ်သဘောကြောင့် (ရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရရှိပါသနည်း)။

ပရဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေကုန်၏။ (ထို့ကြောင့် ရဟန္တာအား သုက်လွတ်မှု ရှိ၏)။

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကြပါသလော။

ပရဝါဒီ။ ။ ဩဝ် ဖြစ်စေနိုင်ကုန်၏။

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့အား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့အား သုက်နှင့် သုက်လွတ်မှုသည် မရှိသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့အား သုက်နှင့် သုက်လွတ်မှုမရှိခဲ့ပါမူ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေကြ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မာရ်နတ်အသင်းအသင်း၌ ပါဝင်သော နတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုတ်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်စေနိုင်ကုန်၏။

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် မိမိအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်သလော။ အခြားသူတို့အား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်သလော။ ထိုရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သောနတ်တို့သည် မိမိအားလည်းကောင်း၊ အခြားသူတို့အားလည်းကောင်း၊ ထိုရဟန္တာအားလည်းကောင်း သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း မဖြစ်စေနိုင်ကုန်သလော။

ပရဝါဒီ။ ။ သြော် မဖြစ်စေနိုင်ပါကုန်။[၄]

သကဝါဒီ။ ။ အရှင်ပရဝါဒီ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် မိမိအားလည်းကောင်း၊ အခြားသူတို့အားလည်းကောင်း၊ ထိုရဟန္တာအားလည်းကောင်း သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း မဖြစ်စေနိုင်ခဲ့ကုန်လျှင် မာရ်နတ်အသင်းအပင်း၌ ပါဝင်သောနတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သော နတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေနိုင်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်စေနိုင်ကုန်၏။

သကဝါဒီ။ ။ မွေးညင်းတွင်းတို့မှ ဆောင်သွင်းဖြစ်စေနိုင်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

၃၀၈။ သကဝါဒီ။ ။ မာရ်နတ်အသင်းအပင်း၌ ပါဝင်သောနတ်တို့သည် ရဟန္တာအား သုက်ကိုလည်းကောင်း၊ သုက်လွတ်မှုကိုလည်းကောင်း ဖြစ်စေကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်စေကုန်၏။

သကဝါဒီ။ ။ အဘယ်အကြောင်းကြောင့် ဖြစ်စေကုန်သနည်း။

ပရဝါဒီ။ ။ ယုံမှားတွေးတောမှုကို ယူစေကုန်အံ့ဟု နှလုံးပြု၍ ဖြစ်စေကုန်၏။[၆]

သကဝါဒီ။ ။ ရဟန္တာအား ယုံမှားတွေးတောမှုသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ ရဟန္တာအား ယုံမှားတွေးတောမှုသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။ပ။[၈]

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ ယုံမှားခြင်း တရား၌ ယုံမှားခြင်း သံဃာ၌ ယုံမှားခြင်းအကျင့်သိက္ခာ၌ ယုံမှားခြင်း ရှေ့အစွန်း၌ ယုံမှားခြင်း နောက်အစွန်း၌ ယုံမှားခြင်း ရှေ့အစွန်း နောက်အစွန်း၌ ယုံမှားခြင်း ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား မြတ်စွာဘုရား၌ ယုံမှားခြင်း တရား၌ ယုံမှားခြင်း သံဃာ၌ ယုံမှားခြင်းအကျင့်သိက္ခာ၌ ယုံမှားခြင်း ရှေ့အစွန်း၌ ယုံမှားခြင်း နောက်အစွန်း၌ ယုံမှားခြင်း ရှေ့အစွန်း နောက့်အစွန်း၌ ယုံမှားခြင်း ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ဘုရား၌ ယုံမှားခြင်း။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းမရှိခဲ့ပါမူ ရဟန္တာအား ယုံမှားမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား ယုံမှားမှုရှိသည် ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌ ယုံမှားခြင်း။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ယုံမှားမှုရှိသည် ဖြစ်၍ ထိုရဟန္တာအား ဘုရား၌ ယုံမှားခြင်း။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား ယုံမှားမှုရှိသည် ဖြစ်၍ ထိုရဟန္တာအား ဘုရား၌ ယုံမှားခြင်း။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား ယုံမှားမှုရှိသည် ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌ ယုံမှားခြင်း။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာ၏ သုက်နှင့် သုက်လွတ်မှုသည် အဘယ်အရာ၏ အကျိုးဆက် ဖြစ်ပါသနည်း။

ပရဝါဒီ။ ။ စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာ၏ အကျိုးဆက် ဖြစ်ပါ၏။

ပရဝါဒီ။ ။ ရဟန္တာ၏ သုက်နှင့် သုက်လွတ်မှုသည် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သောအစာ၏ အကျိုးဆက် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စားကြ သောက်ကြ ခဲကြ လျက်ကြသူ သတ္တဝါအားလုံးတို့အားပင် သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စားကြ သောက်ကြ ခဲကြ လျက်ကြသူ သတ္တဝါအားလုံးတို့အားပင် သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကလေးသူငယ်တို့သည် စားကြ သောက်ကြ ခဲကြ လျက်ကြကုန်သည်ဖြစ်၍ ကလေးသူငယ်တို့အား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဏ္ဍုက်တို့သည် စားကြ သောက်ကြ ခဲကြ လျက်ကြကုန်သည် ဖြစ်၍ ပဏ္ဍုက်တို့အားသုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့သည် စားကြ သောက်ကြ ခဲကြ လျက်ကြကုန်သည် ဖြစ်၍ နတ်တို့အား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၀၉။ သကဝါဒီ။ ။ ရဟန္တာ၏ သုက်နှင့် သုက်လွတ်မှုသည် စားအပ် သောက်အပ် ခဲအပ်လျက်အပ်သော အစာ၏ အကျိုးဆက် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုသုက်၏ တည်ရာသည် ရှိပါသလော။[၉]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာ၏ ကျင်ကြီးကျင်ငယ်သည် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာ၏အကျိုးဆက် ဖြစ်၍ ထိုကျင်ကြီးကျင်ငယ်၏ တည်ရာသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာ၏ သုက်နှင့် သုက်လွတ်မှုသည် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သောအစာ၏ အကျိုးဆက် ဖြစ်၍ ထိုသုက်၏ တည်ရာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ သုက်နှင့် သုက်လွတ်မှုသည် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သောအစာ၏ အကျိုးဆက် ဖြစ်ပါလျက် ထိုသုက်၏ တည်ရာသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရဟန္တာ၏ ကျင်ကြီးကျင်ငယ်သည် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာ၏အကျိုးဆက် ဖြစ်ပါလျက် ထိုကျင်ကြီးကျင်ငယ်၏ တည်ရာသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၃၁၀။ သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် မေထုန်အကျင့်ကို မှီဝဲရာသလော၊ မေထုန်ကို ဖြစ်စေရာသလော၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌ နေရာသလော၊ ကာသိတိုင်းဖြစ် စန္ဒကူးကို သုံးဆောင်ခံစားရာသလော၊ ပန်း နံ့သာကဲ နံ့သာပြစ်ကို ပန်ဆင်, လိမ်းကျံရာသလော၊ ရွှေငွေကို သာယာရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား သုက်နှင့် သုက်လွတ်မှု ရှိသည် ဖြစ်၍ ပုထုဇဉ်သည် မေထုန်အကျင့်ကိုမှီဝဲရာသလော၊ မေထုန်မှုကို ဖြစ်စေရာသလော၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောနေရာ၌ နေရာသလော၊ ကာသိတိုင်းဖြစ် စန္ဒကူးကို သုံးဆောင်ခံစားရာသလော၊ ပန်း နံ့သာကဲ နံ့သာပြစ်ကို ပန်ဆင်, လိမ်းကျံရာသလော၊ ရွှေငွေကို သာယာရာသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိသည် ဖြစ်၍ ရဟန္တာသည် မေထုန်အကျင့်ကို မှီဝဲရာသလော၊ မေထုန်မှုကို ဖြစ်စေရာသလော၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌နေရာသလော၊ ကာသိတိုင်းဖြစ် စန္ဒကူးကို သုံးဆောင်ခံစားရာသလော၊ ပန်း နံ့သာကဲ နံ့သာပြစ်ကိုပန်ဆင်, လိမ်းကျံရာသလော၊ ရွှေငွေကို သာယာရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိသည် ဖြစ်ပါလျက် ရဟန္တာသည်မေထုန်အကျင့်ကို မမှီဝဲရာပါသလော၊ မေထုန်မှုကို မဖြစ်စေရာပါသလော၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌ မနေရာသလော၊ ကာသိတိုင်းဖြစ် စန္ဒကူးကို မသုံးဆောင် မခံစားရာပါသလော၊ ပန်းနံ့သာကဲ နံ့သာပြစ်ကို မပန်ဆင်, မလိမ်းကျံရာသလော၊ ရွှေငွေကို မသာယာပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုထုဇဉ်အား သုက်နှင့် သုက်လွတ်မှုသည် ရှိသည်ဖြစ်ပါလျက် ပုထုဇဉ်သည်လည်းမေထုန်အကျင့်ကို မမှီဝဲရာသလော၊ မေထုန်မှုကို မဖြစ်စေရာသလော၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌ မနေရာပါသလော၊ ကာသိတိုင်းဖြစ် စန္ဒကူးကို မသုံးဆောင် မခံစားရာပါသလော၊ ပန်းနံ့သာကဲ နံ့သာပြစ်ကို မပန်ဆင် မလိမ်းကျံရာသလော၊ ရွှေငွေကို မသာယာပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီး သည်နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင် အခါမဖြစ်ခြင်း သဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏ဟုမဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ မာနကို ပယ်ရှားအပ်ပြီးသည်။ ဒိဋ္ဌိကို ပယ်ရှားအပ်ပြီးသည်။ ဝိစိကိစ္ဆာကို ပယ်ရှားအပ်ပြီးသည်။ ထိနကိုပယ်ရှားအပ်ပြီးသည်။ ဥဒ္ဓစ္စကို ပယ်ရှားအပ်ပြီးသည်။ အဟိရိကကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည် နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘော ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင်ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရှိ၏ဟု မဆိုသင့်။

၃၁၁။ သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်ခဲ့ပါမူရဟန္တာအား သုက်နှင့် သုက်လွတ်မှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားရန် သတိပဋ္ဌာန်တို့ကို ပွါးများအပ်ကုန်ပြီးသည်မဟုတ်ပါလော။ပ။ သမ္မပ္ပဓာန်တို့ကို ပွါးများအပ်ကုန်ပြီးသည်၊ ဣန္ဒြေတို့ကို ပွါးများအပ်ကုန်ပြီးသည်၊ ဗိုလ်တို့ကို ပွါးများအပ်ကုန်ပြီးသည်၊ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကိုပယ်ရှားရန် မဂ်ကို ပွါးများပြီးသည် မဟုတ်ပါလော။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန် ပြီးသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည် ပြုဖွယ်ကိစ္စကို ပြုပြီးသည် ခန္ဓာဝန်ကို ချအပ်ပြီးသည် မိမိ၏ အကျိုးစီးပွါးကို ရပြီးသည် သံယောဇဉ်ကုန်ခန်းပြီးသည် ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသည် အဝိဇ္ဇာတံခါးကျည်ကို ပစ်လွှတ်အပ်ပြီးသည် ကံသခ်ါရကျုံးမြောင်းကို ဖျက်ဆီးအပ်ပြီးသည် တဏှာတံခါးတိုင်ကို နုတ်အပ်ပြီးသည် အောက်ပိုင်းသံယောဇဉ်ငါးပါးတံခါးရွက် မရှိသည် အရိယာဖြစ်သည် မာနတံခွန်ကို ချပြီးသည် ကျပြီးသော ခန္ဓာဝန်ရှိသည် မာနနှင့်မယှဉ်သည် အောင်ထိုက်သော ရန်ကို ကောင်းစွာ အောင်ပြီးသည် မဟုတ်ပါလော၊ ထိုရဟန္တာသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးသည် သမုဒယသစ္စာကို ပယ်ရှားပြီးသည် နိရောဓသစ္စာကို မျက်မှောက်ပြုပြီးသည် မဂ္ဂသစ္စာကို ပွါးများအပ်ပြီးသည် မဟုတ်ပါလော၊ အထူးသိထိုက်သော တရားကို အထူးသိပြီးသည်ပိုင်းခြား၍ သိထိုက်သော တရားကို ပိုင်းခြား၍ သိပြီးသည် ပယ်ရှားထိုက်သော တရားကို ပယ်ရှားပြီးသည် ပွါးများထိုက်သော တရားကို ပွါးများအပ်ပြီးသည် မျက်မှောက်ပြုထိုက်သော တရားကိုမျက်မှောက်ပြုပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီး သည်ပြုဖွယ်ကိစ္စကို ပြုပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုပြီးသည် ဖြစ်ခဲ့ ပါမူရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏ဟု မဆိုသင့်၊

၃၁၂။ သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) မျှ၌သာ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏။[၁၀] သူတစ်ပါး တရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့်သုက်လွတ်မှု သည် မရှိပါ။[၁၁]

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့် သုက်လွတ်မှု သည်ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့်သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့်သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့် သုက်လွတ်မှု သည်မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်လျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးဖြစ်လျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်။ပ။ မောဟကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကိုပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန် မဂ်ကိုပွါးများအပ်ပြီးဖြစ်ပါလျက်။ပ။ ဗောဇ္ဈင်တို့ကို

ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက်။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်ပါလျက်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှု သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကိုပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသူ ဒေါသကင်းပြီးသူ မောဟကင်းပြီးသူ ဖြစ်၍။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသူဒေါသကင်းပြီးသူ မောဟကင်းပြီးသူဖြစ်၍။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပါတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကိုပယ်ရှားအပ်ပြီးဖြစ်၍။ပ။ မောဟကို ပယ်ရှားအပ်ပြီးဖြစ်၍။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်၍ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန်မဂ်ကို ပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကိုပွါးများအပ်ကုန်ပြီးဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားရန်ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသူဒေါသကင်းပြီးသူ မောဟကင်းပြီးသူဖြစ်၍။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသူ ဒေါသကင်းပြီးသူ မောဟကင်းပြီးသူ ဖြစ်၍။ပ။ မျက်မှောက်ပြုထိုလ်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်၍ ထိုရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၁၃။ သကဝါဒီ။ ။ ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန်းတို့ သီလနှင့် ပြည့်စုံကုန်သော သတိရှိကုန်သော ဆင်ခြင်ဉာဏ်ရှိကုန်သော အကြင်ပုထုဇဉ်ရဟန်းတို့သည် အိပ်ပျော်ခြင်းသို့ ရောက်ကုန်၏၊ ထိုရဟန်းတို့အား သုက်သည် မလွတ်။ ရဟန်းတို့ အကြင်သာသနာပရသေ့တို့သည် ကာမအာရုံတို့၌ ရာဂကင်းကုန်၏၊ ထိုရသေ့တို့အားသော်လည်း သုက်သည် မလွတ်။ ရဟန်းတို့ ရဟန္တာအား သုက်သည် အကြင်လွတ်ရာ၏၊ ထိုလွတ်ခြင်းသည်အကြောင်းမဟုတ်၊ အရာ မဟုတ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သုက်နှင့် သုက်လွတ်မှုသည် ရှိ၏ဟု မဆိုသင့်။

ပရဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ဖြစ်စေမှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာအား သက်န်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို သူတစ်ပါးတို့သည် ဖြစ်စေအပ်ကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဖြစ်စေအပ်ပါကုန်၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာအား သက်န်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးကို သူတစ်ပါးတို့ ဖြစ်စေခဲ့ကုန်မူ ထိုအကြောင်းကြောင့် ရဟန္တာအားသူတစ်ပါး၏ ဖြစ်စေမှုသည် ရှိ၏ဟု ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာအား သက်န်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးကို သူတစ်ပါးတို့ ဖြစ်စေကုန်၏ဟု နှလုံးပြု၍ ရဟန္တာအား သူတစ်ပါးတို့၏ဖြစ်စေမှုသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကို လည်းကောင်း သူတစ်ပါးတို့သည် ဖြစ်စေကုန်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ပရူပဟာရကထာ ပြီး၏။**

------

၁။ အရဟတ္တဖိုလ်သို့ မရောက်သေးဘဲလျက် ရောက်၏ဟု အမှတ်ရှိကုန် အဟရတ္တဖိုလ်ကို ရ၏ဟု အထင်ကြီး ကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို ဝန်ခံကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ မိမိ၌ မရှိသောဂုဏ်ကို ပလွှားပြောဆိုလို၍ အရဟတ္တဖိုလ်ကို ဝန်ခံကုန်သော ပုဂ္ဂိုလ်တို့၏ ည်းကောင်း သုက်လွှတ်ခြင်းကို မြင်ကြရကုန်၍ မာရ်နတ်၏ အသင်းဝင် ဖြစ်ကုန်သော နတ်တို့သည် ရဟန္တာပုဂ္ဂိုလ်အား သုက်လွှတ်ခြင်းကို ဖြစ်စေကုန်၏ဟု အယူရှိကုန်သော ပုဗ္ဗသေလိယ, အပရသေလိယဟူသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူဝါဒကို ပယ်ဖျက်တော်မူလို၍ ဤပရူပဟာရကထာကို ဟောတော်မူသည်။

၂။ သုက်လွှတ်မှု မည်သည့် ရာဂသမုဋ္ဌာန်သာ ဖြစ်သောကြောင့် သကဝါဒီက တစ်ဖန် ပြန်၍ မေးမြန်သည်။

၃။ နတ်တို့အား သုက်နှင့် သုက်လွှတ်မှုမည်သည် မရှိနိုင်၊ သူတစ်ပါးတို့ သုက်ကို ယူ၍လည်း မဖြစ်စေနိုင်ကုန်၊ ရဟန္တာအား သုက်သည်ပင် မရှိရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ မာရ်နတ်အသင်းဝင်နတ်တို့သည် ဖန်ဆင်း၍ ဖန်ဆင်း၍ သုက်ကို ဖြစ်စေကုန်၏ဟူသော အယူဖြင့် ပရဝါဒီက ဝန်ခံပြန်သည်။

၅။ ထောပတ်ဆီ စသည်တို့ကို မွေးညင်းတွင်းတို့ဖြင့် ဆောင်သွင်းဖြစ်စေနိုင်ကုန်သကဲ့သို့ ဆောင်သွင်း ဖြစ်စေနိုင်ခြင်း မရှိသည်၏ အဖြစ်ကို မြင်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၆။ ငါသည် ရဟန္တာဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားစေလိုသည်။

၇။ အဇ္ဈတ္တဝတ္တုကာဝစိကိစ္ဆာကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုသည်။

၈။ တစ်ဖန် မေးမြန်းပြန်သော် မိန်းမယောကျ်ားတို့၏ အမည်အနွယ်စသည်တို့၌ ဆုံးဖြတ်နိုင်ခြင်း မရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

၉။ ကျင်ကြီးကျင်ငယ်တို့၏ တည်ရာ အရပ်သည် ရှိသကဲ့သို့ သုက်၏ တည်ရာ ရှိသလောဟု
မေးလိုရင်းဖြစ်သည်။
၁၀။ ပညာဝိမုတ္တရဟန္တာကို ရည်ရွယ်၍ ဆိုသည်။
၁၁။ ဥဘတောဘာဂဝိမုတ္တရဟန္တာကို ရည်ရွယ်၍ ဆိုသည်။

♣

## ၂-ဒုတိယဝဂ် (၁၁) ၂-အညာဏကထာ

၃၁၄။ သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား အဝိဇ္ဇာသည် အဝိဇ္ဇောဃသည် အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည်အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား အဝိဇ္ဇာသည် အဝိဇ္ဇောဃသည် အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည်အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား အဝိဇ္ဇာသည် အဝိဇ္ဇောဃသည် အဝိဇ္ဇာယောဂသည်အဝိဇ္ဇာနုသယသည် အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် မရှိခဲ့ပါမူရဟန္တာအား မသိမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုသည် ရှိသည် ဖြစ်၍ ထိုပုထုဇဉ်အား အဝိဇ္ဇာသည် အဝိဇ္ဇောဃ သည်အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည် အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုရှိသည် ဖြစ်၍ ထိုရဟန္တာအား အဝိဇ္ဇာသည် အဝိဇ္ဇောဃသည်အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည် အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုရှိသည် ဖြစ်ပါလျက် ထိုရဟန္တာအား အဝိဇ္ဇာသည် အဝိဇ္ဇောဃ သည်အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည် အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုရှိသည် ဖြစ်ပါလျက် ထိုပုထုဇဉ်အား အဝိဇ္ဇာသည် အဝိဇ္ဇောဃ သည်အဝိဇ္ဇာယောဂသည် အဝိဇ္ဇာနုသယသည် အဝိဇ္ဇာပရိယုဋ္ဌာန်သည် အဝိဇ္ဇာသံယောဇဉ်သည် အဝိဇ္ဇာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား မသိမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် မသိမှု နှိပ်စက်အပ်သည်ဖြစ်၍ (သူ့) အသက်ကို သတ်ရာသလော၊ မပေးအပ်သော (သူ့) ဥစ္စာကို ခိုးယူရာသလော၊ မုသားပြောဆိုရာသလော၊ ကုန်းစကားကို ပြောဆိုရာသလော၊ ကြမ်းတမ်းသောစကားကို ပြောဆိုရာသလော၊ အကျိုးမဲ့စကားကို ပြောဆိုရာသလော၊ အိမ်ခြံစပ်ကို ဖောက်ဖြတ်ရာသလော၊ တိုက်ခိုက်လုယူရာသလော၊ တစ်အိမ်တည်းကို လုယက်တိုက်ခိုက်ရာသလော၊ လမ်းခရီး၌ စောင့်၍ လုယူရာသလော၊ သူတစ်ပါးမယားကို သွားလာကျူးလွန်ရာသလော၊ ရွာ၌ဖျက်ဆီးမှုကို ပြုရာသလော၊ နိဂုံး၌ ဖျက်ဆီးမှုကို ပြုရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုရှိသည် ဖြစ်၍ ပုထုဇဉ်သည် မသိမှု နှိပ်စက်အပ်သည် ဖြစ်ရကား (သူ့) အသက်ကို သတ်ရာသလော၊ မပေးအပ်သော (သူ့) ဥစ္စာကို ခိုးယူရာသလော၊ မုသားပြောဆိုရာသလော။ပ။ ရွာ၌ ဖျက်ဆီးမှုကို ပြုရာသလော၊ နိဂုံး၌ ဖျက်ဆီးမှုကို ပြုရာသလော။

ပရဝါဒီ။ ။ သြော် ပြုရာပါ၏။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုရှိသည် ဖြစ်၍ ရဟန္တာသည် မသိမှု နှိပ်စက်အပ်သည် ဖြစ်ရကား (သူ့) အသက်ကို သတ်ရာသလော၊ မပေးအပ်သော (သူ့) ဥစ္စာကို ခိုးယူရာသလော။ပ။ ရွာ၌ဖျက်ဆီးမှုကို ပြုရာသလော၊ နိဂုံး၌ ဖျက်ဆီးမှုကို ပြုရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုရှိသည် ဖြစ်၍ ရဟန္တာသည် မသိမှု နှိပ်စက်အပ်သည် ဖြစ်ပါလျက် (သူ့) အသက်ကို မသတ်ပါသလော၊ မပေးအပ်သော (သူ့) ဥစ္စာကို မခိုးယူပါသလော။ပ။ ရွာ၌ ဖျက်ဆီးမှုကို မပြုပါသလော၊ နိဂုံး၌ ဖျက်ဆီးမှုကို မပြုပါသလော။

ပရဝါဒီ။ ။ သြော် မပြုပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုသည် ရှိသည်ဖြစ်၍ ပုထုဇဉ်သည် မသိမှု နှိပ်စက်အပ်သည် ဖြစ်ပါလျက် (သူ့) အသက်ကို မသတ်ရာသလော၊ မပေးအပ်သော (သူ့) ဥစ္စာကို မခိုးယူရာသလော။ပ။ ရွာ၌ဖျက်ဆီးမှုကို မပြုရာသလော၊ နိဂုံး၌ ဖျက်ဆီးမှုကို မပြုရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ မသိမှု တရား၌ မသိမှု သံဃာ၌ မသိမှု သိက္ခာ၌ မသိမှုရှေ့အစွန်း၌ မသိမှု နောက်အစွန်း၌ မသိမှု ရှေ့အစွန်း နောက်အစွန်း၌ မသိမှု ပဋိစ္စသမုပ္ပါဒ်တရားတို့၌မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ မသိမှု တရား၌ မသိမှု သံဃာ၌ မသိမှု သိက္ခာ၌ မသိမှုရှေ့အစွန်း၌ မသိမှု နောက်အစွန်း၌ မသိမှု ရှေ့အစွန်း နောက်အစွန်း၌ မသိမှု ပဋိစ္စသမုပ္ပါဒ်တရားတို့၌မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ဘုရား၌ မသိမှု တရား၌ မသိမှု သံဃာ၌ မသိမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိမှု မရှိခဲ့ပါမူ ရဟန္တာအား မသိမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုရှိသည် ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌ မသိမှု တရား၌ မသိမှုသံဃာ၌ မသိမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုရှိသည် ဖြစ်၍ ထိုရဟန္တာအား ဘုရား၌ မသိမှု တရား၌ မသိမှုသံဃာ၌ မသိမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား မသိမရှိသည် ဖြစ်ပါလျက် ထိုရဟန္တာအား ဘုရား၌ မသိမှု တရား၌ မသိမှုသံဃာ၌ မသိမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား မသိမှုရှိသည် ဖြစ်ပါလျက် ထိုပုထုဇဉ်အား ဘုရား၌ မသိမှု တရား၌ မသိမှုသံဃာ၌ မသိမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၃၁၅။ သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည်နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါမဖြစ်ခြင်း သဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည်

နောက်ထပ်မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား မသိမရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသည် နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ပယ်ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင်ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား မသိမှုရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီး မဟုတ်ပါလော။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာအား မသိမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကိုပယ်ရှားရန် မဂ်ကို ပွါးများပြီး မဟုတ်ပါလော။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ခဲ့ကုန်မူ ရဟန္တာအား မသိမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရား ကိုမျက်မှောက်ပြုပြီးသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား မသိမှု ရှိ၏ဟူ၍ မဆိုသင့်။

၃၁၆။ သကဝါဒီ။ ။ ရဟန္တာအား မသိမှု ရှိပါသလော။

ပရဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှုရှိ၍ သူတစ်ပါးတရား (သမာပတ် ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှု မရှိ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှုသည်မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှား အပ်ပြီးဖြစ်ပါလျက်။ပ။ မောဟကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကိုပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန် မဂ်ကိုပွါးများအပ်ပြီးဖြစ်ပါလျက်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအားမသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန်ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်ပါလျက်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကိုပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုပြီးသည်ဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက် ပြုအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကိုပယ်ရှားအပ်ပြီးဖြစ်၍ မောဟကို ပယ်ရှားအပ်ပြီးဖြစ်၍။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်၍ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန်မဂ်ကို ပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍။ပ။ ဒေါသကို ပယ်ရှားရန်။ မောဟကို ပယ်ရှားရန်။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးဖြစ်၍။ပ။ ဗောဇ္ဈင်တို့ကိုပွါးများအပ်ကုန်ပြီးဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနောတ္တပ္ပကို ပယ်ရှား ရန်ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီး သည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည် ဖြစ်၍။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည် ဖြစ်၍။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုပြီးသည် ဖြစ်၍ ထိုရဟန္တာအား မသိမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၁၇။ သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ “ရဟန်းတို့ သိသူမြင်သူအားသာ အာသဝေါကုန်၏ဟု ငါ ဆို၏၊ မသိသူ မမြင်သူအား ငါမဆို။ ရဟန်းတို့ အဘယ်ကို သိသူ အဘယ်ကို မြင်သူအား အာသဝေါကုန်မှု ဖြစ်နိုင်သနည်း၊ ရဟန်းတို့‘ဤကား ရုပ်၊ ဤကား ရုပ်ဖြစ်ပေါ်ခြင်း၊ ဤကား ရုပ်ချုပ်ခြင်း။ ဤကား ဝေဒနာ။ ဤကား သညာ။ ဤကား သင်္ခါရတို့။ ဤကားဝိညာဏ်၊ ဤကားဝိညာဏ်ဖြစ်ပေါ်ခြင်း၊ ဤကားဝိညာဏ် ချုပ်ခြင်း’ဟုဤသို့ သိသူ မြင်သူအား အာသဝေါကုန်မှု ဖြစ်နိုင်၏၊ ရဟန်းတို့ ဤသို့ သိသူ မြင်သူ အားသာအာသဝေါကုန်၏ဟု ငါ ဆို၏”ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည် သာမဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ရဟန္တာအား မသိမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သိသူ မြင်သူအားသာ အာသဝေါကုန်၏ဟု ငါ ဆို၏၊ မသိသူ မမြင် သူအားငါ မဆို။ ရဟန်းတို့ အဘယ်ကို သိသူ အဘယ်ကို မြင်သူအား အာသဝေါကုန်မှု ဖြစ်နိုင်သနည်း၊ ရဟန်းတို့ 'ဤကား ဆင်းရဲတည်း'ဟု သိသူ မြင်သူအား အာသဝေါကုန်၏၊ 'ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း'ဟု သိသူ မြင်သူအား အာသဝေါကုန်၏၊ 'ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း'ဟု သိသူမြင်သူအား အာသဝေါကုန်၏၊ 'ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်တည်း'ဟုသိသူ မြင်သူအားသာ အာသဝေါကုန်၏'ဟု ငါ ဆို၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ရဟန္တာအား မသိမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မကင်းနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင်ပိုင်းခြား၍ သိလျှင် ကင်းနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ရဟန္တာအား မသိမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက်သာလျှင်သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဤတရားသုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏။ ကိလေသာစိုးစဉ်းမျှရှိစေကာမူ အပါယ်လေးပါးတို့မှ လွတ်၏၊ (အာနန္တရိကကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာမဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား မသိမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကအား 'အလုံးစုံသော တရားသည်ဖြစ်ပေါ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ပေါ်ခြင်းသဘောရှိသော တရား အားလုံးသည်ချုပ်ပျောက်ခြင်းသဘောရှိ၏'ဟူ၍ (ကိလေသာမြူ) အညစ်အကြေး ကင်းစင်သော

တရားမျက်စိသည်ဖြစ်ပေါ်၏။ ရဟန်းတို့ (ထိုအခါ၌) အရိယာသည် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက်သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ် သုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏”ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား မသိမှုသည်ရှိ၏ဟု မဆိုသင့်။

ပရဝါဒီ။ ။ ရဟန္တာအား မသိမှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို မသိရာသည် မဟုတ်ပါလော၊ ခရီးလမ်းဟုတ်သည် ခရီးလမ်း မဟုတ်သည်ကို မသိရာသည် မဟုတ်ပါလော၊ မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်ကို မသိရာသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို မသိခဲ့ပါမူ ခရီးလမ်းဟုတ်သည် ခရီးလမ်း မဟုတ်သည်ကို မသိခဲ့ပါမူ မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်ကို မသိခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာအား မသိမှုသည် ရှိ၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို မသိရာ၊ ခရီးလမ်းဟုတ်သည်ခရီးလမ်း မဟုတ်သည်ကို မသိရာ၊ မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်ကို မသိရာ၊ ထို့ကြောင့်ရဟန္တာအား မသိမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မသိရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အညာဏကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်အား ယောကျ်ားမိန်းမ စသည်တို့၏ အမည်အနွယ် အစရှိသည်တို့၌ ဉာဏ်၏ ဖြစ်ခြင်းမရှိသောကြောင့် အညာဏ= မသိခြင်း, ဉာဏ်၏ ဆန့်ကျင်ဘက် မောဟရှိ၏၊ ယောကျ်ားမိန်းမ စသည်တို့၏ အမည်အနွယ် စသည်တို့၌ ဆုံးဖြတ်နိုင်ခြင်း မရှိသောကြောင့် ကင်္ခါ= တွေးတော ယုံမှားမှု ရှိ၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့အား ထိုယောကျ်ားမိန်းမ စသည်တို့၏ အမည်အနွယ် စသောဝတ္ထုတို့ကို သူတစ်ပါးတို့က ထင်စွာ ပြကြရကုန်၏၊ ပြောကြားကြရကုန်၏၊ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့အား ပရဝိတာရဏ= သူတစ်ပါးတို့က ထင်ရှားပြသ ပြောကြားရခြင်း ရှိ၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယအစရှိကုန်သော

ပရဝါဒီ ဆရာတို့၏ ထိုအယူကို ပယ်ခြင်း အကျိုးငှါ ဤအညာဏကထာ, ကင်္ခါကထာ, ပရဝိတာရဏကထာ သုံးရပ်ကို ဟောကြားတော်မူလေသည်။

♣

## ၂-ဒုတိယဝဂ် (၁၂) ၃-ကင်္ခါကထာ

၃၁၈။ သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု 'ကင်္ခါ'သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏ မရှိခဲ့ပါမူ ရဟန္တာအား တွေးတော ယုံမှားမှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား တွေးတောယုံမှားမှု ရှိသည် ဖြစ်၍ ထိုပုထုဇဉ်အားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိသည် ဖြစ်၍ ထိုရဟန္တာအားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိသည် ဖြစ်ပါလျက် ထိုရဟန္တာအားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား တွေးတောယုံမှားမှု ရှိသည် ဖြစ်ပါလျက် ထိုပုထုဇဉ်အားဝိစိကိစ္ဆာဝိစိကိစ္ဆာသောင်းကျန်းမှုဝိစိကိစ္ဆာသံယောဇဉ်ဝိစိကိစ္ဆာနီဝရဏသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု သံဃာ၌တွေးတောယုံမှားမှု အကျင့် 'သိက္ခာ'၌ တွေးတောယုံမှားမှု ရှေ့အစွန်း၌ တွေးတောယုံမှားမှုနောက်အစွန်း၌ တွေးတောယုံမှားမှု ရှေ့အစွန်း နောက်အစွန်း၌ တွေးတောယုံမှားမှုပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတော ယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ဘုရား၌ တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှု မရှိခဲ့ပါမူ ရဟန္တာအား တွေးတောယုံမှားမှုရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား တွေးတောယုံမှားမှုရှိသည် ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌ တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှုရှိသည် ဖြစ်၍ ထိုရဟန္တာအား ဘုရား၌ တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှုရှိသည် ဖြစ်ပါလျက် ထိုရဟန္တာအား ဘုရား၌တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား တွေးတောယုံမှားမှုရှိသည် ဖြစ်ပါလျက် ထိုပုထုဇဉ်အား ဘုရား၌တွေးတောယုံမှားမှု တရား၌ တွေးတောယုံမှားမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ တွေးတောယုံမှားမှုသည်မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၁၉။ သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည်နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါမဖြစ်ခြင်း သဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုလုပ်အပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘော ရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟူ၍မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည်။ပ။ ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဇောဈျင်တို့ကို ပွါးများအပ်ကုန်ပြီးသည်။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကိုပွါးများအပ်ပြီးသည်။ပ။ ဇောဈျင်တို့ကို ပွါးများအပ်ကုန်ပြီးသည် မဟုတ်ပါလော။ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကိုမျက်မှောက်ပြုအပ်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်ခဲ့ပါမူ ရဟန္တာအားတွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

၃၂၀။ သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှုရှိ၍သူတစ်ပါး တရား (သမာပတ်) ရှစ်ပါး၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှု မရှိ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှုသည်ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပ ါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား တွေးတောယုံမှားမှုသည်မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား တွေးတောယုံမှားမှု ရှိပါသေးသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား တွေးတောယုံမှားမှုသည် ရှိပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည်။ပ။ ရာဂကို ပယ်ရှားရန်မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ပြီးကုန်သည်။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကိုပွါးများအပ်ကုန်ပြီးသည် ဖြစ်ပါလျက်။ပ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအားရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကိုမျက်မှောက်ပြုအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား တွေးတော ယုံမှားမှုသည် ရှိပါသေးသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ် ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား ရာဂကင်းပြီးသည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်ပါလျက် ထိုရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား တွေးတောယုံမှားမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား တွေးတောယုံမှားမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကိုပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည်။ပ။ ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးသည်။ပ။ ဒေါသကိုပယ်ရှားရန်။ပ။ မောဟကို ပယ်ရှားရန်။ပ။ အနောတ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးသည် ဖြစ်၍။ပ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သောရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သောတရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား တွေးတောယုံမှားမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား ရာဂကင်းပြီးသည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား တွေးတောယုံမှားမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၂၁။ သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းကို ငါ ဆို၏၊ မသိသူမမြင်သူအား ငါ မဆို။ ရဟန်းတို့ အဘယ်ကို သိသူမြင်သူအား အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း၊ ဤကား ရုပ်။ပ။ ဤကားဝိညာဏ်ချုပ်ခြင်းဟု ဤသို့ သိသူမြင်သူအား အာသဝေါကုန်မှုဖြစ်နိုင်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းကို ငါ ဆို၏၊ မသိသူမမြင်သူအား ငါ မဆို။ ရဟန်းတို့ အဘယ်ကို သိသူမြင်သူအား အာသဝေါတို့၏ ကုန်ခြင်းသည်ဖြစ်သနည်း၊ ရဟန်းတို့ ဤကား ဆင်းရဲတည်း။ပ။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်တည်းဟု သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်၏၊ ရဟန်းတို့ ဤသို့ သိသူမြင်သူအား အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်၏"ဟူ၍ မြတ်စွာဘုရားသည် ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခန်းခြင်းငှါ ထိုက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက်သာလျှင်။ပ။ (အာနန္တရိက ကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ"ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကအား အလုံးစုံသော တရားသည် ဖြစ်ခြင်းသဘော ရှိ၏၊ ထိုဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏ဟူ၍ (ကိလေသာ) မြူ အညစ်အကြေး ကင်းစင်သော တရားမျက်စိသည် ဖြစ်ပေါ်၏၊

ရဟန်းတို့ ထိုအခါ အရိယာသာဝကသည် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက်သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားအပ်ကုန်၏"ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကိုရှို့မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရားသုံးဆယ့်ခုနစ်ပါးတို့သည် ထင်ရှားဖြစ်ပေါ် လာကုန်၏၊ ထိုအခါ

အကြောင်းနှင့်တကွပဋိစ္စသမုပ္ပါဒ်တရားကို အပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုမှ အပပြုပြီးသော ရဟန္တာအားယုံမှားခြင်းအားလုံး တို့သည် ကင်းပျောက်ကုန်၏။ အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သောမကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရားသုံးဆယ့်ခုနစ်ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ (အဝိဇ္ဇာစသော) အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုမကောင်းမှုမှ အပပြုပြီးသော ရဟန္တာအားယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏။ အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သောမကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရားသုံးဆယ့်ခုနစ်ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ ‘ကောင်းကင်ကို တောက်ပစေသောနေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ’ (ထိုရဟန္တာသည်) မာရ်စစ်သည်ကိုဖျက်ဆီးလျက် တည်၏။ ဤပစ္စုပ္ပန်အတ္တဘော၌လည်းကောင်း၊ အတိတ်အနာဂတ်အတ္တဘော၌လည်းကောင်း မိမိအတ္တဘော၌ရအပ်သည်လည်းဖြစ်ကုန်သော သူတစ်ပါးအတ္တဘော၌ ရအပ်သည် လည်း ဖြစ်ကုန်သော ယုံမှားခြင်းအားလုံးတို့သည် ရှိကုန်၏။ သမထဝိပဿနာဖြင့် မကောင်းမှုဒုစရိုက်ကို ရှို့မြိုက်ကြပြီးလျှင်သမ္မပ္ပဓာန်လုံ့လရှိကြကုန်လျက် မဂ်တည်းဟူသော ဗြဟ္မစရိယကို ကျင့်သုံးရရှိကြသူ ပုဂ္ဂိုလ်တို့သည်ထိုယုံမှားမှုအားလုံး တို့ကို ပယ်စွန့်နိုင်ကြကုန်၏။ တွေးတောယုံမှားမှု ရှိသည် ဖြစ်၍ ဖြစ်သော သတ္တဝါတို့တွင် အကြင်ပုဂ္ဂိုလ် တို့သည်တွေးတောယုံမှားမှုကို လွန်မြောက်ကြကုန်၏၊ ယုံမှားသံသယ ကင်းကြကုန်၏၊ ယုံမှားမှုနှင့်မယှဉ်ကြကုန်၊ ထိုပုဂ္ဂိုလ်တို့အား ပေးလှူရခြင်းသည် များမြတ်သော အကျိုးရှိ၏။ ဤသာသနာတော်၌ တရားကို ထင်ရှားစေကုန်သော ဂုဏ်နှင့်ပြည့်စုံသည့် ဤသို့သော တပည့်သာဝကတို့ရှိပါကုန်၏၊ ထိုတပည့်သာဝကတို့တွင် တစ်စုံ တစ်ယောက်သော တပည့်သာဝကသည် (ဘုရားစသည်၌) အဘယ်သို့ ယုံမှားတော့ အံ့နည်း၊ မယုံမှားတော့သည်သာ ဖြစ်၏၊ သြဃလေးပါးကို ကူးမြောက်ပြီးသောဝိစိကိစ္ဆာကို ဖြတ်တောက်ပြီးသော မာရ်ငါးပါးတို့ကို အောင်တော်မူသော လူသုံးပါး တို့ထက်မြတ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးကြပါ ကုန်စို့”ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါ လော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်။

ပရဝါဒီ။ ။ ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် မိန်းမယောကျ်ားတို့၏ အမည်အနွယ်၌ တွေးတောရာသည် မဟုတ်ပါလော၊ ခရီးလမ်းဟုတ်သည် ခရီးလမ်း မဟုတ်သည်၌ တွေးတောရာသည် မဟုတ်ပါလော၊ မြက်ထင်းတောစိုးသစ်ပင်တို့၏ အမည်၌ တွေးတောရာသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် မိန်းယောကျ်ားတို့၏ အမည်အနွယ်၌ တွေးတောယုံမှား ခဲ့ပါမူခရီးလမ်းဟုတ်သည် ခရီးလမ်း မဟုတ်သည်၌ တွေးတောယုံမှားခဲ့ပါမူ

မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်၌ တွေးတောယုံမှားခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာအား တွေးတောယုံမှားမှု ရှိ၏ဟုဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် မိန်းယောကျ်ားတို့၏ အမည်အနွယ်၌ တွေးတောယုံမှားရာ၏၊ ခရီးလမ်းဟုတ်သည် ခရီးလမ်း မဟုတ်သည်၌ တွေးတောယုံမှားရာ၏၊ မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်၌တွေးတောယုံမှားရာ၏၊ ထိုအကြောင်းကြောင့် ရဟန္တာအား တွေးတောယုံမှားမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်၌လည်းကောင်း၊ သကဒါဂါမိဖိုလ်၌လည်းကောင်း၊ အနာဂါမိဖိုလ်၌လည်းကောင်း၊ အရဟတ္တဖိုလ်၌လည်းကောင်း တွေးတောယုံမှားရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ကင်္ခါကထာ ပြီး၏။**

------

## ၂-ဒုတိယဝဂ် (၁၃) ၄-ပရဝိတာရဏကထာ

၃၂၂။ သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သူတစ်ပါးတို့ ဆွဲဆောင်ခံရသူ သူတစ်ပါးတို့ ယုံကြည်စေအပ်သူသူတစ်ပါးဟူသော အကြောင်းရှိသူ သူတစ်ပါးနှင့်စပ်၍ ဖြစ်သူ တွေဝေသူ ဆင်ခြင်မှု မရှိသူ ဖြစ်၍ မသိပါမမြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သူတစ်ပါးတို့ ဆွဲဆောင်မခံရသူ သူတစ်ပါးတို့ မယုံကြည်စေအပ်သူသူတစ်ပါးဟူသော အကြောင်း မရှိသူ သူတစ်ပါးနှင့် စပ်၍ မဖြစ်သူ မတွေဝေသူ ဆင်ခြင်မှုရှိသူ ဖြစ်၍သိသည် မြင်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် သူတစ်ပါးတို့ ဆွဲဆောင်မခံရသူ သူတစ်ပါးတို့မယုံကြည်စေအပ်သူ သူတစ်ပါးဟူသောအကြောင်း မရှိသူ သူတစ်ပါးနှင့်စပ်၍ မဖြစ်သူ မတွေဝေသူဆင်ခြင်မှုရှိသူ ဖြစ်၍ သိခဲ့ မြင်ခဲ့ပါမူ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား သူတစ်ပါးတို့ ပြောပြမှု ရှိသည် ဖြစ်၍ ထိုပုထုဇဉ်သည်လည်း သူတစ်ပါးတို့ဆွဲဆောင်ခံရသူ သူတစ်ပါးတို့ ယုံကြည်စေအပ်သူ

သူတစ်ပါးဟူသောအကြောင်းရှိသူ သူတစ်ပါးနှင့် စပ်၍ဖြစ်သူ တွေဝေသူ ဆင်ခြင်မှု မရှိသူ ဖြစ်၍ မသိပါ မမြင်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှု ရှိသည် ဖြစ်၍ ထိုရဟန္တာသည်လည်း သူတစ်ပါးတို့ဆွဲဆောင်ခံရသူ သူတစ်ပါးတို့ ယုံကြည်စေအပ်သူ သူတစ်ပါးဟူသောအကြောင်းရှိသူ သူတစ်ပါးနှင့် စပ်၍ဖြစ်သူ တွေဝေသူ ဆင်ခြင်မှု မရှိသူ ဖြစ်၍ မသိပါ မမြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုရှိသည်ဖြစ်ပါလျက် ထိုရဟန္တာသည်ကားသူတစ်ပါးတို့ ဆွဲဆောင် မခံရသူ သူတစ်ပါးတို့ မယုံကြည်စေအပ်သူ သူတစ်ပါးဟူသောအကြောင်း မရှိသူသူတစ်ပါးနှင့် စပ်၍ မဖြစ်သူ မတွေဝေသူ ဆင်ခြင်မှု မရှိသူ ဖြစ်၍ သိပါ မြင်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုထုဇဉ်အား သူတစ်ပါးတို့၏ ပြောပြမှု ရှိသည်ဖြစ်ပါလျက် ပုထုဇဉ်သည်ကားသူတစ်ပါးတို့ ဆွဲဆောင်မခံရသူ သူတစ်ပါးတို့ မယုံကြည်စေအပ်သူ သူတစ်ပါးဟူသော အကြောင်း မရှိသူသူတစ်ပါးနှင့် စပ်၍ မဖြစ်သူ မတွေဝေသူ ဆင်ခြင်မှု ရှိသူ ဖြစ်၍ သိပါ မြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု သံဃာ၌သူတစ်ပါးတို့ ပြောပြမှု အကျင့် 'သိက္ခာ'၌ သူတစ်ပါးတို့ ပြောပြမှု ရှေ့အစွန်း၌ သူတစ်ပါးတို့ ပြောပြမှုနောက်အစွန်း၌ သူတစ်ပါးတို့ ပြောပြမှု ရှေ့အစွန်း နောက်အစွန်း၌ သူတစ်ပါးတို့ ပြောပြမှုပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား ဘုရား၌ သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား ဘုရား၌ သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ ပြောပြမှု မရှိခဲ့ပါမူ ရဟန္တာအား သူတစ်ပါးတို့ပြောပြမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်အား သူတစ်ပါးတို့ ပြောပြမှုသည် ရှိသည်ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှု ရှိသည် ဖြစ်၍ ထိုရဟန္တာအား ဘုရား၌သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုရှိသည် ဖြစ်ပါလျက် ထိုရဟန္တာအား ဘုရား၌သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား သူတစ်ပါးတို့ ပြောပြမှုရှိသည် ဖြစ်ပါလျက် ထိုပုထုဇဉ်အား ဘုရား၌သူတစ်ပါးတို့ ပြောပြမှု တရား၌ သူတစ်ပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတစ်ပါးတို့ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၂၃။ သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည်နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ်မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါမဖြစ်ခြင်း သဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိ၏ဟူ၍မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးသည်။ပ။ မောဟကို ပယ်ရှားအပ်ပြီးသည်။ပ။ အနောတ္တပ္ပကို ပယ်ရှားအပ်ပြီးသည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီးသည် နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောက်ထပ် မဖြစ်အောင် ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် ဖြစ်၍။ပ။ ရာဂကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးသည်။ပ။ ဒေါသကို ပယ်ရှားရန်။ပ။

အနေ၁တ္တပ္ပကို ပယ်ရှားရန် မဂ်ကို ပွါးများအပ်ကုန်ပြီးသည်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးသည် ဖြစ်၍။ပ။ ရဟန္တာသည် ရာဂကင်းပြီးသည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီး သည်မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုပြီးသည် ဖြစ်ခဲ့ပါမူ ရဟန္တာအား သူတစ်ပါးတို့၏ပြောပြမှုသည် ရှိ၏ဟူ၍ မဆိုသင့်။

၃၂၄။ သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှု သည်ရှိပါ၏၊ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး)တို့၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့၏ပြောပြမှုသည် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့၏ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှား အပ်ပြီး။ပ။ မောဟကို ပယ်ရှားအပ်ပြီး။ပ။ အနေ၁တ္တပ္ပကို ပယ်ရှားအပ်ပြီး။ပ။ ရာဂကို

ပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီး။ပ။ ဇောစျှင်တို့ကို ပွါးများအပ်ကုန်ပြီး။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ အနေဝတ္တပ္ပကိုပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီး။ပ။ ဇောစျှင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍။ပ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂ ကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအားသူတစ်ပါးတို့ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည်ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားတို့ကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကိုပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီး။ပ။ မောဟကို ပယ်ရှားအပ်ပြီး။ပ။ အနေဝတ္တပ္ပကို ပယ်ရှားအပ်ပြီး။ပ။ ရာဂကို ပယ်ရှား ရန်မဂ်ကို ပွါးများအပ်ပြီး။ပ။ ဇောစျှင်တို့ကို ပွါးများအပ်ကုန်ပြီး။ပ။ ဒေါသကို ပယ်ရှားရန်။ပ။ အနေဝတ္တပ္ပကိုပယ်ရှားရန် မဂ်ကို ပွါးများအပ်ပြီး။ပ။ ဇောစျှင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်၍။ပ။ သူတစ်ပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ထိုရဟန္တာအားသူတစ်ပါးတို့၏ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မိမိတရား (အရဟတ္တဖိုလ်) ၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကင်းပြီးသည် ဒေါသကင်းပြီးသည် မောဟကင်းပြီးသည်။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်၍ ထိုရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၂၅။ သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းကို ငါ ဆို၏၊ မသိသူမမြင်သူအား ငါ မဆို။ ရဟန်းတို့ အဘယ်ကို သိသူမြင်သူအား အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း၊ ဤကား ရုပ်။ပ။ 'ဤကားဝိညာဏ်၏ ချုပ်ခြင်း'ဟု ဤသို့ သိသူမြင်သူအား အာသဝေါတို့၏ကုန်ခြင်းသည် ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုရှိ၏ဟု မဆိုသင့်ပါ။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းကို ငါ ဆို၏၊ မသိသူမမြင်သူအား ငါ မဆို။ ရဟန်းတို့ အဘယ်ကို သိသူမြင်သူအား အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း၊ ရဟန်းတို့ 'ဤကား ဆင်းရဲတည်း။ပ။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်တည်း'ဟု သိသူမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်၏။ ရဟန်းတို့ ဤသို့သိမြင်သူအားသာ အာသဝေါတို့၏ ကုန်ခြင်းသည် ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အလုံးစုံကို အထူးမသိသေးလျှင် ပိုင်းခြား၍ မသိသေးလျှင် မခွါနိုင်သေးလျှင် မပယ်နိုင်သေးလျှင် ဆင်းရဲကုန်ခြင်းငှါ မထိုက်၊ ရဟန်းတို့ အလုံးစုံကို အထူးသိလျှင် ပိုင်းခြား၍သိလျှင် ခွါနိုင်လျှင် ပယ်နိုင်လျှင် ဆင်းရဲကုန်ခြင်းငှါ ထိုက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက်သာလျှင်။ပ။ (အာနန္တရိက ကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ"ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကအား ဖြစ်ပေါ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏ဟူ၍ (ကိလေသာ) မြူ အညစ်အကြေးကင်းစင်သော တရားမျက်စိသည်ဖြစ်ပေါ်၏၊ ရဟန်းတို့ (ထိုအခါ) အရိယာသာဝကသည် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားအပ်ကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ဓောတက လောက၌ ယုံမှားမှုရှိသူ တစ်ဦးတစ်ယောက်ကိုမျှ လွတ်မြောက်စေခြင်းငှါငါဘုရား တတ်နိုင်မည် မဟုတ်၊ သင်သည် မြတ်သော နိဗ္ဗာန်တရားကို သိလတ်သော် ဤနည်းဖြင့်သံသရာအလျဉ်'ဩဃ'ကို လွန်မြောက် နိုင်ရာ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ် ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်။

ပရဝါဒီ။ ။ ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာအား မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို သူတစ်ပါးတို့ ပြောပြရကုန်သည်မဟုတ်ပါလော၊ လမ်းခရီးဟုတ်သည် လမ်းခရီး မဟုတ်သည်ကို သူတစ်ပါးတို့ ပြောပြရကုန်သည်မဟုတ်ပါလော၊ မြက် ထင်း တောစိုးသစ်ပင်တို့၏ အမည်ကို သူတစ်ပါးတို့ ပြောပြရကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာအား မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို သူတစ်ပါးတို့အကယ်၍ ပြောပြရကုန်မူ လမ်းခရီးဟုတ်သည် လမ်းခရီး မဟုတ်သည်ကို သူတစ်ပါးတို့ ပြောပြရကုန်မူမြက် ထင်း တောစိုး သစ်ပင်တို့၏ နာမည်ကို သူတစ်ပါးတို့ ပြောပြရကုန်မူ ထိုအကြောင်းကြောင့် ရဟန္တာအား သူတစ်ပါးတို့ ပြောပြမှုသည် ရှိ၏ဟု ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာအား မိန်းမယောကျ်ားတို့၏ အမည်အနွယ်ကို သူတစ်ပါးတို့ ပြောပြကုန်ရာ၏၊ လမ်းခရီးဟုတ်သည် လမ်းခရီး မဟုတ်သည်ကို သူတစ်ပါးတို့ ပြောပြကုန်ရာ၏၊ မြက် ထင်းတောစိုးသစ်ပင်တို့၏ အမည်ကို သူတစ်ပါးတို့ ပြောပြကုန်ရာ၏၊ ထို့ကြောင့် ရဟန္တာအား သူတစ်ပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကို လည်းကောင်း သူတစ်ပါးတို့ ပြောပြကုန်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ပရဝိတာရဏကထာ ပြီး၏။**

------

## ၂-ဒုတိယဝဂ် (၁၄) ၅-ဝစီဘေဒကထာ[၁]

၃၂၆။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၂]

သကဝါဒီ။ ။ အလုံးစုံသော ဘဝတို့၌ သမာပတ်ဝင်စားသူတို့အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူတို့အား နှုတ်မြွက်မှုသည် အခါခပ်သိမ်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူ အားလုံးအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော (လောကီလောကုတ္တရာ) သမာပတ်တို့၌ နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား ကိုယ်လှုပ်ရှားမှုသည် ရှိပါသလော။[၇]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၈]

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား ကိုယ်လှုပ်ရှားမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား စကားရှိသည် ဖြစ်၍ နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား ကိုယ်ရှိသည် ဖြစ်၍ ကိုယ်လှုပ်ရှားမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား ကိုယ်ရှိသည် ဖြစ်ပါလျက် ကိုယ်လှုပ်ရှားမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား စကားရှိသည် ဖြစ်ပါလျက် နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၂၇။ သကဝါဒီ။ ။ ဒုက္ခဟု သိသော သူသည် ဒုက္ခဟူသောစကားကို ပြောဆိုပါသလော။[၉]

ပရဝါဒီ။ ။ ဩော် ပြောဆိုပါ၏။[၁၀]

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'ဟု သိသောသူသည် ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'ဟူသောစကားကို ပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဟု သိသောသူသည် ဒုက္ခဟူသောစကားကို ပြောဆိုပါသလော။

ပရဝါဒီ။ ။ ဩော် ပြောဆိုပါ၏။

သကဝါဒီ။ ။ ဒုက္ခချုပ်ရာ 'နိရောဓ'ဟု သိသောသူသည် ဒုက္ခချုပ်ရာ 'နိရောဓ'ဟူသောစကားကိုပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဟု သိသောသူသည် ဒုက္ခဟူသောစကားကို ပြောဆိုပါသလော။

ပရဝါဒီ။ ။ သြော် ပြောဆိုပါ၏။

သကဝါဒီ။ ။ မဂ္ဂဟု သိသောသူသည် မဂ္ဂဟူသောစကားကို ပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဖြစ်ကြောင်း 'သမုဒယ'ဟု သိသောသူသည် ဒုက္ခဖြစ်ကြောင်း 'သမုဒယ'ဟူသောစကားကို မပြောဆိုပါသလော။

ပရဝါဒီ။ ။ သြော် မပြောဆိုပါ။

သကဝါဒီ။ ။ ဒုက္ခဟု သိသောသူသည် ဒုက္ခဟူသောစကားကို မပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခချုပ်ရာ 'နိရောဓ'ဟု သိသောသူသည် ဒုက္ခချုပ်ရာ 'နိရောဓ'ဟူသောစကားကိုမပြောဆိုပါသလော။

ပရဝါဒီ။ ။ သြော် မပြောဆိုပါ။

သကဝါဒီ။ ။ ဒုက္ခဟု သိသောသူသည် ဒုက္ခဟူသောစကားကို မပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂဟု သိသောသူသည် မဂ္ဂဟူသောစကားကို မပြောဆိုပါသလော။

ပရဝါဒီ။ ။ သြော် မပြောဆိုပါ။

သကဝါဒီ။ ။ ဒုက္ခဟု သိသောသူသည် ဒုက္ခဟူသောစကားကို မပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၂၈။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အသိဉာဏ်သည် အဘယ်လျှင် ကျက်စားရာ အာရုံ ရှိပါသနည်း။[၁၁]

ပရဝါဒီ။ ။ အသိဉာဏ်သည် အမှန် 'သစ္စာ'လျှင် ကျက်စားရာ အာရုံ ရှိပါ၏။

သကဝါဒီ။ ။ နား 'သောတ' သည် အမှန် 'သစ္စာ' လျှင် ကျက်စားရာ အာရုံ ရှိပါသလော။[၁၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နား 'သောတ' သည် အဘယ်လျှင် ကျက်စားရာ အာရုံ ရှိပါသနည်း။

ပရဝါဒီ။ ။ နား 'သောတ' သည် အသံလျှင် ကျက်စားရာ အာရုံ ရှိပါ၏။

သကဝါဒီ။ ။ အသိဉာဏ်သည် အသံလျှင် ကျက်စားရာ အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှု ရှိသည် ဖြစ်၍ အသိဉာဏ်သည် အမှန် 'သစ္စာ' လျှင် ကျက်စားရာ အာရုံ ရှိပါသလော၊ နား 'သောတ' သည် အသံလျှင် ကျက်စားရာ အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသိဉာဏ်သည် အမှန်'သစ္စာ'လျှင် ကျက်စားရာ အာရုံ ရှိခဲ့ပါမူ နား 'သောတ' သည် အသံလျှင် ကျက်စားရာ အာရုံ ရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှု ရှိသည် ဖြစ်၍ အသိဉာဏ်သည် အမှန် 'သစ္စာ' လျှင် ကျက်စားရာ အာရုံ ရှိပါသလော၊ နား 'သောတ' သည် အသံလျှင် ကျက်စားရာ အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏[၁၃] ဝေဒနာနှစ်ပါးတို့၏ သညာနှစ်ပါးတို့၏ စေတနာနှစ်ပါးတို့၏ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၃၂၉။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုသည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အာပေါကသိုဏ်းလျှင် အာရုံရှိသော သမာပတ်။ပ။ တေဇောကသိုဏ်း။ ဝါယောကသိုဏ်း။ နီလကသိုဏ်း။ ပီတကသိုဏ်း။ လောဟိတကသိုဏ်း။ ဩဒါတကသိုဏ်းလျှင် အာရုံရှိသောသမာပတ်ကို။ အာကာသာနဉ္စာယတနစျာန်သမာပတ်ကို။ ဝိညာဏဉ္စာယတနစျာန်သမာပတ်ကို။ အာကိဉ္စညာ ယတနစျာန်သမာပတ်ကို။ပ။ နေဝသညာနာသညာယတနစျာန်သမာပတ်ကိုဝင်စားသူအားနှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုသည်မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုမရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အာပေါကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို။ပ။ တေဇောကသိုဏ်း။ ဝါယောကသိုဏ်း။ နီလကသိုဏ်း။ ပီတကသိုဏ်း။ လောဟိတကသိုဏ်း။ ဩဒါတကသိုဏ်းလျှင် အာရုံရှိသောသမာပတ်ကို။ အာကာသာနဉ္စာယတနစျာန်သမာပတ်ကို။ ဝိညာဏဉ္စာယတနစျာန်သမာပတ်ကို။ အာကိဉ္စညာ ယတနစျာန်သမာပတ်ကို။ပ။ နေဝသညာနာသညာယတနစျာန်သမာပတ်ကိုဝင်စားသူအားနှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နေဝသညာနာသညာယတနစျာန်သမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုမရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီသမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီပဌမစျာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဒုတိယစျာန်ကို။ တတိယစျာန်ကို။ စတုတ္ထစျာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီသမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကီသမာပတ်ကိုဝင်စားသူအား နှုတ်မြွက်မှု မရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လောကီပဌမစျာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကီပဌမစျာန်ကိုဝင်စားသူအား နှုတ်မြွက်မှု မရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လောကီဒုတိယဈာန်ကို။ တတိယဈာန်ကို။ စတုတ္ထဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကီစတုတ္ထဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှု မရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

၃၃၀။ သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကီပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည်မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၁။ သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကုတ္တရာဒုတိယဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာပဌမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကုတ္တရာတတိယဈာန်ကို။ စတုတ္ထဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာဒုတိယဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ လောကုတ္တရာပဥ္စမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာဒုတိယဈာန်ကို။ တတိယဈာန်ကို။ စတုတ္ထဈာန်ကိုဝင်စားသူအားနှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ လောကုတ္တရာပဥ္စမဈာန်ကိုဝင်စားသူအား နှုတ်မြွက်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၂။ ပရဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဝိတက်ဝိစာရတို့ကိုဝစီသင်္ခါရတို့ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည် ဖြစ်၍ပဥ္စမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့ ရှိကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီဝိတက်ဝိစာရတို့ကိုဝစီသင်္ခါရတို့ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန် သည်ဖြစ်၍ ပဥ္စမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့ရှိခဲ့ကုန်မူ ထိုအကြောင်းကြောင့် သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟု ဆိုသင့်၏။

သကဝါဒီ။ ။ ဝိတက်ဝိစာရတို့ကိုဝစီသင်္ခါရတို့ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည်ဖြစ်၍ပဥ္စမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည် ရှိကုန်၏ဟု နလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဥ္စမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည်ရှိကုန်သည် ဖြစ်၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိတက်ဝိစာရတို့ကိုဝစီသင်္ခါရတို့ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည်ဖြစ်၍ပဌမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည် ရှိကုန်၏ဟု နှလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အာပေါကသိုဏ်း။ တေဇောကသိုဏ်း။ ဝါယောကသိုဏ်း။ နီလကသိုဏ်း။ ပီတကသိုဏ်း။ လောဟိတကသိုဏ်း။ သြဒါတကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည် ရှိကုန်သည် ဖြစ်၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ စကားကိုဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ပဌမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည် ရှိကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါကုန်၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ စကားကိုဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ပဌမဈာန်ဝင်စားသူအားဝိတက်ဝိစာရတို့ ရှိခဲ့ကုန်မူ ထိုအကြောင်းကြောင့် သမာပတ်ဝင်စားသူအားနှုတ်မြွက်မှုသည် ရှိ၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ စကားကိုဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ပဌမဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့ ရှိကုန်၏ဟု နှလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည်ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စကားကို သညာကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဒုတိယဈာန်ကိုဝင်စားသူအား သညာရှိသည် ဖြစ်ရကား ထိုပုဂ္ဂိုလ်အားဝိတက်ဝိစာရတို့ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စကားကိုဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ပဌမ ဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့ ရှိကုန်၏ဟု နှလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စကားကို သညာကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို။ အာကာသာနဉ္စာယတနဈာန်ကို။ ဝိညာဏဉ္စာယတနဈာန်ကို။ အာကိဉ္စညာယတနဈာန်ကိုဝင်စားသူအား သညာသည် ရှိသည် ဖြစ်ရကား ထိုပုဂ္ဂိုလ်အားဝိတက်ဝိစာရတို့ ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၃။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပဌမဈာန်ဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ရှိသည်သာမဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပဌမဈာန်ကိုဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပဌမဈာန်ကိုဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ရှိ၏ဟုနှလုံးပြုလျက် ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်ကိုဝင်စားသူအားဝိတက်ဝိစာရတို့သည် ချုပ်ကုန်၏ဟူသော သုတ္တန် (ပါဠိ) ရှိ၏ဟု နှလုံးပြုလျက် ထိုပုဂ္ဂိုလ်အားဝိတက်ဝိစာရတို့ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဌမဈာန်ကိုဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ရှိ၏ဟုနှလုံးပြုလျက် ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ တတိယဈာန်ကိုဝင်စားသူ၏ ပီတိသည် ချုပ်၏။ စတုတ္ထဈာန်ကိုဝင်စားသူ၏ထွက်သက်ဝင်သက်တို့သည် ချုပ်ကုန်၏။ အာကာသာနဉ္စာယတနဈာန်ကိုဝင်စားသူ၏ ရုပ်ဟူသောအမှတ်သညာသည် ချုပ်၏။ ဝိညာဏဉ္စာယတနဈာန်ကိုဝင်စားသူ၏ အာကာသာနဉ္စာယတနဈာန်ဟူသောအမှတ်သညာသည် ချုပ်၏။ အာကိဉ္စညာယတနဈာန်ကိုဝင်စားသူ၏ဝိညာဏဉ္စာယတနဈာန်ဟူသောအမှတ်သညာသည် ချုပ်၏။ နေဝသညာနာသညာယတနဈာန်ကိုဝင်စားသူ၏ အာကိဉ္စညာယတနဈာန်ဟူသော အမှတ်သညာသည် ချုပ်၏။ နိရောဓသမာပတ်ကိုဝင်စားသူ၏ သညာသည်လည်းကောင်း၊ ဝေဒနာသည်လည်းကောင်း ချုပ်ကုန်၏ဟူသော သုတ္တန် (ပါဠိ) ရှိ၏ဟု နှလုံးပြုလျက် ထိုပုဂ္ဂိုလ်အားသညာသည်လည်းကောင်း၊ ဝေဒနာသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟု နှလုံးပြု၍သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဝိတက်ဝိစာရတို့ကို ဒုတိယဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ ပီတိကိုတတိယဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ ထွက်သက်ဝင်သက်တို့ကို စတုတ္ထ ဈာန်၏ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်၏။ ရုပ်ဟူသောသညာကို အာကာသာနဉ္စာယတန ဈာန်ကိုဝင်စားသူ၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ အာကာသာနဉ္စာယတနဈာန်ဟူသော သညာကိုဝိညာဏဉ္စာယတနဈာန်ကိုဝင်စားသူ၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ ဝိညာဏဉ္စာယတနဈာန်ဟူသောသညာကို အာကိဉ္စညာယတနဈာန်ကိုဝင်စားသူ၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရားဟောအပ်၏။ အာကိဉ္စညာယတနဈာန်ဟူသောသညာကို နေဝသညာနာသညာယတနဈာန်ကိုဝင်စားသူ၏ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ သညာကိုလည်းကောင်း၊ ဝေဒနာကိုလည်းကောင်းနိရောဓသမာပတ်ကိုဝင်စားသူ၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်၏။ ထိုပုဂ္ဂိုလ်အားသညာသည်လည်းကောင်း၊ ဝေဒနာသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အာနန္ဒာ ပူဇော်အထူးကို ခံထိုက်သော (တရားအားလုံးကို) မဖောက်မပြန် ကိုယ်တော်တိုင်ထိုးထွင်းသိတော်မူသော သိခီဘုရားရှင်၏ အဘိဘူမည်သော တပည့်သည် ဗြဟ္မာ့ပြည်၌ တည်လျက်–

မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ကြ ကြိုးစားကြ လုံ့လ စိုက်ကြ ကုန်လော့၊ 'ဆင်ပြောင်ကြီးသည် ကျူအိမ်ကို မှုန့်မှုန့် ညက်ညက် ချေဖျက် သကဲ့သို့ ' သေမင်း၏ စစ်သည်ကိုမှုန့်မှုန့် ညက်ညက် ချေဖျက်ကြကုန်လော့။ အကြင်သူသည် ဤ (ဓမ္မဝိနယ) သာသနာတော်၌ မမေ့မလျော့ နေ၏၊ ထိုသူသည် ပဋိသန္ဓေနေမှုသံသရာကို ပယ်စွန့်၍ ဆင်းရဲအဆုံးကို ပြုလတ္တံ့ဟု တစ်သောင်း သော လောကဓာတ်ကို အသံဖြင့်သိစေ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏။

**ဝစီဘေဒကထာ ပြီး၏။**

------

၁။ သောတာပတ္တိမဂ်ခဏ၌ ပဌမဈာန်ကိုဝင်စားသောပုဂ္ဂိုလ်အား ဒုက္ခဟူသောစကားကို မြွက်ဆို၏ဟု အယူရှိသူ ပုဗ္ဗသေလိယ အစရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်လို၍ ဤဝစီဘေဒကထာကို ဟောတော်မူသည်။
၂။ မိမိဝါဒ၌ တည်၍ ပရဝါဒီက ဝန်ခံသည်။
၃။ အရူပဘဝကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုသည်။
၄။ သောတာပတ္တိမဂ်ခဏ ပဌမဈာန်ဝင်စားရာကာလမှ တစ်ပါးသော အလုံးစုံသောသမာပတ်ကို ဝင်စားသောအခါကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုသည်။
၅။ လောကီသမာပတ်ဝင်စားသူတို့ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ဒုတိယဈာန် အစရှိသော လောကုတ္တရာသမာပတ်ကိုလည်းကောင်း၊ လောကီသမာပတ် အားလုံးကိုလည်းကောင်း ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၇။ ကိုယ်လှုပ်ရှားမှုသည် ရှေ့သို့ တက်ခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ကာယဝိညတ်ပင်တည်း၊ အကြင်စိတ်တို့သည် ဝစီဝိညတ်ကို ဖြစ်စေကုန်၏၊ ထိုစိတ်တို့သည်ပင် ကာယဝိညတ်ကို ဖြစ်စေကုန်၏၊ ဤသို့ဖြစ်သော် အဘယ့်ကြောင့် ကိုယ်၏ လှုပ်ရှားမှု မဖြစ်သနည်းဟု စောဒနာလိုသောကြောင့် သကဝါဒီက မေးသည်။
၈။ ပရဝါဒီဆရာကား မိမိဝါဒ၏ အစွမ်းအားဖြင့် ပဋိက္ခေပလည်း ပြု၏၊ ဝန်လည်းဝန်ခံ၏။
၉။ ပဌမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်ကိုဝင်စားသူသည် မဂ်ခဏ၌ ဒုက္ခဟူ၍ နှုတ်မြွက်နိုင်ခဲ့ပါမူ သမုဒယ အစ ရှိသည်ကိုလည်း နှုတ်မြွက်နိုင်ရာ၏၊ ဒုက္ခဟူ၍ နှုတ်မမြွက်နိုင်ခဲ့ပါမူ သမုဒယအစ ရှိသည်ကိုလည်း နှုတ်မမြွက်နိုင်ရာဟု စောဒနာလို၍ သကဝါဒီက မေးသည်။
၁၀။ ပရဝါဒီဆရာကား မိမိဝါဒ၌ တည်၍ ဝန်ခံခြင်း ပယ်ခြင်းကို ပြုသည်၊ လောကုတ္တရာ ပဌမဈာန်ကိုဝင်စားသူသည် ဒုက္ခ ဒုက္ခဟု အဖန်ဖန် ရှု၏ဟု ပရဝါဒီဆရာက အယူရှိ၏။
၁၁။ လောကုတ္တရာ စတုသစ္စဉာဏ်ကို ရည်ရွယ်၍ ဆိုသည်။
၁၂။ သောတဝိညာဏ်ကို ရည်ရွယ်၍ ဆိုသည်။
၁၃။ သောတသမ္ဖဿနှင့် မနောသမ္ဖဿကို ရည်ရွယ်၍ ဖဿနှစ်ပါးဟု ဆိုသည်။

♣

## ၂-ဒုတိယဝဂ် (၁၅) ၆-ဒုက္ခာဟာရကထာ[၁]

၃၃၄။ သကဝါဒီ။ ။ ဒုက္ခ၌ ဉာဏ်ကို ဆောင်ခြင်းသည် မဂ္ဂင်လော၊ မဂ်၌ အကျုံးဝင်သလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော သူတို့သည် ဆင်းရဲဟူသောစကားကို ပြောဆိုကုန်၏၊ ထိုသူအားလုံးတို့သည်ပင် မဂ်ကို ပွားစေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၂]

သကဝါဒီ။ ။ အလုံးစုံသော သူတို့သည် ဆင်းရဲဟူသောစကားကို ပြောဆိုကုန်၏၊ ထိုသူအားလုံးတို့သည်ပင် မဂ်ကို ပွားစေကုန်သလော။

ပရဝါဒီ။ ။ သြော် ပွားစေပါကုန်၏။[၃]

သကဝါဒီ။ ။ ဗာလပုထုဇဉ်တို့သည် ဆင်းရဲဟူသောစကားကို ပြောဆိုကုန်၏၊ ဗာလပုထုဇဉ်တို့သည်မဂ်ကို ပွားစေကုန်သလော။[၄]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အမိကို သတ်သူသည်။ အဖကို သတ်သူသည်။ ရဟန္တာကို သတ်သူသည်။ (ဘုရားရှင်၌) သွေးစိမ်းတည်စေသူသည်။ သံဃာကို သင်းခွဲသူသည် ဆင်းရဲဟူသောစကားကို ပြောဆို၏၊ သံဃာကိုသင်းခွဲသူသည် မဂ်ကို ပွားစေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဒုက္ခာဟာရကထာ ပြီး၏။**

------

၁။ ဒုက္ခ ဒုက္ခဟူသောစကားကို ပြောဆိုသူသည် ဒုက္ခသစ္စာ၌ ဉာဏ်ကို ဆောင်သည် မည်၏၊ ဒုက္ခသစ္စာ၌ ဉာဏ်ကို ဆောင်ခြင်းကို ဒုက္ခာဟာရ မည်၏ဟူ၍ ဆိုအပ်၏၊ ထိုဉာဏ်သည် မဂ်မည်၏၊ မဂ်၌ အကျုံးဝင်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်လို၍ ဤဒုက္ခာဟာရကထာကို ဟောတော်မူသည်။
၂။ ဝိပဿနာ မရှုသူတို့ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ ဝိပဿနာရှုသူတို့ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်၊ ထိုဝိပဿနာရှုသူတို့သည် ဒုက္ခဟူသောစကားကို မြွက်ဆိုသည်ရှိသော် မဂ်ကို ပွားစေသည် မည်၏ဟူသော စကားသည် ပရဝါဒီဆရာ၏ အယူမျှသာတည်း။
၄။ ယခင်အဖြေကို ပယ်ဖျက်ခြင်းငှါ ဤမေးခွန်းကို ထပ်၍ မေးသည်။

♣

## ၂-ဒုတိယဝဂ် (၁၆) ၇-စိတ္တဋ္ဌိတိကထာ[၁]

၃၃၅။ သကဝါဒီ။ ။ တစ်ခုသော စိတ်သည် တစ်နေ့လုံး တည်နေပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ ဥပါဒ်ခဏသည် နေ့ဝက် ဘင်ခဏသည် နေ့ဝက် တည်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ တစ်ခုသော စိတ်သည် နှစ်ရက်တို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ ဥပါဒ်ခဏသည် တစ်နေ့ ဘင်ခဏသည် တစ်နေ့ တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ တစ်ခုသော စိတ်သည် လေးရက်တို့ပတ်လုံး တည်ပါသလော။ ရှစ်ရက်တို့ပတ်လုံးတည်ပါသလော။ ဆယ်ရက်တို့ပတ်လုံး တည်ပါသလော။ နှစ်ဆယ်ရက်တို့ပတ်လုံး တည်ပါသလော။ တစ်လပတ်လုံး တည်ပါသလော။ နှစ်လတို့ပတ်လုံး တည်ပါသလော။ လေးလတို့ပတ်လုံး တည်ပါသလော။ ရှစ်လတို့ပတ်လုံး တည်ပါသလော။ ဆယ်လတို့ပတ်လုံး တည်ပါသလော။ တစ်နှစ်ပတ်လုံးတည်ပါသလော။ နှစ်နှစ်တို့ပတ်လုံး တည်ပါသလော။ လေးနှစ်တို့ပတ်လုံး တည်ပါသလော။ ရှစ်နှစ်တို့ပတ်လုံး တည်ပါသလော။ ဆယ်နှစ်တို့ပတ်လုံး တည်ပါသလော။ အနှစ်နှစ်ဆယ်တို့ပတ်လုံး တည်ပါသလော။ အနှစ်သုံးဆယ်တို့ပတ်လုံး တည်ပါသလော။ အနှစ်လေးဆယ်တို့ပတ်လုံး တည်ပါသလော။ အနှစ်ငါးဆယ်တို့ပတ်လုံး တည်ပါသလော။ အနှစ်တစ်ရာပတ်လုံး တည်ပါသလော။ အနှစ်နှစ်ရာတို့ပတ်လုံး တည်ပါသလော။ အနှစ်လေးရာတို့ပတ်လုံး တည်ပါသလော။ အနှစ်ငါးရာတို့ပတ်လုံး တည်ပါသလော။ အနှစ်တစ်ထောင်ပတ်လုံး တည်ပါသလော။ အနှစ်နှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်လေးထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်ရှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်တစ်သောင်းခြောက်ထောင်တို့ပတ်လုံး တည်ပါသလော။ တစ်ကမ္ဘာပတ်လုံး တည်ပါသလော။ နှစ်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ လေးကမ္ဘာတို့ပတ်လုံး တည်ပါသလော။ ရှစ်ကမ္ဘာတို့ပတ်လုံးတည်ပါသလော။ ဆယ့်ခြောက်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ သုံးဆယ့်နှစ်ကမ္ဘာတို့ပတ်လုံးတည်ပါသလော။ ခြောက် ဆယ့်လေးကမ္ဘာတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာငါးရာတို့ပတ်လုံးတည်ပါသလော။ ကမ္ဘာတစ်ထောင် တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာနှစ်ထောင်တို့ပတ်လုံးတည်ပါသလော။ ကမ္ဘာလေးထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာရှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာသောင်းခြောက်ထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာနှစ်သောင်းတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာလေးသောင်းတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာခြောက်သောင်းတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာရှစ်သောင်းလေးထောင်တို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ ဥပါဒ်ခဏသည် ကမ္ဘာလေးသောင်းနှစ်ထောင် တည်ပါသလော၊ ဘင်ခဏသည် ကမ္ဘာလေးသောင်းနှစ်ထောင် တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ တစ်ခုသော စိတ်သည် တစ်နေ့လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ တစ်ရက်ပတ်လုံး အကြိမ်များစွာ ဖြစ်ကုန်၍ ချုပ်ကြသော အခြားတရားတို့သည်ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ထိုတရားတို့သည် စိတ်နှင့် အတူ လျင်သောအပြန် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ ထိုတရားတို့သည် စိတ်နှင့် အတူ လျင်သောအပြန် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။[၄]

သကဝါဒီ။ ။ "ရဟန်းတို့ ငါဘုရားသည် ဤစိတ်သည် လျင်မြန်သော ဖြစ်ခြင်းရှိသကဲ့သို့ စိတ်အတူအခြားတစ်ပါး တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ ရဟန်းတို့ လွန်ကဲလျင်မြန်သော ဤစိတ်သည် နှိုင်းယှဉ်ဖွယ် ဥပမာကိုလည်း ရဖို့ရန် မလွယ်ကူ"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ထိုတရားတို့သည် စိတ်နှင့် အတူ လျင်သောအပြန် ရှိကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ထိုတရားတို့သည် စိတ်နှင့် အတူ လျင်သောအပြန် ရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဥပမာအားဖြင့် မျောက်သည် တောအုပ်ကြီး၌ လှည့်လည်လတ်သော်သစ်ခက်ကို ဆွဲကိုင်၏၊ ထိုသစ်ခက်ကို လွှတ်၍ အခြားသစ်ခက်ကို ဆွဲကိုင်၏၊ ထိုသစ်ခက်ကို လွှတ်၍အခြားသစ်ခက်ကို ဆွဲကိုင်ပြန်၏၊ ရဟန်းတို့ ဤအတူပင်လျှင် အကြင်တရားကို စိတ်ဟူ၍လည်းကောင်း၊ မနဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း ဆိုအပ်၏။ ထိုတရားသည် ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း တခြားတစ်ပါးသာလျှင် ဖြစ်၏၊ တခြားတစ်ပါးသည် ချုပ်၏"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ထိုတရားတို့သည် စိတ်နှင့် အတူ လျင်သောအပြန် ရှိကုန်၏ဟူ၍ မဆိုသင့်။

၃၃၆။ သကဝါဒီ။ ။ တစ်ခုသော စိတ်သည် တစ်နေ့လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် တစ်နေ့လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတဝိညာဏ်သည်။ပ။ ဃာနဝိညာဏ်သည်။ ဇိဝှါဝိညာဏ်သည်။ ကာယဝိညာဏ်သည်။ အကုသိုလ်စိတ်သည်။ ရာဂနှင့် တကွဖြစ်သော စိတ်သည်။ ဒေါသနှင့် တကွဖြစ်သော စိတ်သည်။ မောဟနှင့် တကွဖြစ်သော။ မာနနှင့် တကွဖြစ်သော။ ဒိဋ္ဌိနှင့် တကွဖြစ်သော။ ဝိစိကိစ္ဆာနှင့် တကွဖြစ်သော။ ထိနနှင့် တကွဖြစ်သော။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော။ အဟိရိကနှင့် တကွဖြစ်သော။ အနောတ္တပ္ပနှင့် တကွဖြစ်သော စိတ်သည် တစ်နေ့လုံး တည်နေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ခုသော စိတ်သည် တစ်နေ့လုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ အကြင်စိတ်ကြောင့်သာလျှင် မျက်စိဖြင့် အဆင်းကို မြင်၏၊ ထိုစိတ်ကြောင့်သာလျှင်နားဖြင့် အသံကို ကြားပါသလော။ပ။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူပါသလော။ လျှာဖြင့် အရသာကိုလျက်ပါသလော။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော၊ စိတ်ဖြင့် သဘောတရားကို သိပါ့သလော။ပ။ အကြင်စိတ်ကြောင့်သာလျှင် စိတ်ဖြင့် သဘောတရားကို သိ၏၊ ထိုစိတ်ကြောင့်သာလျှင်မျက်စိဖြင့် အဆင်းကို မြင်ပါသလော။ပ။ နားဖြင့် အသံကို ကြားပါသလော။ နှာခေါင်းဖြင့် အနံ့ကိုနမ်းရှူ ပါသလော။ လျှာဖြင့် အရသာကို လျက်သလော၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ခုသော စိတ်သည် တစ်နေ့လုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ အကြင်စိတ်ကြောင့်သာလျှင် ရှေ့သို့ တက်၏၊ ထိုစိတ်ကြောင့်သာလျှင် နောက်သို့ဆုတ်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် နောက်သို့ ဆုတ်၏၊ ထိုစိတ်ကြောင့်သာလျှင် ရှေ့သို့တက်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် တည့်တည့်ကြည့်၏၊ ထိုစိတ်ကြောင့်သာလျှင်တစောင်းကြည့် ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် တစောင်းကြည့်၏၊ ထိုစိတ်ကြောင့်သာလျှင်တည့်တည့်ကြည့်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် ကွေး၏၊ ထိုစိတ်ကြောင့်သာလျှင်ဆန့်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် ဆန့်၏၊ ထိုစိတ်ကြောင့်သာလျှင် ကွေးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၇။ သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တစ်ခုသော စိတ်သည်အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။[၁]

သကဝါဒီ။ ။ လူတို့၏ တစ်ခုသော စိတ်သည် အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တစ်ခုသော စိတ်သည်အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ စာတုမဟာရာဇ်နတ်တို့၏။ပ။ တာဝတိံသာနတ်တို့၏။ ယာမာနတ်တို့၏။ တုသိတာနတ်တို့၏။ နိမ္မာနရတီနတ်တို့၏။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏။ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏။ ဗြဟ္မပုရောဟိတာဗြဟ္မာတို့၏။ မဟာဗြဟ္မာတို့၏။

ပရိတ္တာဘာဖြဟ္မာတို့၏။ အပ္ပမာဏာဘာဖြဟ္မာတို့၏။ အာဘဿရာဖြဟ္မာတို့၏။ ပရိတ္တသုဘာဖြဟ္မာတို့၏။ အပ္ပမာဏသုဘာဖြဟ္မာတို့၏။ သုဘကိဏှာဖြဟ္မာတို့၏။ ဝေဟပ္ဖိုလ်ဖြဟ္မာတို့၏။ အဝိဟာဖြဟ္မာတို့၏။ အတပ္ပါဖြဟ္မာတို့၏။ သုဒဿာဖြဟ္မာတို့၏။ သုဒဿီဖြဟ္မာတို့၏။ အကနိဋ္ဌဖြဟ္မာတို့၏ တစ်ခုသော စိတ်သည် အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဖြဟ္မာတို့၏ အသက်အတိုင်းအရှည်သည်ကမ္ဘာနှစ်သောင်းတို့ ဖြစ်ကုန်၏၊ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဖြဟ္မာတို့၏ တစ်ခုသောစိတ်သည် ကမ္ဘာနှစ်သောင်းတို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ လူတို့၏ အသက်အတိုင်းအရှည်သည် အနှစ်တစ်ရာ ဖြစ်၏၊ လူတို့၏ တစ်ခုသောစိတ်သည် အနှစ်တစ်ရာပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဖြဟ္မာတို့၏ အသက်အတိုင်းအရှည်သည်ကမ္ဘာနှစ်သောင်းတို့ ဖြစ်ကုန်၏၊ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဖြဟ္မာတို့၏ တစ်ခုသောစိတ်သည် ကမ္ဘာနှစ်သောင်းတို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်ပါ၏။

သကဝါဒီ။ ။ စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်သည် အနှစ်ငါးရာတို့ ဖြစ်၏၊ စာတုမဟာရာဇ်နတ်တို့၏ တစ်ခုသော စိတ်သည် အနှစ်ငါးရာတို့ပတ်လုံး တည်ပါသလော။ အနှစ်တစ်ထောင်ပတ်လုံး တည်ပါသလော။ အနှစ်နှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်လေးထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်ရှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ အနှစ်တစ်သောင်းခြောက်ထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာ၏ သုံးဖို့တစ်ဖို့ တည်ပါသလော။ ကမ္ဘာတစ်ဝက် တည်ပါသလော။ တစ်ကမ္ဘာပတ်လုံး တည်ပါသလော။ နှစ်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ လေးကမ္ဘာတို့ပတ်လုံးတည်သလော။ ရှစ်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ တစ်ဆယ့်ခြောက်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ သုံးဆယ့်နှစ်ကမ္ဘာတို့ပတ်လုံး တည်ပါသလော။ ခြောက်ဆယ့်လေးကမ္ဘာတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာငါးရာတို့ပတ်လုံး တည်ပါသလော။ ကမ္ဘာတစ်ထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာနှစ်ထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာလေးထောင်တို့ပတ်လုံး တည်ပါသလော။ ကမ္ဘာရှစ်ထောင်တို့ပတ်လုံးတည်ပါသလော။ အကနိဋ္ဌဖြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် ကမ္ဘာတစ်သောင်းခြောက်ထောင်တို့ဖြစ်၏၊ အကနိဋ္ဌဖြဟ္မာတို့၏ တစ်ခုသော စိတ်သည် ကမ္ဘာတစ်သောင်းခြောက်ထောင်တို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဖြဟ္မာတို့၏ စိတ်သည် ခဏခဏ ဖြစ်ပါသလော၊ ခဏခဏ ချုပ်ပါသလော။[၆]

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ခဏခဏ စုတေကုန်ပါသလော၊ ခဏခဏ ပဋိသန္ဓေနေပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တစ်ခုသော စိတ်သည်အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ သြော် တည်ပါ၏။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် အကြင်စိတ်ဖြင့်သာပဋိသန္ဓေနေကုန်၏၊ ထိုစိတ်ဖြင့်သာ စုတေပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**စိတ္တဋ္ဌိတိကထာ ပြီး၏။**

------

၁။ သမာပတ်စိတ်ကိုလည်းကောင်း၊ ဘဝင်စိတ်ကိုလည်းကောင်း မပြတ်သော အစဉ်အဆက်ဖြင့် ဖြစ်နေသည်ကို မြင်၍ တစ်ခုတည်းသာလျှင် ဖြစ်သော စိတ်သည် ရှည်ကြာစွာ တည်နေ၏ဟု အယူ ရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ခြင်းငှါ ဤစိတ္တဋ္ဌိတိကထာကို ဟောတော်မူသည်။

၂။ ဋီခါကို မသုံးသပ်မူ၍ 'အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော'ဟူသော ဒေသနာနည်းဖြင့် ဥပါဒ်ခဏနှင့် ဘင်ခဏ နှစ်ပါး၏ အစွမ်းဖြင့် ဤပုစ္ဆာကို ပြုသည်။

၃။ စိတ်ထက် အထူးအားဖြင့် လျင်သော အပြန်ရှိကုန်သော တရားတို့ကို မမြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ တစ်ဖန် မေးမြန်းလတ်သော် အကြင်စိတ်၏ ရှည်သော တည်ခြင်းကို အလိုရှိ၏၊ ထိုစိတ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်၏။

၅။ 'စုလ္လာသီတိသဟဿာနိ ကပ္ပါ တိဋ္ဌန္တိ ယေ မရူ' အစရှိသောစကား၏ အစွမ်းအားဖြင့် အရူပဘုံမှ တစ်ပါးသောဘုံ၌ အသက်ထက်ဆုံး တည်ခြင်းကို ပယ်၍ အရူပဘုံ၌ အသက်ထက်ဆုံး တည်ခြင်းကို ဝန်ခံသည်။

၆။ သကဝါဒီ အမေးကဲ့သို့ အဋ္ဌကထာ ဆို၏၊ မူလဋီကာဆရာကား ပရဝါဒီ၏ စကားဟု ဆိုသည်။

♣

## ၂-ဒုတိယဝဂ် (၁၇) ၈-ကုက္ကုဠကထာ[၁]

၃၃၈။ သကဝါဒီ။ ။ သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်သလော။[၂]

ပရဝါဒီ။ ။ သြော် တူကုန်၏။

သကဝါဒီ။ ။ သုခဝေဒနာသည် ကိုယ်၌ ဖြစ်သောချမ်းသာ၊ စိတ်၌ ဖြစ်သောချမ်းသာ၊ နတ်၌ ဖြစ်သော ချမ်းသာ၊ လူ၌ ဖြစ်သောချမ်းသာ၊ လာဘ်ရမှု ချမ်းသာ၊ အရိုအသေပြုမှု ချမ်းသာ၊ ယာဉ်စီးရမှုချမ်းသာ၊ အိပ်မှု ချမ်းသာ၊ အစိုးရမှု ချမ်းသာ၊ လွှမ်းမိုးကြီးကဲမှု ချမ်းသာ၊ လူ၏ ချမ်းသာ၊ ရဟန်းအဖြစ် ချမ်းသာ၊ အာသဝတို့ အာရုံဖြစ်သော ချမ်းသာ၊ အာသဝတို့၏ အာရုံ မဟုတ်သော ချမ်းသာ၊ စုတိပဋိသန္ဓေသို့ ကပ်ရောက်မှုရှိသော ဥပဓိ ချမ်းသာ၊ ကပ်ရောက်မှု မရှိသော နိရူပဓိချမ်းသာ၊ အာမိသရှိသော ချမ်းသာ၊ အာမိသ မရှိသော ချမ်းသာ၊ နှစ်သက်မှုရှိသော ချမ်းသာ၊ နှစ်သက်မှု မရှိသောချမ်းသာ၊ ဈာန်ချမ်းသာ၊ လွတ်မြောက်မှု ဖိုလ်ချမ်းသာ၊ ကာမ ချမ်းသာ၊ ကာမမှ ထွက်မြောက်မှုချမ်းသာ၊ ဆိတ်ငြိမ်မှု ချမ်းသာ၊ ငြိမ်းချမ်းမှု ချမ်းသာ၊ ထိုးထွင်း၍ သိမှု ချမ်းသာသည် ရှိသည်သာမဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သုခဝေဒနာသည်။ပ။ ထိုးထွင်းသိမှု ချမ်းသာသည် ရှိခဲ့ပါမူ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်ပါသလော။

ပရဝါဒီ။ ။ သြော် တူပါကုန်၏။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် ဒုက္ခဝေဒနာ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော ဆင်းရဲ၊ စိုးရိမ် ပူဆွေး ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန်းတို့ အလုံးစုံသည် ပြောင်ပြောင်တောက်လောင်၏၊ ရဟန်းတို့ အဘယ်မည်သောအလုံးစုံသည် ပြောင်ပြောင်တောက်လောင်သနည်း။ ရဟန်းတို့ မျက်စိသည်ပြောင်ပြောင်တောက်လောင်၏၊ အဆင်းတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ စက္ခုဝိညာဏ်သည်ပြောင်ပြောင်တောက်လောင်၏၊ စက္ခုသမ္ဖဿသည် ပြောင်ပြောင်တောက်လောင်၏၊ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာ သည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်းပြောင်ပြောင်တောက်လောင်၏။

အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း၊ ရာဂမီးဖြင့် ဒေါသမီးဖြင့် မောဟမီးဖြင့် ပြောင်ပြောင့်တောက်လောင်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း ပူပန်ရခြင်း ငိုကြွေးရခြင်း ဆင်းရဲရခြင်းနှလုံးမသာရခြင်း ပြင်းစွာ ပင်ပန်းရခြင်းတို့ဖြင့် ပြောင်ပြောင်တောက်လောင်၏ဟု ငါ ဆို၏။

နားသည် ပြောင်ပြောင်တောက်လောင်၏၊ အသံတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏။ပ။ နှာခေါင်းသည် ပြောင်ပြောင်တောက်လောင်၏၊ အနံ့တို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ လျှာသည် ပြောင်ပြောင် တောက်လောင်၏၊ အရသာတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ ကိုယ်သည် ပြောင်ပြောင်တောက်လောင်၏၊ အတွေ့အထိတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏။ပ။ စိတ်သည် ပြောင်ပြောင်တောက်လောင်၏၊ သဘောတရားတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ မနောဝိညာဏ် သည် ပြောင်ပြောင်တောက်လောင်၏၊ မနောသမ္ဖဿသည် ပြောင်ပြောင်တောက်လောင်၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု သုခ ဒုက္ခ ဥပေက္ခာသည်လည်းပြောင်ပြောင် တောက်လောင်၏။

အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း၊ ရာဂမီးဖြင့် ဒေါသမီးဖြင့် မောဟမီးဖြင့် ပြောင်ပြောင်တောက်လောင်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း ပူပန်ရခြင်း ငိုကြွေးရခြင်း ဆင်းရဲရခြင်းနှလုံးမသာရခြင်း ပြင်းစွာ ပင်ပန်းရခြင်းတို့ဖြင့် ပြောင်ပြောင်တောက်လောင်၏ဟု ငါ ဆို၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩာ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူပါကုန်သလော။

ပရဝါဒီ။ ။ ဩာ် တူပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ လိုချင်ဖွယ်နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘော ရှိ၍ ကာမရာဂနှင့် စပ်လျက် တပ်စွန်းဖွယ် ဖြစ်သောစက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်း။ သောတဝိညာဏ်ဖြင့် သိအပ်သော အသံ။ ဃာနဝိညာဏ်ဖြင့်သိအပ်သော အနံ့။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ။ပ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ချစ်ဖွယ်သဘောရှိ၍ ကာမရာဂနှင့် စပ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိအပ်သောအတွေ့အထိတို့တည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ငါးပါးတို့ပေတည်းဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩာ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ဟူ၍ မဆိုသင့်။

ပရဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩာ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ သင်တို့သည် အရတော်ကြကုန်၏၊ သင်တို့သည် ကောင်းစွာ ရအပ်ကုန်၏၊ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏။ ရဟန်းတို့ တွေ့ထိမှု၏တည်ရာ'ဖဿာယတန' ခြောက်မျိုးရှိသော 'ဆဖဿာယတနိက'ငရဲတို့ကို ငါမြင်အပ်ကုန်၏၊ ထိုငရဲ၌ မျက်စိဖြင့်အဆင်းအားလုံးကို ကြည့်သော် မလိုလားအပ်သောသဘောကိုသာ မြင်၏၊ လိုလားအပ်သောသဘောကိုမမြင်။ မနှစ်သက်အပ်သောသဘောကိုသာ မြင်၏၊ နှစ်သက်အပ်သောသဘောကို မမြင်။ စိတ်နှလုံးကို မပွါးစေတတ်သောသဘောကိုသာ မြင်၏၊ စိတ်နှလုံးကို ပွါးစေတတ်သောသဘောကို မမြင်။ နားဖြင့်အသံအားလုံးကို နားထောင်သည်ရှိသော်။ပ။ နှာခေါင်းဖြင့် အနံ့အားလုံးကို နမ်းရှုသည်ရှိသော်။ လျှာဖြင့်အရသာအားလုံးကို လျက်သည်ရှိသော်။ ကိုယ်ဖြင့် အတွေ့အထိအားလုံးကို တွေ့ထိသည်ရှိသော်။ စိတ်ဖြင့်သဘောတရားအားလုံးကို သိသည်ရှိသော် မလိုလားအပ်သောသဘောကိုသာ သိ၏၊ လိုလားအပ်သောသဘောကို မသိ။ မနှစ်သက်အပ်သောသဘောကိုသာ သိ၏၊ နှစ်သက်အပ်သောသဘောကို မသိ။ စိတ် နှလုံးကို မပွါးစေတတ်သောသဘောကိုသာ သိ၏၊ စိတ်နှလုံးကို ပွါးစေတတ်သောသဘောကိုမသိ"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပုံနှင့်တူကုန်၏ဟူ၍ ဆိုသင့်ပါ၏။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပုံနှင့် တူကုန်သလော။

ပရဝါဒီ။ ။ ဩော် တူပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ သင်တို့သည် အရတော်ကုန်၏၊ ရဟန်တို့ သင်တို့သည် ကောင်းစွာရအပ်ကုန်၏၊ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏။ ရဟန်းတို့ တွေ့ထိမှု၏တည်ရာ 'ဖဿာယတန'ခြောက်မျိုးရှိသော 'ဖဿာယတနိက'နတ်ပြည်တို့ကို ငါမြင်အပ်ကုန်၏၊ ထိုနတ်ပြည်တို့၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သည်ရှိသော် လိုလားအပ်သောသဘောကိုသာမြင်၏၊ မလိုလားအပ်သောသဘောကို မမြင်။ နှစ်သက်အပ်သောသဘောကိုသာ မြင်၏၊ မနှစ်သက်အပ်သောသဘောကို မမြင်။ စိတ်နှလုံးကို ပွါးစေတတ်သောသဘောကိုသာ မြင်၏၊ စိတ်နှလုံးကို မပွါးစေတတ် သောသဘောကို မမြင်။ပ။ နားဖြင့် အသံကို ကြားသည်ရှိသော်။ နှာခေါင်းဖြင့် အနံ့အားလုံးကို နမ်းရှု သည်ရှိသော်။ လျှာဖြင့် အရသာအားလုံးကို လျက်သည် ရှိသော်။ ကိုယ်ဖြင့် အတွေ့အထိအားလုံးကို တွေ့ထိသည်ရှိသော်။ စိတ်ဖြင့် သဘောတရားအားလုံးကို သိသည်ရှိသော် လိုလားအပ်သောသဘော ကိုသာ သိ၏၊ မလိုလားအပ်သောသဘောကို မသိ။ နှစ်သက်အပ်သောသဘောကိုသာ သိ၏၊ မနှစ်သက်အပ်သောသဘောကို မသိ။ စိတ်နှလုံးကိုပွါးစေတတ်သောသဘောကိုသာ သိ၏၊ စိတ်နှလုံး ကို မပွါးစေတတ်သောသဘောကို မသိ"ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ဟူ၍ မဆိုသင့်။

ပရဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ဟူ၍မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အကြင်သဘောတရားသည် မမြဲ၊ ထိုသဘောတရားသည် ဆင်းရဲ၏ဟု မြတ်စွာဘုရားဟောတော်မူအပ်သည် ဖြစ်၍ သင်္ခါရအားလုံးတို့သည် မမြဲကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အကြင်သဘောတရားသည် မမြဲ၊ ထိုသဘောတရားသည် ဆင်းရဲ၏ဟု မြတ်စွာဘုရားဟောတော်မူအပ်သည် ဖြစ်၍ သင်္ခါရအားလုံးတို့သည် မမြဲကုန်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပြုပြင်အပ်သောသင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်သလော။

ပရဝါဒီ။ ။ သြော် တူကုန်၏။

သကဝါဒီ။ ။ ဒါနသည် အလိုမရှိအပ်သော အကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်နှလုံးကို မတိုးပွါးစေတတ်သော အကျိုးရှိသလော၊ သွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဒုက္ခကို ဖြစ်စေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သီလသည်။ပ။ ဥပုသ်ကျင့်သုံးခြင်းသည်။ပ။ ဘာဝနာပွါးခြင်းသည်။ပ။ မြတ်သောအကျင့်သည် အလိုမရှိအပ်သော အကျိုးရှိသလော၊ မနှစ်သက်အပ်သော အကျိုးရှိသလော၊ စိတ်နှလုံးကိုမပွါးစေတတ်သော အကျိုးရှိသလော၊ သွန်းလောင်းအပ်သော အကျိုးရှိသလော၊ ဆင်းရဲကို ဖြစ်ပေါ်စေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သော အကျိုးရှိသည်၊ နှစ်သက်အပ်သော အကျိုးရှိသည်၊ စိတ်နှလုံးကို ပွါးစေတတ်သော အကျိုးရှိသည်၊ မသွန်းလောင်းအပ်သော အကျိုးရှိသည်၊ ချမ်းသာကို ဖြစ်စေတတ်သည်၊ ချမ်းသာသော အကျိုးရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒါနသည် အလိုရှိအပ်သော အကျိုးရှိသည်၊ နှစ်သက်အပ်သော အကျိုးရှိသည်၊ စိတ်နှလုံးကို ပွါးစေတတ်သော အကျိုးရှိသည်၊ မသွန်းလောင်းအပ်သော အကျိုးရှိသည်၊ ချမ်းသာကို ဖြစ်ပေါ်စေတတ်သည်၊ ချမ်းသာသော အကျိုးရှိသည် ဖြစ်ခဲ့ပါမူ

ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သီလသည်။ ဥပုသ်စောင့်သုံးမှုသည်။ ဘာဝနာပွါးမှုသည်။ မြတ်သောအကျင့်သည်အလိုရှိအပ်သော အကျိုးရှိသည်၊ နှစ်သက်အပ်သော အကျိုးရှိသည်၊ စိတ်နှလုံးကို ပွါးစေတတ်သောအကျိုးရှိသည်၊ မသွန်းလောင်းအပ်သော အကျိုးရှိသည်၊ ချမ်းသာကို ပွါးစေတတ်သည်၊ ချမ်းသာသောအကျိုးရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်သောအကျင့်သည် အလိုရှိအပ်သော အကျိုးရှိသည်၊ နှစ်သက်အပ်သော အကျိုးရှိသည်၊ စိတ်နှလုံးကို ပွါးစေတတ်သော အကျိုးရှိသည်၊ မသွန်းလောင်းအပ်သော အကျိုးရှိသည်၊ ချမ်းသာကို ဖြစ်ပေါ်စေတတ်သည်၊ ချမ်းသာသော အကျိုးရှိသည် ဖြစ်ခဲ့ပါမူ ပြုပြင်အပ်သောသင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်သလော။

ပရဝါဒီ။ ။ ဩော် တူကုန်၏။

သကဝါဒီ။ ။ "မဂ်ဉာဏ်လေးပါးတည်းဟူသော ရောင့်ရဲခြင်းရှိသည်ဖြစ်၍ ထင်ရှား သိပြီးသောတရားရှိသည့် ခပ်သိမ်းသော တရားတို့ကို မြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသောဝိဝေကသည်ချမ်းသာ၏။ လောကဌ် အမျက် မထွက်ခြင်းသည် လည်းကောင်း၊ သတ္တဝါအပေါင်းတို့၌ (မညှဉ်းဆဲမိအောင်) စောင့်စည်းခြင်းသည် လည်းကောင်း ချမ်းသာ၏။ လောကဌ် ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟုဆိုအပ်သော စွဲမက်မှု'ရာဂ' ကင်းသည်၏ အဖြစ်သည်ချမ်းသာ၏၊ ငါဟူသော မာနကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာ ဖြစ်၏။ ချမ်းသာခြင်းဖြင့် ချမ်းသာသို့ ရောက်၏၊ ထိုရောက်သောချမ်းသာကား ချမ်းသာ အစစ်ပေတည်း၊ ဤဝိဇ္ဇာသုံးပါးတို့သို့ ရောက်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာပေတည်း"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပြုပြင်အပ်သော သင်္ခါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ပြာပူနှင့် တူကုန်၏ဟူ၍ မဆိုသင့်။

**ကုက္ကုဠကထာ ပြီး၏။**

------

၁။ 'သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ, သဗ္ဗေ သင်္ခါရာ ဒုက္ခာ' အစရှိသော သုတ်တို့ကို မသင့်သောအားဖြင့် ယူ၍ မုချအားဖြင့် သင်္ခါရတရားအားလုံးတို့သည် ပြာပူကဲ့သို့ ဖြစ်ကုန်၏၊ အလျှံကင်း၍ ရဲရဲညီးသော မီးကျီးနှင့် ရောကုန်သကဲ့သို့ ဖြစ်ကုန်၏၊ ပြာပူငရဲနှင့် တူကုန်၏ဟု

အယူရှိကြကုန်သော ဂေါကုလိကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို အထူးထူး အပြားပြားသော သုခကို ပြခြင်းဖြင့် ပယ်ဖျက်တော်မူလို၍ ဤကုက္ကုဋ္ဌကထာကို ဟောတော်မူသည်။

၂။ အပိုင်းအခြားကို မပြုဟူသည် သာမညအားဖြင့် အားလုံးပင် ပြာပူနှင့် တူကုန်သလောဟူ၍ ဆိုလိုသည်။

♣

## ၂-ဒုတိယဝဂ် (၁၈) ၉-အနုပုဗ္ဗာဘိသမယကထာ[၁]

၃၃၉။ သကဝါဒီ။ ။ သစ္စာလေးပါးတို့ကို အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း သောတာပတ္တိမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၂]

သကဝါဒီ။ ။ အစဉ်အတိုင်း သောတာပတ္တိမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဩော် ပွါးများပါ၏။[၃]

သကဝါဒီ။ ။ အစဉ်အတိုင်း သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၄]

သကဝါဒီ။ ။ (သစ္စာလေးပါးတရားတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း သကဒါဂါမိမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အစဉ်အတိုင်း သကဒါဂါမိမဂ်ကို ပွားများပါသလော။

ပရဝါဒီ။ ။ ဩော် ပွါးများပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ (သစ္စာလေးပါးတရားတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း အနာဂါမိမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အစဉ်အတိုင်း အနာဂါမိမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ သြော် ပွါးများပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း အနာဂါမိဖိုလ်ကို မျက်မှောက် ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ (သစ္စာလေးပါးတရားတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း အရဟတ္တမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အစဉ်အတိုင်း အရဟတ္တမဂ်ကို ပွါးများပါသလော။

ပရဝါဒီ။ ။ သြော် ပွါးများပါ၏။

သကဝါဒီ။ ။ အစဉ်အတိုင်း အရဟတ္တဖိုလ်ကို မျက်မှောက် ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၃၄၀။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုမြင်သဖြင့် အဘယ်တရားကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ ထိုတရားတို့နှင့်တကွ တစ်ခုသောစိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ပယ်စွန့်ကုန်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ သောတာပန်မည်သလော၊ လေးဖို့ပြု၍ သောတာပန် မမည်သလော၊ လေးဖို့ပြု၍ သောတာပတ္တိဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် မတွေ့ထိဘဲ နေသလော၊ လေးဖို့ပြု၍ သတ္တက္ခတ္တုပရမသောတာပန် မည်သလော၊ ကောလံကောလသောတာပန် မည်သလော၊ ဧကဗီဇီသောတာပန် မည်သလော၊ ဘုရား၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံသလော၊ တရား၌။ပ။ သံဃာတော်၌။ပ။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံသလော၊ လေးဖို့ပြု၍ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့်။ပ။ နိရောဓသစ္စာကို သိမြင်သဖြင့်။ပ။ မဂ္ဂသစ္စာကိုသိမြင်သဖြင့် အဘယ်ကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိုလည်းကောင်း၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ ထိုတရားတို့နှင့် တကွ တစ်ခုသောစိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်းလေးဖို့ပြု၍ ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ သောတာပန်မည်သလော၊ လေးဖို့ပြု၍ သောတာပန် မမည်သလော၊ လေးဖို့ပြု၍ သောတာပတ္တိဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊

မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ လေးဖို့ပြု၍ သတ္တက္ခတ္တုပရမသောတာပန်, ကောလံကောလသောတာပန်, ဧကဗီဇီသောတာပန်မည်သလော၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံသလော၊ တရား၌။ပ။ သံဃာတော်၌။ပ။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံသလော၊ လေးဖို့ပြု၍ အရိယာတို့ နှစ်သက်အပ်သောသီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၁။ သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်သဖြင့် အဘယ်ကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုတရားတို့နှင့်တကွ တစ်ခုသော စိတ်၌တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ သကဒါဂါမ်မည်သလော၊ လေးဖို့ပြု၍ သကဒါဂါမ် မမည်သလော၊ လေးဖို့ပြု၍ သကဒါဂါမိဖိုလ်ကို ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့်။ပ။ နိရောဓသစ္စာကို သိမြင်သဖြင့်။ပ။ မဂ္ဂသစ္စာကိုသိမြင်သဖြင့် အဘယ်ကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ ကြမ်းတမ်းသော ကာမရာဂကိုလည်းကောင်း၊ ကြမ်းတမ်းသော ဗျာပါဒကိုလည်းကောင်း၊ ထိုတရားတို့နှင့် တစ်ခုသော စိတ်၌တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ သကဒါဂါမ်မည်သလော၊ လေးဖို့ပြု၍ သကဒါဂါမ် မမည်သလော၊ လေးဖို့ပြု၍ သကဒါဂါမိဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၂။ သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုသိမြင်သဖြင့် အဘယ်ကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ သိမ်မွေ့သော ကာမရာဂကိုလည်းကောင်း၊ သိမ်မွေ့သော ဗျာပါဒကိုလည်းကောင်း၊ ထိုတရားတို့နှင့်တကွ တစ်ခုသော စိတ်၌တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ အနာဂါမ်မည်သလော၊ လေးဖို့ပြု၍ အနာဂါမ် မမည်သလော၊ လေးဖို့ ပြု၍အနာဂါမိဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊

ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ လေးဖို့ပြု၍အန္တရာပရိနိဗ္ဗာယီ မည်သလော။ပ။ ဥပဟစ္စပရိနိဗ္ဗာယီမည်သလော၊ အသင်္ခါရပရိနိဗ္ဗာယီမည်သလော၊ သသင်္ခါရပရိနိဗ္ဗာယီမည်သလော။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သလော၊ လေးဖို့ပြု၍ ဥဒ္ဓံသောတအကနိဋ္ဌဂါမီမမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့်။ပ။ နိရောဓသစ္စာကို သိမြင်သဖြင့်။ပ။ မဂ္ဂသစ္စာကိုသိမြင်သဖြင့် အဘယ်ကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ သိမ်မွေ့သော ကာမရာဂကိုလည်းကောင်း၊ သိမ်မွေ့သော ဗျာပါဒကိုလည်းကောင်း၊ ထိုတရားတို့နှင့်တကွ တစ်ခုသောစိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ အနာဂါမ်မည်သလော၊ လေးဖို့ပြု၍ အနာဂါမ် မမည်သလော၊ လေးဖို့ ပြု၍အနာဂါမိဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ လေးဖို့ပြု၍အန္တရာပရိနိဗ္ဗာယီမည်သလော။ပ။ ဥပဟစ္စပရိနိဗ္ဗာယီမည်သလော၊ အသင်္ခါရပရိနိဗ္ဗာယီမည်သလော၊ သသင်္ခါရပရိနိဗ္ဗာယီမည်သလော၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ မည်သလော၊ လေးဖို့ပြု၍ ဥဒ္ဓံသောတအကနိဋ္ဌဂါမီမမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၃။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်သဖြင့်အဘယ်ကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။ ရူပဘုံ၌ တပ်စွန်းမှု ‘ရူပရာဂ’ကိုလည်းကောင်း၊ အရူပဘုံ၌ တပ်စွန်းမှု ‘အရူပရာဂ’ကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ဥဒ္ဓစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်း၊ ထိုတရားတို့နှင့်တကွ တစ်ခုသောစိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ ရဟန္တာမည်သလော၊ လေးဖို့ပြု၍ ရဟန္တာ မမည်သလော၊ ပယ်စွန့်သလော၊ လေးဖို့ပြု၍ ရဟန္တာအဖြစ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍ နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍မနေသလော၊ လေးဖို့ပြု၍ ရာဂကင်းသလော။ပ။ ဒေါသကင်းသလော။ပ။ မောဟကင်းသလော။ပ။ ပြုဖွယ်ကိစ္စကို ပြုပြီးဖြစ်သူ, ခန္ဓာဝန်ကို ချပြီးသူ, ရအပ်သော မိမိအကျိုးစီးပွါးရှိသူ, ကုန်ခန်းပြီးသောဘဝသံယောဇဉ်ရှိသူ, ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ, အဝိဇ္ဇာတံခါးကျည်ကို ပစ်လွှတ်ပြီးသူ,ကံသင်္ခါရကျုံးမြောင်းကို ဖျက်ဆီးပြီးသူ, တဏှာတံခါးတိုင်ကို နုတ်ပြီးသူ, (တဏှာ) တံခါးရွက် မရှိသူ,အရိယာဖြစ်သူ, (မာန) တံခွန်ချပြီးသူ, ကျပြီးသော (ခန္ဓာ) ဝန်ရှိသူ, (မာနနှင့်) မယှဉ်သူ, အောင်ပွဲကိုကောင်းစွာ အောင်ပြီးသူ ဖြစ်သလော၊ ထိုရဟန္တာသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်သလော၊ သမုဒယသစ္စာကို ပယ်ရှားအပ်သလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်သလော၊ မဂ္ဂသစ္စာကို ပွါးများအပ်သလော၊ အထူးသိထိုက်သော တရားကို အထူးသိအပ်သလော၊ ပိုင်းခြား၍

သိထိုက်သောတရားကိုပိုင်းခြား၍ သိအပ်သလော၊ ပယ်ထိုက်သောတရားကို ပယ်ရှားအပ်သလော၊ ပွါးစေထိုက်သောတရားကိုပွါးစေအပ်သလော။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်သလော၊ လေးဖို့ပြု၍မျက်မှောက်ပြု ထိုက်သော တရားကို မျက်မှောက် မပြုအပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို သိမြင်သဖြင့်။ နိရောဓသစ္စာကို သိမြင်သဖြင့်။ မဂ္ဂသစ္စာကိုသိမြင်သဖြင့် အဘယ်ကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ ရူပဘုံ၌ တပ်စွန်းမှု 'ရူပရာဂ'ကိုလည်းကောင်း၊ အရူပဘုံ၌ တပ်စွန်းမှု 'အရူပရာဂ'ကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ဥဒ္ဓစ္စကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်းထိုတရားတို့နှင့် တကွ တစ်ခုသောစိတ်၌ တည်သော ကိလေသာတို့ကိုလည်းကောင်း လေးဖို့ပြု၍ပယ်စွန့်၏။

သကဝါဒီ။ ။ လေးဖို့ပြု၍ ရဟန္တာမည်သလော၊ လေးဖို့ပြု၍ ရဟန္တာ မမည်သလော၊ လေးဖို့ပြု၍အရဟတ္တဖိုလ်သို့ ရောက်သလော၊ ရသလော၊ သိသလော၊ မျက်မှောက်ပြုသလော၊ ပြည့်စုံစေ၍နေသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေသလော၊ လေးဖို့ပြု၍ ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ လေးဖို့ပြု၍ ရာဂကင်းသလော။ပ။ ဒေါသကင်းသလော၊ မောဟကင်းသလော၊ ပြုဖွယ်ကိစ္စကို ပြုပြီးသူခန္ဓာဝန်ကို ချပြီးသူ, ဘဝသံယောဇဉ်ကုန်ခန်းပြီးသူ, ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ, အဝိဇ္ဇာတံခါး ကျည်ကို ပစ်လွှတ်ပြီးသူ, ကံသင်္ခါရကျုံး မြောင်းကို ဖျက်ဆီးပြီးသူ, (တဏှာ) တံခါးတိုင်ကိုနုတ်ပြီးသူ, (တဏှာ) တံခါးရွက် မရှိသူ, အရိယာဖြစ်သူ, (မာန) တံခွန်ကို ချပြီးသူ, ကျပြီးသော (ခန္ဓာ) ဝန်ရှိသူ, (မာန) နှင့် မယှဉ်သူ, အောင်ပွဲကို ကောင်းစွာ အောင်ပြီးသူ ဖြစ်သလော၊ ထိုရဟန္တာသည်ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်သလော၊ သမုဒယသစ္စာကို ပယ်ရှားအပ်သလော၊ နိရောဓသစ္စာကို မျက်မှောက် ပြုအပ်သလော၊ မဂ္ဂသစ္စာကို ပွါးစေအပ်သလော၊ အထူးသိထိုက်သော တရားကိုအထူးသိအပ်သလော၊ ပိုင်းခြား၍ သိထိုက်သော တရားကို ပိုင်းခြား၍ သိအပ်သလော၊ ပယ်ရှားထိုက်သော တရားကို ပယ်ရှားအပ်သလော၊ ပွါးစေထိုက်သော တရားကို ပွါးစေအပ်သလော။ပ။ မျက်မှောက်ပြုထိုက်သော တရားကို မျက်မှောက်ပြုအပ်သလော၊ လေးဖို့ပြု၍ မျက်မှောက်ပြုထိုက်သောတရားကို မျက်မှောက်ပြုအပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၄။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ပြော်ဆိုသင့်ပါ၏။

သကဝါဒီ။ ။ ဒုက္ခသစ္စာကို မြင်လတ်သော် ဖိုလ်၌တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမုဒယသစ္စာကို ရှုလတ်သော်။ပ။ နိရောဓသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟုဆိုထိုက်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ နိရောဓသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်ကို ရှုလတ်သော်ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ မဂ်ကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။[၅]

သကဝါဒီ။ ။ ဒုက္ခသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ ဒုက္ခသစ္စာကိုမြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ မဂ်ကို မြင်လတ်သော်ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ သမုဒယသစ္စာကို ရှုလတ်သော်။ပ။ နိရောဓသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟုဆိုသင့်သည် ဖြစ်၍ နိရောဓသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ ဒုက္ခသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မဂ်ကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ မဂ်ကို မြင်လတ်သော် ဖိုလ်၌တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမုဒယသစ္စာကို ရှုလတ်သော်။ပ။ နိဗ္ဗာန်ကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည်ဖြစ်၍ နိရောဓသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍ မဆိုသင့် ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မဂ်ကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ မဂ်ကို မြင်လတ်သော် ဖိုလ်၌တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုသင့်သည် ဖြစ်၍ ဒုက္ခသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ဒုက္ခသစ္စာကို မြင်ခြင်းသည် အကျိုး မရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာကို ရှုလတ်သော်။ပ။ နိရောဓသစ္စာကို ရှုလတ်သော် ကျင့်ဆဲပုဂ္ဂိုလ်ဟုဆိုသင့်သည် ဖြစ်၍ နိရောဓသစ္စာကို မြင်လတ်သော် ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု ဆိုသင့်၏ဟူ၍မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ နိရောဓသစ္စာကို မြင်ခြင်းသည် အကျိုး မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၅။ ပရဝါဒီ။ ။ ဒုက္ခသစ္စာကို မြင်အပ်သော် သစ္စာလေးပါးတို့ကို မြင်အပ်ကုန်သလော။

သကဝါဒီ။ ။ သြော် မြင်အပ်ပါကုန်၏။[၆]

ပရဝါဒီ။ ။ ဒုက္ခသစ္စာသည် သစ္စာလေးပါးတို့လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ ရူပက္ခန္ဓာကို အနိစ္စဟု မြင်အပ်သော် ခန္ဓာငါးပါးတို့ကို အနိစ္စဟု မြင်အပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် မြင်အပ်ပါကုန်၏။[၈]

သကဝါဒီ။ ။ ရူပက္ခန္ဓာသည် ခန္ဓာငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခာယတနကို အနိစ္စဟု မြင်အပ်သော် အာယတနတစ်ဆယ့်နှစ်ပါးတို့ကို အနိစ္စဟုမြင်အပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် မြင်အပ်ကုန်၏။

သကဝါဒီ။ ။ စက္ခာယတနသည် အာယတနတစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဓာတ်ကို အနိစ္စဟု မြင်အပ်သော် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို အနိစ္စဟု မြင်အပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် မြင်အပ်ပါကုန်၏။

သကဝါဒီ။ ။ စက္ခုဓာတ်သည် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုန္ဒြေကို အနိစ္စဟု မြင်အပ်သော် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို အနိစ္စဟု မြင်အပ်ကုန်သလော။

ပရဝါဒီ။ ။ ထြော် မြင်အပ်ပါကုန်၏။

သကဝါဒီ။ ။ စက္ခုန္ဒြေသည် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသိဉာဏ်လေးပါးတို့ဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပါသလော။[၉]

ပရဝါဒီ။ ။ ထြော် ပြုအပ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် လေးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသိဉာဏ်ရှစ်ပါးတို့ဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပါသလော။[၁၀]

ပရဝါဒီ။ ။ ထြော် ပြုပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် ရှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသိဉာဏ် တစ်ဆယ့်နှစ်ပါးတို့ဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပါသလော။[၁၁]

ပရဝါဒီ။ ။ ထြော် ပြုပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသိဉာဏ် လေးဆယ့်လေးပါးတို့ဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပါသလော။[၁၂]

ပရဝါဒီ။ ။ ထြော် ပြုပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် လေးဆယ့်လေးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသိဉာဏ် ခုနစ်ဆယ့်ခုနစ်ပါးဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပါသလော။[၁၃]

ပရဝါဒီ။ ။ ထြော် ပြုပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် ခုနစ်ဆယ့်ခုနစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၄၆။ ပရဝါဒီ။ ။ (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဥပမာအားဖြင့် မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း ညွတ်သည် အစဉ်အတိုင်းကိုင်းသည် အစဉ်အတိုင်း ရှိုင်းသည် (ဖြစ်၍) အစကတည်းကပင် ကမ်းစောက် ဖြစ်သည် မဟုတ်၊ ရဟန်းတို့ ဤအတူ ဤဓမ္မဝိနယသာသနာတော်၌ အစဉ်အတိုင်း ကျင့်သုံးအပ်သည် အစဉ်အတိုင်း ပြုလုပ်အပ်သည် အစဉ်အတိုင်း အကျင့်ရှိသည် ဖြစ်၍ အစကတည်းကပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသည်မဟုတ်"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏။

ပရဝါဒီ။ ။ (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်းသိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ပန်းထိမ်သည်သည် ငွေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်ပစ် သကဲ့သို့ ထို့အတူပညာရှိသည် အစဉ်သဖြင့် မိမိ၏ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း (ရာဂစသော အညစ် အကြေးကို) ထုတ်ပစ် ရာ၏"ဟူသော မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ် ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏။

သကဝါဒီ။ ။ (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ "အရှင်ဂဝမ္ပတိထေရ်သည် ရဟန်းတို့အား ဤစကားကို ဆို၏– ငါ့ရှင်တို့ ဤတရားစကားကို မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာသင်ယူခဲ့ရ၏– 'ရဟန်းတို့ ဆင်းရဲကို မြင်သောသူသည် ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏။ ဆင်းရဲဖြစ်ပေါ်ကြောင်းကို မြင်သော သူသည်ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏။

ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကို မြင်သော သူသည် ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်ကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကို မြင်သော သူသည် ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကိုလည်း မြင်၏ဟု ဤတရားစကားကို မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာသင်ယူခဲ့ရ၏"ဟူ၍ ဤသို့ ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ "ထိုပုဂ္ဂိုလ်သည် (သောတာပတ္တိမဂ်) ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက် သာလျှင်သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော ဤတရား သုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏။ ကိလေသာစိုးစဉ်းမျှ ရှိစေကာမူ အပါယ်လေးပါး တို့မှ လွတ်၏၊ (အာနန္တရိက ကံငါးပါးနှင့်နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ"ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏ဟူ၍ မဆိုသင့်ပါ။

သကဝါဒီ။ ။ (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကအား အလုံးစုံသော တရားသည် ဖြစ်ခြင်းသဘော ရှိ၏၊ ထိုအလုံးစုံ ဖြစ်ခြင်းသဘောရှိသော တရားသည် ချုပ်ခြင်းသဘောရှိ၏ဟု (ကိလေသာ) မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ (ထိုအခါ သောတာပတ္တိမဂ်) ဉာဏ်အမြင် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် အရိယာသာဝကသည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သုံးပါးသော သံယောဇဉ်တို့ကို ပယ်ရှားအပ်ကုန်၏"ဟူ၍မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် (သစ္စာလေးပါးတို့ကို) အစဉ်အတိုင်း ထိုးထွင်း၍ သိ၏ဟူ၍ မဆိုသင့်။

**အနုပုဗ္ဗာဘိသမယကထာ ပြီး၏။**

------

၁။ 'အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ၊ ကမ္မာရော ရဇတဿေဝ နိဒ္ဓမေ မလမတ္တနော'အစရှိသော သုတ်တို့ကို မသင့်သောအားဖြင့်ယူ၍ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို မြင်ခြင်းဖြင့် အချို့သော ကိလေသာတို့ကို ပယ်စွန့်၏၊ သမုဒယ, နိရောဓ, မဂ္ဂသစ္စာကို မြင်ခြင်းဖြင့် အချို့သော ကိလေသာတို့ကို ပယ်စွန့်၏၊ ကြွင်းသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့

သည်လည်း ထိုသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အတူပင် ပယ်စွန့်ကုန်၏၊ ဤသို့ ဆိုခဲ့ပြီးသော ကိလေသာကို ပယ်စွန့်ခြင်း အစဉ်အားဖြင့် တစ်ဆယ့်ခြောက်ပါးကုန်သော အဖို့ အစုတို့ဖြင့် အစဉ်အတိုင်း ကိလေသာတို့ကို ပယ်စွန့်ခြင်းကို ပြ၍ အရဟတ္တဖိုလ်ကို ရ၏ဟု အယူရှိကုန်သော အန္ဓက, သဗ္ဗတ္ထိက, သမ္မိတိယ, ဘဒြယာနိကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို စိစစ်ခြင်းငှါ ဤ အနုပုဗ္ဗာဘိသမယကထာကို ဟောတော်မူသည်။
၂။ တစ်ခုသော မဂ်၏ များသည်၏ အဖြစ်သို့ ရောက်ခြင်းမှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ တစ်ဖန် မေးပြန်သော် ဒုက္ခသစ္စာကို မြင်ခြင်းစသည်တို့၏ အစွမ်းအားဖြင့် ထိုသစ္စာလေးပါးတရားတို့သည်လည်း သောတာ ပတ္တိမဂ်ပင်တည်းဟူ၍ နှလုံးပြုကာ ဝန်ခံပြန်သည်။
၄။ ဖိုလ်ကို မူကား တစ်ခုတည်းကိုသာ အလိုရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၅။ ဒုက္ခသမုဒယနိရောဓသစ္စာကို မြင်ခြင်းဖြင့် မြင်ခြင်းကိစ္စ မပြီးဆုံးသေး၊ မဂ္ဂသစ္စာကို မြင်ခြင်းဖြင့်သာ သစ္စာကို မြင်ခြင်းကိစ္စ ပြီးဆုံးသည် မည်၏၊ ထိုအခါ ထိုသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဖိုလ်၌တည်၏ဟု ရေတွက်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် ပရဝါဒီက ဝန်ခံရသည်။
၆။ တစ်ပြိုင်နက်အားဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသည်၏ အစွမ်းအားဖြင့် သကဝါဒီက ဝန်ခံသည်။
၇။ သစ္စာလေးပါးတို့၏ အထူးထူးသောသဘောရှိသည်၏ အဖြစ်ကြောင့် သကဝါဒီက ပဋိက္ခေပပြုသည်။
၈။ သမုဒ္ဒရာမှ ရေတစ်ပေါက်၏ အရသာကို သိခဲ့သော် ကြွင်းသော ရေအားလုံး၏ အရသာကို သိရသကဲ့သို့ တစ်ခုသော တရားကို အနိစ္စ စသော အခြင်းအရာအားဖြင့် သိအပ်သည်ရှိသော် တရားအားလုံးတို့ကိုလည်း ထိုးထွင်း၍ သိအပ်ကုန်၏ဟူသော အယူဖြင့် ပရဝါဒီက ဝန်ခံသည်။
၉။ စတုသစ္စဉာဏ်ကို ဆိုလိုသည်။
၁၀။ သာဝကတို့နှင့် ဆက်ဆံသော စတုသစ္စဉာဏ်နှင့် ပဋိသမ္ဘိဒါဉာဏ်လေးပါး ပေါင်း ရှစ်ပါးကို ဆိုသည်။
၁၁။ အင်္ဂါတစ်ဆယ့်နှစ်ပါးရှိသော ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပင်တည်း။
၁၂။ 'ဇရာမရဏေ ဉာဏံ ဇရာမရဏသမုဒယေ ဉာဏံ' အစရှိသည်ဖြင့် နိဒါနဝဂ္ဂသံယုတ်၌ လာသော ဉာဏ်လေးဆယ့် လေးပါးပင်တည်း။
၁၃။ 'ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံဝယဓမ္မံဝိရာဂဓမ္မံ နိရောဓဓမ္မံ' စသည်ဖြင့် နိဒါနဝဂ္ဂ သံယုတ်၌လာသော ဉာဏ်ခုနစ်ဆယ့်ခုနစ်ပါးပင်တည်း။

♣

## ၂-ဒုတိယဝဂ် (၁၉) ၁၀-ဝေါဟာရကထာ[၁]

၃၄၇။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကုတ္တရာနား၌ ထိခိုက်ပါသလော၊ လောကီနား၌ မထိခိုက်ပါသလော၊ လောကုတ္တရာဝိညာဏ်ဖြင့် သိပါကုန်သလော၊ လောကီဝိညာဏ်ဖြင့် မသိပါကုန်သလော၊ အရိယာသာဝကတို့သာသိပါကုန်သလော၊ ပုထုဇဉ်တို့ မသိပါကုန်သလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကီနား၌ ထိခိုက်သည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကီနား၌ ထိခိုက်ခဲ့ပါမူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာ (ဖြစ်၏) ဟု မဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို လောကီဝိညာဏ်ဖြင့်သိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို လောကီဝိညာဏ်ဖြင့် သိနိုင်ခဲ့ကုန်မူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာ (ဖြစ်၏)ဟု မဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို ပုထုဇဉ်တို့ သိကုန်သည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို ပုထုဇဉ်တို့သိခဲ့ပါကုန်မူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာ (ဖြစ်၏)ဟုမဆိုသင့်။

၃၄၈။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ်မည်သလော၊ ဖိုလ်မည်သလော၊ နိဗ္ဗာန်မည်သလော၊ သောတာပတ္တိမဂ် မည်သလော၊ သောတာပတ္တိဖိုလ်မည်သလော၊ သကဒါဂါမိမဂ်မည်သလော၊ သကဒါဂါမိဖိုလ်မည်သလော၊ အနာဂါမိမဂ်မည်သလော၊ အနာဂါမိဖိုလ်မည်သလော၊ အရဟတ္တမဂ်မည်သလော၊ အရဟတ္တဖိုလ်မည်သလော၊ သတိပဋ္ဌာန်မည်သလော၊ သမ္မပ္ပဓာန်မည်သလော၊ ဣဒ္ဓိပါဒ်မည်သလော၊ ဣန္ဒြေမည်သလော၊ ဗိုလ်မည်သလော၊ ဗောဇ္ဈင်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို နာကြားသော အချို့သူတို့ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ လောကုတ္တရာတရားကို နားဖြင့် သိအပ်ပါသလော၊ နား၌ ထိခိုက်ပါသလော၊ နားအားရှေးရှုထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာတရားကို နားဖြင့် မသိအပ်သည် မဟုတ်ပါလော၊ နား၌ မထိခိုက်သည်မဟုတ်ပါလော၊ နားအား ရှေးရှုထင်ခြင်းသို့ မရောက်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကုတ္တရာတရားကို နားဖြင့် မသိအပ်ခဲ့ပါမူ နားအား ရှေးရှုထင်ခြင်းသို့မရောက်ခဲ့ပါမူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာဟု မဆိုသင့်။

၃၄၉။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှု၌ တပ်မက်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ လောကုတ္တရာတရားသည် တပ်မက်မှု တည်ရာလော၊ တပ်မက်ကြောင်းလော၊ နှစ်သက်ကြောင်းလော၊ မူးယစ်ကြောင်းလော၊ နှောင်ဖွဲ့ကြောင်းလော၊ တွေဝေကြောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာတရားသည် တပ်မက်မှု၏ တည်ရာ မဖြစ်သည် မဟုတ်ပါလော၊ မတပ်မက်ကြောင်း မဟုတ်ပါလော၊ မနှစ်သက်ကြောင်း မဟုတ်ပါလော၊ မမူးယစ်ကြောင်း မဟုတ်ပါလော၊ မနှောင်ဖွဲ့ကြောင်း မဟုတ်ပါလော၊ မတွေဝေကြောင်း မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကုတ္တရာတရားသည် တပ်မက်မှု၏ တည်ရာ မဟုတ်ခဲ့ပါမူမတပ်မက်ကြောင်း မနှစ်သက်ကြောင်း မမူးယစ်ကြောင်း မနှောင်ဖွဲ့ကြောင်း မတွေဝေကြောင်း ဖြစ်ခဲ့ပါမူဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှု၌ (ပြစ်မှား) ဖျက်ဆီးသောအချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ လောကုတ္တရာတရားသည် ဒေါသ၏ တည်ရာလော၊ ကောပ၏ တည်ရာလော၊ ပဋိဃ၏တည်ရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာတရားသည် ဒေါသ၏ တည်ရာ မဖြစ်သည် ကောပ၏ တည်ရာ မဖြစ်သည်ပဋိဃ၏ တည်ရာ မဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကုတ္တရာတရားသည် ဒေါသ၏ တည်ရာ ကောပ၏ တည်ရာ ပဋိဃ၏တည်ရာ မဖြစ်ခဲ့ပါမူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာဟုမဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှု၌ တွေဝေသော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ လောကုတ္တရာသည် တွေဝေမှု'မောဟ' ၏ တည်ရာလော၊ မသိခြင်းကို ပြုတတ်ပါသလော၊ (ဉာဏ်) မျက်စိမရှိခြင်းကို ပြုတတ်ပါသလော၊ အသိဉာဏ်ကို ပိတ်ပင်တတ်ပါသလော၊ ပင်ပန်းခြင်းအဖို့ ရှိပါသလော၊ နိဗ္ဗာန်ကို မဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာတရားသည် တွေဝေမှု'မောဟ' ၏ တည်ရာ မဖြစ်သည် မသိခြင်းကိုမပြုတတ်သည် (ဉာဏ်) မျက်စိမရှိခြင်းကို မပြုတတ်သည် ပညာကို တိုးပွါးစေတတ်သည် မပင်ပန်းခြင်းအဖို့ရှိသည် နိဗ္ဗာန်ကို ဖြစ်စေတတ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လောကုတ္တရာတရားသည် တွေဝေမှု'မောဟ၏'တည်ရာ မဟုတ်ခဲ့ပါမူမသိခြင်းကို မပြုတတ်ခဲ့ပါမူ (ဉာဏ်) မျက်စိ မရှိခြင်းကို မပြုတတ်ခဲ့ပါမူ ပညာကို

တိုးပွါးစေတတ်ခဲ့ပါမူမပင်ပန်းခြင်းအဖို့ ရှိခဲ့ပါမူ နိဗ္ဗာန်ကို ဖြစ်စေတတ်ခဲ့ပါမူ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာဟု မဆိုသင့်။

၃၅၀။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကုတ္တရာ လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကိုနာကြားကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည်ပင် မဂ်ကို ပွါးစေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို နာကြားကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည်ပင် မဂ်ကို ပွါးစေကုန်သလော။

ပရဝါဒီ။ ။ သြော် ပွါးများစေကုန်၏။

သကဝါဒီ။ ။ ဗာလပုထုဇဉ်တို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကိုနာကြားကုန်၏၊ ဗာလပုထုဇဉ်တို့သည် မဂ်ကို ပွါးစေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အမိကို သတ်သူသည် မဂ်ကို ပွါးစေသလော။ပ။ အဖကို သတ်သူသည်။ ရဟန္တာကိုသတ်သူသည် (ဘုရား၌) သွေးစိမ်း တည်စေသူသည်။ သံဃာကို သင်းခွဲသူသည်။ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုကို နားကြား၏၊ ထိုသံဃာကို သင်းခွဲသူသည် မဂ်ကို ပွါးစေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၅၁။ ပရဝါဒီ။ ။ ရွှေဖြင့် ပြီးသော တုတ်တံဖြင့် စပါးပုံကိုလည်းကောင်း၊ ရွှေပုံကိုလည်းကောင်းပြောကြားခြင်းငှါ ရအပ်ပါသလော။

သကဝါဒီ။ ။ သြော် ရအပ်ပါ၏။

ပရဝါဒီ။ ။ ဤအတူ မြတ်စွာဘုရားသည် လောကုတ္တရာခေါ်ဝေါ်ပြောဆိုမှုဖြင့် လောကီတရားကိုလည်းကောင်း၊ လောကုတ္တရာတရားကိုလည်းကောင်း ခေါ်ဝေါ်ပြောဆိုနိုင်၏။

သကဝါဒီ။ ။ ကြက်ဆူသားဖြင့် ပြီးသော တုတ်တံဖြင့် စပါးပုံကိုလည်းကောင်း၊ ရွှေပုံကိုလည်းကောင်းပြောကြားခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ဤအတူ မြတ်စွာဘုရားသည် လောကီခေါ်ဝေါ်ပြောဆိုမှုဖြင့် လောကီတရားကိုလည်းကောင်း၊ လောကုတ္တရာတရားကိုလည်းကောင်း ခေါ်ဝေါ်ပြောဆိုနိုင်၏။[၃]

၃၅၂။ သကဝါဒီ။ ။ ဘုန်းတတ်ကြီးတော်မူသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကီဖြစ်ပါသလော၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော်လောကုတ္တရာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကီနား၌ ထိခိုက်ပါသလော၊ လောကုတ္တရာကိုခေါ်ဝေါ်ပြောဆိုလတ်သော် လောကုတ္တရာနား၌ ထိခိုက်ပါသလော၊ လောကီကို ခေါ်ဝေါ် ပြောဆိုလတ်သော်လောကီဝိညာဏ်ဖြင့် သိကုန်ပါသလော၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကုတ္တရာဝိညာဏ်ဖြင့် သိကုန်ပါသလော၊ လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် ပုထုဇဉ်တို့ သိကုန်ပါသလော၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော် အရိယာသာဝကတို့ သိကုန်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကီဖြစ်၏၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကုတ္တရာဖြစ်၏ဟုမပြောဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် လောကီတရားကိုလည်းကောင်း၊ လောကုတ္တရာတရားကိုလည်းကောင်းခေါ်ဝေါ်ပြောဆိုသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြတ်စွာဘုရားသည် လောကီတရားကိုလည်းကောင်း၊ လောကုတ္တရာတရားကိုလည်းကောင်း ခေါ်ဝေါ်ပြောဆိုခဲ့ပါမူ ထိုအကြောင်းကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ခေါ်ဝေါ်ပြောဆိုမှုသည် လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကီဖြစ်၏၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကုတ္တရာဖြစ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ခေါ်ဝေါ်ပြောဆိုမှုသည် လောကီကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကီဖြစ်ပါသလော၊ လောကုတ္တရာကို ခေါ်ဝေါ်ပြောဆိုလတ်သော် လောကုတ္တရာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မဂ်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် မဂ်ဖြစ်သလော၊ မဂ်မဟုတ်သည်ကို ခေါ်ဝေါ် ပြောဆိုလတ်သော် မဂ်မဟုတ်ပါသလော၊ ဖိုလ်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် ဖိုလ်ဖြစ်ပါသလော၊ ဖိုလ်မဟုတ်သည်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် ဖိုလ်မဟုတ်သည် ဖြစ်ပါသလော၊ နိဗ္ဗာန်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် နိဗ္ဗာန်ဖြစ်သလော၊ နိဗ္ဗာန်မဟုတ်သည်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် နိဗ္ဗာန်မဟုတ်ပါသလော၊ သင်္ခတကို ခေါ်ဝေါ်ပြောဆိုလတ်သော် သင်္ခတဖြစ်ပါသလော၊ အသင်္ခတကို ခေါ်ဝေါ်ပြောဆိုလတ်သော်အသင်္ခတဖြစ်ပါသလော၊ ရုပ်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် ရုပ်ဖြစ်ပါသလော၊ ရုပ်မဟုတ်သည်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် ရုပ်မဟုတ်သည် ဖြစ်ပါသလော၊ ဝေဒနာကို ခေါ်ဝေါ်ပြောဆိုလတ်သော် ဝေဒနာဖြစ်ပါသလော၊ ဝေဒနာမဟုတ်သည်ကို ခေါ်ဝေါ်ပြောဆိုလတ်သော် ဝေဒနာမဟုတ်သည် ဖြစ်ပါသလော၊ သညာကို ခေါ်ဝေါ်ပြောဆိုလတ်သော် သညာဖြစ်ပါသလော၊

သညာမဟုတ်သည်ကိုခေါ်ဝေါ်ပြောဆိုလတ်သော် သညာ မဟုတ်သည် ဖြစ်ပါသလော၊ သင်္ခါရတို့ကို ခေါ်ဝေါ်ပြောဆိုလတ်သော်သင်္ခါရတို့ ဖြစ်ကုန်ပါသလော၊ သင်္ခါရမဟုတ်သည်တို့ကို ခေါ်ဝေါ်ပြောဆိုလတ်သော် သင်္ခါရမဟုတ်သည်တို့ဖြစ်ကုန်ပါသလော၊ ဝိညာဏ်ကို ခေါ်ဝေါ်ပြောဆိုလတ်သော်ဝိညာဏ်ဖြစ်ပါသလော၊ ဝိညာဏ်မဟုတ်သည်ကို ခေါ်ဝေါ်ပြောဆိုလတ်သော်ဝိညာဏ်မဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဝေါဟာရကထာ ပြီး၏။**

------

၁။ မြတ်စွာဘုရားသည် လောကုတ္တရာ အခေါ်အဝေါ်စကားဖြင့် ခေါ်ဝေါ်ပြောဆို၏ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ရန် ဤဝေါဟာရကထာကို ဟောတော်မူသည်။
၂။ ထိုပရဝါဒီဆရာတို့၏ မသင့်သော အယူဝါဒ ရှိသည်၏ အဖြစ်ကို ပြခြင်းငှါ သကဝါဒီဆရာက မေးသည်၊ သင် ပရဝါဒီ၏ သဒ္ဒါယတနသည်သာလျှင် လောကုတ္တရာလော၊ သို့မဟုတ် သောတာယတန အစရှိသည်တို့သည်လည်း လောကုတ္တရာလောဟု မေးလိုသည်။
၃။ လောကီဖြစ်သော ဒေသေတဗ္ဗတရားစကားကို ဟောပြောသည်ရှိသော် မြတ်စွာဘုရား၏ စကားသည် လောကီပင်ဖြစ်သည်ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် အချို့တို့၏ဝါဒကို ပယ်သည်။

♣

## ၂-ဒုတိယဝဂ် (၂၀) ၁၁-နိရောဓကထာ[၁]

၃၅၃။ သကဝါဒီ။ ။ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဩဝ်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ ဆင်းရဲ၏ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ဆင်းရဲချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဩဝ်ဟုတ်ပါကုန်၏။[၃]

သကဝါဒီ။ ။ နိရောဓသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ နိရောဓသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဩဝ်ဟုတ်ပါကုန်၏။[၅]

သကဝါဒီ။ ။ ဒုက္ခသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ သမုဒယသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ မဂ္ဂသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်မျိုးတို့လော။ပ။ ပုန်းအောင်းရာတို့သည် နှစ်မျိုးတို့လော။ ကိုးကွယ်ရာတို့သည် နှစ်မျိုးတို့လော။ လဲလျောင်းရာတို့သည် နှစ်မျိုးတို့လော။ မရွေ့လျောရာတို့သည်နှစ်မျိုးတို့လော။ မသေရာတို့သည် နှစ်မျိုးတို့လော။ နိဗ္ဗာန်တို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ နိဗ္ဗာန်တို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ နိဗ္ဗာန်နှစ်မျိုးတို့၏ မြင့်မြတ်ခြင်း ယုတ်နိမ့်ခြင်းသည် ရှိပါသလော၊ ယုတ်ညံ့ခြင်းမွန်မြတ်ခြင်းသည် ရှိပါသလော၊ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းသည် ရှိပါသလော။ အပိုင်းအခြားသည်လည်းကောင်း၊ အကွဲအပြားသည်လည်းကောင်း၊ အရေးအကြောင်းသည်လည်းကောင်း၊ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ မဆင်ခြင်ဘဲ ချုပ်ငြိမ်းကုန်သော သင်္ခါရတို့ကို ဆင်ခြင်၍ ချုပ်ငြိမ်းစေကုန်ပါသလော။

ပရဝါဒီ။ ။ သြော် ချုပ်ငြိမ်းစေပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မဆင်ခြင်ဘဲ ချုပ်ငြိမ်းကုန်သော သင်္ခါရတို့ကို ဆင်ခြင်၍ ချုပ်ငြိမ်းစေကုန်ခဲ့ပါမူ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့ဟူ၍ မဆိုသင့်။

ပရဝါဒီ။ ။ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မဆင်ခြင်ဘဲ ချုပ်ငြိမ်းသော သင်္ခါရတို့ကိုလည်း စင်စစ် ဧကန် ချိုးဖဲ့ဖျက်ဆီးအပ်ကုန်သည် မဟုတ်ပါလော၊ ဆင်ခြင်၍ ချုပ်ငြိမ်းသော သင်္ခါရတို့ကိုလည်း စင်စစ် ဧကန် ချိုးဖဲ့ဖျက်ဆီးအပ်ကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၁]

ပရဝါဒီ။ ။ အရှင်သကဝါဒီ မဆင်ခြင်ဘဲ ချုပ်ငြိမ်းသော သင်္ခါရတို့ကိုလည်း စင်စစ် ဧကန် ချိုးဖဲ့ဖျက်ဆီးအပ်ပါကုန်မူ ဆင်ခြင်၍ ချုပ်ငြိမ်းသော သင်္ခါရတို့ကိုလည်း စင်စစ်ဧကန် ချိုးဖဲ့ဖျက်ဆီးအပ်ပါကုန်မူထိုအကြောင်းကြောင့် ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ ဆင်ခြင်၍ ချုပ်ငြိမ်းသော သင်္ခါရတို့သည်လည်း အရိယာမဂ်ကို အကြောင်းပြု၍ချုပ်ငြိမ်းပါကုန်သလော။

ပရဝါဒီ။ ။ သြော် ချုပ်ငြိမ်းပါကုန်၏။

သကဝါဒီ။ ။ မဆင်ခြင်ဘဲ ချုပ်ငြိမ်းသော သင်္ခါရတရားတို့သည် အရိယာမဂ်ကို အကြောင်းပြု၍ချုပ်ငြိမ်းပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ ဆင်ခြင်၍ ချုပ်ငြိမ်းသော သင်္ခါရတို့သည် နောက်ထပ် တစ်ဖန် မဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါကုန်။

သကဝါဒီ။ ။ မဆင်ခြင်ဘဲ ချုပ်ငြိမ်းသော သင်္ခါရတို့သည် နောက်ထပ် တစ်ဖန် မဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထို့ကြောင့် ချုပ်ငြိမ်းမှုတို့သည် နှစ်မျိုးတို့ဟူ၍ မဆိုသင့်။

**နိရောဓကထာ ပြီး၏။**

**ဒုတိယဝဂ် ပြီး၏။**

------

၁။ သင်္ခါရတရားတို့ကို အနိစ္စ စသော သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းမှ ကင်းသောအားဖြင့် ချုပ်ခြင်း၊ သင်္ခါရတရားတို့ကို အနိစ္စ စသော သင့်သောအကြောင်း

အားဖြင့် ဆင်ခြင်၍ ချုပ်ခြင်းဟူသော နှစ်ပါးသော ချုပ်ခြင်းတို့ကို တစ်ပေါင်းတည်းပြု၍ နိရောဓသစ္စာဟု အယူရှိကုန်သော မဟိသာသက အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ခြင်းငှါ ဤနိရောဓကထာကို ဟောတော်မူသည်။

၂။ ဒုက္ခသစ္စာနှစ်ပါတို့ကို အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ ပဋိသင်္ခါနိရောဓ အပ္ပဋိသင်္ခါနိရောဓဟူသော နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဒုက္ခ၏ ချုပ်ခြင်းကို အလိုရှိသောကြောင့် ဝန်ခံပြန်သည်။

၄။ ဒုက္ခသစ္စာနှစ်ပါးတို့၏ ချုပ်ငြိမ်းမှုကို အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၅။ နှစ်ပါးသော အခြင်းအရာအားဖြင့် ဒုက္ခချုပ်ငြိမ်းမှုကို အလိုရှိသောကြောင့် ပရဝါဒီက ဝန်ခံသည်။

၆။ နိဗ္ဗာန်နှစ်ပါးတို့၏ မြင့်မြတ်ခြင်း ယုတ်နိမ့်ခြင်းစသည်တို့ကို မမြင်ရသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၇။ ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီးသော သင်္ခါရတို့၏ တစ်ဖန်နောက်ထပ် မချိုးဖဲ့ မဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် သကဝါဒီက ဝန်ခံသည်။ တစ်နည်း– မဆင်ခြင်ဘဲ ချုပ်ငြိမ်းသော သင်္ခါရတို့၏ အရိယာမဂ် မဖြစ်ပေါ်လတ်သော် ချုပ်ငြိမ်းမြဲတိုင်းသော အခြင်းအရာအားဖြင့် ချုပ်ငြိမ်း သောကြောင့် သကဝါဒီက ဝန်ခံသည်။

♣

## ၃–တတိယဝဂ် (၂၁) ၁–ဗလကထာ[၁]

၃၅၄။ သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့၏ အားအစွမ်းလော၊ တပည့်သာဝကတို့၏ အားအစွမ်းသည် မြတ်စွာဘုရား၏ အားအစွမ်းလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။[၄]

သကဝါဒီ။ ။ ထိုမြတ်စွာဘုရား၏ အားအစွမ်းသည်ပင် ထိုတပည့် 'သာဝက'တို့၏ အားအစွမ်းလော၊ ထိုတပည့် 'သာဝက'တို့၏ အားအစွမ်းသည်ပင် ထိုမြတ်စွာဘုရား၏ အားအစွမ်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော်ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် အကြင်သို့သဘောရှိ၏၊ တပည့်'သာဝက'တို့၏အားအစွမ်းသည်လည်း ထိုသို့သဘောရှိသလော၊ တပည့် 'သာဝက'တို့၏ အားအစွမ်းသည် အကြင်သို့သဘောရှိ၏၊ မြတ်စွာဘုရား၏ အားအစွမ်းသည်လည်း ထိုသို့သဘောရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော်ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ ရှေးကအားထုတ်မှု ရှေးကကျင့်မှု တရားဟောပြောမှု တရားပြသမှုသည် အကြင်သို့သဘောရှိ၏၊ တပည့်သာဝက'တို့၏ ရှေးကအားထုတ်မှု ရှေးကကျင့်မှု တရားဟောပြောမှုတရားပြသမှု သည်လည်း ထိုသို့သဘောရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော်ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် မာရ်ငါးပါးတို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကို ဆုံးမတတ်ပါသလော၊ မဖောက်မပြန်ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) အရှင်သခင်ဖြစ်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တပည့် 'သာဝက'သည်လည်း မာရ်ငါးပါးတို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကိုဆုံးမတတ်ပါသလော၊ မဖောက်မပြန် ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) အရှင်သခင်ဖြစ်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော်ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် မဖြစ်ဖူးသေးသော မဂ်ကို ဖြစ်စေပါသလော၊ မပေါ်ပေါက်သေးသောမဂ်ကို ပေါ်ပေါက်စေပါသလော၊ မဟောကြားဖူးသေးသော မဂ်ကို

ဟောကြားပါသလော၊ မဂ်ကိုသိပါသလော၊ မဂ်ကို နားလည်ပါသလော၊ မဂ်၌ ကျွမ်းကျင်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တပည့် 'သာဝက'သည်လည်း မဖြစ်ဖူးသေးသော မဂ်ကို ဖြစ်စေပါသလော၊ မပေါ်ပေါက်ဖူးသေးသော မဂ်ကို ပေါ်ပေါက်စေပါသလော၊ မဟောကြားဖူးသေးသော မဂ်ကို ဟောကြားပါသလော၊ မဂ်ကို သိပါသလော၊ မဂ်ကို နားလည်ပါသလော၊ မဂ်၌ ကျွမ်းကျင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဣန္ဒြေအနုအရင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက' တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော် ဆက်ဆံပါ၏။

သကဝါဒီ။ ။ တပည့် 'သာဝက'သည် အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၅၅။ ပရဝါဒီ။ ။ တပည့် 'သာဝက'သည် အကြောင်းဟုတ်သည် အကြောင်း မဟုတ်သည်ကိုသိနိုင်ပါသလော။

သကဝါဒီ။ ။ သြော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့်'သာဝက'သည် အကြောင်းဟုတ်သည် မဟုတ်သည်ကို သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် အကြောင်းဟုတ်သည် အကြောင်း မဟုတ်သည်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် သာဝကတို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့်'သာဝက'သည် အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အရာအားဖြင့် အကြောင်းအားဖြင့် သိနိုင်ပါသလော။

သကဝါဒီ။ ။ သြော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကယ်၍ တပည့်'သာဝက'သည် အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်ကုန်သော ကံတို့၏ အကျိုးကို အရာအားဖြင့် အကြောင်းအားဖြင့် သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်ကုန်သော ကံတို့၏ အကျိုးကို အရာအားဖြင့် အကြောင်းအားဖြင့်ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့်'သာဝက'သည် အလုံးစုံသော ဘဝနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုသိနိုင်ပါသလော။

သကဝါဒီ။ ။ သြော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့်'သာဝက'သည် အလုံးစုံသော ဘဝနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် အလုံးစုံသော ဘဝနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့်'သာဝက'သည် များသောဓာတ်သဘာဝ အမျိုးမျိုးသော ဓာတ်သဘာဝရှိသောလောကကို သိနိုင်ပါသလော။

သကဝါဒီ။ ။ ဩော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့်'သာဝက'သည် များသော ဓာတ်သဘာဝ အမျိုးမျိုးသော ဓာတ်သဘာဝရှိသော လောကကို သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် များသော ဓာတ်သဘာဝ အမျိုးမျိုးသော ဓာတ်သဘာဝရှိသော လောကကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့် 'သာဝက'သည် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းရှိကုန်သည်၏ အဖြစ်ကိုသိနိုင်ပါသလော။

သကဝါဒီ။ ။ ဩော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့် 'သာဝက'သည် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းရှိကုန်သည်၏ အဖြစ်ကို သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းရှိကုန်သည်၏ အဖြစ်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့်ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့်'သာဝက'သည် ဈာန်ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်းကိုလည်းကောင်း၊ ဖြူစင်ခြင်းကိုလည်းကောင်း၊ ထမြောက်ခြင်းကိုလည်းကောင်း သိနိုင်ပါသလော။

သကဝါဒီ။ ။ ဩော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့်'သာဝက'သည် ဈာန်ဝိမောက္ခ သမာဓိ သမာပတ်တို့၏ညစ်နွမ်းခြင်းကိုလည်းကောင်း၊ ဖြူစင်ခြင်းကိုလည်းကောင်း၊ ထမြောက်ခြင်းကိုလည်းကောင်း သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဈာန်ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်းကိုလည်းကောင်း၊ ဖြူစင်ခြင်းကို လည်းကောင်း၊ ထမြောက်ခြင်းကိုလည်းကောင်းဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့် 'သာဝက'သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို သိနိုင်ပါသလော။

သကဝါဒီ။ ။ ဩော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့် 'သာဝက'သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို သိနိုင်ခဲ့ပါမူထိုအကြောင်းကြောင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက' တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တပည့် 'သာဝက'သည် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိနိုင်ပါသလော။

သကဝါဒီ။ ။ ဩော် သိနိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တပည့် 'သာဝက'သည် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိနိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ မြတ်စွာဘုရား၏ အာသဝတို့သည်လည်း ကုန်ခန်းကုန်ပြီး မဟုတ်ပါလော၊ တပည့်'သာဝက'၏ အာသဝတို့သည်လည်း ကုန်ခန်းကုန်ပြီး မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါကုန်၏။

ပရဝါဒီ။ ။ မြတ်စွာဘုရား၏လည်းကောင်း၊ တပည့်'သာဝက'၏လည်းကောင်း၊ အာသဝေါကုန်ခန်းမှုနှင့်အာသဝေါကုန်ခန်းမှုသည်လည်းကောင်း၊ လွတ်မြောက်မှု (အရဟတ္တဖိုလ်) နှင့်လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည်လည်းကောင်း (အချင်းချင်း) တစ်စုံတစ်ရာ ထူးခြားချက် ရှိပါသလော။

သကဝါဒီ။ ။ မရှိပါ။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြတ်စွာဘုရား၏လည်းကောင်း၊ တပည့် 'သာဝက'၏လည်းကောင်းအာသဝေါကုန်ခန်းမှုနှင့် အာသဝေါကုန်ခန်းမှုသည်လည်းကောင်း၊ လွတ်မြောက်မှု (အရဟတ္တဖိုလ်) နှင့် လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည်လည်းကောင်း (အချင်းချင်း) တစ်စုံတစ်ရာ ထူးခြားချက် မရှိခဲ့ပါမူ ထိုအကြောင်းကြောင့် အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် ဆက်ဆံ၏ဟူ၍ ဆိုသင့်၏။

၃၅၆။ ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်သာဝကတို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။

ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် မဆက်ဆံပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် မဆက်ဆံပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဣန္ဒြေအနုအရင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် မဆက်ဆံပါ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဣန္ဒြေအနုအရင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက' တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် မဆက်ဆံပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် မဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့်'သာဝက'တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။

ပရဝါဒီ။ ။ ဣန္ဒြေအနုအရင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက' တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက'တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဩော် ဆက်ဆံပါ၏။

ပရဝါဒီ။ ။ ဣန္ဒြေအနုအရင့်ကိုဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်တပည့် 'သာဝက' တို့နှင့် ဆက်ဆံပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဗလကထာ ပြီး၏။**

------

၁။ အနုရုဒ္ဓသံယုတ်၌ 'ဣမေသဉ္စ ပနာဟံ အာဝုသော စတုန္နံ သတိပဋ္ဌာနာနံ ဘာဝိတတ္တာ ဌာနဉ္စ ဌာနတော အဋ္ဌာနဉ္စ အဋ္ဌာနတော ယထာဘူတံ ပဇာနာမိ' အစရှိကုန်သော သုတ်ဆယ်သုတ်တို့ကို မသင့်မတင့်သောအားဖြင့် ယူဆ၍ မြတ်စွာဘုရား၏ ဒသဗလဉာဏ်တော်သည် သာဝကတို့နှင့် ဆက်ဆံ၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ခြင်းငှါ ဤဗလကထာကို ဟောတော်မူသည်။

၂။ မြတ်စွာဘုရား၏ ဒသဗလဉာဏ်တော်သည် သာဝကတို့နှင့် ဆက်ဆံသည်လည်း ရှိ၏၊ မဆက်ဆံသည်လည်း ရှိ၏၊ အာသဝက္ခယဉာဏ်သည် သာဝကတို့နှင့် ဆက်ဆံ၏၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်သည် သာဝကတို့နှင့် မဆက်ဆံ၊ ထိုမှ ကြွင်းသော ဉာဏ်သည် ဆက်ဆံ မဆက်ဆံ နှစ်ပါးလုံးပင် ဖြစ်၏၊ မှန်၏- အကြောင်းဟုတ်သည် မဟုတ်သည် စသည်တို့ကို သာဝကတို့သည် တစ်စိတ်တစ်ဒေသအားဖြင့် သိကုန်၏၊ မြတ်စွာဘုရားတို့မူကား အကြွင်းအကျန် မရှိသောအားဖြင့် သိကုန်၏၊ ထို့ကြောင့် ဌာနာဌာနကောသလ္လစသော ရှစ်ပါးသောဉာဏ်တို့သည် အကျဉ်းအားဖြင့် သာဝကတို့နှင့် ဆက်ဆံ၏၊ အကျယ်အားဖြင့်ကား သာဝကတို့နှင့် မဆက်ဆံ၊ ဤအန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကား ဉာဏ်အားလုံးသည် သာဝကတို့နှင့် ဆက်ဆံ၏ဟု ဆို၏၊ ထို့ကြောင့် ဤမေးစိစစ်ခြင်းကို အားထုတ်ရပြန်သည်။

၃။ အကျယ်အားဖြင့် ခပ်သိမ်းသော အခြင်းအရာလျှင် တည်ရာရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ အကျဉ်းအားဖြင့် အကြောင်းဟုတ်သည် မဟုတ်သည်၏ အဖြစ်မျှကို သိသည်၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။

♣

## ၃-တတိယဝဂ် (၂၂) ၂-အရိယန္တိကထာ

၃၅၇။ သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏အားအစွမ်းသည် အရိယာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော၊ သကဒါဂါမိမဂ်လော၊ သကဒါဂါမိဖိုလ်လော၊ အနာဂါမိမဂ်လော၊ အနာဂါမိဖိုလ်လော၊ အရဟတ္တမဂ်လော၊ အရဟတ္တဖိုလ်လော၊ သတိပဋ္ဌာန်လော၊ သမ္မပ္ပဓာန်လော၊ ဣဒ္ဓိပါဒ်လော၊ ဣန္ဒြေလော၊ ဗိုလ်လော၊ ဗောဇ္ဈင်လော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ (ထိုအရိယာသည်) သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၅]

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်း နှလုံးသွင်းပါသလော၊ သတ္တဝါသင်္ခါရတို့မှဆိတ်သုဉ်းမှု 'သုညတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်း နှလုံးသွင်းပါသလော၊ သတ္တဝါသင်္ခါရတို့မှဆိတ်သုဉ်းမှု 'သုညတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၇]

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။[၈]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၉]

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) နိမိတ် မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါသလော။ပ။ တောင့်တခြင်း ကင်းမှု'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။[၁၀]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

သကဝါဒီ။ ။ တောင့်တခြင်း ကင်းမှု 'အပ္ပဏိဟိတ'ဟူသော အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၁၂]

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်း နှလုံးသွင်းပါသလော၊ တောင့်တခြင်း ကင်းမှု'အပ္ပဏိဟိတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်း နှလုံးသွင်းပါသလော၊ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၅၈။ သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာတို့ဖြစ်ကုန်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု'သုညတ' အာရုံ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏အားအစွမ်းသည် အရိယာဖြစ်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာတို့ ဖြစ်ကုန်၍ နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါကုန်သလော၊ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိကုန်၏။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့သည်။ ဣဒ္ဓိပါဒ်တို့သည်။ ဣန္ဒြေတို့သည်။ ဗိုလ်တို့သည်။ ဗောဇ္ဈင်တို့သည် အရိယာဖြစ်ကုန်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဗောဇ္ဈင်တို့သည် အရိယာတို့ ဖြစ်ကုန်၍ နိမိတ်မရှိ 'အနိမိတ္တ'အာရုံ ရှိပါကုန်သလော၊ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၅၉။ သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏အားအစွမ်းသည် အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိ၏ဟူ၍မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာဖြစ်ပါကုန်လျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်ပါလျက် နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိ၏။ပ။ တောင့်တခြင်းကင်းမှု'အပ္ပဏိဟိတ'အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာတို့ ဖြစ်ပါကုန်လျက် တောင့်တခြင်းကင်းမှု 'အပ္ပဏိ ဟိတ'အာရုံ ရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ' အာရုံ ရှိ၏ဟူ၍။ပ။ နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိ၏ဟူ၍။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ' အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့သည်။ပ။ ဗောဇ္ဈင်တို့သည် အရိယာဖြစ်ပါကုန်လျက် တောင့်တခြင်း ကင်းမှု'အပ္ပဏိဟိတ' အာရုံ ရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၀။ သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်တို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်း သည်အရိယာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုအရိယာသည်) သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုလည်း နှလုံးသွင်းပါသလော၊ သတ္တဝါသင်္ခါရတို့မှဆိတ်သုဉ်းမှု 'သုညတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုလည်း နှလုံးသွင်းပါသလော၊ သတ္တဝါသင်္ခါရတို့မှဆိတ်သုဉ်းမှု 'သုညတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အား အစွမ်းသည်အရိယာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုအရိယာသည်) နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါသလော၊ တောင့်တခြင်းကင်းမှု'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုလည်း နှလုံးသွင်းပါသလော၊ တောင့်တခြင်းကင်းမှု'အပ္ပဏိဟိတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုလည်း နှလုံးသွင်းပါသလော၊ တောင့်တခြင်းကင်းမှု'အပ္ပဏိဟိတ'ကိုလည်း နှလုံးသွင်းပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၁။ သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာတို့ ဖြစ်ကုန်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု'သုညတ'အာရုံ ရှိပါကုန်သလော။ပ။ နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါကုန်သလော။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့သည်။ပ။ ဇောဈာင်တို့သည် အရိယာဖြစ်ကုန်၍ သတ္တဝါသင်္ခါရတို့မှဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါကုန်သလော။ပ။ နိမိတ် မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါကုန်သလော။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်း သည့်အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိ၏ဟူ၍။ပ။ နိမိတ်မရှိမှု'အနိမိတ္တ'အာရုံ ရှိ၏ဟူ၍။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့သည် အရိယာဖြစ်ပါကုန်လျက် တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၂။ သကဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ' အာရုံ ရှိ၏ဟူ၍။ပ။ နိမိတ်မရှိမှု'အနိမိတ္တ'အာရုံ ရှိ၏ဟူ၍။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့သည်။ပ။ ဗောဇ္ဈင်တို့သည် အရိယာဖြစ်ပါကုန်လျက် တောင့်တခြင်း ကင်းမှု'အပ္ပဏိဟိတ' အာရုံ ရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏အားအစွမ်းသည် အရိယာဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည့်အရိယာဖြစ်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ' အာရုံ ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်၍ နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိပါသလော။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံရှိပါသလော။

သကဝါဒီ။ ။ ယြော် ရှိပါ၏။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ' အာရုံ ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်၍ သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိပါသလော။ပ။ နိမိတ်မရှိမှု'အနိမိတ္တ'အာရုံ ရှိပါသလော။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိပါသလော။

သကဝါဒီ။ ။ ယြော် ရှိပါ၏။

ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်၍ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ' အာရုံ ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ' အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ယြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'ဟူသောအာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည် အရိယာဖြစ်ပါလျက် နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိ၏ဟူ၍။ တောင့်တခြင်းကင်းမှု'အပ္ပဏိဟိတ' အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ယြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်ပါလျက် တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ' အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်ပါလျက် သတ္တဝါသင်္ခါရတို့မှ ဆိတ်သုဉ်းမှု 'သုညတ'အာရုံ ရှိ၏ဟူ၍။ပ။ နိမိတ်မရှိမှု 'အနိမိတ္တ'အာရုံ ရှိ၏ဟူ၍။ပ။ တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ယြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာသဝတို့၏ ကုန်ခန်းမှု၌ဟုတ်မှန်စွာ သိသော မြတ်စွာဘုရား၏ အားအစွမ်းသည်အရိယာဖြစ်ပါလျက် တောင့်တခြင်းကင်းမှု 'အပ္ပဏိဟိတ'အာရုံ ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အရိယန္တိကထာ ပြီး၏။**

------

၁။ ဒသဗလဉာဏ်တို့တွင် အာသဝက္ခယဉာဏ်သာလျှင် အရိယာမဟုတ်သေး၊ ကြွင်းသော ဉာဏ်ကိုးပါးတို့သည်လည်း အရိယာတို့သာ ဖြစ်ကုန်၏ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်၍ ဤအရိယန္တိကထာကို ဟောတော်မူသည်။
၂။ ထိုဌာနာဌာနဉာဏ်သည် အရိယာဖြစ်ခဲ့မူ မဂ်စသည်တို့တွင် တစ်ပါပါး ဖြစ်ရာ၏ဟူသော အလိုဖြင့် ထပ်မံ၍ မေးသည်။
၃။ သုညတတို့သည် သတ္တသုညတ, သင်္ခါရသုညတဟူ၍ နှစ်မျိုးရှိကုန်၏၊ မိစ္ဆာအယူအားဖြင့် ကြံဆအပ်သော သတ္တဝါမှ ဆိတ်သုဉ်းမှုဟူသော ခန္ဓာငါးပါးတို့သည် သတ္တသုညတမည်၏၊ သင်္ခါရအားလုံးတို့မှ ဆိတ်သုဉ်း ကင်းဆိတ် ထွက်မြောက်မှုဟူသော နိဗ္ဗာန်သည် သင်္ခါရသုညတ မည်၏။
၄။ နိဗ္ဗာန်ကို အာရုံရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။
၅။ သင်္ခါရလျှင် အာရုံရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၆။ နိဗ္ဗာန်ကိုသာလျှင် ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။
၇။ သင်္ခါရတို့ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၈။ ဌာနာဌာန အစရှိသည်ကို နှလုံးသွင်းသောဉာဏ်သည် သင်္ခါရသာလျှင် အာရုံရှိ၏၊ သုညတကို နှလုံးသွင်းသောဉာဏ်သည် နိဗ္ဗာန်လျှင် အာရုံရှိ၏ဟူသော ဤနည်းကို ယူ၍ ဖဿနှစ်ပါး စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမိခြင်း ဖြစ်သလောဟု မေးသည်။
၉။ အမြွက်ထောင်ခွင့် မရသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၀။ ခန္ဓာတို့သည် သတ္တနိမိတ် မရှိခြင်းကြောင့် အနိမိတ္တမည်ကုန်၏၊ နိဗ္ဗာန်သည် သင်္ခါရနိမိတ် မရှိခြင်းကြောင့် အနိမိတ္တမည်၏၊ ခန္ဓာတို့သည် တစ်ခုသော တရားမျှ၌သော်လည်း ဣတ္တိ

ပုရိသ စသော အခြင်းအရာ သတ္တဟူသော အခြင်းအရာကို တင်၍ ထားအပ်သည်၏ အဖြစ်ဟူသော ထားအပ်သိမှီးအပ်သော အဖြစ်ဟူသောသဘောဖြင့် ပဏ္ဏတ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်သော သတ္တပဏ္ဏတ်ဖြင့် အပ္ပဏ္ဏတ်ဟိတတို့ မည်ကုန်၏၊ နိဗ္ဗာန်သည် တဏှာဟူသော တောင့်တခြင်းဖြင့်လည်းကောင်း၊ တဏှာ၏ အာရုံဖြစ်သော သင်္ခါရအားလုံးဟူသော ပဏ္ဏတ်ဖြင့်လည်းကောင်း အပ္ပဏ္ဏတ်ဟိတမည်၏။

၁၁။ နိဗ္ဗာန်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၂။ သင်္ခါရတို့ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

♣

## ၃-တတိယဝဂ် (၂၃) ၃-ဝိမုတ္တိကထာ[၁]

၃၆၃။ သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါ၏။

သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော ရာဂနှင့် အတူဖြစ်သော ရာဂနှင့် ရောနှောသော ရာဂနှင့်ယှဉ်သော ရာဂနှင့် တစ်ပေါင်းတည်းဖြစ်သော ရာဂသို့ အစဉ်လိုက်သော အကုသိုလ်ဖြစ်သော လောကဥ္စယှဉ်သော အာသဝတို့၏ အာရုံဖြစ်သော သံယောဇဉ်တို့၏ အာရုံဖြစ်သော ဂန္ထတို့၏ အာရုံဖြစ်သော ဩဃတို့၏ အာရုံဖြစ်သော ယောဂတို့၏ အာရုံဖြစ်သော နီဝရဏတို့၏ အာရုံဖြစ်သော မှားသောအားဖြင့်သုံးသပ်အပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ကိလေသာကို ရခြင်းငှါ ထိုက်သော စိတ်သည်လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ဖဿနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ရာဂသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဝေဒနာနှင့် တကွဖြစ်သော။ပ။ သညာနှင့် တကွဖြစ်သော။ပ။ စေတနာနှင့်တကွဖြစ်သော။ပ။ ပညာနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ကုန်၏။

သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ရာဂသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှင့် တကွ, ရာဂနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ရာဂသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာနှင့်တကွ, ရာဂနှင့် တကွဖြစ်သော။ပ။ သညာနှင့် တကွ, ရာဂနှင့်တကွဖြစ်သော။ပ။ စေတနာနှင့်တကွ, ရာဂနှင့် တကွဖြစ်သော။ပ။ ပညာနှင့်တကွ, ရာဂနှင့် တကွဖြစ်သောစိတ်သည် လွတ်မြောက်၏။ ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင်လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ရာဂသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၄။ သကဝါဒီ။ ။ ဒေါသနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါ၏။

သကဝါဒီ။ ။ ဒေါသနှင့် တကွဖြစ်သော ဒေါသနှင့် အတူဖြစ်သော ဒေါသနှင့် ရောနှောသောဒေါသနှင့်ယှဉ်သော ဒေါသနှင့် တစ်ပေါင်းတည်းဖြစ်သော ဒေါသသို့ အစဉ်လိုက်သော အကုသိုလ်ဖြစ်သောလောကဉ္စ ယှဉ်သော အာသဝတို့၏ အာရုံဖြစ်သော။ပ။ ကိလေသာတို့ကို ရခြင်းငှါထိုက်သော စိတ်သည်လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ဖဿနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ဒေါသနှင့် တကွဖြစ်သောစိတ်သည် လွတ်မြောက်၏။ ဒေါသသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာနှင့် တကွဖြစ်သော။ပ။ သညာနှင့် တကွဖြစ်သော။ပ။ စေတနာနှင့်တကွဖြစ်သော။ပ။ ပညာနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။

ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ဒေါသနှင့် တကွဖြစ်သောစိတ်သည် လွတ်မြောက်၏။ ဒေါသသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှင့် တကွ, ဒေါသနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ဒေါသနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဒေါသသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာနှင့်တကွ, ဒေါသနှင့် တကွဖြစ်သော။ပ။ သညာနှင့်တကွ, ဒေါသနှင့် တကွဖြစ်သော။ စေတနာနှင့်တကွ, ဒေါသနှင့် တကွဖြစ်သော။ ပညာနှင့်တကွ, ဒေါသနှင့် တကွဖြစ်သောစိတ်သည် လွတ်မြောက်၏။ ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင်လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ ဒေါသသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၅။ သကဝါဒီ။ ။ မောဟနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါ၏။

သကဝါဒီ။ ။ မောဟနှင့် တကွဖြစ်သော မောဟနှင့် အတူဖြစ်သော မောဟနှင့် ရောနှောသောမောဟနှင့်ယှဉ်သော မောဟနှင့် တစ်ပေါင်းတည်းဖြစ်သော မောဟသို့ အစဉ်လိုက်သော အကုသိုလ်ဖြစ်သော လောကဓာတ်ကိုယှဉ်သော အာသဝတို့၏ အာရုံဖြစ်သော။ပ။ ကိလေသာတို့ကို ရခြင်းငှါထိုက်သောစိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ မောဟနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ မောဟသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာနှင့် တကွဖြစ်သော။ သညာနှင့် တကွဖြစ်သော။ စေတနာနှင့် တကွဖြစ်သော။ ပညာနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်းနှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ မောဟနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ မောဟသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှင့်တကွ, မောဟနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်၏။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ မောဟသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာနှင့်တကွ, မောဟနှင့် တကွဖြစ်သော။ သညာနှင့်တကွ, မောဟနှင့် တကွဖြစ်သော။ စေတနာနှင့်တကွ,မောဟနှင့် တကွဖြစ်သော။ ပညာနှင့်တကွ, မောဟနှင့် တကွဖြစ်သောစိတ်သည် လွတ်မြောက်၏။ ပညာသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင်လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် လွတ်မြောက်ပါကုန်၏။

သကဝါဒီ။ ။ မောဟသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည်ပင် လွတ်မြောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂနှင့်တကွ, ဒေါသနှင့်တကွ, မောဟနှင့် တကွဖြစ်သော စိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ ဩော် လွတ်မြောက်ပါ၏။

သကဝါဒီ။ ။ ရာဂကင်းပြီးသော ဒေါသကင်းပြီးသော မောဟကင်းပြီးသော ကိလေသာ အညစ်အကြေး မရှိသော စိတ်သည် လွတ်မြောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထို့ကြောင့် ရာဂနှင့်တကွ ဒေါသနှင့်တကွ မောဟနှင့် တကွဖြစ်သော စိတ်သည်လွတ်မြောက်၏ဟူ၍ မဆိုသင့်။

**ဝိမုတ္တိကထာ ပြီး၏။**

------

၁။ ရာဂကင်းပြီးသော စိတ်ရှိသူ ရဟန္တာပုဂ္ဂိုလ်တို့အား ကိလေသာတို့မှ လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးမရှိ၊ စင်စစ် သော်ကား ညစ်နွမ်းသော အဝတ်ကို ဖွပ်လျှော်အပ်သည်ရှိသော် အညစ်အကြေးမှ လွတ်မြောက်သကဲ့သို့ ထို့အတူ ရာဂ ရှိသော စိတ်သည်သာ ရာဂမှ လွတ်မြောက်၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီတို့၏ အယူကို ပယ်ဖျက်တော်မူလို၍ ဤဝိမုတ္တိကထာကို ဟောတော်မူသည်။

၂။ မဂ်ခဏ၌ စိတ်သည် လွတ်မြောက်သည် မည်၏၊ ထိုမဂ်ခဏ၌လည်း ဤသို့ ရာဂနှင့်တကွ ဖြစ်ခြင်းသဘောရှိသော စိတ် မရှိရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ ဖဿသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နှစ်ပါးစုံတို့သည် ရာဂမှ လွတ်မြောက်ကုန်သကဲ့သို့ ဤအတူ ရာဂ၏ ရာဂမှ လွတ်မြောက်မှုကို မမြင်သောကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၃-တတိယဝဂ် (၂၄) ၄-ဝိမုစ္စမာနကထာ[၁]

၃၆၆။ သကဝါဒီ။ ။ လွတ်မြောက်ပြီးသော စိတ်သည် လွတ်မြောက်ဆဲ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသကား မလွတ်မြောက်သေးသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသကား မလွတ်မြောက်သေးသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၄]

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ သောတာပန်ဖြစ်၍ တစ်စိတ်တစ်ဒေသကား သောတာပန်မဖြစ်သလော၊ တစ်စိတ်တစ်ဒေသ သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ ကိုယ်ဖြင့် တွေ့ထိနေသလော၊ တစ်စိတ်တစ်ဒေသ ကိုယ်ဖြင့်တွေ့ထိ၍ မနေသလော၊ တစ်စိတ်တစ်ဒေသ သတ္တက္ခတ္တုပရမသောတာပန်, ကောလံကောလသောတာပန်,ဧကဗီဇီသောတာပန်လော၊ ဘုရား၌ သက်ဝင်၍ ကြည်ညိုစေခြင်းနှင့် ပြည့်စုံသလော၊ တရား၌။ပ။ သံဃာ၌။ပ။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၍ တစ်စိတ်တစ်ဒေသ အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် မပြည့်စုံသလော။[၅]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသ မလွတ်မြောက်သေးသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ သကဒါဂါမ်ဖြစ်၍ တစ်စိတ်တစ်ဒေသ သကဒါဂါမ် မဖြစ်သလော၊ တစ်စိတ်တစ်ဒေသ သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ ကိုယ်ဖြင့် တွေ့ထိနေသလော၊ တစ်စိတ်တစ်ဒေသကား ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသ မလွတ်မြောက်သေးသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ အနာဂါမ်ဖြစ်၍ တစ်စိတ်တစ်ဒေသ အနာဂါမ် မဖြစ်သလော၊ တစ်စိတ်တစ်ဒေသ အနာဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ ကိုယ်ဖြင့် တွေ့ထိနေသလော၊ တစ်စိတ်တစ်ဒေသကား ကိုယ်ဖြင့် တွေ့ထိ၍မနေသလော၊ တစ်စိတ်တစ်ဒေသ အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ, ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ဖြစ်၍ တစ်စိတ်တစ်ဒေသကား ဥဒ္ဓံသောတအကနိဋ္ဌဂါမီ မဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသကား မလွတ်မြောက်သေးသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ ရဟန္တာဖြစ်၍ တစ်စိတ်တစ်ဒေသကား ရဟန္တာ မဖြစ်သလော၊ တစ်စိတ်တစ်ဒေသ အရဟတ္တဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ ကိုယ်ဖြင့် တွေ့ထိနေသလော၊ တစ်စိတ်တစ်ဒေသကား ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ တစ်စိတ်တစ်ဒေသ ရာဂကင်းပြီးသူ ဒေါသကင်းပြီးသူ မောဟကင်းပြီးသူ ဖြစ်၍။ပ။ တစ်စိတ်တစ်ဒေသ မျက်မှောက်ပြု

ထိုက်သောတရားကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်၍ တစ်စိတ်တစ်ဒေသကား မျက်မှောက်ပြုထိုက်သောတရားကို မျက်မှောက် မပြုအပ်သေးသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လွတ်မြောက်ပြီးသော စိတ်သည် လွတ်မြောက်ဆဲ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဥပါဒ်ခဏ၌ လွတ်မြောက်ပြီးဖြစ်၍ ဘင်ခဏ၌ လွတ်မြောက်ဆဲ ဖြစ်ပါသလော။[၇]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၇။ ပရဝါဒီ။ ။ လွတ်မြောက်ပြီးသော စိတ်သည် လွတ်မြောက်ဆဲဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ဤသို့သိလတ်သော် ဤသို့မြင်လတ်သော် ထိုရဟန်းသည် ကာမာသဝမှလည်း စိတ်သည်လွတ်မြောက်၏၊ ဘဝါသဝမှလည်း စိတ်သည် လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း စိတ်သည်လွတ်မြောက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် လွတ်မြောက်ပြီး စိတ်သည် လွတ်မြောက်ဆဲဟူ၍ ဆိုသင့်ပါ၏။[၈]

သကဝါဒီ။ ။ လွတ်မြောက်ပြီး စိတ်သည် လွတ်မြောက်ဆဲ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဤသို့ စိတ်တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် အာသဝတို့၏ကုန်ရာ (အရဟတ္တမဂ်) ဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုညွတ်စေ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာမဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် လွတ်မြောက်ပြီးသော စိတ်သည် လွတ်မြောက်ဆဲဟူ၍ မဆိုသင့်။[၉]

သကဝါဒီ။ ။ လွတ်မြောက်ဆဲ စိတ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ တပ်မက်ဆဲ ပြစ်မှားဆဲ တွေဝေဆဲ ညစ်နွမ်းဆဲ စိတ်သည် ရှိပါသလော။[၁၀]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

သကဝါဒီ။ ။ တပ်မက်ပြီးစိတ်သည်လည်းကောင်း၊ မတပ်မက်သေးသော စိတ်သည်လည်းကောင်း၊ ပြစ်မှားပြီးစိတ်သည်လည်းကောင်း၊ မပြစ်မှားသေးသော စိတ်သည်လည်းကောင်း၊ တွေဝေပြီးစိတ်သည်လည်းကောင်း၊ မတွေဝေသေးသော စိတ်သည်လည်းကောင်း၊ ပြတ်ပြီးစိတ်သည်လည်းကောင်း၊ မပြတ်သေးသော စိတ်သည်လည်းကောင်း၊ ကွဲပျက်ပြီးစိတ်သည်လည်းကောင်း၊ မကွဲပျက်သေးသော စိတ်သည့်လည်းကောင်း၊ ပြုပြီးစိတ်သည်လည်းကောင်း၊ မပြုသေးသော စိတ်သည်လည်းကောင်း (ရှိသည်) မဟုတ်ပါလော။[၁၂]

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တပ်မက်ပြီးစိတ်သည်လည်းကောင်း၊ မတပ်မက်သေးသော စိတ်သည်လည်းကောင်း၊ ပြစ်မှားပြီးစိတ်သည်လည်းကောင်း၊ မပြစ်မှားသေးသော စိတ်သည်လည်းကောင်း၊ တွေဝေပြီးစိတ်သည်လည်းကောင်း၊ မတွေဝေသေးသော စိတ်သည်လည်းကောင်း၊ ပြတ်ပြီးစိတ်သည်လည်းကောင်း၊ မပြတ်သေးသော စိတ်သည်လည်းကောင်း၊ ကွဲပျက်ပြီးစိတ်သည်လည်းကောင်း၊ မကွဲပျက်သေးသော စိတ်သည်လည်းကောင်း၊ ပြုပြီးစိတ်သည်လည်းကောင်း၊ မပြုသေးသော စိတ်သည်လည်းကောင်း လွတ်မြောက်ဆဲ စိတ်ရှိ၏ဟူ၍ မဆိုသင့်။

**ဝိမုစ္စမာနကထာ ပြီး၏။**

------

၁။ ဈာန်ဟူသောဝိက္ခမ္ဘနဝိမုတ္တိဖြင့် ကိလေသာမှ လွတ်မြောက်သော စိတ်သည် မဂ်ခဏ၌ သမုစ္ဆေဒဝိမုတ္တိဖြင့် ကိလေသာမှ လွတ်မြောက်ဆဲမည်၏ဟု အယူရှိကုန်သော ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျောက်ခြင်းငှါ ဤဝိမုစ္စမာန ကထာကို ဟောတော်မူသည်။
၂။ လွတ်မြောက်မှု မပြီးဆုံးသေးရကား ရက်လုပ်ဆဲသော သင်ဖြူးစသည်သည် တစ်စိတ်တစ်ဒေသ ပြီးဆုံးပြီးဖြစ်၍ တစ်စိတ် တစ်ဒေသ မပြီးဆုံးသေးသည် မည်သကဲ့သို့ ဤကိလေသာမှ လွတ်မြောက်သောစိတ်သည်လည်း တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီးဖြစ်၍ တစ်စိတ်တစ်ဒေသ မလွတ်မြောက်သေးသလောဟု မေးလိုရင်း ဖြစ်သည်။
၃။ သင်ဖြူး စသည်တို့ကဲ့သို့ စိတ်၏ တစ်စိတ်တစ်ဒေသ အဖြစ် မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ တစ်ဖန် မေးမြန်းလတ်သော် လွတ်မြောက်ဆဲဖြစ်သော စိတ်၏ လွတ်မြောက်မှု မပြီးဆုံးသေးသောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။ တစ်နည်း၊ လောကီဈာန်ခဏကို ရည်၍ ပဋိက္ခေပပြုလျက် ဖြေသည်၊ လောကုတ္တရာဈာန်ခဏကို ရည်၍ ဝန်ခံရပြန်သည်။
၅။ သင်ပရဝါဒီဆရာ၏ တစ်ခုတည်းသော စိတ်သည်ပင် တစ်စိတ်တစ်ဒေသ လွတ်မြောက်ပြီး၍ တစ်စိတ်တစ်ဒေသ မလွတ်မြောက်ခဲ့ပါလျှင် သင်ပရဝါဒီဆရာ၏ ထိုသောတာပန်ပုဂ္ဂိုလ်သည်လည်း တစ်စိတ်တစ်ဒေသ သောတာပန်ဖြစ်၍ တစ်စိတ်တစ်ဒေသ သောတာပန် မဟုတ်ဟု အပြစ် ရောက်ခဲ့၏ဟူ၍ စောဒနာလိုသောကြောင့် ဤအမေးကို မေးမြန်းသည်။
၆။ ထိုအပြစ်မျိုး မရှိနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၇။ တစ်ခုတည်းသော စိတ်သည်ပင် လွတ်မြောက်ပြီးလည်းမည် လွတ်မြောက်ဆဲလည်း
မည်ခဲ့သော် တစ်ခုတည်းသော ခဏ၌ လွတ်မြောက်ပြီး တစ်ခုတည်းသော ခဏ၌
လွတ်မြောက်ဆဲ အဖြစ်သို့ ရောက်ရာ၏ဟု စောဒနာလို၍ ဤစကားကို မေးရသည်။
၈။ လွတ်မြောက်ဆဲဟူသော ကြိယာသည် မပြီးဆုံးသေးသည်ကို ညွှန်ပြ၏၊ ထို့ကြောင့် သုတ်၌
ဟောအပ်သော 'ဝိမုစ္စတိ' ကြိယာသည် လွတ်မြောက်ဆဲမည်ပါ၏ဟု ဆိုသည်။
၉။ ဝိမုစ္စတိဟု ဟောတော်မူခြင်းကြောင့် လွတ်မြောက်ပြီးစိတ်သည် လွတ်မြောက်ဆဲ ဖြစ်ခဲ့သော်
ဤသုတ္တန်ပါဠိတော်၌ ဝိမုစ္စတိ သဒ္ဒါ မပါမရှိသောကြောင့် လွတ်မြောက်ပြီးသာ မည်ရာ၏၊
လွတ်မြောက်ဆဲ မမည်ဟု ဆိုလိုသည်။
၁၀။ သင်ပရဝါဒီဆရာ၏ အယူ၌ လွတ်မြောက်မှု မပြီးဆုံးသေးသည်၏ အဖြစ်ကြောင့်
လွတ်မြောက်ဆဲ မည်သကဲ့သို့ တပ်မက်မှု စသည် မပြီးဆုံးသေးသည်၏ အဖြစ်ကြောင့်
တပ်မက်ဆဲ စသော စိတ်သည်လည်း ရှိသလောဟု စောဒနာလို၍ မေးပြန်သည်။
၁၁။ ထိုသို့ တပ်မက်ဆဲသဘောရှိသော စိတ်စသည်ကို မမြင်သောကြောင့် ပရဝါဒီက
ပဋိက္ခေပပြု၍ဖြေသည်။
၁၂။ ရာဂနှင့် သမ္ပယုတ်ဖြစ်သော စိတ်သည် ရတ္တ– တပ်မက်သော စိတ်၊
ရာဂနှင့်ဝိပ္ပယုတ်ဖြစ်သော စိတ်သည် အရတ္တ– မတပ်မက်သော စိတ်ဟူ၍ နှစ်ခုသော
အဖို့ရှိကုန်၏။ သုံးခုမြောက်သော အဖို့ မရှိဟု သိစေလိုသောကြောင့် ဤအမေးကို
သကဝါဒီက မေးရလေသည်။

♣

## ၃–တတိယဝဂ် (၂၅) ၅–အဋ္ဌမကကထာ[၁]

၃၆၈။ သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။[၂]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် သောတာပန်လော၊ သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက်နေသလော၊ ကိုယ်ဖြင့် တွေ့ထိနေသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် သောတာပန်လော၊ သောတာပတ္တိဖိုလ်သို့ ရောက်သလော။ပ။ ကိုယ်ဖြင့် တွေ့ထိနေသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာနုသယကို။ သီလဗ္ဗတပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာနုသယကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကို။ သီလဗ္ဗတ ပရာမာသကို ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကို မပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ သြော် မပယ်ရှားအပ်ပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို မပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကို မပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် မပယ်ရှားအပ်ပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုမပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာနုသယကို။ သီလဗ္ဗတပရာမာသကို မပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် မပယ်ရှားအပ်ပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကိုမပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် သီလဗ္ဗတပရာမာသကိုမပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် မပယ်ရှားအပ်ပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုမပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၆၉။ သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားရန်မဂ်ကို ပွားများအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ် ရှားရန်သတိပဋ္ဌာန်တို့ကို ပွားများအပ်ပြီးဖြစ်ပါကုန်သလော။ပ။ သမ္မပ္ပဓာန်တို့ကို။ပ။ ဗောဇ္ဈင်တို့ကိုပွားများအပ်ပြီးဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားရန် မဂ်ကို ပွားများအပ်ပြီးဖြစ်ပါသလော။ပ။ ဗောဇ္ဈင်တို့ကို ပွားများအပ်ပြီးဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားရန်မဂ်ကို မပွားများအပ်ပါသလော။

ပရဝါဒီ။ ။ သြော် မပွားများအပ်ပါ။

သကဝါဒီ။ ။ လောကီဖြစ်သော အာသဝတို့၏ အာရုံဖြစ်သော။ပ။ ကိလေသာကို ရခြင်းငှါ ထိုက်သောမဂ် မဟုတ်သော တရားဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားရန်သတိပဋ္ဌာန်တို့ကို။ပ။ ဗောဇ္ဈင်တို့ကို မပွားများအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် မပွားများအပ်ပါကုန်။

သကဝါဒီ။ ။ လောကီဖြစ်သော အာသဝတို့၏ အာရုံဖြစ်သော။ပ။ ကိလေသာတို့ကို ရခြင်းငှါထိုက်သော မဂ် မဟုတ်သော တရားဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားရန် မဂ်ကို မပွားများအပ်ပါသလော။ပ။ သတိပဋ္ဌာန်တို့ကို။ပ။ ဗောဇ္ဈင်တို့ကို မပွားများအပ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် မပွားများအပ်ပါကုန်။

သကဝါဒီ။ ။ လောကီဖြစ်သော အာသဝတို့ အာရုံဖြစ်သော။ပ။ ကိလေသာတို့ကို ရခြင်းငှါထိုက် သောမဂ် မဟုတ်သော တရားဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၇၀။ ပရဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကိုပယ်ရှားအပ်၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (ဒိဋ္ဌိသောင်းကျန်းမှုသည်) ဖြစ်လတ္တံ့လော။

သကဝါဒီ။ ။ မဖြစ်လတ္တံ့။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ဒိဋ္ဌိသောင်းကျန်းမှုသည် မဖြစ်လတ္တံ့ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဒိဋ္ဌိသောင်းကျန်းမှုကို ပယ်ရှားအပ်၏ဟု ဆိုသင့်၏။

ပရဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကိုပယ်ရှားအပ်၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (ဝိစိကိစ္ဆာသောင်းကျန်းမှုသည်) ဖြစ်လတ္တံ့လော။

သကဝါဒီ။ ။ မဖြစ်လတ္တံ့။

ပရဝါဒီ။ ။ အရှင်သကဝါဒီဝိစိကိစ္ဆာသောင်းကျန်းမှုသည် မဖြစ်လတ္တံ့ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသောင်းကျန်းမှုကို ပယ်ရှားအပ်၏ဟုဆိုသင့်၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဒိဋ္ဌိသောင်းကျန်းမှုသည်မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဒိဋ္ဌာနုသယသည် မဖြစ်လတ္တံ့ဟုနှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဒိဋ္ဌိသောင်းကျန်းမှုသည်မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝိစိကိစ္ဆာနုသယသည်။ သီလဗ္ဗတပရာမာသသည် မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝိစိကိစ္ဆာသောင်းကျန်းမှုသည်မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝိစိကိစ္ဆာနုသယသည်။ သီလဗ္ဗတပရာမာသသည် မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဒိဋ္ဌိသောင်းကျန်းမှုသည် မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်အား ဒိဋ္ဌိသောင်းကျန်းမှုသည် မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှား အပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝိစိကိစ္ဆာသောင်းကျန်းမှုသည်မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပြီးဖြစ်ပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်အားဝိစိကိစ္ဆာသောင်းကျန်းမှုသည် မဖြစ်လတ္တံ့ဟု နှလုံးပြု၍ ပယ်ရှားအပ်ပြီးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

**အဋ္ဌမကကထာ ပြီး၏။**

------

၁။ အနုလောမ ဂေါတြဘူ မဂ်စိတ်ဖြစ်ဆဲခဏ၌ ကိလေသာတို့ ဖြစ်ပေါ်လာခြင်း မရှိသောကြောင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ဒိဋ္ဌိပရိယုဋ္ဌာန, ဝိစိကိစ္ဆာပရိယုဋ္ဌာနတို့သည် ပယ်ပြီးဖြစ်ကုန်၏ဟု အယူရှိကုန်သော အန္ဓကသမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ခြင်းငှါ ဤအဋ္ဌမက ကထာကို ဟောသည်။
၂။ မဂ်ခဏမှ စ၍ ဒိဋ္ဌိ မဖြစ်ပေါ်လာခြင်းကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၃။ ဤဒိဋ္ဌိမည်သည်ကို သောတာပန်ပုဂ္ဂိုလ်သည်သာ ပယ်နိုင်ပါ၏၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကား မပယ်နိုင်၊ ထို့ကြောင့် ဤအမေးကို သကဝါဒီက မေးသည်။
၄။ အနုသယသည် ပရိယုဋ္ဌာနမှ တစ်ပါးတခြားသာတည်းဟု အယူရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ သီလဗ္ဗတပရာမာသပရိယုဋ္ဌာနဟူသော ဝေါဟာရကို မမြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ထိုသောတာပတ္တိမဂ် ဖြစ်ဆဲခဏ၌ ပွားဆဲခဏမည်၏၊ ပွားပြီး မမည်၊ ထို့ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၇။ ပဋ္ဌမမဂ်ဖြင့်သာ ပယ်ရှားအပ်သည်၏အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်၊ မှန်၏၊ မဂ်မဟုတ်သော တရားဖြင့် ပယ်ခဲ့မူ ဂေါတြဘူပုဂ္ဂိုလ်တို့သည်လည်း ပယ်ရှားသောကြောင့်တည်း။

♣

## ၃-တတိယဝဂ် (၂၆) ၆-အဋ္ဌမကဿ ဣန္ဒြိယကထာ[၁]

၃၇၁။ သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၂]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အားဝီရိယိန္ဒြေသည် မရှိပါသလော။ပ။ သတိန္ဒြေသည် မရှိပါသလော။ပ။ သမာဓိန္ဒြေသည် မရှိပါသလော။ပ။ ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝီရိယသည် ရှိပါသလော။ပ။ သတိသည် ရှိပါသလော။ သမာဓိသည် ရှိပါသလော။ပ။ ပညာသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား မနောသည် ရှိသည်ဖြစ်၍မနိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၃]

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်၍ သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား မနောသည် ရှိသည်ဖြစ်၍ မနိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ်၍ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သောမနဿသည် ရှိသည် ဖြစ်၍သောမနဿိန္ဒြေသည် ရှိပါသလော၊ ဇီဝိတသည် ရှိသည် ဖြစ်၍ ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည် ဖြစ်၍သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဇီဝိတသည် ရှိသည်ဖြစ်၍ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည် ဖြစ်၍ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည် ဖြစ်ပါ လျက်သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား မနောသည် ရှိသည်ဖြစ်ပါလျက်မနိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက်သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သောမနဿသည် ရှိသည်ဖြစ်ပါလျက် သောမနဿိန္ဒြေသည် မရှိပါသလော။ပ။ ဇီတသည် ရှိသည်ဖြစ်ပါလျက် ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည် ဖြစ်ပါလျက်ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား မနောသည် ရှိသည် ဖြစ်ပါလျက်မနိန္ဒြေသည် မရှိပါသလော။ သောမနဿသည် ရှိသည်ဖြစ်ပါလျက် သောမနဿိန္ဒြေသည် မရှိပါသလော။ ဇီဝိတသည် ရှိသည်ဖြစ်ပါလျက် ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် သဒ္ဓါမရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝီရိယိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ပျင်းရိသူ ယုတ်လျော့သောဝီရိယရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် မေ့လျော့သူ ဆင်ခြင်ဉာဏ် မရှိသူဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် မတည်ကြည်သူ တုန်လှုပ် သောစိတ်ရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် ပညာမရှိသူ ဆွံ့အသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်၍ထိုသဒ္ဓါသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ထွက်မြောက်နိုင်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်၍ ထိုသဒ္ဓါသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ခဲ့ပါမူ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ မရှိဟု မဆိုသင့်။ သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အားဝီရိယသည် ရှိသည်ဖြစ်၍ထိုဝီရိယသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသလော။ သတိသည် ရှိသည်ဖြစ်၍ ထိုသတိသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသလော။ သမာဓိသည် ရှိသည်ဖြစ်၍ ထိုသမာဓိသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသလော။ ပညာသည် ရှိသည်ဖြစ်၍ ထိုပညာသည်လည်းဝဋ်ဆင်းရဲမှထွက်မြောက်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ထွက်မြောက်နိုင်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ်၍ ထိုပညာသည်လည်းဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ခဲ့ပါမူ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညိန္ဒြေ မရှိဟု မဆိုသင့်။

၃၇၂။ သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်၍ သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည် ဖြစ်၍သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား ပညာသည် ရှိသည် ဖြစ်၍ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ်၍ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား။ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်၍ သဒ္ဓိန္ဒြေသည် ရှိပါသလော။ပ။ ပညာသည် ရှိသည်ဖြစ်၍ ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ်၍ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက်သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက် သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ် ပါလျက်ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား ပညာသည် ရှိသည် ဖြစ့်ပါလျက် ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား သဒ္ဓါသည် ရှိသည် ဖြစ်ပါလျက်သဒ္ဓိန္ဒြေသည် မရှိပါသလော။ပ။ ပညာသည် ရှိသည် ဖြစ်ပါလျက် ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား။ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား ပညာသည် ရှိသည်ဖြစ်ပါလျက် ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဣန္ဒြေငါးပါးတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ ဩော် မရှိပါကုန်။

သကဝါဒီ။ ။ "ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း– သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ပြည့်စုံခြင်း လုံလောက်ခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုရဟန္တာအောက်နုသေးသော ဣန္ဒြေတို့ဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ ဖြစ်၏၊ ထို့အောက် နုသေးသောဣန္ဒြေတို့ဖြင့် အနာဂါမ်ဖြစ်၏၊ ထို့အောက် နုသေးသော ဣန္ဒြေတို့ဖြင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သူ ဖြစ်၏၊ ထို့အောက် နုသေးသော ဣန္ဒြေတို့ဖြင့် သကဒါဂါမ်ဖြစ်၏၊ ထို့အောက် နုသေးသောဣန္ဒြေတို့ဖြင့် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ ဖြစ်၏၊ ထို့အောက် နုသေးသော ဣန္ဒြေတို့ဖြင့် သောတာပန်ဖြစ်၏၊ ထို့အောက် နုသေးသော ဣန္ဒြေတို့ဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှေက်ပြုရန်ကျင့်သူ ဖြစ်၏။

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်အား ဤဣန္ဒြေငါးပါးတို့သည် အချင်းခပ်သိမ်း အခါခပ်သိမ်း မရှိကုန်၊ ထိုပုဂ္ဂိုလ်ကို (သာသနာမှ) အပဖြစ်သော ပုထုဇဉ်အသင်းအပင်း၌ တည်သောသူဟူ၍ ငါ ဆို၏"ဤသို့လျှင် မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်သည် သာသနာမှ အပဖြစ်သူ ပုထုဇဉ်အသင်းအပင်း၌ တည်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ရှစ်ယောက်မြောက် (သောတာပတ္တိမဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်အား ဣန္ဒြေငါးပါးတို့ ရှိကုန်၏။

**အဋ္ဌမကဿ ဣန္ဒြိယကထာ ပြီး၏။**

------

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် မဂ်ခဏ၌ သဒ္ဓါစသော ဣန္ဒြေတို့ကို ရဆဲသာ မည်ကုန်၏၊ ထိုသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သဒ္ဓါစသော ဣန္ဒြေတို့ကို ရအပ်ပြီး မမည်ကုန်ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ခြင်းငှါ ဤအဋ္ဌမကဿ ဣန္ဒြိယကထာကို ဟောတော်မူသည်။

၂။ သဒ္ဓိန္ဒြေမှ သဒ္ဓါ၏ ထူးသည်၏ အဖြစ်ကို မှတ်သား၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ အကြင်ပုဂ္ဂိုလ်အား မနသည် ရှိ၏၊ ထိုပုဂ္ဂိုလ်အား မနိန္ဒြေရှိသကဲ့သို့ အကြင်ပုဂ္ဂိုလ်အား သဒ္ဓါစသည်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ စသည်တို့သည်လည်း ရှိ၏ဟု ပြခြင်းငှါ ဤပုစ္ဆာကို အားထုတ်တော်မူသည်။

♣

# ၃-တတိယဝဂ် (၂၇) ၇-ဒိဗ္ဗစက္ခုကထာ[၁]

၃၇၃။ သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မံသစက္ခုသည် ဒိဗ္ဗစက္ခုလော၊ ဒိဗ္ဗစက္ခုသည် မံသစက္ခုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မံသစက္ခုသည် အကြင်သို့သဘောရှိ၏၊ ဒိဗ္ဗစက္ခုသည်လည်း ထိုသို့သဘော ရှိသလော၊ ဒိဗ္ဗစက္ခုသည် အကြင်သို့သဘောရှိ၏၊ မံသစက္ခုသည်လည်း ထိုသို့သဘောရှိသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုမံသစက္ခုသည်ပင် ထိုဒိဗ္ဗစက္ခုလော၊ ထိုဒိဗ္ဗစက္ခုသည်ပင် ထိုမံသစက္ခုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုမံသစက္ခု၏ အာရုံ အာနုဘော် ကျက်စားရာသည် အကြင်သို့သဘောရှိ၏၊ ဒိဗ္ဗစက္ခု၏အာရုံ အာနုဘော် ကျက်စားရာသည်လည်း ထိုသို့သဘောရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည် ဖြစ်၍ ကံသည် အကျိုး၏ အဖြစ်ဖြင့်မယူအပ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည် ဖြစ်၍ ကံသည် အကျိုး၏ အဖြစ်ဖြင့်မယူအပ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၅]

သကဝါဒီ။ ။ ကာမာဝစရဖြစ်၍ ရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ကာမာဝစရဖြစ်၍ ရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၇]

သကဝါဒီ။ ။ ရူပါဝစရဖြစ်၍ အရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ ရူပါဝစရဖြစ်၍ အရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၉]

သကဝါဒီ။ ။ ဝဋ္ဋ၌ အကျုံးဝင်သည် ဖြစ်၍ဝဋ္ဋ၌ အကျုံး မဝင်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

၃၇၄။ သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကာမာဝစရတရားက ထောက်ပံ့အပ်သည် ဖြစ်၍ ဒိဗ္ဗစက္ခုသည် မံသစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သည် ဖြစ်၍ မံသစက္ခုသည် ဒိဗ္ဗစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (လောကုတ္တရာ) တရားက ထောက်ပံ့အပ်သည် ဖြစ်၍ ဒိဗ္ဗစက္ခုသည် ပညာစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သည် ဖြစ်၍ မံသစက္ခုသည် ဒိဗ္ဗစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (ကာမာဝစရ) တရားက ထောက်ပံ့အပ်သည် ဖြစ်၍ ဒိဗ္ဗစက္ခုသည် မံသစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခုဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုတို့သည် နှစ်မျိုးတို့သာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၁]

သကဝါဒီ။ ။ စက္ခုတို့သည် နှစ်မျိုးတို့သာလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၁၂]

သကဝါဒီ။ ။ မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခုဟူ၍ စက္ခုသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခုဟူ၍ စက္ခုသုံးမျိုးတို့ကို မြတ်စွာဘုရားဟောအပ်ခဲ့ပါကုန်မူ စက္ခုတို့သည် နှစ်မျိုးတို့သာဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ စက္ခုတို့သည် နှစ်မျိုးတို့လော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ စက္ခုတို့ကား ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခုတို့တည်း။ ရဟန်းတို့ ဤသုံးမျိုးတို့ကား စက္ခုတို့တည်း"ဟူ၍လည်းကောင်း၊ "ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ အမြတ်ဆုံး ပညာစက္ခု၊ ဤစက္ခုသုံးမျိုးတို့ကို ဟောကြားတော်မူခဲ့ပြီ၊ မံသစက္ခု၏ ဖြစ်ပေါ်ခြင်းသည် ဒိဗ္ဗစက္ခုကို ရခြင်း၏ အကြောင်းပေတည်း၊ အကြင် အခါ၌အတုမရှိမြတ်သော အသိဉာဏ်ဟူသော ပညာစက္ခုသည် ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ ထိုပညာ စက္ခုကိုရခြင်းကြောင့် ဆင်းရဲအားလုံးမှ လွတ်မြောက်၏"ဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ် ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် စက္ခုတို့သည် နှစ်မျိုးတို့သာဟူ၍ မဆိုသင့်။

**ဒိဗ္ဗစက္ခုကထာ ပြီး၏။**

------

၁။ စတုတ္ထဈာန်တရားက ထောက်ပံ့အပ်သော မံသစက္ခုသည်သာ ဒိဗ္ဗစက္ခုမည်၏ဟု အယူရှိသူ အန္ဓကနှင့် သမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်တော်မူလို၍ ဤဒိဗ္ဗစက္ခုကထာကို ဟောတော်မူသည်။

၂။ ထိုမံသစက္ခုမျှသည်သာ ထိုစတုတ္ထဈာန်သည် ထောက်ပံ့အပ်သော ဒိဗ္ဗစက္ခု မဟုတ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ နှစ်ပါးကုန်သော မံသစက္ခု ဒိဗ္ဗစက္ခုတို့၏ တစ်ခုတည်းသောသဘော မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ မံသစက္ခုသည် ဥပါဒိဏ္ဏက ဖြစ်၍ ဒိဗ္ဗစက္ခုသည် အနုပါဒိဏ္ဏက ဖြစ်၏၊ မံသစက္ခုသည် ဒိဗ္ဗစက္ခုဟု အလိုမရှိခဲ့၊ ထို့ကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။
၅။ တစ်ဖန်မေးလတ်သော် မံသစက္ခုဖြစ်ပေါ်ခြင်းသည် ဒိဗ္ဗစက္ခုအကြောင်းတည်းဟူသော စကားကို အမှီပြု၍ မံသစက္ခုဟူသော အကြောင်းကြောင့် ဒိဗ္ဗစက္ခု ဖြစ်၏၊ ထိုဒိဗ္ဗစက္ခုသည်လည်း ရူပါဝစရတရားကြောင့် ဖြစ်ကုန်သော မဟာဘုတ် လေးပါးတို့၏ ကြည်လင်မှု ပသာဒပင်တည်းဟု အလိုရှိရကား ပရဝါဒီက ဝန်ခံပြန်သည်။
၆။ မံသစက္ခုသည် ဒိဗ္ဗစက္ခုဟူ၍ အလိုမရှိရကား ပဋိက္ခေပပြု၍ ဖြေသည်။
၇။ တစ်ဖန် မေးလတ်သော် ရူပါဝစရဈာန်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ရကား ဝန်ခံပြန်သည်။
၈။ အရူပါဝစရဘဇာ၌ အရူပါဝစရစိတ် မရှိခြင်းကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။
၉။ အရူပါဝစရကံကြောင့် ဖြစ်ကုန်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်းသည်သာ ပသာဒ ဖြစ်၏ဟူသော အယူဖြင့် ဝန်ခံပြန်သည်။
၁၀။ ဒိဗ္ဗစက္ခု၏ အပရိယာပန္နအဖြစ်ကို အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၁။ စတုတ္ထဈာန်တရားက ထောက်ပံ့အပ်သော ဒိဗ္ဗစက္ခု၏ ပညာစက္ခုအဖြစ်ကို အလို မရှိသော်လည်း ပညာစက္ခုကား သီးခြားရှိသည်၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၁၂။ တစ်ဖန် မေးလတ်သော် စတုတ္ထဈာန်တရားက ထောက်ပံ့အပ်သော မံသစက္ခုသည် ဒိဗ္ဗစက္ခုမည်၏ဟူသော မိမိအယူ၌တည်၍ ဝန်ခံပြန်သည်။

## ၃–တတိယဝဂ် (၂၈) ၈–ဒိဗ္ဗသောတကထာ

၃၇၅။ သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မံသသောတသည် ဒိဗ္ဗသောတလော၊ ဒိဗ္ဗသောတသည် မံသသောတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မံသသောတသည် အကြင်သို့သဘောရှိ၏၊ ဒိဗ္ဗသောတသည်လည်း ထိုသို့သဘောရှိသလော၊ ဒိဗ္ဗသောတသည် အကြင်သို့သဘောရှိ၏၊ မံသသောတသည်လည်း ထိုသို့သဘောရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုမံသသောတသည်ပင် ထိုဒိဗ္ဗသောတလော၊ ထိုဒိဗ္ဗသောတသည်ပင် ထိုမံသသောတ လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မံသသောတ၏ အာရုံ အာနုဘော် ကျက်စားရာသည် အကြင်သို့သဘောရှိ၏၊ ဒိဗ္ဗသောတ၏ အာရုံ အာနုဘော် ကျက်စားရာသည်လည်း ထိုသို့သဘောရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (ထိုမံသသောတသည်) ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်ဖြစ်၍ ကံသည်အကျိုး၏အဖြစ်ဖြင့် မယူအပ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်ဖြစ်၍ ကံသည် အကျိုး၏ အဖြစ်ဖြင့်မယူအပ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကာမာဝစရဖြစ်၍ ရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမာဝစရဖြစ်၍ ရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရူပါဝစရဖြစ်၍ အရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပါဝစရဖြစ်၍ အရူပါဝစရဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဝဋ္ဋ၌ အကျုံးဝင်သည် ဖြစ်၍ဝဋ္ဋ၌ အကျုံး မဝင်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၇၆။ သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သော မံသသောတသည် ဒိဗ္ဗသောတဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဒိဗ္ဗသောတသည် ကာမာဝစရတရားက ထောက်ပံ့အပ်သည် ဖြစ်၍ မံသသောတဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (စတုတ္ထဈာန်) တရားက ထောက်ပံ့အပ်သည် ဖြစ်၍ မံသသောတသည် ဒိဗ္ဗသောတဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သောတသည် တစ်ခုတည်းသာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတသည် တစ်ခုတည်းသာလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မံသသောတ၊ ဒိဗ္ဗသောတဟူ၍ သောတနှစ်မျိုးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန် သည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မံသသောတ၊ ဒိဗ္ဗသောတဟူ၍ သောတနှစ်မျိုးတို့ကို မြတ်စွာဘုရားဟောအပ်ခဲ့ပါကုန်မူ သောတသည် တစ်ခုတည်းသာဟူ၍ မဆိုသင့်။

**ဒိဗ္ဗသောတကထာ ပြီး၏။**

------

## ၃-တတိယဝဂ် (၂၉) ၉-ယထာကမ္မူပဂတဉာဏကထာ[၁]

၃၇၇။ သကဝါဒီ။ ။ ကံအားလျော်စွာ ကပ်ရောက်သူကို သိသော 'ယထာကမ္မူပဂတ'ဉာဏ်သည်ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကံအားလျော်စွာ ကပ်ရောက်သူကိုလည်း နှလုံးသွင်းပါသလော၊ ဒိဗ္ဗစက္ခုဖြင့် အဆင်း'ရူပါရုံ' ကိုလည်း မြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ကံအားလျော်စွာ ကပ်ရောက်သူကိုလည်း နှလုံးသွင်းပါသလော၊ ဒိဗ္ဗစက္ခုဖြင့် အဆင်း'ရူပါရုံ' ကိုလည်း မြင်ပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၃]

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏လည်းကောင်း၊ စိတ်နှစ်ပါးတို့၏လည်းကောင်း ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "အချင်းတို့ ဤသတ္တဝါတို့သည်[၅] ကာယဒုစရိုက်နှင့် ပြည့်စုံသူတို့တည်း" ဟူ၍လည်း နှလုံးသွင်းပါသလော၊ "ဝစီဒုစရိုက်နှင့် ပြည့်စုံသူတို့တည်း"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မနောဒုစရိုက်နှင့် ပြည့်စုံသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "အရိယာတို့ကို စွပ်စွဲသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မှားယွင်းသော အယူရှိသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မှားယွင်းသောအယူဖြင့် ကံကို ဆောက်တည်သူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာဖြစ်သော ပျက်စီး၍ကျရောက်ရာ ဖြစ်သော ငရဲသို့ ကျရောက်ကုန်၏"ဟူ၍လည်း နှလုံးသွင်းပါသလော။ ထို့ပြင် "အချင်းတို့ဤသတ္တဝါတို့သည် ကာယသုစရိုက်နှင့် ပြည့်စုံသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "ဝစီသုစရိုက်နှင့်ပြည့်စုံသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မနောသုစရိုက်နှင့် ပြည့်စုံသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "အရိယာတို့ကို မစွပ်စွဲသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မှန်ကန်သော အယူရှိသူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "မှန်ကန်သောအယူဖြင့် ကံကို ဆောက်တည်သူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ "ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ကောင်းသော လားရာ နတ်ပြည်လောကသို့ ရောက်သူတို့"ဟူ၍လည်း နှလုံးသွင်းပါသလော၊ ဒိဗ္ဗစက္ခုဖြင့်အဆင်း 'ရူပါရုံ'ကိုလည်း မြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းသောသူတို့လားရာ နတ်ပြည်လောကသို့ ကပ်ရောက်သူတို့"ဟူ၍လည်း နှလုံးသွင်းသလော၊ ဒိဗ္ဗစက္ခုဖြင့်အဆင်း'ရူပါရုံ'ကိုလည်း မြင်ပါသလော။

ပရဝါဒီ။ ။ ဩော် မြင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏လည်းကောင်း၊ စိတ်နှစ်ပါးတို့၏လည်းကောင်း ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၇၈။ သကဝါဒီ။ ။ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဒိဗ္ဗစက္ခု မရှိသော ဒိဗ္ဗစက္ခုကို မရသော မသိသော မျက်မှောက်မပြုသော ကံအားလျော်စွာ ကပ်ရောက်သူကို သိသော တစ်စုံတစ်ယောက်သော သူသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒိဗ္ဗစက္ခု မရှိသော ဒိဗ္ဗစက္ခုကို မရသော မသိသော မျက်မှောက်မပြုသောကံအားလျော်စွာ ကပ်ရောက်သူကို သိသော တစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါမူ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခု ဖြစ်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာသည် ယထာကမ္မူပဂတဉာဏ်ကို သိပါသလော။[၆]

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသျှင်သာရိပုတ္တရာသည် ယထာကမ္မူပဂတဉာဏ်ကို သိခဲ့ပါမူ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခုဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ယထာကမ္မူပဂတဉာဏ်သည် ဒိဗ္ဗစက္ခု ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာသည် ယထာကမ္မူပဂတဉာဏ်ကို သိပါသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာအား ဒိဗ္ဗစက္ခုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာအား ဒိဗ္ဗစက္ခုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၈]

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာသည် ဤစကားကို မိန့်တော်မူပြီး–[၉]

"ပုဗ္ဗေနိဝါသဉာဏ်အကျိုးငှါ ငါ့အား တောင့်တချက်သည် ရှိလည်း မရှိ၊ ဒိဗ္ဗစက္ခု အကျိုးငှါ ငါ့အားတောင့်တချက်သည် ရှိလည်းမရှိ၊ စေတောပရိယဉာဏ် အကျိုးငှါ လည်းကောင်း၊ ဣဒ္ဓိဝိဓဉာဏ်အကျိုးငှါလည်းကောင်း၊ ဒိဗ္ဗသောတဓာတ်အကျိုးငှါ လည်းကောင်း၊ စုတူပပါတဉာဏ်အကျိုးငှါလည်းကောင်း ငါ့အား တောင့်တချက်သည် ရှိလည်း မရှိ"ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ထို့ကြောင့် ကံအားလျော်စွာ ကပ်ရောက်သော သူကို သိသော ဉာဏ်သည် ဒိဗ္ဗစက္ခုဟု မဆိုသင့်။

**ယထာကမ္မူပဂတဉာဏကထာ ပြီး၏။**

------

၁။ 'ဣတိ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန။ပ။ ယထာကမ္မူပဂေ သတ္တေပဇာနာတိ'သုတ်ကို မသင့်မတင့်အားဖြင့် ယူ၍ ယထာကမ္မူပဂတဉာဏ်သည်ပင် ဒိဗ္ဗစက္ခုဟု အယူရှိသူ ပရဝါဒီဆရာတို့၏အယူကို တားမြစ်တော်မူရန် ဤယထာ ကမ္မူပဂတဉာဏကထာကို ဟောတော်မူသည်။
၂။ တစ်ခုတည်းသော စိတ်၏ အာရုံနှစ်မျိုး မရှိခြင်းကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၃။ တစ်ဖန် မေးပြန်သော် အထူးထူးသော စိတ်တို့၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံပြန်သည်။
၄။ အမြွက်ထောင်ခွင့် မပေးမူ၍ မေးမြန်းလတ်သော် ပဋိက္ခေပပြု၍ ဖြေပြန်သည်။
၅။ သီလက္ခန်ပါဠိတော်မူရင်းကို ကြည့်၍ လျော်အောင် ပြန်ဆိုထားသည်။
၆။ အသျှင်သာရိပုတ္တရာသည် အပ္ပိစ္ဆတာဂုဏ်ဖြင့် အဘိညာဉာဏ်တို့ကို မသုံးဆောင်သောကြောင့် အချို့ပရဝါဒီတို့က အသျှင်သာရိပုတ္တရာမထေရ်အား ထိုအဘိညာဉာဏ် မရှိဟု အောက်မေ့မှတ်ထင်ကြကုန်၏၊ ထို့ကြောင့် သကဝါဒီက ဤပုစ္ဆာကို ထုတ်သည်။
၇။ ယခင် ဆိုခဲ့ပြီးသော အကြောင်းကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၈။ တပည့်သာဝကတို့ ရသင့်ရထိုက်သာ ရောက်သင့်ရောက်ထိုက်သော တရားအားလုံးသို့ အသျှင်သာရိပုတ္တရာ ရောက်၏ဟု နှလုံးသွင်းမိသောကြောင့် ဝန်ခံပြန်သည်။
၉။ ပရဝါဒီအား ပျံ့လွင့်စေလို၍ သကဝါဒီက မေးပြန်သည်၊ အသျှင်သာရိပုတ္တရာသည် သုံးဆောင်ရန် တောင့်တမှု မရှိခြင်းကြောင့်သာ ဤဂါထာကို မိန့်တော်မူ၏၊ အဘိညာဉ်ဉာဏ် မရှိခြင်းကြောင့် တောင့်တမှု မရှိဟု မိန့်ဆိုသည် မဟုတ်၊ ပရဝါဒီဆရာကား အဘိညာဉ်ဉာဏ် မရှိ၍သာ တောင့်တမှုမရှိဟု မှတ်ထင်နေသောကြောင့် အသျှင်သာရိပုတ္တရာအား ဒိဗ္ဗစက္ခုအဘိညာဉ် မရှိ၊ ယထာကမ္မူပဂတဉာဏ်သာ ရှိ၏ဟု အယူရှိသည်။

♣

## ၃-တတိယဝဂ် (၃၀) ၁၀-သံဝရကထာ[၁]

၃၇၉။ သကဝါဒီ။ ။ နတ်တို့၌ စောင့်စည်းမှု 'သံဝရ'သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၂]

သကဝါဒီ။ ။ နတ်တို့၌ မစောင့်စည်းမှု 'အသံဝရ'သည် ရှိပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ နတ်တို့၌ မစောင့်စည်းမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ နတ်တို့၌ စောင့်စည်းမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့်'သီလ'မဟုတ်ပါလော၊ နတ်တို့၌စောင့်စည်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အကြင်မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်၏၊ နတ်တို့၌ထိုမစောင့်စည်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့–

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်၍ နတ်တို့၌ စောင့်စည်းမှုရှိခဲ့ပါမူ ထိုအကြောင်းကြောင့် "အကြင်မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်၏၊ နတ်တို့၌ ထိုမစောင့်စည်းမှုသည် ရှိ၏"ဟူ၍ ဆိုသင့်၏။ ထိုပဌမအမေး၌ မစောင့်စည်းမှုမှစောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်သည် ဖြစ်၍ နတ်တို့၌ စောင့်စည်းမှုသည် ရှိ၏ဟုဆိုအပ်သည်သာတည်း၊ ဤဒုတိယအမေး၌ "အကြင်မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည်အကျင့် 'သီလ'မည်၏၊ နတ်တို့၌ ထိုမစောင့်စည်းမှုသည် ရှိ၏ဟူ၍ကား မဆိုခဲ့ပေ၊ ဤသို့ (ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသည်သာတည်း။

အရှင်ပရဝါဒီ "အကြင်မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့်'သီလ'မည်၏၊ နတ်တို့၌ထိုမစောင့်စည်းမှုသည် ရှိ၏"ဟု မဆိုခဲ့ပါမူ မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်သည်ဖြစ်၍ နတ်တို့၌ စောင့်စည်းမှု ရှိ၏ဟူ၍ သင် မဆိုသင့်တော့ပေ။

ထိုပဌမအမေး၌ မစောင့်စည်းမှုမှ စောင့်စည်းခြင်းသည် အကျင့်'သီလ'မည်သည် ဖြစ်၍ နတ်တို့၌စောင့်စည်းမှု ရှိ၏ဟူ၍ သင် ဆိုခဲ့သည်သာတည်း၊ ဤဒုတိယအမေး၌မူ "အကြင်မစောင့်စည်းမှုမှစောင့်စည်းခြင်းသည် အကျင့် 'သီလ'မည်၏၊ နတ်တို့၌ ထိုမစောင့်စည်းမှုသည် ရှိ၏"ဟူ၍ကား သင်မဆိုခဲ့ပေ၊ ဤသို့ (ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက်မညီညွတ်သောစကားသည် မှားသည်သာတည်း။

သကဝါဒီ။ ။ လူတို့၌ စောင့်စည်းမှုသည် ရှိသည်ဖြစ်၍ ထိုလူတို့၌ မစောင့်စည်းမှုသည်လည်း ရှိပါသလော။[၅]

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နတ်တို့၌ စောင့်စည်းမှုသည် ရှိသည် ဖြစ်၍ ထိုနတ်တို့၌ မစောင့်စည်းမှုသည်လည်းရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့၌ စောင့်စည်းမှုသည် ရှိသည် ဖြစ်ပါလျက် ထိုနတ်တို့၌ မစောင့်စည်းမှုသည်ကားမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ လူတို့၌ စောင့်စည်းမှုသည် ရှိသည် ဖြစ်ပါလျက် ထိုလူတို့၌ မစောင့်စည်းမှုသည်ကားမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၈၀။ သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၆]

သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်းမှ) ရှောင်ကြဉ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) မှ ရှောင်ကြဉ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှိသည် ဖြစ်၍ ထိုလူတို့၌သူ့အသက်ကို သတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုနတ်တို့၌သူ့အသက်ကို သတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) မှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုလူတို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) မှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုနတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုနတ်တို့၌သူ့အသက်ကို သတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ လူတို့၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုလူတို့၌သူ့အသက်ကို သတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) မှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုနတ်တို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ လူတို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) မှ ရှောင်ကြဉ်မှုသည် ရှိသည်ဖြစ်၍ ထိုလူတို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် (သောက်ခြင်း) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ နတ်တို့၌ စောင့်စည်းမှုသည် မရှိပါသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။[၈]

ပရဝါဒီ။ ။ နတ်အားလုံးတို့သည် သူ့အသက်ကို သတ်လေ့ရှိကုန်သလော၊ မပေးအပ်သောသူတစ်ပါးဥစ္စာကို ခိုးယူလေ့ရှိကုန်သလော၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိကုန်သလော၊ မမှန်စကားကို ပြောလေ့ရှိကုန်သလော၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိကုန်သလော။[၉]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

ပရဝါဒီ။ ။ ထို့ကြောင့် နတ်တို့၌ စောင့်စည်းမှုသည် ရှိ၏။[၁၁]

**သံဝရကထာ ပြီး၏။**

------

၁။ တာဝတိံသာနတ်တို့ကို အစပြု၍ အထက်နတ်တို့၌ အကြင်ကြောင့် ထိုနတ်တို့သည် ပါဏာတိပါတ စသော ငါးပါးသော ဝေရစေတနာတို့ကို မပြုမကျင့်ကြကုန်၊ ထို့ကြောင့် ထိုနတ်တို့အား စောင့်စည်းမှု သံဝရရှိ၏ဟု အယူရှိကုန်သော ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်၍ ဤသံဝရကထာကို ဟောတော်မူသည်။
၂။ ပါဏာတိပါတစသော ဝေရစေတနာတို့ ဖြစ်ပေါ်မှုကို မမြင်ရကား ပရဝါဒီက ဝန်ခံသည်။
၃။ 'သံဝရ'ဟူသော စောင့်စည်းထိုက်သော အသံဝရတရား ရှိသော်သာ ဖြစ်နိုင်ရကား ဤအသံဝရ ပုစ္ဆာကို သကဝါဒီက မေး သည်။
၄။ နတ်တို့၌ ပါဏာတိပါတအစရှိသော ကံမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၅။ သံဝရရှိသော် အသံဝရ၊ အသံဝရရှိသော် သံဝရရှိ၏ဟု ပြလိုသောကြောင့် သကဝါဒီက မေးသည်။
၆။ ပါဏာတိပါတစသည်တို့၏ မဖြစ်ပေါ်သည်၏ အစွမ်းအားဖြင့် ပရဝါဒီက ဝန်ခံသည်။
၇။ ပါဏာတိပါတစသည်တို့၏ မရှိသည်၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၈။ ပါဏာတိပါတစသည်တို့ကို ပြုကျင့်ပြီး၍ တစ်ဖန် ထိုပါဏာတိပါတစသည်တို့မှ စောင့်စည်းမှု မရှိသည်၏ အဖြစ်ကို ရည်ရွယ်လျက် သကဝါဒီက ဝန်ခံသည်။
၉။ ဆလဝါဒ (ကောက်ကျစ်သောဝါဒ) ၏ အစွမ်းအားဖြင့် သံဝရမရှိပါလျှင် နတ်အားလုံးတို့သည် ပါဏာတိပါတ စသည်တို့ကို ပြုကုန်သလောဟု ပရဝါဒီက မေးလိုရင်း ဖြစ်သည်။
၁၀။ နတ်တို့အား ပါဏာတိပါတစသော ဝေရစေတနာတို့ ဖြစ်ပေါ်မှု မရှိသောကြောင့် သကဝါဒီက ပဋိက္ခေပပြုသည်။
၁၁။ "န ဟေဝံ" စသောစကားမျှကို ယူ၍ မိမိဝါဒကို ပရဝါဒီက တည်စေသည်၊ သို့သော်လည်း ဤသို့တည်စေသောဝါဒသည် မတည်နိုင်သည်သာတည်း။

♣

## ၃-တတိယဝဂ် (၃၁) ၁၁-အသညကထာ[၁]

၃၈၁။ သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ (အသညသတ်ဘဝသည်) သညာရှိသော ဘဝ, သညာရှိသော ဂတိ, သညာရှိသော သတ္တဝါတို့၏ တည်နေရာ, သညာရှိသော သံသရာ, သညာရှိသော ပဋိသန္ဓေ, သညာရှိသော အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အသညသတ်ဘဝသည်) သညာမရှိသော ဘဝ, သညာမရှိသော ဂတိ, သညာ မရှိသောသတ္တဝါတို့၏ တည်နေရာ သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသော အတ္တဘောကို ရခြင်းဖြစ်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (အသညသတ်ဘဝသည်) သညာမရှိသော ဘဝ, သညာမရှိသော ဂတိ,သညာမရှိသော သတ္တဝါတို့၏ တည်နေရာ, သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသော အတ္တဘောကို ရခြင်းဖြစ်ခဲ့ပါမူ "အသညသတ်ဗြဟ္မာတို့၌ သညာရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ (အသညသတ်ဘဝသည်) ပဉ္စဝေါကာရဘဝ, ဂတိ, သတ္တဝါတို့၏ တည်နေရာ, သံသရာ,ပဋိသန္ဓေ, အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အသညသတ်ဘဝသည်) ဧကဝေါကာရဘဝ, ဂတိ, သတ္တဝါတို့၏ တည်နေရာ, သံသရာ,ပဋိသန္ဓေ, အတ္တဘောကို ရခြင်းဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (အသညသတ်ဘဝသည်) ဧကဝေါကာရဘဝ, ဂတိ, သတ္တဝါတို့ တည်နေရာ, သံသရာ, ပဋိသန္ဓေ, အတ္တဘောကို ရခြင်း ဖြစ်ခဲ့ပါမူ အသညသတ်ဗြဟ္မာတို့၌ သညာရှိ၏ဟူ၍မဆိုသင့်။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ (သညာ) ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ (ထိုသညာဖြင့်) သညာ၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၈၂။ သကဝါဒီ။ ။ လူတို့၌ သညာရှိသည် ဖြစ်၍ ထိုလူသည်လည်း သညာရှိသော ဘဝ, သညာရှိသော ဂတိ, သညာရှိသော သတ္တဝါတို့၏ တည်နေရာ, သညာရှိသော သံသရာ, သညာရှိသော ပဋိသန္ဓေ,သညာရှိသော အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်၍ ထိုအသညသတ်ဗြဟ္မာသည်လည်းသညာရှိသော ဘဝ, သညာရှိသော ဂတိ, သညာရှိသော သတ္တဝါတို့၏ တည်နေရာ, သံသရာ, ပဋိသန္ဓေ,အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၌ သညာရှိသည် ဖြစ်၍ ထိုလူသည်လည်း ပဉ္စဝေါကာရဘဝ, ဂတိ, သတ္တဝါတို့၏တည်နေရာ, သံသရာ, ပဋိသန္ဓေ, အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်၍ ထိုအသညသတ်ဗြဟ္မာသည်လည်းပဉ္စဝေါကာရဘဝ, ဂတိ, သတ္တဝါတို့၏ တည်နေရာ, သံသရာ, ပဋိသန္ဓေ, အတ္တဘောကို ရခြင်း ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၌ သညာရှိသည် ဖြစ်၍ ထိုသညာဖြင့် သညာ၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပြုလုပ်ပါ၏။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်၍ ထိုသညာဖြင့် သညာ၏ ပြုဖွယ်ကိစ္စကိုပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်၍ ထိုအသညသတ်ဗြဟ္မာသည်လည်းသညာမရှိသော ဘဝ, သညာမရှိသော ဂတိ, သညာမရှိသော သတ္တဝါတို့၏ တည်နေရာ, သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသော အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ လူတို့၌ သညာရှိသည်ဖြစ်၍ ထိုလူသည်လည်း သညာမရှိသော ဘဝ, သညာမရှိသောဂတိ။ပ။ သညာမရှိသော အတ္တဘောကို ရခြင်း ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်၍ ထိုအသညသတ်ဗြဟ္မာသည်လည်း ဧကဝေါကာရဘဝ, ဂတိ, သတ္တဝါတို့နေရာ, သံသရာ, ပဋိသန္ဓေ, အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ လူတို့၌ သညာရှိသည် ဖြစ်၍ ထိုလူသည်လည်း ဧကဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်း ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိသည် ဖြစ်လျက် ထိုသညာဖြင့်မူကား သညာ၏ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဩော် မပြုလုပ်ပါ။

သကဝါဒီ။ ။ လူတို့၌ သညာရှိသည် ဖြစ်လျက် ထိုသညာဖြင့်မူကား သညာ၏ ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၈၃။ ပရဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ အသညသတ်မည်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့သည် သညာ၏ဖြစ်ပေါ်ခြင်းကြောင့် ထိုဗြဟ္မာအပေါင်းမှ ရွေ့လျောကြရကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သောသုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

သကဝါဒီ။ ။ ထြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အသညသတ်ဗြဟ္မာတို့၌ သညာရှိ၏။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာရှိပါသလော။

ပရဝါဒီ။ ။ အချို့အခါ၌ ရှိ၏၊ အချို့အခါ၌ မရှိပါ။

သကဝါဒီ။ ။ အချို့အခါ၌ သညာရှိသော သတ္တဝါတို့ ဖြစ်ကုန်သလော၊ အချို့အခါ၌ သညာမရှိသောသတ္တဝါတို့ ဖြစ်ကုန်သလော၊ အချို့အခါ၌ သညာရှိသောဘဝ ဖြစ်သလော၊ အချို့အခါ၌ သညာမရှိသောဘဝ ဖြစ်သလော၊ အချို့အခါ၌ ပဉ္စဝေါကာရဘဝ ဖြစ်သလော၊ အချို့အခါ၌ ဧကဝေါကာရဘဝ့ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့၌ သညာသည် အချို့အခါ၌ ရှိသလော၊ အချို့အခါ၌ မရှိသလော။

ပရဝါဒီ။ ။ ထြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်အခါ၌ ရှိပါသနည်း၊ အဘယ်အခါ၌ မရှိပါသနည်း။

ပရဝါဒီ။ ။ စုတိအခါ၌လည်းကောင်း၊ ပဋိသန္ဓေအခါ၌လည်းကောင်း ရှိ၏၊ ဌီအခါ၌ မရှိ။

သကဝါဒီ။ ။ စုတိအခါ၌လည်းကောင်း၊ ပဋိသန္ဓေအခါ၌လည်းကောင်း သညာရှိသော သတ္တဝါတို့ဖြစ်ကုန်သလော၊ ဌီအခါ၌ သညာမရှိသော သတ္တဝါတို့ ဖြစ်ကုန်သလော။ စုတိအခါ၌လည်းကောင်း၊ ပဋိသန္ဓေအခါ၌လည်းကောင်း သညာရှိသောဘဝ ဖြစ်သလော၊ ဌီအခါ၌ သညာမရှိသောဘဝ ဖြစ်သလော။ စုတိအခါ၌လည်းကောင်း၊ ပဋိသန္ဓေအခါ၌လည်းကောင်း ပဉ္စဝေါကာရဘဝ ဖြစ်ပါသလော၊ ဌီအခါ၌ ဧကဝေါကာရဘဝ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အသညကထာ ပြီး၏။**

------

၁။ "သင်္ခါရပစ္စယာ ဝိညာဏံ"ဟူ၍ ဟောတော်မူသောကြောင့် ဝိညာဏ်နှင့် ကင်း၍ ပဋိသန္ဓေမည်သည် မရှိ၊ "သညုပ္ပါဒါ စ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တိ"ဟု ဟောတော်မူသောကြောင့် အသညသတ်သတ္တဝါတို့အားလည်း စုတိပဋိသန္ဓေခဏ၌ သညာရှိ၏ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်တော်မူလိုသောကြောင့် ဤအသညကထာကို ဟောတော်မူသည်။

၂။ 'သင်ပရဝါဒီဆရာ၏ ထိုအသညသတ်ဘုံသည် သညာဘဝစသည် မည်ပါသလော'ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

♣

## ၃-တတိယဝဂ် (၃၂) ၁၂-နေဝသညာနာသညာယတနကထာ

၃၈၄။ သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာသည် ရှိ၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ (နေဝသညာနာသညာဘဝသည်) သညာမရှိသော ဘဝ, သညာမရှိသော ဂတိ,သညာမရှိသော သတ္တဝါတို့၏ တည်နေရာ, သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသော အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (နေဝသညာနာသညာဘဝသည်) သညာရှိသော ဘဝ, သညာရှိသော ဂတိ, သညာရှိသော သတ္တဝါတို့၏ တည်နေရာ, သညာရှိသော သံသရာ, သညာရှိသော ပဋိသန္ဓေ, သညာရှိသောအတ္တဘောကို ရခြင်း ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (နေဝသညာနာသညာဘဝသည်) သညာရှိသော ဘဝ, သညာရှိသောဂတိ။ပ။ သညာရှိသော အတ္တဘောကို ရခြင်း ဖြစ်ခဲ့ပါမူ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟုမဆိုသင့်ပါဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ (နေဝသညာနာသညာဘဝသည်) ဧကဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်းဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (နေဝသညာနာသညာဘဝသည်) စတုဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်းဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (နေဝသညာနာသညာဘဝသည်) စတုဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်း ဖြစ်ခဲ့ပါမူ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ဟူ၍ မဆိုသင့်။

၃၈၅။ သကဝါဒီ။ ။ အသညသတ်ဖြဟ္မာတို့၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုအသညသတ်ဖြဟ္မာသည်လည်း သညာမရှိသော ဘဝ, သညာမရှိသော ဂတိ, သညာမရှိသော

သတ္တဝါတို့၏တည်နေရာ, သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသော အတ္တဘောကိုရခြင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုနေဝသညာနာသညာယတနဖြဟ္မာသည်လည်း သညာမရှိသော ဘဝ, သညာမရှိသော ဂတိ, သညာမရှိသောသတ္တဝါတို့၏ တည်နေရာ, သညာမရှိသော သံသရာ, သညာမရှိသော ပဋိသန္ဓေ, သညာမရှိသောအတ္တဘောကို ရခြင်း သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဖြဟ္မာတို့၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုအသညသတ်ဖြဟ္မာသည်လည်း ဧကဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုနေဝသညာနာသညာယတနဖြဟ္မာသည်လည်း ဧကဝေါကာရဘဝ, ဂတိ, သတ္တဝါတို့၏ နေရာ, သံသရာ, ပဋိသန္ဓေ,အတ္တဘောကို ရခြင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုနေဝသညာနာသညာယတနဖြဟ္မာသည်လည်း သညာရှိသော ဘဝ, သညာရှိသော ဂတိ။ပ။ သညာရှိသောအတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသညသတ်ဖြဟ္မာတို့၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုအသညသတ်ဖြဟ္မာသည်လည်း သညာရှိသော ဘဝ, သညာရှိသော ဂတိ။ပ။ သညာရှိသော အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုနေဝသညာနာသညာယတနဖြဟ္မာသည်လည်း စတုဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသညသတ်ဖြဟ္မာတို့၌ သညာရှိ၏ဟု မဆိုသင့်သည် ဖြစ်၍ ထိုအသညသတ်ဖြဟ္မာသည်လည်း စတုဝေါကာရဘဝ, ဂတိ။ပ။ အတ္တဘောကို ရခြင်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝ ဖြစ်ခဲ့ပါမူနေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ဟူ၍ မဆိုသင့်။

၃၈၆။ သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ အာကာသာနဉ္စာယတနဘုံ၌သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ဝိညာဏဉ္စာယတနဘဝသည်။ပ။ အာကိဉ္စညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍အာကိဉ္စညာယတနဘုံ၌ သညာရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏဉ္စာယတနဘဝသည်။ပ။ အာကိဉ္စညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်းမဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝ ဖြစ်ခဲ့ပါမူနေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း မဆိုသင့်ဟူ၍မဆိုသင့်။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘဝသည်။ပ။ ဝိညာဏဉ္စာယတနဘဝသည်။ပ။ အာကိဉ္စညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ အာကိဉ္စညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏဉ္စာယတနဘဝသည်။ပ။ အာကိဉ္စညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဘဝသည် စတုဝေါကာရဘဝဖြစ်၍ ထိုဘုံ၌ သညာရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်းမဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ နေဝသညာနာသညာယတနဟူ၍ ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ နေဝသညာနာသညာယတနဟူ၍ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း မဆိုသင့်ဟု ဆိုသင့်၏။

သကဝါဒီ။ ။ နေဝသညာနာသညာယတနဟု နှလုံးပြု၍ နေဝသညာနာသညာယတနဘုံ၌ သညာရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အဒုက္ခမသုခဝေဒနာဟု နှလုံးပြု၍ အဒုက္ခမသုခဝေဒနာ၌ ဝေဒနာဟူ၍လည်းကောင်း၊ ဝေဒနာ မဟုတ်ဟူ၍လည်းကောင်း မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**နေဝသညာနာသညာယတနကထာ ပြီး၏။**

**တတိယဝဂ် ပြီး၏။**

------

၁။ 'နေဝသညာနာသညာဟု ဆိုထားသောကြောင့် စတုတ္ထအရူပဘဝ၌ သညာရှိ၏ဟု မဆိုသင့်'ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို တားမြစ်လိုရ၍ ဤနေဝသညာနာသညာယတနကထာကို ဟောတော်မူသည်။

♣

## ၄-စတုတ္ထဝဂ် (၃၃) ၁-ဂိဟိဿ အရဟာတိကထာ[၁]

၃၈၇။ သကဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ရာပါ၏။[၂]

သကဝါဒီ။ ။ ရဟန္တာအား လူတို့သံယောဇဉ် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား လူတို့သံယောဇဉ် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား လူတို့သံယောဇဉ် မရှိခဲ့ပါမူ လူပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်ရာ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ရာပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် လူတို့သံယောဇဉ်ကို ပယ်ရှားအပ်ပြီးသည် အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်တောက်အပ်ပြီးသည် နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီးသည် နောင်တစ်ဖန် မဖြစ်အောင်ပြုအပ်ပြီးသည် နောင်အခါ မဖြစ်ခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် လူတို့သံယောဇဉ်ကို ပယ်ရှားအပ်ပြီး အမြစ်အရင်းကိုအကြွင်းမဲ့ ဖြတ်တောက်အပ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုလုပ်အပ်ပြီး နောင်တစ်ဖန် မဖြစ်အောင်ပြုအပ်ပြီး နောင်အခါ မဖြစ်ခြင်းသဘောရှိပြီးဖြစ်ခဲ့ပါမူ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ရာပါ၏။

သကဝါဒီ။ ။ လူတို့သံယောဇဉ်ကို မပယ်ရှားမူ၍ မျက်မှောက်ဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြုနိုင်သောလူတစ်ဦးတစ်ယောက်သည် ရှိပါသလော။[၃]

ပရဝါဒီ။ ။ မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လူတို့သံယောဇဉ်ကို မပယ်ရှားမူ၍ မျက်မှောက်ဘဝ၌ပင် ဆင်းရဲ အဆုံးကိုပြုနိုင်သော လူတစ်ဦးတစ်ယောက် မရှိခဲ့ပါမူ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ရာပါ၏။

သကဝါဒီ။ ။ "ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားအား 'အသျှင်ဂေါတမ လူတို့သံယောဇဉ်ကိုမပယ်ရှားမူ၍ ခန္ဓာကိုယ်ပျက်စီးသည်မှ (နောက်၌) ဆင်းရဲ၏ အဆုံးကို ပြုနိုင်သော လူတစ်ဦးတစ်ယောက် ရှိပါသလော'ဟူသော ဤစကားကို မေးလျှောက်ဖူးပြီ၊ ထိုအခါ မြတ်စွာဘုရားကဝစ္ဆလူတို့သံယောဇဉ်ကို မပယ်ရှားမူ၍ ခန္ဓာကိုယ်ပျက်စီးသည်မှ နောက်ကာလ၌ ဆင်းရဲ၏ အဆုံးကိုပြုနိုင်သော လူတစ်ဦးတစ်ယောက်မျှ မရှိ"ဟူ၍ ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် မေထုန်အကျင့်ကို မှီဝဲရာသလော၊ မေထုန်အမှုကို ဖြစ်စေရာသလော၊ သားသမီးနှင့်အတူ ကျဉ်းမြောင်းစွာ အိပ်စက်မှုကို ပြု၍ နေရာသလော၊ ကာသိတိုင်းထွက် စန္ဒကူးနံ့သာကို ခံစားရာသလော၊ ပန်း နံ့သာ နံ့သာပျောင်းကို

လိမ်းကျံရာသလော၊ ရွှေငွေကို သာယာရာသလော၊ ဆိတ်နှင့် သိုးကို ခံယူရာသလော၊ ကြက်နှင့်ဝက်ကို ခံယူရာသလော၊ ဆင် နွား မြင်း မြည်းကို ခံယူရာသလော၊ ခါ ငုံး ဥဒေါင်း ချိုးကို ခံယူရာသလော၊ ဆန်းကြယ်သော သားမြီးယပ်ဝန်းကို ဆောင်ရာသလော၊ အမြိတ်အဆာရှိသော အဝတ်ဖြူတို့ကို ဆောင်ရာသလော၊ အသက်ထက်ဆုံး လူဖြစ်၍ ဖြစ်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ယသအမျိုးသား, ဥတ္တိယသူကြွယ်, သေတုလုလင်တို့သည် လူ့အသွင်ဖြင့် ရဟန္တာ အဖြစ်သို့ရောက်ကြသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ယသအမျိုးသား, ဥတ္တိယသူကြွယ်, သေတုလုလင်တို့သည် လူ့အသွင်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြပါမူ ထိုအကြောင်းကြောင့် လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ရာ၏ဟု ဆိုသင့်၏။

**ဂိဟိဿ အရဟာတိကထာ ပြီး၏။**

------

၁။ 'ယသအမျိုးသား အစရှိသည်တို့၏ လူ့အသွင်အပြင်၌ တည်ကုန်လျက် အရဟတ္တဖိုလ်သို့ရောက်သည်ကို တွေ့မြင်ရသောကြောင့် လူပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်ရာ၏'ဟု အယူရှိကုန်သော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်လို၍ ဤဂိဟိဿ အရဟာတိကထာကို ဟောတော်မူသည်။
၂။ 'အကြင်သူသည် လူတို့၏ သံယောဇဉ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် လူမည်၏၊ ထိုသူသည် ရဟန္တာဖြစ်၏'ဟူသော အဓိပ္ပါယ်ကို မမှတ်နိုင်ဘဲ လူ့အသွင်အပြင်မျှကိုသာ မြင်သော ပရဝါဒီဆရာသည် ဝန်ခံလျက် ဖြေ၏။
၃။ 'လူမည်သည် လူတို့၏ သံယောဇဉ်ကြောင့်သာ ဖြစ်၏၊ လူ့အသွင်အပြင်မျှဖြင့် လူမည်သည် မဟုတ်' ဟူသောနည်းကို ပြလို၍ ဤပုစ္ဆာကို မေးသည်။

♣

## ၄-စတုတ္ထဝဂ် (၃၄) ၂-ဥပပတ္တိကထာ[၁]

၃၈၈။ သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် သောတာပန်ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် သကဒါဂါမ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် အနာဂါမ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် သောတာပန် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် သောတာပန် မဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်ဖြင့် တစ်ပြိုင်နက် သကဒါဂါမ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် သကဒါဂါမ် မဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် အနာဂါမ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် အနာဂါမ် မဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍ မဆိုသင့်။

၃၈၉။ သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာမထေရ်သည် ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်။ပ။ အသျှင်မဟာကဿပမထေရ်သည်။ပ။ အသျှင်မဟာကစ္စည်းမထေရ်သည်။ပ။ အသျှင်မဟာကောဋ္ဌိကမထေရ်သည်။ပ။ အသျှင်မဟာပန္ထကမထေရ်သည်ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသျှင်သာရိပုတ္တရာမထေရ်သည် ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသျှင်သာရိပုတ္တရာမထေရ်သည် ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက်ရဟန္တာ မဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်။ပ။ အသျှင်မဟာကဿပမထေရ်သည်။ပ။ အသျှင်မဟာကစ္စည်းမထေရ်သည်။ပ။ အသျှင်မဟာကောဋ္ဌိကမထေရ်သည်။ပ။ အသျှင်မဟာပန္ထကမထေရ်သည်ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသျှင်မဟာပန္ထကမထေရ်သည် ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာမဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍ မဆိုသင့်။

၃၉၀။ သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော အာသဝတို့၏ အာရုံဖြစ်သော။ပ။ ကိလေသာတို့ကို ရခြင်းငှါ ထိုက်သောပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်ဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်သည်ဝဋ်မှ ထွက်မြောက်နိုင်ပါသလော၊ ကိလေသာကုန်ခန်းမှု အရဟတ္တဖိုလ်,နိဗ္ဗာန်သို့ ရောက်နိုင်ပါသလော၊ အရဟတ္တမဂ်ဉာဏ်သို့ ရောက်နိုင်ပါသလော၊ ကိလေသာကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ ရောက်နိုင်ပါသလော၊ အာသဝတို့ အာရုံမဟုတ်ပါသလော။ပ။ ကိလေသာကို ရခြင်းငှါ မထိုက်တန်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်သည်ဝဋ်မှ မထွက်မြောက်နိုင်သည် မဟုတ်ပါလော၊ ကိလေသာကုန်ခန်းမှု အရဟတ္တဖိုလ်, နိဗ္ဗာန်သို့ မရောက်နိုင်သည် အရဟတ္တမဂ်ဉာဏ်သို့မရောက်နိုင်သည် ကိလေသာကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ မရောက်နိုင်သည် အာသဝတို့ အာရုံဖြစ်သည်။ပ။ ကိလေသာကို ရခြင်းငှါ ထိုက်တန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်သည်ဝဋ်မှ မထွက်မြောက်သည်ကိလေသာကုန်ခန်းမှု အရဟတ္တဖိုလ်သို့ မရောက်နိုင်သည် အရဟတ္တမဂ်ဉာဏ်သို့ မရောက်နိုင်သည်ကိလေသာကို ဖျက်ဆီးတတ်သော နိဗ္ဗာန်သို့ မရောက်နိုင်သည် အာသဝတို့ အာရုံဖြစ်သည်။ပ။ ကိလေသာ ကို ရခြင်း၄ါ ထိုက်တန်သည် ဖြစ်ခဲ့ပါမူ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်၏ဟူ၍မဆိုသင့်။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်ဖြင့် ရာဂကို ပယ်စွန့်နိုင်ပါသလော၊ ဒေါသကိုပယ်စွန့်နိုင်ပါသလော၊ မောဟကို ပယ်စွန့်နိုင်ပါသလော၊ အနောတ္တပ္ပကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်သည် မဂ်လော၊ သတိပဋ္ဌာန်လော၊ သမ္မပ္ပဓာန်လော၊ ဣဒ္ဓိပါဒ်လော၊ ဣန္ဒြေလော၊ ဗိုလ်လော၊ ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်ဖြင့် ဆင်းရဲကို ပိုင်းခြားသိပါသလော၊ ဆင်းရဲဖြစ်ကြောင်း သမုဒယကို ပယ်စွန့်ပါသလော၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော၊ မဂ်ကို ပွားများစေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ရဟန္တာဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စုတိစိတ်သည် မဂ်စိတ်လော၊ ပဋိသန္ဓေကို ရှာဖွေသော ပဋိသန္ဓေစိတ်သည် ဖိုလ်စိတ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဥပပတ္တိကထာ ပြီး၏။**

------

၁။ 'သြပပါတိကော ဟောတိ တတ္ထ ပရိနိဗ္ဗာယီ'ဟူသော စကားတို့ကို မသင့်သောအားဖြင့် ယူ၍ သုဒ္ဓါဝါသဗြဟ္မာတို့၌ ပဋိသန္ဓေနှင့် အတူတကွ ရဟန္တာဖြစ်၏ဟု အယူရှိသူ

ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီတို့၏ အယူကို ပယ်ဖျက်တော်မူလို၍ ဤဥပပတ္တိကထာကို ဟောတော်မူသည်။
၂။ 'ပဋိသန္ဓေစိတ်မည်သည် လောကီစိတ်မျှသာ ဖြစ်၏၊ ထိုလောကီပဋိသန္ဓေစိတ်ဖြင့် သောတာပန် စသည်တို့သော်လည်း မဖြစ်နိုင်ကုန်၊ အဘယ်မှာ ရဟန္တာ ဖြစ်နိုင်ပါအံ့နည်း' ဟူသော အလိုဖြင့် ဤပုစ္ဆာကိုမေးသည်။
၃။ 'ဤမထေရ်တို့တွင် အဘယ်မထေရ်သည် ပဋိသန္ဓေစိတ်ဖြင့် ရဟန္တာဖြစ်သနည်း'ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

♣

## ၄-စတုတ္ထဝဂ် (၃၅) ၃-အနာသဝကထာ[၁]

၃၉၁။ သကဝါဒီ။ ။ ရဟန္တာ၏ တရားအားလုံးတို့သည် အာသဝတို့၏ အာရုံ မဟုတ်ကုန်သလော။

ပရဝါဒီ။ ။ ဩာ် မဟုတ်ပါကုန်။

သကဝါဒီ။ ။ (ရဟန္တာ၏ တရားအားလုံးတို့သည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော၊ သကဒါဂါမိမဂ်လော၊ သကဒါဂါမိဖိုလ်လော၊ အနာဂါမိမဂ်လော၊ အနာဂါမိဖိုလ်လော၊ အရဟတ္တမဂ်လော၊ အရဟတ္တဖိုလ်လော၊ သတိပဋ္ဌာန်လော၊ သမ္မပ္ပဓာန်လော၊ ဣဒ္ဓိပါဒ်လော၊ ဣန္ဒြေလော၊ ဗိုလ်လော၊ ဗောဇ္ဈင်လော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ တရားအားလုံးတို့သည် အာသဝတို့၏ အာရုံ မဟုတ်ကုန်သလော။

ပရဝါဒီ။ ။ ဩာ် မဟုတ်ပါကုန်။

သကဝါဒီ။ ။ ရဟန္တာ၏ စက္ခုသည် အာသဝတို့၏ အာရုံ မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ရဟန္တာ၏ စက္ခုသည် အာသဝတို့၏ အာရုံ မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩာ် မဟုတ်ပါ။[၄]

သကဝါဒီ။ ။ (ထိုစက္ခုသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ သောတသည်။ပ။ ရဟန္တာ၏ ဃာနသည်။ ရဟန္တာ၏ ဇိဝှါသည်။ ရဟန္တာ၏ကာယသည် အာသဝတို့၏ အာရုံ မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ ကာယသည် အာသဝတို့၏ အာရုံ မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ (ထိုကာယသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ ကာယသည် အာသဝတို့၏ အာရုံ မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ ရဟန္တာ၏ ကာယသည် ချီးမြှောက်ခြင်း,ရှုတ်ချခြင်းသို့ ရောက်ပါသလော၊ ဖြတ်ခြင်း,ခွဲခြင်းသို့ ရောက်ပါသလော။ ကျီးတို့နှင့်လည်းကောင်း၊ လင်းတတို့နှင့်လည်းကောင်း၊ စွန်ရဲတို့နှင့်လည်းကောင်း ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံမဟုတ်သော တရားသည် ချီးမြှောက်ခြင်း, ရှုတ်ချခြင်းသို့ရောက်ပါသလော၊ ဖြတ်ခြင်း, ခွဲခြင်းသို့ ရောက်နိုင်ပါသလော။ ကျီးတို့နှင့်လည်းကောင်း၊ လင်းတတို့နှင့်လည်းကောင်း၊ စွန်ရဲတို့နှင့်လည်းကောင်း ဆက်ဆံနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ ကိုယ်၌ အဆိပ်သည်ဝင်ရာသလော၊ ဓား (လက်နက်) သည် စူးရှရာသလော၊ မီးသည် လောင်ရာသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံမဟုတ်သော တရား၌ အဆိပ်သည်ဝင်ရာသလော၊ ဓား (လက်နက်) သည် စူးရှရာသလော၊ မီးသည် လောင်နိုင်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာ၏ ကိုယ်ကို အကျဉ်းထောင်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ကြိုးအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ သံခြေကျဉ်းအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ရွာ, နိဂုံးအနှောင်အဖွဲ့ဖြင့်နှောင်ဖွဲ့ခြင်းငှါ မြို့အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ဇနပုဒ်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ လည်ပင်းလျှင်ငါးခုမြောက်ရှိသော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံမဟုတ်သော တရားကို အကျဉ်းထောင်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ကြိုးအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ သံခြေကျဉ်း အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းငှါ ရွာ နိဂုံးမြို့ ဇနပုဒ် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခြင်းငှါ လည်ပင်းလျှင်ငါးခုမြောက်ရှိသော အနှောင်အဖွဲ့တို့ဖြင့်နှောင်ဖွဲ့ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၉၂။ သကဝါဒီ။ ။ ရဟန္တာသည် ပုထုဇဉ်အား သင်္ကန်းကို ပေးလှူခဲ့ပါမူ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၆]

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံမဟုတ်သောသင်္ကန်းသည်ပင် ထိုအာသဝတို့၏ အာရုံဖြစ်သောသင်္ကန်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံမဟုတ်သောသင်္ကန်းသည်ပင် ထိုအာသဝတို့၏ အာရုံဖြစ်သောသင်္ကန်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မဂ်သည် အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖိုလ်သည်။ သတိပဋ္ဌာန်သည်။ သမ္မပ္ပဓာန်သည်။ ဣဒ္ဓိပါဒ်သည်။ ဣန္ဒြေသည်။ ဗိုလ်သည်။ ဗောဇ္ဈင်သည် အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပုထုဇဉ်အား ဆွမ်းကို ပေးလှူခဲ့ပါမူ ကျောင်းကို ပေးလှူခဲ့ပါမူ သူနာ၏အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူခဲ့ပါမူ အာသဝတို့၏ အာရုံ မဟုတ်သည်ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံ မဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံမဟုတ်သော ဆေးသည်ပင် ထိုအာသဝတို့၏ အာရုံဖြစ်သော ဆေးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံမဟုတ်သော ဆေးသည်ပင် ထိုအာသဝတို့၏ အာရုံဖြစ်သော ဆေးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မဂ်သည် အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖိုလ်သည်။ သတိပဋ္ဌာန်သည်။ သမ္မပ္ပဓာန်သည်။ ဣဒ္ဓိပါဒ်သည်။ ဣန္ဒြေသည်။ ဗိုလ်သည်။ ဗောဇ္ဈင်သည် အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်၍ အာသဝတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ရဟန္တာအား သင်္ကန်းကို ပေးလှူခဲ့ပါမူ အာသဝတို့၏ အာရုံဖြစ်၍အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံဖြစ်၍ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံဖြစ်သောသင်္ကန်းသည်ပင် ထိုအာသဝတို့၏ အာရုံမဟုတ်သောသင်္ကန်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံဖြစ်သောသင်္ကန်းသည်ပင် ထိုအာသဝတို့၏ အာရုံမဟုတ်သောသင်္ကန်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရာဂသည် အာသဝတို့၏ အာရုံဖြစ်၍ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒေါသသည်။ပ။ မောဟသည်။ပ။ အနောတ္တပ္ပသည် အာသဝတို့၏ အာရုံဖြစ်၍အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ရဟန္တာအား ဆွမ်းကို ပေးလှူခဲ့ပါမူ ကျောင်းကို ပေးလှူခဲ့ပါမူ သူနာ၏အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူခဲ့ပါမူ အာသဝတို့၏ အာရုံဖြစ်၍အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာသဝတို့၏ အာရုံဖြစ်၍ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံဖြစ်သော ဆေးသည်ပင် ထိုအာသဝတို့၏ အာရုံမဟုတ်သော ဆေးဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအာသဝတို့၏ အာရုံဖြစ်သော ဆေးသည်ပင် ထိုအာသဝတို့၏ အာရုံမဟုတ်သော ဆေးဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရာဂသည် အာသဝတို့၏ အာရုံဖြစ်၍ အာသဝတို့၏ အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒေါသသည်။ပ။ မောဟသည်။ အနောတ္တပ္ပသည် အာသဝတို့၏ အာရုံဖြစ်၍ အာသဝတို့၏အာရုံမဟုတ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ရဟန္တာ၏ တရားအားလုံးတို့သည် အာသဝတို့၏ အာရုံ မဟုတ်ကုန်ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် အာသဝကင်းပြီးသူ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် အာသဝကင်းပြီးသူ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာ၏တရားအားလုံးတို့သည် အာသဝတို့၏ အာရုံ မဟုတ်ကုန်ဟု ဆိုသင့်၏။

**အနာသဝကထာ ပြီး၏။**

------

၁။ 'အာသဝကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ တရားအားလုံးတို့သည် အာသဝကင်းကုန်၏'ဟု အယူရှိသော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်လို၍ ဤအနာသဝကထာကို ဟောတော်မူသည်။
၂။ အာသဝကင်းသော တရားတို့သည် မဂ်စသည်တို့သာ ဖြစ်ကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား မဂ်စသည်တို့သာ ဖြစ်ကုန်သလောဟု စောဒနာလို၍ ဤပုစ္ဆာကို မေးရပြန်သည်။
၃။ စက္ခု၏ အာသဝဖြစ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ တစ်ဖန် မေးပြန်သော် 'တိုစက္ခုသည် အာသဝကင်းပြီးသော ရဟန္တာ၏သာ စက္ခုဖြစ်၏' ဟူသော နှလုံးသွင်းဖြင့် ပရဝါဒီက ဝန်ခံသည်။
၅။ တရားတစ်ခုတည်းပင် သာသဝ, အနာသဝဖြစ်၏ဟူသော လက္ခဏာတို့နှင့် ဆန့်ကျင်ခြင်းမှ ကြောက်သောကြောင့် ပဋိက္ခေပပြုသည်။

၆။ တစ်ဖန် မေးပြန်သော် အာသဝကင်းသော ရဟန္တာ၏ ဥစ္စာဖြစ်ပြီး၍ အာသဝနှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏ ဥစ္စာတည်းဟု နှလုံးသွင်း၍ ဝန်ခံပြန်လေသည်။

♣

## ၄-စတုတ္ထဝဂ် (၃၆) ၄-သမန္နာဂတကထာ[၁]

၃၉၃။ သကဝါဒီ။ ။ ရဟန္တာသည် ဖိုလ်လေးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဖဿလေးပါးတို့နှင့်။ ဝေဒနာလေးပါးတို့နှင့်။ သညာလေးပါးတို့နှင့်။ စေတနာလေးပါးတို့နှင့်။ စိတ်လေးပါးတို့နှင့်။ သဒ္ဓါလေးပါးတို့နှင့်။ ဝီရိယလေးပါးတို့နှင့်။ သတိလေးပါးတို့နှင့်။ သမာဓိလေးပါးတို့နှင့်။ ပညာလေးပါးတို့နှင့် ပြည့်စုံပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ အနာဂါမ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် ဖဿသုံးပါးတို့နှင့်။ပ။ ပညာသုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဖဿနှစ်ပါးတို့နှင့်။ပ။ ပညာနှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သတ္တက္ခတ္တုပရမသောတာပန် ကောလံကောလသောတာပန် ဧကဗီဇီသောတာပန် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် အနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် အန္တရာပရိနိဗ္ဗာယီ ဥပဟစ္စပရိနိဗ္ဗာယီ အသင်္ခါရပရိနိဗ္ဗာယီ သသင်္ခါရပရိနိဗ္ဗာယီ ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သတ္တက္ခတ္တုပရမသောတာပန် ကောလံကောလသောတာပန် ဧကဗီဇီသောတာပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သတ္တက္ခတ္တုပရမသောတာပန် ကောလံကောလသောတာပန် ဧကဗီဇီသောတာပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၉၄။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုရဟန္တာသည်ပင် ထိုသောတာပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသူကို သကဒါဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုရဟန္တာသည်ပင် ထိုသကဒါဂါမ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်နှင့် ပြည့်စုံသူကို အနာဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည်ပင် အနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုရဟန္တာသည် ထိုအနာဂါမ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအနာဂါမ်သည်ပင် ထိုသောတာပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသူကို သကဒါဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအနာဂါမ်သည်ပင် ထိုသကဒါဂါမ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုသကဒါဂါမ်သည်ပင် ထိုသောတာပန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၉၅။ သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။[၆]

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာ သည်သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သောတာပတ္တိမဂ်ကို ကျော်လွန်သည် ဖြစ်ရကား သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ အပါယ်လားကြောင်း ရာဂကိုလည်းကောင်း၊ အပါယ်လား ကြောင်းဒေါသကိုလည်းကောင်း၊ အပါယ်လားကြောင်း မောဟကိုလည်းကောင်း၊ ကျော်လွန်သည်ဖြစ်၍သောတာပတ္တိမဂ်နှင့် ပြည့်စုံပါသလော။[၇]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် သကဒါဂါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာသည်သကဒါဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုသကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် သကဒါဂါမိမဂ်ကို ကျော်လွန်ပြီးဖြစ်ရကား ကြမ်းတမ်းသော ကာမရာဂကို ကြမ်းတမ်းသော ဗျာပါဒကို ကျော်လွန်ပြီးဖြစ်၍ ထိုသကဒါဂါမိမဂ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် အနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် အနာဂါမိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် အနာဂါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူ ရဟန္တာသည်အနာဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် အနာဂါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုအနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် အနာဂါမိမဂ်ကို ကျော်လွန်ပြီးဖြစ်ရကား သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို ကျော်လွန်ပြီးဖြစ်၍ ထိုအနာဂါမိမဂ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူ အနာဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သောတာပတ္တိမဂ်ကို ကျော်လွန်ပြီးဖြစ်ရကား သက္ကာယဒိဋ္ဌိကို။ပ။ အပါယ်လားကြောင်း မောဟကို ကျော်လွန်ပြီးဖြစ်၍ ထိုသောတာပတ္တိမဂ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမ်သည် သကဒါဂါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူ အနာဂါမ်သည်သကဒါဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါမိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုသကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် သကဒါဂါမိမဂ်ကို ကျော်လွန်ပြီးဖြစ်ရကား ကြမ်းတမ်းသော ကာမရာဂကိုကြမ်းတမ်းသော ဗျာပါဒကို ကျော်လွန်ပြီးဖြစ်၍ ထိုသကဒါဂါမိမဂ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်ခဲ့ပါမူသကဒါဂါမ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိဖိုလ်ကို ကျော်လွန်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် သောတာပတ္တိမဂ်ကို ကျော်လွန်ပြီးဖြစ်ရကား သက္ကာယဒိဋ္ဌိကို။ပ။ အပါယ်လားကြောင်း မောဟကို ကျော်လွန်ပြီးဖြစ်၍ ထိုသောတာပတ္တိမဂ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၉၆။ ပရဝါဒီ။ ။ ရဟန္တာသည် ဖိုလ်လေးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် ဖိုလ်လေးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်လေးပါးတို့မှလည်းမဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။ [၆]

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် ဖိုလ်လေးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်လေးပါးတို့မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာသည် ဖိုလ်လေးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ အနာဂါမ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အနာဂါမ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်းမဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အနာဂါမ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အနာဂါမ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ဆိုသင့်၏။

ပရဝါဒီ။ ။ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်နှစ်ပါးတို့မှလည်းမဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံ၏ဟူ၍ဆိုသင့်၏။

သကဝါဒီ။ ။ ရဟန္တာသည် ဖိုလ်လေးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်လေးပါးတို့မှလည်းမဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ ရဟန္တာသည် ဖိုလ်လေးပါးတို့နှင့် ပြည့်စုံသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် မဂ်လေးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်လေးပါးတို့မှလည်းမဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ ရဟန္တာသည် မဂ်လေးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်းမဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ အနာဂါမ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမ်သည် မဂ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်သုံးပါးတို့မှလည်းမဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ အနာဂါမ်သည် မဂ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်နှစ်ပါးတို့မှလည်းမဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ သကဒါဂါမ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်သည် မဂ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်၊ ဤသို့ နှလုံးပြု၍ သကဒါဂါမ်သည် မဂ်နှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သမန္နာဂတကထာ ပြီး၏။**

------

၁။ ပြည့်စုံခြင်း 'သမန္နာဂတ'သည် ပစ္စုပ္ပန်ခဏ၌ တစ်ပေါင်းတည်း ဖြစ်သည်၏အဖြစ်ဟူသော သမင်္ဂီဘာဝ သမန္နာဂတ၊ ရူပါဝစရ စသော ဘုံတို့တွင် တစ်ပါးပါးသော ဘုံသို့ ရောက်ခြင်းကြောင့် ရခြင်းတည်းဟူသော ပဋိလာဘသမန္နာဂတဟူ၍ နှစ်မျိုးနှစ်စား ရှိ၏။ ထိုတွင် ပဋိလာဘ သမန္နာဂတသည် ရအပ်ပြီးသော တရားထူးတို့ မဆုတ်ယုတ်သေးသမျှ ကာလပတ်လုံးသာလျှင် ရအပ်သည် မည်၏၊ ထိုသမန္နာဂတနှစ်မျိုးတို့မှ တစ်ပါး ဥပပတ္တိဓမ္မ၏ အစွမ်းအားဖြင့် တစ်ခုသော သမန္နာဂတမည်သည် ရှိသေး၏ဟု အယူရှိကုန်သော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီတို့အား 'ပတ္တိဓမ္မမည်သည် တစ်စုံတစ်ခုမျှ မရှိ'ဟု သိစေလို၍ ဤသမန္နာဂတကထာကို ဟောသည်။
၂။ ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာလေးပါးတို့ကဲ့သို့ ဖိုလ်လေးပါးတို့ ရှိခဲ့ပါမူ ဖိုလ်လေးပါးတို့၌ ရှိသော ဖဿလေးပါးတို့နှင့် ပြည့်စုံသည်၏ အဖြစ်သို့ ရောက်၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးရသည်။
၃။ တစ်ခုတည်းသော ခဏ၌ ဖဿလေးပါးတို့ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ ဒုတိယဈာန်ကို ရသူသည် ပဌမဈာန်ကို ကျော်လွန်သကဲ့သို့ ကျော်လွန်သည် မဟုတ်၊ စင်စစ်သော်ကား တစ်ဖန် မဖြစ်သောအားဖြင့် ကျော်လွန်သလောဟု မေးလိုရင်းတည်း။
၅။ အကြင်တရားကို ကျော်လွန်၏၊ ထိုတရားနှင့် တစ်ဖန် မပြည့်စုံသည်၏အဖြစ်ကို ပြလိုသောကြောင့် သကဝါဒီက ဤပုစ္ဆာကို မေးသည်။
၆။ ဆန့်ကျင်ဘက်တရားတို့၏ ဖြစ်ပေါ်လာမှုကြောင့် လောကီဈာန်တရားတို့ ဆုတ်ယုတ်ကုန်သကဲ့သို့ လောကုတ္တရာတရားတို့ကား ဤသို့ မဟုတ်ကုန်။ မှန်၏၊ မဂ်ဖြင့် အကြင်ကိလေသာတို့ကို ပယ်ကုန်၏၊ ဖိုလ်ဖြင့်လည်း တစ်ဖန် ငြိမ်းစေပြန်ကုန်၏၊ ထိုကိလေသာတို့သည် ထိုသို့ ပယ်အပ်ပြီးတိုင်းသာလျှင် ငြိမ်းစေပြီးတိုင်းသာလျှင် ဖြစ်ကုန်၏၊ ထို့ကြောင့် သကဝါဒီက ဝန်ခံသည်။

♣

## ၄-စတုတ္ထဝဂ် (၃၇) ၅-ဥပေက္ခာသမန္နာဂတကထာ

၃၉၇။ သကဝါဒီ။ ။ ရဟန္တာသည် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ထြော် ပြည့်စုံပါ၏။[၁]

သကဝါဒီ။ ။ ရဟန္တာသည် ဖဿခြောက်ပါး။ ဝေဒနာခြောက်ပါး။ သညာခြောက်ပါး။ ပညာခြောက်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် မျက်စိဖြင့် အဆင်းကို မြင်လတ်သော် နားဖြင့် အသံကို ကြားသလော၊ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူသလော၊ လျှာဖြင့် အရသာကို လျက်သလော၊ ကိုယ်ဖြင့် အတွေ့အထိကိုတွေ့ထိသလော၊ စိတ်ဖြင့် သဘောတရားကို သိသလော။ပ။ စိတ်ဖြင့် သဘောတရားကို သိလတ်သော်မျက်စိဖြင့် အဆင်းကို မြင်သလော၊ နားဖြင့် အသံကို ကြားသလော၊ နှာခေါင်းဖြင့် အနံ့ကိုနမ်းရှူသလော၊ လျှာဖြင့် အရသာကို လျက်သလော၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အမြဲမပြတ် ပြည့်စုံရောပြွမ်းလျက် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံသလော၊ ပေါင်းဆုံမိပါသလော၊ ဥပေက္ခာခြောက်ပါးတို့သည် ရှေးရှုထင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ရဟန္တာသည် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် ဆဠင်္ဂုပေက္ခာနှင့် ပြည့်စုံသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် ဆဠင်္ဂုပေက္ခာနှင့် ပြည့်စုံခဲ့ပါမူ ထိုအကြောင်းကြောင့် ရဟန္တာသည် ဥပေက္ခာခြောက်ပါးတို့နှင့် ပြည့်စုံ၏ဟူ၍ ဆိုသင့်၏။ပ။

**ဥပေက္ခာသမန္နာဂတကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်သည် ခြောက်ဒွါရတို့၌ ဥပေက္ခာတို့ ဖြစ်ထိုက်သည်၏ အဖြစ်ကြောင့် ထိုဥပေက္ခာတို့နှင့် ပြည့်စုံ၏ဟု ဆိုအပ်၏၊ တစ်ပြိုင်နက်သော ခဏ၌ ဥပေက္ခာခြောက်ပါးတို့ ဖြစ်သည်၏ အဖြစ်ဖြင့် ထိုဥပေက္ခာတိုနှင့် ပြည့်စုံ၏ဟု မဆိုအပ်၊ ဤဝဂ်၌ ပရဝါဒီအရ ဥတ္တရာပထကဂိုဏ်းဝင်တို့ကိုပင် ဆို၏။

♣

## ၄-စတုတ္ထဝဂ် (၃၈) ၆-ဗောဓိယာဗုဒ္ဓေါတိကထာ[၁]

၃၉၈။ သကဝါဒီ။ ။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟူသော ဗောဓိဉာဏ်ကို ရခြင်းကြောင့်ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဗောဓိဉာဏ်သည် ချုပ်လတ်သော် ကင်းလတ်သော် ငြိမ်းလတ်သော် ဘုရားမဟုတ်သည်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ တိတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၃]

သကဝါဒီ။ ။ ထိုအတိတ်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ထိုအတိတ်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပြုလုပ်ပါ၏။[၅]

သကဝါဒီ။ ။ ထိုအတိတ်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိပါသလော၊ သမုဒယသစ္စာကို ပယ်စွန့်ပါသလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုပါသလော၊ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ရပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုအနာဂတ်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ထိုအနာဂတ်ဗောဓိဉာဏ်ဖြင့် ဉာဏ်၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပြုလုပ်ပါ၏။

သကဝါဒီ။ ။ ထိုအနာဂတ်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိပါသလော၊ သမုဒယသစ္စာကိုပယ်စွန့်ပါသလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုပါသလော၊ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုပစ္စုပ္ပန်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုအတိတ်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုပစ္စုပ္ပန်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိပါသလော၊ သမုဒယသစ္စာကို ပယ်စွန့်ပါသလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုပါသလော၊ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုအတိတ်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကိုပိုင်းခြားသိပါသလော။ပ။ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုပစ္စုပ္ပန်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုအနာဂတ်ဗောဓိဉာဏ်ဖြင့် ဗောဓိဉာဏ်၏ပြုဖွယ်ကိစ္စကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုပစ္စုပ္ပန်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကိုပိုင်းခြားသိပါသလော။ပ။ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၍ ထိုအနာဂတ်ဗောဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကိုပိုင်းခြားသိပါသလော။ပ။ မဂ္ဂသစ္စာကို ပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုအတိတ်ဇောခိဉာဏ်ဖြင့်မူကားဇောခိဉာဏ်၏ ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော် မပြုလုပ်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုပစ္စုပ္ပန်ဇောခိဉာဏ်ဖြင့်မူကား ဇောခိဉာဏ်၏ ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုအတိတ်ဇောခိဉာဏ်ဖြင့်မူကားဒုက္ခသစ္စာကို ပိုင်းခြား၍ မသိပါသလော။ပ။ မဂ္ဂသစ္စာကို မပွါးများပါသလော။

ပရဝါဒီ။ ။ သြော် မပွါးများပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုဇောခိဉာဏ်ဖြင့်မူကား ဒုက္ခသစ္စာကိုပိုင်းခြား၍ မသိပါသလော။ပ။ မဂ္ဂသစ္စာကို မပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုအနာဂတ်ဇောခိဉာဏ်ဖြင့်မူကားဇောခိဉာဏ်၏ ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ သြော် မပြုလုပ်ပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုပစ္စုပ္ပန်ဇောခိဉာဏ်ဖြင့်မူကား ဇောခိဉာဏ်၏ ပြုဖွယ်ကိစ္စကို မပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုအနာဂတ်ဇောခိဉာဏ်ဖြင့်မူကားဒုက္ခသစ္စာကို ပိုင်းခြား၍ မသိပါသလော။ပ။ မဂ္ဂသစ္စာကို မပွါးများပါသလော။

ပရဝါဒီ။ ။ သြော် မပွါးများပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါလျက် ထိုပစ္စုပ္ပန်ဇောခိဉာဏ်ဖြင့်မူကားဒုက္ခသစ္စာကို ပိုင်းခြား၍ မသိပါသလော။ပ။ မဂ္ဂသစ္စာကို မပွါးများပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၃၉၉။ သကဝါဒီ။ ။ အတိတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါသလော၊ အနာဂတ်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါသလော၊ ပစ္စုပ္ပန်ဇောခိဉာဏ်ကြောင့် ဘုရားဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၁]

သကဝါဒီ။ ။ ဇောခိဉာဏ်သုံးပါးတို့ကြောင့် ဘုရားဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ ဗောဓိဉာဏ်သုံးပါးတို့ကြောင့် ဘုရားဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၉]

သကဝါဒီ။ ။ အမြဲမပြတ် ပြည့်စုံရောပြွမ်းလျက် ဗောဓိဉာဏ်သုံးပါးတို့နှင့် ပြည့်စုံပါသလော၊ ပေါင်းဆုံအပ်ပါသလော၊ ဗောဓိဉာဏ်သုံးပါးတို့သည် ရှေးရှုတည်နေပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

ပရဝါဒီ။ ။ ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်သည်ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။[၁၁]

ပရဝါဒီ။ ။ ဗောဓိဉာဏ်ကို ရခြင်းကြောင့် ဘုရားဖြစ်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၁၂]

ပရဝါဒီ။ ။ အရှင်သကဝါဒီ ဗောဓိဉာဏ်ကို ရခြင်းကြောင့် ဘုရားဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့်ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်၏ဟု ဆိုသင့်၏။[၁၃]

သကဝါဒီ။ ။ ဗောဓိဉာဏ်ကို ရခြင်းကြောင့် ဘုရားဖြစ်၏ဟု နှလုံးပြု၍ ဗောဓိဉာဏ်ကြောင့် ဘုရားဖြစ်ပါသလော။[၁၄]

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၁၅]

သကဝါဒီ။ ။ ဗောဓိဉာဏ်ကို ရခြင်းကြောင့် ဗောဓိဉာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၆]

**ဗောဓိယာ ဗုဒ္ဓေါတိကထာ ပြီး၏။**

------

၁။ ဖြူသော အဆင်းနှင့် ယှဉ်ခြင်းကြောင့် ဖြူသော ပုဆိုးမည်သကဲ့သို့လည်းကောင်း၊ ရွှေသော အဆင်းနှင့် ယှဉ်ခြင်းကြောင့် ရွှေသော ပုဆိုးမည်သကဲ့သို့လည်းကောင်း မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကြောင့် ဗုဒ္ဓမည်၏ဟု အယူရှိသူ ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ရန် ဤဗောဓိယာ ဗုဒ္ဓကထာကို ဟောတော်မူသည်။
၂။ ထိုဘုရားဖြစ်သော ခဏ၌ အတိတ်ဗောဓိဉာဏ် မရှိသောကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။
၃။ တစ်ဖန် မေးပြန်သော် ရခြင်းကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၄။ ကိစ္စ၏ မရှိခြင်းကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ တစ်ဖန် ထပ်၍ မေးပြန်သော် ထိုဗောဓိဖြင့် ထိုပုဂ္ဂိုလ်သည် အကြင်ပြုဖွယ်ကိစ္စကို ပြုအပ်၏၊ ထိုပြုဖွယ်ကိစ္စ၌ တွေ့ဝေခြင်း မရှိသည်၏အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်လေသည်။
၆။ အမြွက်ထောင်ခွင့်ကို မပေးမူ၍ မေးမြန်းလတ်သော် ထိုကိစ္စ၏ မရှိခြင်းကြောင့် ပရဝါဒီက ပဋိက္ခေပပြုသည်။
၇။ သဗ္ဗညုတဉာဏ်ကို ရည်ရွယ်၍ သုံးပါးသော ဗောဓိဉာဏ်တို့ကြောင့် ဗုဒ္ဓဟု ဆိုအပ်သည်၏အဖြစ်ကြောင့် ပရဝါဒီက ဝန်ခံသည်။

၈။ အလုံးစုံသော ဗောဓိဉာဏ်တို့၏ တစ်ခုတည်းသော ခဏ၌ မရှိသောကြောင့် ပဋိက္ခေပပြု၍ ဖြေ၏။
၉။ တစ်ဖန် မေးပြန်သော် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော သဗ္ဗညုတဉာဏ်၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။
၁၀။ တစ်ဖန် အမြွက်ထောင်ခွင့်ကို မပေးမူ၍ မေးမြန်းပြန်သော် ပရဝါဒီက ပဋိက္ခေပပြုသည်။
၁၁။ ဗောဓိမရှိသော ခဏ၌ ဘုရားအဖြစ်သို့ ရောက်ခြင်း မရှိသောကြောင့် သကဝါဒီက ဝန်ခံသည်။
၁၂။ အကြင်သန္တာန်၌ ဗောဓိဟုဆိုအပ်သော မဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုသန္တာန်၌ ဘုရား၏ပညတ်ခြင်း၏ ဖြစ်သင့်သောကြောင့် သကဝါဒီက ဝန်ခံသည်။
၁၃။ သကဝါဒီ၏ အလိုကို သိသောကြောင့် မိမိဝါဒကို တည်စေရန် အားထုတ်သည်။
၁၄။ ပရဝါဒီ၏ မမှတ်သားနိုင်မှုကို ထင်ရှားစေလို၍ သကဝါဒီက အမေးထုတ်သည်။
၁၅။ ဗောဓိဉာဏ် ဖြစ်၍ ချုပ်ပြီးသော်လည်း သန္တာန်၌ ပေါ်ခြင်းသည်ပင် ဗောဓိဉာဏ်ကို ရခြင်းမည်၏၊ မဂ်ခဏ၌ ဉာဏ်သည် ဗောဓိမည်၏၊ ဤသို့သော ဝေဖန်ခြင်းကို မမှတ်နိုင်သည် ဖြစ်၍ တစ်ဖန် ဝန်ခံပြန်သည်။
၁၆။ တစ်ဖန် မေးသောအခါ၌ စကားဆိုရာ အခွင့်ကို မရသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၏။

♣

## ၄-စတုတ္ထဝဂ် (၃၉) ၇-လက္ခဏကထာ[၁]

၄၀၀။ သကဝါဒီ။ ။ လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားအလောင်းလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တစ်စိတ်တစ်ဒေသ လက္ခဏာကြီးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစ်စိတ်တစ်ဒေသဘုရားလောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားလောင်းလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ သုံးဖို့ရှိသော လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သုံးဖို့ဘုရားလောင်း လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားလောင်းလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ထက်ဝက်သော လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ထက်ဝက်ဘုရားလောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားလောင်းလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ စကြဝတေးမင်းလောင်းသည် လက္ခဏာကြီးတို့နှင့် ပြည့်စုံသည်ဖြစ်၍ စကြဝတေးမင်းလောင်းသည် ဘုရားလောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ စကြဝတေးမင်းလောင်းသည် လက္ခဏာကြီးတို့နှင့် ပြည့်စုံသည် ဖြစ်၍ စကြဝတေးမင်းလောင်းသည် ဘုရားအလောင်းလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။[၃]

သကဝါဒီ။ ။ ဘုရားလောင်း၏ ရှေး၌ အားထုတ်မှု ရှေး၌ ကျင့်မှု တရားဟောမှု တရားပြမှုသည်အကြင်သို့ သဘောရှိ၏။ စကြဝတေးမင်း၏ ရှေး၌ အားထုတ်မှု ရှေး၌ ကျင့်မှု တရားဟောမှု တရားပြမှုသည်လည်း ထိုသို့သဘော ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၀၁။ သကဝါဒီ။ ။ ဘုရားလောင်း ဖွားမြင်လတ်သော် နတ်တို့သည် ရှေးဦးစွာ ခံယူကုန်၍လူတို့သည် နောက်မှ ခံယူကုန်သကဲ့သို့ ဤအတူ စကြဝတေးမင်းလောင်း ဖွားမြင်လတ်သော်နတ်တို့သည် ရှေးဦးစွာ ခံယူကုန်၍ လူတို့သည် နောက်မှ ခံယူကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်း ဖွားမြင်လတ်သော် ထိုဘုရားလောင်းကို နတ်သားလေးယောက်တို့သည်ခံယူကုန်၍ မယ်တော်၏ ရှေ့၌ "အရှင်မိဖုရားကြီးဝမ်းမြောက်တော်မူပါလော့၊ အရှင်မိဖုရားအားဘုန်းတန်ခိုးကြီးသော သားတော်ဖြစ်ထွန်းပါပြီ"ဟု (ပြောဆိုလျက်) ချထားကုန်သကဲ့သို့ ဤအတူစကြဝတေးမင်းလောင်း ဖွားမြင်လတ်သော် ထိုစကြဝတေးမင်းလောင်းကို နတ်သားလေးဦးတို့သည်ခံယူကုန်၍ "အရှင်မိဖုရားဝမ်းမြောက်တော်မူပါလော့၊ အရှင်မိဖုရားအား ဘုန်းတန်ခိုးကြီးသောသားတော် ဖြစ်ထွန်းပါပြီ"ဟု (ပြောဆိုလျက်) မယ်တော်၏ ရှေ့၌ ချထားပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သကဝါဒီ။ ။ ဘုရားလောင်း ဖွားမြင်လတ်သော် ဘုရားအလောင်း၏လည်းကောင်း၊ မယ်တော်၏လည်းကောင်း ရေဆေးခြင်းကိစ္စကို ပြုလုပ်ရန် ရေအေးတစ်မျိုး ရေပူတစ်မျိုးဟူ၍ ရေအလျဉ်နှစ်မျိုးတို့သည် ကောင်းကင်မှ ထင်ရှားဖြစ်ပေါ်ကုန်သကဲ့သို့ ဤအတူ စကြဝတေးမင်းလောင်း ဖွားမြင်လတ်သော်စကြဝတေးမင်းလောင်း၏လည်းကောင်း၊ မယ်တော်၏လည်းကောင်း ရေဆေးခြင်းကိစ္စကို ပြုလုပ်ရန်ရေအေးတစ်မျိုး ရေပူတစ်မျိုးဟူ၍ ရေအလျဉ်နှစ်မျိုးတို့သည် ကောင်းကင်မှ ထင်ရှားဖြစ်ပေါ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဖွားမြင်ခါစ ဘုရားလောင်းသည် ညီညွတ်သော ခြေတို့ဖြင့် ရပ်တည်၍ မြောက်အရပ်သို့ ရှေးရှု ထီးဖြူကို ဆောင်မိုးလျက် ခုနစ်ဖဝါး လှမ်းသဖြင့်

ကြွသွားသကဲ့သို့လည်းကောင်း၊ အရပ်မျက်နှာအားလုံးတို့ကိုလည်း ကြည့်ရှုသကဲ့သို့လည်းကောင်း၊ "ငါသည် လောကထက် မြတ်သူဖြစ်၏၊ ငါသည် လောကထက် ကြီးသူ ဖြစ်၏၊ ငါသည် လောကထက် ချီးကျူးအပ်သူ ဖြစ်၏၊ ဤပဋိသန္ဓေ နေရခြင်းသည် နောက်ဆုံး ပဋိသန္ဓေနေရခြင်းတည်း၊ ယခု တစ်ဖန် ဘဝ (ဘဝသစ်) ဖြစ်ခြင်းမရှိတော့ပေ"ဟူ၍ ရဲရင့်မွန်မြတ်သောစကားကို ပြောဆိုသကဲ့သို့လည်းကောင်း ဤအတူ ဖွားမြင်ခါစစကြဝတေးမင်း လောင်းသည် ညီညွတ်သော ခြေတို့ဖြင့် ရပ်တည်၍ မြောက်အရပ်သို့ ရှေးရှု ထီးဖြူကိုဆောင်းမိုးလျက် ခုနစ်ဖဝါးလှမ်းသဖြင့် ကြွသွားသလော၊ အရပ်မျက်နှာအားလုံးတို့ကိုလည်းကြည့်ရှုသလော၊ "ငါသည် လောကထက် မြတ်သူ ဖြစ်၏၊ ငါသည် လောကထက် ကြီးသူ ဖြစ်၏၊ ငါသည် လောကထက် ချီးကျူး အပ်သူ ဖြစ်၏၊ ဤပဋိသန္ဓေနေရခြင်းကား နောက်ဆုံးပဋိသန္ဓေနေရခြင်းတည်း၊ တစ်ဖန် ဘဝ (ဘဝသစ်) ဖြစ်ရခြင်း မရှိတော့ပေ"ဟူ၍ ရဲရင့်မွန်မြတ်သောစကားကို ပြောဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်း ဖွားမြင်လတ်သော် ကြီးကျယ်သော အလင်း ကြီးကျယ်သောအရောင်ကြီးကျယ်သော မြေလှုပ်ခြင်း ထင်ရှားဖြစ်ပေါ်သကဲ့သို့ ဤအတူ စကြဝတေးမင်းလောင်း ဖွားမြင်သော် ကြီးကျယ်သော အလင်း ကြီးကျယ်သော အရောင် ကြီးကျယ်သော မြေလှုပ်ခြင်း ထင်ရှား ဖြစ်ပေါ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်း၏ ပကတိကိုယ်တော် (ရောင်) သည် ထက်ဝန်းကျင် တစ်လံမျှလောက် သောအရပ်၌ ထွန်းလင်းတောက်ပသကဲ့သို့ ဤအတူ စကြဝတေးမင်းလောင်း၏ ပကတိကိုယ် (ရောင်) သည်ထက်ဝန်းကျင် တစ်လံမျှလောက်သော အရပ်၌ ထွန်းလင်းတောက်ပသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်းသည် မြတ်သော အိပ်မက်ကို မြင်မက်သကဲ့သို့ ဤအတူ စကြဝတေးမင်းလောင်းသည် မြတ်သော အိပ်မက်ကို မြင်မက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၀၂။ ပရဝါဒီ။ ။ လက္ခဏာကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားလောင်းဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ယောကျ်ားမြတ်၏ မဟာပုရိသလက္ခဏာတို့ကား ဤသုံးဆယ့်နှစ်ပါးတို့တည်း၊ ယင်းလက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ် မရှိကုန်၊ (ဤယောကျ်ားမြတ်သည်) အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အဆုံးရှိသော မြေကို အစိုးရသော ရန်သူအပေါင်းကို အောင်နိုင်သော ဇနပုဒ် (တိုင်းခရိုင်) ကို တည်ငြိမ်စေနိုင်သော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော

စကြဝတေးမင်းဖြစ်၏၊ ထိုစကြဝတေးမင်းအား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ အဘယ်ရတနာ ခုနစ်ပါးတို့နည်း၊ စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိန်းမရတနာ,သူဌေးရတနာ, ခုနစ်ခုမြောက် သားကြီးရတနာတို့တည်း။ ထိုစကြဝတေးမင်းအား သားတစ်ထောင်ကျော်တို့သည် ထွန်းကားကုန်၏၊ ရဲရင့်ကုန်သော ရဲရင့်သော ကိုယ်အင်္ဂါရုပ်အဆင်းရှိကုန်သော သူတစ်ပါးစစ်သည်ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့ ရှိကုန်၏၊ ထိုစကြဝတေးမင်းသည်သမုဒ္ဒရာအဆုံးရှိသော ဤမြေပြင်ကို တုတ်မဆောင်ဘဲ ဓား (လက်နက်) မပါဘဲ တရားသဖြင့်အောင်နိုင်၍ အုပ်ချုပ်၏။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ငြားအံ့၊ လောကဥ္ဘကိလေသာအမိုးကို ဖွင့်လှစ်နိုင်သော လူနတ်တို့၏ ပူဇော်အထူးကို ခံထိုက်သော ဘုရားဖြစ်၏”ဟူ၍မြတ်စွာဘုရားသည် ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၄]

သကဝါဒီ။ ။ ဩဘ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် လက္ခဏာတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားလောင်းဖြစ်၏။

**လက္ခဏကထာ ပြီး၏။**

------

၁။ ‘ယေဟိ သမန္နာဂတဿ မဟာပုရိသဿ ဒွေဝ ဂတိယော ဘဝန္တိ’ဟူသော သုတ်ကို မသင့်သောအားဖြင့် ယူ၍ သုံးဆယ့်နှစ်ပါးသော လက္ခဏာကြီးတို့နှင့် ပြည့်စုံသူသည် ဘုရားလောင်းသာ ဖြစ်သည်ဟု အယူရှိသော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်လို၍ ဤလက္ခဏာကထာကို ဟောတော်မူသည်။
၂။ စကြဝတေးမင်းလောင်းဖြစ်သောသူသည် ဘုရားလောင်းလည်း ရှိ၏၊ ဘုရားလောင်း မဟုတ်သူလည်း ရှိ၏၊ ဘုရားလောင်း မဟုတ်သူကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုသည်။
၃။ ဘုရားလောင်းဖြစ်သော စကြဝတေးမင်းလောင်းကို ရည်ရွယ်၍ ဝန်ခံသည်။
၄။ ပရဝါဒီဆရာ ဆောင်သော သုတ်သည် ဘုရားလောင်းကိုသာ ရည်ရွယ်၍ ဟောတော်မူသော သုတ်တည်း၊ ထိုဘုရားလောင်းသည် ပစ္ဆိမဘဝ၌ ဘုရားဖြစ်၍ တစ်ပါးသော ဘဝတို့၌ စကြဝတေးမင်း ဖြစ်၏၊ ထို့ကြောင့် သုတ်ကို ဆောင်သော်လည်း မဆောင်သည်နှင့် အတူတူသာ ဖြစ်၏။

♣

## ၄–စတုတ္ထဝဂ် (၄၀) ၈–နိယာမောက္ကန္တိကထာ[၁]

၄၀၃။ သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ အရိယာမဂ်ဟူသော မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩဘ် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ တပည့်သာဝကလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ တပည့်သာဝကလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။[၄]

သကဝါဒီ။ ။ သာဝကဖြစ်၍ ဘုရားဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာဝကဖြစ်၍ ဘုရားဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ တစ်ဆင့် ကြားနာခြင်းဖြင့် တရားထူးကို သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ တစ်ဆင့် ကြားနာခြင်းဖြင့် တရားထူးကို သိပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ကိုယ်တိုင်သိသူ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် ကိုယ်တိုင်သိသူ ဖြစ်ခဲ့ပါမူ တစ်ဆင့်ကြားနာသဖြင့်တရားထူးကို သိသူဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ အရိယာမဂ်ဟူသော မြတ်သော အကျင့်ကို ကျင့်သုံးပြီးသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ရဟန်းဖြစ်ကျိုး (ဖိုလ်) သုံးပါးတို့ကိုသာ ထိုးထွင်း၍သိအပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ရဟန်းဖြစ်ကျိုး (ဖိုလ်) လေးပါးတို့ကိုသာ ထိုးထွင်း၍သိအပ်ပါကုန်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ရဟန်းဖြစ်ကျိုး (ဖိုလ်) လေးပါးတို့ကိုထိုးထွင်း၍ သိအပ်ခဲ့ပါကုန်မူ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ အရိယာမဂ်ဟူသော မြတ်သော အကျင့်ကို ကျင့်သုံးပြီးသူဟူ၍ မဆိုသင့်။

၄၀၄။ သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ အရိယာမဂ်ဟူသော မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဘုရားလောင်းသည် ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်ခဲ့ပါသလော။

ပရဝါဒီ။ ။ သြော် ပြုကျင့်ခဲ့ပါ၏။

သကဝါဒီ။ ။ (မဂ်ဉာဏ်) အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်းသည် သူတစ်ပါး၏ ပုပန်ဆင်းရဲမှုကို ပြုလုပ်ခဲ့ပါသလော၊ ဘုရားမှ တစ်ပါးအခြားဆရာကို (ဆရာဟု) ညွှန်ပြသေးသလော။

ပရဝါဒီ။ ။ သြော် ညွှန်ပြပါ၏။[၆]

သကဝါဒီ။ ။ (မဂ်ဉာဏ်) အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဘုရားမှတစ်ပါး အခြားဆရာကို (ဆရာဟု) ညွှန်ပြရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်သူမြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်၍ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တပည့်သာဝကလော။[၇]

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်၍ ဘုရားလောင်းသည် ကဿပဘုရားရှင်၏ တပည့်သာဝကလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝကသည် မြတ်စွာဘုရား၏ သာသနာတော်၌ အရိယမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဖြစ်၍ စိတ္တသူကြွယ်နှင့် ဟတ္ထက အာဠဝကသည်မြတ်စွာဘုရား၏ တပည့်သာဝကလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဖြစ်၍ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏တပည့်သာဝကလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါလျက် ဘုရားလောင်းသည် ကဿပ မြတ်စွာဘုရား၏ တပည့်သာဝက မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါလျက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သာဝကမဟုတ်ပါလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သောအကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါလျက် ဘုရားလောင်းသည် ကဿပ မြတ်စွာဘုရား၏သာဝက မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝကသည် မြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါလျက် ထိုသူတို့သည် မြတ်စွာဘုရား၏သာဝက မဟုတ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါလျက် (ဘုရားလောင်းသည်) ကဿပမြတ်စွာဘုရား၏ သာဝက မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ သာဝကသည် ဘဝကို ကျော်လွန်သည်ရှိသော် သာဝက မဟုတ်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

၄၀၅။ သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာ မဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အာနန္ဒာ ငါသည် ကဿပမြတ်စွာဘုရား၏ (အထံတော်) ၌ နောင်အခါ (သစ္စာလေးပါးကို) သိဖို့ရန် မြတ်သော အကျင့်ကို ကျင့်ခဲ့၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဟူ၍ ဆိုသင့်၏။[၉]

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဥပက ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်သူ အလုံးစုံကို သိသူ ဖြစ်၏၊ တရားအားလုံးတို့၌ (ကိလေသာဖြင့်) မလိမ်းကျံသူ၊ အလုံးစုံကို စွန့်လွှတ်သူ၊ တဏှာကုန်ရာ နိဗ္ဗာန်၌ (ကိလေသာမှ) လွတ်မြောက်သူ ဖြစ်၏၊ ငါသည် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ အဘယ်သူကို (ဆရာဟူ၍) ညွှန်ပြရပါအံ့နည်း။ ဥပက ငါ့အား ဆရာ မရှိ၊ ငါနှင့် တူသူ မရှိ၊ နတ်နှင့် တကွသော လောက၌ ငါနှင့် ပြိုင်ဘက်ပုဂ္ဂိုလ်သည် မရှိ။ ဥပက မှန်၏၊ လောက၌ ငါသည်သာ မြတ်သော အလှူကို ခံထိုက်သော ရဟန္တာတည်း၊ ငါသည်အတုမရှိသော ဆရာတည်း၊ ငါသည် တစ်ဆူတည်းသော ဘုရားဖြစ်၏၊ ငါသည် (ကိလေသာ) မီးငြိမ်းသည် ဖြစ်၍ ငြိမ်းအေးသောသူ ဖြစ်၏။ "ဥပက ငါသည် ကာသိတိုင်း (ဗာရာဏသီ) ပြည်သို့ တရားစကြာကို လည်စေခြင်းငှါ ကြွတော်မူအံ့၊ အကန်းသဖွယ်ဖြစ်သော လောက၌ အမြိုက်စည်ကြီးကို ရိုက်တီးတော်မူအံ့"ဟူ၍လည်းကောင်း၊ ငါ့ရှင် သင်သည် အကြင်အခြင်းအရာအားဖြင့် ဝန်ခံ၏၊ (ထိုဝန်ခံသည့်အတိုင်း) အဆုံးမရှိအောင်တော်မူသော အနန္တဇိနဟူသော အမည်ရှိသူ ဖြစ်ထိုက်၏။ "ဥပက အကြင်ပုဂ္ဂိုလ်တို့သည် အာသဝေါကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ (ထိုပုဂ္ဂိုလ်တို့သည်) အမှန်စင်စစ် ငါကဲ့သို့ အောင်တော်မူသော ဘုရားရှင်တို့ ဖြစ်ကုန်၏၊ ငါသည် ယုတ်မာသောအကုသိုလ်တရားတို့ကို အောင်အပ်ကုန်ပြီ၊ ထို့ကြောင့် ငါသည် ဇိနမည်၏"ဟူ၍လည်းကောင်းမြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ အရိယာမဂ် သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယာမဂ်သို့ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ 'ဤတရားသည် ဆင်းရဲအမှန်တည်း'ဟု ရှေး၌ မကြားအပ်ဖူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ (အပြားအားဖြင့်သိမှု) ပညာသည် ထင်ရှားဖြစ်၏၊ ထိုးထွင်းသိတတ်သောဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ (ပညာ) အရောင်အလင်းသည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုဆင်းရဲအမှန်ကို ပိုင်းခြား၍ သိအပ်၏ဟုငါ့အား။ပ။ ရဟန်းတို့ ပိုင်းခြားသိအပ်ပြီဟု ငါ့အား ရှေး၌ မကြားအပ်ဖူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ (ပညာ) အရောင်အလင်းသည် ထင်ရှား ဖြစ်၏။ ရဟန်းတို့ 'ဤတရားသည် ဆင်းရဲဖြစ်ကြောင်းအမှန်တည်း'ဟု ငါ့အား။ပ။ ရဟန်းတို့ ထိုဆင်းရဲဖြစ်ကြောင်း အမှန်တရားကိုပယ်ရှားအပ်၏ဟု ငါ့အား။ပ။ ရဟန်းတို့ ပယ်ရှားအပ်ပြီဟု ငါ့အား။ပ။ ရဟန်းတို့ 'ဤ တရားသည်ဆင်းရဲချုပ်ရာ အမှန်တည်း'ဟု ငါ့အား။ပ။ ရဟန်းတို့ ထိုဆင်းရဲချုပ်ရာ အမှန်ကို မျက်မှောက်ပြုအပ်၏ဟု ငါ့အား။ပ။ မျက်မှောက်ပြုအပ်ပြီဟု ငါ့အား။ပ။ ရဟန်းတို့

'ဤတရားသည် ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအမှန်တည်း'ဟု ငါ့အား။ပ။ ရဟန်းတို့ ထိုဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအမှန်ကိုပွါးများအပ်၏ဟု ငါ့အား။ပ။ ရဟန်းတို့ ပွါးများအပ်ပြီဟု ငါ့အား ရှေး၌ မကြားအပ်ဖူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ (အပြားအားဖြင့်သိမှု) ပညာသည်ထင်ရှားဖြစ်၏၊ ထိုးထွင်းသိတတ်သောဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ (ပညာ) အလင်းရောင်သည် ထင်ရှားဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ဘုရားလောင်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အရိယမဂ်သို့ ဆိုက်ရောက်ခဲ့သူ မြတ်သော အကျင့်ကို ကျင့်ပြီးသူဟူ၍ မဆိုသင့်ပါ။

**နိယာမောက္ကန္တိကထာ ပြီး၏။**

------

၁။ ဃဋိကာရသုတ်၌ ဇောတိပါလဘုရားလောင်း၏ ရှင်ရဟန်းအဖြစ်ကို ရည်ရွယ်၍ 'ဘုရားအလောင်းသည် ကဿပ မြတ်စွာဘုရား၏ သာသနာတော်၌ မဂ်တည်းဟူသော နိယာမသို့ သက်ပြီးသူ, မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးသူ ဖြစ်၏'ဟု အယူရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ရန် ဤနိယာမောက္ကန္တိ ကထာကို ဟောတော်မူသည်။
၂။ နိယာမဟူ၍လည်းကောင်း၊ ဗြဟ္မစရိယဟူ၍လည်းကောင်း ဤအမည်သည် အရိယာမဂ်၏ အမည်တည်း။ ဘုရားလောင်းအား ပါရမီဉာဏ်ကို ကြဉ်ဖယ်ထား၍ တစ်ပါးသော မဂ်တည်းဟူသော နိယာမသို့ သက်ရောက်ခြင်းမည်သည် မရှိ၊ အကယ်၍ မဂ်တည်းဟူသော နိယာမသို့ သက်ခြင်းသည် ဖြစ်ခဲ့ပါမူ ဘုရားလောင်းသည် သောတာပန်သာဝက ဖြစ်ရာ၏၊ ဤသို့လည်း မဖြစ်ပါ၊ သက်သက်သော်ကား ဘုရားလောင်းကို ဘုရားရှင်တို့သည် မိမိ၏ ဉာဏ်၌ တည်၍ ဤသူသည် ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ပြောကြားတော်မူကြကုန်၏၊ ထို့ကြောင့် သကဝါဒီက ဤအမေးပုစ္ဆာကို ထုတ်ဆောင်တော်မူသည်။
၃။ ပစ္ဆိမဘဝကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ဇောတိပါလ ဖြစ်စဉ်ကာလကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ ပစ္ဆိမဘဝကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ အာဠာရ ရသေ့ကိုလည်းကောင်း၊ ရာမပုတ္တ(ဥဒက) ရသေ့ကိုလည်းကောင်း ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၇။ မဂ်တည်းဟူသော နိယာမသို့ သက်ရောက်သော သူတို့သာလျှင် သာဝကတို့ ဖြစ်ကုန်၏၊ ထိုမှတစ်ပါးသော သူတို့သည် သာဝက မဟုတ်ကုန်ဟု ပြလို၍ ဤပုစ္ဆာစကားကို မိန့်ဆိုပါသည်။
၈။ သောတာပန်အစရှိသည်တို့၏ သောတာပန်စသော သာဝကတို့၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၉။ ပါဠိတော်၌ န ဝတ္တဗ္ဗံ ရှိနေသည်။

♣

## ၄-စတုတ္ထဝဂ် (၄၁) ၉-အပရာပိ သမန္နာဂတကထာ[၁]

၄၀၆။ သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖဿလေးပါးတို့နှင့်။ ဝေဒနာလေးပါးတို့နှင့်။ သညာလေးပါးတို့နှင့်။ စေတနာလေးပါးတို့နှင့်။ စိတ်လေးပါးတို့နှင့်။ သဒ္ဓါလေးပါးတို့နှင့်။ ဝီရိယလေးပါးတို့နှင့်။ သတိလေးပါးတို့နှင့်။ သမာဓိလေးပါးတို့နှင့်။ ပညာလေးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖဿသုံးပါးတို့နှင့်။ ဝေဒနာသုံးပါးတို့နှင့်။ပ။ ပညာသုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖဿနှစ်ပါးတို့နှင့်။ ဝေဒနာနှစ်ပါးတို့နှင့်။ပ။ ပညာနှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ဧကဗီဇီသောတာပန်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်နှင့်ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အန္တရာပရိနိဗ္ဗာယီအနာဂါမ်လော၊ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်လော၊ အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်လော၊ သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်လော၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ဧကဗီဇီသောတာပန်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ဧကဗီဇီသောတာပန်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၀၇။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့်ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုသောတာပန် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသူကို သကဒါဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုသကဒါဂါမ် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်နှင့် ပြည့်စုံသူကို အနာဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုအနာဂါမ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုသောတာပန်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသူကို သကဒါဂါမ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ဩော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုအနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုသကဒါဂါမ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူကို သောတာပန်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ ထိုသကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်ပင် ထိုသောတာပန် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၀၈။ သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ခဲ့ပါမူ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် သက္ကာယဒိဋ္ဌိကို ဝိစိကိစ္ဆာကို သီလဗ္ဗတပရာမာသကို အပါယ်လားကြောင်းရာဂကို အပါယ်လားကြောင်း ဒေါသကို အပါယ်လားကြောင်း မောဟကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသောတာပတ္တိမဂ် သက္ကာယဒိဋ္ဌိ စသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုလွန်မြောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို လွန်မြောက်ပြီးဖြစ်မူ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ရုန့်ရင်းသော ကာမရာဂကို ရုန့်ရင်းသော ဗျာပါဒကို လွန်မြောက်ပြီး ဖြစ်ပါလျက် သကဒါဂါမိမဂ် ရုန့်ရင်းသော ကာမရာဂစသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို လွန်မြောက်ပြီးမဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ခဲ့ပါမူ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုလွန်မြောက်ပြီးဖြစ်ပါလျက် ထိုအနာဂါမိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် အနာဂါမိမဂ်ကိုလွန်မြောက်ပြီးဖြစ်ပါလျက် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုအနာဂါမိမဂ် သိမ်မွေ့သော ကာမရာဂစသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၀၉။ သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ခဲ့ပါမူ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် သက္ကာယဒိဋ္ဌိကို။ပ။ အပါယ်လားကြောင်း မောဟကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသောတာပတ္တိမဂ် သက္ကာယဒိဋ္ဌိစသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို လွန်မြောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ခဲ့ပါမူ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသကဒါဂါမိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သကဒါဂါမိမင်္ဂကို လွန်မြောက်ပြီးဖြစ်ပါလျက် ရုန့်ရင်းသော ကာမရာဂကို ရုန့်ရင်းသော ဗျာပါဒကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသကဒါဂါမိမင်္ဂ ရုန့်ရင်းသော ကာမရာဂစသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၁၀။ သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တဖိုလ်ကို လွန်မြောက်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ခဲ့ပါမူ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို လွန်မြောက်ပြီးဖြစ်ပါလျက် ထိုသောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိမင်္ဂကို လွန်မြောက်ပြီးဖြစ်ပါလျက် သက္ကာယဒိဋ္ဌိကို။ပ။ အပါယ်လားကြောင်း မောဟကို လွန်မြောက်ပြီးဖြစ်ပါလျက်ထိုသောတာပတ္တိမင်္ဂ သက္ကာယဒိဋ္ဌိစသည်နှင့် ပြည့်စုံပါသေးသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၁၁။ ပရဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်း မဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့်အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံ၏ဟူ၍မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည်သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်မှလည်း မဆုတ်ယုတ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ရအပ်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်မှလည်း မဆုတ်ယုတ်ခဲ့ပါမူ ထိုအကြောင်းကြောင့် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံ၏ဟူ၍ ဆိုသင့်၏။

၄၁၂။ သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုဖိုလ်သုံးပါးတို့မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်လေးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်လေးပါးတို့မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်လေးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် ဖိုလ်နှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ အနာါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်သုံးပါးတို့ကို ရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်သုံးပါးတို့မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်သုံးပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုရအပ်ပြီးဖြစ်၍ ထိုသောတာပတ္တိဖိုလ်မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်နှစ်ပါးတို့ကိုရအပ်ကုန်ပြီးဖြစ်၍ ထိုမဂ်နှစ်ပါးတို့မှလည်း မဆုတ်ယုတ်ဟု (နှလုံးပြု၍) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်သည် မဂ်နှစ်ပါးနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

**အပရာပိ သမန္နာဂတကထာ ပြီး၏။**

------

၁။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် မိမိရောက်ခဲ့သော ဓမ္မ၏ အစွမ်းအားဖြင့် အောက်ဖိုလ်သုံးပါးတို့နှင့် ပြည့်စုံသူဖြစ်၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်တော်မူရန် ဤအပရာပိ သမန္နာဂတကထာကို ဟောတော်မူသည်။

## ၄-စတုတ္ထဝဂ် (၄၂) ၁၀-သဗ္ဗသံယောဇနပ္ပဟာနကထာ[၁]

၄၁၃။ သကဝါဒီ။ ။ သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်ခြင်းသည် အရဟတ္တဖိုလ်လော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်သလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်အပ်ပါကုန်၏။[၃]

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသကို ပယ်စွန့်အပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသကို ပယ်စွန့်အပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။[၅]

သကဝါဒီ။ ။ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းသည် သောတာပတ္တိဖိုလ်တည်းဟု မြတ်စွာဘုရားဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံယောဇဉ်သုံးပါးတို့ကို ပယ်စွန့်ခြင်းသည် သောတာပတ္တိဖိုလ်တည်းဟုမြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်၏ဟူ၍မဆိုသင့်။

၄၁၄။ သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်သလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်အပ်ပါကုန်၏။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂကို ရုန့်ရင်းသော ဗျာပါဒကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၁၅။ သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂကို ရုန့်ရင်းသော ဗျာပါဒကိုပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ကာမရာဂ ဗျာပါဒတို့၏ ခေါင်းပါးသည်၏ အဖြစ်သည် သကဒါဂါမိဖိုလ်တည်းဟုမြတ်စွာဘုရားသည် ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမရာဂ ဗျာပါဒတို့၏ ခေါင်းပါးသည်၏ အဖြစ်သည် သကဒါဂါမိဖိုလ်တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်အပ်ပါကုန်၏။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၁၆။ သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကိုပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်စွန့်ခြင်းသည် အနာဂါမိဖိုလ်တည်းဟူ၍မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်စွန့်ခြင်းသည် အနာဂါမိဖိုလ်တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်အပ်ပါကုန်၏။

သကဝါဒီ။ ။ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်စွန့်ခြင်းသည့်အရဟတ္တဖိုလ်တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော်ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာကို အကြွင်းမဲ့ပယ်စွန့်ခြင်းသည် အရဟတ္တဖိုလ်တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်၏ဟူ၍ မဆိုသင့်။

၄၁၇။ ပရဝါဒီ။ ။ သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်ခြင်းသည် အရဟတ္တဖိုလ်တည်းဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်ပြီးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်အပ်ကုန်ပြီးဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် သံယောဇဉ်အားလုံးတို့ကို ပယ်စွန့်ခြင်းသည် အရဟတ္တဖိုလ်တည်းဟူ၍ ဆိုသင့်၏။

**သဗ္ဗသံယောဇနပ္ပဟာနကထာ ပြီး၏။**

------

၁။ မုချအားဖြင့်သာလျှင် သံယောဇဉ်အားလုံးတို့ကို ပယ်ခြင်းသည် အရဟတ္တဖိုလ် မည်၏ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီ ဆရာတို့၏အယူကို တားမြစ်တော်မူလို၍ ဤသဗ္ဗသံယောဇနကထာကို ဟောတော်မူသည်။
၂။ အောက်၌ ဆိုအပ်ခဲ့ပြီးသော မဂ်သုံးပါးအပေါင်းဖြင့် ပယ်အပ်သည်တို့ကို ရည်ရွယ်၍ ပရဝါဒီက ပဋိညာဉ်ပြု၍ ဖြေသည်။
၃။ တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် ထိုအရဟတ္တမဂ်ဖြင့် မပယ်အပ်သော သံယောဇဉ်မရှိခြင်းကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။
၄။ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိညာဉ်ပြု၍ ဖြေသည်။
၅။ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ခြင်းကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

# အဘိဓမ္မပိဋက

# ကထာဝတ္ထုပါဠိတော်

## မြန်မာပြန်

------

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ၅-ပဉ္စမဝဂ် (၄၃) ၁-ဝိမုတ္တိကထာ[၁]

၄၁၈။ သကဝါဒီ။ ။ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဩော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ ဝိမုတ္တိဉာဏ်အားလုံးသည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၃]။

သကဝါဒီ။ ။ သောတာပန်၏ ဉာဏ်သည် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသူ၊ ရပြီးသူ၊ သိပြီးသူ၊ မျက်မှောက်ပြုပြီးသူ၏ ဉာဏ်ဖြစ်သလော[၄]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တ မည်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်၏ ဉာဏ်သည် သကဒါဂါမိဖိုလ်သို့ ရောက်ပြီးသူ ရပြီးသူ သိပြီးသူ မျက်မှောက်ပြုပြီးသူ၏ ဉာဏ်ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဉာဏ်သည် ဝိမုတ္တ မည်သလော။

ပရဝါဒီ။ ။ ဩော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမ်၏ ဉာဏ်သည် အနာဂါမိဖိုလ်သို့ ရောက်ပြီးသူ ရပြီးသူ သိပြီးသူ မျက်မှောက်ပြုအပ်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တ မည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ ရဟန္တာ၏ ဉာဏ်သည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ သိပြီးသူ မျက်မှောက်ပြုပြီး သူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၁၉။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်ပါသလော။

ပရဝါဒီ။ ။ သြော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တ မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်ပါသလော။

ပရဝါဒီ။ ။ သြော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တ မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တမည်ပါသလော။

ပရဝါဒီ။ ။ သြော် ဝိမုတ္တမည်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် ဝိမုတ္တ မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၀။ သကဝါဒီ။ ။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက် ပြီးသည် ဖြစ်၍ ထိုဉာဏ်သည်ပင် (သောတာပတ္တိ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (သောတာပတ္တိဖိုလ်) သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီးဖြစ်၍ ထိုဉာဏ်သည်ပင် (သကဒါဂါမိ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (သကဒါဂါမိ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (အနာဂါမိ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ် မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (အနာဂါမိ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (အရဟတ္တ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်၏ ဝိမုတ္တိဉာဏ်သည် လွတ်မြောက်ပြီး ဖြစ်၍ ထိုဉာဏ်သည်ပင် (အရဟတ္တ) ဖိုလ်သို့ ရောက်ပြီးသူ၏ ဉာဏ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဝိမုတ္တိကထာ ပြီး၏။**

------

၁။ (ဝိမုတ္တိဉာဏ်ဟူသော အမည်သည် ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာ ဤလေးပါးသော ဉာဏ်တို့၏ အမည်တည်း။ ထိုတွင်ဝိပဿနာဉာဏ်သည် နိစ္စ နိစ္စနိမိတ် စသည်တို့မှ လွတ်မြောက်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တဒင်္ဂဝိမုတ္တိအဖြစ်ဖြင့် လွတ်မြောက်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဝိမုတ္တိဉာဏ် မည်၏၊ မဂ်သည် သမုစ္ဆေဒဝိမုတ္တိ မည်၏၊ ဖိုလ်သည် ပဋိပဿဒ္ဓိဝိမုတ္တိ မည်၏၊ ပစ္စဝေက္ခဏာဉာဏ်သည်ကား ဝိမုတ္တိကို သိသောကြောင့် ဝိမုတ္တိဉာဏ် မည်၏၊ ဤလေးပါးတို့တွင် ဖိုလ်ဉာဏ်သည်သာ မုချအားဖြင့် ဝိမုတ္တိမည်၏၊ ကျန်သုံးပါးတို့ကိုမူ လွတ်မြောက်ပြီဟူ၍လည်းကောင်း၊ မလွတ်မြောက်သေးဟူ၍လည်းကောင်း မဆိုအပ်ကုန်။ ထို့ကြောင့် ဤမည်သော ဝိမုတ္တိဉာဏ်သည် ဝိမုတ္တိမည်၏ဟု မဆိုမူ၍ သာမညအားဖြင့်သာလျှင် ဝိမုတ္တိဉာဏ် (ဟူသမျှ) သည် ဝိမုတ္တမည်၏ဟု အယူရှိသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ရန် ဤဝိမုတ္တိကထာကို အားထုတ်တော်မူသည်။)

၂။ ပစ္စဝေက္ခဏာဉာဏ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၃။ မဂ်ဉာဏ်၏ အာသဝ မရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၄။ သောတာပတ္တိဖိုလ်၌ တည်သောသူအား ဉာဏ်သည် မဖြစ်သေးသောကြောင့် ဝိမုတ္တ မမည်သည့်အဖြစ်ကို စောဒနာလို၍ သကဝါဒီက ဤပုစ္ဆာကို မေးသည်။

♣

## ၅-ပဉ္စမဝဂ် (၄၄) ၂-အသေခဉာဏကထာ[၁]

၄၂၁။ သကဝါဒီ။ ။ ကျင့်ဆဲ 'သေခ' ပုဂ္ဂိုလ်အား ကျင့်ပြီး 'အသေခ' ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သေခပုဂ္ဂိုလ်သည် အသေခတရားကို သိသလောမြင်သလော၊ မြင်အပ်ပြီး သိအပ်ပြီး မျက်မှောက်ပြုအပ်ပြီး ဖြစ်၍ ပြည့်စုံလျက် နေပါသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သေခပုဂ္ဂိုလ်သည် အသေခတရားကို မသိသည် မမြင်သည် မဟုတ်ပါလော၊ မမြင်အပ် မသိအပ် မျက်မှောက် မပြုအပ် ပြည့်စုံစေ၍ မနေအပ်သေးသည် မဟုတ်ပါလော၊ ကိုယ်ဖြင့် တွေ့ထိ၍ မနေအပ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သေခပုဂ္ဂိုလ်သည် အသေခတရားကို မသိ မမြင်ခဲ့ပါမူ မမြင်အပ်၍ မသိအပ် မျက်မှောက်မပြုအပ်၍ ပြည့်စုံစေလျက် မနေအပ်သေးခဲ့ပါမူ ကိုယ်ဖြင့် တွေ့ထိ၍ မနေအပ် သေးခဲ့ပါမူ သေခပုဂ္ဂိုလ်အား အသေခဉာဏ်သည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ အသေခပုဂ္ဂိုလ်အား အသေခဉာဏ် ရှိသည် ဖြစ်၍ အသေခပုဂ္ဂိုလ်သည် အသေခ တရားကို သိပါသလောမြင်ပါသလော၊ မြင်အပ်ပြီး သိအပ်ပြီး မျက်မှောက်ပြုအပ်ပြီး ဖြစ်၍ ပြည့်စုံ စေလျက် နေပါသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သေခပုဂ္ဂိုလ်အား အသေခဉာဏ် ရှိသည်ဖြစ်၍ သေခပုဂ္ဂိုလ်သည် အသေခတရားကို သိသလောမြင်သလော၊ မြင်အပ်ပြီး သိအပ်ပြီး မျက်မှောက်ပြုအပ်ပြီးသည် ဖြစ်၍ ပြည့်စုံစေလျက် နေပါသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ နေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၂။ သကဝါဒီ။ ။ သေခပုဂ္ဂိုလ်အား အသေခဉာဏ် ရှိသည် ဖြစ်ပါလျက် သေခပုဂ္ဂိုလ်သည် အသေခတရားကို မသိပါသလောမမြင်ပါသလော၊ မမြင်အပ် မသိအပ် မျက်မှောက် မပြုရသေးသည် ဖြစ်၍ ပြည့်စုံစေလျက် မနေရသေးပါသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ မနေရသေးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသေခပုဂ္ဂိုလ်အား အသေခဉာဏ် ရှိသည် ဖြစ်ပါလျက် အသေခပုဂ္ဂိုလ်သည် အသေခတရားကို မသိပါသလောမမြင်ပါသလော၊ မမြင်အပ် မသိအပ် မျက်မှောက်မပြုအပ်သည် ဖြစ်၍ ပြည့်စုံစေလျက် မနေရသေးပါသလော၊ ကိုယ်ဖြင့် တွေ့ထိ၍ မနေရသေးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သေခပုဂ္ဂိုလ်အား အသေခဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်အား သောတာပတ္တိမဂ်၌ ဉာဏ်သည် ရှိပါသလော[၃]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ်၌ သိသော ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်။ အနာဂါမိဖိုလ်။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်၌ သိသောဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၃။ ပရဝါဒီ။ ။ သေခပုဂ္ဂိုလ်အား အသေခဉာဏ်သည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သေခဖြစ်သော အသျှင်အာနန္ဒာအား 'မြတ်စွာဘုရားသည် မြင့်မြတ်တော်မူ၏'ဟု သိသည် မဟုတ်ပါလော၊ အသျှင်သာရိပုတြာထေရ်သည်လည်းကောင်း၊ အသျှင်မဟာမောဂ္ဂလာန်ထေရ်သည် လည်းကောင်း 'မြင့်မြတ်တော်မူ၏'ဟု သိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သေခဖြစ်သော အသျှင်အာနန္ဒာအား 'မြတ်စွာဘုရားသည် မြင့်မြတ် တော်မူ၏'ဟု သိခဲ့ပါမူ 'အသျှင်သာရိပုတြာထေရ်သည်လည်းကောင်း၊ အသျှင်မဟာမောဂ္ဂလာန်ထေရ်သည်လည်းကောင်း 'မြင့်မြတ်တော်မူ၏'ဟု သိခဲ့ပါမူ ထိုအကြောင်းကြောင့် သေခပုဂ္ဂိုလ်အား အသေခဉာဏ်သည် ရှိ၏ဟု ဆိုသင့်၏[၄]။

**အသေခဉာဏကထာပြီး၏။**

------

၁။ အာနန္ဒာမထေရ် အစရှိကုန်သော သေခပုဂ္ဂိုလ်တို့က 'မြတ်စွာဘုရားသည် မြင့်မြတ်တော်မူပါပေ၏' ဤသို့ အစရှိသောနည်းဖြင့် အသေခပုဂ္ဂိုလ်တို့ကို သိကြကုန်၏၊ ထို့ကြောင့် သေခပုဂ္ဂိုလ်အား အသေခဉာဏ်ရှိ၏ဟု အယူရှိကြသူ ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီ ဆရာတို့၏ ဝါဒကို ပယ်ဖျက်ရန် ဤအသေခဉာဏကထာကို ဟောတော်မူသည်။

၂။ ကိုယ်တိုင်ရအပ်သော တရားကို သိသည်၏ အစွမ်းအားဖြင့် နေသလောဟု ဆိုလို၏။
၃။ အောက်အဆင့်၌ တည်သောပုဂ္ဂိုလ်အား အထက်အထက် ဖြစ်သော ဉာဏ်မရှိခြင်းကို ပြလို၍ မေးသည်။
၄။ ပရဝါဒီဆရာက ထိုဉာဏ်သည် အသေခဖြစ်သော မြတ်စွာဘုရား၌ ဖြစ်သောကြောင့် 'မြတ်စွာဘုရားသည် မြင့်မြတ်တော်မူ၏'ဟု သိသော ထိုအသေခဉာဏ်မည်၏ဟု အလိုရှိ၏၊ အမှန်စင်စစ်ကား ထိုဉာဏ်သည် အသေခဉာဏ် မဟုတ်၊ ထို့ကြောင့် မိမိဝါဒကို တည်စေသော်လည်း တည်စေသည် မမည်။

♣

## ၅-ပဉ္စမဝဂ် (၄၅) ၃-ဝိပရီတကထာ[၁]

၄၂၄။ သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ ဉာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏[၂]။

သကဝါဒီ။ ။ အနိစ္စ၌ အနိစ္စဟု ဖောက်ပြန်ခြင်းသည် ဖြစ်ပါသလော[၃]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၄]။

သကဝါဒီ။ ။ ဒုက္ခ၌ သုခဟုလည်းကောင်း။ပ။ အနတ္တ၌ အတ္တဟုလည်းကောင်း။ပ။ အသုဘ၌ သုဘဟုလည်းကောင်း ဖောက်ပြန်ခြင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသောဉာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (ထိုဉာဏ်သည်) အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုဉာဏ်သည်) ကုသိုလ်ဖြစ်သည် မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၅]။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (ထိုဉာဏ်သည်) ကုသိုလ်ဖြစ်ခဲ့ပါမူ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသောဉာဏ်သည် ဖြစ်၏ဟု မဆိုသင့်။

သကဝါဒီ။ ။ အနိစ္စ၌ နိစ္စဟု ဖောက်ပြန်သည် ဖြစ်၍ ထိုဖောက်ပြန်ခြင်းသည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပေါ်လတ်သော် ထိုဉာဏ်သည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခ၌ သုခဟုလည်းကောင်း၊ အနတ္တ၌ အတ္တဟုလည်းကောင်း၊ အသုဘ၌ သုဘဟု လည်းကောင်း ဖောက်ပြန်မှု ဖြစ်ပေါ်လတ်သော် ထိုဖောက်ပြန်မှုသည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပေါ်လတ်သော် ထိုဉာဏ်သည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၅။ သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပေါ်လတ်သော် ထိုဉာဏ်သည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အနိစ္စ၌ နိစ္စဟု ဖောက်ပြန်မှု ဖြစ်လတ်သော် ထိုဖောက်ပြန်ခြင်းသည်လည်း ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပေါ်လတ်သော် ထိုဉာဏ်သည်လည်း အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒုက္ခ၌ သုခဟုလည်းကောင်း။ပ။ အနတ္တ၌ အတ္တဟုလည်းကောင်း၊ အသုဘ၌ သုဘဟုလည်းကောင်း ဖောက်ပြန်မှု ဖြစ်လတ်သော် ထိုဖောက်ပြန်မှုသည်လည်း ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၆။ သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားရာသလော။

ပရဝါဒီ။ ။ ဩော် ဝင်စားရာပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားခဲ့ပါမူ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်၏ဟု မဆိုသင့်။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ခဲ့၍ ရဟန္တာသည် ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားရာသလော။

ပရဝါဒီ။ ။ ဩာ် ဝင်စားရာ၏။

သကဝါဒီ။ ။ ရဟန္တာအား ဖောက်ပြန်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ရဟန္တာအား ဖောက်ပြန်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် ရှိပါ၏[၇]။

သကဝါဒီ။ ။ ရဟန္တာအား သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩာ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ မရှိခဲ့ပါမူ ရဟန္တာအား ဖောက်ပြန်မှု ရှိ၏ဟူ၍ မဆိုသင့်။

၄၂၇။ ပရဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩာ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ကသိုဏ်းအားလုံးတို့သည်ပင် ပထဝီဖြစ်ပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပါ၏။

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩာ် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိမိတ္တပထဝီသည် ရှိသည် ဖြစ်၍ ပထဝီကို ပထဝီအားဖြင့် ဝင်စားသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်လည်း ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩာ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိမိတ္တပထဝီသည် ရှိသည်ဖြစ်၍ ပထဝီကို ပထဝီအားဖြင့် ဝင်စားသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်လည်း ရှိခဲ့ပါမူ ပထဝီကသိုဏ်းလျှင်

အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသောဉာဏ်သည် ဖြစ်၏ဟု မဆိုသင့်။

သကဝါဒီ။ ။ နိမိတ္တပထဝီသည် ရှိသည်ဖြစ်၍ ပထဝီကို ပထဝီအားဖြင့် ဝင်စားသူအား ဖောက်ပြန်မှုသည် ဖြစ်ပါလော[၈]။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရှိသည်ဖြစ်၍ နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် ဝင်စားသူအား ဖောက်ပြန်မှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဖောက်ပြန်မှု၌ သိသော ဉာဏ်သည် ဖြစ်၏ဟု မဆိုသင့်။

**ဝိပရီတကထာ ပြီး၏။**

------

၁။ 'အကြင်ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း၌ ပထဝီဟု ဖြစ်သော ဈာန်နှင့် ယှဉ်သော သညာရှိသည် ဖြစ်၍ ဈာန်ကို ဝင်စား၏၊ ထိုပုဂ္ဂိုလ်၏ ထိုပထဝီကသိုဏ်း၌ ဖြစ်သော ဉာဏ်သည် ဖောက်ပြန်သောဉာဏ်မည်၏'ဟု အယူရှိကြသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို ပယ်ဖျက်ရန် ဤဝိပရီတကထာကို ဟောတော်မူ၏။

၂။ သသမ္ဘာရပထဝီကို မှီ၍ဖြစ်သော ပဋိဘာဂနိမိတ်သည် သသမ္ဘာရပထဝီ မဟုတ်၊ ဤဈာနလာဘီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်၌ ပထဝီဟု အမှတ်လည်း ရှိ၏၊ ထို့ကြောင့် ဖောက်ပြန်သောဉာဏ်မည်၏ဟူသော အလိုဖြင့် ပရဝါဒီက ဝန်ခံသည်။

၃။ သကဝါဒီဆရာကား လက္ခဏပထဝီသည်လည်းကောင်း၊ သသမ္ဘာရပထဝီသည်လည်းကောင်း၊ နိမိတ္တပထဝီသည်လည်းကောင်း၊ ပထဝီနက်သည်လည်းကောင်း ထိုအလုံးစုံသည် ပထဝီပင် ဖြစ်ခဲ့၏၊ ထိုပထဝီတို့၌ ပထဝီဟူသော အသိဉာဏ်သည် ဖောက်ပြန်သော အသိဉာဏ် မဟုတ်၊ အနိစ္စ၌ နိစ္စဟု ဖောက်ပြန်မှားယွင်းသောအားဖြင့် နှလုံးသွင်းခြင်းသည်သာလျှင် ဖောက်ပြန်သော ဉာဏ်မည်၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

၄။ ဝိပလ္လာသလက္ခဏာ မရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၅။ သေခပုထုဇ္ဇဉ်ဉာဏ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။

၆။ ဝိပလ္လာသလက္ခဏာ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၇။ ပထဝီနိမိတ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

၈။ အကြင်ဝတ္ထုသည် အကြင်အခြင်းအရာအားဖြင့် ထင်ရှားရှိ၏၊ ထိုဝတ္ထုကို ထိုအခြင်းအရာ အားဖြင့် ဝင်စားသူ၏ ဉာဏ်သည် ဖောက်ပြန်သောဉာဏ် ဖြစ်ခဲ့ပါမူ နိဗ္ဗာန်သည် ထင်ရှားရှိသည် ဖြစ်၍ ထိုနိဗ္ဗာန်ကို ဝင်စားသောပုဂ္ဂိုလ်သည်လည်း ခပ်သိမ်းသော ဝိပလ္လာသကို အကြွင်းမဲ့ ပယ်နုတ်ကြောင်းဖြစ်သော မဂ်ဉာဏ်သည်လည်း ဖောက်ပြန်သည် ဖြစ်ခဲ့ရာ၏ဟု စောဒနာလို၍ သကဝါဒီက မေးသည်။

♣

## ၅-ပဥ္စမဝဂ် (၄၆) ၄-နိယာမကထာ[၁]

၄၂၈။ သကဝါဒီ။ ။ မနိုင်မြဲသူ (ပုထုဇဉ်) အား နိုင်မြဲသော မဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏[၂]။

သကဝါဒီ။ ။ နိုင်မြဲသူ (အရိယာ) အား မနိုင်မြဲသော'ပုထုဇဉ်'အဖြစ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ နိုင်မြဲသူ (အရိယာ) အား မမြဲသော 'ပုထုဇဉ်' အဖြစ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ [၄]။

သကဝါဒီ။ ။ မနိုင်မြဲသူ (ပုထုဇဉ်) အား နိုင်မြဲသော မဂ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ မနိုင်မြဲသူ (ပုထုဇဉ်) အား နိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နိုင်မြဲသူ (အရိယာ) အား နိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ နိုင်မြဲသူ (အရိယာ) အား မနိုင်မြဲသော'ပုထုဇဉ်'အဖြစ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ မနိုင်မြဲသူ (ပုထုဇဉ်) အား နိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ မနိုင်မြဲသူ (ပုထုဇဉ်) အား နိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား မခိုင်မြဲသော (ပုထုဇဉ်) အဖြစ်သို့ မရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား မခိုင်မြဲသော (ပုထုဇဉ်) အဖြစ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား မခိုင်မြဲသော (ပုထုဇဉ်) အဖြစ်သို့ ရောက်ရန် ဉာဏ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၂၉။ သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ခိုင်မြဲသောမဂ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် သတိပဋ္ဌာန်တို့သည်။ သမ္မပ္ပဓာန်တို့သည်။ ဣဒ္ဓိပ္ပါဒ်တို့သည်။ ဣန္ဒြေတို့သည်။ ဗိုလ်တို့သည်။ ဗောဇ္ဈင်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ခိုင်မြဲသောမဂ်သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ခိုင်မြဲသောမဂ် မရှိခဲ့ပါမူ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသော မဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် သတိပဋ္ဌာန်တို့သည်။ပ။ ဗောဇ္ဈင်တို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဇောချွင်တို့သည် မရှိခဲ့ပါကုန်မူ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိ၏ဟု မဆိုသင့်။

၄၃၀။ သကဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်အား သောတာပတ္တိမဂ်၌ သိသောဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ်၌ သိသော ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား အရဟတ္တဖိုလ်၌ သိသော ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၃၁။ ပရဝါဒီ။ ။ မခိုင်မြဲသူ (ပုထုဇဉ်) အား ခိုင်မြဲသောမဂ်သို့ ရောက်ရန် ဉာဏ်သည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ဤပုဂ္ဂိုလ်သည် မဖောက်ပြန်သောအားဖြင့် မိမိအခြားမဲ့၌ အကျိုးပေးမြဲသော မဂ် (သမ္မတ္တနိယာမ) သို့ ဆိုက်ရောက်လတ္တံ့၊ ဤပုဂ္ဂိုလ်သည် တရားကို ထိုးထွင်းသိခြင်းငှါ ထိုက်၏ဟူ၍ မြတ်စွာဘုရား သိတော်မူသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ "ဤပုဂ္ဂိုလ်သည် မဖောက်ပြန်သောအားဖြင့် မိမိအခြားမဲ့၌ အကျိုးပေး မြဲသော မဂ် (သမ္မတ္တနိယာမ) သို့ ဆိုက်ရောက်လတ္တံ့၊ ဤပုဂ္ဂိုလ်သည် တရားကို ထိုးထွင်းသိခြင်းငှါ ထိုက်၏"ဟု မြတ်စွာဘုရား သိတော်မူခဲ့ပါမူ ထိုအကြောင်းကြောင့် (မဂ်ဖြင့်) မမြဲသူ ပုထုဇဉ်အား နိယာမ (မဂ်) သို့ ရောက်ရန် ဉာဏ်သည် ရှိ၏ဟု ဆိုသင့်၏။

**နိယာမကထာ ပြီး၏။**

------

၁။ အကြင်ပုဂ္ဂိုလ်သည် မဂ်တည်းဟူသော သမ္မတ္တနိယာမသို့ သက်ရောက်လတ္တံ့၊ ထိုပုဂ္ဂိုလ်ကို ဤသူကား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းငှါ ထိုက်၏ဟု မြတ်စွာဘုရား သိတော် မူသောကြောင့် မြဲသောသဘောမရှိသော ပုထုဇဉ်သာလျှင် ဖြစ်လျက် မဂ်တည်းဟူသော နိယာမသို့ သက်ရန် ဉာဏ်သည်ရှိ၏ဟု အယူရှိသူ ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်ခြင်းငှါ ဤနိယာမကထာကို ဟောတော်မူသည်။

၂။ ထိုပုဂ္ဂိုလ်၏ ဉာဏ်ကို မြင်တော်မူ၍ ဤသူကား သစ္စာလေးပါးကို သိရန် ထိုက်၏ဟု အကြင်ပုဂ္ဂိုလ်ကို မြတ်စွာဘုရား သိတော်မူ၏၊ ထိုပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။
၃။ မဂ်ဖြင့် ခိုင်မြဲသူအား နိယာမမဂ်သို့ မရောက်ရန် ဉာဏ်မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ မရှိသောကြောင့်ပင် ပရဝါဒီက ဝန်ခံသည်။
၅။ မိမိဝါဒနှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ပဌမမဂ်ဖြင့် ခိုင်မြဲသူအား တစ်ဖန် ထိုနိယာမမဂ်အကျိုးငှါ ဖြစ်သော ဉာဏ်မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၇။ မိမိအယူနှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၅-ပဉ္စမဝဂ် (၄၇) ၅-ပဋိသမ္ဘိဒါကထာ[၁]

၄၃၂။ သကဝါဒီ။ ။ ဉာဏ်အားလုံးသည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပညတ်ကို သိသော (သမ္မုတိ) ဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ သမ္မုတိဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၃]

သကဝါဒီ။ ။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ပညတ်ကို သိကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည်ပင် ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ဉာဏ်အားလုံးသည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စေတောပရိယာယဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ စေတောပရိယာယဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၆]

သကဝါဒီ။ ။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် သူတစ်ပါးစိတ်ကို သိကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည်ပင် ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်အားလုံးသည်ပင် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပညာအားလုံးသည်ပင် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၁]

သကဝါဒီ။ ။ ပညာအားလုံးသည်ပင် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၂]

သကဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ပညာသည် ရှိသည် ဖြစ်၍ ထိုပညာသည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာပေါကသိုဏ်းလျှင် အာရုံရှိသော။ပ။ တေဇောကသိုဏ်းလျှင် အာရုံရှိသော။ပ။ ဝါယောကသိုဏ်းလျှင် အာရုံရှိသော။ပ။ နီလကသိုဏ်းလျှင် အာရုံရှိသော။ပ။ ပီတကသိုဏ်းလျှင် အာရုံ ရှိသော။ပ။လောဟိတကသိုဏ်းလျှင် အာရုံရှိသော။ပ။ ဩဒါတကသိုဏ်းလျှင် အာရုံရှိသော။ပ။ အာကာ သာနဉ္စာယတနစျာန်။ပ။ ဝိညာဏဉ္စာယတနစျာန်။ပ။ အာကိဉ္စညာယတနစျာန်။ပ။ နေဝသညာနာသညာ ယတနစျာန်ကို ဝင်စားသူအား။ပ။ အလှူကို လှူသူအား။ပ။ သင်္ကန်းကို လှူသူအား။ပ။ ဆွမ်းကို လှူသူအား။ပ။ ကျောင်းကို လှူသူအား။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတား ဖြစ်သော ဆေးကို လှူသူအား ပညာသည် ရှိသည် ဖြစ်၍ ထိုပညာသည် ပဋိသမ္ဘိဒါ ဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၃၃။ ပရဝါဒီ။ ။ ဉာဏ်အားလုံးကို ပဋိသမ္ဘိဒါဉာဏ်ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ လောကုတ္တရာပညာသည် ရှိသည် ဖြစ်၍ ထိုပညာသည် ပဋိသမ္ဘိဒါဉာဏ် မဟုတ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဉာဏ်အားလုံးသည် ပဋိသမ္ဘိဒါဉာဏ် ဖြစ်၏။

**ပဋိသမ္ဘိဒါကထာ ပြီး၏။**

------

၁။ 'အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဟူသမျှ အားလုံးသည် လောကုတ္တရာသာ ဖြစ်၏'ဟု ယူဆ၍ 'ဉာဏ်အားလုံးသည် ပဋိသမ္ဘိဒါဉာဏ်သာ ဖြစ်၏'ဟု ယူဆသော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ဝါဒကို ပယ်ဖျက်ရန် ဤပဋိသမ္ဘိဒါကထာကို ဟောတော်မူသည်။
၂။ ပထဝီကသိုဏ်းပညတ်၌ဖြစ်သော သမာပတ္တိဉာဏ်ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ နိရုတ္တိဉာဏ်ကို ရည်ရွယ်၍ ဝန်ခံသည်။
၄။ ပုထုဇဉ်တို့ကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။

၅။ ပုထုဇဉ်၏ဉာဏ်ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ အရိယာပုဂ္ဂိုလ်၏ဉာဏ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၇။ ကသိုဏ်းသမာပတ္တိပညာကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။
၈။ လောကုတ္တရာပညာကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

♣

## ၅-ပဉ္စမဝဂ် (၄၈) ၆-သမ္မုတိဉာဏ ကထာ[၁]

၄၃၄။ ပရဝါဒီ။ ။ ပညတ်ကို သိမှု သမ္မုတိဉာဏ်သည် သစ္စာဟူသော အာရုံသာလျှင် ရှိ၏၊ အခြား အာရုံကား မရှိဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ[၂]။

ပရဝါဒီ။ ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဉာဏ်သည် ရှိသည် ဖြစ်၍ ပထဝီကသိုဏ်းသည်လည်း သမ္မုတိသစ္စာ၌ ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ပထဝီကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားသူအား ဉာဏ်သည် ရှိသည် ဖြစ်၍ ပထဝီကသိုဏ်းသည်လည်း သမ္မုတိသစ္စာ၌ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပညတ် ကို သိသော ဉာဏ်သည် သစ္စာဟူသော အာရုံသာလျှင် ရှိ၏၊ အခြားအာရုံကား မရှိဟု ဆိုသင့်၏။

ပရဝါဒီ။ ။ သမ္မုတိဉာဏ်သည် သစ္စာဟူသော အာရုံသာလျှင် ရှိ၏၊ အခြားအာရုံကား မရှိဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အာပေါကသိုဏ်းလျှင် အာရုံရှိသော။ပ။ တေဇောကသိုဏ်းလျှင် အာရုံရှိသော။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို လှူသူအား ဉာဏ်သည် ရှိသည် ဖြစ်၍ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးသည်လည်း သမ္မုတိသစ္စာ၌ ဖြစ်သည် မဟုတ်လော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူသူအား ဉာဏ်သည် ရှိသည် ဖြစ်၍ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးသည်လည်း သမ္မုတိသစ္စာ၌ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် သမ္မုတိဉာဏ်သည် သစ္စာဟူသော အာရုံသာလျှင် ရှိ၏၊ အခြားအာရုံကား မရှိဟူ၍ ဆိုသင့်၏။

၄၃၅။ သကဝါဒီ။ ။ သမ္မုတိဉာဏ်သည် သစ္စာဟူသော အာရုံသာလျှင် ရှိပါသလော၊ အခြား အာရုံကား မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိပါသလော၊ သမုဒယသစ္စာကို ပယ်စွန့်ပါသလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုပါသလော၊ မဂ္ဂသစ္စာကို ပွါးစေပါသလော။

**ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ သမ္မုတိဉာဏကထာ ပြီး၏။**

------

၁။ သစ္စာတို့သည် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာဟူ၍ နှစ်ပါးရှိသည်တို့ကို မဝေဖန်ကုန်မူ၍ သစ္စာဟူသော စကားသာမညဖြင့် သမ္မုတိဉာဏ်သည်လည်း သစ္စာလျှင် အာရုံရှိ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို ဖျက်ဆီးရန် ဤသမ္မုတိ ဉာဏကထာကို ဟောတော်မူသည်။
၂။ ပရမတ္ထသစ္စာကို ရည်ရွယ်၍ သကဝါဒီဆရာက ဝန်ခံသည်။

♣

## ၅-ပဉ္စဝဂ် (၄၉) ၇-စိတ္တာရမ္မဏကထာ[၁]

၄၃၆။ သကဝါဒီ။ ။ စေတောပရိယာယဉာဏ်သည် စိတ်အာရုံသာ ရှိသလော၊ အခြားအာရုံ မရှိသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရာဂနှင့်တကွဖြစ်သော စိတ်ကို ရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍ သိသော တစ်စုံ တစ်ယောက်သောပုဂ္ဂိုလ် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရာဂနှင့်တကွဖြစ်သော စိတ်ကို ရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍ သိသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ် ရှိခဲ့ပါမူ စေတောပရိယာယဉာဏ်သည် စိတ်အာရုံသာလျှင် ရှိ၏၊ အခြားအာရုံ မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရာဂကင်းသော စိတ်ကို။ပ။ ဒေါသနှင့်တကွဖြစ်သော စိတ်ကို။ ဒေါသကင်းသော စိတ်ကို။ မောဟနှင့်တကွဖြစ်သော စိတ်ကို။ မောဟကင်းသော စိတ်ကို။ ကျဉ်းမြောင်းသော စိတ်ကို။ ပျံ့လွင့်သော စိတ်ကို။ မဟဂ္ဂုတ်စိတ်ကို။ မဟဂ္ဂုတ် မဟုတ်သော စိတ်ကို။ (မိမိထက်) မြင့်မြတ်ခြင်း ရှိသော စိတ်ကို။ (မိမိထက်) မြင့်မြတ်ခြင်း မရှိသော စိတ်ကို။ တည်ကြည်သော စိတ်ကို။ မတည်ကြည် သော စိတ်ကို။ လွတ်မြောက်သော စိတ်ကို။ မလွတ်မြောက်သော စိတ်ကို မလွတ်မြောက်သော စိတ်ဟူ၍ သိသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မလွတ်မြောက်သော စိတ်ကို မလွတ်မြောက်သော စိတ်ဟူ၍ သိသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ် ရှိခဲ့ပါမူ စေတောပရိယာယဉာဏ်သည် စိတ်အာရုံသာ ရှိ၏၊ အခြား အာရုံကား မရှိဟူ၍ မဆိုသင့်။

၄၃၇။ သကဝါဒီ။ ။ ဖဿဟူသော အာရုံ၌ သိသော ဉာဏ်ကို စေတောပရိယာယဉာဏ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿအာရုံ၌ (သိသော) ဉာဏ်ကို စေတောပရိယာယဉာဏ်ဟူ၍ ဆိုသင့်ပါမူ စေတောပရိယာယဉာဏ်သည် စိတ်အာရုံသာ ရှိ၏၊ အခြားအာရုံကား မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဝေဒနာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ပ။ သညာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ စေတနာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ စိတ်ဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ သဒ္ဓါဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ ဝီရိယဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ သတိဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ သမာဓိဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ ပညာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ ရာဂဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ ဒေါသဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ မောဟဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ အနောတ္တပ္ပဟူသော အာရုံ၌ (သိသော) ဉာဏ်ကို စေတောပရိယာယဉာဏ်ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနောတ္တပ္ပဟူသော အာရုံ၌ (သိသော) ဉာဏ်ကို စေတောပရိယာယ့ဉာဏ်ဟူ၍ ဆိုသင့်ပါမူ စေတောပရိယာယဉာဏ်သည် စိတ်အာရုံသာ ရှိ၏၊ အခြားအာရုံကား မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿဟူသော အာရုံ၌ (သိသော) ဉာဏ်ကို စေတောပရိယာယဉာဏ်ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ[၂]။

သကဝါဒီ။ ။ (ထိုဉာဏ်သည်) ဖဿပရိယာယဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၃]။

သကဝါဒီ။ ။ ဝေဒနာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ပ။ သညာဟူသော အာရုံ၌ (သိသော) ဉာဏ်ကို။ပ။ အနောတ္တပ္ပဟူသော အာရုံ၌ (သိသော) ဉာဏ်ကို စေတောပရိယာယဉာဏ်ဟူ၍ မဆိုသင့် ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ (ထိုဉာဏ်သည်) အနောတ္တပ္ပပရိယာယဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၃၈။ ပရဝါဒီ။ ။ "စေတောပရိယာယဉာဏ်သည် စိတ်သာလျှင် အာရုံရှိ၏၊ အခြားအာရုံ မရှိ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (ထိုဉာဏ်သည်) စေတောပရိယာယဉာဏ်မည်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ (ထိုဉာဏ်သည်) စေတောပရိယာယဉာဏ် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "စေတောပရိယာယဉာဏ်သည် စိတ်သာလျှင် အာရုံရှိ၏၊ အခြားအာရုံ မရှိ"ဟူ၍ ဆိုသင့်၏[၄]။

**စိတ္တာရမ္မဏကထာ ပြီး၏။**

------

၁။ စေတောပရိယာယဉာဏ်ဟူသော စကားမျှကိုသာ ယူ၍ ထိုစေတောပရိယာယဉာဏ်သည် စိတ်လျှင် အာရုံရှိ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို တားမြစ်ရန် ဤစိတ္တာရမ္မဏကထာကို ဟောတော်မူသည်။
၂။ ဖဿ၏ ဖုသနလက္ခဏာကို နှလုံးသွင်းသူအား ဖဿလျှင် အာရုံရှိသောကြောင့် ပရဝါဒီက ဝန်ခံသည်။
၃။ ဖဿပရိယာယဉာဏ်ဟု ပြသောသုတ် မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ သဒ္ဒါမျှကိုသာ နှလုံးသွင်း၍ မိမိအယူကို တည်စေသော်လည်း တည်စေသည် မမည်လေ။

♣

## ၅-ပဉ္စမဝဂ် (၅၀) ၈-အနာဂတဉာဏကထာ[၁]

၄၃၉။ သကဝါဒီ။ ။ အနာဂတ်တရား၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်တရားကို တည်ရာ အကြောင်းအားဖြင့် သိပါသလော၊ ဖြစ်တတ်သော အကြောင်းအားဖြင့် သိပါသလော၊ အပ်နှင်းတတ်သော အကြောင်းအားဖြင့် သိပါသလော၊ ကောင်းစွာ ဖြစ်တတ်သော အကြောင်းအားဖြင့် သိပါသလော၊ စ၍ ဖြစ်တတ်သော အကြောင်းအားဖြင့် သိပါသလော၊ ဖြစ်စေတတ်သော အကြောင်းအားဖြင့် သိပါသလော၊ ဆောင်တတ်သော အကြောင်းအားဖြင့် သိပါသလော၊ အာရုံအားဖြင့် သိပါသလော၊ စွဲ၍ ဖြစ်တတ်သော အကြောင်းအားဖြင့် သိပါသလော၊ ဖြစ်ပေါ်တတ်သော အကြောင်းအားဖြင့် သိပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၃]။

သကဝါဒီ။ ။ အနာဂတ်တရား၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်တရား၌ ဟေတုပစ္စည်း၏ အဖြစ်ကို သိပါသလော၊ အာရမ္မဏပစ္စည်း၏ အဖြစ်ကို သိပါသလော၊ အဓိပတိပစ္စည်း၏ အဖြစ်ကို သိပါသလော၊ အနန္တရပစ္စည်း၏ အဖြစ်ကို သိပါသလော၊ သမနန္တရပစ္စည်း၏ အဖြစ်ကို သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရား၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ ဂေါတြဘူပုဂ္ဂိုလ်အား သောတာပတ္တိမဂ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်။ပ။ အနာဂါမိဖိုလ်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သောပုဂ္ဂိုလ်အား အရဟတ္တဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၀။ ပရဝါဒီ။ ။ အနာဂတ်တရား၌ (သိသော) ဉာဏ်သည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဪ မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အာနန္ဒာ ပါဋလိပုတ်ပြည်အား မီးကြောင့်သော်လည်းကောင်း၊ ရေကြောင့်သော်လည်းကောင်း၊ အချင်းချင်း ကွဲပြားခြင်းကြောင့်သော်လည်းကောင်း အန္တရာယ်သုံးမျိုးတို့သည် ဖြစ်ကုန်လတ္တံ့"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော[၂]။

သကဝါဒီ။ ။ ဪ ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အနာဂတ်တရား၌ (သိသော) ဉာဏ်သည် ရှိ၏။

**အနာဂတဉာဏကထာ ပြီး၏။**

------

၁။ အနာဂတ်အာရုံမည်သည် အာရမ္မဏိကတရား၏ အခြားရှိသော အာရုံသည်လည်း ရှိ၏။ အခြားမရှိသော အာရုံသည်လည်း ရှိ၏။ ထိုတွင် အာရမ္မဏိကတရား၏ အခြားမရှိသော အာရုံ၌ ဖြစ်သောဉာဏ်သည် ဧကန်စင်စစ် မရှိနိုင်လေ၊ ထို့အတူပင် တစ်ခုသောဝီထိ တစ်ခုသောဇော၌ အကျုံးဝင်သော အာရုံဖြစ်သော ဉာဏ်သည်လည်း မရှိနိုင်လေ၊ ထိုအရာ၌ အနာဂတ်အာရုံအားလုံး၌ပင် ဖြစ်သောဉာဏ်ကို အလိုရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ထိုဝါဒကို ဖယ်ဖျက်ရန် ဤအနာဂတဉာဏကထာကို ဟောတော်မူသည်။
၂။ တည်ရာအကြောင်းစသော အကြောင်း ၁၀–မျိုးသည် အထူးမရှိ ပရိယာယ်တူ ဖြစ်သည်။

၃။ အခြားမဲ့၌ ဖြစ်သော စိတ်ကို ထိုတည်ရာစသော အခြင်းအရာတို့ဖြင့် သိခြင်းငှါ မတတ်ကောင်းသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ထိုသုတ်သည် အနာဂတ်အာရုံအားလုံး၌ ဖြစ်သောဉာဏ်ကို မပြီးစေနိုင်သောကြောင့် ထုတ်ဆောင်သော်လည်း ထုတ်ဆောင်သည် မမည်နိုင်ပေ။

♣

## ၅-ပဉ္စမဝဂ် (၅၁) ၉-ပစ္စုပ္ပန္နကထာ[၁]

၄၄၁။ သကဝါဒီ။ ။ ပစ္စုပ္ပန်တရား၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ထိုဉာဏ်ကို သိပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ထိုဉာဏ်ကို သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏[၄]။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ထိုဉာဏ်ကို ဉာဏ်ဟူ၍ သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဉာဏ်ဖြင့် ထိုဉာဏ်ကို ဉာဏ်ဟူ၍ သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ ထိုဉာဏ်သည် ထိုဉာဏ်၏ အာရုံ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဉာဏ်သည် ထိုဉာဏ်၏ အာရုံ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုဖဿဖြင့် ထိုဖဿကို တွေ့ထိပါသလော။ ထိုဝေဒနာဖြင့် ထိုဝေဒနာကို ခံစားပါသလော။ ထိုသညာဖြင့် ထိုသညာကို မှတ်သားပါသလော။ ထိုစေတနာဖြင့် ထိုစေတနာကို စေ့ဆော်ပါသလော။ ထိုစိတ်ဖြင့် ထိုစိတ်ကို သိပါသလော။ ထိုဝိတက်ဖြင့် ထိုဝိတက်ကို ကြံစည်ပါသလော။ ထိုဝိစာရ ဖြင့် ထိုဝိစာရကို သုံးသပ်ပါသလော။ ထိုပီတိဖြင့် ထိုပီတိကို နှစ်သက်ပါသလော။ ထိုသတိဖြင့် ထိုသတိကို အောက်မေ့ပါသလော။ ထိုပညာဖြင့် ထိုပညာကို သိပါသလော။ ထိုသန်လျက်ဖြင့် ထိုသန်လျက်ကို ဖြတ်ပါသလော။ ထိုပုဆိန်ဖြင့် ထိုပုဆိန်ကို ပေါက်ပါသလော။ ထိုဓားမဖြင့် ထိုဓားမကို ခုတ်ပါသလော။ ထိုပဲခွပ် ဖြင့် ထိုပဲခွပ်ကို ရွေပါသလော။ ထိုအပ်ဖြင့် ထိုအပ်ကို ချုပ်ပါသလော။ ထိုလက်ချောင်းဖျားဖြင့် ထိုလက်ချောင်းဖျားကို သုံးသပ်ပါသလော။ ထိုနှာခေါင်းဖျားဖြင့် ထိုနှာခေါင်းဖျားကို သုံးသပ်ပါသလော။ ထို ဦးထိပ်ဖြင့် ထိုဦးထိပ်ကို သုံးသပ်ပါသလော။ ထိုကျင်ကြီးဖြင့် ထိုကျင်ကြီးကို ဆေးကြောပါသလော။ ထို ကျင်ငယ်ဖြင့် ထိုကျင်ငယ်ကို ဆေးကြောပါသလော။ ထိုတံတွေးဖြင့်

ထိုတံတွေးကို ဆေးကြောပါသလော။ ထိုပြည်ဖြင့် ထိုပြည်ကို ဆေးကြောပါသလော။ ထိုသွေးဖြင့် ထိုသွေးကို ဆေးကြောပါသလော[၅]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၂။ ပရဝါဒီ။ ။ ပစ္စုပ္ပန်တရား၌ (သိသော) ဉာဏ်သည် ရှိသည်ဟု မဆိုသင့်ပါသလော[၆]။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သင်္ခါရအားလုံးကို မမြဲသောအားဖြင့် ရှုမြင်အပ်သည် ရှိသော် ထိုဉာဏ်သည်လည်း မမြဲသော အားဖြင့် ရှုမြင်အပ်ပြီးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၇]။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သင်္ခါရအားလုံးတို့ကို မမြဲသောအားဖြင့် ရှုမြင်အပ်သည် ဖြစ်၍ ထိုဉာဏ်သည်လည်း မမြဲသောအားဖြင့် ရှုမြင်အပ်ပြီး ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပစ္စုပ္ပန်တရား၌ (သိသော) ဉာဏ်သည် ရှိ၏ဟု ဆိုသင့်၏။

**ပစ္စုပ္ပန္နကထာ ပြီး၏။**

------

၁။ "အလုံးစုံသော တေဘူမကသင်္ခါရတရားတို့ကို အနိစ္စအားဖြင့် မြင်ကုန်သည်ရှိသော် ထိုဉာဏ်သည်လည်း အနိစ္စအားဖြင့် မြင်အပ်သည် မည်၏"ဟူသော စကားကို အမှီပြု၍ သာမညအားဖြင့် ပစ္စုပ္ပန်အာရုံအားလုံး၌ ဖြစ်သောဉာဏ်သည် ရှိ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏အယူကို တားမြစ်ရန် ဤပစ္စုပ္ပန္နကထာကို ဟောတော်မူသည်။
၂။ သာမညအားဖြင့် ပစ္စုပ္ပန်တရား၌ ဉာဏ်သည် ရှိနိုင်ခဲ့ပါမူ ခဏပစ္စုပ္ပန်တရား၌လည်း ထိုဉာဏ်သည် ဖြစ်ခဲ့ရာ၏။ ထိုသို့ဖြစ်ခဲ့သော် ဉာဏ်နှစ်ပါးတို့၏ တစ်ပြိုင်နက် မရှိသောကြောင့် ထိုဉာဏ်ဖြင့်ပင် ထိုဉာဏ်ကို သိနိုင်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို ဟောသည်။
၃။ ထိုသို့ သိရန် မတတ်ကောင်းသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ သန္တတိပစ္စုပ္ပန်ကို ရည်ရွယ်လျက် ပရဝါဒီက ဝန်ခံသည်။
၅။ အမြွက်ထောင်ခွင့်ကို တားမြစ်လို၍ မေးသည်။
၆။ မိမိအယူကို တည်မြဲစေလိုသောကြောင့် ပရဝါဒီက မေးသည်။
၇။ နယအားဖြင့် ထိုဉာဏ်သည် မြင်အပ်သည် မည်ပါ၏။ အာရုံပြုသောအားဖြင့် မြင်အပ်သည် မမည်ပါဟူသော အဓိပ္ပါယ်ဖြင့် သကဝါဒီက ဝန်ခံသည်။ ထို့ကြောင့် ပရဝါဒီ၏ ဝါဒသည် တည်စေသည် မမည်ပါလေ။

♣

## ၅–ပဉ္စမဝဂ် (၅၂) ၁၀–ဖလဉာဏကထာ[၁]

၄၄၃။ သကဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သာဝကသည် ဖိုလ်၏ ပြဖွယ်ကိစ္စကို ပညတ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သာဝကအား ဖိုလ်၏ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းသည်လည်းကောင်း၊ ဣန္ဒြေတို့၏ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းသည်လည်းကောင်း၊ ပုဂ္ဂိုလ်၏ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သာဝကအား ခန္ဓာဟူ၍ ပညတ်ခြင်း အာယတနဟူ၍ ပညတ်ခြင်း ဓာတ်ဟူ၍ ပညတ်ခြင်း သစ္စာဟူ၍ ပညတ်ခြင်း ဣန္ဒြေဟူ၍ ပညတ်ခြင်း ပုဂ္ဂိုလ်ဟူ၍ ပညတ်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သာဝကသည် မာရ်ငါးပါးကို အောင်နိုင်သလော၊ လူနတ်တို့၏ ဆရာဖြစ်သလော၊ မဖောက်မပြန် ကိုယ်တိုင်အလုံးစုံသော ဥေယျဓမ်တို့ကို သိသလော၊ အလုံးစုံကို သိသလော၊ အလုံးစုံကိုမြင်သလော၊ တရားကြောင့် လူနတ်တို့၏ အရှင်သခင်လော၊ တရားကြောင့် လူနတ်တို့၏ ကိုးကွယ်ရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သာဝကသည် မဖြစ်သေးသော မဂ်ကို ဖြစ်စေနိုင်သူ၊ မဖြစ်ပေါ်လာသေးသော မဂ်ကို ဖြစ်ပေါ်လာစေသူ၊ မဟောအပ်သေးသော မဂ်ကို ဟောပြောသူ၊ မဂ်ကို သိသူ၊ မဂ်ကို နားလည်သူ၊ မဂ်၌ ကျွမ်းကျင်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၄။ ပရဝါဒီ။ ။ သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သာဝကသည် ဉာဏ်မရှိသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သာဝကအား ဖိုလ်၌ (သိသော) ဉာဏ်သည် ရှိ၏။ပ။

**ဖလဉာဏကထာ ပြီး၏။**

**မဟာပဏ္ဏာသက ပြီး၏။**

------

၁။ "ဘုရားရှင်တို့သည်လည်းကောင်း၊ သာဝကတို့သည်လည်းကောင်း၊ သတ္တဝါတို့အား အရိယာဖိုလ်သို့ ရောက်ခြင်းငှါ တရားဟောကြကုန်၏။ ဤသို့ တူသည်၏ အဖြစ်အားဖြင့် ဘုရားရှင်တို့အား ထိုထိုသတ္တဝါတို့ ရောက်အပ်သော ဖလဉာဏ်ရှိသကဲ့သို့ တပည့်သာဝကတို့အားလည်း ထိုသတ္တဝါတို့ ရောက်အပ်သော ဖလဉာဏ် ရှိ၏"ဟု အယူရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို တားမြစ်ရန် ဤဖလဉာဏကထာကို ဟောတော်မူသည်။

♣

## ၆-ဆဋ္ဌဝဂ် (၅၃) ၁-နိယာမကထာ၁

၄၄၅။ သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုနိယာမ (မဂ်) သည် ငြိမ်းအေးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လဲလျောင်းရာ မရွေ့ မလျောရာ မသေရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော၊ မှီခိုရာတို့သည် နှစ်ပါးတို့လော၊ ကိုးကွယ် ရာတို့သည် နှစ်ပါးတို့လော၊ လဲလျောင်းရာတို့သည် နှစ်ပါးတို့လော၊ မရွေ့လျောရာတို့သည် နှစ်ပါးတို့လော၊ မသေရာတို့သည် နှစ်ပါးတို့လော၊ နိဗ္ဗာန်တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နှစ်ပါးသော နိဗ္ဗာန်တို့၏ မြင့်ကုန်နိမ့်ကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ ယုတ်ကုန် မြတ်ကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ သာလွန်ခြင်း ယုတ်ညံ့ခြင်းသည်လည်းကောင်း၊ အပိုင်းအခြားသည်လည်းကောင်း၊ အကွဲအပြားသည်လည်းကောင်း၊ အရေးအကြောင်းသည်လည်းကောင်း၊ အကြားသည် လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိယာမ (မဂ်) သို့ ရောက်ကုန် ရကုန် ဥပါဒ်စေကုန် ကောင်းစွာ ဥပါဒ်စေကုန် ပေါ်ပေါက်စေကုန် ကောင်းစွာ ပေါ်ပေါက်စေကုန် ဖြစ်ပေါ်စေကုန် ကောင်းစွာ ဖြစ်ပေါ်စေကုန် ဖြစ်စေကုန် ကောင်းစွာ ဖြစ်စေကုန်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အချို့သူတို့သည် အသင်္ခတတို့ ရောက်ကုန် ရကုန် ဥပါဒ်ဖြစ်စေကုန် ကောင်းစွာ ဥပါဒ်စေကုန် ပေါ်ပေါက်စေကုန် ကောင်းစွာ ပေါ်ပေါက်စေကုန် ဖြစ်ပေါ်စေကုန် ကောင်းစွာ ဖြစ်ပေါ်စေကုန် ဖြစ်စေကုန် ကောင်းစွာ ဖြစ်စေကုန်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၆။ သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ မဂ်သည် သင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သောတာပတ္တိနိယာမ (မဂ်) သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်သည် သခ်ၤတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိနိယာမ (မဂ်) သည် သခ်ၤတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိနိယာမ (မဂ်) သည်။ပ။ အနာဂါမိနိယာမ (မဂ်) သည်။ပ။ အရဟတ္တ နိယာမ (မဂ်) သည် အသခ်ၤတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တမဂ်သည် အသခ်ၤတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်သည် သခ်ၤတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တနိယာမ (မဂ်) သည် သခ်ၤတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိနိယာမ (မဂ်) သည် အသခ်ၤတလော။ပ။ အရဟတ္တနိယာမ (မဂ်) သည် အသခ်ၤတလော၊ နိဗ္ဗာန်သည် အသခ်ၤတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသခ်ၤတတို့သည် ငါးပါးတို့လော[၆]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသခ်ၤတတို့သည် ငါးပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၇]။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် ငါးပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိယာမ (မဂ်) သည် အသခ်ၤတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ဖောက်ပြန်သောအားဖြင့် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲ ဖြစ်သော) မိစ္ဆတ္တ နိယာမသည် အသခ်ၤတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖောက်ပြန်သောအားဖြင့် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော မိစ္ဆတ္တနိယာမသည် အသင်္ခတလော[၆]။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဖောက်ပြန်သောအားဖြင့် မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော သမ္မတ္တနိယာမမဂ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၇။ ပရဝါဒီ။ ။ နိယာမ (မဂ်) သည် အသင်္ခတတည်းဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ နိယာမ (မဂ်) သည် ဖြစ်ပြီး၍ ချုပ်လတ်သော် အနိယတ ဖြစ်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် နိယာမ (မဂ်) သည် အသင်္ခတတည်း။

ပရဝါဒီ။ ။ ဖောက်ပြန်သောအားဖြင့် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော မိစ္ဆတ္တနိယာမသည် ဖြစ်ပြီး၍ ချုပ်လတ်သော် အနိယတ ဖြစ်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဖောက်ပြန်သောအားဖြင့် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲဖြစ်သော မိစ္ဆတ္တနိယာမသည် အသင်္ခတတရားတည်း။

**နိယာမကထာ ပြီး၏။**

------

၁။ ဘဗ္ဗော နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံ–ဟု ဟောတော်မူသောကြောင့် အရိယာမဂ်ကို နိယာမဟု ဆိုအပ်၏၊ နိယာမ မည်သော အရိယာမဂ်သည် ဖြစ်ပေါ်ပြီး၍ ချုပ်ပျောက်သွားပါသော်လည်း ပုဂ္ဂိုလ်သည် အနိယတ မည်သည် မဖြစ်နိုင်၊ ထို့ကြောင့် ထိုအရိယာမဂ်သည် မြဲသောအနက်ကြောင့် အသင်္ခတ မည်၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီတို့၏ အယူကို တားမြစ်ရန် ဤနိယာမကထာကို ဟောတော်မူသည်။
၂။ ဖြစ်ခြင်းချုပ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ မဂ်သည် ချုပ်ပြီးဖြစ်သော်လည်း နိယာမ ရှိသည့်အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ အသင်္ခတငါးပါးဟု လာသောအရာ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၅။ တစ်ဖန် နောက်ထပ်မေးမြန်းလတ်သော် သမ္မတ္တနိယာမလေးပါးတို့ကို နိယာမဟု ဟောသောကြောင့်လည်းကောင်း၊ နိဗ္ဗာန်၏လည်း အသင်္ခတမည်သောကြောင့်လည်းကောင်း ပရဝါဒီက ဝန်ခံပြန်သည်။
၆။ နိယာမသဒ္ဒါသာမညဖြင့် အသင်္ခတအဖြစ်၏ ယုတ္တိမရှိသည်ကို ပြလို၍ မေးသည်။

♣

## ၆-ဆဋ္ဌဝဂ် (၅၄) ၂-ပဋိစ္စသမုပ္ပါဒကထာ[၁]

၄၄၈။ သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ပဋိစ္စသမုပ္ပါဒ်သည်) ငြိမ်းအေးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လဲလျောင်းရာ မရွေ့လျောရာ မသေရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော၊ မှီခိုရာတို့သည် နှစ်ပါးတို့လော၊ ကိုးကွယ် ရာတို့သည် နှစ်ပါးတို့လော၊ လဲလျောင်းရာတို့သည် နှစ်ပါးတို့လော၊ မရွေ့လျောရာတို့သည် နှစ်ပါးတို့လော၊ မသေရာတို့သည် နှစ်ပါးတို့လော၊ နိဗ္ဗာန်တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နှစ်ပါးသော နိဗ္ဗာန်တို့၏ မြင့်ကုန် နိမ့်ကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ ယုတ်သည် မြတ်သည်၏ အဖြစ်သည်လည်းကောင်း၊ သာလွန်ခြင်း ယုတ်ညံ့ခြင်းသည်လည်းကောင်း၊ အပိုင်း အခြားသည်လည်းကောင်း၊ အကွဲအပြားသည်လည်းကောင်း၊ အရေးအကြောင်းသည်လည်းကောင်း၊ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၄၉။ သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် (ဖြစ်သော) သင်္ခါရတို့သည် အသင်္ခတတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် (ဖြစ်သော) သင်္ခါရတို့သည် သင်္ခတတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သင်္ခါရဟူသော အကြောင်းကြောင့် (ဖြစ်သော) ဝိညာဏ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရဟူသော အကြောင်းကြောင့် (ဖြစ်သော) ဝိညာဏ်သည် သင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိညာဏ်ဟူသော အကြောင်းကြောင့် (ဖြစ်သော) နာမ် ရုပ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏ်ဟူသော အကြောင်းကြောင့် (ဖြစ်သော) နာမ် ရုပ်သည် သင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဇာတိဟူသော အကြောင်းကြောင့် (ဖြစ်သော) ဇရာမရဏသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဇာတိဟူသော အကြောင်းကြောင့် (ဖြစ်သော) ဇရာမရဏသည် သင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၀။ ပရဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏။ (အကြင်ဓာတ်သဘောသည်) မြတ်စွာဘုရားတို့ ပွင့်တော်မူခြင်းကြောင့်သော်လည်းကောင်း၊ မြတ်စွာဘုရားတို့ ပွင့်တော်မမူခြင်းကြောင့်သော်လည်းကောင်း တည်ရှိသည်သာ (ဖြစ်၏)။ ထိုဓာတ်သဘောသည် တရားတို့၏ တည်သည်၏အဖြစ် တရားတို့၏ မြဲသည်၏အဖြစ် ဤအကျိုးတရားတို့၏ အကြောင်းတရား၏ အဖြစ်ပေ တည်း။ ထိုဓာတ်သဘောကို မြတ်စွာဘုရားသည် ကောင်းစွာ သိတော်မူ၏၊ ထိုးထွင်း၍ သိတော်မူ၏၊ ကောင်းစွာ သိပြီး၍ ထိုးထွင်းသိပြီး၍ ဟောကြားတော်မူ၏၊ ဟောပြတော်မူ၏၊ ပညတ်တော်မူ၏၊ ထားတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင် ပြုတော်မူ၏၊ ကြည့်ရှုကြကုန်လော့ဟူ၍ လည်း မိန့်တော်မူ၏။

ရဟန်းတို့ ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏။ ရဟန်းတို့ ဘဝဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏။ပ။ ရဟန်းတို့ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ (အကြင်ဓာတ်သဘောသည်) မြတ်စွာဘုရားတို့၏ ပွင့်တော်မူခြင်းကြောင့်သော်လည်းကောင်း၊ မြတ်စွာဘုရားတို့ မပွင့်တော်မူခြင်းကြောင့်သော်လည်းကောင်း တည်ရှိသည်သာ ဖြစ်၏။ ထိုဓာတ်သဘောသည်။ပ။ ကြည့်ရှုကြကုန်လော့ဟူ၍လည်း မိန့်တော်မူ၏။ ရဟန်းတို့ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ထိုအကြောင်းကြောင့် အကျိုးဖြစ်ရာ၌ မှန်ကန်သည်၏ အဖြစ် မချွတ်ယွင်းသည်၏ အဖြစ် တစ်မျိုးတခြား မဟုတ်သည်၏ အဖြစ် ဤအကျိုးတရားတို့၏ အကြောင်းတရား၏ အဖြစ်ကို ပဋိစ္စသမုပ္ပါဒ်ဟူ၍ ဆိုအပ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတတည်း။

၄၅၁။ သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူသော ထိုစကား၌ အကြင်တရားတို့၏ တည်သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပ ါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ဟူသော ထိုစကား၌ တရားတို့၏ တည်တံ့သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏ဟူသော ထိုစကား၌ တရားတို့၏ တည်တံ့သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် သုံးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် သုံးပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် သုံးပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ဟူသော ထိုစကား၌ တရားတို့၏ တည်သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏ဟူသော ထိုစကား၌ တရားတို့၏ တည်သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော။ပ။ ဇာတိဟူသော ကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏ဟူသော ထိုစကား၌ တရားတို့၏ တည်သည်၏ အဖြစ် မြဲသည်၏ အဖြစ်သည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် တစ်ဆယ့်နှစ်ပါးတို့လော၊ မှီခိုရာတို့သည် တစ်ဆယ့်နှစ်ပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ပဋိစ္စသမုပ္ပါဒကထာ ပြီး၏။**

------

၁။ “ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာဂတာနံ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ” အစရှိသော စကားကို နိဒါနဝဂ္ဂသံယုတ်၌ ဟောတော်မူသောကြောင့် ပဋိစ္စသမုပ္ပါဒ်သည် အသင်္ခတဟု အယူရှိသူ ပုဗ္ဗသေလိယနှင့် မဟိသာသကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူကို တားမြစ်လို၍ ဤပဋိစ္စသမုပ္ပါဒကထာကို ဟောသည်။

♣

## ၆–ဆဋ္ဌဝဂ် (၅၅) ၃–သစ္စကထာ[၁]

၄၅၂။ သကဝါဒီ။ ။ သစ္စာလေးပါးတို့သည် အသင်္ခတတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၂]။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် လေးပါးတို့လော၊ မှီခိုရာတို့သည် လေးပါးတို့လော၊ ကိုးကွယ်ရာတို့သည် လေးပါးတို့လော၊ လဲလျောင်းရာတို့သည် လေးပါးတို့လော၊ မရွေ့လျောရာတို့သည် လေးပါးတို့လော၊ မသေရာတို့သည် လေးပါးတို့လော၊ နိဗ္ဗာန်တို့သည် လေးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်တို့သည် လေးပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လေးပါးတို့၏ မြင့်ကုန် နိမ့်ကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ ယုတ်သည် မြတ်သည်၏ အဖြစ်သည်လည်းကောင်း၊ လွန်ကဲခြင်း ယုတ်လျော့ခြင်းသည်လည်းကောင်း၊ အပိုင်းအခြားသည်လည်းကောင်း၊ အကွဲအပြားသည်လည်းကောင်း၊ အရေးအကြောင်းသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏[၃]။

သကဝါဒီ။ ။ ဒုက္ခသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာယိကဒုက္ခ စေတသိကဒုက္ခ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် အသင်္ခတတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမုဒယသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည်။ပ။ သမ္မာသမာဓိသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခသည် သင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယိကဒုက္ခ စေတသိကဒုက္ခ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် သစ်တတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် သစ်တလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသည် သစ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမုဒယသစ္စာသည် သစ်တလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည် သစ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမုဒယသစ္စာသည် သစ်တလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်သည် သစ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် သစ်တလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည်။ပ။ သမ္မာသမာဓိသည် သစ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် သစ်တလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၃။ သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်၍ နိရောဓသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် အသင်္ခတဖြစ်၍ ဒုက္ခသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်၍ နိရောဓသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမုဒယသစ္စာသည် အသင်္ခတဖြစ်၍ သမုဒယသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်၍ နိရောဓသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် အသင်္ခတဖြစ်၍ မဂ်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခသစ္စာသည် အသင်္ခတဖြစ်ပါလျက် ဒုက္ခသည် သင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်ပါလျက် နိရောဓသည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမုဒယသစ္စာသည် အသင်္ခတဖြစ်ပါလျက် သမုဒယသည် သင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်ပါလျက် နိရောဓသည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ္ဂသစ္စာသည် အသင်္ခတဖြစ်ပါလျက် မဂ်သည် သင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိရောဓသစ္စာသည် အသင်္ခတဖြစ်ပါလျက် နိရောဓသည် သင်္ခတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၄။ ပရဝါဒီ။ ။ သစ္စာလေးပါးတို့သည် အသင်္ခတတို့ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤတရားလေးပါးတို့သည် မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ တစ်မျိုးတစ်မည် မဖြစ်ကုန်။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤတရားသည် ဆင်းရဲတည်း၊ ဤသို့လျှင် ဤဆင်းရဲခြင်းသည် မှန်၏၊ ဤဆင်းရဲသည် မချွတ်ယွင်း၊ ဤဆင်းရဲသည် တစ်မျိုးတစ်မည် မဖြစ်။ပ။ ဤတရားကား ဆင်းရဲကြောင်းတည်း။ပ။ ဤတရားကား ဆင်းရဲချုပ်ရာတည်း။ပ။ ဤတရားကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်း၊ ဤသို့လျှင် ဤဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်သည် မှန်၏၊ ဤဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်သည် မချွတ်ယွင်း၊ ဤဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်သည် တစ်မျိုးတခြား မဖြစ်။ ရဟန်းတို့ ဤတရားလေးပါးတို့သည် မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ တစ်မျိုးတခြား မဖြစ်ကုန်"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် သစ္စာလေးပါးတို့ကား အသင်္ခတတို့တည်း။

**သစ္စကထာ ပြီး၏။**

------

၁။ စတ္တာရိမာနိ ဘိက္ခဝေ တထာနိ အဝိတထာနိ ဟူသော သုတ်ကို အမှီပြု၍ သစ္စာလေးပါးတို့သည် မြဲကုန်၏၊ အသင်္ခတ ဖြစ်ကုန်၏ဟု အယူရှိသူ ပုဗ္ဗသေလိယဂိုဏ်းဝင်တို့ကို ရည်ရွယ်လျက် ဤသစ္စကထာကို ဟောတော်မူသည်။
၂။ ဒုက္ခသမုဒယမဂ္ဂတို့၌ ဝတ္ထုသစ္စာသည် သင်္ခတ၊ လက္ခဏသစ္စာသည် အသင်္ခတ၊ နိရောဓ၌ ဝတ္ထုသစ္စာ မရှိ၊ အသင်္ခတသာ ဖြစ်၏ဟူသော အလိုဖြင့် ဝန်ခံသည်။
၃။ မိမိအယူ၏ အစွမ်းဖြင့် လက္ခဏသစ္စာကို ရည်ရွယ်၍ ဝန်ခံသည်။
၄။ ဝတ္ထုသစ္စာကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၆–ဆဋ္ဌဝဂ် (၅၆) ၄–အာရုပ္ပကထာ[၁]

၄၅၅။ သကဝါဒီ။ ။ အာကာသာနဉ္စာယတနတရားသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (အာကာသာနဉ္စာယတနသည်) နိဗ္ဗာန်လော၊ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လဲလျောင်းရာ မရွေ့လျောရာ မသေရာ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနတရားသည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော။ပ။ အကြားသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနတရားသည် အသင်္ခတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနတရားသည် ဖြစ်ရာ'ဘဝ'လော၊ လားရောက်ရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာ 'သတ္တဝါသ'လော၊ ကျင်လည်ရာ

'သံသရာ'လော၊ ခန္ဓာအဖို့အစု 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာ 'ဝိညာဏဋ္ဌိတိ'လော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတသည် ဖြစ်ရာ 'ဘဝ'လော၊ လားရောက်ရာ 'ဂတိ'လော၊ သတ္တဝါတို့ တည် နေရာ 'သတ္တဝါသ'လော၊ ကျင်လည်ရာ 'သံသရာ'လော၊ ခန္ဓာအဖို့အစု 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာ 'ဝိညာဏဋ္ဌိတိ'လော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်နိုင်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အသင်္ခတသို့ ရောက်နိုင်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အသင်္ခတသို့ ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံ၌ သတ္တဝါတို့သည် ဖြစ်ကုန်သလော၊ အိုကုန်သလော၊ သေကုန်သလော၊ ရွေ့လျောကုန်သလော၊ ပဋိသန္ဓေ နေကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတ၌ သတ္တဝါတို့သည် ဖြစ်ကုန်သလော၊ အိုကုန်သလော၊ သေကုန်သလော၊ ရွေ့လျောကုန်သလော၊ ပဋိသန္ဓေ နေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အသင်္ခတ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသာနဉ္စာယတနဘုံသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၆။ ပရဝါဒီ။ ။ အရူပဈာန်လေးပါးတို့ကို အသခ်တတို့ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အရူပဈာန်လေးပါးတို့ကို မတုန်လှုပ်သောတရားတို့"ဟူ၍ မြတ်စွာဘုရား ဟောအပ် ကုန်သည် မဟုတ်ပါလော[၂]။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အရူပဈာန်လေးပါးတို့ကို မတုန်လှုပ်သော တရားတို့ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါကုန်မူ ထိုအကြောင်းကြောင့် အရူပဈာန်လေးပါးတို့သည် အသခ်တတို့တည်းဟူ၍ ဆိုသင့်၏။

**အာရုပ္ပကထာ ပြီး၏။**

------

၁။ စတ္တာရော အာရုပ္ပါ အာနေဉ္ဇာဟူသော စကားကို အမှီပြု၍ ထိုအရူပတရားအားလုံးတို့သည် အသခ်တတို့သာတည်းဟု အယူရှိသူတို့ကို ရည်ရွယ်၍ ဤအာရုပ္ပကထာကို ဟောတော်မူသည်။

၂။ သာဝကသုတ်ကို အနက်ကို မသိဘဲ ဆောင်အပ်သည်၏ အဖြစ်ကြောင့် ဆောင်သော်လည်း မဆောင်သည်နှင့် တူတော့သည်သာတည်း။

♣

## ၆-ဆဋ္ဌဝဂ် (၅၇) ၅-နိရောဓသမာပတ္တိကထာ[၁]

၄၅၇။ သကဝါဒီ။ ။ နိရောဓသမာပတ်သည် အသခ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုနိရောဓသမာပတ်သည် ငြိမ်းအေးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လဲလျောင်းရာ မရွေ့လျောရာ မသေရာ ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသမာပတ်သည် အသခ်တလော၊ နိဗ္ဗာန်သည် အသခ်တလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသခ်တတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသခ်တတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသမာပတ်သည် အသညတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စိတ်စေတသိက်စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန် ရကုန် ဥပါဒ်စေကုန် ကောင်းစွာ ဥပါဒ်စေကုန် ပေါ်ပေါက်စေကုန် ကောင်းစွာ ပေါ်ပေါက်စေကုန် ဖြစ်ပေါ်စေကုန် ကောင်းစွာ ဖြစ်ပေါ်စေကုန် ဖြစ်စေကုန် ကောင်းစွာ ဖြစ်စေကုန်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အသညတသို့ ရောက်ကုန် ရကုန် ဥပါဒ်စေကုန် ကောင်းစွာ ဥပါဒ်စေကုန် ပေါ်ပေါက်စေကုန် ကောင်းစွာ ပေါ်ပေါက်စေကုန် ဖြစ်ပေါ်စေကုန် ကောင်းစွာ ဖြစ်ပေါ်စေကုန် ဖြစ်စေကုန် ကောင်းစွာ ဖြစ်စေကုန်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၈။ သကဝါဒီ။ ။ ချုပ်ငြိမ်းခြင်း (နိရောဓ)ကြောင့် ဖြူစင်ခြင်း (နိရောဓမှ) ထခြင်းသည် ထင်ရှားပါသလော။

ပရဝါဒီ။ ။ ဩော် ထင်ရှားပါ၏။

သကဝါဒီ။ ။ အသညတကြောင့် ဖြူစင်ခြင်း (အသညတမှ) ထခြင်းသည် ထင်ရှားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ နိရောဓသမာပတ်ဝင်စားသူအား ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်သလော၊ ထို့နောက် ကာယသင်္ခါရ ထို့နောက် စိတ္တသင်္ခါရသည် ချုပ်ပါသလော[၃]။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသညတသို့ ရောက်သူအား ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်သလော၊ ထို့နောက် ကာယသင်္ခါရ ထို့နောက် စိတ္တသင်္ခါရသည် ချုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသမာပတ်မှ ထသူအား စိတ္တသင်္ခါရသည် ရှေးဦးစွာ ဖြစ်သလော၊ ထို့နောက် ကာယသင်္ခါရ ထို့နောက် စိတ္တသင်္ခါရသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသညတမှ ထသူအား စိတ္တသင်္ခါရသည် ရှေးဦးစွာ ဖြစ်သလော၊ ထို့နောက် ကာယသင်္ခါရ ထို့နောက် ဝစီသင်္ခါရသည် ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသမာပတ်မှ ထသူကို သုညတဖဿလည်းကောင်း၊ အနိမိတ္တဖဿလည်းကောင်း၊ အပ္ပဏိဟိတဖဿလည်းကောင်း ဤသို့ ဖဿသုံးမျိုးတို့သည် တွေ့ထိကုန်သလော။

ပရဝါဒီ။ ။ ဩော် တွေ့ထိကုန်၏။

သကဝါဒီ။ ။ အသင်္ခတမှ ထသူကို သုညတဖဿလည်းကောင်း၊ အနိမိတ္တဖဿလည်းကောင်း၊ အပ္ပဏိဟိတဖဿလည်းကောင်း ဤသို့ ဖဿသုံးမျိုးတို့သည် တွေ့ထိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိရောဓသမာပတ်မှ ထပြီးသူ၏ စိတ်သည် ဆိတ်ငြိမ်မှုသို့ ညွတ်သည် ဆိတ်ငြိမ်မှုသို့ ကိုင်းသည် ဆိတ်ငြိမ်မှုသို့ ရှိုင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတမှ ထပြီးသူ၏ စိတ်သည် ဆိတ်ငြိမ်မှုသို့ ညွတ်သည် ဆိတ်ငြိမ်မှုသို့ ကိုင်းသည် ဆိတ်ငြိမ်မှုသို့ ရှိုင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၅၉။ ပရဝါဒီ။ ။ နိရောဓသမာပတ်သည် အသင်္ခတတည်းဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ သင်္ခတတည်းဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့် နိရောဓသမာပတ်သည် အသင်္ခတတည်း[၄]။

**နိရောဓသမာပတ္တိကထာ ပြီး၏။**

------

၁။ ခန္ဓာလေးပါးတို့၏ မဖြစ်ခြင်းသည်ပင် နိရောဓသမာပတ်မည်၏၊ သင်္ခတ အသင်္ခတ လက္ခဏာတို့ မရှိသောကြောင့် သင်္ခတဟူ၍လည်းကောင်း၊ အသင်္ခတဟူ၍လည်းကောင်း မဆိုအပ်။ သင်္ခတ မဟုတ်သောကြောင့် အသင်္ခတဟု အယူရှိသူ အန္ဓကနှင့် ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤနိရောဓသမာပတ္တိကထာကို ဟောတော်မူသည်။

၂။ အသင်္ခတတရားကြောင့် ဖြူစင်ခြင်း ထခြင်း မရှိနိုင်ရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရမည်၏၊ ထွက်သက်ဝင်သက်သည် ကာယသင်္ခါရမည်၏၊ သညာ ဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏။

၄။ ပရဝါဒီဆရာသည် သင်္ခတ မဟုတ်သောကြောင့် အသင်္ခတဟု အယူရှိ၏၊ ဤအယူသည် အသင်္ခတဖြစ်၍ အကြောင်းယုတ္တိ မရှိပေ၊ ထို့ကြောင့် ထိုစကားကို ဆိုသော်လည်း မဆိုသည်နှင့် တူ၏။

♣

## ၆-ဆဋ္ဌဝဂ် (၅၈) ၆-အာကာသကထာ[၁]

၄၆၀။ သကဝါဒီ။ ။ အာကာသသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုအာကာသသည် ငြိမ်းအေးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လဲလျောင်းရာ ရွေ့လျောရာ မသေရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသသည် အသင်္ခတလော၊ နိဗ္ဗာန်သည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုန်းအောင်းရာတို့သည် နှစ်ပါးတို့လော။ပ။ အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသသည် အသင်္ခတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အာကာသမဟုတ်သည်ကို အာကာသဟု ပြုလုပ်သော အချို့သူတို့ ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ သင်္ခတကို အသင်္ခတဟု ပြုလုပ်သော အချို့သူတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသကို အာကာသမဟုတ်ဟု ပြုလုပ်သော အချို့သူတို့ ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အသင်္ခတကို သင်္ခတဟု ပြုလုပ်သော အချို့သူတို့ ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသ၌ ငှက်တို့သည် ပျံသွားကုန်သလော၊ လ နေတို့သည် သွားကုန်သလော၊ ကြယ်အပေါင်းတို့သည် သွားကုန်သလော၊ တန်ခိုးကို ဖန်ဆင်းကုန်သလော၊ လက်ရုံးကို လှုပ်ရှားစေကုန်သလော၊ လက်ကို လှုပ်ရှားစေကုန်သလော၊ ခဲကို ပစ်လွှင့်ကုန်သလော၊ ဆောက်ပုတ်ကို ပစ်လွှင့်ကုန်သလော၊ တန်ခိုးကို (လှံကို) ပစ်လွှင့်ကုန်သလော၊ မြားကို ပစ်လွှင့်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသင်္ခတ၌ ငှက်တို့သည် ပျံသွားကုန်သလော၊ လ နေတို့သည် သွားကုန်သလော၊ ကြယ်အပေါင်းတို့သည် သွားကုန်သလော၊ တန်ခိုးကို ဖန်ဆင်းကုန်သလော၊ လက်ရုံးကို လှုပ်ရှားစေကုန်သလော၊ လက်ကို လှုပ်ရှားစေကုန်သလော၊ ခဲကို ပစ်လွှင့်ကုန်သလော၊ ဆောက်ပုတ်ကို ပစ်လွှင့်ကုန်သလော၊ တန်ခိုးကို (လှံကို) ပစ်လွှင့်ကုန်သလော၊ မြားကို ပစ်လွှင့်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၆၁။ သကဝါဒီ။ ။ အာကာသကို ဝန်းရံစေ၍ အိမ်တို့ကို ဆောက်လုပ်ကုန်သလော၊ ကျီကြတို့ကို ဆောက်လုပ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဆောက်လုပ်ပါကုန်၏။

သကဝါဒီ။ ။ အသင်္ခတကို ဝန်းရံစေ၍ အိမ်တို့ကို ဆောက်လုပ်ကုန်သလော၊ ကျီကြတို့ကို ဆောက်လုပ်ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရေတွင်းကို တူးအပ်သည်ရှိသော် အာကာသမဟုတ်သော အရာသည် အာကာသ ဖြစ်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သင်္ခတမဟုတ်သော အရာသည် အသင်္ခတ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤ သို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရေမရှိသော ရေတွင်းကို ရေဖြင့် ပြည့်စေအပ်သည်ရှိသော် စပါးမရှိသော ကျီကြကို (စပါးဖြင့်) ပြည့်စေအပ်သည်ရှိသော် အချည်းနှီးသော အိုးကို ရေဖြင့် ပြည့်စေအပ်သည်ရှိသော် အာကာသသည် ကွယ်ပျောက်ပါသလော။

ပရဝါဒီ။ ။ သြော် ကွယ်ပျောက်ပါ၏။

သကဝါဒီ။ ။ အသင်္ခတသည် ကွယ်ပျောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၆၂။ ပရဝါဒီ။ ။ အာကာသသည် အသင်္ခတဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အာကာသသည် သင်္ခတလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အာကာသသည် အသင်္ခတတည်း။

**အာကာသကထာ ပြီး၏။**

------

၁။ အာကာသသည် ပရိစ္ဆေဒါကာသ၊ ကသိဏုဂ္ဃါဋိမာကာသ၊ အဇဋာကာသဟု သုံးပါးရှိ၏။ ထိုတွင် ပရိစ္ဆေဒါကာသသည် သင်္ခတ ဖြစ်၏၊ ကျန်နှစ်ပါးတို့သည် ပညတ်မျှသာ ဖြစ်ကုန်၏၊ ထိုပညတ်မျှဖြစ်သော အာကာသနှစ်ပါးတို့သည် သင်္ခတ မဟုတ်သောကြောင့် အသင်္ခတဟု အယူရှိသူ ဥတ္တရာပထကနှင့် မဟိသာသကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤအာကာသကထာကို ဟောတော်မူသည်။

♣

## ၆–ဆဋ္ဌဝဂ် (၅၉) ၇–အာကာသော သနိဒဿနောတိကထာ[၁]

၄၆၃။ သကဝါဒီ။ ။ အာကာသသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အာကာသသည် ရူပါရုံလော၊ ရူပါယတနလော၊ ရူပဓာတ်လော၊ အညိုလော၊ အရွှေလော၊ အနီလော၊ အဖြူလော၊ မျက်စိဖြင့် မြင်ထိုက်ပါသလော၊ မျက်စိ၌ ထိခိုက်ပါသလော၊ မျက်စိအား ထင်ခြင်းသို့ ရောက်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အာကာသသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ အာကာသကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ အာကာသကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏[၄]။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ အာကာသကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါ၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) သည် ရှိခဲ့ပါမူ စက္ခုကိုလည်းကောင်း၊ အာကာသကိုလည်းကောင်း စွဲ၍ စက္ခု ဝိညာဏ်သည် ဖြစ်၏ဟူ၍ မဆိုသင့်။

၄၆၄။ ပရဝါဒီ။ ။ အာကာသသည် မြင်အပ်သော သဘောရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သစ်ပင်နှစ်ပင်တို့၏ အကြားကိုလည်းကောင်း၊ တိုင်နှစ်လုံးတို့၏ အကြားကိုလည်းကောင်း၊ သံကောက် (သော့) ပေါက်ကိုလည်းကောင်း၊ လေသာပြူတင်းပေါက်ကိုလည်းကောင်း မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သစ်ပင်နှစ်ပင်တို့၏ အကြားကိုလည်းကောင်း၊ တိုင်နှစ်လုံးတို့၏ အကြားကိုလည်းကောင်း၊ သံကောက် (သော့) ပေါက်ကိုလည်းကောင်း၊ လေသာပြူတင်းပေါက်ကိုလည်းကောင်း မြင်ရပါမူ ထိုအကြောင်းကြောင့် အာကာသသည် မြင်အပ်သော သဘောရှိ၏ဟူ၍ ဆိုသင့်၏[၅]။

**အာကာသော သနိဒဿနောတိကထာ ပြီး၏။**

------

၁။ သံကောက်ပေါက် (သော့ပေါက်) အစရှိသည်တို့၌ ဉာဏ် (အမြင်) ဖြစ်ခြင်းကို အမှီပြု၍ အဇ္ဈာကာသအားလုံးသည် မြင်အပ်သောသဘောရှိသော သနိဒဿနမည်၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောသည်။
၂။ အာကာသသည် သနိဒဿနသဘောရှိမူ ဤသို့ အပြားရှိရာ၏ဟု စောဒနာလို၍ ဤအမေးကို မေးသည်။
၃။ ဤသို့သဘောရှိသော သုတ်မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ တိုင်နှစ်လုံးတို့၏ အကြားဖြစ်သော အာကာသကို စက္ခုဝိညာဏ်ဖြင့် သိနိုင်ခြင်းကို အမှီပြု၍ ဝန်ခံသည်။
၅။ ဤနေရာ၌ သစ်ပင် စသည်တို့၏ အဆင်းကို မြင်၍ အကြား၌ ရုပ်မရှိသည်ကို အာကာသတည်းဟု မနောဒွါရဝိညာဏ် ဖြစ်ခြင်းမျှသာ၊ စက္ခုဝိညာဏ် မဟုတ်၊ (ထို့ကြောင့် ပရဝါဒီ၏စကား မတည်)။

♣

## ၆-ဆဋ္ဌဝဂ် (၆ဝ) ၈-ပထဝီဓာတု သနိဒဿနာတိအာဒီကထာ[၁]

၄၆၅။ သကဝါဒီ။ ။ ပထဝီဓာတ်သည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပထဝီဓာတ်သည် ရူပါရုံလော၊ ရူပါယတနလော၊ ရူပဓာတ်လော၊ အညိုလော၊ အရွှေလော၊ အနီလော၊ အဖြူလော၊ စက္ခုဖြင့် မြင်အပ်ပါသလော၊ စက္ခု၌ ထိခိုက်ပါသလော၊ စက္ခုအား ထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပထဝီဓာတ်သည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ပထဝီဓာတ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ပထဝီဓာတ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ပထဝီဓာတ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ စက္ခုကိုလည်းကောင်း၊ ပထဝီကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူ၍ မဆိုသင့်။

၄၆၆။ ပရဝါဒီ။ ။ ပထဝီဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ မဆိုသင့်ပါလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မြေကို ကျောက်ကို တောင်ကို မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြေကို ကျောက်ကို တောင်ကို မြင်ခဲ့ပါမူ ထိုအကြောင်းကြောင့် ပထဝီဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ အာပေါဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟု မဆိုသင့်ပါလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရေကို မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရေကို မြင်ခဲ့ပါမူ ထိုအကြောင်းကြောင့် အာပေါဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ တေဇောဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ တောက်လောင်နေသော မီးကို မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ တောက်လောင်နေသော မီးကို မြင်ရပါမူ ထိုအကြောင်းကြောင့် တေဇောဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ ဝါယောဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ လေသည် လှုပ်ရှားစေအပ်သော သစ်ပင်တို့ကို မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ လေသည် လှုပ်ရှားစေအပ်သော သစ်ပင်တို့ကို မြင်ရခဲ့ပါမူ ထိုအကြောင်းကြောင့် ဝါယောဓာတ်သည် မြင်အပ်သော သဘောရှိ၏ဟူ၍ ဆိုသင့်၏။

**ပထဝီဓာတု သနိဒဿနာတိအာဒိကထာ ပြီး၏။**

------

၁။ ကျောက် ရေ မီးလျှံ သစ်ပင်လှုပ်ခြင်း စသည်တို့နှင့် စက္ခုစသော ဣန္ဒြေငါးပါးတို့၏ တည်ရာ စသည်တို့၏ အဆင်းဟူသော ဝဏ္ဏာယတနကိုလည်းကောင်း၊ ကာယဝိညတ်ဖြစ်သောအခါ၌ လက်ခြေ စသည်တို့၏ အဆင်းကိုလည်းကောင်း မြင်ရ၍ ပထဝီဓာတ် စသည်တို့သည် သနိဒဿနတို့တည်းဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၆–ဆဋ္ဌဝဂ် (၆၁) ၉–စက္ခုန္ဒြိယံ သနိဒဿနန္တိအာဒိကထာ

၄၆၇။ သကဝါဒီ။ ။ စက္ခုန္ဒြေသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေသည် ရူပါရုံလော၊ ရူပါယတနလော၊ ရူပဓာတ်လော။ပ။ စက္ခုအား ထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုန္ဒြေသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ စက္ခုန္ဒြေကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ စက္ခုန္ဒြေကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ စက္ခုန္ဒြေကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) သည် ရှိခဲ့ပါမူ စက္ခုကိုလည်းကောင်း၊ စက္ခုန္ဒြေကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူ၍ မဆိုသင့်။

၄၆၈။ ပရဝါဒီ။ ။ ဣန္ဒြေငါးပါးတို့သည် မြင်အပ်သော သဘောရှိကုန်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ စက္ခုကို သောတကို ဃာနကို ဇိဝှါကို ကာယကို မြင်နိုင်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် မြင်နိုင်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကယ်၍ စက္ခုကို သောတကို ဃာနကို ဇိဝှါကို ကာယကို မြင်နိုင်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဣန္ဒြေငါးပါးတို့သည် မြင်အပ်သော သဘောရှိကုန်၏ဟူ၍ ဆိုသင့်ပါ၏။

**စက္ခုန္ဒြိယံ သနိဒဿနန္တိအာဒိကထာ ပြီး၏။**

------

## ၆-ဆဋ္ဌဝဂ် (၆၂) ၁၀-ကာယကမ္မံ သနိဒဿနန္တိကထာ

၄၆၉။ သကဝါဒီ။ ။ ကာယကံသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကာယကံသည် ရူပါရုံလော၊ ရူပါယတနလော၊ ရူပဓာတ်လော၊ အညိုလော၊ အရွှေလော၊ အနီလော၊ အဖြူလော၊ စက္ခုဖြင့် မြင်အပ်ပါသလော၊ စက္ခု၌ ထိခိုက်ပါသလော၊ စက္ခုအား ထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယကံသည် မြင်အပ်သော သဘောရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကာယကံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကာယကံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ကာယကံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူ၍ သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ စက္ခုကိုလည်းကောင်း၊ ကာယကံကိုလည်းကောင်း စွဲ၍ စက္ခု ဝိညာဏ်သည် ဖြစ်၏ဟူ၍ မဆိုသင့်။

၄၇၀။ ပရဝါဒီ။ ။ ကာယကံသည် မြင်အပ်သော သဘောရှိ၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရှေ့သို့ တက်သည်ကို နောက်သို့ ဆုတ်သည်ကို တူရူ ကြည့်ရှုသည်ကို တစောင်း ကြည့်ရှုသည်ကို ကွေးသည်ကို ဆန့်သည်ကို မြင်ရသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် မြင်ရပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရှေ့သို့ တက်သည်ကို နောက်သို့ ဆုတ်သည်ကို တူရူ ကြည့်ရှုသည်ကို တစောင်းကြည့်သည်ကို ကွေးသည်ကို ဆန့်သည်ကို မြင်ရခဲ့ပါမူ ထိုအကြောင်းကြောင့် ကာယကံသည် မြင်အပ်သော သဘော ရှိ၏ဟူ၍ ဆိုသင့်၏။

**ကာယကမ္မံ သနိဒဿနန္တိကထာ ပြီး၏။**

------

# ၇-သတ္တမဝဂ် (၆၃) ၁-သင်္ဂဟိတကထာ[၁]

၄၇၁။ ပရဝါဒီ။ ။ အချို့သောတရားတို့ဖြင့် ရေတွက်အပ်ကုန်သော အချို့သော တရားတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါကုန်။

သကဝါဒီ။ ။ အချို့သောတရားတို့ဖြင့် ရေတွက်ခြင်းသို့ ရောက်ကုန် အကျဉ်းပြုဆိုခြင်းသို့ ရောက် ကုန် (အချို့သော တရားတို့၌) အကျုံးဝင်ကုန်သော အချို့သောတရားတို့ ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အချို့သောတရားတို့ဖြင့် ရေတွက်ခြင်းသို့ ရောက်ကုန် အကျဉ်းပြုဆိုခြင်းသို့ ရောက်ကုန် (အချို့သော တရားတို့၌) အကျုံးဝင်ကုန်သော အချို့သောတရားတို့သည် ရှိခဲ့ပါ ကုန်မူ အချို့သော တရားတို့ဖြင့် ရေတွက်အပ်သော အချို့သော တရားတို့သည် မရှိကုန်ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ စက္ခာယတနသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခာယတနသည် ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် စက္ခာယတနကို ရူပက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ဃာနာယတနသည်။ပ။ ဇိဝှါယတနသည်။ပ။ ကာယာ ယတနသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ရူပက္ခခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာယာယတနသည် ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် ကာယာယတနကို ရူပက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရူပါယတနသည်။ပ။ သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်။ပ။ ရသာယတနသည်။ပ။ ဖောဋ္ဌဗ္ဗာယတနသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖောဋ္ဌဗ္ဗာယတနသည် ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဖောဋ္ဌဗ္ဗာယတနကို ရူပက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သုခဝေဒနာသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ဝေဒနာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသည်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သုခဝေဒနာသည် ဝေဒနာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် သုခဝေဒနာကို ဝေဒနာက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဒုက္ခဝေဒနာသည်။ပ။ အဒုက္ခမသုခဝေဒနာသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ဝေဒနာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အဒုက္ခမသုခဝေဒနာသည် ဝေဒနာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ ပါမူ ထိုအကြောင်းကြောင့် အဒုက္ခမသုခဝေဒနာကို ဝေဒနာက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ သညာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာသည် သညာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာကို သညာ က္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာသည်။ပ။ မနောသမ္ဖဿကြောင့် ဖြစ်သော သညာသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ သညာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မနောသမ္ဖဿကြောင့် ဖြစ်သော သညာသည် သညာက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် မနောသမ္ဖဿကြောင့် ဖြစ်သော သညာကို သညာက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟု ဆိုသင့်၏။

သကဝါဒီ။ ။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော စေတနာသည်။ပ။ မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာသည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာသည် သင်္ခါရက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာကို သင်္ခါရ က္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည်။ပ။ မနောဝိညာဏ်သည် အဘယ်ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါသနည်း။

ပရဝါဒီ။ ။ ဝိညာဏက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မနောဝိညာဏ်သည် ဝိညာဏက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်ခဲ့ပါမူ ထိုအကြောင်းကြောင့် မနောဝိညာဏ်ကို ဝိညာဏက္ခန္ဓာဖြင့် ရေတွက်အပ်၏ဟူ၍ ဆိုသင့်၏။

၄၇၂။ ပရဝါဒီ။ ။ နွားလားနှစ်ကောင်တို့ကို ကြိုးဖြင့်သော်လည်းကောင်း၊ သားရေလွန်ဖြင့်သော် လည်းကောင်း၊ ပေါင်းရုံးချည်ထားအပ်ကုန်သကဲ့သို့သော်လည်းကောင်း၊ ဆွမ်းအုပ်ကို ဆိုင်းဖြင့် သိမ်းယူ (ထည့်ထား) အပ်သကဲ့သို့သော်လည်းကောင်း၊ ခွေးကို တောက် (ခွေးချည်ကြိုး) ဖြင့် သိမ်းယူ (ချည်ထား) အပ်သကဲ့သို့သော်လည်းကောင်း၊ ဤအတူပင် ထိုတရားတို့ကို ထိုတရားတို့ဖြင့် ပေါင်းရုံးရေတွက်အပ်ကုန်သလော။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကြိုးဖြင့်သော်လည်းကောင်း၊ သားရေလွန်ဖြင့်သော်လည်းကောင်း နွားနှစ်ကောင်တို့ကို ပေါင်းရုံး (ချည်ထား) အပ်ခဲ့ကုန်မူ ဆိုင်းအုပ်ဖြင့် ဆွမ်းကို သိမ်းယူ (ထည့်ထား) အပ်ခဲ့ပါမူ ခွေးကို တောက်ဖြင့် ပေါင်းရုံး (ချည်ထား) အပ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အချို့သော တရားတို့ဖြင့် ပေါင်းရုံး (ရေတွက်) အပ်ကုန်သော အချို့သော တရားတို့သည် ရှိကုန်၏ဟူ၍ ဆိုသင့်၏[၂]။

**သင်္ဂဟိတကထာ ပြီး၏။**

------

၁။ ကြိုးအစရှိသည်တို့ဖြင့် နွားအစရှိသည်တို့ကို ချည်ကုန်သကဲ့သို့ အချို့သော တရားတို့ဖြင့် အချို့သောတရားတို့ကို ရေတွက် ပေါင်းရုံးအပ်ကုန်သော မည်သည် မရှိကုန်၊ ထို့ကြောင့် အချို့သောတရားတို့ဖြင့် ရေတွက်အပ်ကုန်သော အချို့သော တရားတို့ မရှိနိုင်ကုန်၊ ယင်းသို့ဖြစ်သော် ဧကဝိဓေန ရူပသင်္ဂဟော အစရှိသော စကားသည် အကျိုးမရှိဟု အယူရှိသူ ရာဇဂိရိကနှင့် သိဒ္ဓတ္ထိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသင်္ဂဟိတကထာကို ဟောတော်မူသည်။

၂။ သကဝါဒီဆရာသည် ပရဝါဒီ ဆောင်ပြသော ဥပမာကို မနှစ်သက် မတားမြစ်မူ၍ ထိုပရဝါဒီဆရာ၏အယူကိုသာ ပယ်ဖျက်ရန် ဤစကားကို အားထုတ်တော်မူသည်။

♣

## ၇–သတ္တမဝဂ် (၆၄) ၂–သမ္ပယုတ္တကထာ[၁]

၄၇၃။ သကဝါဒီ။ ။ အချို့သောတရားတို့နှင့် ယှဉ်ကုန်သော အချို့သောတရားတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မရှိပါကုန်။

သကဝါဒီ။ ။ အချို့သောတရားတို့နှင့် အတူဖြစ်ကုန် တကွဖြစ်ကုန် ရောနှောကုန်တူသော ဖြစ်ခြင်း ရှိကုန်တူသော ချုပ်ခြင်းရှိကုန် တူသော တည်ရာရှိကုန် တူသော အာရုံရှိကုန်သော အချို့သော တရားတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အချို့သောတရားတို့နှင့် အတူဖြစ်ကုန် တကွဖြစ်ကုန် ရောနှောကုန် တူသော ဖြစ်ခြင်းရှိကုန် တူသော ချုပ်ခြင်းရှိကုန် တူသော တည်ရာရှိကုန် တူသော အာရုံရှိကုန်သော အချို့သောတရားတို့သည် ရှိခဲ့ပါကုန်မူ အချို့သောတရားတို့နှင့် ယှဉ်ကုန်သော အချို့သောတရားတို့သည် မရှိကုန်ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည် သညာက္ခန္ဓာနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝေဒနာက္ခန္ဓာသည် သညာက္ခန္ဓာနှင့်တကွ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဝေဒနာက္ခန္ဓာသည် သညာက္ခန္ဓာနှင့် ယှဉ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည် သင်္ခါရက္ခန္ဓာနှင့်။ ဝေဒနာက္ခန္ဓာသည် ဝိညာဏက္ခန္ဓာနှင့် တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝေဒနာက္ခန္ဓာသည် ဝိညာဏက္ခန္ဓာနှင့်တကွ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဝေဒနာက္ခန္ဓာသည် ဝိညာဏက္ခန္ဓာနှင့် ယှဉ်၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သညာက္ခန္ဓာသည်။ သင်္ခါရက္ခန္ဓာသည်။ ဝိညာဏက္ခန္ဓာသည် ဝေဒနာက္ခန္ဓာနှင့်။ သညာက္ခန္ဓာနှင့်။ သင်္ခါရက္ခန္ဓာနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏက္ခန္ဓာသည် သင်္ခါရက္ခန္ဓာနှင့်တကွ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဝိညာဏက္ခန္ဓာသည် သင်္ခါရက္ခန္ဓာနှင့် ယှဉ်၏ဟူ၍ ဆိုသင့်၏။

၄၇၄။ ပရဝါဒီ။ ။ နှမ်း၌ ဆီသည် သက်ရောက်သကဲ့သို့လည်းကောင်း၊ သက်ဝင်တည်နေသကဲ့သို့ လည်းကောင်း၊ ကြံ၌ ကြံရည်သည် သက်ရောက်သကဲ့သို့လည်းကောင်း၊ သက်ဝင်တည်နေသကဲ့သို့လည်းကောင်း ဤအတူ ထိုတရားတို့သည် ထိုတရားတို့နှင့် (အတူ) သက်ရောက်ပါကုန်သလော၊ သက်ဝင်တည်နေပါကုန်သလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သမ္ပယုတ္တကထာ ပြီး၏။**

------

၁။ နှမ်း၌ ဆီသည် ပြန့်နှံ့၍ တည်သကဲ့သို့ ဝေဒနာ အစရှိသည်တို့သည် သညာ အစရှိသည်တို့၌ နှံ့၍ မတည်ကုန်၊ ထို့ကြောင့် အချို့သောတရားတို့သည် အချို့သောတရားတို့နှင့် ယှဉ်ခြင်း မရှိကုန်၊ သို့ဖြစ်သော် ဉာဏသမ္ပယုတ်စသော စကားသည် အကျိုးမရှိဟု အယူရှိသူ ရာဇဂိရိကနှင့် သိဒ္ဓတ္ထိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသမ္ပယုတ္တကထာကို ဟောတော်မူသည်။

၂။ ဝေဒနာသညာတို့၏ လက္ခဏာအားဖြင့် ထူးသည်၏ အဖြစ်ကို ပိုင်းခြားသကဲ့သို့ နှမ်းနှင့် ဆီတို့၏ လက္ခဏာအားဖြင့် ထူးသည်၏ အဖြစ်ကို ပိုင်းခြားမှု မရှိနိုင်။ မှန်၏၊ အလုံးစုံသော နှမ်း၏အဆန် နှမ်း၏အခွံတို့၌ နှမ်းဟု ခေါ်ဆိုခြင်းမျှသာ ဖြစ်၏၊ ထို့ကြောင့် နှမ်းကို ညှစ်ထုတ်၍ ယူအပ်သည်ရှိသော် ရေးမူလပုံသဏ္ဌာန်အားဖြင့် နှမ်းမည်သည် မထင်ရှားနိုင်တော့ပေ၊ ထို့ကြောင့် ပရဝါဒီဆရာက ဥပမာထုတ်ဆောင်သော်လည်း ထုတ်ဆောင်သည်နှင့် မတူတော့ပေ။

♣

## ၇–သတ္တမဝဂ် (၆၅) ၃–စေတသိကကထာ[၁]

၄၇၅။ သကဝါဒီ။ ။ စေတသိက်တရားသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ စိတ်နှင့် အတူဖြစ်ကုန် တကွဖြစ်ကုန် ရောနှောကုန် ယှဉ်ကုန် တူသော ဖြစ်ခြင်း ရှိကုန် တူသော ချုပ်ခြင်းရှိကုန် တူသော တည်ရာရှိကုန် တူသော အာရုံရှိကုန်သော အချို့သောတရားတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ်နှင့် အတူဖြစ်ကုန် တကွဖြစ်ကုန် ရောနှောကုန် ယှဉ်ကုန် တူသော ဖြစ်ခြင်းရှိကုန် တူသော ချုပ်ခြင်းရှိကုန် တူသော တည်ရာရှိကုန် တူသော အာရုံရှိကုန်သော အချို့သော တရားတို့သည် ရှိခဲ့ပါကုန်မူ စေတသိက်တရားသည် မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် စိတ်နှင့်အတူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏[၂]။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿသည် စိတ်နှင့်အတူဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် ဖဿသည် စေတသိက်တည်းဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ စေတနာသည်။ သဒ္ဓါသည်။ ဝီရိယသည်။ သတိသည်။ သမာဓိသည်။ ပညာသည်။ ရာဂသည်။ ဒေါသသည်။ မောဟသည်။ပ။ အနောတ္တပ္ပသည် စိတ်နှင့်အတူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနောတ္တပ္ပသည် စိတ်နှင့်အတူ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် အနောတ္တပ္ပသည် စေတသိက်ဟူ၍ ဆိုသင့်၏။

၄၇၆။ ပရဝါဒီ။ ။ စိတ်နှင့်အတူတကွ ဖြစ်ကုန်သောကြောင့် စေတသိက်တို့ မည်ပါကုန်သလော။

သကဝါဒီ။ ။ ဩော် မည်ပါကုန်၏။

ပရဝါဒီ။ ။ ဖဿနှင့်အတူတကွ ဖြစ်ကုန်သောကြောင့် ဖဿိကတို့ မည်ပါကုန်သလော[၃]။

သကဝါဒီ။ ။ သြော် မည်ပါကုန်၏[၄]။

ပရဝါဒီ။ ။ စိတ်နှင့်အတူတကွ ဖြစ်ကုန်သောကြောင့် စေတသိက်တို့ မည်ပါကုန်သလော။

သကဝါဒီ။ ။ သြော် မည်ပါကုန်၏။

ပရဝါဒီ။ ။ ဝေဒနာနှင့်။ သညာနှင့်။ စေတနာနှင့်။ သဒ္ဓါနှင့်။ ဝီရိယနှင့်။ သတိနှင့်။ သမာဓိနှင့်။ ပညာနှင့်။ ရာဂနှင့်။ ဒေါသနှင့်။ မောဟနှင့်။ပ။ အနောတ္တပ္ပနှင့် အတူတကွ ဖြစ်ကုန်သောကြောင့် အနောတ္တပ္ပါသိက မည်ပါကုန်သလော။

သကဝါဒီ။ ။ သြော် မည်ပါကုန်၏။

၄၇၇။ သကဝါဒီ။ ။ စေတသိက်တရားသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "ထိုသူအား ဤစိတ်သည်လည်းကောင်း၊ ဤစေတသိက်တရားတို့သည်လည်းကောင်း၊ အနတ္တအားဖြင့် ကောင်းစွာ ထင်ရှားကုန်၏။ ထိုနှစ်ပါးတို့ကို အယုတ် အမြတ်အားဖြင့် သိ၍ ကောင်းစွာ မြင်သော သူသည် ပျက်စီးသော သဘောတရားကို သိလေ၏"၊ ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် စေတသိက်တရားသည် ရှိ၏။

သကဝါဒီ။ ။ စေတသိက်တရားသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "ကေဝဋ္ဋ ဤသာသနာတော်၌ ရဟန်းသည် 'သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏ စိတ်သည် ဤသို့ အခြင်းအရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏'ဟူ၍ တစ်ပါးသော သတ္တဝါတစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟော၏၊ စိတ်၌ ဖြစ်သည်ကိုလည်း အတပ်ဟော၏၊ ကြံစည်သည်ကိုလည်း အတပ်ဟော၏၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟော၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် စေတသိက်တရားသည် ရှိ၏။

**စေတသိကကထာ ပြီး၏။**

------

၁။ ဖဿိက စသော တရားမရှိသောကြောင့် စေတသိကတရားသည်လည်း ရှိသည် မဖြစ်ရာ၊ ထို့ကြောင့် စေတသိကတရား မရှိဟု အယူရှိသူ ရာဇဂိရိကနှင့် သိဒ္ဓတ္ထိကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို ပယ်ဖျက်ရန် ဤစေတသိကကထာကို ဟောတော်မူသည်။
၂။ သမ္ပယုတ္တသဟဇာတကို ဆိုလိုသည်။
၃။ ဖဿိကဟူသော ဝေါဟာရကို မမြင်သောကြောင့် ပရဝါဒီက မေးသည်။
၄။ ဝေါဟာရဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ စိတ်၌ မှီသောကြောင့် စေတသိက်မည်သကဲ့သို့ ထိုတရားသည်လည်း ဖဿ၌ မှီသောကြောင့် ဖဿိကမည်၏ဟုဆိုသော် အပြစ်မရှိ၊ ထို့ကြောင့် သကဝါဒီက ဝန်ခံသည်။

♣

## ၇–သတ္တမဝဂ် (၆၆) ၄–ဒါနကထာ[၁]

၄၇၈။ သကဝါဒီ။ ။ ဒါနသည် စေတသိက်တရားပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စေတသိက်တရားကို သူတပါးတို့အား ပေးလှူခြင်းငှါ ရအပ်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ စေတသိက်တရားကို သူတပါးတို့အား ပေးလှူခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရအပ်ပါ၏[၄]။

သကဝါဒီ။ ။ ဖဿကို သူတပါးတို့အား ပေးလှူခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ ဝေဒနာကို။ပ။ သညာကို။ စေတနာကို။ သဒ္ဓါကို။ ဝီရိယကို။ သတိကို။ သမာဓိကို။ ပညာကို သူတစ်ပါးတို့အား ပေးလှူခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၇၉။ ပရဝါဒီ။ ။ ဒါနသည် စေတသိက်တရားတည်းဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ဒါနသည် အလိုမရှိအပ်သောအကျိုး မနှစ်သက်အပ်သောအကျိုး စိတ်ကို မပွါးစေတတ်သော အကျိုး (ကိလေသာဖြင့်) သွန်းလောင်းအပ်သော အကျိုးရှိသည် ဆင်းရဲကို ပွါးစေတတ်သည် ဆင်းရဲသောအကျိုးသည် ဖြစ်ပါသလော[၆]။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သောအကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါးစေတတ်သော အကျိုး မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာ သော အကျိုးရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ဒါနသည် အလိုရှိအပ်သောအကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါးစေတတ်သောအကျိုး မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာသော အကျိုးသည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ဒါနသည် စေတသိက်တရားဟူ၍ ဆိုသင့်သည်။

ပရဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သော အကျိုးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ သင်္ကန်းသည် ဒါနဖြစ်ပါသလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ သင်္ကန်းသည် အလိုရှိအပ်သောအကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါးစေတတ်သော အကျိုး မသွန်းလောင်းအပ်သော အကျိုးသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာ သော အကျိုးရှိသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သော အကျိုးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်သည် ဖြစ်၍ ဆွမ်းသည် ကျောင်းသည် သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးပစ္စည်းသည် ဒါနဖြစ်ပါသလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးသည် အလိုရှိအပ် သောအကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါးစေတတ်သောအကျိုး မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာသော အကျိုးရှိသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၈၀။ ပရဝါဒီ။ ။ ဒါနသည် စေတသိက်တရားဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "သဒ္ဓါလည်းကောင်း၊ ဟိရိလည်းကောင်း၊ ကုသိုလ်ဖြစ်သော ဒါနလည်းကောင်း ဤတရားတို့သည် သူတော်ကောင်းတို့သို့ အစဉ်လိုက်ကုန်၏၊ ဤလမ်းကို နတ်ပြည်ရောက်ကြောင်း

လမ်းဟူ၍ ဆိုကုန်၏။ မှန်၏၊ ဤလမ်းဖြင့် နတ်ပြည်သို့ ရောက်နိုင် သွားနိုင်၏"ဟူ၍ မြတ်စွာဘုရား

ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဒါနသည် စေတသိက်တရားတည်း။

ပရဝါဒီ။ ။ ဒါနသည် စေတသိက်တရားဟူ၍ မဆိုသင့်ပါသလော။

သကဝဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤဒါနငါးပါးတို့သည် မြင့်မြတ်သော ဒါနတို့တည်း၊ မြတ်၏ဟု သိအပ် ကုန်၏၊ ကာလရှည်စွာက ဖြစ်ပေါ်သော တရားဟု သိအပ်ကုန်၏၊ အမျိုးအနွယ်မှ ဆင်းသက်လာသော တရားဟု သိအပ်ကုန်၏၊ ရှေးကာလ၌ ဖြစ်ကုန်၏၊ မရောယှက်ခဲ့ကုန်၊ ရှေးကလည်း မရောယှက်ဖူးကုန် (ယခုလည်း) မရောယှက်ကုန်၊ (နောင်လည်း) မရောယှက်ကုန်လတ္တံ့၊ ပညာရှိသမဏဗြာဟ္မဏတို့သည် မစက်ဆုပ်အပ်ကုန်။ ငါးပါးသော ဒါနတို့ဟူသည် အဘယ်သို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ ရဟန်းတို့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော အရိယာတပည့်သည် အတိုင်းအရှည် မရှိသော သတ္တဝါတို့အား ဘေးမဲ့ကို ပေး၏၊ ရန်မဲ့ကို ပေး၏၊ကြောင့်ကြကင်းမှုကို ပေး၏။

အတိုင်းအရှည်မရှိသော သတ္တဝါတို့အား ဘေးမဲ့ကို ပေး၍ ရန်မဲ့ကို ပေး၍ကြောင့်ကြကင်းမှုကို ပေး၍ အတိုင်းအရှည်မရှိသော ဘေးကင်းခြင်း ရန်ကင်းခြင်းကြောင့်ကြကင်းခြင်း၏ အဖို့ရှိသူ ဖြစ်၏။

ရဟန်းတို့ ဤအသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှေးဦးစွာသော ဒါနတည်း၊ မြင့်မြတ်သော ဒါန တည်း၊ မြတ်၏ဟု သိအပ်၏၊ ကာလရှည်စွာက ဖြစ်ပေါ်သော တရားဟု သိအပ်၏၊ အမျိုးအနွယ်မှ ဆင်းသက်လာသော တရားဟု သိအပ်၏၊ ရှေးကာလ၌ ဖြစ်၏၊ မရောယှက်ခဲ့၊ ရှေးကလည်း မရော ယှက်ဖူး၊ (ယခုလည်း) မရောယှက်၊ (နောင်လည်း) မရောယှက်လတ္တံ့၊ ပညာရှိသမဏဗြာဟ္မဏတို့သည် မစက်ဆုပ်အပ်။

ရဟန်းတို့ တစ်ဖန်လည်း တစ်မျိုးဒါနကား အရိယာတပည့်သည် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းကို ပယ်ရှား၍။ပ။ ကာမတို့၌ ယုတ်မာသော အကျင့်ကို ပယ်ရှား၍။ပ။ မုသားပြောဆိုမှုကို ပယ်ရှား၍။ပ။ မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်သောက်ခြင်းကို ပယ်ရှား၍ မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏။

ရဟန်းတို့ မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော အရိယာတပည့်သည် အတိုင်းအရှည်မရှိသော သတ္တဝါတို့အား ဘေးမဲ့ကို ပေး၏၊ ရန်မဲ့ကို ပေး၏၊ကြောင့်ကြကင်းမှုကို ပေး၏၊ အတိုင်းအရှည်မရှိသော သတ္တဝါတို့အား ဘေးမဲ့ကို ပေး၍ ရန်မဲ့ကို ပေး၍ကြောင့်ကြကင်းမှုကို ပေး၍ အတိုင်းအရှည်မရှိသော ဘေးကင်းခြင်း ရန်ကင်းခြင်းကြောင့်ကြကင်းခြင်း၏ အဖို့ရှိသူ ဖြစ်၏။

ရဟန်းတို့ ဤသေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်မှုသည် ငါးခုမြောက် ဒါနတည်း၊ မြင့်မြတ် သော ဒါနတည်း၊ မြတ်၏ဟု သိအပ်၏၊ ကာလရှည်စွာက ဖြစ်ပေါ်သော တရားဟု သိအပ်၏၊ အမျိုး အနွယ်မှ လာသော တရားဟု သိအပ်၏၊ ရှေးကာလ၌ ဖြစ်၏၊ မရောယှက်ခဲ့၊ ရှေးကလည်း မရော ယှက်ဖူး၊ (ယခုလည်း) မရောယှက်၊ (နောင်လည်း) မရောယှက်လတ္တံ့၊ ပညာရှိသမဏဗြာဟ္မဏတို့သည် မစက်ဆုပ်အပ်။

ရဟန်းတို့ ဤငါးပါးသည် ဒါနတို့ပေတည်း၊ မြင့်မြတ်သော ဒါနတို့ပေတည်း၊ မြတ်၏ဟု သိအပ် ကုန်၏၊ ကာလရှည်စွာက ဖြစ်ပေါ်လာသော တရားဟု သိအပ်ကုန်၏၊ အမျိုးအနွယ်မှ လာသော တရားဟု သိအပ်ကုန်၏၊ ရှေးကာလ၌ ဖြစ်ကုန်၏၊ မရောယှက်ခဲ့ကုန်၊ ရှေးကလည်း မရောယှက်ဖူးကုန်၊ (ယခုလည်း) မရောယှက်ကုန်၊ (နောင်လည်း) မရောယှက်ကုန်လတ္တံ့၊

ပညာရှိသမဏဗြာဟ္မဏတို့သည် မစက်ဆုပ် အပ်ကုန်၊ ဤသို့လျှင် မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဒါနသည် စေတသိက်တရားတည်း။

၄၈၁။ သကဝါဒီ။ ။ ဒါနသည် ပေးလှူအပ်သော သဘောရှိသော ပစ္စည်းတည်းဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ထမင်းကို ပေးလှူ၏၊ အဖျော်ကို ပေးလှူ၏၊ အဝတ်ကို ပေးလှူ၏၊ ယာဉ်ကို ပေးလှူ၏၊ ပန်းကို ပေးလှူ၏၊ နံ့သာကျဲကို ပေးလှူ၏၊ နံ့သာပြစ်ကို ပေးလှူ၏၊ အိပ်ရာကို ပေးလှူ၏၊ နေရာကို ပေးလှူ၏၊ ဆီမီးကို ပေးလှူ၏၊ ဤသို့ မြတ်စွာဘုရား ဟောကြား အပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ဒါနသည် ပေးလှူအပ်သော သဘောရှိသော ပစ္စည်းတည်း။

၄၈၂။ ပရဝါဒီ။ ။ ဒါနသည် ပေးလှူအပ်သော ဝတ္ထုပစ္စည်းလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ပေးလှူအပ်သော ဝတ္ထုပစ္စည်းသည် အလိုရှိအပ်သောအကျိုး နှစ်သက်အပ်သော အကျိုး စိတ်ကို တိုးပွါးစေတတ်သောအကျိုး ကိလေသာဖြင့် မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာသော အကျိုးရှိသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သော အကျိုးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ သင်္ကန်းသည် ပေးလှူဖွယ် ဒါနလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ သင်္ကန်းသည် အလိုရှိအပ်သောအကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါး စေတတ်သော အကျိုး ကိလေသာဖြင့် မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေ တတ်သည် ချမ်းသာသော အကျိုးရှိသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဒါနသည် အလိုရှိအပ်သော အကျိုးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဆွမ်းသည် ဒါနလော၊ ကျောင်းသည် ဒါနလော၊ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးသည် ဒါနလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးသည် အလိုရှိအပ်သော အကျိုး နှစ်သက်အပ်သောအကျိုး စိတ်ကို တိုးပွါးစေတတ်သောအကျိုး

ကိလေသာဖြင့် မသွန်းလောင်းအပ်သော အကျိုးရှိသည် ချမ်းသာကို တိုးပွါးစေတတ်သည် ချမ်းသာသော အကျိုးရှိသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဒါနသည် ပေးလှူအပ်သော ဝတ္ထုပစ္စည်းဟူ၍ မဆိုသင့်ပါ။

**ဒါနကထာ ပြီး၏။**

------

၁။ ဒါနသည် စွန့်လိုသော စေတနာ၊ ဝိရတီ၊ ဒေယျဓမ္မဟူ၍ သုံးပါးရှိ၏။ တရားကိုယ်အားဖြင့် စေတသိကဓမ္မနှင့် ဒေယျဓမ္မဟူ၍ နှစ်ပါးရှိ၏၊ စေတသိကဓမ္မသာ ဒါနမည်၏၊ ဒေယျဓမ္မသည် ဒါနမမည်ဟု အယူရှိသူ ရာဇဂိရိကနှင့် သိဒ္ဓတ္ထိကဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤဒါနကထာကို ဟောသည်။
၂။ ဒေယျဓမ္မ၏ အစွမ်းအားဖြင့် စောဒနာလိုသောကြောင့် ဤပုစ္ဆာကို မေးသည်။
၃။ ထမင်းစသည်တို့ကဲ့သို့ ပေးခြင်းငှါ မတတ်ကောင်းသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ တစ်ဖန် နောက်ထပ် မေးပြန်လတ်သော် အဘယံ ဒေတိစသော သုတ်၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။
၅။ ဖဿကို ပေးလှူ၏ စသော ဝေါဟာရ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ပရဝါဒီက စေတသိက မဟုတ်သော ဒေယျဓမ္မ၏ ဒါနအဖြစ်ကို ပြခြင်းငှါ ဆိုအပ်၏။ မှန်၏၊ စေတသိက မဟုတ်သော ဒေယျဓမ္မသည် နောင်အခါ အကျိုးကို မပေးနိုင်ပါ၊ ဣဋ္ဌဖလအဖြစ်ကို မှတ်ခြင်းမျှသာ ဆိုအပ်သည်ဟု မှတ်အပ်၏။

♣

## ၇-သတ္တမဝဂ် (၆၇) ၅-ပရိဘောဂမယပုညကထာ[၁]

၄၈၃။ သကဝါဒီ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဩော် တိုးပွါးပါ၏။

သကဝါဒီ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ဖဿသည် တိုးပွါးပါသလော၊ ဝေဒနာသည် တိုးပွါးပါသလော၊ သညာသည် တိုးပွါးပါသလော၊ စေတနာသည် တိုးပွါးပါသလော၊ စိတ်သည် တိုးပွါး ပါသလော၊ သဒ္ဓါသည် တိုးပွါးပါသလော၊ ဝီရိယသည် တိုးပွါးပါသလော၊ သတိသည် တိုးပွါးပါသလော၊ သမာဓိသည် တိုးပွါးပါသလော၊ ပညာသည် တိုးပွါးပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဩော် တိုးပွါးပါ၏။

သကဝါဒီ။ ။ နွယ်ကဲ့သို့ တိုးပွါးပါသလော၊ မာလောနွယ်ကဲ့သို့ တိုးပွါးပါသလော၊ သစ်ပင်ကဲ့သို့ တိုးပွါးပါသလော၊ မြက်ကဲ့သို့ တိုးပွါးပါသလော၊ ဖြူဆန်မြက်ခြုံကဲ့သို့ တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၈၄။ သကဝါဒီ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏။

သကဝါဒီ။ ။ ဒါယကာသည် ဒါနကို ပေးလှူပြီး နှလုံးမသွင်း၊ (ထိုသူအား) ကောင်းမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏[၄]။

သကဝါဒီ။ ။ မဆင်ခြင်သူအား ဖြစ်ပါသလော၊ နှလုံးသွင်းမှု မရှိသူအား ဖြစ်ပါသလော၊ နှလုံး မသွင်းသူအား ဖြစ်ပါသလော၊ စိတ်၌ မပြုသောသူအား ဖြစ်ပါသလော၊ မစေ့ဆော်သူအား ဖြစ်ပါသလော၊ မလိုလားသူအား ဖြစ်ပါသလော၊ မတောင့်တသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ ကောင်းမှုသည် ဆင်ခြင်သူအား ဖြစ်သည်မဟုတ်ပါလော၊ နှလုံးသွင်းမှုရှိသူအား ဖြစ်သည် မဟုတ်ပါလော၊ နှလုံးသွင်းသူအား ဖြစ်သည်မဟုတ်ပါလော၊ စိတ်၌ ပြုသူအား ဖြစ်သည် မဟုတ်ပါလော၊ စေ့ဆော်သူအား ဖြစ်သည်မဟုတ်ပါသလော၊ လိုလားသူအား ဖြစ်သည်မဟုတ်ပါလော၊ တောင့်တသူအား ဖြစ်သည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကောင်းမှုသည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ နှလုံးသွင်းမှုရှိသူအား ဖြစ်ခဲ့ပါမူ စိတ်၌ ပြုလုပ်သူအား ဖြစ်ခဲ့ပါမူ စေ့ဆော်သူအား ဖြစ်ခဲ့ပါမူ လိုလားသူအား ဖြစ်ခဲ့ပါမူ တောင့်တ သူအား ဖြစ်ခဲ့ပါမူ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏ဟူ၍ မဆိုသင့်။

၄၈၅။ သကဝါဒီ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏။

သကဝါဒီ။ ။ ဒါယကာသည် ဒါနကို ပေးလှူပြီး၍ ကာမဝိတက်ကို ကြံစည်၏၊ ဗျာပါဒဝိတက်ကို ကြံစည်၏၊ ဝိဟိံသဝိတက်ကို ကြံစည်၏၊ (ထိုသူအား) ကောင်းမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏[၇]။

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်တရားတို့သည် အပြစ်ရှိကုန် အပြစ်မရှိကုန်သော တရားတို့သည် အယုတ် အမြတ်ဖြစ်ကုန်သော တရားတို့သည် အမည်းအဖြူနှင့် တူကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော[၈]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၉]

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်တရားတို့သည် အပြစ်ရှိကုန်အပြစ်မရှိကုန်သော တရားတို့သည် အယုတ် အမြတ်ဖြစ်ကုန်သော တရားတို့သည် အမည်းအဖြူနှင့် တူကုန်သော တရားတို့သည် မျက်မှောက် အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရောက်ပါကုန်၏[၁၀]။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလေးပါးတို့သည် အလွန့်အလွန်ဝေးသော အရာတို့ပေတည်း၊ လေးပါးသော အရာတို့ကား အဘယ်တို့နည်း။ ရဟန်းတို့ ကောင်းကင်နှင့် မြေကြီးသည် ရှေးဦးစွာ အလွန့်အလွန်ဝေးသော အရာပေတည်း၊ ရဟန်းတို့ သမုဒ္ဒရာ၏ ဤဘက်ကမ်းနှင့် ထိုဘက်ကမ်းသည် နှစ်ခုမြောက် အလွန့်အလွန်ဝေးသော အရာပေတည်း၊ ရဟန်းတို့ နေထွက်ရာအရပ်နှင့် နေဝင်ရာ အရပ်သည် သုံးခုမြောက် အလွန့်အလွန်ဝေးသော အရာပေတည်း၊ ရဟန်းတို့ သူတော်ကောင်းတရားနှင့် မသူတော်တို့တရားသည် လေးခုမြောက် အလွန့်အလွန်ဝေးသော အရာတည်း။ ရဟန်းတို့ ဤလေးပါးတို့ ကား (တစ်ခုနှင့် တစ်ခု) အလွန့်အလွန်ဝေးသော အရာတို့ပေတည်း။ ကောင်းကင်သည်လည်း (မြေကြီးနှင့်) ဝေး၏၊ မြေကြီးသည်လည်း (ကောင်းကင်နှင့်) ဝေး၏။ သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းသည် ဤမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်းသည် ထိုမှာ ဘက်ကမ်းနှင့် ဝေး၏ဟု ဆိုကြကုန်၏။ အကြင် အရပ်၌ အရောင်အလင်းကို ပြုတတ်သော နေမင်းသည် ရှေးရှုတက်၏၊ အကြင် အရပ်၌ ကင်းပျောက်ခြင်းသို့ ရောက်၏။ ထိုနေထွက်ရာ အရပ်နှင့် နေဝင်ရာ အရပ်သည် ဝေး၏။ ထိုဝေးသော အရာတို့ထက် သူတော်ကောင်းတို့၏ တရားနှင့် မသူတော်တို့၏ တရားသည် အလွန်ဝေး၏ဟူ၍ ဆိုကြကုန်၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်း ရခြင်းသည် မဖောက်ပြန် မပျက်စီးနိုင်၊ သူတော်ကောင်းတရား တည်တံ့သမျှ ကာလပတ်လုံး မပျက်စီးသည်သာလျှင် ဖြစ်၏။ မှန်၏၊ မသူတော်နှင့် ပေါင်းရခြင်းသည် လျင်မြန်စွာ ပျက်စီးတတ်၏။ ထို့ကြောင့် သူတော်ကောင်းတို့ တရားသည် မသူတော်တို့မှ ဝေး၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကုသိုလ် အကုသိုလ်တရားတို့သည်, အပြစ်ရှိကုန် အပြစ်မရှိကုန်သော တရားတို့သည်, အယုတ် အမြတ်တရားတို့သည်, အမည်းအဖြူနှင့်တူသော တရားတို့သည် မျက်မှောက်၏ အဖြစ်သို့ ရောက်ကုန်၏"ဟူ၍ မဆိုသင့်။

၄၈၆။ ပရဝါဒီ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အကြင်လူတို့သည် အရံ (ခြံ) ကို စိုက်ပျိုးကုန်၏၊ ဥယျာဉ်ကို စိုက်ပျိုးကုန်၏၊ တံတားခင်းကြကုန်၏။ အကြင်သူတို့ကား ရေအိုးစင်ကိုလည်းကောင်း၊ ရေတွင်းကိုလည်းကောင်း၊

မိုခိုရာကျောင်းကိုလည်းကောင်း ပေးလှူကုန်၏။ ထိုသူတို့၏ ကုသိုလ်ကောင်းမှုသည် နေ့ရော ညဥ့်ပါ အခါခပ်သိမ်း တိုးပွါး၏၊ ထိုလူတို့သည် တရား၌ တည်ကုန် အကျင့်'သီလ'နှင့် ပြည့်စုံကုန်သည် ဖြစ်၍ နတ်ပြည်သို့ ရောက်ရကုန်၏"ဟု မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏။

ပရဝါဒီ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ချမ်းသာကို ဆောင်တတ်ကုန်သော ကောင်းသော အာရုံရှိကုန်သော ချမ်းသာသော အကျိုးရှိကုန်သော နတ်ပြည်၌ ဖြစ်စေတတ်ကုန်သော ဤကောင်းမှုအစု ကုသိုလ်အလျဉ် လေးပါးတို့သည် လိုချင်ဖွယ်ကို ရခြင်းငှါ နှစ်လိုဖွယ်ကို ရခြင်းငှါ မြတ်နိုးဖွယ်ကို ရခြင်းငှါ စီးပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏။

လေးပါးတို့ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ရဟန်းသည် အကြင်ဒါယကာ၏ သင်္ကန်းကို ဝတ်ရုံ သုံးဆောင်လျက် အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှု 'သမာဓိ'ကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာအား ချမ်းသာကို ဆောင်တတ်သော ကောင်းသော အာရုံရှိသော ချမ်းသာသော အကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အတိုင်းအရှည်မရှိသော ကောင်းမှုအစု ကုသိုလ်အလျဉ်သည် လိုချင်ဖွယ်ကို ရခြင်းငှါ နှစ်လိုဖွယ်ကို ရခြင်းငှါ မြတ်နိုးဖွယ်ကို ရခြင်းငှါ စီးပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ ရဟန်းသည် အကြင်ဒါယကာ၏ ဆွမ်းကို ဘုဉ်းပေးသုံးဆောင်လျက်။ပ။ ကျောင်းကို နေထိုင် သုံးဆောင်လျက ်။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို သုံးဆောင်လျက် အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှု 'သမာဓိ'ကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာအား ချမ်းသာကို ဆောင်တတ်သော ကောင်းသော အာရုံရှိသော ချမ်းသာသော အကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အတိုင်းအရှည်မရှိသော ကောင်းမှုအစု ကုသိုလ်အလျဉ်သည် လိုချင်ဖွယ်ကို ရခြင်းငှါ နှစ်သက်ဖွယ်ကို ရခြင်းငှါ မြတ်နိုးဖွယ်ကို ရခြင်းငှါ စီးပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ ချမ်းသာကို ဆောင်တတ်ကုန်သော ကောင်းသော အာရုံရှိကုန်သော ချမ်းသာသော အကျိုးရှိကုန်သော နတ်ပြည်၌ ဖြစ်စေတတ်ကုန်သော ဤကောင်းမှုအစု ကုသိုလ်အလျဉ် ရှစ်ပါးတို့သည် လိုချင်ဖွယ်ကို ရခြင်းငှါ နှစ်သက်ဖွယ်ကို ရခြင်းငှါ မြတ်နိုးဖွယ်ကို ရခြင်းငှါ စီးပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏။

၄၈၇။ သကဝါဒီ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဩော် တိုးပွါးပါ၏။

သကဝါဒီ။ ။ ဒါယကာသည် ဒါနကို ပေးလှူ၏၊ အလှူခံသည် ခံယူပြီး၍ မသုံးဆောင်၊ စွန့်ပစ်၏၊ (ထိုဒါယကာအား) ကောင်းမှုသည် ဖြစ်ပါသေးသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒါယကာသည် အလှူဒါနကို ပေးလှူ၏၊ အလှူခံသည် ခံယူပြီး၍ မသုံးဆောင်၊ စွန့်ပစ်၏၊ (ထိုဒါယကာအား) ကောင်းမှုသည် ဖြစ်ခဲ့ပါမူ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဩော် တိုးပွါးပါ၏။

သကဝါဒီ။ ။ ဒါယကာသည် အလှူ'ဒါန'ကို ပေးလှူ၏၊ အလှူခံသည် အလှူကို ခံယူအပ်ပြီးသော် မင်းတို့သည်မူလည်း ယူဆောင်ကုန်၏၊ ခိုးသူတို့သည်မူလည်း ခိုးယူကုန်၏၊ မီးသည်မူလည်းလောင်၏၊ ရေမူလည်း မျော၏၊ မချစ်အပ်သော အမွေခံတို့သည်မူလည်း ဆောင်ယူကုန်၏၊ (ထိုဒါယကာအား) ကောင်းမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒါယကာသည် အလှူ'ဒါန'ကို ပေးလှူ၏၊ အလှူခံသည် အလှူကို ခံယူအပ်ပြီးသော် မင်းတို့သည်မူလည်း ယူဆောင်ကုန်၏၊ ခိုးသူတို့သည်မူလည်း ခိုးယူကုန်၏၊ မီးသည် မူလည်းလောင်၏၊ ရေမူလည်း မျော၏၊ မချစ်အပ်သော အမွေခံတို့သည်မူလည်း ဆောင်ယူကုန်၏၊ (ထိုဒါယကာအား) ကောင်းမှု ဖြစ်ခဲ့ပါမူ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွါး၏ဟူ၍ မဆိုသင့်[၁၁]။

**ပရိဘောဂမယပုညကထာ ပြီး၏။**

------

၁။ "တေသံ ဒိဝါ စ ရတ္တော စ သဒါ ပုညံ ပဝဍ္ဎတိ"ဟူ၍လည်းကောင်း၊ "ယဿ ဘိက္ခဝေ ဘိက္ခု စီဝရံ ပရိဘုဥ္ဇမာနော"ဟူ၍လည်းကောင်း ဤသို့ အစရှိသော သုတ်တို့ကို မသင့်မတင့်သောအားဖြင့် ယူ၍ သုံးဆောင်ခြင်းဖြင့် ပြီးသော ကောင်းမှုမည်သည် ရှိ၏ဟု ရာဇဂိရိက, သိဒ္ဓတ္ထိက, သမိတ္တိယဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤပရိဘောဂ မယပုညကထာကို ဟောတော်မူသည်။

၂။ ကောင်းမှုမည်သည် ဖဿစသော ကုသိုလ်တရားတို့သာ ဖြစ်ကုန်၏၊ ထို့ထက် အလွန်မရှိပါ၊ သင်၏အယူ၌ ဖဿ စသော တရားတို့သည် ပွါးစေရာပါသလောဟု စောဒနာလို၍ တက်သည်။

၃။ ဖဿစသော တရားတို့သည် မပွါးစေရာသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ အလှူခံပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းဖြင့် ပုဗ္ဗစေတနာ တိုးပွါး၏၊ ထိုသို့ အလှူခံပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်း၌ ကောင်းမှုဖြစ်၏ဟု နှလုံးသွင်း၍ ပရဝါဒီက ဝန်ခံသည်။

၅။ ဒါယကာ၏ စာဂစေတနာကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၆။ ဒါယကာအား တစ်ပြိုင်နက်သော ခဏ၌ ဖဿနှစ်ပါးတို့ မရှိသောကြောင့် ပရဝါဒီက ပဋိပက္ခပပြုလျက် ဖြေသည်။
၇။ ဒါယကာ၏လည်းကောင်း၊ သုံးဆောင်သူ အလှူခံ၏လည်းကောင်း ဤနှစ်ပါးတို့ကို ရည်ရွယ်လျက် ပရဝါဒီက ဝန်ခံပြန်သည်။
၈။ သကဝါဒီက ပရိယာယ်စကား၏ ထွက်ရာတံခါးကို ပိတ်ဆို၍ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ် အကုသိုလ် နှစ်ပါးတို့ဖြင့် မေးသည်။
၉။ ကုသိုလ် အကုသိုလ်တရားတို့၏ တစ်ခုတည်းသော ခဏ၌ ပုဂ္ဂိုလ်တစ်ယောက်၏ သန္တာန်၌ ယှဉ်ခြင်းမရှိသည်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၁၀။ သုံးဆောင်ခြင်းဖြင့် ပြီးသော ကောင်းမှုသည် စိတ်နှင့် မယှဉ်သည်ဖြစ်၍ ဖြစ်၏ဟူသော အယူဖြင့် ဝန်ခံပြန်သည်။
၁၁။ အလှူခံပုဂ္ဂိုလ်သည် အလှူခံပြီး၍ ဒေယျဓမ္မကို မသုံးဆောင်သော်လည်း ကောင်းမှုကုသိုလ်ဖြစ်သည်သာတည်း၊ ထိုကြောင့် သကဝါဒီ၏ ဝါဒကသာ အားကြီး၏။

♣

## ၇-သတ္တမဝဂ် (၆၈) ၆-ဣတော ဒိန္နကထာ[၁]

၄၈၈။ သကဝါဒီ။ ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတပါကုန်သလော။

ပရဝါဒီ။ ။ သြော် မျှတပါကုန်၏။

သကဝါဒီ။ ။ ဤဘဝမှ သင်္ကန်းကို ပေးလှူကုန်၏၊ ထိုသင်္ကန်းကို ထိုနောက်ဘဝ၌ သုံးဆောင်ရ ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ဤဘဝမှ ဆွမ်းကို ပေးလှူကုန်၏၊ ဤဘဝမှ ကျောင်းကို ပေးလှူကုန်၏၊ ဤဘဝမှ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူကုန်၏၊ ဤဘဝမှ ခဲဖွယ်ကို ပေးလှူကုန်၏၊ ဤဘဝမှ ဘောဇဉ်ကို ပေးလှူကုန်၏၊ ဤဘဝမှ သောက်ဖွယ်ကို ပေးလှူကုန်၏၊ ထိုသောက်ဖွယ်ကို ထိုနောက်ဘဝ၌ သုံးဆောင်ရပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတပါကုန်သလော။

ပရဝါဒီ။ ။ သြော် မျှတပါကုန်၏။

သကဝါဒီ။ ။ အခြားသောသူသည် အခြားသူအကျိုးငှါ ပြုလုပ်ပါသလော၊ ချမ်းသာဆင်းရဲကို သူတစ်ပါးပြုလုပ်အပ်ပါသလော၊ အခြားသူသည် ပြုလုပ်ပါသလော၊ အခြားသူသည် ခံစားပါသလော[၃]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၄၈၉။ ပရဝါဒီ။ ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတကုန်၏ဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပြိတ္တာတို့သည် မိမိ၏ အကျိုးငှါ ပေးလှူသော အလှူ'ဒါန'ကို ဝမ်းမြောက်ကုန်သည် မဟုတ်ပါလော၊ စိတ်ကို ကြည်လင်စေကုန်သည် မဟုတ်ပါလော၊ နှစ်သက်မှုကို ဖြစ်စေကုန်သည် မဟုတ်ပါလော၊ စိတ်ချမ်းသာ ဝမ်းမြောက်မှုကို ရကြကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ပြိတ္တာတို့သည် မိမိအကျိုးငှါ ပေးလှူသော အလှူ'ဒါန'ကို ဝမ်းမြောက် ခဲ့ကုန်လျှင် စိတ်ကို ကြည်လင်စေခဲ့ကုန်လျှင် နှစ်သက်မှုကို ဖြစ်စေခဲ့ကုန်လျှင် စိတ်ချမ်းသာ့ဝမ်းမြောက်မှုကို ရခဲ့ကြကုန်လျှင် ထိုအကြောင်းကြောင့် ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတကုန်၏ဟူ၍ ဆိုသင့်၏[၅]။

၄၉၀။ ပရဝါဒီ။ ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတကုန်၏ဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "မြင့်ရာအရပ်၌ ရွာသောမိုးရေသည် နိမ့်ရာအရပ်သို့ စီးဆင်း သကဲ့သို့ ဤအတူပင် ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုသည်။ ပိတ္တာတို့အား ကပ်ရောက်၏။ ရေပြည့်ကုန်သော မြစ်တို့သည် သမုဒ္ဒရာကို ပြည့်စေသကဲ့သို့ ဤအတူပင် ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုသည်။ ပိတ္တာတို့အား ကပ်ရောက်၏။ ထိုနောက်ဘဝ၌ လယ်ထွန်မှုသည် မရှိ၊ ထိုနောက်ဘဝ၌ နွားမွေးမှုသည် မရှိ၊ ထိုသို့သဘောရှိသော ကုန်သွယ်မှုသည်လည်းကောင်း၊ ငွေဖြင့် ရောင်းဝယ်မှုသည် လည်းကောင်း မရှိ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် သေလွန်ကုန်သော ပြိတ္တာတို့သည် ထိုဘဝ၌ မျှတကြကုန်၏"ဟု မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတကုန်၏။

၄၉၁။ ပရဝါဒီ။ ။ ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် ထိုနောက်ဘဝ၌ မျှတကုန်၏ဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤအကြောင်းငါးပါးတို့ကို မြော်မြင်ကုန်လျက် မိဘတို့သည် (အိမ်)၌ မွေးဖွားသော သားသမီးကို အလိုရှိကုန်၏၊ အဘယ် အကြောင်းငါးပါးတို့နည်း။ ငါတို့ မွေးအပ်သော သားသမီးသည် ငါတို့အား (တစ်ဖန်) မွေးမြူလတ္တံ့၊ ငါတို့၏ ပြုဖွယ်ကိစ္စကိုလည်း ပြုလုပ်လတ္တံ့၊ အမျိုး အနွယ်သည် ကြာမြင့်စွာ တည်လတ္တံ့၊ ငါ၏ အမွေခံအမွေစားအဖြစ်ကို ပြုကျင့်လတ္တံ့၊ ထို့ပြင် ကွယ်လွန် ကုန်သော တမလွန်ဘဝသို့ ရောက်ကုန်သော ငါတို့အား

အလှူကို ပေးလတ္တံ့။ ရဟန်းတို့ ဤအကြောင်း ငါးပါးတို့ကို မြော်မြင်ကုန်လျက် မိဘတို့သည် (အိမ်) ၌ မွေးဖွားသော သားသမီးကို အလိုရှိကုန်၏။ အကြောင်းငါးပါးတို့ကို မြော်မြင်ကုန်လျက် ပညာရှိ (မိဘ)တို့သည် သားသမီးကို အလိုရှိကုန်၏။ ငါတို့ မွေးမြူအပ်သော သားသမီးသည် ငါတို့အား (တစ်ဖန်) မွေးမြူလတ္တံ့၊ ငါတို့၏ ပြုဖွယ်ကိစ္စကိုလည်း ပြုလုပ်လတ္တံ့၊ အမျိုးအနွယ်သည် ကြာမြင့်စွာ တည်လတ္တံ့၊ အမွေခံအမွေစားအဖြစ်ကို ပြုကျင့်လတ္တံ့၊ ထို့ပြင် ကွယ်လွန်ကုန်သော တမလွန်ဘဝသို့ ရောက်ကုန်သော မိဘတို့အား အလှူကို ပေးလှူလတ္တံ့။ ဤအကြောင်းငါးပါးတို့ကို မြော်မြင်ကုန်လျက် ပညာရှိ (မိဘ)တို့သည် သားသမီးကို အလိုရှိကုန်၏။ ထို့ကြောင့် ငြိမ်သက်ကုန်သော ပြုအပ်သော ကျေးဇူးကို သိကုန်သော ပြုအပ်သော ကျေးဇူးကို ပြောကြားကုန်သော သူတော်ကောင်း (သားသမီး)တို့သည် ရှေး၌ ပြုအပ်သော ကျေးဇူးကို အောက်မေ့ကုန်လျက် အမိအဖတို့ကို လုပ်ကျွေး မွေးမြူကုန်၏၊ (မိဘတို့သည်) ထိုသားသမီးတို့၏ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ကုန် သကဲ့သို့ ထို့အတူ (သားသမီးတို့သည်) ရှေးဦးစွာ ပြုလေ့ရှိကုန်သော ထိုမိဘတို့၏ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ကုန်၏။ အဆုံးအမကို လိုက်နာပြုကျင့်လေ့ရှိသော အမျိုးအနွယ်ကို မဆုတ်ယုတ်စေ တတ်သော သဒ္ဓါတရားရှိသည် ဖြစ်၍ အကျင့်သီလနှင့် ပြည့်စုံသော သားသမီးသည် ချီးကျူးထိုက်သူဖြစ်၏”၊ ဤသို့လျှင် မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဤဘဝမှ ပေးလှူအပ်သော ဝတ္ထုဖြင့် နောက်ဘဝ၌ မျှတကုန်၏။

**ဣတော ဒိန္နကထာ ပြီး၏။**

------

၁။ “ဣတော ဒိန္နေန ယာပေန္တိ၊ ပေတာ ကာလင်္ကတာ တဟိံ”ဟူသော စကားကို အမှီပြု၍ အကြင်သင်္ကန်းစသော ဝတ္ထုကို ဤလူ့ပြည်မှ ဆွေမျိုးစသော အလှူခံအား ပေးလှူအပ်၏၊ ထိုပေးလှူအပ်သော သင်္ကန်းစသော ဝတ္ထုဖြင့်ပင် ထိုပြိတ္တာဘုံသို့ ရောက်ကုန်သော သတ္တဝါတို့သည် မျှတကြရကုန်၏ဟု ရာဇဂိရိက သိဒ္ဓတ္ထိက နိကာယဝင် ပရဝါဒီတို့၏ အယူကို တားမြစ်ရန် ဤဣတောဒိန္နကထာကို ဟောတော်မူသည်။
၂။ သင်္ကန်းစသည်ဖြင့် စိစစ် မေးမြန်းခဲ့သော် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၃။ မိမိကိုယ်တိုင် မိမိကံကို မပြုလုပ်သလောဟု မေးလိုသည်။
၄။ သုတ်နှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၅။ မိမိကိုယ်တိုင်က ဝမ်းမြောက်သည်၏ အဖြစ်ကြောင့်လည်း ထိုပြိတ္တာတို့အား ထိုပြိတ္တာဘုံ၌ အသုံးအဆောင်တို့ ဖြစ်ကြရသောကြောင့် ဤအကြောင်းဖြင့် မိမိအယူကို တည်တံ့စေသော်လည်း တည်တံ့စေသည့် မမည်နိုင်လေ၊ ထိုပြိတ္တာတို့သည် ဤလူ့ပြည်မှ ပေးလှူသော ဝတ္ထုဖြင့်သာ မျှတနေထိုင်ကြရသည် မဟုတ်သောကြောင့်တည်း။

♣

## ၇-သတ္တမဝဂ် (၆၉) ၇-ပထဝီကမ္မဝိပါကောတိကထာ[၁]

၄၉၂။ သကဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြေကြီးသည် သုခဝေဒနာ ရှိပါသလော၊ ဒုက္ခဝေဒနာ ရှိပါသလော၊ အဒုက္ခမသုခဝေဒနာ ရှိပါသလော၊ သုခဝေဒနာနှင့် ယှဉ်သလော၊ ဒုက္ခဝေဒနာနှင့် ယှဉ်သလော၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သလော၊ ဖဿနှင့် ယှဉ်သလော၊ ဝေဒနာနှင့် ယှဉ်သလော၊ သညာနှင့် ယှဉ်သလော၊ စေတနာနှင့် ယှဉ်သလော၊ စိတ်နှင့် ယှဉ်သလော၊ အာရုံရှိပါသလော၊ ထိုမြေကြီးအား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှု ရှိပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြေကြီးသည် သုခဝေဒနာ မရှိသည် မဟုတ်ပါလော၊ ဒုက္ခဝေဒနာ မရှိသည် မဟုတ်ပါလော၊ အဒုက္ခမသုခဝေဒနာ မရှိသည် မဟုတ်ပါလော၊ သုခဝေဒနာနှင့် မယှဉ်သည် မဟုတ်ပါလော၊ ဒုက္ခဝေဒနာနှင့် မယှဉ်သည် မဟုတ်ပါလော၊ အဒုက္ခမသုခဝေဒနာနှင့် မယှဉ်သည် မဟုတ်ပါလော၊ ဖဿနှင့် မယှဉ်သည် မဟုတ်ပါလော၊ ဝေဒနာနှင့် မယှဉ်သည် မဟုတ်ပါလော၊ သညာနှင့် မယှဉ်သည် မဟုတ်ပါလော၊ စေတနာနှင့် မယှဉ်သည် မဟုတ်ပါလော၊ စိတ်နှင့် မယှဉ်သည် မဟုတ်ပါလော၊ အာရုံ မရှိသည် မဟုတ်ပါလော၊ ထိုမြေကြီးအား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြေကြီးအား သုခဝေဒနာ ဒုက္ခဝေဒနာ မရှိခဲ့ပါလျှင်။ပ။ အာရုံ မရှိခဲ့ပါလျှင် ထိုမြေကြီးအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါလျှင် မြေကြီးသည် ကံ၏ အကျိုးဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် ကံ၏ အကျိုးလော၊ ဖဿသည် သုခဝေဒနာ ရှိသလော၊ ဒုက္ခဝေဒနာ ရှိသလော၊ အဒုက္ခမသုခဝေဒနာ ရှိသလော၊ သုခဝေဒနာနှင့် ယှဉ်သလော၊ ဒုက္ခ။ပ။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သလော၊ ဖဿနှင့် ယှဉ်သလော၊ ဝေဒနာနှင့် ယှဉ်သလော၊ သညာနှင့် ယှဉ်သလော၊ စေတနာနှင့် ယှဉ်သလော၊ စိတ်နှင့် ယှဉ်သလော၊ အာရုံရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးလော၊ မြေကြီးသည် သုခဝေဒနာ ရှိသလော၊ ဒုက္ခဝေဒနာ ရှိသလော၊ အဒုက္ခမသုခဝေဒနာ ရှိသလော၊ သုခဝေဒနာနှင့် ယှဉ်သလော၊ ဒုက္ခဝေဒနာ။ပ။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သလော၊ ဖဿနှင့် ယှဉ်သလော၊ ဝေဒနာနှင့် ယှဉ်သလော၊ သညာနှင့် ယှဉ်သလော၊ စေတနာနှင့် ယှဉ်သလော၊ စိတ်နှင့် ယှဉ်သလော၊ အာရုံရှိသလော၊ ထိုမြေကြီးအား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးလော၊ သုခဝေဒနာ မရှိသလော၊ ဒုက္ခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုမြေကြီးအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ၏။

သကဝါဒီ။ ။ ဖဿသည် ကံ၏ အကျိုးလော၊ ဖဿသည် သုခဝေဒနာ မရှိပါသလော၊ ဒုက္ခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြေကြီးသည် မြောင့်ပင့်ခြင်း နှိမ့်ချခြင်းသို့ ရောက်ပါသလော၊ ဖြတ်ခြင်း ခွဲခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ သြော် ရောက်ပါ၏။

သကဝါဒီ။ ။ ကံ၏ အကျိုးသည် မြောက်ပင့်ခြင်း နှိမ့်ချခြင်းသို့ ရောက်ပါသလော၊ ဖြတ်ခြင်း ခွဲခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြေကြီးကို ရောင်းခြင်းငှါလည်းကောင်း၊ ဝယ်ခြင်းငှါလည်းကောင်း၊ ရှေးရှုတည့်တည့် ထားခြင်းငှါလည်းကောင်း၊ ဆွတ်ခူးခြင်းငှါလည်းကောင်း၊ ရွေးချယ်ခြင်းငှါလည်းကောင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ ကံ၏ အကျိုးကို ရောင်းခြင်းငှါ ဝယ်ခြင်းငှါ ရှေးရှုထားခြင်းငှါ ဆွတ်ခူးခြင်းငှါ ရွေးချယ်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၉၃။ သကဝါဒီ။ ။ မြေကြီးသည် သူတစ်ပါးတို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော် ဆက်ဆံပါ၏။

သကဝါဒီ။ ။ ကံ၏ အကျိုးသည် သူတစ်ပါးတို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ကံ၏ အကျိုးသည် သူတစ်ပါးတို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ သြော် ဆက်ဆံပါ၏[၄]။

သကဝါဒီ။ ။ "သုစရိုက်ကို အကယ်၍ ကျင့်အံ့၊ (ဤသို့ကျင့်လျှင်) ထိုအကျင့်သည် အခြားသူတစ်ပါးနှင့် မဆက်ဆံဘဲ ခိုးသူတို့ မဆောင်ယူနိုင်သော ရွှေအိုးနှင့် တူ၏၊ (ထို့ကြောင့်)

သတ္တဝါသည့်ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရာ၏”ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် ကံ၏ အကျိုးသည် သူတစ်ပါးနှင့် ဆက်ဆံ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြေကြီးသည် ရှေးဦးစွာ တည်ပါသလော၊ သတ္တဝါတို့သည် နောက်မှ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရှေးဦးစွာ အကျိုးသည် ဖြစ်ပါသလော၊ နောက်မှ အကျိုးကို ရဖို့ရန် ကံကို ပြုလုပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြေကြီးသည် သတ္တဝါအားလုံးတို့၏ ကံ၏ အကျိုးလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့သည် မြေကြီးကို သုံးဆောင်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့သည် မြေကြီးကို သုံးဆောင်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် သုံးဆောင်ပါကုန်၏[၆]။

သကဝါဒီ။ ။ မြေကြီးကို မသုံးစွဲကုန်ဘဲ ပရိနိဗ္ဗာန်စံကုန်သော အချို့ပုဂ္ဂိုလ်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏[၇]။

သကဝါဒီ။ ။ ကံ၏ အကျိုးကို မကုန်ခန်းစေမူ၍ ပရိနိဗ္ဗာန်စံကုန်သော အချို့သောပုဂ္ဂိုလ်တို့သည် ရှိပါကုန်သလော[၈]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၉]

သကဝါဒီ။ ။ မြေကြီးသည် စကြဝတေးမင်း၏ ကံ၏ အကျိုးလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အခြားသတ္တဝါတို့သည် မြေကြီးကို သုံးဆောင်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် သုံးဆောင်ပါကုန်၏။

သကဝါဒီ။ ။ စကြဝတေးမင်း၏ ကံ၏ အကျိုးကို အခြားသတ္တဝါတို့သည် သုံးဆောင်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စကြဝတေးမင်း၏ ဖဿကို၊ ဝေဒနာကို၊ သညာကို၊ စေတနာကို၊ စိတ်ကို၊ သဒ္ဓါကို၊ ဝီရိယကို၊ သတိကို၊ သမာဓိကို၊ ပညာကို အခြားသတ္တဝါတို့သည် သုံးဆောင်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၉၄။ ပရဝါဒီ။ ။ မြေကြီးသည် ကံ၏ အကျိုးဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အစိုးရသူ၏ အဖြစ်ကို ဖြစ်စေတတ်သော ကံသည် အကြီးအကဲ၏ အဖြစ်ကို ဖြစ်စေ တတ်သော ကံသည် ရှိသည် မဟုတ်ပါလော[၁၀]။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အစိုးရ၏ အဖြစ်ကို ဖြစ်စေတတ်သောကံ အကြီးအကဲ၏ အဖြစ်ကို ဖြစ်စေတတ်သောကံ ရှိခဲ့ပါလျှင် ထိုအကြောင်းကြောင့် မြေကြီးသည် ကံ၏ အကျိုးဟူ၍ ဆိုသင့်၏။

**ပထဝီကမ္မဝိပါကောတိကထာ ပြီး၏။**

------

၁။ “အတ္ထိ ဣဿရိယသံဝတ္တနိယံ ကမ္မံ အဓိပစ္စသံဝတ္တနိယံ ကမ္မံ” ဟူရာ၌ မြေကြီးကို အစိုးရသည်၏အဖြစ် အကြီးအမှူး၏ အဖြစ်ကို ဖြစ်စေတတ်သော ကံမည်၏ဟု ဆိုအပ်၏၊ ထို့ကြောင့် မြေကြီးသည် ကံ၏ အကျိုးတည်းဟု အယူရှိကြသော အန္ဓကဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်လျက် ဤကထာကို ဟောတော်မူသည်။
၂။ ကမ္မဝိပါကသဘောကို ပြခြင်းငှါ ဤပုစ္ဆာကို မီန့်သည်။
၃။ ဖဿ စသည်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ကမ္မသမုဋ္ဌာန်ရုပ်ကိုလည်းကောင်း၊ ပထဝီစသည်တို့၏သာလျှင် သူတစ်ပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကိုလည်းကောင်း ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ မြေကြီးကို မမှီမူ၍ တည်နေကုန်သော သတ္တဝါတို့ကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။
၆။ မှီ၍နေသူတို့ကို ရည်ရွယ်၍ ဝန်ခံသည်။
၇။ အရူပဘုံ၌ ပရိနိဗ္ဗာန်စံကုန်သောပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဝန်ခံသည်။
၈။ အကျိုး၏ အဖြစ်ဖြင့် တည်သော ထိုမြေကို မကုန်စေမူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် မသင့်တကားဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။
၉။ ကံ၏ အကျိုးကို ကုန်စေ၍သာလျှင် ပရိနိဗ္ဗာန်ပြု၏ဟူသော မိမိဝါဒ၌ တည်လျက် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၁၀။ ကံသည် ရသည်၏ အစွမ်းအားဖြင့်သာ ထိုဣဿရိယအာဓိပစ္စကို ဖြစ်စေသည်၊ ဇနက၏အစွမ်းအားဖြင့် ဖြစ်စေသည်မဟုတ်၊ ထို့ကြောင့် ထိုစကားသည် မြေကြီး၏ ဝိပါကအဖြစ်၌ ပြီးစေနိုင်သော စကား မဟုတ်။

♣

## ၇-သတ္တမဝဂ် (၇၀) ၈-ဇရာမရဏာ ဝိပါကောတိကထာ[၁]

၄၉၅။ သကဝါဒီ။ ။ ဇရာမရဏာသည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဇရာမရဏာသည် သုခဝေဒနာ ရှိသလော၊ ဒုက္ခဝေဒနာ ရှိသလော၊ အဒုက္ခမသုခဝေဒနာ ရှိသလော၊ သုခဝေဒနာနှင့် ယှဉ်သလော၊ ဒုက္ခဝေဒနာနှင့် ယှဉ်သလော၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သလော၊ ဖဿနှင့် ယှဉ်သလော၊ ဝေဒနာနှင့် ယှဉ်သလော၊ သညာနှင့် ယှဉ်သလော၊ စေတနာနှင့် ယှဉ်သလော၊ စိတ်နှင့် ယှဉ်သလော၊ အာရုံရှိသလော၊ ဇရာမရဏာအား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဇရာမရဏာသည် သုခဝေဒနာ မရှိသည် ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံမရှိသည် မဟုတ်ပါလော၊ ဇရာမရဏာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဇရာမရဏာသည် သုခဝေဒနာ မရှိခဲ့ပါလျှင် ဒုက္ခဝေဒနာ မရှိခဲ့ပါလျှင်။ပ။ အာရုံ မရှိခဲ့ပါလျှင် ထိုဇရာမရဏာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါလျှင် ဇရာမရဏာသည် အကျိုး'ဝိပါက်'ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် အကျိုး'ဝိပါက်'လော၊ ဖဿသည် သုခဝေဒနာရှိသလော၊ ဒုက္ခဝေဒနာရှိသလော။ပ။ အာရုံရှိသလော၊ ဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဇရာမရဏာသည် အကျိုး'ဝိပါက်'လော၊ ဇရာမရဏာသည် သုခဝေဒနာရှိသလော၊ ဒုက္ခဝေဒနာရှိသလော။ပ။ အာရုံရှိသလော၊ ထိုဇရာမရဏာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဇရာမရဏာသည် အကျိုး'ဝိပါက်'လော၊ ဇရာမရဏာသည် သုခဝေဒနာ မရှိသလော၊ ဒုက္ခဝေဒနာ မရှိသလော။ပ။ အာရုံ မရှိသလော၊ ထိုဇရာမရဏာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿသည် အကျိုး'ဝိပါက်'လော၊ ဖဿသည် သုခဝေဒနာ မရှိသလော၊ ဒုက္ခဝေဒနာ မရှိသလော။ပ။ အာရုံ မရှိသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၉၆။ သကဝါဒီ။ ။ အကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် အကုသိုလ်တရားတို့၏ အကျိုးလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၂]။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် ကုသိုလ်တရားတို့၏ အကျိုးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် ကုသိုလ်တရားတို့၏ အကျိုးဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် အကုသိုလ်တရားတို့၏ အကျိုးဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် ကုသိုလ်တရားတို့၏ အကျိုး (ဖြစ်သလော)။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် ကုသိုလ်တရားတို့၏ အကျိုးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် ကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏ အိုမှုသေမှု 'ဇရာမရဏ'သည် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏လည်းကောင်း၊ အကုသိုလ်တရားတို့၏လည်းကောင်း အိုမှုသေမှု 'ဇရာ မရဏ'သည် အကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏လည်းကောင်း၊ အကုသိုလ်တရားတို့၏လည်းကောင်း အိုမှုသေမှု'ဇရာ မရဏ'သည် ကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏လည်းကောင်း၊ အကုသိုလ်တရားတို့၏လည်းကောင်း အိုမှုသေမှု 'ဇရာ မရဏ'သည် ကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

သကဝါဒီ။ ။ ကုသိုလ်တရားတို့၏လည်းကောင်း၊ အကုသိုလ်တရားတို့၏လည်းကောင်း အိုမှုသေမှု 'ဇရာ မရဏ'သည် အကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၉၇။ ပရဝါဒီ။ ။ ဇရာမရဏသည် အကျိုး'ဝိပါက်'ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အဆင်းမလှခြင်းကို ဖြစ်စေတတ်သောကံ၊ အသက်တိုခြင်းကို ဖြစ်စေတတ်သော ကံသည် ရှိသည် မဟုတ်ပါလော[၄]။

သကဝါဒီ။ ။ ဩဝ် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အဆင်းမလှခြင်းကို ဖြစ်စေတတ်သောကံ၊ အသက်တိုခြင်းကို ဖြစ်စေ တတ်သော ကံ ရှိခဲ့ပါလျှင် ထိုအကြောင်းကြောင့် ဇရာမရဏသည် အကျိုး'ဝိပါက်'ဟူ၍ ဆိုသင့်၏။

**ဇရာမရဏံ ဝိပါကောတိကထာ ပြီး၏။**

------

၁။ "အတ္ထိ ဒုဗ္ဗဏ္ဏသံဝတ္တနိယံ ကမ္မံ အပ္ပါယုကသံဝတ္တနိယံ ကမ္မံ" ဟူရာ၌ မကောင်းသော အဆင်းရှိသူ၏အဖြစ်ဟူသည် ဇရာပင်တည်း၊ အသက်တိုသူ၏ အဖြစ်ဟူသည် မရဏပင်တည်း၊ ထိုကိုဖြစ်စေတတ်သော ကံသည် ရှိ၏၊ ထိုဇရာမရဏသည် ဝိပါက်တည်းဟု အယူရှိကြသော အန္ဓကဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤ ဇရာမရဏဝိပါကကထာကို ဟောသည်။

၂။ ဇရာမရဏမည်သည် အလိုမရှိအပ်သော အနိဋ္ဌဝိပါက်သာ ဖြစ်ရာ၏ဟူသော အယူဖြင့် ဝန်ခံသည်၊ ထိုအကြောင်းဖြင့်ပင် ကုသိုလ်တရားတို့၏ အကျိုး၏အဖြစ်ကို ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ ဇရာမရဏမည်သည် အလိုမရှိအပ်သော အနိဋ္ဌဝိပါက်သာ ဖြစ်ရာ၏ဟူသော အယူဖြင့် ဝန်ခံသည်၊ ထိုအကြောင်းဖြင့်ပင် ကုသိုလ်တရားတို့၏ အကျိုး၏အဖြစ်ကို ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ ပရိယာယ်အားဖြင့် ထိုဇရာမရဏတို့ ဖြစ်စေတတ်သော ကံသည် ဝိပါက် ဖဿ စသည်တို့ ကဲ့သို့ ဇနက၏ အစွမ်းအားဖြင့် ဖြစ်စေသည် မဟုတ်၊ ထို့ကြောင့် ဝိပါက်အဖြစ်ကို မပြီးစေနိုင်လေ။

♣

## ၇–သတ္တမဝဂ် (၇၁) ၉–အရိယဓမ္မဝိပါကကထာ[၁]

၄၉၈။ သကဝါဒီ။ ။ မဂ်ဟူသော အရိယာတရား၏ အကျိုး'ဝိပါက်'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သမဏ'ရဟန်း'အဖြစ်ဟူသော မဂ်သည် ကြီးမြတ်သော အကျိုးရှိသည် ဗြာဟ္မဏ အဖြစ်ဟူသော မဂ်သည် ကြီးမြတ်သော အကျိုးရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သမဏအဖြစ်ဟူသော မဂ်သည် ကြီးမြတ်သော အကျိုးရှိခဲ့ပါမူ ဗြာဟ္မဏ အဖြစ်ဟူသော မဂ်သည် ကြီးမြတ်သော အကျိုးရှိခဲ့ပါမူ မဂ်ဟူသော အရိယာတရား၏ အကျိုးသည် မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မဂ်ဟူသော အရိယာတရား၏ အကျိုး'ဝိပါက်'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သောတာပတ္တိဖိုလ်သည် ရှိခဲ့ပါလျှင် မဂ်ဟူသော အရိယာတရား၏ အကျိုး 'ဝိပါက်'သည် မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်သည် ရှိသည်မဟုတ်ပါလော။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တ ဖိုလ်သည် ရှိသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရဟတ္တဖိုလ်သည် ရှိခဲ့ပါလျှင် မဂ်ဟူသော အရိယာတရား၏ အကျိုး 'ဝိပါက်'သည် မရှိဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ[၂]။

သကဝါဒီ။ ။ ဒါန၏ အကျိုးသည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ အကျင့်'သီလ'၏ အကျိုးသည်။ပ။ ဘာဝနာ၏ အကျိုးသည် အကျိုး'ဝိပါက်' မဟုတ် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်သည်။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တဖိုလ်သည် အကျိုး 'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ ဒါန၏ အကျိုးသည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်သည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ အကျင့်'သီလ'၏ အကျိုးသည်။ပ။ ဘာဝနာ၏ အကျိုးသည် အကျိုး'ဝိပါက်' မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒါန၏ အကျိုးသည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒါန၏ အကျိုးသည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်သည်။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တဖိုလ်သည် အကျိုး 'ဝိပါက်'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျင့် 'သီလ'၏ အကျိုးသည်။ပ။ ဘာဝနာ၏ အကျိုးသည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘာဝနာ၏ အကျိုးသည် အကျိုး'ဝိပါက်'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်သည်။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တဖိုလ်သည် အကျိုး 'ဝိပါက်'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၄၉၉။ သကဝါဒီ။ ။ ကာမာဝစရကုသိုလ်သည် အကျိုး'ဝိပါက်'ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး ‘ဝိပါက်’ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပါဝစရကုသိုလ်သည်။ပ။ အရူပါဝစရကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကာမာဝစရကုသိုလ်သည် အကျိုး‘ဝိပါက်’ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရူပါဝစရကုသိုလ်သည် အကျိုး‘ဝိပါက်’ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၀၀။ ပရဝါဒီ။ ။ ကာမာဝစရကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူးအပ်သော) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူး အပ်သော) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ရူပါဝစရ။ပ။ အရူပါဝစရကုသိုလ်သည် အကျိုးရှိ ‘ဝိပါက်’ ရှိသည် ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူးအပ်သော) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏။

ပရဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူး အပ်သော) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး‘ဝိပါက်’ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူးအပ်သော) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး'ဝိပါက်'ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူး အပ်သော) စုတိပဋိသန္ဓေမှ ကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဖြစ်ပါ၏။

ပရဝါဒီ။ ။ ကာမာဝစရကုသိုလ်သည် အကျိုး'ဝိပါက်'ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူး အပ်သော) စုတိပဋိသန္ဓေမှ ကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ လောကုတ္တရာကုသိုလ်သည် အကျိုး'ဝိပါက်'ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူး အပ်သော) စုတိပဋိသန္ဓေမှ ကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဖြစ်ပါ၏။

ပရဝါဒီ။ ။ ရူပါဝစရ။ပ။ အရူပါဝစရကုသိုလ်သည် အကျိုး'ဝိပါက်'ရှိသည်ဖြစ်၍ (ကံကိလေသာတို့ ဆည်းပူးအပ်သော) စုတိပဋိသန္ဓေမှ ကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အရိယဓမ္မဝိပါကကထာ ပြီး၏။**

------

၁။ ကိလေသာတို့ကို ပယ်ခြင်းမျှသည်သာ မဂ်ဟူသော အရိယဓမ္မ၏ အကျိုးဖြစ်၏၊ စိတ် စေတသိက်တရားတို့သည် မဂ်ဟူသော အရိယဓမ္မ၏ အကျိုးမဟုတ်ဟု အယူရှိသူတို့ကို ရည်ရွယ်၍ ဤအရိယဓမ္မဝိပါကကထာကို ဟောသည်။

၂။ သောတာပတ္တိမဂ် စသည်တို့၏ အပစယဂါမီအဖြစ်ကို ရည်ရွယ်၍ အရိယာဖိုလ်တို့၏ ဝိပါက်မဟုတ်သည်၏ အဖြစ်ကို ဝန်ခံသည်။

♣

## ၇–သတ္တမဝဂ် (၇၂) ၁၀–ဝိပါကော ဝိပါကဓမ္မဓမ္မောတိကထာ[၁]

၅၀၁။ သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုထိုအကျိုးကို ဖြစ်စေတတ်သော သဘောရှိသောတရား၏ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုထိုအကျိုးကို ဖြစ်စေတတ်သော သဘောရှိသောတရား၏ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုထိုဆင်းရဲ၏သာလျှင် အဆုံးကို ပြုခြင်း မရှိပါသလော၊ ဝဋ်ပြတ်ခြင်း မရှိပါသလော၊ မစွဲလမ်းမူ၍ ငြိမ်းအေးမှု 'အနုပါဒါပရိနိဗ္ဗာန်'သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'ဟူ၍လည်းကောင်း, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူ၍လည်းကောင်း၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူ၍လည်းကောင်း, အကျိုး 'ဝိပါက်'ဟူ၍လည်းကောင်း ဤအကျိုး'ဝိပါက်'သည် ဤအကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော၊ ဤ (ဤအကျိုး'ဝိပါက်'နှင့် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော) တရားသည် တူသော အနက်ရှိသလော၊ တူသလော၊ တူသော အဖို့ရှိသလော၊ ထိုအကျိုး'ဝိပါက်'ကြောင့် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်သလော၊ ထိုအကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားကြောင့် ထိုအကျိုး'ဝိပါက်' ဖြစ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကျိုးသည်လည်းကောင်း, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားသည်လည်းကောင်း၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားသည်လည်းကောင်း, အကျိုးသည်လည်းကောင်း အတူဖြစ်ကုန်သလော၊ တကွဖြစ်ကုန်သလော၊ ရောနှောကုန်သလော၊ ယှဉ်ကုန်သလော၊ တူသော ဖြစ်ခြင်း ရှိကုန်သလော၊ တူသောချုပ်ခြင်း ရှိကုန်သလော၊ တူသောတည်ရာ ရှိကုန်သလော၊ တူသောအာရုံ ရှိကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုး 'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုအကုသိုလ်သည်ပင် ထိုအကုသိုလ်၏ အကျိုးလော၊ ထိုကုသိုလ်သည်ပင် ထို ကုသိုလ်၏ အကျိုးလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကြင်စိတ်ဖြင့်သာ သူတစ်ပါးအသက်ကို သတ်၏၊ ထိုစိတ်ဖြင့်သာလျှင် ငရဲ၌ ကျက်ရာသလော။ အကြင်စိတ်ဖြင့်သာလျှင် အလှူကို ပေးလှူ၏၊ ထိုစိတ်ဖြင့်သာလျှင် နတ်ပြည်၌ ဝမ်းမြောက်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၀၂။ ပရဝါဒီ။ ။ အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အကျိုး'ဝိပါက်'နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း ကျေးဇူးပြုကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကျိုး'ဝိပါက်'နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း ကျေးဇူးပြုခဲ့ကုန်မူ ထိုအကြောင်းကြောင့် အကျိုး'ဝိပါက်'သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူ၍ ဆိုသင့်၏။

**ဝိပါကော ဝိပါကဓမ္မဓမ္မောတိကထာ ပြီး၏။**

**သတ္တမဝဂ် ပြီး၏။**

------

၁။ အကျိုးဝိပါက် နာမက္ခန္ဓာသည် အကျိုးဝိပါက် နာမက္ခန္ဓာအား အညမည စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထို့ကြောင့် ဝိပါက်သည်လည်း အကျိုးဝိပါက်ကို ဖြစ်စေတတ်သော တရားတည်းဟု အယူရှိသူတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၈-အဋ္ဌမဝဂ် (၇၃) ၁-ဆဂတိကထာ[၁]

၅၀၃။ သကဝါဒီ။ ။ လားရာ'ဂတိ' တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ငရဲ, တိရစ္ဆာန်မျိုး, ပြိတ္တာဘုံ, လူ, နတ်ဟူ၍ ငါးပါးသော လားရာ'ဂတိ'တို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ငရဲ, တိရစ္ဆာန်မျိုး, ပြိတ္တာဘုံ, လူ, နတ်ဟူ၍ လားရာ'ဂတိ' ငါးပါးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ခဲ့ကုန်မူ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလကဉ္စိကာအသုရာတို့သည်။ ပိတ္တာတို့နှင့် တူသော အဆင်းရှိကုန်သည် တူသော စည်းစိမ်ရှိကုန်သည် တူသော အစာရှိကုန်သည် တူသော အသက်ရှိကုန်သည်။ ပိတ္တာတို့နှင့်တကွ သမီး ယူခြင်း၊ သမီးပေးခြင်း (လက်ထပ်ထိမ်းမြားခြင်း) သို့ ရောက်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာလကဉ္စိကာအသုရာတို့သည်။ ပိတ္တာတို့နှင့် တူသော အဆင်းရှိခဲ့ကုန်မူ တူသော စည်းစိမ်ရှိခဲ့ကုန်မူ တူသော အစာရှိခဲ့ကုန်မူ တူသော အသက်ရှိခဲ့ကုန်မူ ပြိတ္တာတို့နှင့်တကွ သမီးယူခြင်း၊ သမီးပေးခြင်း (လက်ထပ်ထိမ်းမြားခြင်း) သို့ ရောက်ခဲ့ကုန်မူ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေပစိတ္တိအသုရာပရိသတ်တို့သည် နတ်တို့နှင့် တူသော အဆင်းရှိကုန်သည် တူသော စည်းစိမ်ရှိကုန်သည် တူသော အစာရှိကုန်သည် တူသော အသက်ရှိကုန်သည် နတ်တို့နှင့် အတူတကွ သမီးယူခြင်း၊ သမီးပေးခြင်း (လက်ထပ်ထိမ်းမြားခြင်း) သို့ ရောက်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝေပစိတ္တိအသုရာပရိသတ်တို့သည် နတ်တို့နှင့် တူသော အဆင်းရှိခဲ့ ကုန်မူ တူသော စည်းစိမ်ရှိကုန်သည် တူသော အစာရှိခဲ့ကုန်မူ တူသော အသက်ရှိခဲ့ကုန်မူ နတ်တို့နှင့်တကွ သမီးယူခြင်း၊ သမီးပေးခြင်း (လက်ထပ်ထိမ်းမြားခြင်း) သို့ ရောက်ခဲ့ကုန်မူ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ လားရာ 'ဂတိ'တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေပစိတ္တိအသုရာပရိသတ်တို့သည် (ရှေးဦးစွာ ဖြစ်သော) နတ်တို့ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝေပစိတ္တိအသုရာပရိသတ်တို့သည် ရှေးဦးနတ်တို့ ဖြစ်ခဲ့ကုန်မူ လားရာ 'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ မဆိုသင့်။

၅၀၄။ ပရဝါဒီ။ ။ လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အသူရကာယ်သည် ရှိသည်မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အသူရကာယ်သည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် လားရာ'ဂတိ'တို့သည် ခြောက်ပါးတို့တည်းဟူ၍ ဆိုသင့်၏။

**ဆဂတိကထာ ပြီး၏။**

------

၁။ ဂတိငါးပါးတို့တွင် အသူရကာယ်ကို ထည့်၍ ဂတိခြောက်ပါးဟု အယူရှိသူ အန္ဓကဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဆဂတိကထာကို ဟောတော်မူသည်။

♣

## ၈-အဋ္ဌမဝဂ် (၇၄) ၂-အန္တရာဘဝကထာ[၁]

၅၀၅။ သကဝါဒီ။ ။ အကြား 'အန္တရာ' ဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ (အန္တရာဘဝသည်) ကာမဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ (အန္တရာဘဝသည်) ရူပဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ (အန္တရာဘဝသည်) အရူပဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကာမဘဝ၏လည်းကောင်း၊ ရူပဘဝ၏လည်းကောင်း အကြား၌ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရူပဘဝ၏လည်းကောင်း၊ အရူပဘဝ၏လည်းကောင်း အကြား၌ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝ၏လည်းကောင်း၊ ရူဘဝ၏လည်းကောင်း အကြား၌ အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမဘဝ၏လည်းကောင်း၊ ရူပဘဝ၏လည်းကောင်း အကြား၌ အန္တရာဘဝသည် မရှိခဲ့ပါမူ အန္တရာဘဝသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရူပဘဝ၏လည်းကောင်း၊ အရူပဘဝ၏လည်းကောင်း အကြား၌ အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပဘဝ၏လည်းကောင်း၊ အရူပဘဝ၏လည်းကောင်း အကြား၌ အန္တရာ ဘဝ မရှိခဲ့ပါမူ အန္တရာဘဝသည် ရှိ၏ဟူ၍ မဆိုသင့်။

၅၀၆။ သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုအန္တရာဘဝ ပဋိသန္ဓေ (ယောနိ) သည် ငါးခုမြောက် ပဋိသန္ဓေ (ယောနိ)လော၊ ထို (အကြားဘဝ) လားရာ'ဂတိ'သည် ခြောက်ခုမြောက် လားရာ'ဂတိ'လော၊ ထို (အန္တရာဘဝ) ဝိညာဏ်၏ တည်ရာသည် ရှစ်ခုမြောက် ဝိညာဏ်၏ တည်ရာလော၊ ထို (အန္တရာဘဝ) သတ္တဝါ၏ နေရာသည် တစ်ဆယ့် တစ်ခုမြောက် သတ္တဝါ၏ နေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ဘုံဘဝလော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့၏ နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်ကုန်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်ကုန်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝ၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာဘဝသည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၀၇။ သကဝါဒီ။ ။ ကာမဘဝသည် ရှိသည်ဖြစ်၍ ကာမဘဝသည် ဖြစ်ရာ (ဘုံဘဝ)လော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိသည်ဖြစ်၍ အန္တရာဘဝသည် ဖြစ်ရာ (ဘုံဘဝ)လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝသို့ ကပ်ရောက်ကုန်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်ကုန်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝ၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘဝသည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဩာ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝသည် ရှိသည်ဖြစ်၍ ရူပဘဝသည် ဖြစ်ရာ (ဘုံဘဝ)လော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဩာ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိသည်ဖြစ်၍ အန္တရာဘဝသည် ဖြစ်ရာ (ဘုံဘဝ)လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝသို့ ကပ်ရောက်သောကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩာ် ရှိပါကုန်၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဩာ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝ၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါ ကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိကုန်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘဝသည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝသည် ရှိသည်ဖြစ်၍ အရူပဘဝသည် ဖြစ်ရာ 'ဘုံဘဝ'လော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိသည်ဖြစ်၍ အန္တရာဘဝသည် ဖြစ်ရာ'ဘုံဘဝ'လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အန္တရာဘဝသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အန္တရာဘဝ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘဝသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အန္တရာဘဝသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၀၈။ သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့အားပင် အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ သတ္တဝါအားလုံးတို့အားပင် အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သတ္တဝါအားလုံးတို့အားပင် အန္တရာဘဝသည် မရှိခဲ့ပါမူ အန္တရာဘဝသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အခြားမဲ့ဘဝ၌ အကျိုးပေးမြဲသော (အနန္တရိယကံထိုက်သော) ပုဂ္ဂိုလ်အား အန္တရာ ဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အခြားမဲ့ဘဝ၌ အကျိုးပေးမြဲသော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အခြားမဲ့ဘဝ၌ အကျိုးပေးမြဲသော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိခဲ့ပါမူ အန္တရာဘဝသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အန္တရာဘဝ၌ အကျိုးပေး မမြဲသော (အနန္တရိယကံ မထိုက်သော) ပုဂ္ဂိုလ်အား အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အခြားမဲ့ဘဝ၌ အကျိုးပေးမြဲသော ပုဂ္ဂိုလ်အား အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အခြားမဲ့ဘဝ၌ အကျိုးပေးမြဲသော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အခြားမဲ့ဘဝ၌ အကျိုးပေး မမြဲသော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ငရဲသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား။ပ။ အသညသတ်ဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား။ပ။ အရူပဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပဘုံသို့ ကပ်ရောက်သောပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိခဲ့ပါမူ အန္တရာဘဝသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရူပဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရူပဘုံသို့ မကပ်ရောက်သော ပုဂ္ဂိုလ်အား အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရူပဘုံသို့ မကပ်ရောက်သောပုဂ္ဂိုလ်အား အန္တရာဘဝသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၀၉။ ပရဝါဒီ။ ။ အန္တရာဘဝသည် ရှိ၏ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အကြား၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်သည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် အန္တရာ ဘဝသည် ရှိ၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်သည် ရှိ၏ဟု (နှလုံး) ပြု၍ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကပ်ရောက်၍ ပရိနိဗ္ဗာန်ပြုသူ 'ဥပဟစ္စပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်သည် ရှိ၏ဟု (နှလုံး) ပြု၍ ဥပဟစ္စဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်သည် ရှိ၏ဟု (နှလုံး) ပြု၍ အန္တရာဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ပြုပြင်မှု မရှိဘဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်သည်။ပ။ ပြုပြင်မှုနှင့် တကွ ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်သည် ရှိ၏ဟု (နှလုံး) ပြု၍ သသင်္ခါရဘဝသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အန္တရာဘဝကထာ ပြီး၏။**

------

၁။ အန္တရာပရိနိဗ္ဗာယီဟူသော သုတ်ပုဒ်ကို မသင့်သောအားဖြင့် ယူ၍ အန္တရာဘဝ ရှိ၏၊ ယင်းအန္တရာဘဝ၌ သတ္တဝါသည် ဒိဗ္ဗစက္ခု မရဘဲလျက် ဒိဗ္ဗစက္ခု ရသကဲ့သို့လည်းကောင်း၊ တန်ခိုး မရှိဘဲလျက် တန်ခိုးရှိဘိသကဲ့သို့လည်းကောင်း မိဘနှစ်ပါးတို့၏ ပေါင်းဆုံမိခြင်း၊ အမိ၏ ဥတုလာခြင်းဟူသော အခါအခွင့်ကို ငံ့လင့်လျက် ခုနစ်ရက်၊ သို့မဟုတ် ခုနစ်ရက်ထက်အလွန် တည်နေ၏ဟု အယူရှိသူ ပုဗ္ဗသေလိယသမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို ပယ်ဖျက်ရန် ဤအန္တရာဘဝကထာကို ဟောတော်မူသည်။
၂။ ငရဲ, အသညသတ်, အရူပဘဝတို့သို့ ကပ်ရောက်သူတို့အား အန္တရာဘဝအဖြစ်ကို အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

## ၈–အဋ္ဌမဝဂ် (၇၅) ၃–ကာမဂုဏကထာ[၁]

၅၁၀။ သကဝါဒီ။ ။ ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်တို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော လိုချင်မှု 'ဆန္ဒ'သည် ရှိသည် မဟုတ်ပါလော[၂]။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော ဆန္ဒသည် ရှိခဲ့ပါလျှင် ကာမဂုဏ် ငါးပါးတို့သည်ပင် ကာမဓာတ်တို့တည်းဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော တပ်မက်မှု 'ရာဂ'သည် ထိုကာမဂုဏ်ငါးပါးနှင့် ယှဉ်သော 'ဆန္ဒ'သည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော 'ဆန္ဒရာဂ'သည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော သင်္ကပ္ပသည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော ရာဂသည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ် သော သင်္ကပ္ပရာဂသည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော ပီတိသည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ် သော သောမနဿသည် ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော ပီတိသောမနဿသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သော ပီတိသောမနဿ ရှိခဲ့ပါမူ ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်တို့တည်းဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်တို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ လူတို့၏ စက္ခုသည် ကာမဓာတ် မမည်ပါသလော[၃]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့၏ သောတသည်။ပ။ လူတို့၏ ဃာနသည်။ပ။ လူတို့၏ ဇိဝှါသည်။ပ။ လူတို့၏ ကာယသည်။ပ။ လူတို့၏ မနောသည် ကာမဓာတ် မမည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ လူတို့၏ မနောသည် ကာမဓာတ် မမည်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မမည်ပါ[၅]။

သကဝါဒီ။ ။ "လောက၌ စိတ်လျှင် ခြောက်ခုမြောက်ရှိကုန်သော ကာမဂုဏ် ငါးပါးတို့ကို

ဟောပြအပ်ကုန်ပြီ၊ ဤစိတ်နှင့်တကွ ကာမဂုဏ်ငါးပါး ဒုက္ခသစ္စာတရား၌ တဏှာဆန္ဒကို

ဖျက်ဆီးခဲ့သော် ဤသို့သော အကြောင်းဖြင့် ဆင်းရဲမှ လွတ်မြောက် ရလေ၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် လူတို့၏ မနောကို ကာမဓာတ် မဟုတ်ဟူ၍ မဆိုသင့်။

၅၁၁။ သကဝါဒီ။ ။ ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်တို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်တို့သည် ဖြစ်ရာဘဝလော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ကာမဂုဏ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဂုဏ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဂုဏ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဂုဏ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဂုဏ်တို့သည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဂုဏ်၌ မြတ်စွာဘုရားတို့သည် ဖြစ်ပါကုန်သလော၊ ပစ္စေကဗုဒ္ဓါတို့သည် ဖြစ်ပါ ကုန်သလော၊ တပည့် 'သာဝက'အစုံသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်သည် ဖြစ်ရာ 'ဘဝ'လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်တို့သည် ဖြစ်ရာ 'ဘဝ'လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ကာမဂုဏ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်သည် ပဥ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်တို့သည် ပဥ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဓာတ်၌ မြတ်စွာဘုရားတို့သည် ဖြစ်ပါကုန်သလော၊ ပစ္စေကဗုဒ္ဓါတို့သည် ဖြစ်ပါ ကုန်သလော၊ တပည့် 'သာဝက'အစုံသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကာမဂုဏ်၌ မြတ်စွာဘုရားတို့သည် ဖြစ်ပါကုန်သလော၊ ပစ္စေကဗုဒ္ဓါတို့သည် ဖြစ်ပါ ကုန်သလော၊ တပည့်'သာဝက'အစုံသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၁၂။ ပရဝါဒီ။ ။ ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤငါးပါးတို့သည် ကာမဂုဏ်တို့ပေတည်း။ အဘယ်ငါးပါးတို့နည်း၊ မျက်စိဖြင့် သိအပ်ကုန် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် မြတ်နိုးအပ်ကုန် ချစ်အပ်သော သဘောရှိကုန် လိုချင်မှုနှင့် စပ်ယှဉ်ကုန်သော တပ်မက်ဖွယ်ဖြစ်ကုန်သော အဆင်း'ရူပါရုံ'တို့သည် နားဖြင့် သိအပ်ကုန် သော။ပ။ အသံ 'သဒ္ဒါရုံ'တို့သည် နှာခေါင်းဖြင့် သိအပ်ကုန်သော။ပ။ အနံ့'ဂန္ဓာရုံ'တို့သည် လျှာဖြင့် သိအပ် ကုန်သော အရသာ'ရသာရုံ'တို့သည် အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် မြတ်နိုးအပ်ကုန် ချစ်အပ်သော သဘောရှိကုန် လိုချင်မှုနှင့် စပ်ယှဉ်ကုန်သော တပ်မက်ဖွယ်ဖြစ်ကုန်သော ကိုယ်ဖြင့် သိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် (ရှိကုန်၏)။ ရဟန်းတို့ ဤငါးပါးတို့ကား (ကာမဂုဏ်)တို့ပေတည်း"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ကာမဂုဏ်ငါးပါးတို့သည်ပင် ကာမဓာတ်တို့တည်း။

**ကာမဂုဏကထာ ပြီး၏။**

------

၁။ သကသမယ၌ ဝတ္ထုကာမ၊ ကိလေသာကာမ၊ ကာမဘဝ ဤသုံးပါးတို့ကို ကာမဓာတ်ဟု ဆိုအပ်၏။ ပရသမယ၌ ပဉ္စိမေ ဘိက္ခဝေ ကာမဂုဏာ ဟူသော စကားတော်မျှကို အမှီပြု၍ ကာမဂုဏ်ငါးပါးတို့ကို ကာမဓာတ်ဟု ဆိုအပ်ကုန်၏။ ထိုပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကာမဂုဏကထာကို ဟောတော်မူသည်။
၂။ ကိလေသာကာမကို ပြလို၍ မေးသည်။
၃။ ဝတ္ထုကာမကို ပြလို၍ မေးသည်။
၄။ အာယတနခြောက်ပါးတို့၏ ဝတ္ထုကာမ၏အဖြစ်ကြောင့် န ကာမဓာတ် မဟုတ်သည်၌ အပြစ်ကို ပယ်ခဲ့ပြီး၍ မနကို တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် မဟဂ္ဂုတ် လောကုတ္တရာမနကို ရည်ရွယ်၍ ဝန်ခံပြန်သည်၊ တေဘုမ္မကမန အားလုံးပင် ကာမဓာတ် မည်လေသောကြောင့် သကဝါဒီက ပရဝါဒီကို သုတ်ဖြင့် နှိပ်သည်။
၅။ အာယတနခြောက်ပါးတို့၏ ဝတ္ထုကာမ၏အဖြစ်ကြောင့် န ကာမဓာတ် မဟုတ်သည်၌ အပြစ်ကို ပယ်ခဲ့ပြီး၍ မနကို တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် မဟဂ္ဂုတ် လောကုတ္တရာမနကို ရည်ရွယ်၍ ဝန်ခံပြန်သည်၊ တေဘုမ္မကမန အားလုံးပင် ကာမဓာတ် မည်လေသောကြောင့် သကဝါဒီက ပရဝါဒီကို သုတ်ဖြင့် နှိပ်သည်။

၆။ ကာမဂုဏ်မျှ၌ ဘဝဟူသော ဝေါဟာရစကား မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ပြေသည်။

♣

## ၈–အဋ္ဌမဝဂ် (၇၆) ၄–ကာမကထာ[၁]

၅၁၃။ သကဝါဒီ။ ။ အာယတနငါးပါးတို့သည်သာ ကာမအာရုံတို့ ဖြစ်ကုန်ပါသလော[၂]။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ထိုကာမအာရုံနှင့် စပ်ယှဉ်သော ဆန္ဒသည် ရှိသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ဆန္ဒရှိခဲ့ပါမူ အာယတနငါးပါးတို့သည်သာ (ကာမ) အာရုံတို့ ဖြစ်ကုန်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ရာဂသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ဆန္ဒသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ဆန္ဒရာဂသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော သင်္ကပ္ပသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ရာဂသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော သင်္ကပ္ပရာဂသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ပီတိသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော သောမနဿသည် ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ပီတိသောမနဿသည် ရှိသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထို (ကာမ) အာရုံနှင့် စပ်ယှဉ်သော ပီတိသောမနဿသည် ရှိခဲ့ပါမူ အာယတနငါးပါးတို့သည်သာ (ကာမ) အာရုံတို့ ဖြစ်ကုန်၏ဟူ၍ မဆိုသင့်။

၅၁၄။ ပရဝါဒီ။ ။ အာယတနငါးပါးတို့သည်သာ (ကာမ) အာရုံတို့တည်းဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤငါးပါးတို့သည် (ကာမဂုဏ်)တို့ပေတည်း။ အဘယ်ငါးပါးတို့နည်း၊ မျက်စိဖြင့် သိအပ်ကုန်သော အဆင်း 'ရူပါရုံ'။ပ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် မြတ်နိုးအပ်ကုန် ချစ်အပ်သော သဘောရှိကုန် လိုချင်မှုနှင့် စပ်ယှဉ်ကုန် တပ်မက်ဖွယ်ဖြစ်ကုန် ကိုယ်ဖြင့် သိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် ရှိကုန်၏။ ရဟန်းတို့ ဤငါးပါးတို့သည်ကား (ကာမဂုဏ်)တို့တည်း"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အာယတနငါးပါးတို့သည်သာ ကာမအာရုံတို့တည်း။

သကဝါဒီ။ ။ အာယတနငါးပါးတို့သည်သာ ကာမအာရုံတို့ ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤငါးပါးတို့သည် ကာမဂုဏ်တို့ပေတည်း။ အဘယ်ငါးပါးတို့နည်း၊ မျက်စိဖြင့် သိအပ်ကုန်သော အဆင်း'ရူပါရုံ'တို့သည်။ပ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် မြတ်နိုး အပ်ကုန် ချစ်အပ်သော သဘောရှိကုန် လိုချင်မှုနှင့် စပ်ယှဉ်ကုန် တပ်မက်ဖွယ်ဖြစ်ကုန် ကိုယ်ဖြင့် သိအပ် ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် ရှိကုန်၏။ ရဟန်းတို့ ဤငါးပါးတို့ကား ကာမဂုဏ်တို့ ပေတည်း။

ရဟန်းတို့ စင်စစ်သော်ကား ဤအာရုံတို့ကို ကာမတို့မည်ကုန်၏ဟူ၍ မဆိုအပ်ကုန်၊ ဤအာရုံတို့ကို အရိယာဖြစ်သော မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်၌ ကာမဂုဏ်တို့မည်၏"ဟူ၍ ဆိုအပ်ကုန်၏။ "ကြံစည်မှု အစွမ်းအားဖြင့် ဖြစ်သော သက်ပွရာဂသည် သတ္တဝါ၏ ကာမမည်၏။လောက၌ ဆန်းကြယ်ကုန်သော အကြင်အာရုံတို့သည် ရှိကုန်၏၊ ထိုအာရုံတို့သည် ကာမ မမည်ကုန်။ ကြံစည်မှု အစွမ်းအားဖြင့် ဖြစ်သော သက်ပွရာဂသည် သတ္တဝါ၏ ကာမ မည်၏။ ထို့အတူသာလျှင်လောက၌ (အကြင်အာရုံတို့သည်) တည်ကုန်၏၊ ဆန်းကြယ်ကုန်သည်သာ ဖြစ်၍ စင်စစ် ဤလိုချင်ဖွယ်အာရုံ ကာမဂုဏ်တို့၌ ဆန္ဒကို ပညာရှိတို့သည် ဖယ်ရှားကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်လော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အာယတနငါးပါးတို့သည်သာ ကာမအာရုံတို့ဟူ၍ မဆိုသင့်။

**ကာမကထာ ပြီး၏။**

------

၁။ ပဉ္စိမေ ဘိက္ခဝေ ကာမဂုဏာ ဟူသော စကားမျှကို ယူ၍ ရူပါယတနစသော အာယတန ငါးပါးတို့သည်သာ ကာမ မည်ကုန်၏ဟု အယူရှိသူ ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်လျက် ဤကာမကထာကို ဟောတော်မူသည်။

၂။ ထိုပရဝါဒီဆရာတို့အား ကိလေသာကာမ၏သာလျှင် မုချအားဖြင့် ကာမ၏အဖြစ်ကို ပြခြင်းငှါ ဤပုစ္ဆာကို မေးသည်။

♣

## ၈–အဋ္ဌမဝဂ် (၇၇) ၅–ရူပဓာတုကထာ[၁]

၅၁၅။ သကဝါဒီ။ ။ ဖောက်ပြန်ခြင်းရှိကုန်သော ရုပ်တရားတို့သည် ရူပဓာတ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် ဖြစ်ရာ 'ဘဝ'လော၊ လားရာ 'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်သည် ဖြစ်ရာ'ဘဝ'လော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော[၂]။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် ဖြစ်ရာ'ဘဝ'လော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ရုပ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဓာတ်သည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် ပဉ္စဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၁၆။ သကဝါဒီ။ ။ ဖောက်ပြန်ခြင်းရှိကုန်သော ရုပ်တရားတို့သည် ရူပဓာတ်မည်သည်ဖြစ်၍ ကာမ ဓာတ်၌ ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုကာမဓာတ်သည်ပင် ထိုရူပဓာတ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၁]။

သကဝါဒီ။ ။ ကာမဓာတ်သည်ပင် ရူပဓာတ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏[၂]။

သကဝါဒီ။ ။ ကာမဘဝနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကာမဘဝနှင့်လည်းကောင်း၊ ရူပဘဝနှင့် လည်းကောင်း (ဤသို့) ဘဝနှစ်ပါးတို့နှင့် ပြည့်စုံသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ရူပဓာတုကထာ ပြီး၏။**

------

၁။ ဖောက်ပြန်မှုရှိသော တရားတို့သည်သာ ရူပဓာတ်မည်၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤရူပဓာတုကထာကို ဟောတော်မူသည်။
၂။ ရူပဘဝသည်သာ ရူပဓာတ် မည်၏၊ ရုပ်မျှသည် ရူပဓာတ် မဟုတ်ဟူသော အနက်သဘောဖြင့် စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ဘူမိပရိစ္ဆေဒအားဖြင့် ဆန့်ကျင်သည်ကို မြင်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ တစ်ဖန် နောက်ထပ် မေးပြန်လတ်သော် မိမိအယူအားဖြင့် ဝန်ခံပြန်၏။

♣

## ၈–အဋ္ဌမဝဂ် (၇၈) ၆–အရူပဓာတုကထာ[၁]

၅၁၇။ သကဝါဒီ။ ။ နာမ်တရားတို့သည် အရူပဓာတ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာသည် ဖြစ်ရာ'ဘဝ'လော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည်နေရာလော၊ ကျင်လည်ရာ 'သံသရာ'လော၊ ပဋိသန္ဓေ 'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်သည် ဖြစ်ရာ'ဘဝ'လော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာသည် ဖြစ်ရာ'ဘဝ'လော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်သို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဝေဒနာသို့ ကပ်ရောက်သော ကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်သို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဝေဒနာသို့ ကပ်ရောက်သော သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာ၌ သတ္တဝါတို့သည် မွေးဖွားကုန်သလော၊ အိုမင်းကုန်သလော၊ သေကုန်သလော၊ စုတေကုန်သလော၊ ပဋိသန္ဓေနေကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဝေဒနာ၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်သည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာသည် စတုဝေါကာရဘဝလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၁၈။ သကဝါဒီ။ ။ နာမ်တရားတို့သည် အရူပဓာတ်မည်ကုန်သည် ဖြစ်၍ ကာမဓာတ်၌ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုကာမဓာတ်သည်ပင် ထိုအရူပဓာတ်မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုကာမဓာတ်သည်ပင် ထိုအရူပဓာတ်မည်သလော။

ပရဝါဒီ။ ။ ေသြာ် မည်ပါ၏။

သကဝါဒီ။ ။ ကာမဘဝနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကာမဘဝနှင့်လည်းကောင်း၊ အရူပဘဝနှင့်လည်းကောင်း (ဤသို့) ဘဝနှစ်ပါးတို့နှင့် ပြည့်စုံသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖောက်ပြန်ခြင်းရှိကုန်သော ရုပ်တရားတို့သည် ရူပဓာတ်မည်သည်ဖြစ်၍ နာမ်တရားတို့သည် အရူပဓာတ်မည်သည်ဖြစ်၍ ကာမဓာတ်၌ ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ေသြာ် ရှိပါ၏။

သကဝါဒီ။ ။ ထိုကာမဓာတ်သည်ပင် ထိုရူပဓာတ် ထိုအရူပဓာတ် မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုကာမဓာတ်သည်ပင် ထိုရူပဓာတ် ထိုအရူပဓာတ် မည်သလော။

ပရဝါဒီ။ ။ ေသြာ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမဘဝနှင့် ပြည်စုံသောပုဂ္ဂိုလ်သည် ကာမဘဝနှင့်လည်းကောင်း၊ ရူပဘဝနှင့်လည်းကောင်း၊ အရူပဘဝနှင့်လည်းကောင်း (ဤသို့) ဘဝသုံးပါးတို့နှင့် ပြည့်စုံသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အရူပဓာတုကထာ ပြီး၏။**

------

၁။ ဤအရူပဓာတုကထာ၌ နာမ်ခန္ဓာလေးပါးတို့တွင် ဝေဒနာက္ခန္ဓာကိုသာ ယူ၍ ဟောတော်မူသည်။

♣

## ၈-အဋ္ဌမဝဂ် (၇၉) ၇-ရူပဓာတုယာ အာယတနကထာ[၁]

၅၁၉။ သကဝါဒီ။ ။ ရူပဓာတ်၌ အာယတနခြောက်ပါးရှိသော အတ္တဘောသည် ရှိပါသလော။

ပရဝါဒီ။ ။ ေသြာ် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိပါသလော[၂]။

ပရဝါဒီ။ ။ ေသြာ် ရှိပါ၏[၃]။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဂန္ဓာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ရသာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဖောဋ္ဌဗ္ဗာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဂန္ဓာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ရသာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဖောဋ္ဌဗ္ဗာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ကာယာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၀။ သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည် ဖြစ်၍ ရူပါယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည် ဖြစ်၍ ရူပါယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဓိဝှါယတနသည် ရှိသည် ဖြစ်၍ ရသာယတနသည် ရှိပါသလော။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် ရှိပါသလော။ပ။ ထိုရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဓိဝှါယတနသည် ရှိသည် ဖြစ်၍ ရသာယတနသည် ရှိပါသလော။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည် ဖြစ်၍ ရူပါယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် မရှိပါသလော။ပ။ ထို ရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ရသာယတနသည် မရှိပါသလော။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည် ဖြစ်၍ ရူပါယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် မရှိပါသလော။ပ။ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၁။ သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည် ဖြစ်၍ ရူပါယတနသည် ရှိသည် ဖြစ်၍ ထိုစက္ခုဖြင့် အဆင်းကို မြင်ပါသလော။

ပရဝါဒီ။ ။ သြော် မြင်ပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည်ဖြစ်၍ ဂန္ဓာယတနသည် ရှိသည်ဖြစ်၍ ဃာနဖြင့်အနံ့ကို နမ်းရှူပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည်ဖြစ်၍ ရူပါယတနသည် ရှိသည်ဖြစ်၍ ထိုစက္ခုဖြင့် အဆင်းကို မြင်ပါသလော။

ပရဝါဒီ။ ။ သြော် မြင်ပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် ရှိသည်ဖြစ်၍ ရသာယတနသည် ရှိသည်ဖြစ်၍ ထိုဇိဝှါဖြင့် ထိုအရသာကို သာယာပါသလော။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိသည် ဖြစ်၍ ထိုကာယဖြင့် ထိုအထိအတွေ့ကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် ရှိသည် ဖြစ်၍။ပ။ ထို ရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိသည် ဖြစ်၍ ထိုမနောဖြင့် ထိုသဘောဓမ္မာရုံကို သိပါသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိသည် ဖြစ်၍ ထိုဃာနဖြင့် ထိုအနံ့ကို နမ်းရှူပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိသည် ဖြစ်၍ ထိုမနောဖြင့် ထိုသဘောဓမ္မာရုံကို သိပါသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် ရှိသည် ဖြစ်၍ ရသာယတနသည် ရှိသည် ဖြစ်၍။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိသည် ဖြစ်၍ ထိုကာယဖြင့် ထိုအထိအတွေ့ကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိသည် ဖြစ်၍ ထိုဃာနဖြင့် ထိုအနံ့ကို မနမ်းရှူပါသလော။

ပရဝါဒီ။ ။ သြော် မရှူပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ စက္ခာယတနသည် ရှိသည်ဖြစ်၍ ရူပါယတနသည် ရှိသည်ဖြစ်၍ ထိုစက္ခုဖြင့် ထိုအဆင်းကို မမြင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိသည် ဖြစ်၍ ထိုဃာနဖြင့် ထိုအနံ့ကို မနမ်းရှူပါသလော။

ပရဝါဒီ။ ။ သြော် မရှူပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် ရှိသည် ဖြစ်၍။ပ။ ထို ရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိသည် ဖြစ်၍ ထိုမနောဖြင့် ထိုသဘောဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် ရှိသည်ဖြစ်၍ ရသာယတနသည် ရှိသည်ဖြင့်၍။ပ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိသည် ဖြစ်၍ ထိုကာယဖြင့်ထိုအထိအတွေ့ကို မတွေ့ထိပါသလော။

ပရဝါဒီ။ ။ သြော် မတွေ့ထိပါ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ သောတာယတနသည် ရှိသည် ဖြစ်၍ သဒ္ဒါယတနသည် ရှိသည် ဖြစ်၍။ပ။ ထိုရူပဓာတ်၌ မနာယတနသည် ရှိသည် ဖြစ်၍ ဓမ္မာယတနသည် ရှိသည် ဖြစ်၍ ထိုမနောဖြင့် ထိုသဘောဓမ္မာရုံကို မသိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၂။ သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဃာနာယတနသည် ရှိသည် ဖြစ်၍ ဂန္ဓာယတနသည် ရှိသည် ဖြစ်၍ ထိုဃာနဖြင့် ထိုအနံ့ကို နမ်းရှူပါသလော။

ပရဝါဒီ။ ။ သြော် နမ်းရှူပါ၏[၁]။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ အမြစ်အနံ့သည် အနှစ်အနံ့သည် အခေါက်အနံ့သည် အရွက်အနံ့သည် အပွင့်အနံ့သည် အသီးအနံ့သည် စိမ်းရွှေသော အနံ့သည် ပုတ်အဲ့သော အနံ့သည် ကောင်းသော အနံ့သည် မကောင်းသော အနံ့သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ဇိဝှါယတနသည် ရှိသည်ဖြစ်၍ ရသာယတနသည် ရှိသည်ဖြစ်၍ ထိုဇိဝှါဖြင့် ထိုအရသာကို သာယာပါသလော။

ပရဝါဒီ။ ။ သြော် သာယာပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ အမြစ်အရသာသည် ပင်စည်အရသာသည် အခေါက် (အခွံ) အရသာသည် အရွက်အရသာသည် အပွင့်အရသာသည် အသီးအရသာသည် အချဉ်သည် အချို (အဆိမ့်) သည် အခါးသည် အစပ်သည် အငန်သည် အခါးအစပ်သည် ချဉ်စူးသော အရသာသည် အဖန်သည် ကောင်းသော အရသာသည် မကောင်းသော အရသာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ကာယာယတနသည် ရှိသည် ဖြစ်၍ ဖောဋ္ဌဗ္ဗာယတနသည် ရှိသည် ဖြစ်၍ ထိုကာယဖြင့် ထိုအထိအတွေ့ကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ သြော် တွေ့ထိပါ၏။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ခက်မာမှုသည် နူးညံ့မှုသည် သိမ်မွေ့မှုသည် ကြမ်းတမ်းမှုသည် ချမ်းသာသော အတွေ့သည် ဆင်းရဲသော အတွေ့သည် လေးလံမှုသည် ပေါ့ပါးမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၃။ ပရဝါဒီ။ ။ ထို ရူပဓာတ်၌ အာယတနခြောက်ပါးရှိသော အတ္တဘောသည် ရှိ၏ဟူ၍ မဆိုသင့် ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုရူပဓာတ်၌ နှာခေါင်းပုံသဏ္ဌာန်သည် လျှာပုံသဏ္ဌာန်သည် ကိုယ်ပုံသဏ္ဌာန်သည် ရှိသည် မဟုတ်ပါသလော[၇]။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထို 'ရူပဓာတ်'၌ နှာခေါင်းပုံသဏ္ဌာန်သည် လျှာပုံသဏ္ဌာန်သည် ကိုယ်ပုံ သဏ္ဌာန်သည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ရူပဓာတ်၌ အာယတနခြောက်ပါးရှိသော အတ္တဘောသည် ရှိ၏ဟူ၍ ဆိုသင့်၏။

**ရူပဓာတုယာ အာယတနကထာ ပြီး၏။**

------

၁။ ရူပီ မနောမယော သဗ္ဗင်္ဂပစ္စင်္ဂီ အဟီနိန္ဒြိယော ဟူသော သုတ္တန်ကို အမှီပြု၍ ဗြဟ္မာအပေါင်းတို့အား ဈာနာယတန စသည်တို့၏ တည်ရာ အဖြစ်ဖြင့် မှတ်အပ်သော နှာခေါင်းစသော အခြင်းအရာ ပုံသဏ္ဌာန်ရှိသော ရုပ်ကလာပ်အပေါင်းတို့သည်လည်း အာယတနမည်ကုန်သည်သာတည်းဟု ကြံဆ၍ ထိုဗြဟ္မာတို့၏ အတ္တဘောသည် အာယတနခြောက်ပါးရှိ၏ဟု အယူရှိသူ အန္ဓကသမ္မိတိယဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ထိုဗြဟ္မာ့ဘုံ၌ မရှိသော အာယတန၏ အစွမ်းဖြင့် စောဒနာလို၍ မေးသည်။

၃။ အဇ္ဈတ္တိကာယတန သုံးပါးတို့၏ နှာခေါင်းအစရှိသော သဏ္ဌာန်နိမိတ်သည်ပင် အာယတန မည်၏ဟူသော အယူဖြင့် ပရဝါဒီက ဝန်ခံသည်။

၄။ ဗာဟိရဂန္ဓာယတန စသည်တို့၏ အစွမ်းဖြင့် ဟောအပ်သည်ရှိသော် ထိုဘုံ၌ ဃာနပသာဒ စသည်တို့ကို အလိုမရှိသောကြောင့် ထိုဃာနပသာဒ စသည်တို့၏ အာရုံဂေါစရကို တားမြစ်လိုရကား ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၅။ အချို့သော ဆရာတို့ကား ထိုရူပဘုံ၌ အဇ္ဈတ္တိကာယတနခြောက်ပါးတို့၏ မပြည့်စုံသည်ကို အလိုရှိကြကုန်၏၊ အာယတနမည်သည်လည်း မိမိကိစ္စရှိသည်သာ ဖြစ်ရာ၏၊ ထို့ကြောင့် ထိုဃာနာယတန စသည်တိုဖြင့် ဂန္ဓာရုံ စသည်တို့ကို နမ်းရှုကုန်၏၊ လျက်ကုန်၏၊ တွေ့ထိကုန်၏ဟု အလိုရှိကြကုန်၏၊ ထိုဆရာတို့၏ အလိုကို ပရဝါဒီက ဝန်ခံသည်။

၆။ ထိုရူပဘုံ၌ အမြစ် နံ့သာ စသည်၏ အဖြစ်ကို ပြီးစေခြင်းငှါ မတတ်ကောင်းသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၇။ သဏ္ဌာန်နိမိတ်မျှကိုသာ ပြီးစေ၍ အာယတန ရှိသည်၏အဖြစ်ကို မပြီးစေနိုင်ရကား ပရဝါဒီဆရာ ထုတ်ဆောင်သော်လည်း မထုတ်ဆောင်သည်နှင့် တူသည်သာတည်း။

♣

## ၈–အဋ္ဌမဝဂ် (၈၀) ၈–အရူပေ ရူပကထာ[၁]

၅၂၄။ သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ (ထိုအရူပဘုံသည်) ရူပဘဝလော၊ ရူပဂတိလော၊ ရုပ်ရှိသူတို့ တည်နေရာလော၊ ရုပ်ရှိသူတို့၏ ကျင်လည်ရာ'သံသရာ'လော၊ ရုပ်ရှိသူတို့၏ ပဋိသန္ဓေလော၊ ရုပ်ရှိသော အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုအရူပဘုံသည်) အရူပဘဝ မဟုတ်လော၊ အရူပဂတိ မဟုတ်လော၊ ရုပ်မရှိသူတို့ ကျင်လည်ရာ'သံသရာ' မဟုတ်လော၊ ရုပ်မရှိသူတို့၏ ပဋိသန္ဓေ မဟုတ်လော၊ ရုပ်မရှိသော အတ္တဘောကို ရခြင်း မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (ထိုအရူပဘုံသည်) အရူဘဝဖြစ်ခဲ့ပါမူ။ပ။ ရုပ်မရှိသော အတ္တဘောကို ရခြင်း ဖြစ်ခဲ့ပါမူ အရူဘုံတို့၌ ရုပ်သည် ရှိ၏ဟု မဆိုသင့်။

သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ယြော် ရှိပါ၏။

သကဝါဒီ။ ။ (ထိုအရူပဘုံသည်) ပဉ္စဝေါကာရဘဝလော၊ လားရာ'ဂတိ'လော၊ သတ္တဝါတို့ တည် နေရာလော၊ ကျင်လည်ရာ'သံသရာ'လော၊ ပဋိသန္ဓေ'ယောနိ'လော၊ ဝိညာဏ်၏ တည်ရာလော၊ အတ္တဘော ကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုအရူပဘုံသည်) စတုဝေါကာရဘဝ မဟုတ်လော။ပ။ အတ္တဘောကို ရခြင်း မဟုတ်လော။

ပရဝါဒီ။ ။ ယြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုအရူပဘုံသည် စတုဝေါကာရဘဝ၊ လားရာ'ဂတိ'။ပ။ အတ္တဘောကို ရခြင်း ဖြစ်ခဲ့ပါမူ အရူပဘုံတို့၌ ရုပ်သည် ရှိ၏ဟု မဆိုသင့်။

၅၂၅။ သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုရူပဓာတ်သည်လည်း ရုပ်ရှိသူတို့ ဖြစ်ရာ 'ရူပဘဝ'လော၊ ရုပ်ရှိသူတို့၏ လားရာ'ရူပဂတိ'လော၊ ရုပ်ရှိသူတို့၏ တည်နေရာလော၊ ရုပ်ရှိသူတို့၏ ကျင်လည်ရာ 'သံသရာ'လော၊ ရုပ်ရှိသူတို့၏ ပဋိသန္ဓေလော၊ ရုပ်ရှိသော အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ယြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိ၏၊ ထိုအ ရူပဘုံသည် ရုပ်ရှိသူတို့ ဖြစ်ရာ'ရူပဘဝ'လော၊ ရုပ်ရှိ သူတို့၏ လားရာ'ရူပဂတိ'လော။ပ။ ရုပ်ရှိသော အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရူပဓာတ်၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုအရူပဓာတ်သည်လည်း ပဉ္စဝေါကာရ ဘဝလော၊ လားရာ 'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ယြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုအရူပဘုံသည်လည်း ပဉ္စဝေါကာရ ဘဝလော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုအရူပဘုံသည်လည်း ရုပ်မရှိသူတို့ ဖြစ်ရာ 'အရူပဘဝ'လော၊ ရုပ်မရှိသူတို့ လားရာ 'အရူပဂတိ'လော၊ ရုပ်မရှိသူတို့၏ တည်နေရာလော၊ ရုပ်မရှိ သူတို့၏ ကျင်လည်ရာ 'သံသရာ'လော၊ ရုပ်မရှိသူတို့၏ ပဋိသန္ဓေ 'ယောနိ'လော၊ ရုပ်မရှိသော အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ယြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်သည် ရှိသည် ဖြစ်၍ ထို (ရူပဓာတ်) သည်လည်း ရုပ်မရှိသူတို့ ဖြစ်ရာ 'အရူပဘဝ'လော၊ ရုပ်မရှိသူတို့ လားရာ'အရူပဂတိ'လော။ပ။ ရုပ်မရှိသော အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဓာတ်၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုအရူပဘုံသည်လည်း စတုဝေါကာရဘဝလော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပဓာတ်၌ ရုပ်သည် ရှိသည် ဖြစ်၍ ထိုရူပဓာတ်သည်လည်း စတုဝေါကာရဘဝလော၊ လားရာ'ဂတိ'လော။ပ။ အတ္တဘောကို ရခြင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၆။ သကဝါဒီ။ ။ အရူပဘုံတို့၌ ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရူပဘုံကို ရုပ် (ရှိသူ)တို့၏ ထွက်မြောက်ရာ အရပ်ဟူ၍ မြတ်စွာဘုရား ဟောအပ့်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပဘုံကို ရုပ် (ရှိသူ)တို့၏ ထွက်မြောက်ရာ အရပ်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အရူပဘုံတို့၌ ရုပ်သည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရူပဘုံကို ရုပ် (ရှိသူ)တို့၏ ထွက်မြောက်ရာ အရပ်ဟူ၍ မြတ်စွာဘုရား ဟောအပ် ခဲ့ပါလျှင် အရူပဘုံတို့၌ ရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂါမိဖိုလ် နေက္ခမ္မကို ကာမတို့၏ ထွက်မြောက်ရာဟူ၍ မြတ်စွာဘုရား ဟော အပ်ခဲ့ပါလျှင် အနာဂါမိဖိုလ် နေက္ခမ္မတို့၌ ကာမတို့သည် ရှိပါကုန်သလော၊ အာသဝေါမရှိသော တရားတို့၌ အာသဝေါတို့သည် ရှိပါကုန်သလော၊ (ဝဋ်၌) အကျုံးမဝင်သော တရားတို့၌ (ဝဋ်၌) အကျုံး ဝင်သော တရားတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အရူပေ ရူပကထာ ပြီး၏။**

------

၁။ ဝိညာဏ ပစ္စယာ နာမရူပံဟု ဟောတော်မူသောကြောင့် အရူပဘဝ၌လည်း ဩဠာရိကရုပ်မှ လွတ်သော သုခုမရုပ် ရှိ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤ အရူပေ ရူပကထာကို ဟောတော်မူသည်။

♣

## ၈-အဋ္ဌမဝဂ် (၈၁) ၉-ရူပံ ကမ္မန္တိကထာ[၁]

၅၂၇။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်ဖြစ်၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံဖြစ်သော ရုပ်သည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်၍ ထိုပညာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော[၂]။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံဖြစ်သော ရုပ်သည် ကုသိုလ်ဖြစ်၍ အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိမူ၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံဖြစ်သော ရုပ်သည် ကုသိုလ်ဖြစ်ပါလျက် အာရုံ မရှိမူ၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိမူ၍ ထိုပညာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၈။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရုပ်ဟူသမျှ အားလုံးသည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၂၉။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် အာရုံမရှိသော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် အာရုံမရှိသော အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၀။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ဖဿနှင့်မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် ဖဿနှင့် မယှဉ်သော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ဖဿနှင့် မယှဉ်သော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် ဖဿနှင့် မယှဉ်သော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၁။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော ဖဿနှင့် မယှဉ် သော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော ဖဿနှင့် မယှဉ် သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အာရုံမရှိသော ဖဿနှင့်မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၂။ သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုရုပ်သည်) အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (ထိုရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်တည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် ကုသိုလ်ဖြစ်လျက် (ထိုဖဿသည်) အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်၊ ပညာသည် ကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုပညာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် ကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုပညာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရုပ်ဟူသမျှ အားလုံးသည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။ [ ကာယကံကိုကဲ့သို့ ထို့အတူ ဝစီကံကို ချဲ့အပ်မှတ်အပ်၏။ ]

၅၃၃။ သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ထိုရုပ်သည်) အာရုံရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ထိုရုပ်သည်) အာရုံမရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုရုပ်သည် အာရုံမရှိခဲ့ပါလျှင် ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်ကို ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှု မရှိခဲ့ပါမူ "အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်တည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ဝိစိကိစ္ဆာသည်၊ ထိနသည်၊ ဥဒ္ဓစ္စသည်၊ အဟိရိကသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည်ဖြစ်၍ ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံ မရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် အကုသိုလ်ဖြစ်လျက် အာရုံ မရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ဝိစိကိစ္ဆာသည်၊ ထိနသည်၊ ဉဒ္ဓစ္စသည်၊ အဟိရိကသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်လျက် အာရုံမရှိသည်ဖြစ်၍ ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ကာယကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရုပ်ဟူသမျှ အားလုံးသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၄။ သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုရုပ်သည် အာရုံမရှိခဲ့လျှင် ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်တည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ဝိစိကိစ္ဆာသည်၊ ထိနသည်၊ ဥဒ္ဓစ္စသည်၊ အဟိရိကသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံ မရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဖဿသည် အကုသိုလ်ဖြစ်လျက် အာရုံ မရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်ဖြစ်လျက် အာရုံ မရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ဝိစိကိစ္ဆာသည်၊ ထိနသည်၊ ဥဒ္ဓစ္စသည်၊ အဟိရိကသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်လျက် အာရုံမရှိသည် ဖြစ်၍ ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရုပ်ဟူသမျှ အားလုံးသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၅။ သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည် သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည် ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၆။ သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည် အာပေါဓာတ်သည် တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အာရုံမရှိသော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည် ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၇။ သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ဖဿနှင့်မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာ ယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည် ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အာရုံမရှိသော ဖဿနှင့် မယှဉ် သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အာရုံမရှိသော ဖဿနှင့် မယှဉ် သော အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ရူပါယတနသည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော သဒ္ဒါယတနသည်။ပ။ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်။ပ။ ပထဝီဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် အာရုံမရှိသော ဖဿနှင့် မယှဉ် သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်သည် ဖြစ်စေအပ်သော ဝစီကံရုပ်သည် အာရုံမရှိသော ဖဿနှင့် မယှဉ်သော အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၈။ ပရဝါဒီ။ ။ ရုပ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ကာယကံသည်၊ ဝစီကံသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကာယကံသည်၊ ဝစီကံသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "ရုပ်သည် ကုသိုလ်လည်းဖြစ်၍ အကုသိုလ်လည်းဖြစ်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ဃာနယတနသည်၊ ဇိဝှါယတနသည်၊ ကာယာယတနသည်၊ ရူပါယတနသည်၊ သဒ္ဒါယတနသည်၊ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်၊ ပထဝီ ဓာတ်သည်၊ အာပေါဓာတ်သည်၊ တေဇောဓာတ်သည်။ပ။ ဝါယောဓာတ်သည်၊ သုက်သည်၊ မျက်ရည်သည်၊ သွေးသည်၊ ချွေးသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဖြစ်၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စိတ်သည် ရုပ်ဖြစ်၍ မနောကံသည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စိတ်သည် ရုပ်မဟုတ် နာမ်သာ ဖြစ်၍ မနောကံသည် ရုပ်မဟုတ် နာမ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်မဟုတ် နာမ်သာ ဖြစ်၍ ကာယကံသည် ရုပ်မဟုတ် နာမ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဟု နှလုံးပြု၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် ရုပ်ဟု နှလုံးပြု၍ စက္ခုဝိညာဏ်သည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဟု နှလုံးပြု၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာယတနသည် ရုပ်ဟု နှလုံးပြု၍ သောတဝိညာဏ်သည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဟု နှလုံးပြု၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဃာနာယတနသည် ရုပ်ဟု နှလုံးပြု၍ ဃာနဝိညာဏ်သည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဟု နှလုံးပြု၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဇိဝှါယတနသည် ရုပ်ဟု နှလုံးပြု၍ ဇိဝှါဝိညာဏ်သည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်သည် ရုပ်ဟု နလုံးပြု၍ ကာယကံသည် ရုပ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာယာယတနသည် ရုပ်ဟု နလုံးပြု၍ ကာယဝိညာဏ်သည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၃၉။ သကဝါဒီ။ ။ ရုပ်သည် ကံလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ စေတနာကို ကံဟူ၍ ငါဘုရား ဟောတော်မူ၏။ စေ့ဆော်၍ ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကံကို ပြုလုပ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ရုပ်သည် ကံတည်း"ဟု မဆိုသင့်။

သကဝါဒီ။ ။ ရုပ်သည် ကံလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "အာနန္ဒာ ကိုယ်သည် ရှိလတ်သော်သာ ကိုယ်ဖြင့် စေ့ဆော်ခြင်းဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ အာနန္ဒာ နှုတ်သည် ရှိလတ်သော်သာ နှုတ်ဖြင့် စေ့ဆော်ခြင်းဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ အာနန္ဒာ စိတ်သည် ရှိလတ်သော်သာ စိတ်ဖြင့် စေ့ဆော်ခြင်းဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ရုပ်သည် ကံတည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရုပ်သည် ကံလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ကိုယ်ဖြင့် စေ့ဆော်မှုသည် သုံးပါးအပြားရှိ၏၊ အကုသိုလ်ကာယကံသည် ဆင်းရဲကို ပွါးတိုးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏။ ရဟန်းတို့ နှုတ်ဖြင့် စေ့ဆော်မှုသည် လေးပါးအပြားရှိ၏၊ အကုသိုလ်ဝစီကံသည် ဆင်းရဲကို ပွါးတိုးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏။ ရဟန်းတို့ စိတ်ဖြင့် စေ့ဆော်မှုသည် သုံးပါးအပြားရှိ၏၊ အကုသိုလ်မနောကံသည် ဆင်းရဲကို ပွါးတိုး စေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏။

ရဟန်းတို့ ကိုယ်ဖြင့် စေ့ဆော်မှုသည် သုံးပါးအပြားရှိ၏၊ ကုသိုလ်ကာယကံသည် ချမ်းသာကို ပွါးတိုးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏။ ရဟန်းတို့ နှုတ်ဖြင့် စေ့ဆော်မှုသည်

လေးပါး အပြားရှိ၏၊ ကုသိုလ်ဝစီကံသည် ချမ်းသာကို ပွါးတိုးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏။ ရဟန်းတို့ စိတ်ဖြင့် စေ့ဆော်မှုသည် သုံးပါးအပြားရှိ၏၊ ကုသိုလ်မနောကံသည် ချမ်းသာကို ပွါးတိုးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ရုပ်သည် ကံတည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရုပ်သည် ကံလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "အာနန္ဒာ ပါဠိလိပုတ္တပရိဗိုဇ်အား သမိဒ္ဓိမည်သော ဤအချည်းနှီးယောကျ်ားသည် ဤသို့ မေးအပ်သည် ဖြစ်၍ ဤသို့ အကယ်၍ ဖြေကြားအံ့ 'ငါ့ရှင်ပါဋ္ဌလိပုတ္တ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း စေ့ဆော်အပ်သော ချမ်းသာ ခံစားထိုက်သောကံကို ပြုပြီး၍ ထိုသူသည် ချမ်းသာကို ခံစားရ၏။ ငါ့ရှင်ပါဋ္ဌလိပုတ္တ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း စေ့ဆော်အပ်သော ဆင်းရဲ ခံစားထိုက်သောကံကို ပြုပြီး၍ ထိုသူသည် ဆင်းရဲကို ခံစားရ၏။ ငါ့ရှင်ပါဋ္ဌလိပုတ္တ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း စေ့ဆော်အပ်သော ဥပေက္ခာဝေဒနာကို ခံစားထိုက်သော ကံကို ပြုပြီး၍ ထိုသူသည် ဥပေက္ခာဝေဒနာကို ခံစားရ၏' အာနန္ဒာ ဤသို့ ဖြေကြားလတ်သော် သမိဒ္ဓိ မည်သော အချည်းနှီးယောကျ်ားသည် ပါဋ္ဌလိပုတ္တ ပရိဗိုဇ်အား ကောင်းစွာ ဖြေကြားသည် မည်ရာ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ရုပ်သည် ကံတည်း"ဟူ၍ မဆိုသင့် ပါ။

**ရူပံ ကမ္မန္တိကထာ ပြီး၏။**

------

၁။ ကာယဝိညတ်ရုပ် ဝစီဝိညတ်ရုပ်သည် ကာယကံ ဝစီကံမည်၏၊ ထိုဝိညတ်ရုပ် ကာယကံ ဝစီကံသည်လည်း ကုသိုလ်စိတ်ကြောင့် ဖြစ်ခဲ့သော် ကုသိုလ်မည်၏၊ အကုသိုလ်စိတ်ကြောင့် ဖြစ်ခဲ့သော် အကုသိုလ်မည်၏ဟု အယူရှိသူ မဟိသာသက သမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤရူပံ ကမ္မန္တိကထာကို ဟောတော်မူသည်။

၂။ သဒ္ဒါ စသည်တို့အားသာ ပတ္တနာ စသည်ကို ရနိုင်သည်၊ စေတနာအား ပတ္တနာစသည် မရကောင်း။ အဘယ့်ကြောင့်ဆိုသော် စေတနာနှစ်ပါးတို့ တစ်ပြိုင်နက် မရှိကောင်းသောကြောင့်တည်း၊ သို့သော် ဒေသနာအယဉ်သို့ ကျသောအားဖြင့် စေတနာကို ဟောအပ်သည်။

♣

## ၈–အဋ္ဌမဝဂ် (၈၂) ၁၀–ဇီဝိတိန္ဒြိယကထာ[၁]

၅၄၀။ သကဝါဒီ။ ။ ရုပ်ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု ရှိခဲ့ပါမူ "ရုပ်ဇီဝိတိန္ဒြေသည် မရှိ"ဟု မဆိုသင့်။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု ရှိသည် ဖြစ်၍ ရုပ်မဟုတ်သော နာမ်ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှုရှိသည် ဖြစ်၍ ရုပ်ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု ရှိသည် ဖြစ်ပါလျက် ရုပ်ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်တည်တံ့မှု မျှတမှု မျှတစေမှု ဖြစ်မှု ဖြစ်ခြင်း စောင့်ရှောက်မှု ရှိသည် ဖြစ်ပါလျက် ရုပ်မဟုတ်သော နာမ်ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်သည် နာမ်ဇီဝိတိန္ဒြေဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်သည် ရုပ်ဇီဝိတိန္ဒြေဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်ကို ရုပ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်ကို နာမ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၄၁။ သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်သည် နာမ်ဇီဝိတိန္ဒြေလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၃]။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်သည် ရုပ်ဇီဝိတိန္ဒြေလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်မဟုတ်သော နာမ်တရားတို့၏ အသက်ကို ရုပ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ရုပ်တရားတို့၏ အသက်ကို နာမ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်တရားတို့၏လည်းကောင်း၊ ရုပ်မဟုတ်သော နာမ်တရားတို့၏လည်းကောင်း အသက်သည် နာမ်ဇီဝိတိန္ဒြေလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်တရားတို့၏လည်းကောင်း၊ ရုပ်မဟုတ်သော နာမ်တရားတို့၏လည်းကောင်း အသက်သည် ရုပ်ဇီဝိတိန္ဒြေလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်တရားတို့၏လည်းကောင်း၊ ရုပ်မဟုတ်သော နာမ်တရားတို့၏လည်းကောင်း အသက်ကို ရုပ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်တရားတို့၏လည်းကောင်း၊ ရုပ်မဟုတ်သော နာမ်တရားတို့၏လည်းကောင်း အသက်ကို နာမ်ဇီဝိတိန္ဒြေဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၅၄၂။ သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏[၅]။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိရောဓသမာပတ်ဝင် စားသူအား ဓိဝိတိန္ဒြေသည် ရှိခဲ့ပါမူ "ရုပ်ဇီဝိတိန္ဒြေသည် မရှိ"ဟူ၍ မဆိုသင့်[၆]။

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဇီဝိတိန္ဒြေသည် အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား သင်္ခါရက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား သင်္ခါရက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏[၈]။

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား ဝေဒနာက္ခန္ဓာသည်။ပ။ သညာက္ခန္ဓာသည်။ပ။ ဝိညာဏက္ခန္ဓာသည် ရှိပါသလော[၉]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူအား ဝေဒနာက္ခန္ဓာသည်။ပ။ သညာက္ခန္ဓာသည်။ပ။ ဝိညာဏက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏[၁၁]။

သကဝါဒီ။ ။ နိရောဓသမာပတ် ဝင်စားသူသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၄၃။ သကဝါဒီ။ ။ ရုပ်ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၂]

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏[၁၃]။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသညသတ်ဗြဟ္မာတို့အား ဇီဝိတိန္ဒြေသည် ရှိခဲ့ပါမူ "ရုပ်ဇီဝိတိန္ဒြေသည် မရှိ"ဟု မဆိုသင့်။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဇီဝိတိန္ဒြေသည် အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား သင်္ခါရက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား သင်္ခါရက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား ဝေဒနာက္ခန္ဓာသည်။ပ။ သညာက္ခန္ဓာသည်။ပ။ ဝိညာဏက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၄]

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့အား ဝေဒနာက္ခန္ဓာသည်။ပ။ သညာက္ခန္ဓာသည်။ပ။ ဝိညာဏက္ခန္ဓာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏[၁၅]။

သကဝါဒီ။ ။ အသညသတ်ဗြဟ္မာတို့သည် ပဉ္စဝေါကာရဘဝလော[၁၆]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၇]

၅၄၄။ သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော စိတ်ကြောင့်ဖြစ်သော ဇီဝိတိန္ဒြေသည် ပဋိသန္ဓေကို ရှာဖွေသောစိတ် ပျက်စီးလတ်သော် အချို့ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဩော် ပျက်စီးပါ၏[၁၈]။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော စိတ်ကြောင့် ဖြစ်သော ဖဿသည် ပဋိသန္ဓေကို ရှာဖွေသောစိတ် ပျက်စီးလတ်သော် အချို့ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော စိတ်ကြောင့် ဖြစ်သော ဖဿသည် ပဋိသန္ဓေကို ရှာဖွေသောစိတ် ပျက်စီးလတ်သော် အကြွင်းမဲ့ ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဩော် ပျက်စီးပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသော စိတ်ကြောင့်ဖြစ်သော ဇီဝိတိန္ဒြေသည် ပဋိသန္ဓေကို ရှာဖွေသော စိတ် ပျက်စီးလတ်သော် အကြွင်းမဲ့ ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၄၅။ ပရဝါဒီ။ ။ ဇီဝိတိန္ဒြေတို့သည် နှစ်ပါးတို့ ဖြစ်ကုန်သလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အသက်နှစ်မျိုးတို့ဖြင့် အသက်ရှင်ရပါသလော၊ သေခြင်းနှစ်မျိုးတို့ဖြင့် သေရပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

## ဇီဝိတိန္ဒြိယကထာ ပြီး၏။

------

၁။ ဇီဝိတိန္ဒြေမည်သည် စိတ်နှင့် မယှဉ်သော နာမ်တရားတည်း၊ ထို့ကြောင့် ရုပ်ဇီဝိတိန္ဒြေသည် မရှိဟု အယူရှိသော ပုဗ္ဗသေလိယ သမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဇီဝိတိန္ဒြိယကထာကို ဟောတော်မူသည်။

၂။ ဥပါဒိန္နရုပ်တို့၏လည်းကောင်း၊ မြက် ထင်း စသည်တို့၏လည်းကောင်း အစဉ်သန္တာန်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည်သာလျှင် အာယုစသည် မည်၏ဟု အလိုရှိရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်၊ နောက်အမေး၌လည်း ဤအကြောင်းဖြင့်ပင် ဝန်ခံ၏။

၃။ သတ္တဝါတို့၏ သန္တာန်၌ ရုပ်တရားတို့မှုလည်းဖြစ်စေ၊ နာမ်တရားတို့မှုလည်းဖြစ်စေ ခပ်သိမ်းကုန်သော တရားတို့အား စိတ်နှင့် မယှဉ်သော အရူပဇီဝိတိန္ဒြေကိုသာလျှင် အလိုရှိသော ပရဝါဒီဆရာသည် ဝန်ခံ၏။

၄။ စိတ္တဝိပ္ပယုတ္တ နာမ်ဇီဝိတိန္ဒြေကို ရည်ရွယ်၍ ပဋိက္ခေပလည်းပြု ဝန်ခံလည်း ဝန်ခံသည်။

၅။ စိတ္တဝိပ္ပယုတ္တ နာမ်ဇီဝိတိန္ဒြေကို ရည်ရွယ်၍ ပဋိက္ခေပလည်းပြု ဝန်ခံလည်း ဝန်ခံသည်။

၆။ သကဝါဒီဆရာကား ထိုစကားကို ဝန်မခံလိုသောကြောင့် အကြင်တရားသည် နာမ်ဖြစ်ခြင်း မရှိသော်လည်း ထင်ရှားရှိ၏။ ထိုတရားသည် ရုပ်သာ ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

၇။ ဖဿအစရှိသော သင်္ခါရက္ခန္ဓာကို ရည်ရွယ်၍ ပဋိက္ခေပပြုသည်။

၈။ ကာယကံစသော သင်္ခါရက္ခန္ဓာကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

၉။ ကာယဝိညတ် ဝစီဝိညတ် သမ္မာဝါစာ သမ္မာကမ္မန္တ ဇီဝိတိန္ဒြေ အစရှိသော တရားတို့သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ကုန်၏ဟု ပရဝါဒီဆရာက အလိုရှိ၏၊ ထိုအယူကို ဝန်မခံနိုင်သော သကဝါဒီဆရာသည် နာမ်တရားတို့ ဖြစ်စဉ်သည် ချုပ်ပင်ချုပ်ပါသော်လည်း သင်္ခါရက္ခန္ဓာ ရှိခဲ့ပါမူ နာမ်ခန္ဓာလေးပါးတို့လည်း ရှိသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

၁၀။ သမာပတ်အဖွင့်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၁၁။ နိရောဓသမာပတ် ဝင်စားသူ၏လည်းကောင်း၊ သမာပတ်မှ ထသူ၏လည်းကောင်း ရှေ့အဖို့ နောက်အဖို့ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

၁၂။ အသညသတ်ဗြဟ္မာတို့အား ပဋိသန္ဓေအခါ၌ စိတ်သည် ဖြစ်၍ ချုပ်၏၊ ထိုစိတ်နှင့် အတူတကွ စိတ်နှင့် မယှဉ်သော နာမ်ဇီဝိတိန္ဒြေသည် ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်နေ၏ဟု အယူရှိရကား ပရဝါဒီဆရာသည် ရုပ်ဇီဝိတိန္ဒြေ မရှိသလောဟု မေးသော် ပဋိက္ခေပပြု၍ ဖြေသည်။

၁၃။ ရုပ်ဇီဝိတိန္ဒြေ ရှိသလောဟု မေးသော်ကား ဝန်ခံ၏။

၁၄။ ထိုအသညသတ်ဗြဟ္မာတို့၏ ပဝတ္တိအစွမ်းအားဖြင့် ပယ်သည်။

၁၅။ စုတိ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဝန်ခံသည်။

၁၆။ ထိုအသညသတ်ဘဝ၌ ဝေဒနာ စသည်တို့ ရှိခဲ့မူ "ပဉ္စဝေါကာရဘဝအဖြစ်သို့ ရောက်ရာ၏"ဟု စောဒနာလို၍ မေးသည်။

၁၇။ ပရဝါဒီဆရာကား သုတ္တဝိရောဓိကို ကြောက်၍ ပဋိက္ခေပပြုသည်။

၁၈။ သမ္ပယုတ္တဇီဝိတိန္ဒြေသည် ပျက်စီး၏၊ ဝိပ္ပယုတ္တဇီဝိတိန္ဒြေသည် မပျက်စီးဟု အယူရှိသောကြောင့် ဝန်ခံပြန်သည်။

## ၈-အဋ္ဌမဝဂ် (၈၃) ၁၁-ကမ္မဟေတုကထာ

၅၄၆။ သကဝါဒီ။ ။ ကံအကြောင်းကြောင့် ရဟန္တာသည် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ်ပါ၏။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် ရဟန္တာသည် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ်ပါ၏။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် သကဒါဂါမ်သည်။ပ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ ဆုတ်ယုတ် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် သောတာပန်သည် သောတာပတ္တိဖိုလ်မှ မဆုတ်ယုတ်ပါလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ်ပါ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် ရဟန္တာသည် အရဟတ္တဖိုလ်မှ မဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် သကဒါဂါမ်သည်။ပ။ အနာဂါမ်သည် အနာဂါမိဖိုလ်မှ မဆုတ်ယုတ့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆုတ်ယုတ်ပါ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် ရဟန္တာသည် ရဟန္တာအဖြစ်မှ မဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံအကြောင်းကြောင့် ရဟန္တာသည် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ်ပါ၏။

သကဝါဒီ။ ။ ပါဏာတိပါတကံ၏ အကြောင်းကြောင့် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဒိန္နာဒါနကံ၏ အကြောင်းကြောင့်။ပ။ ကာမေသုမိစ္ဆာစာရကံ၏ အကြောင်းကြောင့်။ပ။ မုသာဝါဒကံ၏ အကြောင်းကြောင့်။ပ။ ပိသုဏဝါစာကံ၏ အကြောင်းကြောင့်။ပ။ ဖရုသဝါစာကံ၏ အကြောင်းကြောင့်၊ သမ္ဖပ္ပလာပကံ၏ အကြောင်းကြောင့်၊ မာတုဃာတကကံ၏ အကြောင်းကြောင့်၊ ပိတုဃာတကကံ၏ အကြောင်းကြောင့်၊ အရဟန္တဃာတကကံ၏ အကြောင်းကြောင့်၊လောဟိတုပ္ပါဒကကံ၏ အကြောင်းကြောင့်။ပ။ သံဃဘေဒကကံ၏ အကြောင်းကြောင့် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်ကံ၏ အကြောင်းကြောင့် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသနည်း။

ပရဝါဒီ။ ။ အကြင်အကြောင်းကြောင့် ရဟန္တာတို့ကို စွပ်စွဲပြောဆို၏၊ ထိုအကြောင်းကြောင့် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်၏။

သကဝါဒီ။ ။ ရဟန္တာတို့ကို စွပ်စွဲပြောဆိုမှုကံ၏ အကြောင်းကြောင့် ရဟန္တာသည် အရဟတ္တဖိုလ်မှ ဆုတ်ယုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆုတ်ယုတ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော သူတို့သည် ရဟန္တာတို့ကို စွပ်စွဲပြောဆိုကုန်၏၊ ထိုသူအားလုံးတို့သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ကမ္မဟေတုကထာ ပြီး၏။**

**အဋ္ဌမဝဂ် ပြီး၏။**

------

၅၄၇။ သကဝါဒီ။ ။ အကျိုး'အာနိသင်'ကို မြင်လေ့ရှိသူအား သံယောဇဉ်တို့ကို ပယ်ရှားမှုရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သင်္ခါရတို့ကို မမြဲသောအားဖြင့် နှလုံးသွင်းသော သူသည် သံယောဇဉ်တို့ကို ပယ်ရှားအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သင်္ခါရတို့ကို မမြဲသောအားဖြင့် နှလုံးသွင်းသော သူသည် သံယောဇဉ်တို့ကို ပယ်ရှားအပ်ခဲ့ကုန်လျှင် "အကျိုး'အာနိသင်'ကို မြင်လေ့ရှိသူအား သံယောဇဉ်တို့ကို ပယ်ရှားမှု ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သင်္ခါရတို့ကို ဆင်းရဲသောအားဖြင့်။ပ။ ရောဂါအားဖြင့် အိုင်းအမာအားဖြင့် ငြောင့် အားဖြင့် နှိပ်စက်သောအားဖြင့် အနာအားဖြင့် သူစိမ်းပြင်ပအားဖြင့် ပျက်စီးသောအားဖြင့် ဘေးရန်အားဖြင့် ကပ်၍ ညှဥ်းဆဲသောအားဖြင့် ဘေးအားဖြင့် ကပ်၍ နှိပ်စက်သောအားဖြင့် တုန်လှုပ်သောအားဖြင့်ဖျက်ဆီးသောအားဖြင့် မခိုင်မြဲသောအားဖြင့် မှီခိုရာ မဟုတ်သောအားဖြင့် ပုန်းအောင်းရာ မဟုတ်သော အားဖြင့် ကိုးကွယ်ရာ မဟုတ်သောအားဖြင့် ဆည်းကပ်ရာ မဟုတ်သောအားဖြင့် အချည်းနှီးအားဖြင့် ကင်းဆိတ်သောအားဖြင့် အနတ္တအားဖြင့် အပြစ်အားဖြင့်။ပ။ ဖောက်ပြန်ပျက်စီးတတ်သော သဘောအားဖြင့် နှလုံးသွင်းသော သူသည် သံယောဇဉ်တို့ကို ပယ်ရှားအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သင်္ခါရတို့ကို ဖောက်ပြန်ပျက်စီးတတ်သော သဘောအားဖြင့် နှလုံးသွင်း သော သူသည် သံယောဇဉ်တို့ကို ပယ်ရှားအပ်ခဲ့ကုန်မူ "အကျိုး'အာနိသင်'ကို မြင်လေ့ရှိသူအား သံယောဇဉ်တို့ကို ပယ်ရှားမှု ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သင်္ခါရတို့ကိုလည်း မမြဲသောအားဖြင့် နှလုံးသွင်းပါသလော၊ နိဗ္ဗာန်၌လည်း အကျိုးကို မြင်လေ့ရှိသူ ဖြစ်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရတို့ကိုလည်း မမြဲသောအားဖြင့် နှလုံးသွင်းသူ ဖြစ်ပါသလော၊ နိဗ္ဗာန်၌လည်း အကျိုးကို မြင်လေ့ရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၃]။

သကဝါဒီ။ ။ ဖဿနှစ်မျိုးတို့၏။ပ။ စိတ်နှစ်မျိုးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော[၄]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရတို့ကိုလည်း ဆင်းရဲအားဖြင့်။ပ။ ဖောက်ပြန်ပျက်စီးတတ်သော သဘောအားဖြင့် နှလုံးသွင်းပါသလော၊ နိဗ္ဗာန်၌လည်း အကျိုးကို မြင်လေ့ရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရတို့ကိုလည်း ဖောက်ပြန်ပျက်စီးတတ်သော သဘောအားဖြင့် နှလုံးသွင်းပါသလော၊ နိဗ္ဗာန်၌လည်း အကျိုးကို မြင်လေ့ရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်မျိုးတို့၏။ပ။ စိတ်နှစ်မျိုးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၄၈။ ပရဝါဒီ။ ။ "အကျိုး'အာနိသင်'ကို မြင်လေ့ရှိသူအား သံယောဇဉ်တို့ကို ပယ်ရှားမှုသည် (ရှိ၏)"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်၌ ချမ်းသာဟု အဖန်ဖန်ရှုလျက် နေ၏၊ ချမ်းသာဟု အမှတ်ရှိသည် ချမ်းသာကို ခံစားလေ့ရှိသည် (ဖြစ်၍) အမြဲမပြတ် ငြိမ်သက်စွာ မရောပြွမ်းဘဲ စိတ်ဖြင့် နှလုံးသွင်းလျက် ပညာဖြင့် သက်ဝင်လျက် (နေ၏)"ဟု မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အကျိုး'အာနိသင်'ကို မြင်လေ့ရှိသူအား သံယောဇဉ်တို့ကို ပယ်ရှားခြင်းသည် ဖြစ်၏။

**အာနိသံသဒဿာဝီကထာ ပြီး၏။**

------

၁။ သကဝါဒီဆရာ၏ အယူ၌ သင်္ခါရတရားတို့ကို အပြစ်အားဖြင့် နိဗ္ဗာန်ကို အာနိသံသအားဖြင့် မြင်သူအား သံယောဇဉ်ကို ပယ်ခြင်း ဖြစ်၏ဟု ဆုံးဖြတ်၏၊ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာကား ထိုနှစ်ပါးတို့တွင် တစ်ဖက်သတ်ဝါဒကို ယူ၍ အာနိသံသကို မြင်သောသူအား သံယောဇဉ်ကို ပယ်ခြင်း ဖြစ်၏ဟု အယူရှိ၏၊ ထိုဝါဒကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ စိတ္တက္ခဏတစ်ချက်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ အထူးထူးသော စိတ်တို့၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။
၄။ အနိစ္စမနသိကာရနှင့် အာနိသံသဒဿာဝီ နှစ်မျိုးကို ဆိုလိုသည်။

♣

## ၉-နဝမဝဂ် (၈၅) ၂-အမတာရမ္မဏကထာ[၁]

၅၄၉။ သကဝါဒီ။ ။ သံယောဇဉ်သည် နိဗ္ဗာန်ဟူသော အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် သံယောဇဉ်တို့၏ (အာရုံ) အစီးအပွါးလော၊ ဂန္ထတို့ ထုံးဖွဲ့အပ်သော အာရုံလော၊ ဩဃတို့ ရောက်အပ်သော အာရုံလော၊ ယောဂတို့ ရောက်အပ်သော အာရုံလော၊ နီဝရဏတို့၏ အစီးအပွါးအာရုံလော၊ ပရာမာသတို့ သုံးသပ်အပ်သော အာရုံလော၊ ဥပါဒါန်တို့၏ အစီးအပွါး အာရုံလော၊ ကိလေသာတို့ကို ရခြင်းငှါ ထိုက်တန်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ နိဗ္ဗာန်သည် သံယောဇဉ်တို့၏ အစီးအပွါးအာရုံ မဟုတ်သည် ဂန္ထတို့ မထုံးဖွဲ့ အပ်သည်။ပ။ ကိလေသာတို့ကို ရခြင်းငှါ မထိုက်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိဗ္ဗာန်သည် သံယောဇဉ်တို့၏ အစီးအပွါးအာရုံ မဟုတ်သည်။ပ။ ကိလေသာတို့ကို ရခြင်းငှါ မထိုက်သည် ဖြစ်ခဲ့ပါမူ "သံယောဇဉ်သည် နိဗ္ဗာန်ဟူသော အာရုံရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ရာဂသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရာဂ၏ တည်ရာလော၊ တပ်မက်ရာလော၊ နှစ်သက်ရာလော၊ မာန်ယစ်ရာလော၊ နှောင်ဖွဲ့ရာလော၊ တွေဝေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ရာဂ၏ တည်ရာ မဖြစ်သည်၊ တပ်မက်ရာ မဖြစ်သည်၊ နှစ်သက်ရာ မဖြစ်သည်၊ မာန်ယစ်ရာ မဖြစ်သည်၊ နှောင်ဖွဲ့ရာ မဖြစ်သည်၊ တွေဝေရာ မဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိဗ္ဗာန်သည် ရာဂ၏ တည်ရာ တပ်မက်ရာ နှစ်သက်ရာ မာန်ယစ်ရာ နှောင်ဖွဲ့ရာ တွေဝေရာ မဖြစ်ခဲ့ပါမူ "နိဗ္ဗာန်ကို အာရုံပြု၍ ရာဂသည် ဖြစ်ပေါ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ဒေါသသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ဒေါသ၏ တည်ရာလော၊ ကောပ၏ တည်ရာလော၊ ပဋိဃ၏ တည်ရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်သည် ဒေါသ၏ တည်ရာ မဖြစ်သည်၊ ကောပ၏ တည်ရာ မဖြစ်သည်၊ ပဋိဃ၏ တည်ရာ မဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိဗ္ဗာန်သည် ဒေါသ၏ တည်ရာ ကောပ၏ တည်ရာ ပဋိဃ၏ တည်ရာ မဖြစ်ခဲ့ပါမူ "နိဗ္ဗာန်ကို အာရုံပြု၍ ဒေါသသည် ဖြစ်ပေါ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ မောဟသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်သည် မောဟ၏ တည်ရာလော၊ အသိဉာဏ်ကို မပြုတတ်ပါသလော၊ မျက်စိ (အမြင်) ကို မပြုတတ်ပါသလော၊ ပညာကို တားမြစ်တတ်ပါသလော၊ ပင်ပန်းခြင်းအဖို့ရှိပါသလော၊ နိဗ္ဗာန်ကို မဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်သည် မောဟ၏ တည်ရာ မဖြစ်သည်၊ အသိဉာဏ်ကို ပြုတတ်သည်၊ မျက်စိ (အမြင်) ကို ပြုတတ်သည်၊ ပညာတိုးပွါးခြင်း၏ တည်ရာသည်၊ မပင်ပန်းခြင်းအဖို့ရှိသည်၊ နိဗ္ဗာန်ကို ဖြစ်စေတတ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ နိဗ္ဗာန်သည် မောဟ၏ တည်ရာ မဖြစ်ခဲ့ပါမူ အသိဉာဏ်ကို ပြုတတ်ပါမူ။ပ။ နိဗ္ဗာန်ကို ဖြစ်စေတတ်ပါမူ "နိဗ္ဗာန်ကို အာရုံပြု၍ မောဟသည် ဖြစ်ပေါ်၏"ဟူ၍ မဆိုသင့်။

၅၅၀။ သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ သံယောဇဉ်တို့ ဖြစ်ကြကုန်သော် ရုပ်သည် သံယောဇဉ်တို့၏ အစီးအပွါး (အာရုံ)လော၊ ဂန္ထတို့ ထုံးဖွဲ့အပ်သလော။ပ။ ကိလေသာတို့ကို ရခြင်းငှါ ထိုက်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ သံယောဇဉ်တို့သည် ဖြစ်ကြကုန်သော် နိဗ္ဗာန်သည် သံယောဇဉ်တို့၏ အစီးအပွါး အာရုံလော။ပ။ ကိလေသာတို့ကို ရခြင်းငှါ ထိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ ရာဂဖြစ်သော် ရုပ်သည် ရာဂ၏ တည်ရာလော၊ တပ်မက်ရာလော၊ နှစ်သက်ရာလော၊ မာန်ယစ်ရာလော၊ နှောင်ဖွဲ့ရာလော၊ တွေဝေရာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ရာဂဖြစ်သော် နိဗ္ဗာန်သည် ရာဂ၏ တည်ရာလော။ပ။ တွေဝေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ ဒေါသဖြစ်သော် ရုပ်သည် ဒေါသ၏ တည်ရာလော၊ ကောပ၏ တည်ရာလော၊ ပဋိဃ၏ တည်ရာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ဒေါသဖြစ်သော် နိဗ္ဗာန်သည် ဒေါသ၏ တည်ရာလော၊ ကောပ၏ တည်ရာလော၊ ပဋိဃ၏ တည်ရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ မောဟဖြစ်သော် ရုပ်သည် မောဟ၏ တည်ရာလော၊ အသိဉာဏ်ကို မပြုတတ်ပါသလော။ပ။ နိဗ္ဗာန်ကို မဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ မောဟဖြစ်သော် နိဗ္ဗာန်သည် မောဟ၏ တည်ရာလော၊ အသိဉာဏ်ကို မပြုတတ်ပါသလော။ပ။ နိဗ္ဗာန်ကို မဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ သံယောဇဉ်တို့ ဖြစ်ကြကုန်သော် နိဗ္ဗာန်သည် သံယောဇဉ်တို့၏ အစီးအပွါးအာရုံ မဖြစ်ပါသလော၊ ဂန္ထတို့ မထုံးဖွဲ့အပ်သောအာရုံ မဖြစ်ပါသလော၊ ဩဃတို့ မရောက် အပ်ပါသလော၊ ယောဂတို့ မရောက်အပ်ပါသလော၊ နီဝရဏတို့၏ အစီးအပွါး မဖြစ်ပါသလော၊ ပရာမာသတို့ မသုံးသပ်အပ်ပါသလော၊ ဥပါဒါန်တို့၏ အစီးအပွါး မဖြစ်ပါသလော၊ ကိလေသာတို့ကို ရခြင်းငှါ မထိုက်တန်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ သံယောဇဉ်တို့ ဖြစ်ကြကုန်သော် ရုပ်သည် သံယောဇဉ်တို့၏ အစီးအပွါးအာရုံ မဖြစ်ပါသလော၊ ဂန္ထတို့သည် မထုံးဖွဲ့အပ်ပါသလော။ပ။ ကိလေသာတို့ကို ရခြင်းငှါ မထိုက်တန်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ရာဂဖြစ်သော် နိဗ္ဗာန်သည် ရာဂ၏ တည်ရာ မဖြစ်ပါသလော၊ တပ်မက်ရာ မဖြစ်ပါသလော၊ နှစ်သက်ရာ မဖြစ်ပါသလော၊ မာန်ယစ်ရာ မဖြစ်ပါသလော၊ နှောင်ဖွဲ့ရာ မဖြစ်ပါသလော၊ တွေဝေရာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ ရာဂဖြစ်သော် ရုပ်သည် တပ်စွမ်းမှု 'ရာဂ'၏ တည်ရာ မဖြစ်ပါသလော။ပ။ တွေဝေရာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ ဒေါသဖြစ်သော် နိဗ္ဗာန်သည် ဒေါသ၏ တည်ရာ မဖြစ်ပါသလော၊ ကောပ၏ တည်ရာ မဖြစ်ပါသလော၊ ပဋိဃ၏ တည်ရာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ ဒေါသဖြစ်သော် ရုပ်သည် ဒေါသ၏ တည်ရာ မဖြစ်ပါသလော၊ ကောပ၏ တည်ရာ မဖြစ်ပါသလော၊ ပဋိဃ၏ တည်ရာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာန်ကို အာရုံပြု၍ မောဟဖြစ်သော် နိဗ္ဗာန်သည် မောဟ၏ တည်ရာ မဖြစ်ပါသလော၊ အသိဉာဏ်ကို ပြုတတ်ပါသလော။ပ။ နိဗ္ဗာန်ကို ဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်ကို အာရုံပြု၍ မောဟဖြစ်သော် ရုပ်သည် မောဟ၏ တည်ရာ မဖြစ်ပါသလော၊ အသိဉာဏ်ကို ပြုတတ်ပါသလော။ပ။ နိဗ္ဗာန်ကို ဖြစ်စေတတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၅၁။ ပရဝါဒီ။ ။ "သံယောဇဉ်သည် နိဗ္ဗာန်ဟူသော အာရုံရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် သိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် သိပြီး၍ နိဗ္ဗာန်ကို မြတ်နိုး၏၊ နိဗ္ဗာန်၌ မြတ်နိုး၏၊ နိဗ္ဗာန်အားဖြင့် မြတ်နိုး၏၊ ငါ၏ နိဗ္ဗာန်ဟူ၍ မြတ်နိုး၏၊ နိဗ္ဗာန်ကို လွန်စွာ နှစ်သက်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော[၄]။

သကဝါဒီ။ ။ ဩေဝ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သံယောဇဉ်သည် (နိဗ္ဗာန်) အာရုံရှိ၏။

**အမတာရမ္မဏကထာ ပြီး၏။**

------

၁။ "နိဗ္ဗာနံ မညတိ"အစရှိသော ပုဒ်တို့၏ အနက်ကို မသင့်သောအားဖြင့် ယူ၍ သံယောဇဉ်သည် အမတလျှင် အာရုံရှိ၏ဟု အယူရှိကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤအမတာရမ္မဏကထာကို ဟောတော်မူသည်။
၂။ သံယောဇဉ်သည် နိဗ္ဗာန်အာရုံရှိသည် ဖြစ်ခဲ့မူ နိဗ္ဗာန်၏လည်း သံယောဇနိယစသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။
၃။ သုတ်နှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ပရဝါဒီဆရာ ဆောင်အပ်သော သုတ်သည် ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ရည်ရွယ် ဟောအပ်သော သုတ်ဖြစ်သောကြောင့် ပြီးစေကြောင်း သာဓကသုတ် မဖြစ်နိုင်။

♣

## ၉-နဝမဝဂ် (၈၆) ၃-ရူပံ သာရမ္မဏန္တိကထာ[၁]

၅၅၂။ သကဝါဒီ။ ။ ရုပ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩေဝ် ရှိပါ၏။

သကဝါဒီ။ ။ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩေဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါလျှင် "ရုပ်သည် အာရုံရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩေဝ် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် ရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ စိတ်သည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်၊ ပညာသည်၊ ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ဝိစိ ကိစ္ဆာသည်၊ ထိနသည်၊ ဥဒ္ဓစ္စသည်၊ အဟိရိကသည်၊ အနောတ္တပ္ပသည် အာရုံရှိသည် ဖြစ်၍ ထိုအနောတ္တပ္ပ အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အာရုံရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ဖဿသည် အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှုမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ အနောတ္တပ္ပသည် အာရုံရှိသည် ဖြစ်၍ ထိုအနောတ္တပ္ပအား ဆင်ခြင်မှု နှလုံးသွင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၅၅၃။ ပရဝါဒီ။ ။ ရုပ်သည် အာရုံရှိ၏ဟု မဆိုသင့်ပါသလော[၂]။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရုပ်သည် အကြောင်းနှင့်တကွ ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၃]။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရုပ်သည် အကြောင်းနှင့်တကွ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "ရုပ်သည် အာရုံ ရှိ၏"ဟု ဆိုသင့်၏။

**ရူပံ သာရမ္မဏန္တိကထာ ပြီး၏။**

------

၁။ ရုပ်သည် အကြောင်းပစ္စည်းနှင့်တကွ ဖြစ်သောကြောင့် အာရမ္မဏမည်၏၊ တစ်ပါးသော တရားကို အာရုံပြုတတ်သောကြောင့် အာရမ္မဏပစ္စည်း၏ အစွမ်းအားဖြင့် အာရမ္မဏမည်သည် မဟုတ်ပါလော၊ သာမညအားဖြင့် ရုပ်သည် အာရမ္မဏမည်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ထောက်တည်ရာ စွဲလမ်းရာဖြစ်သော အဆုံးကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၃။ ပစ္စယအာရမ္မဏကို ရည်ရွယ်၍ ဝန်ခံသည်။

♣

## ၉-နဝမဝဂ် (၈၇) ၄-အနုသယာအနာရမ္မဏကထာ[၁]

၅၅၄။ သကဝါဒီ။ ။ အနုသယတို့သည် အာရုံမရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မရှိပါကုန်။

သကဝါဒီ။ ။ အနုသယတို့သည် ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ[၄]။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကာမရာဂသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံမရှိပါသလော၊ ကာမရာဂသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၅၅။ သကဝါဒီ။ ။ ပဋိဃအနုသယသည်၊ မာနအနုသယသည်၊ ဒိဋ္ဌိအနုသယသည်၊ ဝိစိကိစ္ဆာ အနုသယသည်၊ ဘဝရာဂအနုသယသည်၊ အဝိဇ္ဇာအနုသယသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာအနုသယသည်၊ အဝိဇ္ဇာသောင်းကျန်းမှုသည်၊ အဝိဇ္ဇာသံယောဇဉ်သည်၊ အဝိဇ္ဇာနီဝရဏသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်။ပ။ အဝိဇ္ဇာနီဝရဏသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်လျက် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်လျက် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်ဖြစ်၍ အာရုံရှိပါသလော၊ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံ ရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၅၆။ ။ ပရဝါဒီ။ ။ "အနုသယတို့သည် အာရုံမရှိကုန်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "အနုသယရှိ၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏[၅]။

ပရဝါဒီ။ ။ ထိုအနုသယတို့အား အာရုံရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အနုသယတို့သည် အာရုံမရှိကုန်။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ် အဗျာကတစိတ် ဖြစ်လတ်သော် "ရာဂရှိ၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ထိုရာဂအား အာရုံရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရာဂသည် အာရုံမရှိပါ။

**အနုသယာ အနာရမ္မဏကထာ ပြီး၏။**

------

၁။ အနုသယတို့သည် စိတ္တဝိပ္ပယုတ္တ၊ အဟေတုက၊ အဗျာကတတို့ ဖြစ်ကုန်၏။ ထို့ကြောင့် အနာရမ္မဏတို့တည်းဟု အယူရှိကြကုန်သော အန္ဓကနှင့် အချို့သော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ အနာရမ္မဏတရားမည်သည် ဤသို့ ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။
၃။ စိတ္တသမ္ပယုတ္တ သင်္ခါရက္ခန္ဓာကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၄။ အနုသယသည် ဗိဝိတ်ဣန္ဒြိယ ကာယကံစသော ရုပ်သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်၏ အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ အနုသယကို မပယ်သေးသည်၏ အဖြစ်ကြောင့် ဝန်ခံသည်။
၆။ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့သည် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် ရှိ၏ဟု ဆိုအပ်၏၊ ဤသို့သော သဘောရှိသော ကိလေသာ၏ ဤမည်သော တရားသည် အာရုံမည်၏ဟု မဆိုအပ်သောကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၉-နဝမဝဂ် (၈၈) ၅-ဉာဏံ အနာရမ္မဏန္တိကထာ

၅၅၇။ သကဝါဒီ။ ။ ဉာဏ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ ဉာဏ်သည် ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ ပညာသည်၊ ပညိန္ဒြေသည်၊ ပညာဗိုလ်သည်၊ သမ္မာဒိဋ္ဌိသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပညာသည်၊ ပညိန္ဒြေသည်၊ ပညာဗိုလ်သည်၊ သမ္မာဒိဋ္ဌိသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ဉာဏ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ထြော် မရှိပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ထြော် မရှိပါ။

သကဝါဒီ။ ။ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ထြော် ရှိပါ၏။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်လျက် အာရုံမရှိပါသလော၊ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်လျက် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ထြော် ရှိပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည်၊ ဝိညာဏက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ အာရုံရှိသည် ဖြစ်၍ တစ်စိတ်တစ်ဒေသ အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၅၈။ ပရဝါဒီ။ ။ "ဉာဏ်သည် အာရုံမရှိ" ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံဆဲ ရဟန္တာသည် "အသိဉာဏ်ရှိ၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ထိုဉာဏ်အား အာရုံသည် ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဉာဏ်သည် အာရုံမရှိ။

ပရဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံဆဲ ရဟန္တာသည် "ပညာရှိ၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ထိုပညာအား အာရုံသည် ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပညာသည် အာရုံမရှိ။

**ဉာဏံ အနာရမ္မဏန္တိကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်ကို စက္ခုဝိညာဏ်နှင့် ပြည့်စုံခိုက်ဖြစ်သော်လည်း ဉာဏ်နှင့် ပြည့်စုံသူဟူ၍ ဆိုအပ်၏၊ ထိုဉာဏ်၏ ထိုခဏ၌ အာရုံမရှိ၊ ထို့ကြောင့် ဉာဏ်သည် အာရုံမရှိဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၉-နဝမဝဂ် (၈၉) ၆-အတီတာနာဂတာရမ္မဏကထာ[၁]

၅၅၉။ သကဝါဒီ။ ။ အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ထြော် မရှိပါ။

သကဝါဒီ။ ။ (စိတ်သည်) အတိတ်တရားလျှင် အာရုံရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ်သည် အတိတ်တရားလျှင် အာရုံရှိခဲ့ပါမူ "အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ မဆိုသင့်၊ အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံ မရှိဟူသော စကားသည် မှားသည်သာတည်း။ အရှင်ပရဝါဒီ စိတ်သည် အာရုံမရှိခဲ့ပါမူ "စိတ်သည် အတိတ်တရားလျှင် အာရုံရှိ၏"ဟူ၍ မဆိုသင့်၊ စိတ်သည် အာရုံမရှိ၊ အတိတ်တရားလျှင် အာရုံရှိ၏ဟူသော စကားသည် မှားသည်သာတည်း။

သကဝါဒီ။ ။ အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အတိတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိခဲ့ပါမူ "အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ မဆိုသင့်။

၅၆၀။ သကဝါဒီ။ ။ အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ (စိတ်သည်) အနာဂတ်တရားလျှင် အာရုံရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ်သည် အနာဂတ်တရားလျှင် အာရုံရှိခဲ့ပါမူ "အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ မဆိုသင့်၊ အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံ မရှိဟူသော စကားသည် မှားသည်သာတည်း။ အရှင်ပရဝါဒီ စိတ်သည် အာရုံမရှိခဲ့ပါမူ "စိတ်သည် အနာဂတ်တရားလျှင် အာရုံရှိ၏"ဟူ၍ မဆိုသင့်၊ စိတ်သည် အာရုံမရှိ၊ အနာဂတ်တရားလျှင် အာရုံရှိ၏ဟူသော စကားသည် မှားသည်သာတည်း။

သကဝါဒီ။ ။ အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အနာဂတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိခဲ့ပါမူ "အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည် ဖြစ်၍ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည် ဖြစ်၍ အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်၍ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိ၏။

သကဝါဒီ။ ။ အနာဂတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်၍ အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်လျက် အတိတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်လျက် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်လျက် အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို အာရုံပြု၍ ဆင်ခြင်မှုသည်။ပ။ ဆုတောင်းမှုသည် ရှိသည်ဖြစ်လျက် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၆၁။ ပရဝါဒီ။ ။ "အတိတ်တရား အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အတိတ်အနာဂတ်တရားသည် မရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် မရှိပါ။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အတိတ်အနာဂတ်တရားသည် မရှိခဲ့ပါမူ ထိုအကြောင်းကြောင့် "အတိတ် အနာဂတ်တရားလျှင် အာရုံရှိသော စိတ်သည် အာရုံမရှိ"ဟူ၍ ဆိုသင့်သည်သာတည်း။

**အတီတာနာဂတာရမ္မဏကထာ ပြီး၏။**

------

၁။ အတိတ်အာရုံ အနာဂတ်အာရုံမည်သည် ထင်ရှားမရှိ၊ ထို့ကြောင့် ထိုအတိတ် အနာဂတ်အာရုံရှိသောစိတ်သည် မိမိအာရုံ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့် အနာရမ္မဏသာ ဖြစ်ရာ၏၊ ထို့ကြောင့် အတိတ်တရားသည် အာရုံမရှိဟု အယူရှိကြသော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၉–နဝမဝဂ် (၉ဝ) ၇–ဝိတက္ကာနုပတိတကထာ

၅၆၂။ သကဝါဒီ။ ။ အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အလုံးစုံသော စိတ်သည် ဝိစာရကြောင့် ကျရောက်ပါသလော၊ ပီတိကြောင့် ကျရောက်ပါသလော၊ သုခကြောင့် ကျရောက်ပါသလော၊ ဒုက္ခကြောင့် ကျရောက်ပါသလော၊ သောမနဿကြောင့် ကျရောက်ပါသလော၊ ဒေါမနဿကြောင့် ကျရောက်ပါသလော၊ ဥပေက္ခာကြောင့် ကျရောက်ပါသလော၊ သဒ္ဓါကြောင့် ကျရောက်ပါသလော၊ ဝီရိယကြောင့် ကျရောက်ပါသလော၊ သတိကြောင့် ကျရောက် ပါသလော၊ သမာဓိကြောင့် ကျရောက်ပါသလော၊ ပညာကြောင့် ကျရောက်ပါသလော၊ ရာဂကြောင့် ကျရောက်ပါသလော၊ ဒေါသကြောင့် ကျရောက်ပါသလော။ပ။ အနောတ္တပ္ပကြောင့် ကျရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်မရှိ ဝိစာရမျှသာရှိသော သမာဓိသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိတက်မရှိ ဝိစာရမျှသာရှိသော သမာဓိသည် ရှိခဲ့ပါမူ "အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိသည် ရှိခဲ့ပါမူ "အလုံးစုံ သော စိတ်သည် ဝိတက်ကြောင့် ကျရောက်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော သမာဓိ၊ ဝိတက်ကားမရှိ ဝိစာရမျှသာ ရှိသော သမာဓိ၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော သမာဓိ"ဤသို့ သမာဓိသုံးပါးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော သမာဓိ၊ ဝိတက့်ကား မရှိ ဝိစာရမျှသာရှိသော သမာဓိ၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော သမာဓိ ဤသို့ သမာဓိသုံးပါးတို့ကို မြတ်စွာဘုရား ဟောအပ်ခဲ့ကုန်မူ "အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ကျရောက်၏"ဟူ၍ မဆိုသင့်။

**ဝိတက္ကာနုပတိတကထာ ပြီး၏။**

------

၁။ ဝိတက်၏ ကျရာတရားမည်သည် အာရုံသမ္ပယောဂအားဖြင့် နှစ်ပါးရှိ၏၊ ဤမည်သော စိတ်သည် ဝိတက်၏အာရုံ မဖြစ်နိုင်ဟု သတ်မှတ်ထားခြင်း မရှိသောကြောင့် စိတ်အားလုံးသည် ဝိတက်၏ ကျရာ ဖြစ်ရာ၏၊ ဝိတက်နှင့်မယှဉ်သော စိတ်၏ ဖြစ်သင့်သောကြောင့် စိတ်အားလုံးသည် ဝိတက်၏ ကျရာတရား မဟုတ်ခဲ့၊ ဤသို့ မခွဲဝေမူ၍ သာမညအားဖြင့် စိတ်အားလုံးသည် ဝိတက်၏ကျရာ ဖြစ်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်လျက် ဤကထာကို ဟောတော်မူသည်။

♣

## ၉–နဝမဝဂ် (၉၁) ၈–ဝိတက္ကဝိပ္ဖါရသဒ္ဒကထာ[၁]

၅၆၃။ သကဝါဒီ။ ။ အလုံးစုံအားဖြင့် ကြံစည်သူ သုံးသပ်သူအား ဝိတက်ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံအားဖြင့် တွေ့ထိသူအား တွေ့ထိမှု 'ဖဿ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် ခံစားသူအား ခံစားမှု 'ဝေဒနာ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် မှတ်သားသူအား မှတ်သားမှု 'သညာ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် စေ့ဆော်သူအား စေ့ဆော်မှု 'စေတနာ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် သိသူအား စိတ်ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် အောက်မေ့သူအား အောက်မေ့မှု 'သတိ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံ အပြားအားဖြင့် သိသူအား အပြားအားဖြင့် သိမှု 'ပညာ'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ အလုံးစုံအားဖြင့် ကြံစည်သူ သုံးသပ်သူအား ကြံစည်မှု 'ဝိတက်'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကြံစည်မှု 'ဝိတက်'ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် သောတဝိညာဏ်ဖြင့် သိအပ်ပါသလော၊ သောတ၌ ထိခိုက်ပါသလော၊ သောတအား ရှေးရှုထင်ခြင်းသို့ ရောက်ပါသလော[၄]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိတက်ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် သောတဝိညာဏ်ဖြင့် မသိအပ်သည်ဖြစ်၍ သောတ၌ မထိခိုက်ပါသလော၊ သောတအား ရှေးရှုထင်ခြင်းသို့ မရောက်ပါသလော[၅]။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိတက်ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် သောတဖြင့် မသိအပ်သည် ဖြစ်၍ သောတ၌ မထိခိုက် သောတအား ရှေးရှုထင်ခြင်းသို့ မရောက်ခဲ့ပါမူ "အလုံးစုံအားဖြင့် ကြံစည်သူ စိတ်ကူးသူအား ဝိတက်ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိ၏"ဟူ၍ မဆိုသင့်။

**ဝိတက္ကဝိပ္ဖါရသဒ္ဒကထာ ပြီး၏။**

------

၁။ "ဝိတက္ကဝိစာရာ ဝစီသင်္ခါရာ"ဟူ၍ ဟောတော်မူအပ်သောကြောင့် ခပ်သိမ်းသောအဖို့အားဖြင့် ကြံစည်သူ ဆင်ခြင်သူအား အယုတ်ဆုံးအားဖြင့် မနောဓာတ်ဖြစ်ရာအခါ၌လည်း ဝိတက္ကဝိပ္ဖါရမည်သော အသံသည် ဖြစ်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဝိတက္ကဝိပ္ဖါရ ကထာကို ဟောတော်မူသည်။
၂။ ဝိတက္ကဝိပ္ဖါရမျှ ဖြစ်သော သဒ္ဒ ရှိခဲ့ပါမူ ဖဿာဒိဝိပ္ဖါရသဒ္ဒသည်လည်း ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို ထုတ်သည်။
၃။ ထိုသို့သဘောရှိသော သုတ်အမြွက်မျှကို မတွေ့မမြင်သောကြောင့် ပဋိက္ခေပပြုသည်။
၄။ ဝိတက်၏ ပျံ့နှံ့ခြင်းမျှဖြစ်သော အသံကိုသာ ရည်ရွယ်၍ မေးသည်၊ ဝိတက်၏ ပျံ့နှံ့ခြင်းကြောင့်ဖြစ်သော အိပ်ပျော်နေသူတို့၏အသံကို ရည်ရွယ်၍ မေးသည်မဟုတ်။
၅။ ပရဝါဒီ၏ အလိုအားဖြင့် ပြသောအမေးတည်း၊ ပရဝါဒီဆရာသည် ဝိတက်၏ ပျံ့နှံ့ခြင်းမျှ ဖြစ်သော အသံသည် သောတဝိညာဏ်၏ အာရုံမဟုတ်ဟု ဆို၏၊ သကဝါဒီဆရာကား 'ဝိတက္ကဝိပ္ဖါရသဒ္ဒံ သုတွာ အာဒိသတိ'ဟု ဟောတော်မူသောကြောင့် ဝိတက္ကဝိပ္ဖါရသဒ္ဒသည် သောတဝိညာဏ်ဟု ဆို၏။

♣

## ၉-နဝမဝဂ် (၉၂) ၉-န ယထာစိတ္တဿ ဝါစာတိကထာ[၁]

၅၆၄။ သကဝါဒီ။ ။ ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ဖဿမရှိသူအား ပြောဆိုမှုသည် ရှိပါသလော၊ ဝေဒနာမရှိသူအား ပြောဆိုမှုသည်၊ သညာမရှိသူအား ပြောဆိုမှုသည်၊ စေတနာမရှိသူအား ပြောဆိုမှုသည်၊ စိတ်မရှိသူအား ပြောဆိုမှုသည် ရှိပါသလော[၂]။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံအားဖြင့် တွေ့ထိသူအား ဖဿကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် ခံစားသူအား ဝေဒနာကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် မှတ်သားသူအား သညာကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံ အားဖြင့် စေ့ဆော်သူအား စေတနာကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် သိသူအား စိတ်ကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် အောက်မေ့သူအား သတိကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော၊ အလုံးစုံအားဖြင့် သိသူအား ပညာကြောင့် ပျံ့နှံ့ခြင်းဟူသော အသံသည် ရှိပါသလော[၃]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ အလုံးစုံအားဖြင့် ကြံစည်သူ သုံးသပ်သူအား ဝိတက်ကြောင့် ပျံ့နှံ့ခြင်းရှိသော အသံသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဝိတက်ကြောင့် ပျံ့နှံ့ခြင်းရှိသော အသံသည် သောတဝိညာဏ်ဖြင့် သိအပ်သည် ဖြစ်၍ သောတ၌ ထိခိုက်ပါသလော၊ သောတအား ရှေးရှုထင်ခြင်းသို့ ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿရှိသူအား ပြောဆိုမှုသည်၊ ဝေဒနာရှိသူအား ပြောဆိုမှုသည်၊ သညာရှိသူအားပြောဆိုမှုသည်၊ စေတနာရှိသူအား ပြောဆိုမှုသည်၊ စိတ်ရှိသူအား ပြောဆိုမှုသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿရှိသူအား ပြောဆိုမှုသည်။ပ။ စိတ်ရှိသူအား ပြောဆိုမှုသည် ရှိခဲ့ပါမူ "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ မဆင်ခြင်သူအား ပြောဆိုမှုသည်။ပ။ နှလုံးမသွင်းသူအား ပြောဆိုမှုသည်။ပ။ ဆုမတောင်းသူအား ပြောဆိုမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဆင်ခြင်သူအား ပြောဆိုမှုသည်။ပ။ နှလုံးသွင်းသူအား ပြောဆိုမှုသည်။ပ။ ဆုတောင်းသူအား ပြောဆိုမှုသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဆင်ခြင်သူအား ပြောဆိုမှုသည်၊ နှလုံးသွင်းသူအား ပြောဆိုမှုသည်၊ ဆုတောင်းသူအား ပြောဆိုမှုသည် ရှိခဲ့ပါမူ "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ ပြောဆိုမှုသည် စိတ်ကြောင့် ဖြစ်သည် စိတ်နှင့်အတူ ဖြစ်သည် စိတ်နှင့်တကွ တူသော ဖြစ်ခြင်းရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပြောဆိုမှုသည် စိတ်ကြောင့် ဖြစ်ခဲ့ပါမူ စိတ်နှင့်အတူ ဖြစ်ခဲ့ပါမူ စိတ်နှင့် တကွ တူသော ဖြစ်ခြင်းရှိသည် ဖြစ်ခဲ့ပါမူ "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ မပြောလိုသူသည် ပြောပါသလော၊ မဆိုလိုသူသည် ဆိုပါသလော၊ မခေါ်လိုသူသည် ခေါ်ပါသလော၊ မမြွက်ဆိုလိုသူသည် မြွက်ဆိုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ ပြောလိုသူသည် ပြောသလော၊ ဆိုလိုသူသည် ဆိုသလော၊ ခေါ်လိုသူသည် ခေါ်သလော၊ မြွက်ဆိုလိုသူသည် မြွက်ဆိုပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပြောလိုသူသည် ပြောခဲ့ပါမူ ဆိုလိုသူသည် ဆိုခဲ့ပါမူ ခေါ်လိုသူသည် ခေါ်ခဲ့ပါမူ မြွက်ဆိုလိုသူသည် မြွက်ဆိုခဲ့ပါမူ "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

၅၆၅။ ပရဝါဒီ။ ။ "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ (အကြင်သူသည်) "အခြားစကားကို ပြောအံ့"ဟူ၍ အခြားစကားကို ပြော၏၊ "အခြား စကားကို ဆိုအံ့"ဟူ၍ အခြားစကားကို ဆို၏၊ "အခြားသူကို ခေါ်အံ့"ဟူ၍ အခြားသူကို ခေါ်၏၊ "အခြား စကားကို မြွက်ဆိုအံ့"ဟူ၍ အခြားစကားကို မြွက်ဆို၏၊ ထိုသူတစ်စုံတစ်ယောက် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ (အကြင်သူသည်) "အခြားစကားကို ပြောအံ့"ဟူ၍ အခြားစကားကို ပြော၏။ပ။ "အခြားစကားကို မြွက်ဆိုအံ့"ဟူ၍ အခြားစကားကို မြွက်ဆို၏၊ ထိုသူတစ်စုံတစ်ယောက်သည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် "ပြောဆိုမှုသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ ဆိုသင့်၏။

**န ယထာစိတ္တဿ ဝါစာတိကထာ ပြီး၏။**

------

၁။ တစ်စုံတစ်ယောက်သောသူသည် အခြားတစ်ပါးသော စကားကို ပြောဆိုအံ့ဟု နှလုံးပြု၍ အခြားတစ်ပါးသော စကားကို ပြောဆိုမိ၏၊ ထို့ကြောင့် စကားသည် စိတ်အားလျော်စွာ ဖြစ်သည်မဟုတ်၊ စိတ်နှင့်ကင်း၍လည်း ဖြစ်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ထိုစကားကို ဖြစ်စေတတ်သောစိတ် မဖြစ်ခဲ့ပါမူ ထိုစကားပြောဆဲခဏ၌ ဖဿအစရှိသည်တို့သည်လည်း မဖြစ်ကုန်ရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ 'ဝိတက္ကဝိပ္ဖါရမှုဖြစ်သော သဒ္ဒါစု ရှိခဲ့ပါမူ ဖဿာဒိဝိပ္ဖါရသဒ္ဒသည်လည်း ဖြစ်ရာ၏'ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၄။ ထိုသို့ သဘောရှိသောသုတ်ကို အမြွက်မျှ မတွေ့မြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက်ဖြေသည်။
၅။ တစ်ပါးသောစကားကို ပြောဆိုအံ့ဟု နှလုံးသွင်း၍ အခြားတစ်ပါးသောစကားကို ပြောဆိုသူသည်လည်း ပြောဆိုလိုသည်သာ မည်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၈–နဝမဝဂ် (၈၃) ၁၀–န ယထာစိတ္တဿ ကာယကမ္မန္တိကထာ[၁]

၅၆၆။ သကဝါဒီ။ ။ ကာယကံသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ ဖဿမရှိသူအား ကာယကံသည်။ပ။ စိတ်မရှိသူအား ကာယကံသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှင့်တကွ ဖြစ်သူအား ကာယကံသည်။ပ။ စိတ်နှင့်တကွ ဖြစ်သူအား ကာယ ကံသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿနှင့်တကွ ဖြစ်သူအား ကာယကံသည်။ပ။ စိတ်နှင့်တကွ ဖြစ်သူအား ကာယကံသည် ရှိခဲ့ပါမူ "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာယကံသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ မဆင်ခြင်သူအား ကာယကံသည်။ပ။ ဆုမတောင်းသူအား ကာယကံသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဆင်ခြင်သူအား ကာယကံသည်။ပ။ ဆုတောင်းသူအား ကာယကံသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဆင်ခြင်သူအား ကာယကံသည်။ပ။ ဆုတောင်းသူအား ကာယကံသည် ရှိခဲ့ပါမူ "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာယကံသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ ကာယကံသည် စိတ်ကြောင့် ဖြစ်သည် စိတ်နှင့်တကွ ဖြစ်သည် စိတ်နှင့်တကွ တူသော ဖြစ်ခြင်းရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာယကံသည် စိတ်ကြောင့် ဖြစ်သည် စိတ်နှင့်တကွ ဖြစ်သည် စိတ်နှင့် တကွ တူသော ဖြစ်ခြင်းရှိသည် ဖြစ်ခဲ့ပါမူ "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာယကံသည် စိတ်အားလျော်စွာ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ ရှေ့သို့ မတက်လိုသူသည် ရှေ့သို့ တက်သလော၊ နောက်သို့ မဆုတ်လိုသူသည် နောက်သို့ ဆုတ်သလော၊ တည့်တည့် မကြည့်လိုသူသည် တည့်တည့် ကြည့်ပါသလော၊ တစောင်း မကြည့် လိုသူသည် တစောင်းကြည့်ပါသလော၊ မကွေးလိုသူသည် ကွေးပါသလော၊ မဆန့်လိုသူသည် ဆန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေ့သို့ တက်လိုသူသည် ရှေ့သို့ တက်သည် မဟုတ်ပါလော၊ နောက်သို့ ဆုတ်လို သူသည် နောက်သို့ ဆုတ်သည် မဟုတ်ပါလော၊ တည့်တည့် ကြည့်လိုသူသည် တည့်တည့်ကြည့်သည် မဟုတ်ပါလော၊ တစောင်းကြည့်လိုသူသည် တစောင်းကြည့်သည် မဟုတ်ပါလော၊ ကွေးလိုသူသည် ကွေးသည် မဟုတ်ပါလော၊ ဆန့်လိုသူသည် ဆန့်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှေ့သို့ တက်လိုသူသည် ရှေ့သို့ တက်ခဲ့ပါမူ။ပ။ ဆန့်လိုသူသည် ဆန့်ခဲ့ပါမူ "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်။

၅၆၇။ ပရဝါဒီ။ ။ "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (အကြင်သူသည်) "အခြားအရပ်သို့ သွားအံ့"ဟူ၍ အခြားအရပ်သို့ သွား၏။ပ။ "အခြားလက်ကို ဆန့်အံ့"ဟူ၍ အခြားလက်ကို ဆန့်၏၊ ထိုသူတစ်စုံတစ်ယောက်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ (အကြင်သူသည်) "အခြားအရပ်သို့ သွားအံ့"ဟူ၍ အခြားအရပ်သို့ သွား၏။ပ။ "အခြားလက်ကို ဆန့်အံ့"ဟူ၍ အခြားလက်ကို ဆန့်၏၊ ထိုသူတစ်စုံတစ်ယောက်သည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် "ကာယကံသည် စိတ်အားလျော်စွာ မဖြစ်"ဟူ၍ ဆိုသင့်၏။

**န ယထာစိတ္တဿ ကာယကမ္မန္တိကထာ ပြီး၏။**

------

၁။ တစ်စုံတစ်ယောက်သောသူသည် တစ်ပါးသော အရပ်ကို သွားအံ့ဟု နှလုံးပြု၍ အခြားတစ်ပါးသောအရပ်သို့ သွား၏၊ ထို့ကြောင့် ကာယကံသည် စိတ်အားလျော်စွာ ဖြစ်သည်မဟုတ်၊ စိတ်နှင့်ကင်း၍လည်း ဖြစ်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်လျက် ဤကထာကို ဟောတော်မူသည်။

♣

## ၉–နဝမဝဂ် (၉၄) ၁၁–အတီတာနာဂတသမန္နာဂတကထာ

၅၆၈။ သကဝါဒီ။ ။ အတိတ်တရားနှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အတိတ်တရားသည် ချုပ်ပြီးသည်၊ ကင်းပြီးသည်၊ ပျက်စီးပြီးသည်၊ ပျောက်ပြီးသည်၊ ကင်းပျောက်ပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်တရားသည် ချုပ်ပြီးသည်၊ ကင်းပြီးသည်၊ ပျက်စီးပြီးသည်၊ ပျောက်ပြီးသည်၊ ကင်းပျောက်ပြီးသည် ဖြစ်ခဲ့ပါမူ "အတိတ်တရားနှင့် ပြည့်စုံသူ ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂတ်တရားနှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အနာဂတ်တရားသည် မဖြစ်သေးသည်၊ မပေါ်သေးသည်၊ ကောင်းစွာ မဖြစ်သေးသည်၊ မဖြစ်ပေါ်သေးသည်၊ အသစ်မဖြစ်သေးသည်၊ ထင်ရှား မဖြစ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်တရားသည် မဖြစ်သေးသည်၊ မပေါ်သေးသည်၊ ကောင်းစွာ မဖြစ်သေးသည်၊ မဖြစ်ပေါ်သေးသည်၊ အသစ် မဖြစ်သေးသည်၊ ထင်ရှား မဖြစ်သေးသည် ဖြစ်ခဲ့ပါမူ "အနာဂတ်တရားနှင့် ပြည့်စုံသူ ရှိ၏"ဟူ၍ မဆိုသင့်။

၅၆၉။ သကဝါဒီ။ ။ အတိတ်ရူပက္ခန္ဓာနှင့် ပြည့်စုံသူ ရှိပါသလော၊ အနာဂတ်ရူပက္ခန္ဓာနှင့် ပြည့်စုံသူ ရှိပါသလော၊ ပစ္စုပ္ပန်ရူပက္ခန္ဓာနှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ ရူပက္ခန္ဓာသုံးမျိုးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ခန္ဓာငါးပါးတို့နှင့် ပြည့်စုံသူ၊ အနာဂတ်ခန္ဓာငါးပါးတို့နှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန် ခန္ဓာငါးပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ ခန္ဓာတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခာယတနနှင့် ပြည့်စုံသူ၊ အနာဂတ်စက္ခာယတနနှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန် စက္ခာယတနနှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ စက္ခာယတနသုံးမျိုးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်အာယတန တစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ၊ အနာဂတ်အာယတန တစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန်အာယတန တစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ အာယတနသုံးဆယ့်ခြောက်ပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခုဓာတ်နှင့် ပြည့်စုံသူ၊ အနာဂတ်စက္ခုဓာတ်နှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန် စက္ခုဓာတ်နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဪ ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဓာတ် သုံးပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံသူ၊ အနာဂတ်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန်ဓာတ် တစ်ဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ခတ်ငါးဆယ့်လေးပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်စက္ခုန္ဒြေနှင့် ပြည့်စုံသူ၊ အနာဂတ်စက္ခုန္ဒြေနှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန်စက္ခုန္ဒြေနှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေ သုံးပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ၊ အနာဂတ်ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ၊ ပစ္စုပ္ပန်ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဣန္ဒြေခြောက်ဆယ့်ခြောက်ပါးတို့နှင့် ပြည့်စုံသူ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၇၀။ ပရဝါဒီ။ ။ "အတိတ် အနာဂတ်တရားတို့နှင့် ပြည့်စုံသူ ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရှစ်ပါးသော ဝိမောက္ခဈာန်နှင့် ပြည့်စုံသူသည် လေးပါးသောဈာန်တို့ကို အလိုရှိတိုင်း ရခြင်းရှိသူသည် အစဉ်အတိုင်း ချမ်းသာစွာ နေကြောင်း သမာပတ်ကိုးပါးတို့ကို ရခြင်းရှိသူသည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရှစ်ပါးသော ဝိမောက္ခဈာန်နှင့် ပြည့်စုံသူသည် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရခြင်းရှိသူသည် အစဉ်အတိုင်း ချမ်းသာစွာ နေထိုင်ကြောင်း သမာပတ်ကိုးပါးတို့ကို ရခြင်း ရှိသူသည် ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် "အတိတ်တရား အနာဂတ်တရားတို့နှင့် ပြည့်စုံသူ ရှိ၏"ဟူ၍ ဆိုသင့်၏။

**အတီတာနာဂတသမန္နာဂတကထာ ပြီး၏။**

**နဝမဝဂ် ပြီး၏။**

------

၁။ ပညတ်တို့သည် သမန္နာဂတပညတ်၊ ပဋိလာဘပညတ်ဟူ၍ နှစ်ပါးရှိကုန်၏။
ထိုနှစ်ပါးတို့တွင် ပစ္စုပ္ပန်တရားနှင့် ပြည့်စုံသူကို သမန္နာဂတဟု ဆိုအပ်၏၊
သမာပတ်ရှစ်ပါးကိုရသူ ဈာနလာဘီ ပုဂ္ဂိုလ်၏ သမာပတ်တို့သည် တစ်ပြိုင်နက်သောခဏ၌

မဖြစ်ကြပါကုန်သော်လည်း ထိုးထွင်းသိပြီး၍ မဆုတ်ယုတ် မလျော့ကျခြင်းကြောင့် သမာပတ်ရှစ်ပါးကို ရသူဟူ၍ပင် ဆိုရ၏၊ ဤသို့ ဝေဖန်ခြင်းကို မပြုဘဲ ဈာနလာဘီတို့အား အတိတ်အနာဂတ်ဖြစ်သော ဈာန်တို့သည်လည်း ရှိကုန်၏။ ထို့ကြောင့် ထိုဈာနလာဘီတို့သည် အတိတ် အနာဂတ်ဈာန် နှင့်လည်း ပြည့်စုံကုန်၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၀–ဒသမဝဂ် (၉၅) ၁–နိရောဓကထာ[၁]

၅၇၁။ သကဝါဒီ။ ။ ဥပပတ္တိဘဝကို ရှာဖွေကြောင်းဖြစ်သော ခန္ဓာငါးပါးသည် မချုပ်ငြိမ်းဘဲ ကိရိယာ ခန္ဓာငါးပါးတို့ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ခန္ဓာဆယ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာဆယ်ပါးတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ခန္ဓာဆယ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာဆယ်ပါးတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏[၃]။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ဥပပတ္တိဘဝကို ရှာဖွေကြောင်းဖြစ်သော ခန္ဓာငါးပါးသည် မချုပ်မငြိမ်းဘဲ ကိရိယာ ခန္ဓာလေးပါးတို့ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ခန္ဓာကိုးပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာကိုးပါးတို့သည် မျက်မှောက် အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ခန္ဓာကိုးပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာကိုးပါးတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေကြောင်းဖြစ်သော ခန္ဓာငါးပါးတို့သည် မချုပ်ငြိမ်းဘဲ ကိရိယာ ဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဖြစ်ပါ၏။

သကဝါဒီ။ ။ ခန္ဓာခြောက်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာခြောက်ပါးတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ခန္ဓာခြောက်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော၊ ခန္ဓာခြောက်ပါးတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၇၂။ ပရဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေကြောင်းဖြစ်သော ခန္ဓာငါးပါးတို့သည် ချုပ်ငြိမ်းလတ်သော် မဂ်သည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဖြစ်ပါ၏။

ပရဝါဒီ။ ။ သေသူသည် မဂ်ကို ပွါးစေပါသလော၊ ကွယ်လွန်သူသည် မဂ်ကို ပွါးစေပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**နိရောဓကထာ ပြီး၏။**

------

၁။ ပဋိသန္ဓေကို ရှာဖွေကြောင်းဟု ရေတွက်ခြင်းသို့ရောက်သော ဘဝင်စိတ်၏ ဘင်ခဏနှင့် တစ်ပြိုင်နက် ကိရိယာဟု ရေတွက်ခြင်းသို့ ရောက်သော ကုသိုလ် အကုသိုလ် နာမက္ခန္ဓာလေးပါး တိဇရုပ်ဟူသော ရူပက္ခန္ဓာတစ်ပါး ပေါင်း ကိရိယာ ခန္ဓာငါးပါးတို့သည် ဖြစ်ကြကုန်၏၊ ထိုကိရိယာ ခန္ဓာငါးပါးတို့ မဖြစ်ကုန်သော် ဘဝင်စိတ်ချုပ်သောအခါ အစဥ်ပြတ်ရာ၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤနိရောဓကထာကို ဟောတော်မူသည်။

၂။ ပဋိသန္ဓေကို ရှာမှီးကြောင်း ခန္ဓာတို့၏လည်းကောင်း၊ ကိရိယာခန္ဓာတို့၏လည်းကောင်း အစွမ်းအားဖြင့် ခန္ဓာတို့သည် ငါးပါးသာ ရှိကုန်၏ဟု နှလုံးပြု၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၃။ ရှေ့နောက်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဥပက္ကိလေသိကခန္ဓာ ကိရိယာခန္ဓာတို့၏ အစွမ်းအားဖြင့်လည်းကောင်း ထူးသည်၏အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

၄။ သုတ္တလေသ မရမရှိသောကြောင့် ပဋိက္ခေပပြုသည်။

♣

## ၁၀-ဒသမဝဂ် (၉၆) ၂-ရူပံ မဂ္ဂေါတိကထာ[၁]

၅၇၃။ သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ရုပ်သည် မဂ်ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံနှင့်တကွ ဖြစ်ပါသလော၊ ထိုရုပ်အား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ နှလုံးသွင်းမှု ပြုမှု စိတ်၌ စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ထိုရုပ်သည် အာရုံမရှိသည် မဟုတ်ပါလော၊ ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုရုပ်သည် အာရုံမရှိခဲ့ပါလျှင် ထိုရုပ်အား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါလျှင် "မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ရုပ်သည် မဂ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် အာရုံရှိပါသလော၊ သမ္မာဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် အာရုံမရှိသည် မဟုတ်ပါလော၊ သမ္မာဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သမ္မာဝါစာသည် အာရုံမရှိခဲ့ပါမူ သမ္မာဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "သမ္မာဝါစာသည် မဂ်"ဟု မဆိုသင့်။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာအာဇီဝသည် အာရုံရှိပါသလော၊ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာအာဇီဝသည် အာရုံမရှိသည် မဟုတ်ပါလော၊ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သမ္မာအာဇီဝသည် အာရုံမရှိခဲ့ပါမူ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "သမ္မာအာဇီဝသည် မဂ်"ဟု မဆိုသင့်။

၅၇၄။ သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ်ဖြစ်၍ ထိုသမ္မာဒိဋ္ဌိသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာဒိဋ္ဌိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ်ဖြစ်၍ ထိုသမ္မာဝါစာသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာ ဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ်ဖြစ်၍ ထိုသမ္မာဒိဋ္ဌိသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာဒိဋ္ဌိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ်ဖြစ်၍ ထိုသမ္မာအာဇီဝသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည် မဂ်ဖြစ်၍ ထိုသမ္မာသမာဓိသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာသမာဓိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ်ဖြစ်၍ ထိုသမ္မာဝါစာသည်းလည်း အာရုံရှိပါသလော၊ ထိုသမ္မာ ဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသမာဓိသည် မဂ်ဖြစ်၍ ထိုသမ္မာသမာဓိသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာသမာဓိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမ္မာသမာဓိသည်။ပ။ သမ္မာအာဇီဝသည် မဂ်ဖြစ်၍ ထိုသမ္မာအာဇီဝသည်လည်း အာရုံရှိပါသလော၊ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ်ဖြစ်လျက် ထိုသမ္မာဝါစာသည်လည်း အာရုံမရှိပါသလော၊ ထိုသမ္မာဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ်ဖြစ်လျက် ထိုသမ္မာဒိဋ္ဌိသည်လည်း အာရုံမရှိပါသလော၊ ထိုသမ္မာ ဒိဋ္ဌိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ်ဖြစ်လျက် ထိုသမ္မာဝါစာသည် အာရုံမရှိပါသလော၊ ထိုသမ္မာ ဝါစာအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်၊ သမ္မာသတိသည်၊ သမ္မာသမာဓိသည် မဂ် ဖြစ်လျက် ထိုသမ္မာသမာဓိသည်လည်း အာရုံမရှိပါသလော၊ ထိုသမ္မာသမာဓိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ်ဖြစ်လျက် ထိုသမ္မာအာဇီဝသည်လည်း အာရုံမရှိပါသလော၊ ထိုသမ္မာအာဇီဝအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည်၊ သမ္မာသင်္ကပ္ပသည်၊ သမ္မာဝါယာမသည်၊ သမ္မာသတိသည်။ပ။ သမ္မာ သမာဓိသည် မဂ်ဖြစ်လျက် ထိုသမ္မာသမာဓိသည် အာရုံမရှိပါသလော၊ ထိုသမ္မာသမာဓိအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၇၅။ ပရဝါဒီ။ ။ "မဂ်နှင့် ပြည့်စုံသူ၏ ရုပ်သည် မဂ်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သမ္မာဝါစာသည်၊ သမ္မာကမ္မန္တသည်၊ သမ္မာအာဇီဝသည် မဂ်ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သမ္မာဝါစာသည်၊ သမ္မာကမ္မန္တသည်၊ သမ္မာအာဇီဝသည် မဂ်ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "မဂ်နှင့် ပြည့်စုံသူ၏ ရုပ် သည် မဂ်"ဟူ၍ ဆိုသင့်၏။

**ရူပံ မဂ္ဂေါတိကထာ ပြီး၏။**

------

၁။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် ရုပ်သာတည်းဟု အယူရှိသူ မဟိသာသက သမ္မိတိယနှင့် မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောသည်။

၂။ သမ္မာဝါစာ အစရှိသည်တို့သည် ဝိရတီမဟုတ်၊ ရုပ်သာ ဖြစ်ကုန်မူ သမ္မာဒိဋ္ဌိ အစရှိသော မဂ်သည် သာရမ္မဏစသော သဘောရှိသကဲ့သို့ ရုပ်သည်လည်း သာရမ္မဏစသော သဘောရှိသည် ဖြစ်ခဲ့ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။

♣

## ၁၀–ဒသမဝဂ် (၉၇) ၃–ပဉ္စဝိညာဏသမင်္ဂိဿ မဂ္ဂကထာ

၅၇၆။ သကဝါဒီ။ ။ ဝိညာဏ်ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာဝတ္ထုရှိကုန်သည် ပစ္စုပ္ပန်အာရုံရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာဝတ္ထုရှိကုန်မူ ပစ္စုပ္ပန်အာရုံရှိကုန်မူ "ဝိညာဏ်ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် ရှေး၌ ဖြစ်သော တရားလျှင် မှီရာဝတ္ထု ရှိကုန်သည်၊ ရှေး၌ ဖြစ်သော တရားလျှင် အာရုံရှိကုန်သည်၊ အတွင်းသန္တာန်၌ ဖြစ်သော တရားလျှင် မှီရာရှိကုန်သည်၊ အပြင်သန္တာန်၌ ဖြစ်သော တရားလျှင် မှီရာအာရုံရှိကုန်သည်၊ မကွဲပြားသော တရားလျှင် မှီရာရှိကုန်သည်၊ မကွဲပြားသော တရားလျှင် အာရုံရှိကုန်သည်၊ အထူးထူးသော မှီရာရှိကုန်သည်၊ အထူးထူး သော အာရုံရှိကုန်သည်ဖြစ်၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားကြကုန်သည် မဟုတ်ပါလော၊ ဆင်ခြင်မှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ နှလုံးသွင်းမှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ ရောပြွမ်းကုန်သည် ဖြစ်၍ မဖြစ်ကုန်သည် မဟုတ်ပါလော၊ မရှေးမနှောင်း မဖြစ်ကုန်သည် မဟုတ်ပါလော၊ အချင်းချင်း၏ အခြားမဲ့၌ မဖြစ်ကုန်သည် မဟုတ်ပါလော၊ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု မရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု မရှိကုန်မူ "ဝိညာဏ်ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှုသည် ရှိ၏"ဟု မဆိုသင့်။

၅၇၇။ သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ မရှိပါ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူ၍ မဆိုသင့်။

၅၇၈။ သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် အတိတ်တရားနှင့် အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍ ဝေဒနာကို အာရုံပြု၍ သညာကို အာရုံပြု၍ စေတနာကို အာရုံပြု၍ စိတ်ကို အာရုံပြု၍ စက္ခုကို အာရုံပြု၍။ပ။ ကာယကို အာရုံပြု၍။ပ။ သဒ္ဒကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှုသည် ရှိသည် ဖြစ်၍ မနောဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိသည်ဖြစ်၍ မနော ဝိညာဏ်သည် အတိတ်တရားနှင့် အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် အတိတ်တရားနှင့် အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိသည်ဖြစ်၍ မနော ဝိညာဏ်သည် ဖဿကို အာရုံပြု၍ ဝေဒနာကို အာရုံပြု၍။ပ။ အတွေ့အထိကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍ ဝေဒနာကို အာရုံပြု၍။ပ။ အတွေ့အထိကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၇၉။ ပရဝါဒီ။ ။ "ဝိညာဏ်ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သည် ရှိသော် (မိန်းမယောကျ်ားဟူသော) အမှတ်နိမိတ်ကို ယူလေ့မရှိသူ (လက်ခြေစသော) သဏ္ဌာန်အမူအရာကို ယူလေ့မရှိသူ ဖြစ်၏။ပ။ နားဖြင့် အသံကို ကြား၍။ပ။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူ၍။ပ။ လျှာဖြင့် အရသာကို လျက်၍။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍ (မိန်းမယောကျ်ားဟူသော) အမှတ်နိမိတ်ကို ယူလေ့မရှိသူ လက်ခြေစသော သဏ္ဌာန်အမူအရာကို ယူလေ့မရှိသူ ဖြစ်၏"ဟု မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဝိညာဏ်ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မဂ်ကို ပွါးစေမှု ရှိ၏။

**ပဉ္စဝိညာဏသမင်္ဂိဿ မဂ္ဂကထာ ပြီး၏။**

------

၁။ "စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ"ဟူသော သုတ်ကို အမှီပြု၍ ပဉ္စဝိညာဏ်နှင့် ပြည့်စုံသူအား မဂ်ကို ပွါးစေမှုသည် ရှိ၏ဟု အယူရှိကြသော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူ၏။

♣

## ၁၀-ဒသမဝဂ် (၉၈) ၄-ပဉ္စဝိညာဏာကုသလာပိ အကုသလာပီတိကထာ

၅၈၀။ သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာဝတ္ထုရှိကုန်သည် ပစ္စုပ္ပန်အာရုံရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာ ရှိကုန်မူ ပစ္စုပ္ပန်အာရုံ ရှိကုန်မူ "ဝိညာဏ်ငါးပါးတို့သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ရှေး၌ ဖြစ်သော တရားလျှင် မှီရာရှိကုန်သည်၊ ရှေး၌ ဖြစ်သော တရားလျှင် အာရုံရှိကုန်သည်၊ အတွင်းသန္တာန်၌ ဖြစ်သော တရားလျှင် မှီရာရှိကုန်သည်၊ အပြင်သန္တာန်၌ ဖြစ်သော တရားလျှင် အာရုံရှိကုန်သည်၊ မကွဲပြားသော မှီရာရှိကုန်သည်၊ မကွဲပြားသော အာရုံရှိကုန်သည်၊ အထူးထူးသော မှီရာရှိကုန်သည်၊ အထူးထူးသော အာရုံရှိကုန်သည် ဖြစ်၍ အချင်း ချင်း၏ ကျက်စားရာအာရုံကို မခံစားကုန်သည် မဟုတ်ပါလော၊ ကောင်းစွာ ဆင်ခြင်မှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ နှလုံးသွင်းမှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ ရောနှောလျက် မဖြစ်ကုန်သည် မဟုတ်ပါလော၊ မရှေးမနှောင်း မဖြစ်ကုန်သည် မဟုတ်ပါလော၊ အချင်းချင်း၏ အခြားမဲ့၌ မဖြစ်ကုန်သည် မဟုတ်ပါလော၊ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းခြင်း မရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု မရှိကုန်ခဲ့မူ "ဝိညာဏ်ငါးပါးတို့သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ကုန်၏"ဟူ၍ မဆိုသင့်။

၅၈၁။ သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့မူ "စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူ၍ မဆိုသင့်။

၅၈၂။ သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် အတိတ်တရား အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။ စိတ်ကို အာရုံပြု၍ စက္ခုကို အာရုံပြု၍ ကိုယ်ကို အာရုံပြု၍ သဒ္ဒါရုံကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ မနောဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ မနောဝိညာဏ်သည် အတိတ်တရား အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ စက္ခုဝိညာဏ်သည် အတိတ် အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ မနောဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။ စိတ်ကို အာရုံပြု၍။ပ။ ကိုယ်ကို အာရုံပြု၍ သဒ္ဒါရုံကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်းဖြစ်၍ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၈၃။ ပရဝါဒီ။ ။ "ဝိညာဏ်ငါးပါးတို့သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ကုန်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စက္ခုဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သည့်ရှိသော် (မိန်းမယောကျ်ားစသော) အမှတ်နိမိတ်ကို ယူလေ့ရှိသူ ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသူ မဖြစ်။ပ။ သောတဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။ ကာယဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသည် ရှိသော် (မိန်းမယောကျ်ား စသော) အမှတ်နိမိတ်ကို ယူလေ့ရှိသူ ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသူ မဖြစ်" ဤသို့ မြတ်စွာဘုရားသည် ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဝိညာဏ်ငါးပါးတို့သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ကုန်၏။

**ပဉ္စဝိညာဏာကုသလာပိ အကုသလာပီတိကထာ ပြီး၏။**

------

## ၁၀–ဒသမဝဂ် (၉၉) ၅–သာဘောဂါတိကထာ

၅၈၄။ သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာ ရှိကုန်သည် ပစ္စုပ္ပန်အာရုံ ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် ပစ္စုပ္ပန်မှီရာ ရှိကုန်မူ ပစ္စုပ္ပန်အာရုံ ရှိကုန်မူ "ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု ရှိကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဝိညာဏ်ငါးပါးတို့သည် ရှေး၌ ဖြစ်သော တရားလျှင် မှီရာရှိကုန်သည် ရှေး၌ ဖြစ်သော တရားလျှင် အာရုံရှိကုန်သည် အတွင်းသန္တာန်၌ ဖြစ်သော တရားလျှင် တည်ရာရှိကုန်သည် အပြင်သန္တာန်၌ ဖြစ်သော တရားလျှင် အာရုံရှိကုန်သည် မကွဲပြားသော တည်ရာရှိကုန်သည် မကွဲပြားသော အာရုံရှိကုန်သည် အထူးထူးသော တည်ရာရှိကုန်သည် အထူးထူးသော အာရုံရှိကုန်သည်ဖြစ်၍ အချင်းချင်း ၏ ကျက်စားရာအာရုံကို မခံစားကုန်သည် မဟုတ်ပါလော၊ ကောင်းစွာ ဆင်ခြင်မှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ နှလုံးသွင်းမှု မရှိဘဲ မဖြစ်ကုန်သည် မဟုတ်ပါလော၊ ရောနှောလျက် မဖြစ်ကုန်သည် မဟုတ်ပါလော၊ မရှေးမနှောင်း မဖြစ်ကုန်သည် မဟုတ်ပါလော၊ ဝိညာဏ်ငါးပါးတို့သည် အချင်းချင်း၏ အခြားမဲ့၌ မဖြစ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိညာဏ်ငါးပါးတို့သည် အချင်းချင်း၏ အခြားမဲ့၌ မဖြစ်ကုန်မူ "ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု ရှိကုန်၏"ဟူ၍ မဆိုသင့်။

၅၈၅။ သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ မရှိပါ။

သကဝါဒီ။ ။ "စက္ခုကိုလည်းကောင်း၊ အဆင်း'ရူပါရုံ'တို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "စက္ခုကိုလည်းကောင်း၊ အဆင်း 'ရူပါရုံ'တို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ "စက္ခုကိုလည်းကောင်း၊ ကင်းဆိတ်မှုကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် အတိတ်တရား အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် အတိတ်တရား အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ မနောဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် ကင်းဆိတ်မှုကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ မနောဝိညာဏ်သည် အတိတ် အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် အတိတ်တရား အနာဂတ်တရားကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ မနောဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် နှလုံးသွင်းမှု ရှိသည်ဖြစ်၍ စက္ခုဝိညာဏ်သည် ဖဿကို အာရုံပြု၍။ပ။

ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၈၆။ ပရဝါဒီ။ ။ "ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု ရှိကုန်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စက္ခုဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သည် ရှိသော် (မိန်းမယောက်ျားစသော) အမှတ်နိမိတ်ကို ယူလေ့ရှိသူ ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသူ မဖြစ်။ပ။ ကာယဖြင့် အတွေ့အထိကို တွေ့ထိသည်ရှိသော် (မိန်းမယောက်ျားစသော) အမှတ်နိမိတ်ကို ယူလေ့ရှိသူ ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသူ မဖြစ်"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်းမှု ရှိကုန်၏။

**သာဘောဂါတိကထာ ပြီး၏။**

------

၁။ အာဘောဂမည်သည် ကုသိုလ် အကုသိုလ်တို့၏ အစွမ်းအားဖြင့် ဖြစ်၏၊ မြတ်စွာဘုရားကလည်း "စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ၊ န နိမိတ္တဂ္ဂါဟီ ဟောတိ" အစရှိသည်ကို ဟောတော်မူ၏၊ ထိုစကားကို မသင့်သောအားဖြင့် ယူ၍ ပဉ္စဝိညာဏ်တို့သည် နှလုံးသွင်းမှု ရှိကုန်၏ဟု အယူရှိကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသာဘောဂါတိကထာကို ဟောတော်မူ၏။

♣

## ၁၀–ဒသမဝဂ် (၁၀၀) ၆–ဒွိဟိ သီလေဟိကထာ[၁]

၅၈၇။ သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကျင့်သီလနှစ်ပါးတို့နှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဖဿနှစ်ပါးတို့နှင့် ဝေဒနာနှစ်ပါးတို့နှင့် သညာ နှစ်ပါးတို့နှင့် စေတနာနှစ်ပါးတို့နှင့် စိတ်နှစ်ပါးတို့နှင့် သဒ္ဓါနှစ်ပါးတို့နှင့် ဝီရိယနှစ်ပါးတို့နှင့် သတိနှစ်ပါးတို့နှင့် သမာဓိနှစ်ပါးတို့နှင့် ပညာနှစ်ပါးတို့နှင့် ပြည့်စုံပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသီလနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီဖဿနှင့် လောကီဝေဒနာနှင့် လောကီ သညာနှင့် လောကီစေတနာနှင့် လောကီစိတ်နှင့် လောကီသဒ္ဓါနှင့် လောကီဝီရိယနှင့် လောကီသတိနှင့် လောကီသမာဓိနှင့် လောကီပညာနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသီလနှင့်လည်းကောင်း၊ လောကုတ္တရာ သီလနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏[၄]။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီဖဿနှင့်လည်းကောင်း၊ လောကုတ္တရာ ဖဿနှင့်လည်းကောင်း ပြည့်စုံပါသလော။ပ။ လောကီပညာနှင့်လည်းကောင်း၊ လောကုတ္တရာပညာနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသီလနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပုထုဇဉ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၈၈။ သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဝါစာနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဩော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဒိဋ္ဌိနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဝါစာနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာသင်္ကပ္ပနှင့်။ပ။ လောကီသမ္မာဝါယာမနှင့်။ပ။ လောကီသမ္မာသတိနှင့်။ပ။ လောကီသမ္မာသမာဓိနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာကမ္မန္တနှင့်။ပ။ လောကီသမ္မာအာဇီဝနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဒိဋ္ဌိနှင့်။ပ။ လောကီသမ္မာသမာဓိနှင့် ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဝါစာနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာဝါစာနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဒိဋ္ဌိနှင့်လည်းကောင်း၊ လောကုတ္တရာ သမ္မာဒိဋ္ဌိနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဝါစာနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာဝါစာနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာသင်္ကပ္ပနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာသင်္ကပ္ပနှင့်လည်းကောင်း။ပ။ လောကီသမ္မာဝါယာမနှင့်လည်းကောင်း၊ လောကုတ္တရာ သမ္မာဝါယာမနှင့်လည်းကောင်း။ပ။ လောကီသမ္မာသတိနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာ သတိနှင့် လည်းကောင်း။ပ။ လောကီသမ္မာသမာဓိနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာသမာဓိနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာကမ္မန္တနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာကမ္မန္တနှင့်လည်းကောင်း။ပ။ လောကီသမ္မာအာဇီဝနှင့်လည်းကောင်း၊ လောကုတ္တရာ သမ္မာအာဇီဝနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာဒိဋ္ဌိနှင့်လည်းကောင်း၊ လောကုတ္တရာ သမ္မာဒိဋ္ဌိနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာအာဇီဝနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာအာဇီဝနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ သြော် ပြည့်စုံပါ၏။

သကဝါဒီ။ ။ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီသမ္မာသင်္ကပ္ပနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာသင်္ကပ္ပနှင့်လည်းကောင်း။ပ။ လောကီသမ္မာသမာဓိနှင့်လည်းကောင်း၊ လောကုတ္တရာသမ္မာ သမာဓိနှင့်လည်းကောင်း ပြည့်စုံပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၈၉။ ပရဝါဒီ။ ။ "မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သီလနှစ်ပါးတို့နှင့် ပြည့်စုံ၏"ဟူ၍ မဆိုသင့် ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ လောကီသီလ ချုပ်လတ်သော် မဂ်သည် ဖြစ်ပါသလော။

သကဝါဒီ။ ။ သြော် ဖြစ်ပါ၏[၃]။

ပရဝါဒီ။ ။ သီလမရှိသူ၊ သီလကျိုးသူ၊ သီလပြတ်သူသည် မဂ်ကို ပွါးစေပါသလော[၄]။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သီလနှစ်ပါးတို့နှင့် ပြည့်စုံသူ ဖြစ်၏။

**ဒွီဟိ သီလေဟိကထာ ပြီး၏။**

------

၁။ "သီလေ ပတိဋ္ဌာယ နရော သပညော"အစရှိသည်ကို ဟောတော်မူသောကြောင့် လောကီယသီလဖြင့် သီလရှိသူသည် လောကုတ္တရာမဂ်ကို ပွါးစေရကား ရှေး လောကီယသီလနှင့်လည်းကောင်း၊ မဂ္ဂက္ခဏ၌ လောကုတ္တရာသီလနှင့်လည်းကောင်း ဤသီလနှစ်ပါးနှင့် ပြည့်စုံသူ မည်၏ဟု အယူရှိကြသော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ တစ်ပြိုင်နက်သော ခဏ၌ သီလနှစ်ပါးနှင့် ပြည့်စုံခဲ့ပါမူ ဖဿနှစ်ပါးတို့နှင့်လည်း ပြည့်စုံသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို မေးသည်။
၃။ ထိုနည်းမျိုးကို မမြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ရှေးဆောက်တည်မှုနှင့် မဂ္ဂက္ခဏ၌ ဖြစ်ပေါ်လာသော သမ္မာဝါစာ စသည်တို့ကို ရည်ရွယ်၍ ဝန်ခံသည်။

၅။ ခဏဘင်္ဂနိရောဓကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၆။ ပရဝါဒီဆရာသည် လောကီသီလချုပ်မှုကို လွန်ကျူးမှုကဲ့သို့ မှတ်ထင်၍ မေးပြန်သည်။

♣

## ၁၀–ဒသမဝဂ် (၁၀၁) ၇–သီလံ အစေတသိကန္တိကထာ

၅၉၀။ သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩဘ် မဟုတ်ပါ။

သကဝါဒီ။ ။ (သီလသည်) ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ကာယာယတနလော၊ ရူပါယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩဘ် မဟုတ်ပါ။

သကဝါဒီ။ ။ ဖဿသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩဘ် မဟုတ်ပါ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ စေတနာသည်။ပ။ သဒ္ဓါသည်။ပ။ ဝီရိယသည်။ပ။ သတိသည်။ပ။ သမာဓိသည်။ပ။ ပညာသည်။ပ။ စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿသည် စေတသိက်လော။

ပရဝါဒီ။ ။ ဩဘ် ဟုတ်ပါ၏။

သကဝါဒီ။ ။ သီလသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ စေတနာသည်။ပ။ သဒ္ဓါသည်။ပ။ ဝီရိယသည်။ပ။ သတိသည်။ပ။ သမာဓိသည်။ပ။ ပညာသည် စေတသိက်လော။

ပရဝါဒီ။ ။ ဩဘ် ဟုတ်ပါ၏။

သကဝါဒီ။ ။ သီလသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၁။ သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ (သီလသည်) အလိုမရှိအပ်သော အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (သီလသည်) အလိုရှိအပ်သော အကျိုးရှိသည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သီလသည် အလိုရှိအပ်သော အကျိုးရှိခဲ့ပါမူ "သီလသည် စေတသိက် မဟုတ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သဒ္ဓါသည် အလိုရှိအပ်သော အကျိုးရှိသည်ဖြစ်၍ သဒ္ဓါသည် စေတသိက်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သီလသည် အလိုရှိအပ်သော အကျိုးရှိသည်ဖြစ်၍ သီလသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝီရိယသည်။ပ။ သတိသည်။ပ။ သမာဓိသည်။ပ။ ပညာသည် အလိုရှိအပ်သော အကျိုးရှိသည် ဖြစ်၍ ပညာသည် စေတသိက်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သီလသည် အလိုရှိအပ်သော အကျိုးရှိသည်ဖြစ်၍ သီလသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် အလိုရှိအပ်သော အကျိုးရှိသည် ဖြစ်၍ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ သဒ္ဓါသည် အလိုရှိအပ်သော အကျိုးရှိသည် ဖြစ်၍ သဒ္ဓါသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် အလိုရှိအပ်သော အကျိုးရှိသည် ဖြစ်၍ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။ပ။

သကဝါဒီ။ ။ ဝီရိယသည်။ပ။ သတိသည်။ပ။ သမာဓိသည်။ပ။ ပညာသည် အလိုရှိအပ်သော အကျိုးရှိသည် ဖြစ်၍ ပညာသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၂။ သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ (သီလသည်) အကျိုးမရှိပါသလော၊ အကျိုးနှင့်တကွ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (သီလသည်) အကျိုးရှိသည် အကျိုးနှင့်တကွ ဖြစ်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (သီလသည်) အကျိုးရှိခဲ့ပါမူ အကျိုးနှင့်တကွဖြစ်ခဲ့ပါမူ "သီလသည် စေတသိက် မဟုတ်"ဟူ၍ မဆိုသင့်။ပ။

သကဝါဒီ။ ။ စက္ခာယတနသည် စေတသိက် မဟုတ်သည် ဖြစ်၍ အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်သည် ဖြစ်၍ အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ကာယာယတနသည်။ပ။ ရူပါယတနသည်။ပ။ ဖောဋ္ဌဗ္ဗာ ယတနသည် စေတသိက် မဟုတ်သည် ဖြစ်၍ အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်သည် ဖြစ်၍ အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်သည် ဖြစ်ပါလျက် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် စေတသိက် မဟုတ်သည် ဖြစ်ပါလျက် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် စေတသိက် မဟုတ်သည် ဖြစ်ပါလျက် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ကာယာယတနသည်။ပ။ ရူပါယတနသည်။ပ။ ဖောဋ္ဌဗ္ဗာ ယတနသည် စေတသိက် မဟုတ်သည် ဖြစ်ပါလျက် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၃။ သကဝါဒီ။ ။ သမ္မာဝါစာသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မဟုတ်ပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသဘိသည်။ပ။ သမ္မာသမာဓိသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမ္မာအာဇီဝသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဟုတ်ပါ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည် စေတသိက် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စေတသိက်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စေတသိက်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်၊ သမ္မာဝါယာမသည်၊ သမ္မာသတိသည်၊ သမ္မာသမာဓိသည် စေတသိက်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သမ္မာသမာဓိသည် စေတသိက်လော။

ပရဝါဒီ။ ။ ညြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စေတသိက်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၄။ ပရဝါဒီ။ ။ "သီလသည် စေတသိက် မဟုတ်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ညြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ သီလသည် ဖြစ်ပြီး၍ ချုပ်လတ်သော် သီလမရှိသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သီလသည် စေတသိက် မဟုတ်။

**သီလံ အစေတသိကန္တိကထာ ပြီး၏။**

------

၁။ သီလသည် ဖြစ်ပေါ်လာပြီး၍ ချုပ်ပျောက်သွားပါသော်လည်း ဆောက်တည်ခြင်းလျှင် အကြောင်းရှိသော သီလပွါးစီးမှုသည် ရှိ၏၊ ယင်းသီလဖြင့် သီလရှိသူမည်ရကား သီလသည် စေတသိက်မည်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၀–ဒသမဝဂ် (၁၀၂) ၈–သီလံ န စိတ္တာနုပရိဝတ္တီတိကထာ

၅၉၅။ သကဝါဒီ။ ။ သီလသည် စိတ်သို့ အစဉ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ညြော် မလိုက်ပါ။

သကဝါဒီ။ ။ (သီလသည်) ရုပ်လော။ နိဗ္ဗာန်လော။ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် စိတ်သို့ အစဉ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ညြော် မလိုက်ပါ။

သကဝါဒီ။ ။ ဖဿသည် စိတ်သို့ အစဉ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သီလသည် စိတ်သို့ အစဉ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ညြော် မလိုက်ပါ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿသည် စိတ်သို့ အစဥ်လိုက်ပါသလော။

ပရဝါဒီ။ ။ သြော် လိုက်ပါ၏။

သကဝါဒီ။ ။ သီလသည် စိတ်သို့ အစဥ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်၊ ပညာသည် စိတ်သို့ အစဥ်လိုက်ပါသလော။

ပရဝါဒီ။ ။ သြော် လိုက်ပါ၏။

သကဝါဒီ။ ။ သီလသည် စိတ်သို့ အစဥ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၆။ သကဝါဒီ။ ။ သမ္မာဝါစာသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ သြော် မလိုက်ပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ သြော် မလိုက်ပါ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည့်စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ သြော် မလိုက်ပါ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာအာဇီဝသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ သြော် မလိုက်ပါ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည် စိတ်သို့ အစဥ်မလိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် လိုက်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် လိုက်ပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် လိုက်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသမာဓိသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် လိုက်ပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် စိတ်သို့ အစဉ်လိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၇။ ပရဝါဒီ။ ။ "သီလသည် စိတ်သို့ အစဉ်မလိုက်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ သီလသည် ဖြစ်ပြီး၍ ချုပ်လတ်သော် သီလမရှိသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သီလသည် စိတ်သို့ အစဉ်မလိုက်ပါ။

**သီလံ န စိတ္တာနုပရိဝတ္တီတိကထာ ပြီး၏။**

------

## ၁၀-ဒသမဝဂ် (၁၀၃) ၉-သမာဒါနဟေတုကထာ[၁]

၅၉၈။ သကဝါဒီ။ ။ ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော သီလသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏[၂]။

သကဝါဒီ။ ။ ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော ဖဿသည် တိုးပွါးပါသလော၊ ဝေဒနာသည် တိုးပွါးပါသလော၊ သညာသည် တိုးပွါးပါသလော၊ စေတနာသည် တိုးပွါးပါသလော၊ စိတ်သည် တိုးပွါးပါသလော၊ သဒ္ဓါသည် တိုးပွါးပါသလော၊ ဝီရိယသည် တိုးပွါးပါသလော၊ သတိသည် တိုးပွါးပါသလော၊ သမာဓိသည် တိုးပွါးပါသလော၊ ပညာသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော သီလသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏။

သကဝါဒီ။ ။ နွယ်ကဲ့သို့ တိုးပွါးပါသလော၊ မာလောနွယ်ကဲ့သို့ တိုးပွါးပါသလော၊ သစ်ပင်ကဲ့သို့ တိုးပွါးပါသလော၊ မြက်ကဲ့သို့ တိုးပွါးပါသလော၊ ဖြူဆံမြက်ဖုတ်ကဲ့သို့ တိုးပွါးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၅၉၉။ သကဝါဒီ။ ။ ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော သီလသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏။

သကဝါဒီ။ ။ သီလကို ဆောက်တည်ပြီး၍ ကာမဝိတက်ကို ကြံစည်သူအားလည်းကောင်း၊ ဗျာပါဒ ဝိတက်ကို ကြံစည်သူအားလည်းကောင်း၊ ဝိဟိံသာဝိတက်ကို ကြံစည်သူအားလည်းကောင်း သီလသည် တိုးပွါးပါသလော။

ပရဝါဒီ။ ။ သြော် တိုးပွါးပါ၏။

သကဝါဒီ။ ။ ဖဿနှစ်မျိုးတို့၏။ပ။ စိတ်နှစ်မျိုးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှစ်မျိုးတို့၏။ပ။ စိတ်နှစ်မျိုးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မဲ့ဖြစ်ကုန်သော အယုတ်အမြတ် ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မဲ့ဖြစ်ကုန်သော အယုတ်အမြတ်ဖြစ် ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါ ကုန်သလော။

ပရဝါဒီ။ ။ သြော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ အလွန့်အလွန်ဝေးသောအရာတို့ကား ဤလေးမျိုးတို့ပေတည်း။ အဘယ်လေးမျိုးတို့နည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း ရှိ၏။ ဤကောင်းကင်နှင့် မြေကြီးသည် ရှေးဦးစွာ အလွန့်အလွန်ဝေးသော အရာပေတည်း။ပ။ ထို့ကြောင့် သူတော်ကောင်းတို့ တရားသည် သူယုတ်မာတို့မှ ဝေးကွာ၏" ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မဲ့ဖြစ်ကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက် အဖြစ်သို့ ရောက်ကုန်၏"ဟု မဆိုသင့်။

၆၀၀။ ပရဝါဒီ။ ။ "ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော သီလသည် တိုးပွါး၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ခြံ (အရံ) စိုက်ပျိုးသူတို့သည်၊ ဥယျာဉ် စိုက်ပျိုးသူတို့သည်။ပ။ တရား၌ တည်သူတို့သည် သီလနှင့် ပြည့်စုံသူတို့သည် ရှိကုန်၏။ ထိုသူတို့သည် နတ်ပြည်သို့ ရောက်ကုန်၏"ဟူ၍ ထိုမြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ဆောက်တည်မှုလျှင် အကြောင်းရင်းရှိသော သီလသည် တိုးပွါး၏။

**သမာဒါနဟေတုကထာ ပြီး၏။**

------

၁။ အာရာမရောပါစသော ဂါထာ၏ အနက်ကို မသင့်သောအားဖြင့် ယူ၍ အခါခပ်သိမ်း ကုသိုလ်ပွါး၏ဟု ဟောတော်မူသောကြောင့် ဆောက်တည်ခြင်းလျှင် အကြောင်းရှိသော သီလသည် တိုးပွါး၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ စိတ္တဝိပ္ပယုတ္တ သီလပွါးစီးမှုကို ရည်ရွယ်၍ ဝန်ခံသည်။

♣

## ၁၀-ဒသမဝဂ် (၁၀၄) ၁၀-ဝိညတ္တိ သီလန္တိကထာ[၁]

၆၀၁။ သကဝါဒီ။ ။ ကာယဝိညတ် ဝစီဝိညတ်သည် သီလလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်သည်) ပါဏာတိပါတကံမှ ရှောင်ကြဉ်မှုလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်သည်) အဒိန္နာဒါနကံမှ ရှောင်ကြဉ်မှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်သည်) ကာမေသုမိစ္ဆာစာရကံမှ ရှောင်ကြဉ်မှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်သည်) မုသာဝါဒကံမှ ရှောင်ကြဉ်မှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်သည်) သုရာမေရယကံမှ ရှောင်ကြဉ်မှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှိခိုးမှုသည် သီလလော၊ ခရီးဦးကြိုဆိုမှုသည် သီလလော၊ လက်အုပ်ချီမှုသည် သီလလော၊ အရိုအသေပြုမှုသည် သီလလော၊ နေရာကို ဆောင်ယူမှုသည် သီလလော၊ အိပ်ရာကို ဆောင်ယူမှုသည် သီလလော၊ ခြေဆေးရေကို ဆောင်ယူမှုသည် သီလလော၊ ခြေပွတ်အိုးခြမ်းကွဲကို ဆောင်ယူမှုသည် သီလလော၊ ရေချိုးရာ၌ ကျောကို ကြေးတွန်းမှုသည် သီလလော[၁]။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရှိခိုးခြင်းစသည်သည်) ပါဏာတိပါတကံမှ ရှောင်ကြဉ်မှုလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရှိခိုးခြင်းစသည်သည်) သုရာမေရယကံမှ ရှောင်ကြဉ်မှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၀၂။ ပရဝါဒီ။ ။ "ကာယဝိညတ် ဝစီဝိညတ်ကို သီလ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကာယဝိညတ် ဝစီဝိညတ်သည် သီလမရှိခြင်းလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ကာယဝိညတ် ဝစီဝိညတ်သည် သီလတည်း။

**ဝိညတ္တိ သီလန္တိကထာ ပြီး၏။**

------

၁။ ကာယဝိညတ်သည် ကာယကံမည်၏၊ ဝစီဝိညတ်သည် ဝစီကံမည်၏ဟု ယူအပ်သည်၏ အဖြစ်ကြောင့် ဝိညတ်သည် သီလမည်၏ဟု အယူရှိကြကုန်သော မဟာသံဃိကသမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဝိညတ္တိသီလကထာကို ဟောတော်မူသည်။

၂။ သီလမည်သည် ဝိရတီသာ ဖြစ်၏၊ ရုပ်တရားမဟုတ်ဟူသော အနက်သဘောဖြင့် စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ အကြင်သို့ သဘောရှိသော ဝိညတ်ကို ပရဝါဒီဆရာသည် သီလဟု အလိုရှိ၏၊ ထိုဝိညတ်ကို ထုတ်ဆောင်ပြလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။
၄။ ထိုဝိညတ်သည် ဝိရတီမဟုတ်ရကား ဤပုစ္ဆာကို တက်ပြန်သည်။

♣

## ၁၀–ဒသမဝဂ် (၁၀၅) ၁၁–အဝိညတ္တိ ဒုဿီလျန္တိကထာ[၁]

၆၀၃။ သကဝါဒီ။ ။ ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည် အကျင့်သီလ မရှိမှုလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည်) ပါဏာတိပါတကံလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည်) အဒိန္နာဒါနကံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည်) ကာမေသုမိစ္ဆာစာရကံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည်) မုသာဝါဒကံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကာယဝိညတ် ဝစီဝိညတ်မဟုတ်သော အရာသည်) သုရာမေရယမဇ္ဇပမာဒဋ္ဌာနကံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မကောင်းမှုကံကို ဆောက်တည်၍ ဒါနကို ပေးလှူသူအား ကောင်းမှုသည်လည်းကောင်း၊ မကောင်းမှုသည်လည်းကောင်း နှစ်ပါးစုံတို့သည် တိုးပွါးပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ[၃]။

သကဝါဒီ။ ။ ကောင်းမှုသည်လည်းကောင်း၊ မကောင်းမှုသည်လည်းကောင်း နှစ်ပါးစုံတို့သည် တိုးပွါးပါကုန်သလော။

ပရဝါဒီ။ ။ ဩော် တိုးပွါးပါကုန်၏[၄]။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မရှိဖြစ်ကုန်သော အယုတ်အမြတ် ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မရှိဖြစ်ကုန်သော အယုတ်အမြတ် ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ အလွန့်အလွန်ဝေးသော အရာတို့ကား ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း (ရှိ၏)။ ဤကောင်းကင်နှင့် မြေကြီးသည် ရှေးဦးစွာ အလွန့်အလွန်ဝေးသော အရာပေတည်း။ပ။ ထို့ကြောင့် သူတော်ကောင်းတို့တရားသည် သူယုတ်မာတို့မှ ဝေးကွာ၏" ဤသို့လျှင် မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိအပြစ်မဲ့ဖြစ်ကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသောအဖို့ရှိကုန်သော တရားတို့သည် မျက်မှောက် အဖြစ်သို့ ရောက်ကုန်၏"ဟူ၍ မဆိုသင့်။

၆၀၄။ ပရဝါဒီ။ ။ "ကာယဝိညတ် ဝစီဝိညတ် မဟုတ်သောအရာသည် သီလမရှိမှု"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မကောင်းမှုကံကို ဆောက်တည်ပြီးသူ ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဖြစ်ခဲ့ဖူးပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မကောင်းမှုကံကို ဆောက်တည်ပြီးသူ ဖြစ်ခဲ့ဖူးပါမူ ထိုအကြောင်းကြောင့် "ကာယဝိညတ် ဝစီဝိညတ် မဟုတ်သော အရာကို အကျင့်သီလ မရှိမှု"ဟူ၍ ဆိုသင့်၏[၁]။

**အဝိညတ္တိ ဒုဿိလျန္တိကထာ ပြီး၏။**

**ဒသမဝဂ် ပြီး၏။**

**ဒုတိယပဏ္ဏာသက ပြီး၏။**

------

၁။ စိတ်နှင့် မယှဉ်သော အကုသိုလ် ပွါးစီးမှုကိုလည်းကောင်း၊ စေခိုင်းခြင်းဖြင့်လည်း ပါဏာတိပါတ စသည်တို့၌ အင်္ဂါပြည့်စုံခြင်းကိုလည်းကောင်း ရည်ရွယ်၍ ဝိညတ်မဟုတ်သော အရာသည် ဒုဿီလျတည်းဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့၏ ဝါဒကို ဖျက်ရန် ဤကထာကို ဟောတော်မူသည်။

၂။ ထိုဝိညတ်မဟုတ်သော အရာသည် ဒုဿီလျ ဖြစ်ခဲ့ပါမူ ပါဏာတိပါတ စသည်တို့တွင် တစ်ပါးပါးသာ ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ပေးလှူဆဲခဏ၌ မကောင်းမှုကံဖြစ်သည်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ တစ်ဖန်နောက်ထပ် မေးပြန်လတ်သော် စိတ္တဝိပ္ပယုတ်ဖြစ်သော အကုသိုလ်ပွါးစီးမှုကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

၅။ ပရဝါဒီ၏ မိမိအယူကို တည်တံ့စေခြင်းသည် မကောင်းမှု ဆောက်တည်သည်မှ ရှေ့အဖို့ကိုသာ ပြီးစေ၏၊ အဝိညတ္တိ၏ ဒုဿီလျကို မပြီးစေ။

♣

## ၁၁–ဧကာဒသမဝဂ် (၁၀၆–၁၀၈) ၁–၃–တိဿောပိ အနုသယကထာ[ဝ]

၆၀၅။ သကဝါဒီ။ ။ အနုသယတို့သည် အဗျာကတတရားတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (အနုသယတို့သည်) ဝိပါက်အဗျာကတတရားတို့လော၊ ကိရိယာအဗျာကတတရားတို့လော၊ ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆန္ဒနီဝရဏသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်။ပ။ ကာမစ္ဆန္ဒနီဝရဏသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိဃအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိဃသည်၊ ပဋိဃသောင်းကျန်းမှုသည်၊ ပဋိဃသံယောဇဉ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိဃသည်၊ ပဋိဃသောင်းကျန်းမှုသည်၊ ပဋိဃသံယောဇဉ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိဃအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မာနအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မာနသည်၊ မာနသောင်းကျန်းမှုသည်၊ မာနသံယောဇဉ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မာနသည် မာနသောင်းကျန်းမှုသည် မာနသံယောဇဉ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မာနအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည်၊ ဒိဋ္ဌောဃသည်၊ ဒိဋ္ဌိယောဂသည်၊ ဒိဋ္ဌိသောင်းကျန်းမှုသည်၊ ဒိဋ္ဌိသံယောဇဉ်သည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိသည်၊ ဒိဋ္ဌောဃသည်၊ ဒိဋ္ဌိယောဂသည်၊ ဒိဋ္ဌိသောင်းကျန်းမှုသည်၊ ဒိဋ္ဌိသံယောဇဉ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိစိကိစ္ဆာသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိစိကိစ္ဆာသည်၊ ဝိစိကိစ္ဆာသောင်းကျန်းမှုသည်၊ ဝိစိကိစ္ဆာသံယောဇဉ်သည်၊ ဝိစိကိစ္ဆာ နီဝရဏသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိစိကိစ္ဆာသည်၊ ဝိစိကိစ္ဆာသောင်းကျန်းမှုသည်၊ ဝိစိကိစ္ဆာသံယောဇဉ်သည်၊ ဝိစိကိစ္ဆာ နီဝရဏသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိစိကိစ္ဆာအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘဝရာဂအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘဝရာဂသည်၊ ဘဝရာဂသောင်းကျန်းမှုသည်၊ ဘဝရာဂသံယောဇဉ်သည် အဗျာကတ တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘဝရာဂသည်၊ ဘဝရာဂသောင်းကျန်းမှုသည်၊ ဘဝရာဂသံယောဇဉ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘဝရာဂအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာယောဂသည်၊ အဝိဇ္ဇာသောင်းကျန်းမှုသည်၊ အဝိဇ္ဇာသံယောဇဉ်သည်၊ အဝိဇ္ဇာနီဝရဏသည် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာယောဂသည်၊ အဝိဇ္ဇာသောင်းကျန်းမှုသည်၊ အဝိဇ္ဇာ သံယောဇဉ်သည်၊ အဝိဇ္ဇာနီဝရဏသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆ဝ၆။ ပရဝါဒီ။ ။ "အနုသယတို့သည် အဗျာကတတရားတို့တည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "အနုသယရှိသူဖြစ်၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ကုသိုလ် အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့် အနုသယသည် အဗျာကတတရားတည်း။

ပရဝါဒီ။ ။ ပုထုဇဉ်သည် အဗျာကတစိတ် ဖြစ်လတ်သော် "ရာဂရှိသူဖြစ်၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ကုသိုလ် အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရာဂသည် အဗျာကတတရားတည်း။

၆ဝ၇။ သကဝါဒီ။ ။ အနုသယတို့သည် အကြောင်း'ဟိတ်'မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ (အနုသယသည်) ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အကြောင်း'ဟိတ်' မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမစ္ဆန္ဒနီဝရဏသည် အကြောင်း 'ဟိတ်' မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်။ပ။ ကာမရာဂနီဝရဏသည် အကြောင်း'ဟိတ်' ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် အကြောင်း'ဟိတ်'ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိဃအနုသယသည်။ပ။ မာနအနုသယသည်၊ ဒိဋ္ဌိအနုသယသည်၊ ဝိစိကိစ္ဆာအနုသယသည်၊ ဘဝရာဂအနုသယသည်၊ အဝိဇ္ဇာအနုသယသည် အကြောင်း'ဟိတ်' မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာယောဂသည်၊ အဝိဇ္ဇာသောင်းကျန်းမှုသည်၊ အဝိဇ္ဇာသံယောဇဉ်သည်၊ အဝိဇ္ဇာနီဝရဏသည် အကြောင်း'ဟိတ်' မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်။ပ။ အဝိဇ္ဇာနီဝရဏသည် အကြောင်း'ဟိတ်' ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် အကြောင်း'ဟိတ်'ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၀၈။ ပရဝါဒီ။ ။ "အနုသယတို့သည် အကြောင်း'ဟိတ်' မရှိကုန်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "အနုသယရှိသူ ဖြစ်၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ အနုသယတို့သည် ထိုအကြောင်း 'ဟိတ်' ဖြင့် အကြောင်း 'ဟိတ်' ရှိပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အနုသယတို့သည် အကြောင်း 'ဟိတ်' မရှိကုန်။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "ရာဂရှိသူ ဖြစ်၏"ဟူ၍ ဆိုသင့် ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ရာဂသည် ထိုအကြောင်း'ဟိတ်' ဖြင့် အကြောင်း 'ဟိတ်' ရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရာဂသည် အကြောင်း'ဟိတ်' မရှိ။

၆၀၉။ သကဝါဒီ။ ။ အနုသယတို့သည် စိတ်နှင့် မယှဉ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါကုန်။

သကဝါဒီ။ ။ (အနုသယတို့သည်) ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်၊ ကာမရာဂသံယောဇဉ်သည်၊ ကာမောဃသည်၊ ကာမယောဂသည်၊ ကာမစ္ဆ န္ဒနီဝရဏသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည်၊ ကာမရာဂသောင်းကျန်းမှုသည်။ပ။ ကာမစ္ဆ န္ဒနီဝရဏသည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၀။ သကဝါဒီ။ ။ ကာမရာဂအနုသယသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ (ကာမရာဂအနုသယသည်) အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည်၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ကာမရာဂသည် သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂသည် သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမရာဂအနုသယသည် သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် မယှဉ်မူ၍ ကာမရာဂသည် သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သခ်ါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သခ်ါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်၍ တစ်စိတ် တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၁။ သကဝါဒီ။ ။ ပဋိဃအနုသယသည်၊ မာနအနုသယသည်၊ ဒိဋ္ဌိအနုသယသည်၊ ဝိစိကိစ္ဆာ အနုသယသည်၊ ဘဝရာဂအနုသယသည်၊ အဝိဇ္ဇာအနုသယသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာယောဂသည်၊ အဝိဇ္ဇာနီဝရဏသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည်၊ အဝိဇ္ဇောဃသည်၊ အဝိဇ္ဇာယောဂသည်၊ အဝိဇ္ဇာနီဝရဏသည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၂။ သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ (အဝိဇ္ဇာအနုသယသည်) အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်မူ၍ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည် ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည် ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည် ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၃။ ပရဝါဒီ။ ။ "အနုသယတို့သည် စိတ်နှင့် မယှဉ်ကုန်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "အနုသယရှိသူ ဖြစ်၏"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ အနုသယတို့သည် ထိုစိတ်နှင့် ယှဉ်ပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့် အနုသယတို့သည် စိတ်နှင့် မယှဉ်ကုန်။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "ရာဂရှိသူ ဖြစ်၏"ဟူ၍ ဆိုသင့် ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ရာဂသည် ထိုစိတ်နှင့် ယှဉ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရာဂသည် စိတ်နှင့် မယှဉ်။

**တိယောပိ အနုသယကထာ ပြီး၏။**

------

၁။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော်လည်း အနုသယနှင့်တကွ ဖြစ်၏ဟု ဆိုထိုက်၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏ ထိုကုသိုလ်အဗျာကတစိတ် ဖြစ်ဆဲခဏ၌ ရှိသော ကုသိုလ်အဗျာကတဟိတ်ဖြင့် အနုသယတို့သည် ဟိတ်ရှိသည် မဟုတ်ကုန်၊ ထိုကုသိုလ်အဗျာကတစိတ်နှင့် မယှဉ်ကြကုန်၊ ထို့ကြောင့် ထိုအနုသယတို့သည် အဗျာကတ အဟေတုက စိတ္တဝိပ္ပယုတ္တတို့ ဖြစ်ကုန်၏ဟု အယူရှိကြကုန်သော မဟာသံဃိကနှင့် သမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၁-ဧကာဒသမဝဂ် (၁၀၉) ၄-ဉာဏကထာ[၁]

၆၁၄။ သကဝါဒီ။ ။ (မဂ်ဖြင့်) အဝိဇ္ဇာကင်းပြီး ဖြစ်၍ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် 'ဉာဏ်ရှိသူ'ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ရာဂကင်းလတ်သော် "ရာဂကင်းသူ"ဟူ၍ မဆိုသင့်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ အဝိဇ္ဇာကင်းပြီး ဖြစ်၍ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် "ဉာဏ်ရှိသူ"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ဒေါသကင်းလတ်သော်၊ မောဟကင်းလတ်သော်၊ ကိလေသာကင်းလတ်သော် "ကိလေသာ မရှိသူ"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂကင်းလတ်သော် "ရာဂကင်းသူ"ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာကင်းပြီး ဖြစ်၍ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် "ဉာဏ်ရှိသူ"ဟူ၍ ဆိုသင့် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒေါသကင်းလတ်သော်၊ မောဟကင်းလတ်သော်၊ ကိလေသာကင်းလတ်သော် "ကိလေသာ မရှိသူ"ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာကင်းပြီး ဖြစ်၍ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် "ဉာဏ်ရှိသူ"ဟူ၍ ဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၅။ ပရဝါဒီ။ ။ အဝိဇ္ဇာကင်းပြီး ဖြစ်၍ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် "ဉာဏ်ရှိသူ"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ အတိတ်ဉာဏ်ကြောင့် ဉာဏ်ရှိသူ၊ ချုပ်ပြီး, ကင်းပြီး, ငြိမ်းပြီးသော ဉာဏ်ကြောင့် ဉာဏ်ရှိသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

**ဉာဏကထာ ပြီး၏။**

------

၁။ မင်္ဂဉာဏ်ဖြင့် (အဉာဏ) မောဟ ကင်းသော်လည်း တစ်ဖန် စက္ခုဝိညာဏ်စသည်တို့၏ အစွမ်းအားဖြင့် ဉာဏဝိပ္ပယုတ်စိတ် ဖြစ်လတ်သော် ထိုမင်္ဂစိတ် မဖြစ်ပေါ်လာသောကြောင့် ဉာဏ်ရှိသူဟူ၍ မဆိုထိုက်ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ဉာဏ်၏ ဆန့်ကျင်ဘက် မောဟကင်းလတ်သော် ဉာဏ်ရှိသူဟူ၍ ပညတ်မဖြစ်ခဲ့ပါမူ ရာဂစသည်တို့ ကင်းလတ်ကုန်သော် ရာဂကင်းသူစသော ပညတ်သည်လည်း မဖြစ်ရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ရာဂစသည်တို့ ကင်းလတ်ကုန်သော် ရာဂရှိသူစသည်၏ အဖြစ်၌ ယုတ္တိကို မမြင်ရကား ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ ဉာဏ်ကို ရခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် ဉာဏ်ရှိသူဟု ဆိုခြင်းငှါ ထိုက်၏၊ ထို့ကြောင့် သကဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၁–ဧကာဒသမဝဂ် (၁၁၀) ၅–ဉာဏံ စိတ္တဝိပ္ပယုတ္တန္တိကထာ[၁]

၆၁၆။ သကဝါဒီ။ ။ ဉာဏ်သည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ (ဉာဏ်သည်) ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ပညာသည်၊ ပညိန္ဒြေသည်၊ ပညာဗိုလ်သည်၊ သမ္မာဒိဋ္ဌိသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပညာသည်၊ ပညိန္ဒြေသည်၊ ပညာဗိုလ်သည်၊ သမ္မာဒိဋ္ဌိသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ဉာဏ်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ (ဉာဏ်သည်) အဘယ်ခန္ဓာ၌ အကျုံးဝင်ပါသနည်း။

ပရဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် မယှဉ်ပါ။

သကဝါဒီ။ ။ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဉာဏ်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ပါလျက် စိတ်နှင့် မယှဉ်မူ၍ ပညာသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်၍ စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည်ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည်ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာသည်၊ သညာက္ခန္ဓာသည် တစ်စိတ်တစ်ဒေသ စိတ်နှင့် ယှဉ်သည်ဖြစ်၍ တစ်စိတ်တစ်ဒေသ စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၇။ ပရဝါဒီ။ ။ "ဉာဏ်သည် စိတ်နှင့် မယှဉ်"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ရဟန္တာသည် "ဉာဏ်ရှိသူ"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ ဉာဏ်သည် ထိုစက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဉာဏ်သည် စိတ်နှင့် မယှဉ်ပါ။

ပရဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသော ရဟန္တာသည် "ပညာရှိသူ"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏[၃]။

ပရဝါဒီ။ ။ ပညာသည် ထိုစက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့် ပညာသည် စိတ်နှင့် မယှဉ်။

**ဉာဏံ စိတ္တဝိပ္ပယုတ္တန္တိကထာ ပြီး၏။**

------

၁။ စက္ခုဝိညာဏ်စသည်နှင့် ပြည့်စုံသူ ရဟန္တာပုဂ္ဂိုလ်ကို မိမိရသော မဂ်ဉာဏ်ကို ရည်ရွယ်၍ ဉာဏ်ရှိသူဟု ဆိုအပ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုဉာဏ်သည် ထိုစက္ခုဝိညာဏ်စသော စိတ်နှင့် သမ္ပယုတ် မဖြစ်၊ ထို့ကြောင့် ဉာဏ်သည် စိတ္တဝိပ္ပယုတ် မည်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဉာဏံ စိတ္တဝိပ္ပယုတ္တန္တိကထာကို ဟောတော်မူသည်။

၂။ ဉာဏ်သည် စိတ္တဝိပ္ပယုတ္တ ဖြစ်ခဲ့ပါလျှင် စိတ္တဝိပ္ပယုတ္တဖြစ်သော ရုပ်စသည်တို့တွင် တစ်ပါးပါးဖြစ်ခဲ့ရာ၏ဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။

၃။ ရသည်၏ အစွမ်းအားဖြင့် ထိုပညာရှိ ဖြစ်ခြင်းကို အလိုရှိရကား သကဝါဒီဆရာက ဝန်ခံသည်။

♣

## ၁၁–ကောဒသမဝဂ် (၁၁၁) ၆–ဣဒံ ဒုက္ခန္တိကထာ[၁]

၆၁၈။ သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲ တည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏[၂]။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲဖြစ်ကြောင်းတည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲချုပ်ရာတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲ ချုပ်ရာတည်း"ဟု အသိဉာဏ် ဖြစ်ပေါ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဤတရားသည် မဂ်တည်း"ဟု ပြောဆိုသူအား "ဤတရားသည် မဂ်တည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲဖြစ်ကြောင်းတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲချုပ်ရာတည်း"ဟု၊ "ဤတရားသည် မဂ်တည်း"ဟု ပြောဆိုသူအား "ဤတရားသည် မဂ်တည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၁၉။ သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲ တည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ “ရုပ်သည် မမြဲ”ဟု ပြောဆိုသူအား “ရုပ်သည် မမြဲ”ဟု အသိဉာဏ် ဖြစ်ပါသလော[၆]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ “ဤတရားသည် ဆင်းရဲတည်း”ဟု ပြောဆိုသူအား “ဤတရားသည် ဆင်းရဲတည်း”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ “ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲ”ဟု ပြောဆိုသူအား “ဝိညာဏ်သည် မမြဲ”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ “ဤတရားသည် ဆင်းရဲတည်း”ဟု ပြောဆိုသူအား “ဤတရားသည် ဆင်းရဲတည်း”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ “ရုပ်သည် အနတ္တတည်း”ဟု ပြောဆိုသူအား “ရုပ်သည် အနတ္တတည်း”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ “ဤတရားသည် ဆင်းရဲတည်း”ဟု ပြောဆိုသူအား “ဤတရားသည် ဆင်းရဲတည်း”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ “ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် အနတ္တတည်း”ဟု ပြောဆိုသူအား “ဝိညာဏ်သည် အနတ္တတည်း”ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ “ရုပ်သည် မမြဲ”ဟု ပြောဆိုသူအား “ရုပ်သည် မမြဲ”ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ “ဤတရားသည် ဆင်းရဲတည်း”ဟု ပြောဆိုသူအား “ဤတရားသည် ဆင်းရဲတည်း”ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ “ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲ”ဟု ပြောဆိုသူအား “ဝိညာဏ်သည် မမြဲ”ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ရုပ်သည် အနတ္တတည်း"ဟု ပြောဆိုသူအား "ရုပ်သည် အနတ္တတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် အနတ္တတည်း"ဟု ပြောဆိုသူအား "ဝိညာဏ်သည် အနတ္တတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲတည်း"ဟု အသိဉာဏ် မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၂၀။ သကဝါဒီ။ ။ "ဤတရားသည် ဆင်းရဲတည်း"ဟု ပြောဆိုသူအား "ဤတရားသည် ဆင်းရဲ တည်း"ဟု အသိဉာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဤ"ဟူ၍လည်းကောင်း၊ "ကား"ဟူ၍လည်းကောင်း၊ "ဆင်း"ဟူ၍လည်းကောင်း၊ "ရဲ"ဟူ၍လည်းကောင်း အသိဉာဏ် ဖြစ်ပါသလော[၆]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

**ဣဒံ ဒုက္ခန္တိကထာ ပြီး၏။**

------

၁။ လောကုတ္တရာမဂ်ခဏ၌ ယောဂါဝစရပုဂ္ဂိုလ်သည် ဤကား ဒုက္ခသစ္စာတည်းဟု နှုတ်မြွက်၏၊ ဤသို့ နှုတ်မြွက်သော ထိုပုဂ္ဂိုလ်အား ဤကား ဒုက္ခဟု အသိဉာဏ် ဖြစ်ပေါ်လာ၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ မဂ်ခဏ၌ ထိုသို့သောစကားကို ဆိုခြင်းကိုလည်းကောင်း၊ ဉာဏ်ဖြစ်ပေါ်လာခြင်းကို လည်းကောင်း ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။

၃။ ပရဝါဒီဆရာသည် ကြွင်းသော သစ္စာတို့နှင့်စပ်သော စကားကို ပုထုဇဉ်သည်သာ ပြောဆို၏၊ ထိုပုထုဇဉ်အားလည်း ထိုသို့ သဘောရှိသော ဉာဏ်ဖြစ်ပေါ်လာခြင်း မရှိဟု အလိုရှိ၏၊ ထို့ကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ ဒုက္ခ၏ ပရိယာယ် ပြသည်၏ အစွမ်းဖြင့် သကဝါဒီက မေးသည်။
၅။ ပရဝါဒီဆရာကား မိမိ၏ အယူဝါဒ၌ ထိုသို့သော ဝေါဟာရမျိုးကို မမြင်သောကြောင့် ပဋိက္ခေပပြု၍ ဖြေသည်။
၆။ ဒုက္ခ၌ အသိဉာဏ် ဖြစ်ခဲ့ပါမူ (အက္ခရာအလိုက်) လေးပါးသော ဉာဏ်တို့ ဖြစ်သင့်၏ဟု ပြခြင်းငှါ မေးသည်။
၇။ ပရဝါဒီဆရာကား ဤသို့ ဉာဏ်လေးမျိုး ဖြစ်ခြင်းကို အလိုမရှိသောကြောင့် ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၁-ကောဒသမဝဂ် (၁၁၂) ၇-ဣဒ္ဓိဗလကထာ[၁]

၆၂၁။ သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ ထိုအသက်သည် တန်ခိုးကြောင့် ဖြစ်ပါသလော၊ ထိုဂတိသည် တန်ခိုးကြောင့် ဖြစ်ပါသလော၊ ထိုအတ္တဘောကို ရခြင်းသည် တန်ခိုးကြောင့် ဖြစ်ပါသလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ အတိတ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော၊ အနာဂတ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော[၄]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ နှစ်ကမ္ဘာတို့ပတ်လုံး တည်နိုင်ပါသလော၊ သုံးကမ္ဘာတို့ပတ်လုံး တည်နိုင်ပါသလော၊ လေးကမ္ဘာတို့ပတ်လုံး တည်နိုင်ပါသလော[၅]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ အသက်ထင်ရှားရှိလတ်သော် ကြွင်းသော အသက်တို့ပတ်လုံး တည်နိုင်ရာသလော၊ အသက်ထင်ရှား မရှိလတ်သော် ကြွင်းသော အသက်တို့ပတ်လုံး တည်နိုင်ရာသလော။

ပရဝါဒီ။ ။ အသက်ထင်ရှားရှိလတ်သော် ကြွင်းသော အသက်တို့ပတ်လုံး တည်နိုင်ရာ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသက်ထင်ရှားရှိလတ်သော် ကြွင်းသော အသက်တို့ပတ်လုံး တည်နိုင်ခဲ့ပါမူ "တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အသက်ထင်ရှား မရှိလတ်သော် ကြွင်းသော အသက်တို့ပတ်လုံး တည်နိုင်ရာ၏ဟု (နှလုံးပြု၍) သေသူသည် တည်နိုင်ရာသလော၊ ကွယ်လွန်သူသည် တည်နိုင်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၂၂။ သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ "ဖြစ်ပေါ်လာသော ဖဿသည် မချုပ်ပါစေလင့်"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော[၆]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဖြစ်ပေါ်လာသော ဝေဒနာသည်။ပ။ ဖြစ်ပေါ်လာသော သညာသည်။ပ။ ဖြစ်ပေါ် လာသော စေတနာသည်။ပ။ ဖြစ်ပေါ်လာသော စိတ်သည်။ပ။ ဖြစ်ပေါ်လာသော သဒ္ဓါသည်။ပ။ ဖြစ်ပေါ်လာသော ဝီရိယသည်။ပ။ ဖြစ်ပေါ်လာသော သတိသည်။ပ။ ဖြစ်ပေါ်လာသော သမာဓိသည်။ပ။ ဖြစ်ပေါ်လာသော ပညာသည် မချုပ်ပါစေလင့်"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ "ရုပ်သည် အမြဲ ဖြစ်ပါစေ"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် အမြဲ ဖြစ်ပါစေ"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ "ဖြစ်ခြင်းသဘောရှိသော သတ္တဝါတို့သည် မဖြစ်ပါစေကုန်လင့်"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "အိုခြင်းသဘောရှိသော သတ္တဝါတို့သည် မအိုပါစေကုန်လင့်"ဟူ၍။ပ။ "နာခြင်း သဘောရှိသော သတ္တဝါတို့သည် မနာပါစေကုန်လင့်"ဟူ၍။ပ။ "သေခြင်းသဘောရှိသော သတ္တဝါတို့သည် မသေပါစေကုန်လင့်"ဟူ၍ တန်ခိုးဖြင့် ချီးမြှောက်ခြင်းငှါ ရအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၂၃။ ပရဝါဒီ။ ။ "တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ရာ၏"ဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "အာနန္ဒာ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးစေအပ်ကုန်၏၊ အကြိမ်များစွာ လေ့လာအပ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုလုပ်အပ်ကုန်၏၊ တည်ရာကဲ့သို့ ပြုလုပ် အပ်ကုန်၏၊ အစဉ်မပြတ် ဖြစ်ပေါ်စေအပ်ကုန်၏၊ အထပ်ထပ် ဆည်းပူးအပ်ကုန်၏၊ ကောင်းစွာ အားထုတ်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် အလိုရှိလတ်သော် တစ်ကမ္ဘာလုံးသော်လည်းကောင်း၊ ကြွင်းသော ကမ္ဘာပတ်လုံးသော်လည်းကောင်း တည်တံ့နိုင်ရာ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် တန်ခိုးအစွမ်းနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ရာ၏။

၆၂၄။ သကဝါဒီ။ ။ တန်ခိုးအားနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ရာသလော။

ပရဝါဒီ။ ။ ဩော် တည်နိုင်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ တရားလေးပါးတို့ကို ဝန်ခံနိုင်သော အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်းလောက၌ မရှိ။ အဘယ်တရား လေးပါးတို့ကို ဝန်ခံနိုင်သော အချို့သော သမဏဗြာဟ္မဏစသည်သည် မရှိပါသနည်း၊ 'အိုခြင်းတရားသည် မအိုပါစေသတည်း'ဟူ၍ ဝန်ခံနိုင်သော အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ တစ်စုံ တစ်ယောက်သော သတ္တဝါသည်လည်းကောင်းလောက၌ မရှိ။ 'နာခြင်းတရားသည် မနာပါစေ သတည်း'ဟူ၍။ပ။ 'သေခြင်းတရားသည် မသေပါစေသတည်း'ဟူ၍။ပ။ ရှေး၌ ပြုအပ်ခဲ့သော ယုတ်မာ သော အကြင် (အကုသိုလ်) ကံတို့သည် ညစ်နွမ်းမှုကို ဖြစ်စေတတ်ကုန်၏၊ တစ်ဖန်ဘဝသစ်ကို ဖြစ်စေ တတ်ကုန်၏၊ ပူပန်ခြင်းနှင့်တကွ ဖြစ်တတ်ကုန်၏၊ ဆင်းရဲခြင်းအကျိုးကို ဖြစ်စေတတ်ကုန်၏၊ နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့ကို ဖြစ်စေတတ်ကုန်၏၊ 'ထိုယုတ်မာသော ကံတို့၏ အကျိုးသည် မဖြစ်ပါစေသတည်း'ဟူ၍ ဝန်ခံနိုင်သော အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ တစ်စုံ တစ်ယောက်သော သတ္တဝါသည်လည်းကောင်းလောက၌ မရှိ။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ဝန်ခံ နိုင်သော အချို့သော သမဏသည်လည်းကောင်း၊

ဗြဟ္မဇာသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်းလောက၌ မရှိ” ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် “တန်ခိုးအားနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တစ်ကမ္ဘာ ပတ်လုံး တည်နိုင်ရာ၏”ဟူ၍ မဆိုသင့်။

**ဣဒ္ဓိဗလကထာ ပြီး၏။**

------

၁။ ဣဒ္ဓိပါဒ် ပွါးများမှု၏ အကျိုးအာနိသံသ၏ အနက်ကို မသင့်သောအားဖြင့် ယူ၍ တန်ခိုးအစွမ်းနှင့် ပြည့်စုံသူသည် တစ်ကမ္ဘာပတ်လုံး တည်နိုင်ရာ၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဣဒ္ဓိဗလကထာကို ဟောတော်မူသည်။
၂။ တန်ခိုးနှင့် ပြည့်စုံသူသည် အာယုကပ်မှ အထက် မဟာကပ်ပတ်လုံးသော်လည်းကောင်း၊ မဟာကပ်၏ တစ်စိတ်တစ်ဒေသပတ်လုံးသော်လည်းကောင်း အသက်ရှည်နေခဲ့ပါမူ တန်ခိုးဖြင့် ပြီးသော အသက်သာဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ တန်ခိုးဖြင့် ပြီးသော ဇီဝိတိန္ဒြေမည်သည် မရှိနိုင်၊ ကမ္မသမုဋ္ဌာန်သာဖြစ်၏ဟု ဆိုသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ သာမညအားဖြင့် တစ်ကမ္ဘာပတ်လုံး တည်နိုင်၏ဟု ဝန်ခံသောကြောင့် ဤပုစ္ဆာကို တက်သည်။
၅။ တန်ခိုးအားနှင့် ပြည့်စုံသူသည် အသက်အပိုင်းအခြားကို လွန်ခြင်းငှါ စွမ်းနိုင်ပါမူ တစ်ကမ္ဘာသာ မဟုတ်သေး နှစ်ကမ္ဘာ စသည်တို့ပတ်လုံးလည်း တည်နိုင်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၆။ အရာခပ်သိမ်းဟူသမျှကို တန်ခိုးဖြင့် ရအပ်သည် မဟုတ်ပါ၊ တန်ခိုး၏ အရာမဟုတ်သည်လည်း ရှိသေး၏ဟု ပြလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၁–ကောဒသမဝဂ် (၁၁၃) ၈–သမာဓိကထာ[၁]

၆၂၅။ သကဝါဒီ။ ။ စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်စိတ်အစဉ်သည် သမာဓိလော[၂]။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်စိတ်အစဉ်သည် ချုပ်ငြိမ်းပြီး မဟုတ်ပါလော၊ အနာဂတ်စိတ်အစဉ်သည် မဖြစ်သေးသည် မဟုတ်ပါလော[၄]။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်စိတ်အစဉ်သည် ချုပ်ငြိမ်းပြီး ဖြစ်ခဲ့မူ အနာဂတ်စိတ်အစဉ်သည် မဖြစ်သေးသည် ဖြစ်ခဲ့မူ "စိတ်အစဉ်သည် သမာဓိ"တည်းဟူ၍ မဆိုသင့်။

၆၂၆။ ပရဝါဒီ။ ။ သမာဓိသည် စိတ္တက္ခဏတစ်ချက်မျှ ရှိပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏[၅]။

ပရဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည့်စုံသူသည် သမာပတ်ဝင်စားသူ ဖြစ်ပါသလော[၆]။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

ပရဝါဒီ။ ။ သောတဝိညာဏ်နှင့် ပြည့်စုံသူသည်။ပ။ ဃာနဝိညာဏ်နှင့် ပြည့်စုံသူသည်။ပ။ ဇိဝှါ ဝိညာဏ်နှင့် ပြည့်စုံသူသည်။ပ။ ကာယဝိညာဏ်နှင့် ပြည့်စုံသူသည်။ပ။ အကုသိုလ်စိတ်နှင့် ပြည့်စုံသူသည်။ပ။ ရာဂနှင့်တကွဖြစ်သော စိတ်နှင့် ပြည့်စုံသူသည်။ပ။ ဒေါသနှင့်တကွဖြစ်သော စိတ်နှင့် ပြည့်စုံသူသည်။ပ။ မောဟနှင့်တကွဖြစ်သော စိတ်နှင့် ပြည့်စုံသူသည်။ပ။ အနောတ္တပ္ပနှင့်တကွဖြစ်သော စိတ်နှင့် ပြည့်စုံသူသည် သမာပတ်ဝင်စားသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂနှင့်တကွသော။ပ။ ဒေါသနှင့်တကွသော။ပ။ မောဟနှင့်တကွသော။ပ။ အနောတ္တပ္ပနှင့် တကွသော စိတ်အစဉ်သည် သမာဓိလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ "စိတ်အစဉ်သည် သမာဓိဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ငါ့ရှင်နိဂဏ္ဌတို့ ငါသည် ကိုယ်ဖြင့် မလှုပ်ရှားဘဲ စကားကို မပြောဆိုဘဲ ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံး ဧကန် ချမ်းသာကို ခံစားလျက် နေခြင်းငှါ စွမ်းနိုင်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဘ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် စိတ်အစဉ်သည် သမာဓိပေတည်း[၈]။

**သမာဓိကထာ ပြီး၏။**

------

၁။ ဧကဂ္ဂတာသည် စိတ္တက္ခဏတစ်ချက်ခန့်၌ ဖြစ်ပါသော်လည်း တစ်ခုတည်းသော အာရုံ၌ စိတ်ကို ကောင်းစွာထားခြင်းဟူသော အနက်ကြောင့် သမာဓိမည်၏ဟု မယူမူ၍ ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံး စင်စစ် ချမ်းသာကို ခံစားလျက် နေခြင်းငှါ စသောစကားကို အမှီပြု၍ စိတ်အစဉ်သည် သမာဓိမည်၏ဟု အယူရှိကြကုန်သော သဗ္ဗတ္ထိနှင့် ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသမာဓိကထာကို ဟောတော်မူသည်။
၂။ စိတ်အစဉ်သည် သမာဓိဖြစ်ခဲ့ပါမူ စိတ်အစဉ်မည်သည် အတိတ်လည်း ရှိ၏၊ အနာဂတ်လည်း ရှိ၏၊ ပစ္စုပ္ပန် တစ်ခုတည်းသာ မဟုတ်ပါ။ ထိုအားလုံးသည် သမာဓိမည်သလောဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ဤသို့ အလိုမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ စိတ်အစဉ်ဝယ် ပစ္စုပ္ပန်စိတ်သာလျှင် ပြုဖွယ်ကိစ္စကို ပြုတတ်၏၊ အတိတ်အနာဂတ်စိတ်သည် ချုပ်ငြိမ်းသည်၏ အဖြစ် မဖြစ်သေးသည်၏ အဖြစ်ကြောင့် မရှိခဲ့၊ ထိုအတိတ် အနာဂတ်စိတ်သည် အဘယ်သို့လျှင် သမာဓိ မည်နိုင်အံ့နည်းဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၅။ "သမာဓိ ဘိက္ခဝေ ဘာဝေထ" အစရှိသည်တို့၌ ပစ္စုပ္ပန် ကုသိုလ်စိတ်နှင့်ယှဉ်သော ဧကဂ္ဂတာဟူသော သမာဓိကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၆။ စိတ္တက္ခဏ တစ်ချက်မျှ ရှိ၏ဟူသော စကားကို ယူ၍ ကောက်ကျစ်သောအားဖြင့် ပရဝါဒီက မေးသည်။
၇။ ထို့ကြောင့်ပင် သကဝါဒီက ပဋိက္ခေပပြုသည်။
၈။ ဘုရားဟောသုတ်သည် ရှေ့နောက်၏ အစွမ်းအားဖြင့်ဖြစ်သော သမာဓိဟု မရောပြွမ်းသည်၏ အဖြစ်ကိုသာ ပြီးစေ၏၊ အစဉ်သန္တတိ၏ သမာဓိ၏ အဖြစ်ကို မပြီးစေနိုင်ပါ၊ ထို့ကြောင့် သာဓက မထိုက်လေ။

♣

## ၁၁–ကောဒသမဝဂ် (၁၁၄) ၉–ဓမ္မဋ္ဌိတတာ ကထာ[၁]

၆၂၇။ သကဝါဒီ။ ။ ပဋိစ္စသမုပ္ပါဒ်သည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဩဘ် ပြီးပါ၏။

သကဝါဒီ။ ။ ထိုပဋိစ္စသမုပ္ပါဒ်၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုထိုပဋိစ္စသမုပ္ပါဒ်၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုပဋိစ္စသမုပ္ပါဒ်၏ ထိုတည်နေမှု၌ပင်လျှင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုရုပ်တည်နေမှု၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုရုပ်တည်နေမှု၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုရုပ်တည်နေမှု၏ ထိုတည်နေမှု၌ပင်လျှင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာ၏ တည်နေမှုသည်။ပ။ သညာ၏ တည်နေမှုသည်။ပ။ သင်္ခါရတို့၏ တည်နေမှုသည်။ပ။ ဝိညာဏ်၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုဝိညာဏ်တည်နေမှု၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဝိညာဏ်တည်နေမှု၏ တည်နေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုဝိညာဏ်တည်နေမှု၏ ထိုဝိညာဏ်တည်နေမှု၌ပင်လျှင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်၏ ပြတ်ခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဓမ္မဋ္ဌိတတာကထာ ပြီး၏။**

------

၁။ “ဋ္ဌိတာစ သာ ဓာတု”ဟူသော စကားကို အမှီပြု၍ ပဋ္ဌိစ္စသမုပ္ပါဒ်ဟုဆိုအပ်သော တစ်ခုသော ဓမ္မဋ္ဌိတအဖြစ်မည်သည် ရှိ၏၊ ထိုဓမ္မဋ္ဌိတအဖြစ်သည် အကြောင်းတို့ဖြင့် ပြီး၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဓမ္မဋ္ဌိတတာကထာကို ဟောတော်မူသည်။

♣

## ၁၁-ကောဒသမဝဂ် (၁၁၅) ၁၀-အနိစ္စတာကထာ[၁]

၆၂၈။ သကဝါဒီ။ ။ မမြဲမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုမမြဲမှု၏ မမြဲမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ထိုမမြဲမှု၏ မမြဲမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏ [၃]။

သကဝါဒီ။ ။ ထိုမမြဲမှု၏ ထိုမမြဲမှု၌ပင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ္ဋ၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အိုမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုအိုမှု၏ အိုမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအိုမှု၏ အိုမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုအိုမှု၏ ထိုအိုမှု၌ပင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ္ဋ၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုသေမှု၏ သေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုသေမှု၏ သေမှုသည် (အကြောင်းတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ထိုသေမှု၏ ထိုသေမှု၌ပင် ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ မစွဲလမ်းဘဲ ငြိမ်းအေးမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၂၉။ သကဝါဒီ။ ။ ရုပ်သည် (အကြောင်းတို့ဖြင့်) ပြီးသည်ဖြစ်၍ ရုပ်၏ မမြဲမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မမြဲမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည်ဖြစ်၍ မမြဲမှု၏ မမြဲမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ ရုပ်၏ အိုမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိုမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ အိုမှု၏ အိုမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ ရုပ်၏ ပျက်စီးမှုသည် ရှိပါသလော၊ ကွယ်ပျောက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သေမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ သေမှု၏ ပျက်စီးမှုသည် ရှိပါသလော၊ ကွယ်ပျောက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ ဝိညာဏ်၏ မမြဲမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ မမြဲမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ မမြဲမှု၏ မမြဲမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏ်သည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ ဝိညာဏ်၏ အိုမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိုမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ အိုမှု၏ အိုမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိညာဏ်သည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ ဝိညာဏ်၏ ပျက်စီးမှုသည် ရှိပါသလော၊ ကွယ်ပျောက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သေမှုသည် (အကြောင်းတို့ဖြင့်) ပြီးသည် ဖြစ်၍ သေမှု၏ ပျက်စီးမှုသည် ရှိပါသလော၊ ကွယ်ပျောက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အနိစ္စတာကထာ ပြီး၏။**

**ဧကာဒသမဝဂ် ပြီး၏။**

------

၁။ မမြဲသော ရုပ် အစရှိသည်တို့၏ မမြဲသည်၏ အဖြစ်သည်လည်း ရုပ် အစရှိသည်တို့ကဲ့သို့ မမြဲမှုပြီးကုန်၏ဟု ဝန်ခံသည်။

♣

## ၁၂–ဒွါဒသမဝဂ် (၁၁၆) ၁–သံဝရော ကမ္မန္တိကထာ[၁]

၆၃၀။ သကဝါဒီ။ ။ စောင့်စည်းမှုသည် ကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေကို စောင့်စည်းမှုသည် စက္ခုကံမည်သလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ သောတိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ကာယိန္ဒြေကို စောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ကာယိန္ဒြေကို စောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။[၅]

သကဝါဒီ။ ။ စက္ခုန္ဒြေကို စောင့်စည်းမှုသည် စက္ခုကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယိန္ဒြေကို စောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို စောင့်စည်းမှုသည် ဇိဝှါကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနိန္ဒြေကို စောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ မနိန္ဒြေကို စောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။[၇]

သကဝါဒီ။ ။ စက္ခုန္ဒြေကို စောင့်စည်းမှုသည် စက္ခုကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနိန္ဒြေကို စောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို စောင့်စည်းမှုသည်။ပ။ ကာယိန္ဒြေကို စောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃၁။ သကဝါဒီ။ ။ မစောင့်စည်းမှုသည် ကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေကို မစောင့်စည်းမှုသည် စက္ခုကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ကာယိန္ဒြေကို မစောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယိန္ဒြေကို မစောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေကို မစောင့်စည်းမှုသည် စက္ခုကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယိန္ဒြေကို မစောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို မစောင့်စည်းမှုသည် ဇိဝှါကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနိန္ဒြေကို မစောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနိန္ဒြေကို မစောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခုန္ဒြေကို မစောင့်စည်းမှုသည် စက္ခုကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနိန္ဒြေကို မစောင့်စည်းမှုသည် မနောကံမည်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဃာနိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ဇိဝှိန္ဒြေကို မစောင့်စည်းမှုသည်။ပ။ ကာယိန္ဒြေကို မစောင့်စည်းမှုသည် ကာယကံမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃၂။ ပရဝါဒီ။ ။ "စောင့်စည်းမှုကိုလည်းကောင်း၊ မစောင့်စည်းမှုကိုလည်းကောင်း ကံ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်လတ်သော် (မိန်းမ ယောကျ်ား) စသော အမှတ်နိမိတ်ကို ယူလေ့ရှိသည် ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသည် မဖြစ်၊ နားဖြင့် အသံကို ကြားလတ်သော်။ပ။ စိတ်ဖြင့် သဘောတရား ဓမ္မာရုံကို သိ၍ အမှတ်နိမိတ်ကို ယူလေ့ရှိသည် ဖြစ်၏။ပ။ အမှတ်နိမိတ်ကို ယူလေ့ရှိသည် မဖြစ်" ဤသို့လျှင် မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်လော။[၁]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် စောင့်စည်းမှုသည်လည်းကောင်း၊ မစောင့်စည်းမှုသည်လည်းကောင်း ကံမည်သတည်း။

**သံဝရော ကမ္မန္တိကထာ ပြီး၏။**

------

၁။ "စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ၊ န နိမိတ္တဂ္ဂါဟီ ဟောတိ"ဟူသော သုတ်ကို အမှီပြု၍ စောင့်စည်းမှု သံဝရသည်လည်းကောင်း၊ မစောင့်စည်းမှု အသံဝရသည်

လည်းကောင်း ကံမည်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူ၏။

၂။ သကသမယ၌ စေတနာကို ကံဟူ၍ ဟောတော်မူ၏၊ ထိုစေတနာသည် ဒွါရသုံးပါးတို့၌ ဖြစ်သည်ရှိသော် ကာယကံ စသော အမည်ကို ရသကဲ့သို့ သံဝရကံသည်လည်း စက္ခုန္ဒြေ စသည်တို့၌ ဖြစ်သည်ရှိသော် စက္ခုန္ဒြိယကံစသည် မည်သလောဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ထိုသို့သဘောရှိသော သုတ် ပုဒ်ကို မတွေ့မမြင်သောကြောင့် သုံးဒွါရတို့၌ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ ကာယဒွါရ၌ ပသာဒကာယကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၅။ ဝိညတ္တိကာယကို ရည်ရွယ်၍ ဝန်ခံသည်။

၆။ ဝိပါကဒွါရကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၇။ ကမ္မဒွါရကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

၈။ ဤသုတ်သည် ထိုဒွါရတို့၌ သံဝရ အသံဝရကိုသာ ပြသည်၊ ထိုသံဝရ အသံဝရတို့၏ ကံအဖြစ်ကို ပြသည် မဟုတ်ပါ၊ ထို့ကြောင့် သာဓက မထိုက်ပါ။

♣

## ၁၂-ဒွါဒသမဝဂ် (၁၁၇) ၂-ကမ္မကထာ[၁]

၆၃၃။ သကဝါဒီ။ ။ အလုံးစုံသော ကံသည် အကျိုးရှိပါသလော။[၂]

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၄]

သကဝါဒီ။ ။ ဝိပါက်အဗျာကတစေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကိရိယာအဗျာကတစေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမာဝစရဝိပါက် အဗျာကတစေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရူပါဝစရ အရူပါဝစရ အပရိယာပန္န ဝိပါက်အဗျာကတစေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကာမာဝစရ ကိရိယာအဗျာကတစေတနာသည် အကျိုးရှိပါသသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလုံးစုံသော စေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရူပါဝစရ အရူပါဝစရ ကိရိယာဗျာကတစေတနာသည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃၄။ သကဝါဒီ။ ။ ဝိပါက်အဗျာကတစေတနာသည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိပါက်အဗျာကတစေတနာသည် အကျိုးမရှိခဲ့ပါမူ "အလုံးစုံသော စေတနာသည် အကျိုးရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကိရိယာဗျာကတစေတနာသည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကိရိယာဗျာကတစေတနာသည် အကျိုးမရှိခဲ့ပါမူ "အလုံးစုံသော စေတနာသည် အကျိုးရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရ အပရိယာပန္န[၆] ဝိပါက်အဗျာကတ စေတနာသည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အပရိယာပန္န ဝိပါက်အဗျာကတစေတနာသည် အကျိုးမရှိခဲ့ပါမူ "အလုံးစုံသော စေတနာသည် အကျိုးရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရ ကိရိယာဗျာကတစေတနာသည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပါဝစရ ကိရိယာဗျာကတစေတနာသည် အကျိုးမရှိခဲ့ပါမူ "အလုံးစုံ သော စေတနာသည် အကျိုးရှိ၏"ဟူ၍ မဆိုသင့်။

၆၃၅။ ပရဝါဒီ။ ။ "အလုံးစုံသော ကံသည် အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ စေ့ဆော်အပ်ကုန်သော ပြုလုပ်အပ်ကုန်သော ဆည်းပူးအပ်ကုန်သော ကံတို့၏ အကျိုးကို မခံစားရဘဲ မထင်ရှားဘဲ ပျောက်ပျက်ကုန်သည်၏အဖြစ်ကို ငါမဆို။ အမှန်စင်စစ် ထိုကံသည် မျက်မှောက်ဘဝ၌လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်း၊ တတိယဘဝမှ စ၍ အဆက် ဆက်သော ဘဝ၌လည်းကောင်း (အကျိုးပေး၏)"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အလုံးစုံသော ကံသည် အကျိုးရှိ၏။

**ကမ္မကထာ ပြီး၏။**

------

၁။ "နာဟံ ဘိက္ခဝေ သဉ္စေတနိကာနံ ကမ္မာနံ" အစရှိသော သုတ်ကို အမှီပြု၍ ကံဟူသမျှ အားလုံးသည် အကျိုးရှိ၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကမ္မကထာကို ဟောတော်မူသည်။
၂။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟု မြတ်စွာဘုရားသည် သာမညအားဖြင့် စေတနာကို ကံဟူ၍ ဟောတော်မူ၏၊ ထိုစေတနာသည်လည်း ကုသိုလ် အကုသိုလ်သည်သာ သဝိပါက၊ အဗျာကတ စေတနာကား အဝိပါကမည်၏ဟု ဝေဖန်ခြင်းကို ပြုလို၍ ဤပုစ္ဆာကို တက်သည်။
၃။ အဗျာကတကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ကုသိုလ် အကုသိုလ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ သဝိပါက အဝိပါက စေတနာကို သရုပ်အားဖြင့် ပြလို၍ ဤပုစ္ဆာကို တက်သည်။
၆။ လောကုတ္တရာတရားကို အပရိယာပန္နဟု ခေါ်သည်။

♣

## ၁၂-ဒွါဒသမဝဂ် (၁၁၈) ၃-သဒ္ဒေါ ဝိပါကောတိကထာ[၁]

၆၃၆။ သကဝါဒီ။ ။ အသံသည် ဝိပါက်လော။[၂]

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (အသံသည်) သုခဝေဒနာ ရှိသလော၊ ဒုက္ခဝေဒနာ ရှိသလော၊ ဥပေက္ခာဝေဒနာ ရှိသလော၊ သုခဝေဒနာနှင့် ယှဉ်ပါသလော၊ ဒုက္ခဝေဒနာနှင့် ယှဉ်ပါသလော၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ပါသလော၊ ဖဿနှင့် ယှဉ်ပါသလော၊ ဝေဒနာနှင့် ယှဉ်ပါသလော၊ သညာနှင့် ယှဉ်ပါသလော၊ စေတနာနှင့် ယှဉ်ပါလော၊ စိတ်နှင့် ယှဉ်ပါသလော၊

အာရုံရှိပါသလော၊ ထိုအသံအား ဆင်ခြင်မှု နှလုံးသွင်းမှု ကောင်းစွာ စေ့ဆော်မှု စိတ်၌ ပြုမှု စေ့ဆော်မှု တောင့်တမှု ဆုတောင်းမှုသည် ရှိပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အသံသည်) သုခဝေဒနာ မရှိသည် မဟုတ်ပါသလော၊ ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံ မရှိသည် မဟုတ်ပါလော၊ ထိုအသံအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "သုခဝေဒနာ မရှိခဲ့ပါမူ။ပ။ အာရုံ မရှိခဲ့ပါမူ ထိုအသံအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "အသံသည် ဝိပါက်တည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်၍ ဖဿသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အသံသည် ဝိပါက်ဖြစ်၍ အသံသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုအသံအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသံသည် ဝိပါက်ဖြစ်ပါလျက် အသံသည် သုခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုအသံအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်ပါလျက် ဖဿသည် သုခဝေဒနာ မရှိပါသလော၊ ဒုက္ခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃၇။ ပရဝါဒီ။ ။ "အသံသည် ဝိပါက်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ထိုသူသည် ထိုကံကို ပြုအပ်သည်၏အဖြစ် ဆည်းပူးအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ထိုကံ၏ များပြားသည်၏အဖြစ် ပြန့်ပြောသည်၏အဖြစ်ကြောင့်လည်းကောင်း ဗြဟ္မာမင်း၏ အသံနှင့် တူသော အသံရှိသည် ကရဝိက်ငှက်သံနှင့် တူသော အသံရှိသည် ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။[၄]

ပရဝါဒီ။ ။ ထို့ကြောင့် အသံသည် ဝိပါက်တည်း။

**သဒ္ဒေါ ဝိပါကောတိကထာ ပြီး၏။**

------

၁။ "သော တဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပုလတ္တာ ဗြဟ္မဿရော ဟောတိ" အစရှိသည်တို့ကို မသင့်မတင့်အားဖြင့် ယူ၍ အသံသည် ဝိပါက်ဖြစ်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ကမ္မသမုဋ္ဌာနတရားတို့သည်သာ ဝိပါက်အမည်ကို ရကုန်၏၊ ရုပ်တရားတို့၌ ဤဝိပါက အခေါ်အဝေါ်မျိုး မရှိဟု ပြလို၍ သကဝါဒီက မေးသည်။

၃။ ဝိပါက်မည်သည် ဤသို့သဘောရှိ၏ဟု ပြလို၍ ဤပုစ္ဆာကို မေးသည်။

၄။ ထိုသုတ်ကို ဗြဟ္မာမင်း၏ အသံနှင့် တူသောအသံရှိသည်၏ အဖြစ်တည်းဟူသော လက္ခဏာကိုပြခြင်းငှါ ဟောတော်မူ၏၊ ထို့ကြောင့် ပြီးစေကြောင်း သာဓက မထိုက်ပါ။

♣

## ၁၂-ဒွါဒသမဝဂ် (၁၁၉) ၄-သဠာယတနကထာ

၆၃၈။ သကဝါဒီ။ ။ စက္ခာယတနသည် ဝိပါက်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် သုခဝေဒနာရှိပါသလော၊ ဒုက္ခဝေဒနာရှိပါသလော။ပ။ အာရုံ ရှိသလော၊ ထိုစက္ခာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခာယတနသည် သုခဝေဒနာ မရှိသည် မဟုတ်ပါလော။ပ။ အာရုံ မရှိသည် မဟုတ်ပါလော၊ ထိုစက္ခာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခာယတနသည် သုခဝေဒနာ မရှိခဲ့ပါမူ။ပ။ အာရုံ မရှိခဲ့ပါမူ စက္ခာ ယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "စက္ခာယတနသည် ဝိပါက်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်၍ ဖဿသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် ဝိပါက်ဖြစ်၍ စက္ခာယတနသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုစက္ခာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခာယတနသည် ဝိပါက်ဖြစ်ပါလျက် စက္ခာယတနသည် သုခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော။ ထိုစက္ခာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်ပါလျက် ဖဿသည် သုခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၃၉။ သကဝါဒီ။ ။ သောတာယတနသည်။ပ။ ဃာနာယတနသည်။ပ။ ဇိဝှါယတနသည်။ပ။ ကာယာယတနသည် ဝိပါက်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာယာယတနသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုကာယာ ယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယာယတနသည် သုခဝေဒနာ မရှိသည် မဟုတ်ပါလော။ပ။ အာရုံ မရှိသည် မဟုတ်ပါလော၊ ထိုကာယာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာယာယတနသည် သုခဝေဒနာ မရှိခဲ့ပါမူ။ပ။ အာရုံ မရှိခဲ့ပါမူ ထိုကာယာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိခဲ့ပါမူ "ကာယာယတနသည် ဝိပါက်တည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်၍ ဖဿသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကာယာယတနသည် ဝိပါက်ဖြစ်၍ ကာယာယတနသည် သုခဝေဒနာရှိပါသလော။ပ။ အာရုံ ရှိပါလော၊ ထိုကာယာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယာယတနသည် ဝိပါက်ဖြစ်ပါလျက် ကာယာယတနသည် သုခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုကာယာယတနအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ဖဿသည် ဝိပါက်ဖြစ်ပါလျက် ဖဿသည် သုခဝေဒနာ မရှိပါသလော။ပ။ အာရုံ မရှိပါသလော၊ ထိုဖဿအား ဆင်ခြင်မှု။ပ။ ဆုတောင်းမှု မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၄၀။ ပရဝါဒီ။ ။ "အာယတနခြောက်ပါးသည် ဝိပါက်တည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အာယတနခြောက်ပါးသည် ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်သည် မဟုတ်ပါလော။[၂]

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အာယတနခြောက်ပါးသည် ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "အာယတနခြောက်ပါးသည် ဝိပါက်တည်း"ဟူ၍ ဆိုသင့်၏။

**သဠာယတနကထာ ပြီး၏။**

------

၁။ သဠာယတနသည် ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာသည် ဖြစ်ရကား အကျိုးဝိပါက်တရားတည်းဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီ ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဤသဠာယတနကထာကို ဟောတော်မူသည်။
၂။ မနာယတနသည် အချို့ကား ဝိပါက်တည်း၊ ဝိပါက်မှ ကြွင်းသော တရားတို့ကား သက်သက် ကမ္မသမုဋ္ဌာန်တို့သာတည်း၊ ဝိပါက် မဟုတ်ကုန်၊ ထို့ကြောင့် ပရဝါဒီ၏ စကားသည် သာဓကေ မထိုက်ပေ။

♣

## ၁၂-ဒွါဒသမဝဂ် (၁၂၀) ၅-သတ္တက္ခတ္တုပရမကထာ[၁]

၆၄၁။ သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲပါသလော။[၂]

ပရဝါဒီ။ ။ သြော် မြဲပါ၏။

သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် အမိကို သတ်အပ်ပါသလော၊ အဖကို သတ်အပ်ပါသလော၊ ရဟန္တာကို သတ်အပ်ပါသလော၊ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရား၌ သွေးကို ဖြစ်စေအပ်ပါသလော၊ သံဃာကို သင်းခွဲအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်း အရှည်ရှိသည်၏ အဖြစ်၌ မြဲပါသလော။

ပရဝါဒီ။ ။ သြော် မြဲပါ၏။

သကဝါဒီ။ ။ ခုနစ်ဘဝအကြား၌ သစ္စာတရားကို ထိုးထွင်းသိခြင်းငှါ မထိုက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ခုနစ်ဘဝအကြား၌ သစ္စာတရားကို ထိုးထွင်းသိခြင်းငှါ မထိုက်ပါသလော။

ပရဝါဒီ။ ။ သြော် မထိုက်ပါ။[၄]

သကဝါဒီ။ ။ အမိကို သတ်အပ်ပါသလော၊ အဖကို သတ်အပ်ပါသလော၊ ရဟန္တာကို သတ်အပ် ပါသလော၊ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရား၌ သွေးကို ဖြစ်စေအပ်ပါသလော၊ သံဃာကို သင်းခွဲ အပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၄၂။ သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲပါသလော။

ပရဝါဒီ။ ။ သြော် မြဲပါ၏။

သကဝါဒီ။ ။ အကြင်မဂ်ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏၊ ထိုမဂ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ အကြင်သတိပဋ္ဌာန်။ပ။ အကြင်သမ္ဗောဇ္ဈင် ဖွဲ့ ပိုခ်ပါဒ် ဣန္ဒြေ ဗိုလ် ဖော်ရွှင်တို့ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏၊ ထိုသတိပဋ္ဌာန်။ပ။ သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဖော်ရွှင်တို့သည် ရှိပါကုန်သလော။[၆]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၄၃။ သကဝါဒီ။ ။ အကြင်မဂ်ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေ နေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏၊ ထိုမဂ်သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကြင်မဂ်ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ ခိုင်မြဲ၏၊ ထိုမဂ်သည် မရှိခဲ့ပါမူ "သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အကြင်သတိပဋ္ဌာန်။ပ။ ဖော်ရွှင်တို့ ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏၊ ထိုသတိပဋ္ဌာန်။ပ။ ဖော်ရွှင်တို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် မရှိပါကုန်။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကြင်ဖောချင်တို့ဖြင့် သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏၊ ထိုဖောချင်တို့သည် မရှိကုန်မူ "သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏အဖြစ်၌ မြဲ၏"ဟူ၍ မဆိုသင့်။

၆၄၄။ သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲပါသလော။

ပရဝါဒီ။ ။ သြော် မြဲပါ၏။

သကဝါဒီ။ ။ (သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်သည်) သကဒါဂါမိမဂ်ဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂါမိမဂ်ဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ (သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်သည်) အဘယ်မဂ်ဖြင့် မြဲပါသနည်း။

ပရဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် မြဲပါ၏။

သကဝါဒီ။ ။ သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်း အရှည်ရှိသည်၏ အဖြစ်၌ မြဲပါသလော။

ပရဝါဒီ။ ။ သြော် မြဲပါ၏။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်သို့ သက်ရောက်ကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိကုန်သည်၏ အဖြစ်၌ မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၄၅။ ပရဝါဒီ။ ။ "သတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုသောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည် မဟုတ်ပါလော။?

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုသတ္တက္ခတ္တုပရမ (သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေ နေခြင်း) အတိုင်းအရှည် ရှိသည် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "သတ္တက္ခတ္တုပရမ

(သောတာပန်) ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် (ပဋိသန္ဓေနေခြင်း) အတိုင်းအရှည် ရှိသည်၏ အဖြစ်၌ မြဲ၏"ဟူ၍ ဆိုသင့်၏။

**သတ္တက္ခတ္တုပရမကထာ ပြီး၏။**

------

၁။ သတ္တက္ခတ္တုပရမဟူ၍ ဆိုအပ်သည်၏အဖြစ်ကြောင့် သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်း အတိုင်းအရှည်ရှိသည်၏အဖြစ်၌ မြဲ၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ အကြင်အကြောင်းဖြင့် ထိုသောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်း အတိုင်းအရှည်ရှိသည်၏ အဖြစ်၌ မြဲသည် ဖြစ်ရာ၏၊ အရိယာမဂ်မှ တစ်ပါးသော ထိုသတ္တက္ခတ္တုပရမအဖြစ်၌ မြဲကြောင်းဖြစ်သော ထိုတရားသည် မရှိဟု ဤသို့သော ဝိဘာဂကို ပြလို၍ သကဝါဒီက မေးသည်။
၃။ အနန္တရိယကံ မရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ သတ္တက္ခတ္တုပရမပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ သတ္တက္ခတ္တုပရမအဖြစ်၌ မြဲမှုကို မမြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။
၆။ နိယာမဟု ဆိုအပ်သော မဂ်တရားတို့ကို ပြလို၍ ဤစကားရပ်ကို ဆိုသည်။
၇။ ပုဂ္ဂိုလ်သည် ဤမျှသော ဘဝတို့ပတ်လုံး ကျင်လည်ပြေးသွား၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု မိမိဉာဏ်တော်စွမ်းဖြင့်သာ မိန့်ကြားတော်မူသည်၊ တစ်စုံတစ်ခုသော ဘဝနိယာမမျိုး မည်သည်ကို မိန့်ကြားတော်မမူခဲ့ပေ၊ ထို့ကြောင့် သတ္တက္ခတ္တုပရမ၊ ကောလံကောလ၊ ဧကဗီဇီဟူ၍ မိန့်ဆိုအပ်ပါ၏။ ထို့ကြောင့် ဤပရဝါဒီ၏ စကားသည် သာဓက မထိုက်လေ။

♣

## ၁၂-ဒွါဒသမဝဂ် (၁၂၁) ၆-ကောလံကောလကထာ

၆၄၆။ ပရဝါဒီ။ ။ "ကောလံကောလ (သောတာပန်) ပုဂ္ဂိုလ်သည်ကောလံကောလသောတာပန် အဖြစ်၌ မြဲ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် ကောလံကောလသောတာပန်ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုသောတာပန်ပုဂ္ဂိုလ်သည် ကောလံကောလပုဂ္ဂိုလ် ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "ကောလံကောလ (သောတာပန်) ပုဂ္ဂိုလ်သည် ကောလံကောလသောတာပန်အဖြစ်၌ မြဲ၏"ဟူ၍ ဆိုသင့်၏။

**ကောလံကောလကထာ ပြီး၏။**

------

## ၁၂-ဒွါဒသမဝဂ် (၁၂၂) ၇-ကောဗီဇီကထာ

၆၄၇။ ပရဝါဒီ။ ။ "ကောဗီဇီ (သောတာပန်) ပုဂ္ဂိုလ်သည် ကောဗီဇီသောတာပန်အဖြစ်၌ မြဲ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် ကောဗီဇီ (သောတာပန်) ပုဂ္ဂိုလ် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုပုဂ္ဂိုလ်သည် ကောဗီဇီ (သောတာပန်) ပုဂ္ဂိုလ် ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "ကောဗီဇီသောတာပန်ပုဂ္ဂိုလ်သည် ကောဗီဇီသောတာပန်အဖြစ်၌ မြဲ၏"ဟူ၍ ဆိုသင့်၏။

**ကောဗီဇီကထာ ပြီး၏။**

------

## ၁၂-ဒွါဒသမဝဂ် (၁၂၃) ၈-ဇီဝိတာ ဝေါရောပနကထာ[၁]

၆၄၈။ သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာနှင့်တကွ သတ္တဝါကို (သတ်ရာသလော။)

ပရဝါဒီ။ ။ ဩော် သတ်ရာ၏။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် စေတနာနှင့်တကွ အမိကို သတ်ရာသလော။ပ။ အဖကို သတ်ရာသလော။ပ။ ရဟန္တာကို သတ်ရာသလော။ပ။ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရား၌ သွေးကို ဖြစ်စေရာသလော။ပ။ သံဃာကို သင်းခွဲရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာနှင့်တကွ သတ္တဝါကို သတ်ရာသလော။

ပရဝါဒီ။ ။ ဩော် သတ်ရာ၏။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ ရိုသေခြင်း မရှိပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ အကျင့် 'သိက္ခာ'၌ ရိုသေခြင်း မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ ရှိသေခြင်းရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဟုတ်ပါ၏။[၅]

သကဝါဒီ။ ။ အရှင်ပရဝါဒီ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ ရှိသေခြင်းရှိသည် ဖြစ်ခဲ့ပါမူ "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာနှင့်တကွ သတ္တဝါကို သတ်ရာ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရား၌။ပ။ သံဃာ၌။ပ။ အကျင့် 'သိက္ခာ'၌ ရှိသေခြင်းရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကျင့် 'သိက္ခာ'၌ ရှိသေခြင်းရှိသည် ဖြစ်ခဲ့ပါမူ "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာနှင့် တကွ သတ္တဝါကို သတ်ရာ၏"ဟူ၍ မဆိုသင့်။

၆၄၉။ သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ ရှိသေခြင်း မရှိပါသလော။

ပရဝါဒီ။ ။ မရှိပါ။[၆]

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ စေတီ (ရင်ပြင်) ၌ ကျင်ကြီး စွန့်ရာသလော၊ ကျင်ငယ် စွန့်ရာသလော၊ တံတွေး ထွေးရာသလော၊ ဘုရားစေတီ၌ မယုံကြည်သောအားဖြင့် ပြုလုပ်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာနှင့်တကွ သတ္တဝါကို သတ်ရာသလော။

ပရဝါဒီ။ ။ သတ်ရာ၏။

သကဝါဒီ။ ။ "ရဟန်းတို့ မဟာသမုဒ္ဒရာသည် တည်ခြင်းသဘောရှိသည် ဖြစ်၍ ကမ်းကို မလွန် သကဲ့သို့ ရဟန်းတို့ ဤအတူပင် ငါဘုရားသည် တပည့်သာဝကတို့အား အကြင်သိက္ခာပုဒ်ကို ပညတ် အပ်၏၊ ထိုသိက္ခာပုဒ်ကို ငါဘုရား၏ တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူး ကုန်"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတနာ နှင့်တကွ သတ္တဝါကို သတ်ရာ၏"ဟူ၍ မဆိုသင့်။

**ဒိဋ္ဌိသမ္ပန္နကထာ ပြီး၏။**

------

၁။ ဒေါသနှင့် ယှဉ်သောစိတ်ဖြင့်သာ သူ့အသက်ကို သတ်မှု ဖြစ်၏၊ ဒေါသကိုလည်း သောတာပန်ပုဂ္ဂိုလ်သည် မပယ်အပ်သေး၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် သေစေလိုသော စေတနာဖြင့် လုံ့လပြု၍ သူ့အသက်ကို ချသတ်ရာ၏ဟု အယူရှိသူ ပုဗ္ဗသေလိယ, အပရသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဇီဝိတာ ဝေါရောပနကထာကို ဟောတော်မူသည်။
၂။ "အဌာနမေတံ အနဝကာသော"အစရှိသော သုတ်နှင့် ဆန့်ကျင်အံ့သည်မှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ ဘုရားအစရှိသည်တို့၌ ရိုသေမှုရှိသူအား သိက္ခာပုဒ်ကို လွန်ကျူးမှု မရှိခြင်းကို ပြလို၍ ဤပုစ္ဆာကို တက်သည်။
၄။ ထိုသောတာပန်ပုဂ္ဂိုလ်အား အကုသိုလ်၏ အစွမ်းအားဖြင့် အင်္ဂါရဝမည်သည် မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလည်း ပြုသည်၊ ဝန်ခံလည်း ဝန်ခံသည်။
၅။ ထိုသောတာပန်ပုဂ္ဂိုလ်အား အကုသိုလ်၏ အစွမ်းအားဖြင့် အင်္ဂါရဝမည်သည် မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလည်း ပြုသည်၊ ဝန်ခံလည်း ဝန်ခံသည်။
၆။ ထိုထိုကိစ္စတို့၌ လေ့လာအားထုတ်နေသည်၏ အဖြစ်ကြောင့် ပျံ့လွင့်ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့၏ သတိကင်းသဖြင့်လည်းကောင်း၊ နှလုံးမသွင်းမိသဖြင့်လည်းကောင်း၊ စေတီတော်၌ ရှိခိုးခြင်း အရိုအသေပြုခြင်း၏ မရှိခြင်းကိုလည်းကောင်း ရည်ရွယ်၍ ဝန်ခံပြန်သည်။
၇။ ထိုသို့သော အမှုအရာမျိုးကို စေတနာဖြင့် အားထုတ်၍ မပြုခြင်းကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

## ၁၂-ဒွါဒသမဝဂ် (၁၂၄) ၉-ဒုဂ္ဂတိကထာ[၁]

၆၅၀။ သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အပါယ်၌ ဖြစ်သော အဆင်း 'ရူပါရုံ'တို့ကို တပ်မက်ရာသလော။[၂]

ပရဝါဒီ။ ။ ဩော် တပ်မက်ရာ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်၌ ဖြစ်သော အဆင်း 'ရူပါရုံ'တို့ကို တပ်မက်ခဲ့ပါမူ "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်သော အသံ'သဒ္ဒါရုံ'တို့ကို။ပ။ အနံ့ 'ဂန္ဓာရုံ'တို့ကို၊ အရသာ'ရသာရုံ'တို့ကို၊ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို။ပ။ နတ်မ၌ တိရစ္ဆာန်မ၌ နဂါးပျိုမ၌ မေထုန်အကျင့်ကို မှီဝဲရာသလော၊

ဆိတ်နှင့် သိုးကို ခံယူရာသလော၊ ကြက်နှင့် ဝက်ကို ခံယူရာသလော၊ ဆင် နွား မြင်းနှင့် မြည်းကို ခံယူရာသလော၊ ခါ ငုံး ဥဒေါင်း ဥချိုးကို ခံယူရာသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခါ ငုံး ဥဒေါင်း ဥချိုးကို ခံယူခဲ့ပါမူ "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်။

၆၅၁။ သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်သည် ဖြစ်ပါလျက် (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်သော အဆင်း 'ရူပါရုံ'တို့ကို တပ်မက်ရာသလော။

ပရဝါဒီ။ ။ ဩော် တပ်မက်ရာ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဒုဂ္ဂတိကို ပယ်ရှားအပ်သည် ဖြစ်ပါလျက် ရဟန္တာသည် အပါယ်ဘုံ၌ ဖြစ်သော အဆင်း 'ရူပါရုံ'တို့ကို တပ်မက်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှား အပ်သည် ဖြစ်ပါလျက် (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်သော အသံ 'သဒ္ဒါရုံ'တို့ကို၊ အနံ့ 'ဂန္ဓာရုံ'တို့ကို၊ အရသာ'ရသာရုံ'တို့ကို၊ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို။ပ။ ခါ ငုံး ဥဒေါင်း ဥချိုးကို ခံယူရာသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရဟန္တာသည်) ဒုဂ္ဂတိကို ပယ်ရှားအပ်သည် ဖြစ်ပါလျက် ရဟန္တာသည် ခါ ငုံး ဥဒေါင်း ဥချိုးကို ခံယူရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဒုဂ္ဂတိကို ပယ်ရှားအပ်သည် ဖြစ်၍ ရဟန္တာသည် အပါယ်ဘုံ၌ ဖြစ်သော အဆင်း'ရူပါရုံ'တို့ကို မတပ်မက်ရာသလော။

ပရဝါဒီ။ ။ ဩော် မတပ်မက်ပါ။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှား အပ်သည် ဖြစ်၍ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်သော အဆင်း 'ရူပါရုံ'တို့ကို မတပ်မက်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဒုဂ္ဂတိကို ပယ်ရှားအပ်သည် ဖြစ်၍ ရဟန္တာသည် အပါယ်ဘုံ၌ ဖြစ်သော အသံ 'သဒ္ဒါရုံ'တို့ကို။ပ။ အနံ့'ဂန္ဓာရုံ'တို့ကို။ပ။ အရသာ'ရသာရုံ'တို့ကို။ပ။ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို။ပ။ နတ်မ၌။ပ။ တိရစ္ဆာန်မ၌။ပ။ နဂါးပျိုမ၌ မေထုန်အကျင့်ကို မမှီဝဲရာသလော၊ ဆိတ်နှင့် သိုးကို မခံယူရာသလော၊ ကြက်နှင့် ဝက်ကို မခံယူရာသလော၊ ဆင် နွား မြင်းနှင့် မြည်းကို မခံယူရာသလော။ပ။ ခါ ငုံး ဥဒေါင်း ဥချိုးကို မခံယူရာသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှား အပ်သည် ဖြစ်၍ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခါ ငုံး ဥဒေါင်း ဥချိုးကို မခံယူရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၅၂။ ပရဝါဒီ။ ။ "(သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်ပါသလော။[1]

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ငရဲ၌ ဖြစ်ရာသလော။ပ။ တိရစ္ဆာန်အမျိုး၌ ဖြစ်ရာသလော၊ ပြိတ္တာဘုံ၌ ဖြစ်ရာသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် (သောတာပတ္တိမဂ်) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏။

**ဒုဂ္ဂတိကထာ ပြီး၏။**

------

၁။ ဒုဂ္ဂတိဘဝနှင့် ဒုဂ္ဂတိသတ္တဝါတို့၏ ရူပါရုံ စသည်လျှင် အာရုံရှိသော တဏှာ ဤနှစ်ပါးစုံကို ဒုဂ္ဂတိဟုယူ၍ ထိုအတိုင်း မဝေဖန်ဘဲ သာမန်အားဖြင့်သာလျှင် သောတာပန်ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်အပ်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထကိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဒုဂ္ဂတိကထာကို ဟောတော်မူသည်။
၂။ ပရဝါဒီဆရာ၏ အယူအားဖြင့် သောတာပန်ပုဂ္ဂိုလ်သည် အကြင်ဒုဂ္ဂတိမည်သော တဏှာကို မပယ်အပ်သေး၊ ထိုဒုဂ္ဂတိမည်သော တဏှာ၏ အစွမ်းအားဖြင့် စောဒနာလို၍ ဤပုစ္ဆာကို သကဝါဒီက မေးသည်။
၃။ ပရဝါဒီဆရာ၏ ပုစ္ဆာစကားသည် ဒုဂ္ဂတိဘဝကို ပယ်ခြင်းကိုသာလျှင်လည်းကောင်း၊ ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း တဏှာကို ပယ်ခြင်းကိုလည်းကောင်း ပြတတ်၏။ ဒုဂ္ဂတိသတ္တဝါတို့၏ ရူပါရုံ စသည်လျှင် အာရုံရှိသော တဏှာကို ပယ်ခြင်းကို မပြတတ်ပါ၊ ထို့ကြောင့် သာဓက မထိုက်ပါ။

♣

## ၁၂-ဒွါဒသမဝဂ် (၁၂၅) ၁၀-သတ္တမဘဝိကကထာ

၆၅၃။ ပရဝါဒီ။ ။ "ခုနစ်ကြိမ်မြောက်ဘဝရှိသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ခုနစ်ကြိမ်မြောက်ဘဝရှိသော ပုဂ္ဂိုလ်သည်ငရဲ၌ ဖြစ်ရာသလော၊ တိရစ္ဆာန်အမျိုး၌ ဖြစ်ရာသလော၊ ပြိတ္တာဘုံ၌ ဖြစ်ရာသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ခုနစ်ကြိမ်မြောက်ဘဝရှိသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိကို ပယ်ရှားအပ်၏။

**သတ္တမဘဝိကကထာ ပြီး၏။**

**ဗာရသမဝဂ် ပြီး၏။**

------

## ၁၃–တေရသမဝဂ် (၁၂၆) ၁–ကပ္ပဋ္ဌကထာ[၁]

၆၅၄။ သကဝါဒီ။ ။ တစ်ကမ္ဘာပတ်လုံး တည်သူ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာလုံး တည်ရာသလော။

ပရဝါဒီ။ ။ သြော် တည်ရာပါ၏။

သကဝါဒီ။ ။ ကမ္ဘာသည်လည်း တည်သည် ဖြစ်၍ မြတ်စွာဘုရားသည်လည်းလောက၌ ပွင့်ထွန်း ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ သြော် တည်ရာပါ၏။

သကဝါဒီ။ ။ ကမ္ဘာသည်လည်း တည်သည်ဖြစ်၍ သံဃာသည်လည်း ကွဲပြားပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ သြော် တည်ရာပါ၏။

သကဝါဒီ။ ။ ကမ္ဘာသည်လည်း တည်သည် ဖြစ်၍ ကပ္ပဋ္ဌပုဂ္ဂိုလ်သည်လည်း ကမ္ဘာတည်မည့်ကံကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ သြော် တည်ရာပါ၏။

သကဝါဒီ။ ။ ကမ္ဘာသည်လည်း တည်သည် ဖြစ်၍ ကပ္ပဋ္ဌပုဂ္ဂိုလ်သည်လည်း ကွယ်လွန်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၆၅၅။ သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ ဩော် တည်ရာပါ၏။

သကဝါဒီ။ ။ အတိတ်ကမ္ဘာပတ်လုံး တည်ရာသလော၊ အနာဂတ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ ဩော် တည်ရာ၏။

သကဝါဒီ။ ။ နှစ်ကမ္ဘာတို့ပတ်လုံး တည်ရာသလော၊ သုံးကမ္ဘာတို့ပတ်လုံး တည်ရာသလော၊ လေးကမ္ဘာတို့ပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၅၆။ သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာသလော။

ပရဝါဒီ။ ။ ဩော် တည်ရာ၏။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကမ္ဘာမီးလောင်လတ်သော် အဘယ်အရပ်သို့ သွားပါသနည်း။

ပရဝါဒီ။ ။ အခြားလောကဓာတ်သို့ သွားပါသည်။

သကဝါဒီ။ ။ အခြားလောကဓာတ်သို့ သွားခဲ့ပါမူ သေပြီးမှ သွားပါသလော၊ ကောင်းကင်သို့ (ပျံတက်၍) သွားပါသလော။

ပရဝါဒီ။ ။ သေပြီးမှ သွားပါသည်။

သကဝါဒီ။ ။ ကမ္ဘာတည်မည့် ကံသည် အဆက်ဆက်သော အကျိုးကို ပေးခြင်းရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကောင်းကင်သို့ (ပျံတက်၍) သွားပါသလော။

ပရဝါဒီ။ ။ ဩော် သွားပါ၏။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တန်ခိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တန်ခိုးရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၅]

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ဆန္ဒိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော၊ ဝီရိယိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော၊ စိတ္တိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော၊ ဝီမံသိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော။[၆]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၅၇။ ပရဝါဒီ။ ။ "ကပ္ပဋ္ဌပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "(ဒေဝဒတ်သည်) အပါယ်ဘုံ၌ ဖြစ်၏၊ ငရဲ၌ ဖြစ်၏၊ တစ်ကမ္ဘာ ပတ်လုံး တည်နေ၏၊ သံဃာကို သင်းခွဲ၏၊ ကွဲပြားမှု၌ မွေ့လျော်၏၊ မတရား၌ တည်သူ ဖြစ်၏၊ ယောဂကုန်ရာ နိဗ္ဗာန်ကို ဖျက်ဆီး၏၊ ညီညွတ်သော သံဃာကို သင်းခွဲ၍ တစ်ကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရ၏"[၇] ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ကမ္ဘာ၌တည်သော ပုဂ္ဂိုလ်သည် တစ်ကမ္ဘာပတ်လုံး တည်ရာ၏။

**ကပ္ပဋ္ဌကထာ ပြီး၏။**

------

၁။ ညီညွတ်သော သံဃာကို ကွဲပြားအောင် ပြုသောကြောင့် တစ်ကမ္ဘာပတ်လုံး ငရဲ၌ ကျရ၏ဟူသော စကားဖြင့် သံဃာသင်းခွဲသူသည် အလုံးစုံသော ကမ္ဘာပတ်လုံး ငရဲ၌ တည်နေရ၏ဟု အယူရှိသူ ရာဇဂိရိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ဗုဒ္ဓုပ္ပါဒနှင့် ကင်း၍ သံဃာကို သင်းခွဲခြင်း မရှိသည်ကို ပြလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ထိုသံဃာကို သင်းခွဲသူသည် အလုံးစုံသော ကမ္ဘာပတ်လုံး တည်ခဲ့ပါမူ ကမ္ဘာတည်သည်မှစ၍ ထိုသံဃဘေဒကကံကို ပြု၍ ထိုငရဲ၌ ဖြစ်၍ တည်ရာ၏ဟု ပြလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။
၄။ ဘာဝနာမယဉာဏ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၅။ ပရသမယ၌ ဇာတိမယဉာဏ်ကို အလိုရှိကုန်ရကား ထိုဇာတိမယဉာဏ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၆။ ထိုပုဂ္ဂိုလ်အား တန်ခိုးရှိခဲ့မူ ဤနည်းဖြင့် ဉာဏ်ပါဒ်ကို ပွါးများအပ်သည် ဖြစ်ရာ၏ဟု စောဒနာလို၍ တက်သည်။
၇။ ဤသုတ်ကို ထိုသံဃာကို သင်းခွဲသူသည် အကြင်တစ်ခုသော မဟာကပ်ကို အဖို့ရှစ်ဆယ်ပြု၍ ထိုအဖို့ရှစ်ဆယ်မှ တစ်ဖို့တစ်စုသော ကာလပတ်လုံး တည်ရာ၏၊ ထိုအာယုကပ်ကို ရည်ရွယ်၍ ဟောတော်မူ၏၊ ထို့ကြောင့် သာဓက မထိုက်လေ။

♣

## ၁၃–တေရသမဝဂ် (၁၂၇) ၂–ကုသလပဋိလာဘကထာ[၁]

၆၅၈။ သကဝါဒီ။ ။ တစ်ကမ္ဘာပတ်လုံးတည်သူ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို မရနိုင်ရာသလော။

ပရဝါဒီ။ ။ ဩော် မရနိုင်ရာ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် အလှူကို ပေးလှူရာသလော။

ပရဝါဒီ။ ။ သြော် ပေးလှူရာ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အလှူကို ပေးလှူခဲ့ပါမူ "ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို မရရာ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို မရနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် မရနိုင်ပါ။

သကဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် သင်္ကန်းကို ပေးလှူရာသလော။ပ။ ဆွမ်းကို ပေးလှူရာသလော။ပ။ ကျောင်းကို ပေးလှူရာသလော၊ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူရာသလော၊ ခဲဖွယ်ကို ပေးလှူရာသလော၊ ဘောဇဉ်ကို ပေးလှူရာသလော၊ သောက်ရေကို ပေးလှူရာသလော၊ စေတီကို ရှိခိုးရာသလော၊ စေတီ၌ ပန်းကို တင်ရာသလော၊ နံ့သာကို တင်ရာသလော၊ နံ့သာပျောင်းကို တင်ရာသလော၊ စေတီကို အလွန်ရိုသေစွာ ပြုလုပ်ရာသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် စေတီကို အလွန်ရိုသေစွာ ပြုလုပ်ခဲ့ပါမူ "ကပ္ပဋ္ဌ ပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို မရရာ"ဟူ၍ မဆိုသင့်။

၆၅၉။ ပရဝါဒီ။ ။ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို ရနိုင်ရာသလော။

သကဝါဒီ။ ။ သြော် ရနိုင်ရာ၏။

ပရဝါဒီ။ ။ ထိုကမ္ဘာမှ ထမြောက်သော ကုသိုလ်စိတ်ကို ရနိုင်ရာသလော။

သကဝါဒီ။ ။ သြော် ရနိုင်ပါ၏။

ပရဝါဒီ။ ။ ရူပါဝစရ။ပ။ အရူပါဝစရ။ပ။ လောကုတ္တရာကုသိုလ်စိတ်ကို ရနိုင်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ကုသလပဋိလာဘကထာ ပြီး၏။**

------

၁။ သကသမယ၌ ကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကာမာဝစရကုသိုလ်ကိုသာ ရနိုင်၏၊ အပါယ်ပဋိသန္ဓေကို တားမြစ်တတ်သော မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်ကို မရနိုင်၊ ဤသို့သော ဝေဖန်မှုကို မပြုဘဲ သာမညအားဖြင့်သာ ထိုကပ္ပဋ္ဌပုဂ္ဂိုလ်သည် ကုသိုလ်စိတ်ကို မရနိုင်ဟု အယူရှိကြကုန်သော ဥတ္တရာပထကိုဏ်းဝင် ပရဝါဒီဆရာတို့၏ အယူဝါဒကို ပယ်ဖျက်၍ ဤကုသလ ပဋိလာဘကထာကို ဟောတော်မူသည်။

♣

## ၁၃–တေရသမဝဂ် (၁၂၈) ၃–အနန္တရာပယုတ္တကထာ[၁]

၆၆၀။ ပရဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမ (မှန်ကန်သော သဘောရှိသော) မဂ်သို့ သက်ရောက်ပါသလော။

သကဝါဒီ။ ။ ဩော် သက်ရောက်ပါ၏။[၂]

ပရဝါဒီ။ ။ မိစ္ဆတ္တနိယာမမဂ်သို့လည်းကောင်း၊ သမ္မတ္တနိယာမမဂ်သို့လည်းကောင်း နှစ်ပါးစုံတို့သို့ သက်ရောက်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

ပရဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်ပါသလော။

သကဝါဒီ။ ။ ဩော် သက်ရောက်ပါ၏။

ပရဝါဒီ။ ။ ထိုကံကို အားထုတ်သည် ရှိသော် နောင်တပူပန်မှုကို ဖြစ်စေအပ်သည် မဟုတ်ပါလော၊ နှလုံး မသာယာမှုကို ဖြစ်စေအပ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၄]

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုကံကို အားထုတ်အပ်သည် ရှိသော် နောင်တပူပန်မှုကို ဖြစ်စေအပ်ခဲ့ပါမူ နှလုံးမသာယာမှုကို ဖြစ်စေအပ်ခဲ့ပါမူ "အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်၏"ဟူ၍ မဆိုသင့်။

၆၆၁။ သကဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်ခြင်းငှါ မထိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် မထိုက်ပါ။

သကဝါဒီ။ ။ ထိုပုဂ္ဂိုလ်သည် အမိကို သတ်ပါသလော၊ အဖကို သတ်ပါသလော၊ ရဟန္တာကို သတ်ပါသလော၊ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရား၌ သွေးကို ဖြစ်စေပါသလော၊ သံဃာကို (ဂိုဏ်း) ခွဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် ထိုကံကို တစ်ဖန် ရုပ်သိမ်း၍ နောင်တပူပန်မှုကို တစ်ဖန် ပယ်ဖျောက်၍ နှလုံးမသာယာမှုကို တစ်ဖန် ပယ်ဖျောက်၍ သမ္မတ္တ နိယာမမဂ်သို့ သက်ရောက်ခြင်းငှါ မထိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် မထိုက်ပါ။[၅]

သကဝါဒီ။ ။ (ထိုပုဂ္ဂိုလ်သည်) အမိကို သတ်ပါသလော၊ အဖကို သတ်ပါသလော။ပ။ သံဃာကို (ဂိုဏ်း) ခွဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် ထိုကံကို တစ်ဖန် ရုပ်သိမ်း၍ နောင်တပူပန်မှုကို တစ်ဖန်ပယ်ဖျောက်၍ နှလုံးမသာယာမှုကို တစ်ဖန်ပယ်ဖျောက်၍ သမ္မတ္တ နိယာမမဂ်သို့ သက်ရောက်ခြင်းငှါ မထိုက်ပါသလော။

ပရဝါဒီ။ ။ ဩော် မထိုက်ပါ။

သကဝါဒီ။ ။ ထိုကံကို ရုပ်သိမ်းအပ်သည်၊ နောင်တပူပန်မှုကို ပယ်ဖျောက်အပ်သည်၊ နှလုံးမသာယာမှုကို ပယ်ဖျောက်အပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ထိုကံကို ရုပ်သိမ်းအပ်သည်၊ နောင်တပူပန်မှုကို တစ်ဖန်ပယ်ဖျောက် အပ်သည်၊ နှလုံးမသာယာမှုကို ပယ်ဖျောက်အပ်သည် ဖြစ်ခဲ့ပါမူ "အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် ထိုကံကို တစ်ဖန်ရုပ်သိမ်း၍ နောင်တပူပန်မှုကို တစ်ဖန်ပယ်ဖျောက်၍ နှလုံး မသာယာမှုကို တစ်ဖန်ပယ်ဖျောက်၍ သမ္မတ္တနိယာမ မဂ်သို့ သက်ရောက်ခြင်းငှါ မထိုက်"ဟူ၍ မဆိုသင့်။

၆၆၂။ ပရဝါဒီ။ ။ အခြားမဲ့၌ အကျိုးပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်ပါသလော။

သကဝါဒီ။ ။ ဩော် သက်ရောက်ပါ၏။

ပရဝါဒီ။ ။ ထိုကံကို အားထုတ်သော ပုဂ္ဂိုလ်သည် ရှိခဲ့ဖူးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိခဲ့ဖူးပါ၏။[၆]

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုကံကို အားထုတ်သော ပုဂ္ဂိုလ်သည် ရှိခဲ့ပါမူ "အခြားမဲ့၌ အကျိုး ပေးမြဲသော ကံကို အားထုတ်သော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်ရာ၏"ဟူ၍ မဆိုသင့်။

**အနန္တရာပယုတ္တကထာ ပြီး၏။**

------

၁။ အကြင်ပုဂ္ဂိုလ်သည် ခန္ဓာပျက်စီးသည်၏ အခြားမဲ့၌ အကျိုးကို ပေးတတ်သော မာတုဃာတက စသော အနန္တရိယကံကို စေခိုင်းအပ်၏၊ ထိုသို့စေခိုင်းရာ၌ အကြင်ပုဂ္ဂိုလ်၏ မြဲသော စေခိုင်းခြင်းဖြင့် စေခိုင်းခံရသူသည် ထိုကံကို မချွတ်ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အတ္ထသာဓိကစေတနာကို ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် မိစ္ဆတ္တနိယတပုဂ္ဂိုလ် မည်၏၊ မဂ်တည်းဟူသော သမ္မတ္တနိယာမသို့ သက်ရောက်ခြင်းငှါ မထိုက်တန်တော့ပြီ၊ အကြင်ပုဂ္ဂိုလ်၏ မမြဲသော စေခိုင်းခြင်းဖြင့် စေခိုင်းခံရသူသည် ထိုကံကို ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အကျိုးကို ပြီးစေတတ်သော အတ္ထသာဓိကစေတနာကို မဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် မိစ္ဆတ္တနိယတပုဂ္ဂိုလ်မဟုတ် သမ္မတ္တနိယာမသို့ သက်ရောက်ခြင်းငှါ ထိုက်၏၊ ဤကား သကသမယ၌ ဆုံးဖြတ်ကြောင်း စကားတည်း။ ဤသို့ ဝေဖန်ဆုံးဖြတ်ခြင်းကို မပြုဘဲ မာတုဃာတက စသည်ကို ပြုခြင်း၌ မမြဲသော စေခိုင်းခြင်းဖြင့်လည်း သမ္မတ္တနိယာမသို့ သက်ရောက်ခြင်းငှါ မထိုက်တန်တော့သည်သာတည်းဟု အယူရှိသော ဥတ္တရာပထကိုဏ်းဝင် ပရဝါဒီတို့၏ အယူဝါဒကို ပယ်ဖျက်လိုသော သကဝါဒီဆရာသည် ပုစ္ဆပက္ခကို ပေး၍ ပရဝါဒီကို မိမိအား မေးစေလျက် ဤကထာကို ဟောတော်မူသည်။
၂။ အတ္တသာဓိကစေတနာ မရှိခြင်းကို ရည်ရွယ်၍ ဝန်ခံသည်။

၃။ နိယာမနှစ်မျိုးလုံးသို့ မသက်ရောက်ခြင်းမျှကို ရည်ရွယ်၍ သကဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ အနိယတအာဏတ္တိကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။
၅။ ပရဝါဒီဆရာကား ရှေးအာဏတ္တိဖြင့်ပင် နိယတအဖြစ်ကို မှတ်ထင်သောကြောင့် ဝန်ခံ၏။
၆။ ရုပ်သိမ်းသည်မှ ရှေးကာလ၌ အားထုတ်သည်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

♣

## ၁၃–တေရသမဝဂ် (၁၂၉) ၄–နိယတဿ နိယာမကထာ[၁]

၆၆၃။ သကဝါဒီ။ ။ ခိုင်မြဲသော ပုဂ္ဂိုလ်သည် နိယာမမဂ်သို့ သက်ရောက်ပါသလော။

ပရဝါဒီ။ ။ ဩဝ် သက်ရောက်ပါ၏။[၂]

သကဝါဒီ။ ။ မိစ္ဆတ္တနိယာမ၌ ခိုင်မြဲသော ပုဂ္ဂိုလ်သည် သမ္မတ္တနိယာမမဂ်သို့ သက်ရောက်ပါသလော၊ သမ္မတ္တနိယာမ၌ ခိုင်မြဲသောပုဂ္ဂိုလ်သည် မိစ္ဆတ္တနိယာမမဂ်သို့ သက်ရောက်ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ခိုင်မြဲသော ပုဂ္ဂိုလ်သည် နိယာမမဂ်သို့ သက်ရောက်ပါသလော။

ပရဝါဒီ။ ။ ဩဝ် သက်ရောက်ပါ၏။

သကဝါဒီ။ ။ ရှေးအခါ၌ မဂ်ကို ပွါးများစေ၍ နောက်အခါ၌ မဂ်သို့ သက်ရောက်ပါသလော။[၄]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေးအခါ၌ သောတာပတ္တိမဂ်ကို ပွါးများစေ၍ နောက်အခါမှ သောတာပတ္တိနိယာမ မဂ်သို့ သက်ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေးအခါ၌ သကဒါဂါမိမဂ်ကို။ပ။ အနာဂါမိမဂ်ကို။ပ။ အရဟတ္တမဂ်ကို ပွါးများစေ၍ နောက်အခါမှ အရဟတ္တမဂ်သို့ သက်ရောက်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေးအခါ၌ သတိပဋ္ဌာန်ကို။ပ။ သမ္မပ္ပဓာန်ကို။ပ။ ဣဒ္ဓိပါဒ်ကို။ပ။ ဣန္ဒြေကို။ပ။ ဗိုလ်ကို။ပ။ ဗောဇ္ဈင်ကို ပွါးများစေ၍ နောက်အခါမှ မဂ်သို့ သက်ရောက်ပါသလော။[၅]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၆၄။ ပရဝါဒီ။ ။ "ခိုင်မြဲသော ပုဂ္ဂိုလ်သည် နိယာမမဂ်သို့ သက်ရောက်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဘုရားအလောင်းသည် ထိုဘဝ၌ တရားကို မသိခြင်းငှါ ထိုက်ပါသလော။[၆]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ခိုင်မြဲသော ပုဂ္ဂိုလ်သည် နိယာမမဂ်သို့ သက်ရောက်၏။

**နိယတဿ နိယာမကထာ ပြီး၏။**

------

၁။ အနန္တရိယကံသည် မိစ္ဆတ္တနိယာမ၊ အရိယမဂ်သည် သမ္မတ္တနိယာမ ဤနိယာမနှစ်ပါးမှတစ်ပါး အခြားနိယာမမည်သည် မရှိတော့ပေ၊ ကြွင်းကျန်သမျှ တေဘူမကတရားအားလုံးတို့သည် အနိယတတရားတို့ မည်ကုန်၏၊ ထိုအနိယတ မည်သော တရားနှင့် ပြည့်စုံသူသည်လည်း အနိယတပုဂ္ဂိုလ် မည်၏၊ သို့သော်လည်း ဘုရားရှင်တို့သည် မိမိ၏ ဉာဏ်တော်စွမ်းဖြင့် ဤသတ္တဝါသည် နောင်အခါ ဗောဓိဉာဏ်သို့ ရောက်လတ္တံ့ဟု ပြောကြားအပ်ပြီးသူ ဗောဓိသတ္တကိုလည်း ကောင်းမှုကုသိုလ် များပြားသည်၏ အဖြစ်ကြောင့် နိယတပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ ဤသို့သော ဝေါဟာရမျှကိုယူ၍ ပစ္ဆိမဘဝိက ဗောဓိသတ္တသည် ထိုနောက်ဆုံးဘဝ၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ ထိုက်၏ဟူသော အလိုဖြင့် ခိုင်မြဲသူ နိယတပုဂ္ဂိုလ်သည် နိယာမမဂ်သို့ ရောက်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယ အပရသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ တစ်ပါးသော နိယာမဖြင့် ခိုင်မြဲသူအား လေးပါးသော နိယာမ မရှိခြင်းကို ပြလို၍ ဤပုစ္ဆာကို သကဝါဒီက တက်သည်။

၃။ တစ်ပါးသော နိယာမဖြင့် ခိုင်မြဲသူအား တစ်ပါးသော နိယာမ၏ မရှိခြင်းကို ပြလို၍ ဤပုစ္ဆာကို တက်သည်။

၄။ နိယာမအပြားကို ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။

၅။ တစ်ခုသော နိယာမ၌ ဓမ္မဘေဒကို ပြလို၍ ဤပုစ္ဆာကို တက်သည်။

၆။ ပရဝါဒီ၏ ဤစကားသည် သက်သက် ဗောဓိသတ္တ၏ သစ္စာလေးပါးကို ထိုးထွင်းသိရန် ထိုက်သည်၏အဖြစ်ကိုသာ ပြသည်၊ နိယတပုဂ္ဂိုလ်၏ နိယာမသို့ သက်ရောက်သည်ကို ပြသည် မဟုတ်၊ ထို့ကြောင့် ပရဝါဒီ၏ စကားသည် သာဓက မထိုက်ပါ။

♣

## ၁၃–တေရသမဝဂ် (၁၃၀) ၅–နိဝုတကထာ[၁]

၆၆၅။ သကဝါဒီ။ ။ (နီဝရဏတို့ ဖြင့်) ပိတ်ပင်အပ်သော သူသည် နီဝရဏကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ တပ်မက်သူသည် ရာဂကို ပယ်စွန့်ပါသလော၊ ပြစ်မှားသူသည် ဒေါသကို ပယ်စွန့်ပါသလော၊ တွေဝေသူသည် မောဟကို ပယ်စွန့်ပါသလော၊ ညစ်နွမ်းသူသည် ကိလေသာတို့ကို ပယ်စွန့်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂဖြင့် ရာဂကို ပယ်စွန့်ပါသလော၊ ဒေါသဖြင့် ဒေါသကို ပယ်စွန့်ပါသလော၊ မောဟဖြင့် မောဟကို ပယ်စွန့်ပါသလော၊ ကိလေသာတို့ ဖြင့် ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂသည် စိတ်နှင့် ယှဉ်သည် ဖြစ်၍ မဂ်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂသည် အကုသိုလ်ဖြစ်၍ မဂ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၆၆။ သကဝါဒီ။ ။ အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူ အားဖြင့် တူသော အဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလေးမျိုးတို့သည် အလွန့်အလွန်ဝေးသော အရာတို့ပေတည်း။ အဘယ်လေးမျိုးတို့နည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း (ရှိ၏)။ ဤကောင်းကင်နှင့် မြေကြီးသည် အလွန့်အလွန်ဝေးသော ပထမအရာပေတည်း။ပ။ ထို့ကြောင့် သူတော် ကောင်းတို့၏တရားသည် မသူတော်တို့မှ ဝေးကွာ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၃]

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကုသိုလ်အကုသိုလ်တို့သည်။ပ။ မျက်မှောက်အဖြစ်သို့ ရောက်ကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ (နီဝရဏတို့ ဖြင့်) ပိတ်ပင်အပ်သော သူသည် နီဝရဏကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ "ထိုရဟန်းသည် ဤသို့ စိတ်သည် တည်ကြည်လတ်သော် ထက်ဝန်းကျင် စင်ကြယ် လတ်သော် ထက်ဝန်းကျင် ဖြူစင်လတ်သော် အညစ်အကြေး မရှိလတ်သော် ညစ်ညမ်းမှု (ကိလေသာ) ကင်းလတ်သော် နူးညံ့သည်ဖြစ်၍ ဖြစ်လတ်သော် အမှု၌ ခံ့လတ်သော်

တည်တံ့လတ်သော် မတုန် မလှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝတို့၏ ကုန်ရာ (အရဟတ္တဖိုလ်) ကို သိခြင်းငှါ စိတ်ကို ရှေးရှု ညွတ်စေ၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် “(နီဝရဏတို့ ဖြင့်) ပိတ်ပင်အပ်သော သူသည် နီဝရဏကို ပယ်စွန့်၏”ဟူ၍ မဆိုသင့်။

၆၆၇။ ပရဝါဒီ။ ။ “နီဝရဏတို့ဖြင့် ပိတ်ပင်အပ်သော သူသည် နီဝရဏကို ပယ်စွန့်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ “ဤသို့သိသော ဤသို့မြင်သော ထိုပုဂ္ဂိုလ်၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏။ပ။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။[၄]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် (နီဝရဏဖြင့်) ပိတ်ပင်အပ်သော သူသည် နီဝရဏကို ပယ်စွန့်၏။

**နိဝုတကထာ ပြီး၏။**

------

၁။ စင်ကြယ်ပြီးပုဂ္ဂိုလ်အား တစ်ဖန် စင်ကြယ်ခြင်းကိစ္စ မရှိခြင်းကြောင့် နီဝရဏတို့ဖြင့် ဖုံးလွှမ်းမြှေးယှက်အပ်သူသည်သာ နီဝရဏကို စွန့်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထကိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤနိဝုတကထာကို ဟောတော်မူသည်။
၂။ နီဝရဏတို့ဖြင့် မြှေးယှက်အပ်သူ၏ နီဝရဏကို ပယ်စွန့်ခြင်း၌ အပြစ်ကို ပြလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ဝိက္ခမ္ဘနဝိသုဒ္ဓိဖြင့် စင်ကြယ်သူ၏ သမုစ္ဆေဒဝိသုဒ္ဓိကို ပြလို၍ ဤစကားကို ဆိုသည်။
၄။ ပရဝါဒီ၏ ဤစကားသည် သိသူမြင်သူ၏ အာသဝက္ခယကိုသာ ပြ၏၊ နီဝရဏမြှေးယှက်သူ၏ နီဝရဏကို ပယ်စွန့်ခြင်းကို မပြ၊ ထို့ကြောင့် သာဓက မထိုက်ပါ။

♣

## ၁၃–တေရသမဝဂ် (၁၃၁) ၆–သမ္မုခီဘူတကထာ

၆၆၈။ သကဝါဒီ။ ။ (သံယောဇဉ်တို့၏) မျက်မှောက်ဖြစ်သော သူသည် သံယောဇဉ်ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ တပ်မက်သူသည် ရာဂကို ပယ်စွန့်ပါသလော၊ ပြစ်မှားသူသည် ဒေါသကို ပယ်စွန့်ပါသလော၊ တွေဝေသူသည် မောဟကို ပယ်စွန့်ပါသလော၊ ညစ်နွမ်းသူသည် ကိလေသာကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂဖြင့် ရာဂကို ပယ်စွန့်သလော၊ ဒေါသဖြင့် ဒေါသကို ပယ်စွန့်သလော၊ မောဟဖြင့် မောဟကို ပယ်စွန့်သလော၊ ကိလေသာတို့ဖြင့် ကိလေသာတို့ကို ပယ်စွန့်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂသည် စိတ်နှင့် ယှဉ်သည် ဖြစ်၍ မဂ်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ သြော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂသည် အကုသိုလ်ဖြစ်၍ မဂ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၆၉။ သကဝါဒီ။ ။ ကုသိုလ်အကုသိုလ်တို့သည်။ပ။ မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလေးမျိုးတို့သည် အလွန့်အလွန်ဝေးသော အရာတို့ပေတည်း။ အဘယ်လေးမျိုးတို့ပေနည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း (ရှိ၏)။ ဤကောင်းကင်နှင့် မြေကြီးသည် အလွန့်အလွန်ဝေးသော ပထမအရာပေတည်း။ပ။ ထို့ကြောင့် သူတော်ကောင်းတို့၏ တရားသည် မသူတော်တို့မှ ဝေး၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကုသိုလ်အကုသိုလ်တို့သည်။ပ။ မျက်မှောက်အဖြစ်သို့ ရောက်ကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ (သံယောဇဉ်တို့၏) မျက်မှောက်ဖြစ်သော သူသည် သံယောဇဉ်ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ "ထိုရဟန်းသည် ဤသို့ စိတ်တည်ကြည်လတ်သော်။ပ။ အာသဝတို့၏ ကုန်ရာ အရဟတ္တဖိုလ်ကို သိခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် "(သံယောဇဉ်တို့၏) မျက်မှောက်ဖြစ်သော သူသည် သံယောဇဉ်ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

၆၇၀။ ပရဝါဒီ။ ။ "(သံယောဇဉ်တို့၏) မျက်မှောက်ဖြစ်သော သူသည် သံယောဇဉ်ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ဤသို့သိသော ဤသို့ မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏။ပ။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် (သံယောဇဉ်တို့၏) မျက်မှောက်ဖြစ်သော သူသည် သံယောဇဉ်ကို ပယ်စွန့်၏။

**သမ္မုခီဘူတကထာ ပြီး၏။**

------

## ၁၃–တေရသမဝဂ် (၁၃၂) ၇–သမာပန္နော အဿာဒေတိကထာ[၁]

၆၇၁။ သကဝါဒီ။ ။ သမာပတ်ဝင်စားသူသည် သာယာသည် ဖြစ်၍ ဈာန်၌ သာယာနှစ်သက်မှုသည် ဈာန်လျှင် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုဈာန်သည် ထိုဈာန်၏ အာရုံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ထိုဈာန်သည် ထိုဈာန်၏ အာရုံလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဖဿဖြင့် ထိုဖဿကို တွေ့ထိပါသလော၊ ထိုဝေဒနာဖြင့် ထိုဝေဒနာကို ခံစားပါသလော၊ ထိုသညာဖြင့် ထိုသညာကို မှတ်သားပါသလော၊ ထိုစေတနာဖြင့် ထိုစေတနာကို စေ့ဆော်ပါသလော၊ ထိုစိတ်ဖြင့် ထိုစိတ်ကို သိပါသလော၊ ထိုဝိတက်ဖြင့် ထိုဝိတက်ကို ကြံစည်ပါသလော၊ ထိုဝိစာရ ဖြင့် ထိုဝိစာရကို သုံးသပ်ပါသလော၊ ထိုပီတိဖြင့် ထိုပီတိကို နှစ်သက်ပါသလော၊ ထိုသတိဖြင့် ထိုသတိကို အောက်မေ့ပါသလော၊ ထိုပညာဖြင့် ထိုပညာကို သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဈာန်၌ သာယာနှစ်သက်မှုသည် စိတ်နှင့် ယှဉ်သည် ဖြစ်၍ ဈာန်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် ယှဉ်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဈာန်၌ သာယာနှစ်သက်မှုသည် အကုသိုလ်ဖြစ်၍ ဈာန်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၇၂။ သကဝါဒီ။ ။ အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူ အားဖြင့် တူသောအဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလေးမျိုးတို့သည် အလွန့်အလွန်ဝေးသော အရာတို့ပေတည်း။ အဘယ်လေးမျိုးတို့နည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း (ရှိ၏)။ ဤကောင်းကင်နှင့် မြေကြီးသည် အလွန့်အလွန်ဝေးသော ပဌမအရာပေတည်း။ပ။ ထို့ကြောင့် သူတော် ကောင်းတို့၏ တရားသည် မသူတော်တို့မှ ဝေး၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "အပြစ်ရှိကုန်အပြစ်မရှိကုန်သော အယုတ်အမြတ်ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော ကုသိုလ်အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ကုန်၏"ဟူ၍ မဆိုသင့်။

၆၇၃။ ပရဝါဒီ။ ။ "သမာပတ်ဝင်စားသော သူသည် သာယာသည် ဖြစ်၍ ဈာန်၌ သာယာ နှစ်သက်မှုသည် ဈာန်လျှင် အာရုံရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ၊

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုရဟန်းသည် ထိုဈာန်ကို သာယာ၏၊ ထိုဈာန်ကို လိုလား၏၊ ထိုဈာန်ဖြင့် နှစ်သက်ခြင်းသို့ ရောက်၏၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို

ပြည့်စုံစေ၍ နေ၏၊ ထိုရဟန်းသည် ထိုဈာန်ကို သာယာ၏၊ ထိုဈာန်ကို လိုလား၏၊ ထိုဈာန်ဖြင့် နှစ်သက်ခြင်းသို့ ရောက်၏" ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၃]

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် သမာပတ်ဝင်စားသော သူသည် သာယာသည် ဖြစ်၍ ဈာန်၌ နှစ်သက်မှုသည် ဈာန်လျှင် အာရုံရှိ၏။

**သမာပန္နော အဿာဒေတိကထာ ပြီး၏။**

------

၁။ 'ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သောတဒဿာဒေတိ' ဤသို့စသော စကားကို အမှီပြု၍ သမာပတ်ဝင်စားသူသည် သာယာ၏၊ ထိုဈာန်ဝင်စားသူ၏ ဈာန်၌ ထိုသာယာမှုသည် ဈာန်လျှင် အာရုံရှိ၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ထိုဈာန်၏ ထိုဈာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို မမြင်ရကား ပါဠိတော်၌ ဆန့်ကျင်အံ့သည်မှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ ပရဝါဒီ၏ ဤစကားသည် မိမိရသော ဈာန်မှ ထ၍ မိမိရသော ဈာန်ကို သာယာခြင်းကိုသာ ပြီးစေ၍ သမာပတ်၏ အတွင်း၌ ဈာန်ကို တပ်မက်သော တဏှာ၏ ဈာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို မပြီးစေ၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၃–တေရသမဝဂ် (၁၃၃) ၈–အသာတရာဂကထာ[၁]

၆၇၄။ သကဝါဒီ။ ။ သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သတ္တဝါတို့သည် ဆင်းရဲ၌ လွန်စွာနှစ်သက်ပါကုန်သလော၊ ဆင်းရဲကို တောင့်တ ကုန်သော, နှစ်သက်ကုန်သော, ရှာကုန်သော, ရှာဖွေကုန်သော, ရှာမှီးကုန်သော, ဆင်းရဲကို သိမ်းပိုက်၍ တည်ကုန်သော အချို့သတ္တဝါတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတ္တဝါတို့သည် ချမ်းသာကို လွန်စွာနှစ်သက်ကုန်သည် မဟုတ်ပါလော၊ ချမ်းသာကို တောင့်တကုန်သော, နှစ်သက်ကုန်သော, ရှာကုန်သော, ရှာဖွေကုန်သော, ရှာမှီးကုန်သော, ချမ်းသာကို သိမ်းပိုက်၍ တည်ကုန်သော အချို့သော သတ္တဝါတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သတ္တဝါတို့သည် ချမ်းသာကို လွန်စွာနှစ်သက်ကုန်မူ ချမ်းသာကို တောင့်တကုန်သော, နှစ်သက်ကုန်သော, ရှာကုန်သော, ရှာဖွေကုန်သော, ရှာမှီးကုန်သော, ချမ်းသာကို သိမ်းပိုက်၍ တည်ကုန်သော အချို့သတ္တဝါတို့သည် ရှိကုန်မူ "သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဒုက္ခဝေဒနာ၌ ရာဂါနုသယသည် ကိန်းအောင်းပါသလော၊ သုခဝေဒနာ၌ ပဋိဃာ နုသယသည် ကိန်းအောင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သုခဝေဒနာ၌ ရာဂါနုသယသည် ကိန်းအောင်းသည် မဟုတ်ပါလော၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယသည် ကိန်းအောင်းသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သုခဝေဒနာ၌ ရာဂါနုသယသည် ကိန်းအောင်းခဲ့ပါမူ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယသည် ကိန်းအောင်းခဲ့ပါမူ "သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိ၏"ဟူ၍ မဆိုသင့်။

၆၇၅။ ပရဝါဒီ။ ။ "သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ထိုသူသည် ဤသို့ ချစ်ခြင်း မုန်းခြင်းသို့ ရောက်လတ်သော် သုခကိုလည်းကောင်း၊ ဒုက္ခကိုလည်းကောင်း၊ အဒုက္ခမသုခကိုလည်းကောင်း အလုံးစုံသော ဝေဒနာကို ခံစား၏။ ထိုသူသည် ထိုဝေဒနာကို အလွန်နှစ်သက်၏၊ အလွန်ပြောဆို၏၊ သိမ်းပိုက်၍ တည်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၁]

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် သာယာဖွယ် မဟုတ်သည်၌ တပ်မက်မှုသည် ရှိ၏။

**အသာတရာဂကထာ ပြီး၏။**

------

၁။ 'ယံကိဉ္စိ ဝေဒနံ ဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ သော တံ ဝေဒနံ အဘိနန္ဒတိ အဘိဝဒတိ' ဟူသောသုတ်၌ ဒိဋ္ဌိဟူသော သာယာကြောင်း၏ အစွမ်းအားဖြင့် ဟောအပ်သော အဘိနန္ဒတိဟူသော စကားကို မှီ၍ ဒုက္ခဝေဒနာ၌လည်း ရာဂဿာဒ၏ အစွမ်းအားဖြင့် အလွန်နှစ်သက်သည်၏ အဖြစ်ကြောင့် မသာယာဖွယ်၌ တပ်မက်မှု (အသာတရာဂ) သည်

ရှိ၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤအသာတရာဂကထာကို ဟောတော်မူသည်။

၂။ ပရဝါဒီ၏ သုတ်သည် ဝေဒနာအပေါင်းမှ အသီးအခြားထုတ်၍ ဒုက္ခဝေဒနာကိုသာ အာရုံပြု၍ ရာဂဖြစ်ခြင်း မရှိနိုင်ပါ၊ ဒုက္ခဝေဒနာ အနှိပ်အစက်ခံရသူသည် ထိုဒုက္ခဝေဒနာ၏ ဆန့်ကျင်ဘက် ကာမသုခကို တောင့်တသော်လည်း ဒုက္ခဝေဒနာကို နှစ်သက်သည် မည်၏၊ ဤသို့လျှင် ဒုက္ခဝေဒနာ၌ နှစ်သက်ခြင်း ဖြစ်၏ဟု ဆိုလိုသော သုတ်ဖြစ်၍ သာဓက မထိုက်ပါ။

♣

## ၁၃–တေရသမဝဂ် (၁၃၄) ၉–ဓမ္မတဏှာ အဗျာကတာတိကထာ

၆၇၆။ သကဝါဒီ။ ။ ဓမ္မာရုံ၌ တပ်မက်မှု 'ဓမ္မတဏှာ'သည် အဗျာကတလော။

ပရဝါဒီ။ ။ ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် ဝိပါက်အဗျာကတလော၊ ကိရိယာအဗျာကတလော၊ ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓမ္မတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓမ္မတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဂန္ဓတဏှာသည်။ပ။ ရသတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပတဏှာသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၇၇။ သကဝါဒီ။ ။ ဓမ္မတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ တပ်မက်မှု 'တဏှာ'ကို အကုသိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တပ်မက်မှု 'တဏှာ'ကို အကုသိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ "ဓမ္မတဏှာသည် အဗျာကတတည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဓမ္မတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လိုချင်မှု 'လောဘ'ကို အကုသိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည်ဖြစ်၍ ဓမ္မ တဏှာသည် လိုချင်မှု 'လောဘ' မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လိုချင်မှု 'လောဘ' ကို အကုသိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ခဲ့ပါမူ "ဓမ္မတဏှာသည် အဗျာကတတရား"ဟူ၍ မဆိုသင့်။

၆၇၈။ သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် အဗျာကတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် အဗျာကတတရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် အဗျာကတတရားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၇၉။ သကဝါဒီ။ ။ ဓမ္မတဏှာသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "အကြင်တပ်မက်မှု 'တဏှာ'သည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏၊ နှစ်သက် တပ်စွမ်းမှု ဖြစ်၍ ဖြစ်၏၊ ထိုထိုအာရုံ, ဘုံဘဝတို့ ၌ အလွန်နှစ်သက်တတ်၏။

ထိုတက်မက်မှု 'တဏှာ'သည် အဘယ်နည်း၊ ကာမဂုဏ်အာရုံ၌ တပ်မက်မှု 'ကာမတဏှာ'၊ ရူပအရူပဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝကင်းခြင်း, ပြတ်ခြင်း၌ တပ်မက်မှု 'ဝိဘဝတဏှာ' တည်း"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ဓမ္မတဏှာသည် အဗျာကတ"ဟူ၍ မဆိုသင့်။

၆၈၀။ ပရဝါဒီ။ ။ "ဓမ္မတဏှာသည် အဗျာကတ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုတပ်မက်မှု 'တဏှာ'သည် ဓမ္မတဏှာဖြစ်သည် မဟုတ်ပါလော။[၂]

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုတပ်မက်မှု 'တဏှာ'သည် ဓမ္မတဏှာ ဖြစ်ခဲ့ပါမူ "ဓမ္မတဏှာသည် အဗျာကတတည်း"ဟူ၍ ဆိုသင့်၏။

**ဓမ္မတဏှာ အဗျာကတကထာ ပြီး၏။**

------

၁။ ရူပတဏှာ။ပ။ ဓမ္မတဏှာ ဤခြောက်ပါးတို့တွင် နောက်ဆုံးဖြစ်သော တဏှာကို ဓမ္မတဏှာဟု ဆိုသောကြောင့် ထိုဓမ္မတဏှာသည် အဗျာကတတည်းဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ သာ ဓမ္မတဏှာဟူသော ပုဒ်သည် တဏှာ၏ ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ခြင်းကိုသာပြ၏၊ အဗျာကတ အဖြစ်ကို ပြသည် မဟုတ်၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၃–တေရသမဝဂ် (၁၃၅) ၁၀–ဓမ္မတဏှာ န ဒုက္ခသမုဒယောတိကထာ[၁]

၆၈၁။ သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဂန္ဓတဏှာသည်။ပ။ ရသတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရူပတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဂန္ဓတဏှာသည်။ပ။ ရသတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၈၂။ သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ တပ်မက်မှု 'တဏှာ'သည် ဆင်းရဲဖြစ်ကြောင်းတည်းဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တပ်မက်မှု 'တဏှာ'သည် ဆင်းရဲဖြစ်ကြောင်းတည်းဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်ပါမူ "ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာ မဟုတ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လိုချင်မှု 'လောဘ'သည် ဆင်းရဲဖြစ်ကြောင်းတည်းဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ လိုချင်မှု 'လောဘ'သည် ဆင်းရဲဖြစ်ကြောင်းတည်းဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ခဲ့ပါမူ "ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်"ဟူ၍ မဆိုသင့်။

ဖ၈၃။ သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် ဆင်းရဲဖြစ်ကြောင်း မဟုတ် သော တဏှာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရူပတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဂန္ဓတဏှာသည်။ပ။ ရသတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်ပါလျက် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ ဆင်းရဲဖြစ်ကြောင်းလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ ဆင်းရဲဖြစ်ကြောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ ဆင်းရဲဖြစ် ကြောင်းလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဓမ္မတဏှာသည် လိုချင်မှု 'လောဘ' ဖြစ်၍ ဆင်းရဲဖြစ်ကြောင်းလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ဖ၈၄။ သကဝါဒီ။ ။ ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း မဟုတ်သော တဏှာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကြင်တပ်မက်မှု 'တဏှာ'သည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏၊ နှစ်သက် တပ်စွမ်းမှု ဖြစ်၍ ဖြစ်၏၊ ထိုထိုအာရုံ, ဘုံဘဝတို့၌ အလွန်နှစ်သက်တတ်၏။ ထိုတပ်မက်မှု 'တဏှာ'ဟူသည် အဘယ်နည်း၊ ကာမဂုဏ် အာရုံတို့၌ တပ်မက်မှု 'ကာမတဏှာ'၊

ရူပအရူပဘဝ၌ တပ်မက်မှု ‘ဘဝတဏှာ’၊ ဘဝကင်းခြင်း ပြတ်ခြင်း၌ တပ်မက်မှု ‘ဝိဘဝတဏှာ’တို့တည်း”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် “ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာ မဟုတ်”ဟူ၍ မဆိုသင့်။

၆၈၅။ ပရဝါဒီ။ ။ “ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာ မဟုတ်”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထိုတပ်မက်မှု ‘တဏှာ’သည် ဓမ္မတဏှာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုတပ်မက်မှု ‘တဏှာ’သည် ဓမ္မတဏှာ ဖြစ်ခဲ့ပါမူ “ဓမ္မတဏှာသည် ဆင်းရဲဖြစ်ကြောင်း တဏှာ မဟုတ်”ဟူ၍ မဆိုသင့်။

**ဓမ္မတဏှာ န ဒုက္ခသမုဒယောတိကထာ ပြီး၏။**

**တေရသမဝဂ် ပြီး၏။**

------

၁။ သာဓမ္မတဏှာဟု ဆိုသောကြောင့် ဓမ္မတဏှာသည် ဒုက္ခဖြစ်ကြောင်း သမုဒယ မဟုတ်ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောသည်။

♣

## ၁၄–စုဒ္ဒသမဝဂ် (၁၃၆) ၁–ကုသလာကုသလပဋိသန္ဒဟနကထာ[၁]

၆၈၆။ သကဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း ‘မူလ’သည် ကုသိုလ်အကြောင်းရင်း ‘မူလ’နှင့် ဆက်စပ် ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်မှုသည်။ပ။ တောင့်တမှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု။ပ။ တောင့်တမှုသည်ပင် ကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါလည်း (ဖြစ်ပါသလော)။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း'မူလ'သည် ကုသိုလ်အကြောင်းရင်း'မူလ'နှင့် ဆက်စပ်သည် ဖြစ်၍ အကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ တောင့်တမှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု။ပ။ ထိုတောင့်တမှုသည်ပင် ကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါလည်း (ဖြစ်၏)ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ မတောင့်တသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ ကုသိုလ်သည် ဆင်ခြင်သူအား ဖြစ်သည် မဟုတ်ပါလော။ပ။ တောင့်တသူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကုသိုလ်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ။ပ။ တောင့်တသူအား ဖြစ်ခဲ့ပါမူ "အကုသိုလ်အကြောင်းရင်း'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်၏ဟူ၍ မဆိုသင့်။

၆၈၇။ သကဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း 'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ' နှင့် ဆက်စပ် ပါသလော။

ပရဝါဒီ။ ။ သြော် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း 'မူလ'သည် မသင့်မတင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်သည် မသင့်မတင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်သည် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းသူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကုသိုလ်သည် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းသူအား ဖြစ်ခဲ့ပါမူ "အကုသိုလ်အကြောင်းရင်း 'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ' နှင့် ဆက်စပ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း 'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ ကာမသညာ၏ အခြားမဲ့၌ နေက္ခမ္မသညာသည် ဖြစ်ပါသလော၊ ဗျာပါဒသညာ၏ အခြားမဲ့၌ အဗျာပါဒသညာသည် ဖြစ်ပါသလော၊ ဝိဟိံသာသညာ၏ အခြားမဲ့၌ အဝိဟိံသာသညာသည် ဖြစ်ပါသလော၊ ဗျာပါဒ၏ အခြားမဲ့၌ မေတ္တာသည် ဖြစ်ပါသလော၊ ဝိဟိံသာ၏ အခြားမဲ့၌ ကရုဏာသည် ဖြစ်ပါသလော၊ အရတိ၏ အခြားမဲ့၌ မုဒိတာသည် ဖြစ်ပါသလော၊ ပဋိဃ၏ အခြားမဲ့ ဥပေက္ခာသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၈၈။ သကဝါဒီ။ ။ ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ် ပါသလော။

ပရဝါဒီ။ ။ သြော် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ တောင့်တမှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု။ပ။ တောင့်တမှုသည်ပင် အကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်သည် ဖြစ်ပါလျက် ကုသိုလ်ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ တောင့်တမှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု။ပ။ တောင့်တမှုသည်ပင် အကုသိုလ်၏ ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်၏ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အကုသိုလ်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ မတောင့်တသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်သည် ဆင်ခြင်သူအား ဖြစ်သည် မဟုတ်ပါလော။ပ။ ဆုတောင်းသူအား ဖြစ်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကုသိုလ်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ တောင့်တသူအား ဖြစ်ခဲ့မူ "ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်၏"ဟူ၍ မဆိုသင့်။

၆၈၉။ သကဝါဒီ။ ။ ကုသိုလ်အကြောင်းရင်း'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်ပါသလော။

ပရဝါဒီ။ ။ သြော် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ်သည် အသင့်အတင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်သည် အသင့်အတင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်သည် မသင့်မတင့် နှလုံးသွင်းသူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကုသိုလ်သည် မသင့်မတင့် နှလုံးသွင်းသူအား ဖြစ်ခဲ့ပါမူ "ကုသိုလ် အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ' နှင့် ဆက်စပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆက်စပ်ပါ၏။

သကဝါဒီ။ ။ နေက္ခမ္မသညာ၏ အခြားမဲ့၌ ကာမသညာသည် ဖြစ်ပါသလော၊ အဗျာပါဒသညာ၏ အခြားမဲ့၌ ဗျာပါဒသညာသည် ဖြစ်ပါသလော၊ အဝိဟိံသာသညာ၏ အခြားမဲ့ ဝိဟိံသာသညာသည် ဖြစ်ပါသလော၊ မေတ္တာ၏ အခြားမဲ့၌ ဗျာပါဒသည် ဖြစ်ပါသလော၊ ကရုဏာ၏ အခြားမဲ့၌ ဝိဟိံသာသည် ဖြစ်ပါသလော၊ မုဒိတာ၏ အခြားမဲ့၌ အရတိသည် ဖြစ်ပါသလော၊ ဥပေက္ခာ၏ အခြားမဲ့၌ ပဋိဃသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၉၀။ ပရဝါဒီ။ ။ အကုသိုလ်အကြောင်းရင်း 'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ'နှင့်ဆက်စပ်သည် ဖြစ်၍ ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်၏ဟူ၍ မဆိုသင့်ပါလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အကြင်အရာဝတ္ထု၌ပင် တပ်နှစ်သက်၏၊ ထိုအရာဝတ္ထု၌ပင် တပ်နှစ်သက်ခြင်း ကင်းသည် ဖြစ်၍ အကြင်အရာဝတ္ထု၌ပင် တပ်နှစ်သက်ခြင်း ကင်း၏၊ ထိုအရာဝတ္ထု၌ပင် တပ်နှစ်သက်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကြင်အရာဝတ္ထု၌ပင် တပ်နှစ်သက်၏၊ ထိုအရာဝတ္ထု၌ပင် တပ်နှစ်သက်ခြင်း ကင်းသည် ဖြစ်၍ အကြင်အရာဝတ္ထု၌ပင် တပ်နှစ်သက်ခြင်း ကင်း၏၊ ထိုအရာဝတ္ထု၌ပင် တပ်နှစ်သက်သည် ဖြစ်ခဲ့မူ ထို့ကြောင့် "အကုသိုလ်အကြောင်းရင်း 'မူလ'သည် ကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်သည် ဖြစ်၍ ကုသိုလ်အကြောင်းရင်း 'မူလ'သည် အကုသိုလ်အကြောင်းရင်း 'မူလ'နှင့် ဆက်စပ်၏"ဟူ၍ ဆိုသင့်၏။

**ကုသလာကုသလပဋိသန္ဓဟနကထာ ပြီး၏။**

------

၁။ သတ္တဝါသည် တစ်ခုတည်းသော အာရုံဝတ္ထု၌ပင် တပ်မက်လည်း တပ်မက်၏၊ တပ်မက်ခြင်းလည်း ကင်း၏၊ ထို့ကြောင့် ကုသိုလ် အကုသိုလ်သည် အချင်းချင်း

ဆက်စပ်တတ်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ အာဝဇ္ဇန်းနှင့် ကင်း၍ ကုသိုလ် မဖြစ်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၃။ အကုသိုလ်၏ အခြားမဲ့၌ ကုသိုလ်ဖြစ်ခဲ့မူ အကုသိုလ်အာဝဇ္ဇန်းဖြင့်ပင် မသင့်မတင့် နှလုံးသွင်းသူအားဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၄-စုဒ္ဒသမဝဂ် (၁၃၇) ၂-သဠာယတနုပ္ပတ္တိကထာ[၁]

၆၉၁။ သကဝါဒီ။ ။ အာယတနခြောက်ပါးသည် မရေးမနှောင်း (တစ်ပြိုင်နက်) အမိဝမ်း၌ တည်ပါသလော။

ပရဝါဒီ။ ။ ဩဝ် တည်ပါ၏။

သကဝါဒီ။ ။ အလုံးစုံ အင်္ဂါကြီးငယ်ရှိသည် ဖြစ်၍ မယုတ်လျော့သော ဣန္ဒြေရှိသူသည် အမိဝမ်း၌ သက်ရောက်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသောစိတ်နှင့် (အတူ) စက္ခာယတနသည် တည်ပါသလော။

ပရဝါဒီ။ ။ ဩဝ် တည်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသောစိတ်နှင့် (အတူ) လက်တို့သည် တည်ပါကုန်သလော၊ ခြေတို့သည် တည်ပါကုန်သလော၊ ဦးခေါင်းသည် တည်ပါသလော၊ နားရွက်သည် တည်ပါသလော၊ နှာခေါင်းသည် တည်ပါသလော၊ ခံတွင်း (ပါးစပ်) သည် တည်ပါသလော၊ သွားတို့သည် တည်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသောစိတ်နှင့် (အတူ) သောတာယတနသည်။ပ။ ဃာနာယတနသည်။ပ။ ဇိဝှါယတနသည် တည်ပါသလော။

ပရဝါဒီ။ ။ ဩဝ် တည်ပါ၏။

သကဝါဒီ။ ။ ပဋိသန္ဓေကို ရှာဖွေသောစိတ်နှင့် (အတူ) လက်တို့သည် တည်ပါကုန်သလော၊ ခြေတို့သည် တည်ပါကုန်သလော၊ ဦးခေါင်းသည် တည်ပါသလော၊ နားရွက်သည် တည်ပါသလော၊ နှာခေါင်းသည် တည်ပါသလော၊ ခံတွင်း (ပါးစပ်) သည် တည်ပါသလော၊ သွားတို့သည် တည်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၉၂။ ပရဝါဒီ။ ။ အမိဝမ်း၌ ကိန်းသော သတ္တဝါအား စက္ခာယတနသည် နောက်မှ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အမိဝမ်း၌ မျက်စိကို ရဖို့ရန် ကံကို ပြုလုပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ အမိဝမ်း၌ ကိန်းသော သတ္တဝါအား သောတာယတနသည်။ပ။ ဃာနာယတနသည်။ပ။ ဇိဝှါယတနသည် နောက်မှ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အမိဝမ်း၌ လျှာကို ရဖို့ရန် ကံကို ပြုလုပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အမိဝမ်း၌ ကိန်းသော သတ္တဝါအား ဆံပင်တို့သည် အမွေးတို့သည် ခြေသည်း လက်သည်းတို့သည် သွားတို့သည် အရိုးတို့သည် နောက်မှ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အမိဝမ်း၌ အရိုးကို ရဖို့ရန် ကံကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "အမိဝမ်း၌ ကိန်းသော သတ္တဝါအား ဆံပင်တို့သည် အမွေးတို့သည် ခြေသည်း လက်သည်းတို့သည် သွားတို့သည် အရိုးတို့သည် နောက်မှ ဖြစ်ကုန်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ကလလရေကြည် ရှေးဦးစွာ ဖြစ်၏၊ ကလလရေကြည်မှ နောက်၌ အမြှုပ်သည် ဖြစ်၏၊ အမြှုပ်မှ နောက်၌ သားတစ်သည် ဖြစ်၏၊ သားတစ်မှ နောက်၌ အတုံးအခဲသည် ဖြစ်၏။ အတုံးအခဲဖြစ်သည်မှ နောက်၌ ခက်မငါးဖြာတို့သည်လည်းကောင်း၊ ဆံပင် အမွေး ခြေသည်း လက်သည်းတို့သည်လည်းကောင်း ဖြစ်ကုန်၏။ ထိုသတ္တဝါ၏ အမိသည် အကြင်ထမင်းကိုလည်းကောင်း၊ အဖျော်ရေကို လည်းကောင်း၊ စားစရာ ဘောဇဉ်ကို လည်းကောင်း စား၏။ ထိုအမိဝမ်း၌ အမိဝမ်း သို့ ရောက်သော ထိုသတ္တဝါသည် ထိုအမိ စားသောက်သော အစာဖြင့် မျှတ၏"ဟူသော မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အမိဝမ်း၌ ကိန်းသောသတ္တဝါအား ဆံပင် အမွေး ခြေသည်း လက်သည်း သွားအရိုးတို့သည် နောက်မှ ဖြစ်ကုန်၏။

**သဠာယတနုပ္ပတ္တိကထာ ပြီး၏။**

------

၁။ ဥပပါတ်ပဋိသန္ဓေနေသူတို့အား ပဋိသန္ဓေစိတ်နှင့် အတူတကွ အာယတနခြောက်ပါး ဖြစ်သည်၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အဗျတ္တိကာယတနတို့တွင် မနာယတန, ကာယာယတနနှစ်ပါး

စသည်တို့သည်သာ ပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်ကြသည်၊ စက္ခု, သောတ, ဃာန, ဇိဝှါယတန ဤလေးပါးတို့ကား တစ်ဆယ့်တစ်သတ္တာဟ (ခုနစ်ဆယ့်ခုနစ်ရက်မြောက်) ၌ ဖြစ်ပေါ်ကြကုန်၏၊ ထိုစက္ခုစသော အာယတနလေးပါးတို့သည် ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့်လည်းကောင်း၊ အခြားသော ကံကြောင့်လည်းကောင်း ဖြစ်ကြကုန်၏။ ဤကား သကသမယ၌ အယူဝါဒတည်း။ ပရသမယ၌ကား တစ်ခုသော ကံကြောင့် ဖြစ်သည်၏ အဖြစ်ကြောင့် အခက်အလက်နှင့် ပြည့်စုံသော သစ်ပင် စသည်တို့၏ အညွန့်ကဲ့သို့ မျိုးစေ့မျှဖြစ်သော သဠာယတနသည် အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေခဏ၌ပင် ဖြစ်၏ဟု အယူ ရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသဠာယတနကထာကို ဟောတော်မူသည်။

၂။ သဠာယတနရှိခဲ့ပါမူ ဤသို့သဘောရှိသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၄–စုဒ္ဒသမဝဂ် (၁၃၈) ၃–အနန္တရပစ္စယကထာ[၁]

၆၉၃။ သကဝါဒီ။ ။ စက္ခုဝိညာဏ်၏ အခြားမဲ့၌ သောတဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည် (ရှိ၏)၊ ထိုဆင်ခြင်ခြင်းသည်။ပ။ တောင့်တခြင်းသည်ပင် (သောတဝိညာဏ်) ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်၏ အခြားမဲ့၌ သောတဝိညာဏ်သည် ဖြစ်၍ "စက္ခုဝိညာဏ် ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည် (ရှိ၏)၊ ထိုဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည်ပင် သောတဝိညာဏ် ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သောတဝိညာဏ်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ မတောင့်တသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတဝိညာဏ်သည် ဆင်ခြင်သူအား ဖြစ်သည် မဟုတ်ပါသလော။ပ။ တောင့်တ သူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သောတဝိညာဏ်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ။ပ။ တောင့်တသူအား ဖြစ်ခဲ့ပါမူ "စက္ခုဝိညာဏ်၏ အခြားမဲ့၌ သောတဝိညာဏ် ဖြစ်၏"ဟူ၍ မဆိုသင့်။

၆၉၄။ သကဝါဒီ။ ။ စက္ခုဝိညာဏ်၏ အခြားမဲ့၌ သောတဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် အဆင်းနိမိတ်ကို နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ သောတဝိညာဏ်သည် အဆင်းနိမိတ်ကို နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည် ရူပါရုံသာ ရှိ၍ အခြားအာရုံကား မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတဝိညာဏ်သည် ရူပါရုံသာ ရှိ၍ အခြားအာရုံကား မရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ သောတဝိညာဏ်သည် ဖြစ်ပါလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ သောတဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၄]

သကဝါဒီ။ ။ "မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ "မျက်စိကိုလည်းကောင်း၊ အဆင်းတို့ကိုလည်းကောင်း စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ထိုစက္ခုဝိညာဏ်၏ အခြားမဲ့၌ သောတဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စက္ခုဝိညာဏ်သည်ပင် ထိုသောတဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၉၅။ သကဝါဒီ။ ။ သောတဝိညာဏ်၏ အခြားမဲ့၌ ဃာနဝိညာဏ်သည် ဖြစ်ပါသလော။ပ။ ဃာန ဝိညာဏ်၏ အခြားမဲ့၌ ဇိဝှါဝိညာဏ်သည် ဖြစ်ပါသလော။ပ။ ဇိဝှါဝိညာဏ်၏ အခြားမဲ့၌ ကာယဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဇိဝှါဝိညာဏ် ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ တောင့်တမှုသည် ရှိ၏၊ ထိုဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည်ပင် ကာယဝိညာဏ် ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဇိဝှါညာဏ်၏ အခြားမဲ့၌ ကာယဝိညာဏ်သည် ဖြစ်၍ ဇိဝှါညာဏ် ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည် (ရှိ၏)၊ ထိုဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည်ပင် ကာယ ဝိညာဏ် ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဇိဝှါဝိညာဏ်၏ အခြားမဲ့၌ ကာယဝိညာဏ်သည် ဖြစ်၍ "ဇိဝှါဝိညာဏ် ဖြစ်ပေါ်ခြင်းငှါ အကြင်ဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည် (ရှိ၏)၊ ထိုဆင်ခြင်ခြင်း။ပ။ တောင့်တခြင်းသည် ကာယ ဝိညာဏ် ဖြစ်ပေါ်ခြင်းငှါလည်း ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာယဝိညာဏ်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ မတောင့်တသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယဝိညာဏ်သည် ဆင်ခြင်သူအား ဖြစ်သည် မဟုတ်ပါလော။ပ။ တောင့်တသူအား ဖြစ်သည်မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာယဝိညာဏ်သည် ဆင်ခြင်သူအား ဖြစ်ခဲ့မူ။ပ။ တောင့်တသူအား ဖြစ်ခဲ့မူ။ပ။ "ဇိဝှါဝိညာဏ်၏ အခြားမဲ့၌ ကာယဝိညာဏ်သည် ဖြစ်၏"ဟူ၍ မဆိုသင့်။

၆၉၆။ သကဝါဒီ။ ။ ဇိဝှါဝိညာဏ်၏ အခြားမဲ့၌ ကာယဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဓိဂုါဝိညာဏ်သည် ရသာရုံနိမိတ်ကို နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကာယဝိညာဏ်သည် ရသာရုံနိမိတ်ကို နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဓိဂုါဝိညာဏ်သည် ရသာရုံသာ ရှိသည်ဖြစ်၍ အခြားအာရုံ မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာယဝိညာဏ်သည် ရသာရုံသာ ရှိသည်ဖြစ်၍ အခြားအာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လျှာကိုလည်းကောင်း၊ ရသာရုံတို့ကိုလည်းကောင်း စွဲ၍ ဓိဂုါဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ လျှာကိုလည်းကောင်း၊ အရသာတို့ကိုလည်းကောင်း စွဲ၍ ကာယဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လျှာကိုလည်းကောင်း၊ အရသာတို့ကိုလည်းကောင်း စွဲ၍ ကာယဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "လျှာကိုလည်းကောင်း၊ အရသာတို့ကိုလည်းကောင်း စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "လျှာကိုလည်းကောင်း၊ အရသာတို့ကို လည်းကောင်း စွဲ၍ ဓိဂုါဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "လျှာကိုလည်းကောင်း၊ အရသာတို့ကိုလည်းကောင်း စွဲ၍ ဓိဂုါဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့မူ "လျှာကိုလည်းကောင်း၊ အရသာကိုလည်းကောင်း စွဲ၍ ကာယဝိညာဏ်သည် ဖြစ်၏"ဟု မဆိုသင့်။

သကဝါဒီ။ ။ ထိုဓိဂုါဝိညာဏ်၏ အခြားမဲ့၌ ထိုကာယဝိညာဏ်သည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဓိဂုါဝိညာဏ်သည်ပင် ကာယဝိညာဏ် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၆၉၇။ ပရဝါဒီ။ ။ "ဝိညာဏ်ငါးပါးတို့သည် အချင်းချင်း၏ အခြားမဲ့၌ ဖြစ်ကုန်၏"ဟူ၍ မဆိုသင့် ပါသလော။[၅]

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အချို့သော (အကြင်) ပုဂ္ဂိုလ်သည် က၏၊ သီချင်းဆို၏၊ တီးမှုတ်၏၊ အဆင်းကိုလည်း ကြည့်ရှု၏၊ အသံကိုလည်း နားထောင်၏၊ အနံ့ကိုလည်း နမ်းရှူ၏၊ အရသာကိုလည်း လျက်၏၊ အတွေ့ အထိကိုလည်း တွေ့ထိ၏၊ ထိုပုဂ္ဂိုလ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အချို့သော (အကြင်) ပုဂ္ဂိုလ်သည် က၏၊ သီချင်းဆို၏၊ တီးမှုတ်၏၊ အဆင်းကိုလည်း ကြည့်ရှု၏၊ အသံကိုလည်း နားထောင်၏၊ အနံ့ကိုလည်း နမ်းရှူ၏၊ အရသာကိုလည်း လျက်၏၊ အတွေ့ အထိကိုလည်း တွေ့ထိ၏၊ ထိုပုဂ္ဂိုလ်သည် ရှိခဲ့မူ ထိုအကြောင်းကြောင့် "(ဝိညာဏ်) ငါးပါးတို့သည် အချင်း ချင်း၏ အခြားမဲ့၌ ဖြစ်ကုန်၏"ဟူ၍ ဆိုသင့်၏။

**အနန္တရပစ္စယကထာပြီး၏။**

------

၁။ ကခြင်း သီဆိုခြင်း စသည်တို့၌ အဆင်းကို မြင်ခြင်း အသံကို ကြားခြင်းစသည်၏ လျင်သောအပြန်ရှိသည်၏ အဖြစ်ကို မြင်၍ ဤဝိညာဏ်တို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါး၏ အခြားမဲ့၌ ဖြစ်ကုန်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထကိုဏ်းဝင် ပရဝါဒီဆရာတို့ကို ဤအနန္တရပစ္စယကထာကို ဟောတော်မူသည်။
၂။ သောတဝိညာဏ်သည် ရူပါရုံ၏ အခြားမဲ့၌ ဖြစ်ပါမူ ဝိပါက်မနောဓာတ်ကဲ့သို့ ရူပါရုံလျှင် အာရုံရှိသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ သုတ်ပါဠိ၏ မရှိသောကြောင့် ပဋိက္ခေပပြုပြီးမှ အခြားမဲ့၌ ဖြစ်ခြင်းကို မှတ်သား၍ မိမိအယူ၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။
၄။ သုတ်ပါဠိ၏ မရှိသောကြောင့် ပဋိက္ခေပပြုပြီးမှ အခြားမဲ့၌ ဖြစ်ခြင်းကို မှတ်သား၍ မိမိအယူ၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။
၅။ ပရဝါဒီဆရာ၏ ဤစကားသည် အာရုံတို့၏ ပေါင်းဆုံရာ၌ လျင်သော အပြန်ရှိသည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုသော ဝီထိ၏ အကြား၌ ရောပြွမ်းသည်၏ အဖြစ်ကို ပြသည်၊ အနန္တရပစ္စည်းအဖြစ်ကို ပြသည် မဟုတ်၊ ထို့ကြောင့် သာဓက မထိုက်။

## ၁၄–စုဒ္ဒသမဝဂ် (၁၃၉) ၄–အရိယရူပကထာ[၁]

၆၉၈။ သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် မဟာဘုတ်တို့ကို စွဲ၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။

သကဝါဒီ။ ။ မဟာဘုတ်တို့သည် ကုသိုလ်တို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မဟာဘုတ်တို့သည် အဗျာကတတို့လော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။

သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် အဗျာကတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် မဟာဘုတ်တို့ကို စွဲ၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ထိုသို့ ဖြစ်ပါ၏။

သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် အာသဝတို့၏ အာရုံမဟုတ်ပါသလော၊ သံယောဇဉ်တို့၏ အာရုံမဟုတ်ပါသလော၊ ဂန္ထတို့၏ အာရုံမဟုတ်ပါသလော၊ ဩဃတို့၏ အာရုံမဟုတ်ပါသလော၊ ယောဂတို့၏ အာရုံမဟုတ်ပါသလော၊ နီဝရဏတို့၏ အာရုံမဟုတ်ပါသလော၊ ပရာမာသတို့၏ အာရုံမဟုတ်ပါသလော၊ ဥပါဒါန်တို့၏ အာရုံ မဟုတ်ပါသလော၊ ကိလေသာတို့၏ အာရုံမဟုတ်ပါသလော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။

သကဝါဒီ။ ။ မဟာဘုတ်တို့သည် အာသဝတို့၏ အာရုံမဟုတ်ပါကုန်သလော။ပ။ ကိလေသာတို့၏ အာရုံ မဟုတ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မဟာဘုတ်တို့သည် အာသဝတို့၏ အာရုံဖြစ်ကုန်သလော၊ သံယောဇဉ်တို့၏ အာရုံ ဖြစ်ကုန်သလော။ပ။ ကိလေသာတို့၏ အာရုံဖြစ်ကုန်သလော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါကုန်၏။

သကဝါဒီ။ ။ အရိယာတို့၏ ရုပ်သည် အာသဝတို့၏ အာရုံဖြစ်ပါသလော၊ သံယောဇဉ်တို့၏ အာရုံ ဖြစ်ပါသလော။ပ။ ကိလေသာတို့၏ အာရုံဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၆၉၉။ ပရဝါဒီ။ ။ "အရိယာတို့၏ ရုပ်သည် မဟာဘုတ်တို့ကို စွဲ၍ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထိုသို့ မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရုပ်ဟန်းတို့ အလုံးစုံသော ရုပ်ဟူသည် မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို စွဲ၍ (ဖြစ်သော)

ရုပ်သည်လည်းကောင်း (ဖြစ်၏)”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။[၂]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အရိယာတို့၏ ရုပ်သည် မဟာဘုတ်တို့ကို စွဲ၍ (ဖြစ်၏)။

**အရိယရူပကထာ ပြီး၏။**

------

၁။ သမ္မာဝါစာ သမ္မာကမ္မန္တတို့သည် ရုပ်ဖြစ်ကုန်၏၊ ထိုရုပ်သည်လည်း “သဗ္ဗံ ရူပံ စတ္တာရိ မဟာဘူတာနိ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ” ဟူ၍ ဆိုခြင်းကြောင့် ဥပါဒါရုပ်တည်းဟု အယူရှိကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤအရိယရူပကထာကို ဟောတော်မူသည်။

၂။ ဤပရဝါဒီ ဆောင်ပြသော သုတ်သည် မဟာဘုတ်တို့ကို ချန်ထား၍ ကြွင်းသော ရုပ်၏ ဥပါဒါရုပ်အဖြစ်ကိုသာ ပြသည်၊ သမ္မဝါစာ သမ္မာကမ္မန္တတို့၏ ဥပါဒါရုပ်အဖြစ်ကို မပြ၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့၏ ရုပ်အဖြစ်မျှကိုပင် မပြီးစေ၊ ဥပါဒါရုပ်၏ အဖြစ်၌မူ အဘယ်မှာ ပြီးစေနိုင်အံ့နည်း၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၄–စုဒ္ဒသမဝဂ် (၁၄၀) ၅–အညော အနုသယောတိကထာ[၁]

၇၀၀။ သကဝါဒီ။ ။ ကာမရာဂအနုသယသည် တခြား ကာမရာဂသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာမရာဂသည် တခြား ကာမရာဂသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုကာမရာဂသည်ပင် ထိုကာမရာဂသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုကာမရာဂအနုသယသည်ပင် ထိုကာမရာဂသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဋိဃအနုသယသည် တခြား ပဋိဃသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဋိဃသည် တခြား ပဋိဃသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ထိုပဋိဃသည်ပင် ထိုပဋိဃသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုပဋိဃအနုသယသည်ပင် ထိုပဋိဃသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မာနအနုသယသည် တခြား မာနသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မာနသည် တခြား မာနသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုမာနသည် ထိုမာနသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုမာနအနုသယသည်ပင် ထိုမာနသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိအနုသယသည် တခြား ဒိဋ္ဌိသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည် တခြား ဒိဋ္ဌိသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဒိဋ္ဌိသည်ပင် ထိုဒိဋ္ဌိသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဒိဋ္ဌိအနုသယသည်ပင် ထိုဒိဋ္ဌိသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိစိကိစ္ဆာအနုသယသည် တခြား ဝိစိကိစ္ဆာသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိစိကိစ္ဆာသည် တခြား ဝိစိကိစ္ဆာသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဝိစိကိစ္ဆာသည်ပင် ထိုဝိစိကိစ္ဆာသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဝိစိကိစ္ဆာအနုသယသည်ပင် ထိုဝိစိကိစ္ဆာသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘဝရာဂအနုသယသည် တခြားလော၊ ဘဝရာဂသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘဝရာဂသည် တခြား ဘဝရာဂသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုဘဝရာဂသည်ပင် ထိုဘဝရာဂသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဘဝရာဂအနုသယသည်ပင် ထိုဘဝရာဂသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဝိဇ္ဇာအနုသယသည် တခြား အဝိဇ္ဇာသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝိဇ္ဇာသည် တခြား အဝိဇ္ဇာသောင်းကျန်းမှုသည် တခြားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုအဝိဇ္ဇာသည်ပင် ထိုအဝိဇ္ဇာသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုအဝိဇ္ဇာအနုသယသည်ပင် ထိုအဝိဇ္ဇာသောင်းကျန်းမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၀၁။ ပရဝါဒီ။ ။ "အနုသယသည် တခြား သောင်းကျန်းမှုသည် တခြား"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် "အနုသယရှိသူတည်း"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ "ထကြွသောင်းကျန်းသူ"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အနုသယသည် တခြား သောင်းကျန်းမှုသည် တခြားတည်း။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ်ဖြစ်လတ်သော် "ရာဂရှိသူတည်း"ဟူ၍ ဆိုသင့်ပါသလော။[၂]

သကဝါဒီ။ ။ သြော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ "ထကြွသောင်းကျန်းသူ"ဟူ၍ ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့် ရာဂသည် တခြား ရာဂသောင်းကျန်းမှုသည် တခြားတည်း။

**အညော အနုသယောတိကထာ ပြီး၏။**

------

၁။ ပုထုဇဉ်သည် ကုသိုလ်အဗျာကတစိတ် ဖြစ်လတ်သော် အနုသယနှင့်တကွဖြစ်သူဟု ဆိုအပ်၏၊ ကိလေသာ ထိုးကျင့်ခံရသူဟူ၍ မဆိုထိုက်၊ ထို့ကြောင့် အနုသယသည် ပရိယုဋ္ဌာနမှ အခြားတစ်ပါးသာတည်း၊ ပရိယုဋ္ဌာနသည်လည်း အနုသယမှ အခြားတစ်ပါးသာတည်းဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ပရဝါဒီဆရာက ပြသော အမေးစကားသည် ထိုအချိန်အခါ၌ အနုသယကို မပယ်အပ်သေးသည်၏အဖြစ်ကြောင့် အနုသယဟု ဆိုအပ်သည်၏အဖြစ်ကိုလည်းကောင်း၊ ကိလေသာတို့ မဖြစ်သေးသည်၏အဖြစ်ကြောင့် ကိလေသာတို့ ထိုးကျင့် ခံရသူဟု မဆိုအပ်သည်၏အဖြစ်ကိုလည်းကောင်း ပြသည်။ အနုသယပရိယုဋ္ဌာနမှ တစ်ပါး ထိုတခြားတစ်ပါး၏အဖြစ်ကို ပြသည် မဟုတ်၊ ထို့ကြောင့် သာဓကေ မထိုက်။

## ၁၄-စုဒ္ဒသမဝဂ် (၁၄၁) ၆-ပရိယုဋ္ဌာနံ စိတ္တဝိပ္ပယုတ္တန္တိကထာ[၁]

၇၀၂။ သကဝါဒီ။ ။ သောင်းကျန်းမှုသည် စိတ်နှင့် မယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ထကြွသောင်းကျန်းမှုသည် ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာ ယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောင်းကျန်းမှုသည် စိတ်နှင့် မယှဉ်ပါသလော။ပ။

ပရဝါဒီ။ ။ ဩော် မယှဉ်ပါ။

သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော စိတ်သည်၊ ဒေါသနှင့် တကွဖြစ်သော စိတ်သည်၊ မောဟနှင့် တကွဖြစ်သော စိတ်သည်။ပ။ အကုသိုလ်စိတ်သည်၊ ညစ်နွမ်းသော ကိလေသာစိတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရာဂနှင့် တကွဖြစ်သော စိတ်သည်၊ ဒေါသနှင့် တကွဖြစ်သော စိတ်သည်၊ မောဟ နှင့်တကွ ဖြစ်သော စိတ်သည်။ပ။ အကုသိုလ်စိတ်သည်၊ ညစ်နွမ်းသော ကိလေသာစိတ်သည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရာဂနှင့် တကွဖြစ်သော စိတ်သည်၊ ဒေါသနှင့် တကွဖြစ်သော စိတ်သည်၊ မောဟနှင့် တကွဖြစ်သော စိတ်သည်။ပ။ အကုသိုလ်စိတ်သည်၊ ညစ်နွမ်းသော ကိလေသာစိတ်သည် ရှိခဲ့မူ "ထကြွသောင်းကျန်းမှုသည် စိတ်နှင့် မယှဉ်"ဟူ၍ မဆိုသင့်။

**ပရိယုဋ္ဌာနံ စိတ္တဝိပ္ပယုတ္တန္တိကထာ ပြီး၏။**

------

၁။ အနိစ္စအ စရှိသောအားဖြင့် နှလုံးသွင်းသူအားလည်း ရာဂ စသည်တို့သည် ဖြစ်ကြကုန်၏။ မှန်၏၊ 'အိုဘာရဒွါဇ တစ်ရံတစ်ခါ အသုဘအားဖြင့် နှလုံးသွင်းအံ့ဟု နှလုံးပြုသော်လည်း သုဘအားဖြင့်သာလျှင် နှလုံးသွင်းမိ၏'ဟု ဟောအပ်သည်သာတည်း၊ ထို့ကြောင့် ပရိယုဋ္ဌာနသည် စိတ္တ ဝိပ္ပယုတ္တသာတည်းဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၄-စုဒ္ဒသမဝဂ် (၁၄၂) ၇-ပရိယာပန္နကထာ

၇၀၃။ သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်းလော၊ ပဋိသန္ဓေကို ရှာဖွေကြောင်းလော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သလော၊ သမာပတ်ကို ရှာဖွေကြောင်းစိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်း စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော စိတ်နှင့် အတူ ဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်း ရှိပါသလော၊ တူသော တည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်းမဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းမဟုတ်သည် ဖြစ်၍ သမာပတ်ကို ရှာဖွေ ကြောင်းမဟုတ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းမဟုတ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းမဟုတ်သော စိတ်နှင့် အတူဖြစ်သည်၊ တကွဖြစ်သည်၊ ရောနှောသည်၊ ယှဉ်သည်၊ တူသောဖြစ်ခြင်းရှိသည်၊ တူသောချုပ်ခြင်း ရှိသည်၊ တူသောတည်ရာရှိသည်၊ တူသောအာရုံရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပရာဂသည် သမာပတ်ကို ရှာဖွေကြောင်း မဟုတ်ခဲ့မူ ပဋိသန္ဓေကို ရှာဖွေကြောင်း မဟုတ်ခဲ့မူ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း မဟုတ်ခဲ့မူ။ပ။ တူသော အာရုံရှိသည် ဖြစ်ခဲ့မူ "ရူပရာဂသည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်၏"ဟု မဆိုသင့်။ပ။

သကဝါဒီ။ ။ ရူပဓာတ်သည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ ကိန်း၍ သဒ္ဒဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ ကိန်း၍ ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ ကိန်းသည် ဖြစ်လျက် "သဒ္ဒဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ရူပဓာတ်သည် ရူပဓာတ်၌ ကိန်းသည် ဖြစ်လျက် "ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ ကိန်းသည် ဖြစ်လျက် "ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ ကိန်းသည် ဖြစ်လျက် "ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၀၄။ သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ ကိန်းသည် ဖြစ်လျက် အရူပဓာတ်၌ အကျုံး ဝင်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (အရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်းလော၊ ပဋိသန္ဓေကို ရှာဖွေကြောင်းလော၊ မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေရကြောင်းလော၊ သမာပတ်ကို

ရှာဖွေကြောင်းစိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းစိတ်နှင့် မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေရကြောင်းဖြစ်သောစိတ်နှင့်အတူ ဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်း ရှိပါသလော၊ တူသောတည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီး ကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သော စိတ်နှင့်။ပ။ တူသောအာရုံရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပရာဂသည် သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည် ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည်။ပ။ တူသောအာရုံရှိသည် ဖြစ်ခဲ့မူ "အရူပရာဂသည် အရူပဓာတ်၌ ကိန်း၍ အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ ကိန်း၍ အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ ကိန်း၍ သဒ္ဒဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ ကိန်း၍ အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ ကိန်း၍ ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ ကိန်းသည် ဖြစ်လျက် "သဒ္ဒဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ ကိန်းသည် ဖြစ်လျက် "အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ ကိန်းသည် ဖြစ်လျက် "ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ ကိန်းသည် ဖြစ်လျက် "အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၀၅။ ပရဝါဒီ။ ။ "ရူပရာဂသည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့် ပါသလော၊ "အရူပရာဂသည် အရူပဓာတ်၌ ကိန်း၍ အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကာမရာဂသည် ကာမဓာတ်၌ ကိန်း၍ ကာမဓာတ်၌ အကျုံးဝင်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကာမရာဂသည် ကာမဓာတ်၌ ကိန်း၍ ကာမဓာတ်၌ အကျုံးဝင်သည် ဖြစ်ခဲ့ပါမူ "ရူပရာဂသည် ရူပဓာတ်၌ ကိန်း၍ ရူပဓာတ်၌ အကျုံးဝင်၏၊ အရူပရာဂသည် အရူပဓာတ်၌ ကိန်း၍ အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ ဆိုသင့်၏။

**ပရိယာပန္နကထာ ပြီး၏။**

------

၁။ ကာမရာဂသည် ကာမဓာတ်၌ ကိန်း၍ ကာမဓာတ်၌ အကျုံးဝင်၏ဟူ၍လည်း ဆိုအပ်၏၊ ထို့ကြောင့် ရူပရာဂ အရူပရာဂတို့သည် ရူပဓာတ် အရူပဓာတ်တို့၌ ကိန်းကုန်၏၊ ရူပဓာတ် အရူပဓာတ်တို့၌ အကျုံးဝင်ကြသည် မည်ကုန်၏ဟု အယူရှိကြကုန်သော အန္ဓကနှင့် သမ္မိတိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤပရိယာပန္နကထာကို ဟောတော်မူသည်။

♣

## ၁၄-စုဒ္ဒသမဝဂ် (၁၄၃) ၈-အဗျာကတ ကထာ[၁]

၇၀၆။ သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည် ဝိပါက်အဗျာကတလော၊ ကိရိယာအဗျာကတလော၊ ရုပ်လော၊ နိဗ္ဗာန်လော၊ စက္ခာယတနလော။ပ။ ဖောဋ္ဌဗ္ဗာယတနလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိနှင့် ယှဉ်သော ဖဿသည် အဗျာကတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိနှင့် ယှဉ်သော ဝေဒနာသည်။ပ။ သညာသည်။ပ။ စေတနာသည်။ပ။ စိတ်သည် အဗျာကတလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိနှင့် ယှဉ်သော ဖဿသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိနှင့် ယှဉ်သော ဝေဒနာသည်။ပ။ သညာသည်။ပ။ စေတနာသည်။ပ။ စိတ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၀၇။ သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အကျိုး'ဖလ'မရှိပါသလော၊ အကျိုး'ဝိပါက်'မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အကျိုး'ဖလ'ရှိသည်၊ အကျိုး'ဝိပါက်'ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒိဋ္ဌိသည် အကျိုး'ဖလ'ရှိသည်၊ အကျိုး 'ဝိပါက်'ရှိသည် ဖြစ်ခဲ့မူ "ဒိဋ္ဌိသည် အဗျာကတဖြစ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အပြစ်တို့သည် မိစ္ဆာဒိဋ္ဌိလျှင် အကြီးဆုံးဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အပြစ်တို့သည် မိစ္ဆာဒိဋ္ဌိလျှင် အကြီးဆုံးဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်ခဲ့မူ "ဒိဋ္ဌိသည် အဗျာကတတည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝစ္ဆ မိစ္ဆာဒိဋ္ဌိသည် အကုသိုလ်တည်း၊ သမ္မာဒိဋ္ဌိသည် ကုသိုလ်တည်းဟု မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ဒိဋ္ဌိသည် အဗျာကတတည်း"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ပုဏ္ဏ ငါဘုရားသည် မိစ္ဆာဒိဋ္ဌိရှိသူအား ငရဲကိုဖြစ်စေ၊ တိရစ္ဆာန်မျိုးကိုဖြစ်စေ လားရာ ဂတိနှစ်မျိုးတို့တွင် ဂတိတစ်မျိုးမျိုးကို ငါ ဆို၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ဒိဋ္ဌိသည် အဗျာကတတည်း"ဟူ၍ မဆိုသင့်။

၇၀၈။ ပရဝါဒီ။ ။ "ဒိဋ္ဌိသည် အဗျာကတတည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ ဝစ္ဆ "လောကသည် မြဲ၏"ဟူသော ဤစကားကို မဆိုအပ်၊ ဝစ္ဆ "လောကသည် မမြဲ"ဟူသော ဤစကားကို မဆိုအပ်၊ ဝစ္ဆ "လောကသည် အဆုံးရှိ၏"ဟူသော ဤစကားကို မဆိုအပ်၊ ဝစ္ဆ "လောကသည် အဆုံးမရှိ"။ပ။ ဝစ္ဆ "ထိုအသက်သည်ပင် ထိုကိုယ်တည်း"။ပ။ ဝစ္ဆ "အသက်သည် တခြား ကိုယ်သည် တခြား"။ပ။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏"။ပ။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်"။ပ။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်"။ပ။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟူသော ဤစကားကို မဆိုအပ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဒိဋ္ဌိသည် အဗျာကတတည်း။

သကဝါဒီ။ ။ ဒိဋ္ဌိသည် အဗျာကတလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ မိစ္ဆာဒိဋ္ဌိရှိသော ယောကျ်ားပုဂ္ဂိုလ်၏ ဒိဋ္ဌိအားလျော်စွာ ယူအပ်သော ဆောက်တည်အပ်သော အကြင်ကာယကံသည်လည်းကောင်း၊ အကြင်ဝစီကံသည်လည်းကောင်း၊ အကြင် စေတနာသည်လည်းကောင်း၊ အကြင်တောင့်တမှုသည်လည်းကောင်း၊

အကြင်စိတ်ညွတ်မှုသည်လည်းကောင်း၊ အကြင်ပြုပြင်မှု 'သင်္ခါရ'တို့သည်လည်းကောင်း ရှိကုန်၏။ အလုံးစုံသော ထိုတရားတို့သည် အလိုမရှိခြင်းငှါ မနှစ်သက်ခြင်းငှါ မမြတ်နိုးခြင်းငှါ အကျိုးစီးပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာလျှင် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ဒိဋ္ဌိသည် အဗျာကတ"ဟူ၍ မဆိုသင့်။

**အဗျာကတကထာပြီး၏။**

------

၁။ ဝိပါက်, ကိရိယာ နာမက္ခန္ဓာ ရုပ် နိဗ္ဗာန်ဟု ဆိုအပ်သော အဗျာကတလေးပါးတို့ကို အကျိုးကို မဖြစ်စေတတ်သောကြောင့် အဗျာကတဟု ဟောတော်မူအပ်၏၊ ဒိဋ္ဌိစေတသိက်ကိုမူ 'သဿတော လောကောတိ ခေါ ဝစ္ဆ အဗျာကတ မေတံ'ဟူ၍ သဿတ စသည်၏ အဖြစ်ဖြင့် မဖြေဆိုအပ်သည်၏ အဖြစ်ကြောင့် အဗျာကတဟု ဟောတော်မူ၏၊ ဤသို့ ဝေဖန်မှုကို မယူမူ၍ ရှေးအဗျာကတလေးပါးကဲ့သို့ ဒိဋ္ဌိစေတသိက်သည်လည်း အဗျာကတမည်၏ဟု အယူရှိသူ အန္ဓကနှင့် ဥတ္တရာပထဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤအဗျာကတကထာကို ဟောတော်မူသည်။

♣

## ၁၄-စုဒ္ဒသမဝဂ် (၁၄၄) ၉-အပရိယာပန္နကထာ[၁]

၇၀၉။ သကဝါဒီ။ ။ ဒိဋ္ဌိသည် ဝဋ်၌ အကျုံးမဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် မဝင်ပါ။

သကဝါဒီ။ ။ (ဒိဋ္ဌိသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာ ပတ္တိဖိုလ်လော၊ သကဒါဂါမိမဂ်လော၊ သကဒါဂါမိဖိုလ်လော၊ အနာဂါမိမဂ်လော၊ အနာဂါမိဖိုလ်လော၊ အရဟတ္တမဂ်လော၊ အရဟတ္တဖိုလ်လော၊ သတိပဋ္ဌာန်လော၊ သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၁၀။ ပရဝါဒီ။ ။ "ဒိဋ္ဌိသည် ဝဋ်၌ အကျုံးမဝင်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် "ကာမဂုဏ်တို့၌ တပ်စွန်းမှု 'ရာဂ' ကင်းသူတည်း"ဟု ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဆိုသင့်ပါ၏။

ပရဝါဒီ။ ။ "ဒိဋ္ဌိကင်းသူတည်း"ဟု ဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့် ဒိဋ္ဌိသည် ဝဋ်၌ အကျုံးမဝင်ပါ။

**အပရိယာပန္နကထာ ပြီး၏။**

**စုဒ္ဒသမဝဂ် ပြီး၏။**

------

၁။ ပုထုဇဉ်ရှာနလာဘီပုဂ္ဂိုလ်သည် ကာမတို့၌ တပ်မက်ခြင်းကင်းသူဟူ၍ ဆိုအပ်၏၊ ဒိဋ္ဌိကင်းသူဟူ၍ကား မဆိုအပ်။ ထို့ကြောင့် ဒိဋ္ဌိသည် ကာမဓာတ်၌ အကျုံးဝင်သော တရားဟူ၍ မဆိုအပ်ဟု အယူရှိသူ ပုဗ္ဗသေလိယဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤအပရိယာပန္နကထာကို ဟောတော်မူသည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၄၅) ၁-ပစ္စယတာကထာ[၁]

၇၁၁။ သကဝါဒီ။ ။ ပစ္စယသတ္တိကို ပိုင်းခြားသတ်မှတ်အပ်ပါသလော။

ပရဝါဒီ။ ။ ဩော် ပိုင်းခြားသတ်မှတ်အပ်ပါ၏။

သကဝါဒီ။ ။ ဝီမံသသည် အကြောင်း‘ဟိတ်’ဖြစ်၍ ထိုအကြောင်း‘ဟိတ်’သည်လည်း အဓိပတိဖြစ်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီမံသသည် အကြောင်း‘ဟိတ်’ဖြစ်၍ ထိုအကြောင်း‘ဟိတ်’သည်လည်း အဓိပတိဖြစ်ပါမူ ထိုအကြောင်းကြောင့် “ဟေတုပစ္စည်းဖြင့် ကျေးဇူးပြု၍ အဓိပတိပစ္စည်းဖြင့် ကျေးဇူး ပြု၏”ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဆန္ဒာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး‘အဓိပတိ’ ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဆန္ဒာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး‘အဓိပတိ’ ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် “အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏”ဟူ၍ ဆိုသင့်၏။

၇၁၂။ သကဝါဒီ။ ။ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး‘အဓိပတိ’ ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်ခဲ့ ပါမူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ သဟဇာတပစ္စည်းဖြင့် ကျေးဇူး ပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး 'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီး အမှူးသည်လည်း မဂ္ဂင် (ဖြစ်သည်) မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီရိယာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း မဂ္ဂင်ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

၇၁၃။ သကဝါဒီ။ ။ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး ဖြစ်၍ ထိုအကြီးအမှူး 'အဓိပတိ'သည်လည်း အကြောင်းအထောက်အပံ့ 'အာဟာရ' ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း အကြောင်းအထောက်အပံ့ 'အာဟာရ' ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီး အမှူး 'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စိတ္တာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

၇၁၄။ သကဝါဒီ။ ။ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး"အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး 'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း ဣန္ဒြေဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီး အမှူး 'အဓိပတိ'သည်လည်း မဂ္ဂင်ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝီမံသာဓိပတိသည် သဟဇာတ်တရားတို့၏ အကြီးအမှူး'အဓိပတိ' ဖြစ်၍ ထိုအကြီးအမှူး'အဓိပတိ'သည်လည်း မဂ္ဂင်ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

၇၁၅။ သကဝါဒီ။ ။ ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ'သည် အရိယာတရားကို အလေးအမြတ်ပြုသည် ဖြစ်၍ ထိုအရိယာတရားသည်လည်း အာရုံဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ'သည် အရိယာတရားကို အလေးအမြတ်ပြုသည် ဖြစ်၍ ထိုအရိယာတရားသည်လည်း အာရုံဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၍ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

၇၁၆။ သကဝါဒီ။ ။ ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သော ကုသိုလ်တရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော ကုသိုလ်သည်လည်း အာသေဝနဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော ကုသိုလ်သည် လည်း အာသေဝနဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ ရှေးရှေး၌ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သော အကုသိုလ်တရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော အကုသိုလ်သည်လည်း အာသေဝန မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှေးရှေး၌ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော အကုသိုလ်သည်လည်း အာသေဝနဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ အာသေဝန ပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ဆိုသင့်၏။

သကဝါဒီ။ ။ ရှေးရှေး၌ ဖြစ်ကုန်သော ကိရိယာဗျာကတတရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကိရိယာဗျာကတတရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော ကိရိယာဗျာကတသည်လည်း အာသေဝနဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရှေးရှေး၌ ဖြစ်ကုန်သော ကိရိယာဗျာကတတရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကိရိယာဗျာကတတရားတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ ထိုကျေးဇူးပြုသော ကိရိယာဗျာကတသည် အာသေဝနဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် "အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၍ အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဆိုသင့်၏။

၇၁၇။ ပရဝါဒီ။ ။ "ပစ္စယသတ္တိကို ပိုင်းခြားသတ်မှတ်အပ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုသည် ဖြစ်ပါသလော၊ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည် ဖြစ်ပါသလော၊ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုသည် ဖြစ်ပါသလော၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူး ပြုသည် ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် "ပစ္စယသတ္တိကို ပိုင်းခြားသတ်မှတ်အပ်၏"။

**ပစ္စယတာကထာ ပြီး၏။**

------

၁။ အကြောင်တရားသည် ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုပစ္စည်းတရားသည် အကြောင်ပစ္စယပ္ပန်တရားတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုပစ္စယုပ္ပန်တရားတို့အားသာလျှင် အာရမ္မဏ အနန္တရ သမနန္တရပစ္စယသတ္တိဖြင့်

ကျေးဇူးမပြုနိုင်။ အကြင်တရားသည်လည်း အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုပစ္စည်းတရားသည် ထိုအာရမ္မဏ ပစ္စယုပ္ပန်တရားတို့အားသာ အနန္တရ သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ထို့ကြောင့် ပစ္စယသတ္တိကို ပိုင်းခြား သတ်မှတ်အပ်၏ဟု အယူရှိသူ မဟာသံဃိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာတို့ကို ဟောတော်မူသည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၄၆) ၂-အညမညပစ္စယကထာ[၁]

၇၁၈။ သကဝါဒီ။ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့်သာ သင်္ခါရတို့ ဖြစ်ကုန်၍ "သင်္ခါရဟူသော အကြောင်းကြောင့်လည်း အဝိဇ္ဇာ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အဝိဇ္ဇာသည် သင်္ခါရနှင့် အတူတကွ ဖြစ်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အဝိဇ္ဇာသည် သင်္ခါရနှင့် အတူတကွ ဖြစ်ခဲ့မူ ထို့ကြောင့် "အဝိဇ္ဇာဟူသော အကြောင်းကြောင့်လည်း သင်္ခါရတို့ ဖြစ်ကုန်၍ သင်္ခါရဟူသော အကြောင်းကြောင့်လည်း အဝိဇ္ဇာ ဖြစ်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ တဏှာဟူသော အကြောင်းကြောင့်သာ ဥပါဒါန်သည် ဖြစ်၍ "ဥပါဒါန်ဟူသော အကြောင်းကြောင့်လည်း တဏှာသည် ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ တဏှာသည် ဥပါဒါန်နှင့် အတူတကွ ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တဏှာသည် ဥပါဒါန်နှင့် အတူတကွ ဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် "တဏှာဟူသော အကြောင်းကြောင့်လည်း ဥပါဒါန် ဖြစ်၍ ဥပါဒါန်ဟူသော အကြောင်းကြောင့်လည်းတဏှာ ဖြစ်၏"ဟူ၍ ဆိုသင့်၏။

၇၁၉။ ပရဝါဒီ။ ။ "ရဟန်းတို့ အိုမှုသေမှုဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေမှုသည် ဖြစ်၍ ပဋိသန္ဓေနေမှုဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

သကဝါဒီ။ ။ ဩော် မရှိပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၍ "သင်္ခါရဟူသော အကြောင်းကြောင့်လည်း အဝိဇ္ဇာသည် ဖြစ်၏"ဟူ၍ မဆိုသင့်၊ တဏှာဟူသော အကြောင်းကြောင့်သာ ဥပါဒါန် ဖြစ်၍ "ဥပါဒါန်ဟူသော အကြောင်းကြောင့်လည်း တဏှာ ဖြစ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ "ရဟန်းတို့ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၍ နာမ်ရုပ်ဟူသော အကြောင်းကြောင့်လည်း ဝိညာဏ်သည် ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အဝိဇ္ဇာဟူသော အကြောင်းကြောင့်လည်း သင်္ခါရတို့ ဖြစ်ကုန်၍ သင်္ခါရဟူသော အကြောင်းကြောင့်လည်း အဝိဇ္ဇာသည် ဖြစ်၏၊ တဏှာဟူသော အကြောင်းကြောင့်လည်း ဥပါဒါန် ဖြစ်၍ ဥပါဒါန်ဟူသော အကြောင်းကြောင့်လည်း တဏှာသည် ဖြစ်၏။

**အညမညပစ္စယကထာ ပြီး၏။**

------

၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော ပါဠိအစဉ်သာ ရှိ၏၊ သင်္ခါရ ပစ္စယာ အဝိဇ္ဇာဟူသော ပါဠိအစဉ်ကား မရှိ၊ ထို့ကြောင့် အဝိဇ္ဇာသည်သာလျှင် သင်္ခါရတို့၏ ပစ္စည်းအကြောင်းတရား ဖြစ်၏၊ သင်္ခါရတို့သည် အဝိဇ္ဇာ၏ အကြောင်းတရား မဟုတ်ကုန်ဟု အယူရှိသူ မဟာသံဃိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤအညမညပစ္စယကထာကို ဟောတော်မူသည်။
၂။ သင်္ခါရ၏ အရ အပုညာဘိသင်္ခါရကိုသာ ယူအပ်၏၊ ထို့ကြောင့် 'သင်္ခါရပစ္စယာပိ အဝိဇ္ဇာ'ဟူရာ၌လည်း သဟဇာတ, အညမည, အတ္ထိ, အဝိဂတ, သမ္ပယုတ္တတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို သိလေ။

♣

## ၁၅-ပန္နရသမဝဂ် (၁၄၇) ၃- အဒ္ဓါကထာ[၁]

၇၂၀။ သကဝါဒီ။ ။ ကာလသည် (ကံစိတ်ဥတုအာဟာရဟူသော အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလသည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာလသည် ဝေဒနာလော။ပ။ သညာလော။ပ။ သင်္ခါရတို့လော။ပ။ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ကာလသည် (အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်ကာလသည် ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အတိတ်ကာလသည်) ဝေဒနာလော။ပ။ သညာလော။ပ။ သင်္ခါရတို့လော။ပ။ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ကာလသည် (အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (အနာဂတ်ကာလသည်) ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အနာဂတ်ကာလသည်) ဝေဒနာလော။ပ။ သညာလော။ပ။ သင်္ခါရတို့လော။ပ။ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ကာလသည် (အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ပစ္စုပ္ပန်ကာလသည်) ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ပစ္စုပ္ပန်ကာလသည်) ဝေဒနာလော။ပ။ သညာလော။ပ။ သင်္ခါရတို့လော။ပ။ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ရုပ်သည်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် အတိတ်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အတိတ်တို့သည် ကာလငါးမျိုးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ဖြစ်သော ရုပ်သည်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် အနာဂတ်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အနာဂတ်တို့သည် ကာလငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် ပစ္စုပ္ပန်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပစ္စုပ္ပန်တို့သည် ကာလငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ခန္ဓာငါးပါးတို့သည် အတိတ်ကာလလော၊ အနာဂတ်ခန္ဓာငါးပါးတို့သည် အနာဂတ်ကာလလော၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့သည် ပစ္စုပ္ပန်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလတို့သည် တစ်ဆယ့်ငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော အာယတနတစ်ဆယ့်နှစ်ပါးတို့သည် အတိတ်ကာလလော၊ အနာဂတ် ဖြစ်သော အာယတနတစ်ဆယ့်နှစ်ပါးတို့သည် အနာဂတ်ကာလလော၊ ပစ္စုပ္ပန်ဖြစ်သော အာယတန တစ်ဆယ့်နှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလတို့သည် သုံးဆယ့်ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ဓာတ်တစ်ဆယ့်ရှစ်ပါးတို့သည် အတိတ်ကာလလော၊ အနာဂတ် ဖြစ်သော ဓာတ်တစ်ဆယ့်ရှစ်ပါးတို့သည် အနာဂတ်ကာလလော၊ ပစ္စုပ္ပန်ဖြစ်သော ဓာတ်တစ်ဆယ့်ရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလတို့သည် ငါးဆယ့်လေးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ဖြစ်သော ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့သည် အတိတ်ကာလလော၊ အနာဂတ်ဖြစ် သော ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့သည် အနာဂတ်ကာလလော၊ ပစ္စုပ္ပန်ဖြစ်သော ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကာလတို့သည် ခြောက်ဆယ့်ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၂၁။ ပရဝါဒီ။ ။ "ကာလသည် (အကြောင်းလေးပါးတို့ဖြင့်) ပြီး၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ စကား၏ တည်ရာ ကထာဝတ္ထုတို့သည် ဤသုံးပါးတို့တည်း။ အဘယ် သုံးပါးတို့နည်း၊ ရဟန်းတို့ အတိတ်ကာလကိုမူလည်း အကြောင်းပြု၍ 'အတိတ်ကာလ၌ ဤသို့ ဖြစ်ခဲ့ပြီ'ဟု စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ အနာဂတ်ကာလကိုမူလည်း အကြောင်းပြု၍ 'အနာဂတ်ကာလ၌ ဤသို့ ဖြစ်လတ္တံ့'ဟု စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ ပစ္စုပ္ပန်ကာလကိုမူလည်း အကြောင်းပြု၍ 'ယခု ဤသို့ ဖြစ်ဆဲ ဖြစ်၏'ဟူ၍ စကားကို ပြောဆိုရာ၏။ ရဟန်းတို့ ဤသုံးပါးတို့ကား စကား၏ တည်ရာ ကထာဝတ္ထုတို့ပေသည်း"။ ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ကာလသည် (အကြောင်းလေးပါးတို့ဖြင့်) ပြီး၏။

**အဋ္ဌကထာ ပြီး၏။**

------

၁။ "တိဏိမာနိ ဘိက္ခဝေ ကထာဝတ္ထူနိ" ဟူသော သုတ္တန်ပါဠိကို အမှီပြု၍ အကြောင်းတို့ဖြင့် ပြီးသောကာလဟု ခေါ်ဆိုရသော အစွန့်မည်သည် ရှိ၏ဟု အယူရှိသူတို့ကို ရည်ရွယ်၍ ဤအဋ္ဌကထာကို ဟောတော်မူသည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၄၈) ၄- ခဏလယမုဟုတ္တကထာ

၇၂၂။ သကဝါဒီ။ ။ ခဏသည် အကြောင်းလေးပါးတို့ဖြင့် ပြီးပါသလော၊ လယသည် (ထို့အတူ) (အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော၊ မုဟုတ်သည်[၁] (အကြောင်းလေးပါးတို့ဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (မုဟုတ်သည်) ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (မုဟုတ်သည်) ဝေဒနာလော။ သညာလော။ သင်္ခါရတို့လော။ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၂၃။ ပရဝါဒီ။ ။ "မုဟုတ်သည် အကြောင်းလေးပါးတို့ဖြင့် ပြီး၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသုံးပါးတို့ကား စကား၏ တည်ရာ ကထာဝတ္ထုတို့ပေတည်း။ အဘယ် သုံးပါးတို့နည်း၊ ရဟန်းတို့ အတိတ်ကာလကိုမူလည်း အကြောင်းပြု၍ 'အတိတ်ကာလ၌ ဤသို့ ဖြစ်ခဲ့သည်'ဟု စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ အနာဂတ်ကာလကိုမူလည်း

အကြောင်းပြု၍ ‘အနာဂတ်ကာလ၌ ဤသို့ ဖြစ်လတ္တံ့’ဟု စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလကို မူလည်း အကြောင်းပြု၍ ‘ယခုပစ္စုပ္ပန်ကာလ၌ ဤသို့ ဖြစ်ဆဲဖြစ်သည်’ဟု စကားကို ပြောဆိုရာ၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် မဟုတ်သည် အကြောင်းလေးပါးဖြင့် ပြီး၏။

**ခဏလယမဟုတ္တကထာ ပြီး၏။**

------

၁။ လက်ဖျစ်ဆယ်ချက်အခါသည် တစ်ခဏ၊ ဆယ်ခဏသည် တစ်လယ၊ ဆယ်လယသည် ခဏလယတည်း၊ ထိုခဏ လယဆယ်ခုသည် တစ်မုဟုတ်တည်း။

♣

## ၁၅–ပန္နရသမဝဂ် (၁၄၉) ၅–အာသဝကထာ[၁]

၇၂၄။ သကဝါဒီ။ ။ အာသဝလေးပါးတို့သည် အာသဝကင်းပါကုန်သလော။

ပရဝါဒီ။ ။ ဩဝ် ကင်းပါကုန်၏။

သကဝါဒီ။ ။ (အာသဝလေးပါးတို့သည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်လော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၂၅။ ပရဝါဒီ။ ။ “အာသဝလေးပါးတို့သည် အာသဝကင်းကုန်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အကြင်အာသဝတို့ဖြင့် ထိုအာသဝတို့သည် အာသဝတို့နှင့်တကွ ဖြစ်ကုန်၏၊ ထိုအာသဝတို့မှ တစ်ပါးသော အခြားအာသဝတို့ ရှိပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အာသဝလေးပါးတို့သည် အာသဝကင်းကုန်၏။

**အာသဝကထာ ပြီး၏။**

------

၁။ အကြင်အာသဝမည်သော တရားဖြင့် အာသဝတရားလေးပါးတို့သည် အာသဝတို့နှင့်တကွ ဖြစ်ကုန်သော တရားတို့ ဖြစ်ကုန်ရာ၏၊ အာသဝတရားလေးပါးတို့ထက် အလွန် အခြားတစ်ပါးသော အာသဝမည်သော ထိုတရား မရှိ၊ ထို့ကြောင့်

အာသဝတရားလေးပါးတို့သည် အာသဝကင်းသော တရားသာ ဖြစ်ကုန်၏ဟု အယူရှိသူ ဟေတုဝါဒဆရာတို့ကို ရည်ရွယ်၍ ဤအာသဝကထာကို ဟောတော်မူသည်။

၂။ အာသဝတို့သည် အာသဝကင်းသော တရားတို့ ဖြစ်ခဲ့ပါလျှင် မဂ်စသည်တို့၏ လက္ခဏာသို့ရောက်သည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၅၀) ၆- ဇရာမရဏကထာ

၇၂၆။ သကဝါဒီ။ ။ လောကုတ္တရာတရားတို့၏ အိုမှု သေမှုသည် လောကုတ္တရာလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ( လောကုတ္တရာတရားတို့၏ အိုမှုသေမှုသည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်၏ အိုမှု သေမှုသည် သောတာပတ္တိမဂ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်၏ အိုမှု သေမှုသည် သောတာပတ္တိမဂ်လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်၏ အိုမှု သေမှုသည် သောတာပတ္တိဖိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်၏။ပ။ သကဒါဂါမိဖိုလ် ၏။ပ။ အနာဂါမိမဂ်၏။ပ။ အနာဂါမိဖိုလ်၏။ပ။ အရဟတ္တမဂ်၏ အိုမှု သေမှုသည် အရဟတ္တမဂ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်၏ အိုမှု သေမှုသည် အရဟတ္တမဂ်လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်၏ အိုမှု သေမှုသည် အရဟတ္တဖိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့၏။ပ။ သမ္မပ္ပဓာန်တို့၏၊ ဣဒ္ဓိပါဒ်တို့၏၊ ဣန္ဒြေတို့၏၊ ဖိုလ်တို့၏၊ ဗောဇ္ဈင်တို့၏ အိုမှု သေမှုသည် ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၂၇။ ပရဝါဒီ။ ။ “ လောကုတ္တရာတရားတို့၏ အိုမှု သေမှုသည် လောကုတ္တရာတည်း”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ လောကုတ္တရာတရားတို့၏ အိုမှု သေမှုသည် လောကီလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် လောကုတ္တရာတည်း။

**ဇရာမရဏကထာပြီး၏။**

------

၁။ ဇရာ မရဏမည်သည် တစ်စုံတစ်ခုသော အကြောင်းသည် မပြီးစေအပ်သည်၏ အဖြစ်ကြောင့် လောကီဟူ၍လည်းကောင်း၊ လောကုတ္တရာဟူ၍လည်းကောင်း မဆိုအပ်သော တရားမည်၏။ မှန်၏၊ 'လောကီယာဓမ္မာ လောကုတ္တရာ ဓမ္မာ'ဟူသော ဒုက်၌ ဇရာမရဏကို လောကီယာဟူသော ပုဒ်၌လည်းကောင်း၊ လောကုတ္တရာ ဓမ္မာဟူသော ပုဒ်၌လည်းကောင်း မြတ်စွာဘုရား ညွှန်ပြတော် မမူခဲ့။ သို့ဖြစ်ပါလျက် ဤသို့သော လက္ခဏာကို မယူမူ၍ လောကုတ္တရာတရားတို့၏ ဇရာ မရဏသည် လောကုတ္တရာဖြစ်၏ဟု အယူရှိသူ မဟာသံဃိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤဇရာမရဏကထာကို ဟောတော်မူသည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၅၁) ၇- သညာဝေဒယိတကထာ[၁]

၇၂၈။ သကဝါဒီ။ ။ သညာဝေဒနာတို့ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် လောကုတ္တရာလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (သညာဝေဒနာတို့ ချုပ်ခြင်းသို့ရောက်မှု နိရောဓသမာပတ်သည်) မဂ်လော၊ ဖိုလ်လော၊ နိဗ္ဗာန်လော၊ သောတာပတ္တိမဂ်လော၊ သောတာပတ္တိဖိုလ်လော။ပ။ ဗောဇ္ဈင်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၂၉။ ပရဝါဒီ။ ။ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု (နိရောဓသမာပတ်) သည် လောကုတ္တရာ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (သညာဝေဒနာတို့ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည်) လောကီလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် လောကုတ္တရာတည်း။

**သညာဝေဒယိတကထာ ပြီး၏။**

------

၁။ နိရောဓသမာပတ္တိမည်သည် တစ်စုံတစ်ခုသော သဘောတရား မရှိ၊ နာမ်ခန္ဓာလေးပါးတို့၏ ချုပ်ခြင်းမျှသာ ဖြစ်ခဲ့၏၊ ထို့ကြောင့် ထိုနိရောဓသမာပတ်သည် လောကီတရားလည်း မဟုတ်၊ လောကုတ္တရာတရားလည်း မဟုတ်၊ သို့ပင်ဖြစ်သော်လည်း ပရဝါဒီဆရာတို့ကား လောကီယတရား မဟုတ်သောကြောင့် လောကုတ္တရာသာ ဖြစ်၏ဟု အယူရှိကြ၏၊ ထို့ကြောင့် ထိုဟေတုဝါဒဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၅၂) ၈- ဒုတိယ သညာဝေဒယိတကထာ[၁]

၇၃၀။ သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် လောကီလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (နိရောဓသမာပတ်သည်) ရုပ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာလော၊ သညာလော၊ သင်္ခါရတို့လော၊ ဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပဘုံ၌ သက်ဝင်၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပဘုံ၌ သက်ဝင်၍ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၃၁။ ပရဝါဒီ။ ။ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် လောကီ"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ လောကုတ္တရာလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် လောကီတည်း။

**ဒုတိယသညာဝေဒယိတကထာ ပြီး၏။**

------

၁။ နိရောဓသမာပတ္တိမည်သည် လောကုတ္တရာမဟုတ်သောကြောင့် လောကီယသာ ဖြစ်၏ဟု အယူရှိသူ ဟေတုဝါဒဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောရပြန်သည်။

♣

## ၁၅–ပန္နရသမဝဂ် (၁၅၃) ၉– တတိယ သညာဝေဒယိတကထာ[၁]

၇၃၂။ သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် သေရာသလော။

ပရဝါဒီ။ ။ ဩော် သေရာ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား သေခြင်းအဆုံးရှိသော ဖဿသည်၊ သေခြင်းအဆုံးရှိသော ဝေဒနာသည်၊ သေခြင်းအဆုံးရှိသော သညာသည်၊ သေခြင်း အဆုံး ရှိသော စေတနာသည်၊ သေခြင်းအဆုံးရှိသော စိတ်သည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား သေခြင်းအဆုံးရှိသော ဖဿသည်၊ သေခြင်းအဆုံးရှိသော ဝေဒနာသည်၊ သေခြင်းအဆုံးရှိသော သညာသည်၊ သေခြင်းအဆုံး ရှိသော စေတနာသည်၊ သေခြင်းအဆုံးရှိသော စိတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား သေခြင်း အဆုံးရှိသော ဖဿသည်၊ သေခြင်းအဆုံးရှိသော ဝေဒနာသည်၊ သေခြင်းအဆုံးရှိသော သညာသည်၊ သေခြင်းအဆုံးရှိသော စေတနာသည်၊ သေခြင်းအဆုံးရှိသော စိတ်သည် မရှိခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် သေရာ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် သေရာသလော။

ပရဝါဒီ။ ။ ဩော် သေရာ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား ဖဿသည်၊ ဝေဒနာသည်၊ သညာသည်၊ စေတနာသည်၊ စိတ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား ဖဿသည်၊ ဝေဒနာသည်၊ သညာသည်၊ စေတနာသည်၊ စိတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ဖဿမရှိသူအား သေခြင်းသည်၊ ဝေဒနာမရှိသူအား သေခြင်းသည်။ပ။ စိတ်မရှိသူအားသေခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဖဿရှိသူအား သေခြင်းသည်။ပ။ စိတ်ရှိသူအား သေခြင်းသည် ရှိသည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿရှိသူအားသာ သေမှု ရှိခဲ့ပါမူ။ပ။ စိတ်ရှိသူအားသာ သေမှု ရှိခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သူသည် သေရာ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သူသည် သေရာသလော။

ပရဝါဒီ။ ။ ဩော် သေရာ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ ကိုယ်၌ အဆိပ်တက်နိုင်သလော၊ (လက်နက်) ထိနိုင်သလော၊ မီးလောင်နိုင်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ငြိမ်းခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ ကိုယ်၌ အဆိပ် မတက်နိုင်ပါသလော၊ လက်နက်မထိနိုင်ပါသလော၊ မီးမလောင်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၅]

သကဝါဒီ။ ။ အရှင်ပရဝါဒီ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ ကိုယ်၌ အဆိပ် မတက်နိုင်ခဲ့ပါမူ (လက်နက်) မထိနိုင်ခဲ့ပါမူ မီးမလောင်နိုင်ခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် သေရာ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် သေရာသလော။

ပရဝါဒီ။ ။ ဩော် သေရာ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ ကိုယ်၌ အဆိပ်တက်နိုင် ရာသလော၊ (လက်နက်) ထိနိုင်ရာသလော၊ မီးလောင်နိုင်ရာသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် မရှိပါသလော။[၆]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၃၃။ ပရဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် မသေရာသလော။

သကဝါဒီ။ ။ ဩော် မသေရာ။

ပရဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် မသေရာဟူသော အကြောင်း သတ်မှတ်ချက်ဖြင့် မြဲ၏၊ ထိုသတ်မှတ်ချက်သည် ရှိပါသလော။

သကဝါဒီ။ ။ မရှိပါ။

ပရဝါဒီ။ ။ အရှင်သကဝါဒီ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် မသေရာဟူသော အကြောင်းသတ်မှတ်ချက်ဖြင့် မြဲ၏၊ ထိုသတ်မှတ်ချက် မရှိခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်သည် မသေရာ"ဟူ၍ မဆိုသင့်။

၇၃၄။ သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည်စုံသောပုဂ္ဂိုလ်သည် မသေရာသလော။

ပရဝါဒီ။ ။ ဩော် မသေရာ။

သကဝါဒီ။ ။ စက္ခုဝိညာဏ်နှင့် ပြည်စုံသူသည် မသေရာဟူသော အကြောင်းသတ်မှတ်ချက်ဖြင့် မြဲ၏၊ ထိုမြဲသော သတ်မှတ်ချက်သည် ရှိပါသလော။[?]

ပရဝါဒီ။ ။ မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စက္ခုဝိညာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မကွယ်လွန်ရာဟူသော အကြောင်းသတ်မှတ်ချက်ဖြင့် မြဲ၏၊ ထိုမြဲသော သတ်မှတ်ချက် မရှိခဲ့ပါမူ "စက္ခုဝိညာဏ်နှင့် ပြည်စုံသောပုဂ္ဂိုလ်သည် မသေရာ"ဟူ၍ မဆိုသင့်။

**တတိယ သညာဝေဒယိတကထာ ပြီး၏။**

------

၁။ ဤမည်သော သတ္တဝါသည် သေခြင်းသဘောရှိ၏၊ ဤမည်သော သတ္တဝါသည် သေခြင်းသဘော မရှိဟု သတ္တဝါတို့၏ သေခြင်းသဘောရှိသည်၏ အဖြစ်၌ မှတ်သားမှု မရှိ၊ ထို့ကြောင့် နိရောဓသမာပတ် ဝင်စားဆဲ ပုဂ္ဂိုလ်သည်လည်း သေရာ၏ဟု အယူရှိသူ ရာဇဂိရိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ သေဆုံးသောသူအား မည်သည့်သေခြင်းအဆုံးရှိသော ဖဿစသော တရားတို့သည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ နိရောဓသမာပတ်ပုဂ္ဂိုလ်မှ ကြွင်းသော သတ္တဝါတို့ကို ရည်ရွယ်၍ ပရဝါဒီပုဂ္ဂိုလ်က ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ သမာပတ်၏ အာနုဘော်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၅။ သတ္တဝါတို့၏ ကိုယ်သဘာဝကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၆။ အဆိပ်တက်ခြင်းစသည် ဖြစ်ခဲ့သော် သမာပတ်၏ အာနုဘော်မည်သည် မရှိတော့ရကား ဤပုစ္ဆာကို မေးလေသည်။
၇။ မှတ်သားမှု မရှိပါသော်လည်း သေခြင်းမှာ လျောက်ပတ်သော အခါ၌သာ သေ၏၊ မလျောက်ပတ်သောအခါ၌ မသေဟု ပြလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၅-ပန္နရသမဝဂ် (၁၅၄) ၁၀-အသညသတ္တုပိကကထာ[၁]

၇၃၅။ သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အသည သတ်ဘုံသို့ ကပ်ရောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ကပ်ရောက်နိုင်ပါ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား အလောဘဟူသော ကုသိုလ်မူလသည်၊ အဒေါသဟူသော ကုသိုလ်မူလသည်၊ အမောဟဟူသော ကုသိုလ်မူလသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်၊ ပညာသည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား အလောဘဟူသော ကုသိုလ်မူလသည်။ အဒေါသဟူသော ကုသိုလ်မူလသည်။ပ။ ပညာသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား အလောဘဟူသော ကုသိုလ်မူလသည်၊ အဒေါသဟူသော ကုသိုလ်မူလသည်၊ အမောဟဟူသော ကုသိုလ်မူလသည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်၊ ပညာသည် မရှိခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်း သို့ ရောက်မှု နိရောဓသမာပတ်သည် အသညသတ်ဘုံသို့ ကပ်ရောက်နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အသညသတ် ဘုံသို့ ကပ်ရောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ကပ်ရောက်နိုင်ပါ၏။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား ဖဿသည်၊ ဝေဒနာသည်၊ သညာသည်၊ စေတနာသည်၊ စိတ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်သောပုဂ္ဂိုလ်အား ဖဿသည်၊ ဝေဒနာသည်၊ သညာသည်၊ စေတနာသည်၊ စိတ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ဖဿမရှိသော သူအား မဂ်ကို ပွါးစေမှုသည်။ပ။ စိတ်မရှိသော သူအား မဂ်ကို ပွါးစေမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖဿရှိသော သူအား မဂ်ကို ပွါးစေမှုသည်။ပ။ စိတ်ရှိသော သူအား မဂ်ကို ပွါးစေမှုသည် ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဖဿရှိသော သူအား မဂ်ကို ပွါးစေမှုသည်။ပ။ စိတ်ရှိသော သူအား မဂ်ကို ပွါးစေမှုသည် ရှိခဲ့ပါမူ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်မှု နိရောဓ သမာပတ်သည် အသညသတ် ဘုံသို့ ကပ်ရောက်နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အသညသတ် ဘုံသို့ ကပ်ရောက်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ကပ်ရောက်နိုင်ပါ၏။

သကဝါဒီ။ ။ အကြင်ပုဂ္ဂိုလ်တို့သည် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုပုဂ္ဂိုလ် အားလုံးတို့သည် အသညသတ်ဘုံသို့ ကပ်ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၃၆။ ပရဝါဒီ။ ။ "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အသည သတ်ဘုံသို့ ကပ်ရောက်နိုင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဤလူ့ဘုံ၌လည်း သညာမရှိသူသည် ထိုဗြဟ္မာ့ဘုံ၌လည်း သညာမရှိသူ ဖြစ်သည် မဟုတ်ပါလော။[၃]

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ဤလူ့ဘုံ၌လည်း သညာမရှိသူသည် ထိုဗြဟ္မာ့ဘုံ၌လည်း သညာမရှိသူ ဖြစ်ခဲ့ပါမူ ထို့ကြောင့် "သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အသညသတ် ဘုံသို့ ကပ်ရောက်နိုင်၏"ဟူ၍ ဆိုသင့်၏။

**အသညသတ္တုပိကကထာ ပြီး၏။**

------

၁။ သညာ၌ တပ်ခြင်းကင်းသည်၏ အစွမ်းအားဖြင့် ဖြစ်သော ဘာဝနာဟူသော အသညသမာပတ်နှင့် နိရောဓသမာပတ်သည် သညာဝေဒယိတနိရောဓသမာပတ် မည်၏၊ ဤသို့လျှင် သညာဝေဒယိတနိရောဓသမာပတ်သည် လောကီ လောကုတ္တရာဟူ၍ နှစ်ပါးတို့ ဖြစ်ကုန်၏၊ ထိုတွင် လောကီသမာပတ်သည် ပုထုဇဉ်၏ အသညသတ်ဘုံသို့ ကပ်ရောက်ကြောင်း ဖြစ်၏၊ လောကုတ္တရာသမာပတ်သည် အရိယာတို့အားဖြစ်၏၊ ထို လောကုတ္တရာသမာပတ်သည် အသညသတ်ဘုံသို့ ကပ်ရောက်ကြောင်း မဟုတ်၊ ဤသို့ဝေဖန်ခြင်းကို မပြုဘဲ သာမညအားဖြင့် သညာဝေဒယိတနိရောဓသမာပတ်သည် အသညသတ်ဘုံသို့ ကပ်ရောက်ကြောင်းတည်းဟု အဟေတုဝါဒရှိသူ ပရဝါဒီတို့ ယူဆကြကုန်၏၊ ထိုပရဝါဒီတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ အသညသမာပတ်ကို ဝင်စားသူအား အလောဘစသည်တို့ ရှိကုန်၏၊ နိရောဓသမာပတ်ကို ဝင်စားသူအား အလောဘစသည်တို့ မရှိကုန်၊ ထို့ကြောင့် ဤပုစ္ဆာကို တက်သည်။

၃။ သညာ၌ တပ်ခြင်းကင်းသည်၏ အစွမ်းအားဖြင့် ဝင်စားသည်၏ အဖြစ်ကြောင့် ဤလူ့ဘုံ၌ အသညီအဖြစ်ကို သကဝါဒီက ဝန်ခံခဲ့၏၊ ထိုဗြဟ္မာ့ဘုံ၌လည်း အသညသတ်၏ အဖြစ်ကြောင့်သာလျှင် အသညီအဖြစ်ကို ဝန်ခံအပ်၏၊ ထို့ကြောင့် ဤပဋိညာဉ်ကို ယူ၍ အယူကို တည်စေသူသည် ကောက်ကျစ်သော ဆလဝါဒဖြင့် တည်စေအပ်သည်သာတည်း။

♣

**၁၅–ပန္နရသမဝဂ် (၁၅၅) ၁၁–ကမ္ဗုပစယကထာ**[၁]

၇၃၇။ သကဝါဒီ။ ။ ကံသည် တခြား ကံ၏ ပွါးစီးမှုသည် တခြားလော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။

သကဝါဒီ။ ။ ဖဿသည် တခြား ဖဿ၏ ပွါးစီးမှုသည် တခြားလော။ ဝေဒနာသည် တခြား ဝေဒနာ၏ ပွါးစီးမှုသည် တခြားလော။ သညာသည် တခြား သညာ၏ ပွါးစီးမှုသည် တခြားလော။ စေတနာသည် တခြား စေတနာ၏ ပွါးစီးမှုသည် တခြားလော။ စိတ်သည် တခြား စိတ်၏ ပွါးစီးမှုသည် တခြားလော။ သဒ္ဓါသည် တခြား သဒ္ဓါ၏ ပွါးစီးမှုသည် တခြားလော။ ဝီရိယသည် တခြား ဝီရိယ၏ ပွါးစီးမှုသည် တခြားလော။ သတိသည် တခြား သတိ၏ ပွါးစီးမှုသည် တခြားလော။ သမာဓိသည် တခြား သမာဓိ၏ ပွါးစီးမှုသည် တခြားလော။ ပညာသည် တခြား ပညာ၏ ပွါးစီးမှုသည် တခြားလော။ ရာဂသည် တခြား ရာဂ၏ ပွါးစီးမှုသည် တခြားလော။ပ။ အနောတ္တပ္ပသည် တခြား အနောတ္တပ္ပ၏ ပွါးစီးမှုသည် တခြားလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၃၈။ သကဝါဒီ။ ။ ကံသည် တခြား ကံ၏ ပွါးစီးမှုသည် တခြားလော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် ကံနှင့် အတူတကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် ကံနှင့် အတူတကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ထိုသို့ ဖြစ်ပါ၏။[၄]

သကဝါဒီ။ ။ ကုသိုလ်ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ်ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် ကုသိုလ်လော။

ပရဝါဒီ။ ။ ထိုသို့ ဟုတ်ပါ၏။[၅]

သကဝါဒီ။ ။ သုခဝေဒနာနှင့် ယှဉ်သော ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် သုခ ဝေဒနာနှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဝေဒနာနှင့်။ပ။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၃၉။ သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် ကံနှင့် အတူတကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ထိုသို့ ဖြစ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် အကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သုခဝေဒနာနှင့် ယှဉ်သော ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် သုခ ဝေဒနာနှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုက္ခဝေဒနာနှင့်။ပ။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ကံနှင့် အတူတကွ ဖြစ်သော ကံ၏ ပွါးစီးမှုသည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၄၀။ သကဝါဒီ။ ။ ကံသည် စိတ်နှင့် အတူတကွ ဖြစ်၍ ကံသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် စိတ်နှင့် အတူတကွ ဖြစ်၍ ကံ၏ ပွါးစီးမှုသည် အာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် စိတ်နှင့် အတူတကွ ဖြစ်ပါလျက် ကံ၏ ပွါးစီးမှုသည် အာရုံ မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ကံသည် စိတ်နှင့် အတူတကွ ဖြစ်ပါလျက် ကံသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံသည် စိတ်နှင့် အတူတကွ ဖြစ်၍ စိတ်ပျက်စီးလတ်သော် ကံသည် ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဩော် ပျက်စီးပါ၏။

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် စိတ်နှင့် အတူတကွ ဖြစ်၍ စိတ်ပျက်စီးလတ်သော် ကံ၏ ပွါးစီးမှုသည် ပျက်စီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် စိတ်နှင့် အတူတကွ ဖြစ်ပါလျက် စိတ်ပျက်စီးလတ်သော် ကံ၏ ပွါးစီးမှုသည် မပျက်စီးပါသလော။

ပရဝါဒီ။ ။ ဩော် မပျက်စီးပါ။

သကဝါဒီ။ ။ ကံသည် စိတ်နှင့် အတူတကွ ဖြစ်ပါလျက် စိတ်ပျက်စီးလတ်သော် ကံသည် မပျက်စီး ပါသလော။

ပရ၀ါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၄၁။ သကဝါဒီ။ ။ ကံရှိလတ်သော် ကံ၏ ပွါးစီးမှု ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။[၇]

သကဝါဒီ။ ။ ထိုကံသည်ပင် ထိုကံ၏ ပွါးစီးမှုလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံရှိလတ်သော် ကံ၏ ပွါးစီးမှုသည် ရှိသည် ဖြစ်၍ ကံ၏ ပွါးစီးမှုကြောင့် အကျိုး'ဝိပါက်' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ထိုကံသည်ပင် ထိုကံ၏ ပွါးစီးမှုလော၊ ထိုပွါးစည်းမှုသည် ထိုကံ၏ အကျိုး 'ဝိပါက်'လော။[၈]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံရှိလတ်သော် ကံ၏ ပွါးစီးမှုသည် ရှိသည်ဖြစ်ရကား ကံ၏ ပွါးစီးမှုကြောင့် အကျိုး ဖြစ်ပေါ်၍ ထိုအကျိုး'ဝိပါက်'သည် အာရုံရှိပါသလော။[၉]

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် အာရုံရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

သကဝါဒီ။ ။ ကံ၏ ပွါးစီးမှုသည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။[၁၁]

သကဝါဒီ။ ။ အကျိုးဝိပါက်သည် အာရုံမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၄၂။ သကဝါဒီ။ ။ ကံသည် တခြား ကံ၏ ပွါးစီးမှုသည် တခြားလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ပုဏ္ဏ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ဆင်းရဲရှိသည်လည်းဖြစ်သော ဆင်းရဲမရှိသည်လည်းဖြစ်သော ကာယသင်္ခါရကို ပြုလုပ်၏၊ ဆင်းရဲရှိသည်လည်းဖြစ်သော ဆင်းရဲမရှိသည်လည်း ဖြစ်သော ဝစီသင်္ခါရကို ပြုလုပ်၏။ပ။ မနောသင်္ခါရကို ပြုလုပ်၏၊ ထိုပုဂ္ဂိုလ်သည် ဆင်းရဲရှိသည်လည်း ဖြစ်သော ဆင်းရဲမရှိသည်လည်းဖြစ်သော ကာယသင်္ခါရကို ပြုလုပ်ပြီး၍ ဆင်းရဲရှိသည်လည်းဖြစ်သော ဆင်းရဲမရှိသည်လည်းဖြစ်သော ဝစီသင်္ခါရကို။ပ။ မနောသင်္ခါရကို ပြုလုပ်ပြီး၍ ဆင်းရဲရှိသည်လည်းဖြစ်သော ဆင်းရဲမရှိသည်လည်းဖြစ်သောလောကသို့ ကပ်ရောက်၏၊ ဆင်းရဲရှိသည်လည်းဖြစ်သော ဆင်းရဲမရှိသည် လည်းဖြစ်သောလောကသို့ ကပ်ရောက်သည်ရှိသော် ထိုသူ့ကို ဆင်းရဲရှိသည်လည်းဖြစ်ကုန်သော ဆင်းရဲ မရှိသည်လည်းဖြစ်ကုန်သော ဖဿတို့သည်

တွေ့ထိကုန်၏၊ ဆင်းရဲရှိသည်လည်းဖြစ်ကုန်သော ဆင်းရဲ မရှိသည်လည်းဖြစ်ကုန်သော ဖဿတို့ တွေ့ထိအပ်သည် ဖြစ်လတ်သော် ထိုသူသည် ဆင်းရဲရှိသည်လည်း ဖြစ်သော ဆင်းရဲမရှိသည်လည်းဖြစ်သော သုခဒုက္ခ ရောနှောနေသော ဝေဒနာကို လူတို့ကဲ့သို့လည်းကောင်း၊ အချို့နတ်တို့ကဲ့သို့လည်းကောင်း၊ အချို့ဝိနိပါတိကပြိတ္တာတို့ကဲ့သို့လည်းကောင်း ခံစားရ၏။ ပုဏ္ဏ ဤသို့လျှင် ဖြစ်ပြီးသော ကံကြောင့် သတ္တဝါ၏ ပဋိသန္ဓေသည် ဖြစ်၏၊ အကြင်ကံကို ပြုလုပ်၏၊ ထိုကံကြောင့် ဖြစ်ရ၏၊ ဖြစ်ပြီးသော ဤသတ္တဝါကို ဖဿတို့သည် တွေ့ထိကုန်၏၊ ပုဏ္ဏ ဤသို့လျှင် သတ္တဝါတို့သည် ကံသာလျှင် အမွေခံရှိကုန်၏ဟု ငါ ဆို၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကံသည် တခြား ကံ၏ ပွါးစီးမှုသည် တခြား"ဟူ၍ မဆိုသင့်။

**ကမ္မူပစယကထာ ပြီး၏။**

**ပန္နရသမဝဂ် ပြီး၏။**

**တတိယပဏ္ဏာသက ပြီး၏။**

------

၁။ ကံ၏ ပွါးစီးမှုမည်သည် ကံမှ အခြားတစ်ပါးသော စိတ်နှင့် မယှဉ်၊ အဗျာကတ အနာရမ္မဏတည်းဟု အယူရှိသူ အန္ဓကနှင့် သမ္မိတိယဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ကံ၏ ပွါးစီးမှုသည် ကံမှ အခြားတစ်ပါး ဖြစ်ခဲ့ပါမူ ဖဿစသည်မှလည်း အခြားတစ်ပါးသော ဖဿ စသည်၏ ပွါးစီးမှုသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ စိတ္တဝိပ္ပယုတ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ စိတ္တသမ္ပယုတ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ စိတ္တဝိပ္ပယုတ်ကို ရည်ရွယ်၍ ဝန်ခံသည်။
၆။ ကေဝလအနာရမ္မဏကိုသာ အလိုရှိရကား ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၇။ ကံရှိလတ်သော် ကံပွါးစီးမှု ကမ္မူပစယရှိ၏၊ ကမ္မူပစယကြောင့် ဝိပါက်ဖြစ်၏၊ ကံချုပ်လတ်သော် အညွန့် ဖြစ်သည့်တိုင်အောင် မျိုးစေ့မည်သကဲ့သို့ ဝိပါက်ဖြစ်သည့် တိုင်အောင် ကမ္မူပစယသည် တည်ရှိ၏ဟု အယူရှိ၍ ပရဝါဒီဆရာက ဝန်ခံ၏။
၈။ ကံရှိလတ်သော် ကမ္မူပစယရှိ၏၊ ကမ္မူပစယသည် ဝိပါက်ဖြစ်သည့်တိုင်အောင် တည်ရှိ၏ဟု ပရဝါဒီက အယူရှိသောကြောင့် ဤပုစ္ဆာကို တက်သည်။
၉။ အကျိုးဝိပါက်ကဲ့သို့ ဝိပါကဓမ္မဓမ္မသည်လည်း အာရုံနှင့် စပ်သလောဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၁၀။ မိမိအယူ၏ အစွမ်းအားဖြင့် တစ်ခုကို ပဋိက္ခေပပြု၍ တစ်ခုကို ဝန်ခံသည်။
၁၁။ မိမိအယူ၏ အစွမ်းအားဖြင့် တစ်ခုကို ပဋိက္ခေပပြု၍ တစ်ခုကို ဝန်ခံသည်။

♣

## ၁၆–သောဠသမဝဂ် (၁၅၆) ၁–နိဂ္ဂဟကထာ[၁]

၇၄၃။ သကဝါဒီ။ ။ တစ်ယောက်သောသူ၏ စိတ်ကို မတပ်မက်လင့် မဖျက်ဆီးလင့် မတွေဝေလင့် မညစ်ညူးလင့်ဟူ၍ တစ်ယောက်သောသူသည် နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်ပါသလော။[၂]

ပရဝါဒီ။ ။ ဩော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူအား ဖြစ်သော ဖဿသည် မချုပ်ပါစေလင့်ဟူ၍ တစ်ယောက် သော သူသည် နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူအား ဖြစ်သော ဝေဒနာသည်။ပ။ သညာသည်၊ စေတနာသည်၊ စိတ်သည်၊ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် မချုပ်ပါစေလင့်ဟူ၍ တစ်ယောက်သောသူသည် နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူ၏ စိတ်ကို တစ်ယောက်သောသူသည် နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏အကျိုးငှါ ရာဂကို ပယ်စွန့်နိုင်ပါသလော၊ ဒေါသကို ပယ်စွန့်နိုင်ပါသလော။ပ။ အနောတ္တပ္ပကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ အကျိုးငှါ မဂ်ကို ပွါးစေနိုင်ပါသလော၊ သတိပဋ္ဌာန်ကို ပွါးစေနိုင်ပါသလော။ပ။ ဗောဇ္ဈင်ကို ပွါးစေနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ အကျိုးငှါ ဆင်းရဲကို ပိုင်းခြား၍ သိနိုင်ပါသလော၊ ဆင်းရဲဖြစ်ကြောင်း တဏှာကို ပယ်စွန့်နိုင်ပါသလော၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ပါသလော၊ မဂ်ကို ပွါးစေနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ပါးသောသူသည် တစ်ပါးသောသူကို ပြုလုပ် (ဖန်ဆင်း) နိုင်ပါသလော၊ ချမ်းသာ နှင့်ဆင်းရဲကို တစ်ပါးသောသူသည် ပြုလုပ်အပ်ပါသလော၊ တစ်ပါးသူက ပြုလုပ်၍ တစ်ပါးသောသူက ခံစားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှိမ်နင်းနိုင်ပါ၏။

သကဝါဒီ။ ။ "မိမိသည်သာလျှင် မကောင်းမှုကို ပြုလုပ်အပ်သည်ရှိသော် မိမိသည်ပင် ညစ်ညူးရ၏၊ မိမိသည် မကောင်းမှုကို မပြုလုပ်အပ်သည်ရှိသော် မိမိသည်ပင် စင်ကြယ်ရ၏၊ စင်ကြယ်မှု မစင်ကြယ်မှုသည် တခြားစီတည်း၊ တစ်ယောက်သော သူသည် တစ်ယောက်သော သူကို မစင်ကြယ်စေနိုင်"ဟူ၍ မြတ်စွာဘုရား ဟော ကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် "တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်၏"ဟူ၍ မဆိုသင့်ပါ။

၇၄၄။ ပရဝါဒီ။ ။ "တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အားအစွမ်းသို့ ရောက်သူတို့သည် ရှိကုန်သည် မဟုတ်ပါလော၊ ဝသီဘော်သို့ ရောက်သူတို့သည် ရှိကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အားအစွမ်းသို့ ရောက်သူတို့ ရှိခဲ့ကုန်မူ ဝသီဘော်သို့ ရောက်သူတို့ ရှိခဲ့ကုန်မူ ထိုအကြောင်းကြောင့် "တစ်ယောက်သူသည် တစ်ယောက်သောသူ၏ စိတ်ကို နှိမ်နင်းနိုင်၏"ဟူ၍ ဆိုသင့်၏။

**နိဂ္ဂဟကထာ ပြီး၏။**

------

၁။ လောက၌ ကာယဗလ ဉာဏဗလသို့ ရောက်သူ၊ ဈာန်အဘိဉာဏ်ရှိသူတို့၌ လေ့လာခြင်းရှိသည်၏အဖြစ်သို့ ရောက်သူသည် သူတစ်ပါး၏ စိတ်ကို နှိမ်နင်းခြင်းငှါ မစွမ်းနိုင်ကြကုန်မူ ထိုသူတို့၏အားအစွမ်းသို့ ရောက်ခြင်းသည် အဘယ်သို့ သဘောရှိပါသနည်း၊ ဈာန်အဘိညာဏ်တို့၏ လေ့လာခြင်းရှိသည်၏ အဖြစ်သည် အဘယ်သို့ သဘောရှိသနည်း၊ အမှန်စင်စစ်သော်ကား ထိုသူတို့သည် သူတစ်ပါးတို့၏ စိတ်ကို နှိမ်နင်းနိုင်၏ဟု အယူရှိသူတို့ကို ရည်ရွယ်၍ ဤနိဂ္ဂဟကထာကို ဟောတော်မူသည်။

၂။ နှိမ်နင်းနိုင်၏ဟူသည် ညစ်ညူးခြင်းသို့ ရောက်ခြင်းမှ တားမြစ်နိုင်၏ဟု ဆိုခြင်း ဖြစ်၏။

♣

## ၁၆-သောဠသမဝဂ် (၁၅၇) ၂-ပဂ္ဂဟကထာ

၇၄၅။ သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူ၏ စိတ်ကို မတပ်မက်လင့်၊ မဖျက်ဆီးလင့်၊ မတွေဝေလင့်၊ မညစ် ညူးလင့်ဟူ၍ ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား အလောဘဟူသော ကုသိုလ်မူလကို ဖြစ်စေနိုင်ပါသလော၊ အဒေါသဟူသော ကုသိုလ်မူလကို ဖြစ်စေနိုင်ပါသလော၊ အမောဟဟူသော ကုသိုလ် မူလကို ဖြစ်စေနိုင်ပါသလော၊ သဒ္ဓါကို ဖြစ်စေနိုင်ပါသလော၊ ဝီရိယကို ဖြစ်စေနိုင်ပါသလော၊ သတိကို ဖြစ်စေနိုင်ပါသလော၊ သမာဓိကို ဖြစ်စေနိုင်ပါသလော၊ ပညာကို ဖြစ်စေနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ဖြစ်ပေါ်လာသော ဖဿသည် မချုပ်ပါစေလင့်ဟူ၍ တစ်ယောက်သောသူက ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ဖြစ်ပေါ်လာသော ဝေဒနာသည်။ပ။ ဖြစ်ပေါ်လာသော ပညာသည် မချုပ်ပါစေလင့်ဟူ၍ တစ်ယောက်သောသူက ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ အကျိုးငှါ ရာဂကို ပယ်စွန့်နိုင်ပါသလော၊ ဒေါသကို ပယ်စွန့်နိုင်ပါသလော၊ မောဟကို ပယ်စွန့်နိုင်ပါသလော။ပ။ အနောတ္တပ္ပကို ပယ်စွန့် နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ အကျိုးငှါ မဂ်ကို ပွါးစေနိုင်ပါသလော။ပ။ သတိပဋ္ဌာန်ကို ပွါးစေနိုင်ပါသလော။ပ။ ဗောဇ္ဈင်ကို ပွါးစေနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ အကျိုးငှါ ဆင်းရဲကို ပိုင်းခြား၍ သိနိုင်ပါသလော။ပ။ မဂ်ကို ပွါးစေနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ တစ်ပါးသောသူသည် တစ်ပါးသောသူကို ပြုလုပ် (ဖန်ဆင်း) နိုင်ပါသလော၊ ချမ်းသာ ဆင်းရဲကို တစ်ပါးသောသူသည် ပြုလုပ်အပ်ပါသလော။ တစ်ပါးသောသူသည် ပြုလုပ်၍ တစ်ပါးသောသူက ခံစားနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ချီးမြှောက်နိုင်ပါ၏။

သကဝါဒီ။ ။ "မိမိသည်သာလျှင် မကောင်းမှုကို ပြုလုပ်အပ်၏။ပ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူကို မစင်ကြယ်စေနိုင်"ဟူ၍ မြတ်စွာဘုရားဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက် နိုင်၏"ဟူ၍ မဆိုသင့်။

၇၄၆။ ပရဝါဒီ။ ။ "တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက်နိုင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ အားအစွမ်းသို့ ရောက်သူတို့သည် ရှိကုန်သည် မဟုတ်ပါလော၊ ဝသီဘော်သို့ ရောက်သူတို့သည် ရှိကုန်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အားအစွမ်းသို့ ရောက်သူတို့သည် ရှိခဲ့ကုန်မူ ဝသီဘော်သို့ ရောက်သူတို့သည် ရှိခဲ့ကုန်မူ၊ ထို့ကြောင့် "တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ စိတ်ကို ချီးမြှောက် နိုင်၏"ဟူ၍ ဆိုသင့်၏။

**ပဂ္ဂဟကထာ ပြီး၏။**

------

## ၁၆-သောဠသမဝဂ် (၁၅၈) ၃-သုခါနုပ္ပဒါနကထာ[၁]

၇၄၇။ သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို ပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပေးနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ဆင်းရဲကို ပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ဆင်းရဲကို မပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မပေးနိုင်ပါ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို မပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို ပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပေးနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မိမိ၏ ချမ်းသာကို ပေးနိုင်ပါသလော၊ တစ်ပါးသောသူတို့၏ ချမ်းသာကို ပေးနိုင်ပါသလော၊ ထိုသူ၏ ချမ်းသာကို ပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မိမိ၏ ချမ်းသာကို မပေးနိုင် ပါသလော၊ တစ်ပါးသောသူတို့၏ ချမ်းသာကို မပေးနိုင်ပါသလော၊ ထိုသူ၏ ချမ်းသာကို မပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် မပေးနိုင်ပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မိမိ၏ ချမ်းသာကို တစ်ပါးသူတို့၏ ချမ်းသာကို ထိုသူ၏ ချမ်းသာကို မပေးနိုင်ခဲ့ပါမူ "တစ်ပါးသောသူသည် တစ်ပါးသော သူအား ချမ်းသာကို ပေးနိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို ပေးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပေးနိုင်ပါ၏။

သကဝါဒီ။ ။ တစ်ယောက်သောသူသည် တစ်ယောက်သောသူကို ဖန်ဆင်းနိုင်ပါသလော၊ ချမ်းသာနှင့် ဆင်းရဲကို သူတစ်ပါးက ပြုလုပ်အပ်ပါသလော၊ သူတစ်ပါး ပြုလုပ်၍ သူတစ်ပါး ခံစားနိုင် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၄၈။ ပရဝါဒီ။ ။ "တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို ပေးနိုင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "မြတ်စွာဘုရားသည် များစွာသော ငါတို့၏ ဆင်းရဲတရားတို့ကို ပယ်ရှားတော်မူပါပေစွ၊ မြတ်စွာဘုရားသည် များစွာသော ငါတို့၏ ချမ်းသာတရားတို့ကို ဆောင်တော်မူပါပေစွ၊ မြတ်စွာဘုရားသည် များစွာသော ငါတို့၏ အကုသိုလ်တရားတို့ကို ပယ်ရှားတော်မူပါပေစွ၊ မြတ်စွာဘုရားသည် များစွာသော ငါတို့၏ ကုသိုလ်တရားတို့ကို ဆောင်တော်မူပါပေစွ"ဟူ၍ အရှင်ဥဒါယီ (မြတ်စွာဘုရားအား) လျှောက်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာကို ပေးနိုင်၏။

**သုခါနုပ္ပဒါနကထာ ပြီး၏။**

------

၁။ မြတ်စွာဘုရားသည် များစွာကုန်သော ငါတို့အား ချမ်းသာသုခတရားတို့ကို ကပ်၍ ဆောင်တော်မူတတ်၏ဟူသော သုတ်ကို အမှီပြု၍ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား ချမ်းသာသုခကို အဆင့်ဆင့် ပေးတတ်၏ဟု ဟေတုဝါဒ အယူရှိသူတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၆–သောဠသမဝဂ် (၁၅၉) ၄–အဓိဂယှမနသိကာရကထာ[၁]

၇၄၉။ သကဝါဒီ။ ။ ပေါင်းရုံးသိမ်းကျုံး၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ထိုစိတ်ဖြင့် ထိုစိတ်ကို သိနိုင်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ထိုစိတ်ဖြင့် ထိုစိတ်ကို သိနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် သိနိုင်ပါ၏။[၄]

သကဝါဒီ။ ။ ထိုစိတ်ဖြင့် ထိုစိတ်ကို "စိတ်"ဟူ၍ သိနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုစိတ်ဖြင့် ထိုစိတ်ကို "စိတ်"ဟူ၍ သိနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် သိနိုင်ပါ၏။

သကဝါဒီ။ ။ ထိုစိတ်သည် ထိုစိတ်၏ အာရုံလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ထိုစိတ်သည် ထိုစိတ်၏ အာရုံလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထိုဖဿဖြင့် ထိုဖဿကို တွေ့နိုင်ပါသလော၊ ထိုဝေဒနာဖြင့်။ပ။ ထိုသညာဖြင့်။ ထိုစေတနာဖြင့်။ ထိုစိတ်ဖြင့်။ ထိုဝိတက်ဖြင့်။ ထိုဝိစာရဖြင့်။ ထိုပီတိဖြင့်။ ထိုသတိဖြင့်။ ထိုပညာဖြင့် ထိုပညာကို သိနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅၀။ သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသူသည် ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသူသည် ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသောသူသည် အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းပါသလော၊ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော၊ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင် ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿသုံးပါးတို့၏။ပ။ စိတ်သုံးပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅၁။ သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩာ် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩာ် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော၊ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်တရားကို "အနာဂတ်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော၊ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩာ် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿသုံးပါးတို့၏။ပ။ စိတ်သုံးပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅၂။ သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို "ပစ္စုပ္ပန်တရား"ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို "အတိတ်တရား"ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဩာ် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို “ပစ္စုပ္ပန်တရား”ဟူ၍ နှလုံးသွင်းသူသည် အနာဂတ်တရားကို “အနာဂတ်တရား”ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို “ပစ္စုပ္ပန်တရား”ဟူ၍ နှလုံးသွင်းသူသည် အနာဂတ်တရားကို “အနာဂတ်တရား”ဟူ၍ နှလုံးသွင်းနိုင်ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို “ပစ္စုပ္ပန်တရား”ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို “အတိတ်တရား”ဟူ၍ နှလုံးသွင်းနိုင်ပါသလော၊ အနာဂတ်တရားကို “အနာဂတ်တရား”ဟူ၍ နှလုံးသွင်းနိုင် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပစ္စုပ္ပန်တရားကို “ပစ္စုပ္ပန်တရား”ဟူ၍ နှလုံးသွင်းသူသည် အတိတ်တရားကို “အတိတ်တရား”ဟူ၍ နှလုံးသွင်းနိုင်ပါသလော၊ အနာဂတ်တရားကို “အနာဂတ်တရား”ဟူ၍ နှလုံးသွင်းနိုင် ပါသလော။

ပရဝါဒီ။ ။ သြော် နှလုံးသွင်းနိုင်ပါ၏။

သကဝါဒီ။ ။ ဖဿသုံးပါးတို့၏။ပ။ စိတ်သုံးပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅၃။ ပရဝါဒီ။ ။ “ပေါင်းရုံးသိမ်းကျုံး၍ နှလုံးသွင်း၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ “အလုံးစုံသော သင်္ခါရတို့သည် မမြဲကုန်”ဟု အကြင်အခါ၌ ပညာဖြင့် မြင်၏၊ ထိုအခါ ဆင်းရဲ၌ ငြီးငွေ့၏၊ ဤငြီးငွေ့မှုသည် အထူးစင်ကြယ်မှု (နိဗ္ဗာန်) သို့ ရောက်ကြောင်း လမ်းစဉ်ပေတည်း။

“အလုံးစုံသော သင်္ခါရတို့သည် ဆင်းရဲကုန်၏”ဟု အကြင်အခါ၌ ပညာဖြင့် မြင်၏၊ ထိုအခါ ဆင်းရဲ၌ ငြီးငွေ့၏၊ ဤငြီးငွေ့မှုသည် အထူးစင်ကြယ်မှု (နိဗ္ဗာန်) သို့ ရောက်ကြောင်း လမ်းစဉ်ပေတည်း။

“အလုံးစုံသော တရားတို့သည် အတ္တ မဟုတ်ကုန်”ဟု အကြင်အခါ၌ ပညာဖြင့် မြင်၏၊ ထိုအခါ ဆင်းရဲ၌ ငြီးငွေ့၏၊ ဤငြီးငွေ့မှုသည် စင်ကြယ်မှု (နိဗ္ဗာန်) သို့ ရောက်ကြောင်း လမ်းစဉ် ပေတည်း”ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၉]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပေါင်းရုံးသိမ်းကျုံး၍ နှလုံးသွင်းနိုင်ပါ၏။

**အဓိဂယှမနသိကာရကထာ ပြီး၏။**

------

၁။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" အစရှိသော စကားကို အမှီပြု၍ သင်္ခါရတို့ကို နှလုံးသွင်းသော ပုဂ္ဂိုလ်မည်သည် တစ်ပေါင်းတည်းယူ၍ သင်္ခါရအားလုံးတို့ကို တစ်ပေါင်းတည်း တပြိုင်နက် နှလုံးသွင်းနိုင်၏ဟု အယူရှိသော ပုဗ္ဗသေလိယနှင့် အပရသေလိယတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ သင်္ခါရအားလုံးတို့ကို နှလုံးသွင်းသူသည် အကြင်စိတ်ဖြင့် ထိုသင်္ခါရတို့ကို နှလုံးသွင်း၏၊ ထိုစိတ်ကိုလည်း နှလုံးသွင်းအပ်၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ အာရုံပြု၍ သိခြင်းငါ့ မတတ်ကောင်းသည်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ စိတ်သည် ဤသို့ လက္ခဏာရှိ၏ဟု သိအပ်သည်၏ အဖြစ်ကြောင့် ထိုစိတ်သည်လည်း သိအပ်သည်သာ ဖြစ်၏ဟု ရည်ရွယ်လျက် ဝန်ခံပြန်သည်။

၅။ ပရဝါဒီ၏ သာဓကေသုတ်လာ စကားကို နယအားဖြင့် ပြသည်ကို ရည်ရွယ်၍ မိန့်ဆိုအပ်ပါသည်၊ တစ်ပြိုင်နက်ခဏ၌ အာရုံပြုသောအားဖြင့် ပြသည် မဟုတ်သောကြောင့် သာဓက မထိုက်။

♣

## ၁၆–သောဠသမဝဂ် (၁၆၀) ၅–ရူပံ ဟေတူတိကထာ[၁]

၇၅၄။ သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အလောဘဟိတ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အဒေါသဟိတ်လော။ပ။ အမောဟဟိတ်လော။ပ။လောဘဟိတ်လော၊ ဒေါသဟိတ်လော၊ မောဟဟိတ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီသည် ရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိခဲ့ပါမူ "ရုပ်သည် အကြောင်း 'ဟိတ်' ရှိ၏"ဟူ၍ မဆိုသင့်။

၇၅၅။ သကဝါဒီ။ ။ အလောဘသည် အကြောင်း 'ဟိတ်' ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဒေါသသည် အကြောင်း 'ဟိတ်' ဖြစ်၍။ အမောဟသည် အကြောင်း 'ဟိတ်' ဖြစ်၍။လောဘသည် အကြောင်း 'ဟိတ်' ဖြစ်၍။ ဒေါသသည် အကြောင်း 'ဟိတ်' ဖြစ်၍။ မောဟသည် အကြောင်း 'ဟိတ်' ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုမောဟအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အလောဘသည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက် အာရုံမရှိသည်ဖြစ်ရကား ထိုအလောဘ အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဒေါသသည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက်။ အမောဟသည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက်။လောဘသည် အကြောင်း'ဟိတ်' ဖြစ်ပါလျက်။ ဒေါသသည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက်။ မောဟသည် အကြောင်း 'ဟိတ်' ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုမောဟအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၇၅၆။ ပရဝါဒီ။ ။ "ရုပ်သည် အကြောင်း 'ဟိတ်' တည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့၏ မီရာ အကြောင်း 'ဟိတ်' ဖြစ်ကုန်သည် မဟုတ်ပါလော။[၂]

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့၏ မီရာ အကြောင်း 'ဟိတ်' ဖြစ်ခဲ့ပါ ကုန်မူ ထိုအကြောင်းကြောင့် "ရုပ်သည် အကြောင်း'ဟိတ်' တည်း"ဟူ၍ ဆိုသင့်၏။

**ရူပံ ဟေတူတိကထာ ပြီး၏။**

------

၁။ ဟေတုဟူသောအမည်သည် ကုသလမူလစသော ဟေတု ဟေတု၏လည်းကောင်း၊ တစ်စုံတစ်ခုသော ပစ္စည်းတရား၏လည်းကောင်း အမည်တည်းဟု ဝေဖန်ခြင်းကို မပြုဘဲ "စတ္တာရော မဟာဘူတာ ဟေတူ"ဟူသော စကားမျှကိုသာ အမှီပြု၍ သာမညအားဖြင့် ရုပ်သည် ဟိတ်ပင်တည်းဟု အယူရှိသူ ဥတ္တရာပထကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤရူပံ ဟေတုကထာကို ဟောတော်မူသည်။

၂။ ပရဝါဒီ၏စကားသည် ပစ္စယအနက်သဘောကြောင့် ဟေတုအဖြစ်ကိုသာ ဆိုအပ်၏၊ မူလဟူသော အနက်သဘောကြောင့် ဟေတုကို ဆိုအပ်သည် မဟုတ်၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၆–သောဠသမဝဂ် (၁၆၁) ၆–ရူပံ သဟေတုကန္တိကထာ

၇၅၇။ သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အလောဘဟိတ်နှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အဒေါသဟိတ်နှင့်တကွ ဖြစ်ပါသလော။ပ။ အမောဟဟိတ်နှင့်တကွ ဖြစ်ပါသလော။ပ။လောဘဟိတ်နှင့်တကွ ဖြစ်ပါသလော၊ ဒေါသဟိတ်နှင့်တကွ ဖြစ်ပါသလော။ပ။ မောဟ ဟိတ်နှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း'ဟိတ်'နှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိခဲ့ပါမူ "ရုပ်သည် အကြောင်း'ဟိတ်'နှင့်တကွ ဖြစ်၏"ဟူ၍ မဆိုသင့်။

၇၅၈။ သကဝါဒီ။ ။ အလောဘသည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်'နှင့်တကွ ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဒေါသသည် အကြောင်း'ဟိတ်'နှင့်တကွ ဖြစ်၍။ပ။ အမောဟသည်။ သဒ္ဓါသည်။ ဝီရိယသည်။ သတိသည်။ သမာဓိသည်။ ပညာသည်။လောဘသည်။ ဒေါသသည်။ မောဟသည်။ မာနသည်။ ဒိဋ္ဌိသည်။ ဝိစိကိစ္ဆာသည်။ ထိနသည်။ ဥဒ္ဓစ္စသည်။ အဟိရိကသည်။ အနောတ္တပ္ပသည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အလောဘသည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အဒေါသသည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်ပါလျက်။ပ။ အနောတ္တပ္ပသည် အကြောင်း 'ဟိတ်'နှင့်တကွ ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅၉။ ပရဝါဒီ။ ။ "ရုပ်သည် အကြောင်း 'ဟိတ်' နှင့်တကွ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရုပ်သည် အကြောင်းပစ္စည်းနှင့်တကွ ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရုပ်သည် အကြောင်းပစ္စည်းနှင့်တကွ ဖြစ်ခဲ့ပါမူ ထို့ကြောင့် "ရုပ်သည် အကြောင်း 'ဟိတ်'နှင့်တကွ ဖြစ်၏"ဟူ၍ ဆိုသင့်၏။

**ရူပံ သဟေတုကန္တိကထာ ပြီး၏။**

------

## ၁၆-သောဠသမဝဂ် (၁၆၂) ၇-ရူပံ ကုသလာကုသလန္တိကထာ[၁]

၇၆၀။ သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိခဲ့ပါမူ "ရုပ်သည် ကုသိုလ်"ဟူ၍ မဆိုသင့်။

၇၆၁။ သကဝါဒီ။ ။ အလောဘသည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဒေါသသည် ကုသိုလ်ဖြစ်၍။ပ။ အမောဟသည် ကုသိုလ်ဖြစ်၍။ပ။ သဒ္ဓါသည်။ ဝီရိယသည်။ သတိသည်။ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုပညာအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။

စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အလောဘသည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည်ဖြစ်ရကား ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည်ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဒေါသသည် ကုသိုလ်ဖြစ်ပါလျက်။ပ။ ပညာသည် ကုသိုလ်ဖြစ်ပါလျက် အာရုံ မရှိသည် ဖြစ်ရကား ထိုပညာအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၆၂။ သကဝါဒီ။ ။ ရုပ်သည် အကုသိုလ်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်သည် အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိခဲ့ပါမူ "ရုပ်သည် အကုသိုလ်"ဟူ၍ မဆိုသင့်။

၇၆၃။ သကဝါဒီ။ ။လောဘသည် အကုသိုလ်ဖြစ်၍ အာရုံရှိသည်ဖြစ်ရကား ထိုလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒေါသသည်။ မောဟသည်။ မာနသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်၍ အာရုံ ရှိသည် ဖြစ်ရကား ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကုသိုလ်ဖြစ်၍ အာရုံရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။လောဘသည် အကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်ရကား ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ဒေါသသည်။ မောဟသည်။ပ။ အနောတ္တပ္ပသည် အကုသိုလ်ဖြစ်ပါလျက် အာရုံ မရှိသည် ဖြစ်ရကား ထိုအနောတ္တပ္ပအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၇၆၄။ ပရဝါဒီ။ ။ "ရုပ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကာယကံသည်၊ ဝစီကံသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကာယကံသည်၊ ဝစီကံသည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်ခဲ့ပါမူ ထို့ကြောင့် "ရုပ်သည် ကုသိုလ်လည်းဖြစ် အကုသိုလ်လည်း ဖြစ်၏"ဟူ၍ ဆိုသင့်၏။

## ရူပံ ကုသလာကုသလန္တိကထာ ပြီး၏။

------

၁။ "ကာယကမ္မံ ဝစီကမ္မံ ကုသလမ္ပိ အကုသလမ္ပိ"ဟူသော စကားကို အမှီပြု၍ ကာယကံ ဝစီကံဟူသော ကာယဝိညတ် ဝစီဝိညတ်ရုပ်သည် ကုသိုလ်လည်း ဖြစ်၏၊ အကုသိုလ်သည်လည်း ဖြစ်၏ဟု အယူရှိသူ မဟိံသာသကနှင့် သမ္မိတိယဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ရုပ်သည် ကုသိုလ်ဖြစ်ခဲ့မူ ဤရုပ်သည် ဤသို့ သဘောရှိသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၆–သောဠသမဝဂ် (၁၆၃) ၈–ရူပံ ဝိပါကောတိကထာ[၁]

၇၆၅။ သကဝါဒီ။ ။ ရုပ်သည် အကျိုး 'ဝိပါက်'လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် သုခဝေဒနာရှိသည်၊ ဒုက္ခဝေဒနာရှိသည်၊ မဆင်းရဲ မချမ်းသာ ဥပေက္ခာ ဝေဒနာရှိသည်၊ သုခဝေဒနာနှင့် ယှဉ်သည်၊ ဒုက္ခဝေဒနာနှင့် ယှဉ်သည်၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်၊ ဖဿနှင့် ယှဉ်သည်။ပ။ စိတ်နှင့် ယှဉ်သည်၊ အာရုံရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) သုခဝေဒနာ မရှိသည်။ ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ (ရုပ်သည်) သုခဝေဒနာ မရှိသည်။ပ။ ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံမရှိသည် ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှု မရှိခဲ့ပါမူ "ရုပ်သည် အကျိုး'ဝိပါက်' တည်း"ဟူ၍ မဆိုသင့်။

၇၆၆။ သကဝါဒီ။ ။ ဖဿသည် အကျိုး 'ဝိပါက်' ဖြစ်သည်၊ ဖဿသည် သုခဝေဒနာရှိသည်။ပ။ ဒုက္ခဝေဒနာရှိသည်။ပ။ အာရုံရှိသည် ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရုပ်သည် အကျိုး'ဝိပါက်'ဖြစ်၍ ရုပ်သည် သုခဝေဒနာရှိသည်။ပ။ ဒုက္ခဝေဒနာ ရှိသည်။ပ။ အာရုံရှိသည် ဖြစ်၍။ပ။ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် အကျိုး'ဝိပါက်'ဖြစ်၍ ရုပ်သည် သုခဝေဒနာ မရှိသည်။ပ။ ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံ မရှိသည်ဖြစ်၍ ထိုရုပ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ဖဿသည် အကျိုး'ဝိပါက်'ဖြစ်၍ ဖဿသည် သုခဝေဒနာ မရှိသည်။ပ။ ဒုက္ခဝေဒနာ မရှိသည်။ပ။ အာရုံ မရှိသည်ဖြစ်၍ ထိုဖဿအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၆၇။ ပရဝါဒီ။ ။ "ရုပ်သည် အကျိုး 'ဝိပါက်' တည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ (ကုသိုလ်အကုသိုလ်) ကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် ဖြစ်ပေါ်သော စိတ်စေတသိက် တရားတို့သည် အကျိုး'ဝိပါက်'ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ (ကုသိုလ်အကုသိုလ်) ကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် ဖြစ်ပေါ်သော စိတ်စေတသိက်တရားတို့သည် အကျိုး'ဝိပါက်' ဖြစ်ခဲ့မူ ထို့ကြောင့်ပင် "(ကုသိုလ်အကုသိုလ်) ကံကို ပြုခဲ့သည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်သော ရုပ်သည် အကျိုး 'ဝိပါက်'"ဟူ၍ ဆိုသင့်၏။

**ရူပံ ဝိပါကောတိကထာ ပြီး၏။**

------

၁။ ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်ကုန်သော စိတ် စေတသိတ်တရားတို့သည် ဝိပါက်တို့ ဖြစ်ကုန်သကဲ့သို့ ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်သော ကမ္မဇရုပ်သည်လည်း ဝိပါက်ပင် ဖြစ်ရာ၏ဟု အယူရှိသူ အန္ဓကနှင့် သမ္မိတိယဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ရုပ်သည် ဝိပါက်ဖြစ်ခဲ့မူ ဤရုပ်သည် ဤသို့ သဘောရှိသည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၆–သောဠသမဝဂ် (၁၆၄) ၉–ရူပံ ရူပါဝစရာ ရူပါဝစရန္တိကထာ[၁]

၇၆၈။ သကဝါဒီ။ ။ ရူပါဝစရရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ (ရူပါဝစရရုပ်သည်) သမာပတ်ကို ရှာဖွေကြောင်း ပဋိသန္ဓေကို ရှာမှီးကြောင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော စိတ်နှင့် အတူဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်းရှိပါသလော၊ တူသောတည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရူပါဝစရရုပ်သည်) သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီး ကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ချမ်းသာစွာ နေရကြောင်းဖြစ်သော စိတ်နှင့် အတူမဖြစ်သည်၊ တကွမဖြစ်သည်၊ မရောနှောသည်၊ မယှဉ်သည်၊ တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း,တူသော တည်ရာ, တူသောအာရုံ မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပါဝစရရုပ်သည် သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည် ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း မဟုတ်သည် ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့်။ပ။ တူသောအာရုံ မရှိသည် ဖြစ်ခဲ့ပါမူ "ရူပါဝစရရုပ်သည် ရှိ၏"ဟူ၍ မဆိုသင့်။

၇၆၉။ သကဝါဒီ။ ။ အရူပါဝစရရုပ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရူပါဝစရရုပ်သည် သမာပတ်ကို ရှာဖွေကြောင်း ပဋိသန္ဓေကို ရှာမှီးကြောင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်း ဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော စိတ်နှင့် အတူဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်း ရှိပါသလော၊ တူသောတည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အရူပါဝစရရုပ်သည်) သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီး ကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့်။ပ။ တူသောအာရုံ မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပါဝစရရုပ်သည် သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည်ဖြစ်၍။ပ။ တူသောတည်ရာ တူသောအာရုံ မရှိသည် မဟုတ်ခဲ့မူ "အရူပါဝစရရုပ်သည် ရှိ၏"ဟူ၍ မဆိုသင့်။

၇၇၀။ ပရဝါဒီ။ ။ "ရူပါဝစရရုပ်သည် ရှိ၏၊ အရူပါဝစရရုပ်သည် ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကာမာဝစရကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် ကာမာဝစရရုပ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကာမာဝစရကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် ကာမာဝစရရုပ်သည် ရှိခဲ့ပါမူ ထို့ကြောင့် "ရူပါဝစရကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် ရူပါဝစရရုပ်သည် (ရှိ၏)၊ အရူပါဝစရ ကံကို ပြုအပ်ခဲ့သည့်အတွက်ကြောင့် အရူပါဝစရရုပ်သည် (ရှိ၏)"ဟူ၍ ဆိုသင့်၏။

**ရူပံ ရူပါဝစရာရူပါဝစရန္တိကထာ ပြီး၏။**

------

၁။ ကာမာဝစရကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာသော ရုပ်သည် ကာမာဝစရမည်သကဲ့သို့ ရူပါဝစရ အရူပါဝစရ ကံတို့ကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာသော ရုပ်သည်လည်း ရူပါဝစရ အရူပါဝစရမည်သည်သာ ဖြစ်ရာ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၆–သောဠသမဝဂ် (၁၆၅) ၁၀–ရူပါ ရူပဓာတုပရိယာပန္နကထာ[၁]

၇၇၁။ သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ (ရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်း ပဋိသန္ဓေကို ရှာမှီးကြောင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော စိတ်နှင့် အတူဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်း ရှိပါသလော၊ တူသော တည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့်။ပ။ တူသောတည်ရာ တူသောအာရုံ မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရူပရာဂသည် သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီးကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့်။ပ။ တူသောတည်ရာ တူသောအာရုံ မရှိသည် ဖြစ်ခဲ့ပါမူ "ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်။

၇၇၂။ သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံး ဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၇၃။ သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ "အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ (အရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်း ပဋိသန္ဓေကို ရှာမှီးကြောင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်းဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော စိတ်နှင့် အတူဖြစ်ပါသလော၊ တကွဖြစ်ပါသလော၊ ရောနှောပါသလော၊ ယှဉ်ပါသလော၊ တူသောဖြစ်ခြင်း ရှိပါသလော၊ တူသောချုပ်ခြင်း ရှိပါသလော၊ တူသော တည်ရာ ရှိပါသလော၊ တူသောအာရုံ ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (အရူပရာဂသည်) သမာပတ်ကို ရှာဖွေကြောင်း မဟုတ်သည်၊ ပဋိသန္ဓေကို ရှာမှီး ကြောင်း မဟုတ်သည်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်း ဖြစ်သော စိတ်နှင့်။ပ။ တူသောတည်ရာ တူသောအာရုံ မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အရူပရာဂသည် သမာပတ်ကို ရှာဖွေကြောင်း ပဋိသန္ဓေကို ရှာမှီးကြောင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း မဟုတ်သည်ဖြစ်၍ သမာပတ်ကို ရှာဖွေကြောင်း ဖြစ်သော စိတ်နှင့် ပဋိသန္ဓေကို ရှာမှီးကြောင်းဖြစ်သော စိတ်နှင့် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော စိတ်နှင့် အတူ မဖြစ်သည်၊ တကွမဖြစ်သည်၊ မရောနှောသည်၊ မယှဉ်သည်၊ တူသော ဖြစ်ခြင်း တူသောချုပ်ခြင်း တူသောတည်ရာ တူသောအာရုံ မရှိသည် ဖြစ်ခဲ့မူ "အရူပရာဂသည် အရူပ ဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်။

၇၇၄။ သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏၊

သကဝါဒီ။ ။ သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "သဒ္ဒရာဂသည် သဒ္ဒဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ဂန္ဓရာဂသည်။ပ။ ရသရာဂသည်။ပ။ ဖောဋ္ဌဗ္ဗရာဂသည် ဖောဋ္ဌဗ္ဗဓာတ်၌ အကျုံး ဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ထြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၇၅။ ပရဝါဒီ။ ။ "ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်၏၊ အရူပရာဂသည် အရူပဓာတ်၌အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ထြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ကာမရာဂသည် ကာမဓာတ်၌ အကျုံးဝင်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ကာမရာဂသည် ကာမဓာတ်၌ အကျုံးဝင်သည် ဖြစ်ခဲ့မူ ထို့ကြောင့် "ရူပရာဂသည် ရူပဓာတ်၌ အကျုံးဝင်၏၊ အရူပရာဂသည် အရူပဓာတ်၌ အကျုံးဝင်၏"ဟူ၍ ဆိုသင့်၏။

**ရူပါ ရူပဓာတုပရိယာပန္နကထာ ပြီး၏။**

**သောဠသမဝဂ် ပြီး၏။**

------

၁။ ကာမရာဂသည် ကာမဓာတ်၌ အကျုံးဝင်သောကြောင့် ရူပရာဂ အရူပရာဂတို့သည်လည်း ရူပဓာတ် အရူပဓာတ်တို့၌ အကျုံးဝင်ကြကုန်သည် ဖြစ်ရာ၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင် ပရဝါဒီပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၇-သတ္တရသမဝဂ် (၁၆၆) ၁-အရဟတော ပုညူပစယကထာ[၁]

၇၇၆။ သကဝါဒီ။ ။ ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ထြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား မကောင်းမှုကို ဆည်းပူးခြင်းသည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

သကဝါဒီ။ ။ ရဟန္တာအား မကောင်းမှုကို ဆည်းပူးခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၇၇။ သကဝါဒီ။ ။ ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပုညာဘိသင်္ခါရကို ပြုပါသလော၊ အာနေဉ္ဇာဘိသင်္ခါရကို ပြုပါသလော၊ လားရာ 'ဂတိ'ကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ ဘဝကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ အစိုးရခြင်းကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ အကြီးအမှူးအဖြစ်ကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ များစွာသော စည်းစိမ်ကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ များသော အခြံအရံကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ နတ်၌ ကောင်းမြတ် တင့်တယ်ခြင်းကို ဖြစ်စေတတ်သော ကံကို ပြုလုပ်ပါသလော၊ လူ၌ ကောင်းမြတ်တင့်တယ်ခြင်းကို ဖြစ်စေ တတ်သော ကံကို ပြုလုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၇၇၈။ သကဝါဒီ။ ။ ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ဆည်းပူးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဖျက်ဆီးပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပယ်စွန့်ပါသလော။ပ။ ရဟန္တာသည် စွဲလမ်းပါသလော၊ ရဟန္တာသည် ဖြေရှင်းပါသလော။ပ။ ရဟန္တာသည် နှောင်ဖွဲ့ပါသလော။ ရဟန္တာသည် မှုတ်လွှင့်စေပါသလော။ပ။ ရဟန္တာသည် ကောင်းစွာ မှုတ်လွှင့်စေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပွါးစေဆဲလည်း မဟုတ် ဖျက်ဆီးဆဲလည်း မဟုတ် ဖျက်ဆီး၍ တည်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ပွါးစေဆဲလည်း မဟုတ် ဖျက်ဆီးဆဲလည်း မဟုတ်မူ၍ ဖျက်ဆီး၍ တည်သည်ဟုတ်ခဲ့ပါမူ "ရဟန္တာအား ကောင်းမှု ဆည်းပူးခြင်း ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ပယ်လည်း မပယ်စွန့်,, စွဲလည်း မစွဲလမ်းမူ၍ ပယ်စွန့်လျက် တည်သည်၊ ဖြေရှင်းဆဲ မဟုတ်သည်, နှောင်ဖွဲ့ဆဲ မဟုတ်သည် ဖြစ်၍ ဖြေရှင်း၍ တည်သည်၊

မှုတ်လွှင့် စေဆဲ မဟုတ်, ကောင်းစွာ မှုတ်လွှင့်စေဆဲ မဟုတ်မူ၍ မှုတ်လွှင့်စေလျက် တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မှုတ်လွှင့်ဆဲလည်း မဟုတ်, ကောင်းစွာ မှုတ်လွှင့်စေဆဲလည်း မဟုတ်မူ၍ မှုတ်လွှင့်စေလျက် တည်သည် ဖြစ်ခဲ့ပါမူ "ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်း ရှိ၏"ဟု မဆိုသင့်။

၇၇၉။ ပရဝါဒီ။ ။ ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် မရှိပါသလော။

သကဝါဒီ။ ။ သြော် မရှိပါ။

ပရဝါဒီ။ ။ ရဟန္တာသည် အလှူ 'ဒါန' ကို ပေးလှူရာသလော။

သကဝါဒီ။ ။ သြော် ပေးလှူရာ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အကယ်၍ ရဟန္တာသည် အလှူ 'ဒါန'ကို ပေးလှူခဲ့မူ "ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်း မရှိ"ဟူ၍ မဆိုသင့်။

ပရဝါဒီ။ ။ ရဟန္တာသည် သင်္ကန်းကို ပေးလှူရာသလော။ပ။ ဆွမ်းကို ပေးလှူရာသလော၊ ကျောင်းကို ပေးလှူရာသလော၊ သူနာ၏အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးကို ပေးလှူ ရာသလော၊ ခဲဖွယ်ကို ပေးလှူရာသလော၊ စားဖွယ်ကို ပေးလှူရာသလော၊ သောက်ရေကို ပေးလှူရာသလော၊ စေတီကို ရှိခိုးရာသလော၊ စေတီ၌ ပန်းကို တင်ရာသလော၊ နံ့သာကို တင်ရာသလော၊ နံ့သာပျောင်းကို တင်ရာသလော။ပ။ စေတီကို အရိုအသေ ပြုရာသလော။

သကဝါဒီ။ ။ သြော် ပြုရာ၏။[၅]

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် စေတီကို အရိုအသေ ပြုခဲ့ပါမူ "ရဟန္တာအား ကောင်းမှုကို ဆည်းပူးခြင်းသည် မရှိ"ဟူ၍ မဆိုသင့်။[၆]

**အရဟတော ပုညူပစယောတိကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်၏ အလှူပေးခြင်း မိမိဥစ္စာကို ခွဲခြမ်းဝေဖန်ခြင်း စေတီတော်ကို ရှိခိုးခြင်းစသော အမှုတို့ကို မြင်၍ ရဟန္တာပုဂ္ဂိုလ်အား ကုသိုလ်ကောင်းမှုကို ဆည်းပူးခြင်းသည် ရှိသေး၏ဟု အယူရှိသူ အန္ဓကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ရဟန္တာမည်သည် ကုသိုလ် အကုသိုလ်ကို ပယ်စွန့်ပြီးဖြစ်၏၊ ကုသိုလ်ကို ပြုသည် ဖြစ်ဘိမူ အကုသိုလ်ကိုလည်း ပြုရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ပါဏာတိပါတ စသော အမှုအရာကို မတွေ့မြင်ရသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ရဟန္တာအား ဘဝဂါမိကံမျိုး မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၅။ ကိရိယာစိတ်ဖြင့် ပေးလှူမှုစသည် ဖြစ်သင့်သောကြောင့် သကဝါဒီက ဝန်ခံသည်။

၆။ ပရဝါဒီဆရာသည် စိတ်ကို မယူမူ၍ ကိရိယာဖြစ်ခြင်းမျှကို ပြသဖြင့်သာ မိမိအယူကို တည်စေ၍၊ သို့သော်လည်း မသင့်မတင့်သောအားဖြင့် တည်စေရကား မိမိဝါဒကို တည်စေသည် မမည်။

♣

## ၁၇-သတ္တရသမဝဂ် (၁၆၇) ၂-နတ္ထိ အရဟတော အကာလမစ္စုတိကထာ[၁]

၇၈၀။ သကဝါဒီ။ ။ ရဟန္တာအား သေချိန် မရောက်ဘဲ သေခြင်း မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ရဟန္တာကို သတ်သောသူသည် မရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာကို သတ်သောသူသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာအား သေချိန် မရောက်ဘဲ သေခြင်းရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာအား သေချိန် မရောက်ဘဲ သေခြင်း မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ အကြင်သူသည် ရဟန္တာကို သတ်၏၊ ထိုသူသည် အသက်ရှင်သေးသည့် အသက် ကြွင်းရှိသေးသည့် ရဟန္တာကို သတ်ပါသလော၊ အသက်မရှင်သည့် အသက်ကြွင်းမရှိသည့် ရဟန္တာကို သတ်ပါသလော။

ပရဝါဒီ။ ။ အသက်ရှင်သေးသည့် အသက်ကြွင်းရှိသေးသည့် ရဟန္တာကို သတ်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အသက်ရှင်သေးသည့် အသက်ကြွင်းရှိသေးသည့် ရဟန္တာကို သတ်ခဲ့ပါမူ "ရဟန္တာအား သေချိန်မရောက်ဘဲ သေခြင်း မရှိ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အသက်မရှင်သည့် အသက်ကြွင်းမရှိသည့် ရဟန္တာကို သတ်၏ဟု နှလုံးပြု၍ ရဟန္တာကို သတ်သောသူသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၈၁။ သကဝါဒီ။ ။ ရဟန္တာအား သေချိန် မရောက်ဘဲ သေရခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ရဟန္တာ၏ ကိုယ်၌ အဆိပ် မတက်နိုင်ရာသလော၊ လက်နက် မထိခိုက်နိုင်ရာသလော၊ မီးမလောင်နိုင်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ရဟန္တာ၏ ကိုယ်၌ အဆိပ် တက်နိုင်ရာသည်၊ လက်နက် ထိခိုက်နိုင်ရာသည်၊ မီးလောင်နိုင်ရာသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာ၏ကိုယ်၌ အဆိပ်တက်နိုင်ခဲ့ပါမူ လက်နက်ထိခိုက်နိုင်ခဲ့ပါမူ မီးလောင်နိုင်ခဲ့ပါမူ "ရဟန္တာအား သေချိန်မရောက်ဘဲ သေရခြင်းသည် မရှိ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာ၏ ကိုယ်၌ အဆိပ် မတက်နိုင်ရာသလော၊ လက်နက် မထိခိုက်နိုင်ရာသလော၊ မီး မလောင်နိုင်ရာသလော။

ပရဝါဒီ။ ။ ဩြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာကို သတ်သောသူသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၈၂။ ပရဝါဒီ။ ။ ရဟန္တာအား သေချိန် မရောက်ဘဲ သေရခြင်းသည် ရှိပါသလော။

သကဝါဒီ။ ။ ဩြော် ရှိပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ငါ (ဘုရား) သည် ကောင်းစွာ စေ့ဆော်မှုရှိကုန်သော ပြုအပ်ပြီးကုန်သော ဆည်းပူးအပ်ပြီးကုန်သော ကံတို့၏ အကျိုးကို မခံစားရမူ၍ ကင်းပျောက်သည်၏ အဖြစ်ကို ဟောတော် မမူ၊ အမှန်စင်စစ်သော်ကား ထိုကံကို မျက်မှောက်ဘဝ၌သာလျှင်လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်း၊ အခြား အဆက်ဆက်သော ဘဝ၌လည်းကောင်း ခံစားရ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရဟန္တာအား သေချိန်မတန်ဘဲ သေခြင်းသည် မရှိ။

**နတ္ထိ အရဟတော အကာလမစ္စုတိကထာ ပြီး၏။**

------

၁။ "နာဟံ ဘိက္ခဝေ သဉ္စေတနိကာနံ ကမ္မာနံ ကတာနံ ဥပစိတာနံ အပ္ပဋိသံဝေဒိတွာ ဗျန္တိဘာဝံ ဝဒါမိ"ဟူသော သုတ်၏ အနက်ကို မသင့်သောအားဖြင့် ယူ၍ ရဟန္တာပုဂ္ဂိုလ်မည်သည် ကံအားလုံးတို့၏ အကျိုးဝိပါက်ကို ခံစားပြီးမှသာလျှင် ပရိနိဗ္ဗာန်ပြုသင့်၏၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်အား အကာလမရဏမည်သည် မရှိဟု အယူရှိသူ ရာဇဂိရိက သိဒ္ဓတ္ထိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ရဟန္တာအား အကာလမရဏ မရှိခဲ့ပါလျှင် 'အရဟန္တဃာတကကံ' မည်သည် မရှိနိုင်ရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ရှေးကပြုခဲ့ဖူးသော ကံမကုန်သေးသမျှ ကာလပတ်လုံး အဆိပ်တက်ခြင်းစသည် မဖြစ်နိုင်ဟူသော အယူဖြင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၇-သတ္တရသမဝဂ် (၁၆၈) ၃-သဗ္ဗမိဒံ ကမ္မတောတိကထာ[၁]

၇၈၃။ သကဝါဒီ။ ။ ဤကမ္မဝဋ်၊ ဝိပါကဝဋ်၊ ကိလေသာဝဋ်အားလုံးသည် ကံကြောင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ကံသည်လည်း ကံကြောင့် ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဤဝဋ်အားလုံးသည် ကံကြောင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဤဝဋ်အားလုံးသည် ရှေး၌ ပြုအပ်ပြီးသော ကံအကြောင်းကြောင့် ဖြစ်ပါသလော။[၄]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ ဤဝဋ်အားလုံးသည် ကံကြောင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဤဝဋ်အားလုံးသည် ကံ၏ အကျိုးကြောင့် ဖြစ်ပါသလော။[၆]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၇]

၇၈၄။ သကဝါဒီ။ ။ ဤဝဋ်အားလုံးသည် ကံ၏ အကျိုးကြောင့် ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၈]

သကဝါဒီ။ ။ ကံအကျိုး၏ ဝိပါက်ဖြင့် သူ့အသက်ကို သတ်ရာပါသလော။[၉]

ပရဝါဒီ။ ။ သြော် သတ်ရာပါ၏။[၁၀]

သကဝါဒီ။ ။ အသက်ကို သတ်ခြင်းသည် အကျိုးရှိပါသလော။[၁၁]

ပရဝါဒီ။ ။ သြော် ရှိပါ၏။[၁၂]

သကဝါဒီ။ ။ ကံ၏ အကျိုး'ဝိပါက်'သည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၃]

သကဝါဒီ။ ။ ကံ၏ အကျိုး'ဝိပါက်'သည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် အကျိုးမရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံ၏ အကျိုး 'ဝိပါက်' ဖြင့် မပေးအပ်သော ဥစ္စာကို ခိုးယူရာပါသလော။ပ။ မုသား ပြောရာပါသလော၊ ဂုံးတိုက်စကားကို ပြောဆိုရာပါသလော၊ ကြမ်းတမ်းသော စကားကို ပြောဆိုရာပါသလော၊ အကျိုးမရှိသော စကားကို ပြောဆိုရာပါသလော၊ (အိမ်ခြံ) အစပ်ကို ဖောက်ဖြတ်ရာပါသလော၊ လုယက်အပ်သော ပစ္စည်းကို ဆောင်ယူရာပါသလော၊ တစ်အိမ်၌ တိုက်ခိုက်မှုကို ပြုရာပါသလော၊ (လုယက်တိုက်ခိုက်ရန်) လမ်းခရီး၌ တည်ရာပါသလော၊ သူတစ်ပါးမယားကို သွားလာ (လွန်ကျူး) ရာပါသလော၊ ရွာဖျက်ဆီးမှုကို ပြုရာပါသလော၊ နိဂုံးဖျက်ဆီးမှုကို ပြုရာပါသလော၊ ကံ၏ အကျိုး 'ဝိပါက်' ဖြင့် အလှူကို ပေးလှူရာပါသလော၊ သင်္ကန်းကို ပေးလှူရာပါသလော၊ ဆွမ်းကို ပေးလှူရာပါသလော၊ ကျောင်းကို ပေးလှူရာပါသလော၊ သူနာ၏အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးကို ပေးလှူရာပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးပစ္စည်းသည် အကျိုးရှိပါသလော။[၁၄]

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကံ၏ အကျိုး 'ဝိပါက်'သည် အကျိုးရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကံ၏ အကျိုး 'ဝိပါက်'သည် အကျိုး မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ သူနာ၏အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးပစ္စည်းသည် အကျိုး မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၈၅။ ပရဝါဒီ။ ။ "ဤဝဋ္ဋအားလုံးသည် ကံကြောင့် ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "လောကသည် ကံကြောင့် ဖြစ်၏၊ သတ္တဝါအပေါင်းသည် ကံကြောင့် ဖြစ်၏၊ 'သွားနေသော ရထား၏ နပန်းစွန်းကဲ့သို့' သတ္တဝါတို့ကို ကံသည် ဖွဲ့စပ်ကုန်၏။ (သတ္တဝါသည်) ကံကြောင့် ကျော်စောခြင်းကိုလည်းကောင်း၊ ချီးကျူးခြင်းကိုလည်းကောင်း၊ ကံကြောင့်ဆုံးရှုံးခြင်းကို လည်းကောင်း၊ သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း ရ၏။ အထူးထူး ပြုတတ်သော ထိုကံကို သိလတ်သော်လောက၌ ကံသည် မရှိဟူ၍ အဘယ့်ကြောင့် ပြောဆိုရာအံ့နည်း"။ ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၁၅]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် ဤဝဋ္ဋအားလုံးသည် ကံကြောင့် ဖြစ်၏။

**သဗ္ဗမိဒံ ကမ္မတောတိကထာ ပြီး၏။**

------

၁။ "ကမ္မုနာ ဝတ္တတိလောကော"ဟူသော သုတ်ကို အမှီပြု၍ ဤကမ္မဝဋ်၊ ကိလေသာဝဋ်၊ ဝိပါကဝဋ် အားလုံးသည် ကံကြောင့်သာ ဖြစ်၏ဟု အယူရှိသူ ရာဇဂိရိကနှင့် သိဒ္ဓတ္ထိကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ဤဝဋ်အားလုံးသည် ကံကြောင့်သာ ဖြစ်ခဲ့ပါမူ ကံသည်လည်း ကံကြောင့်ဖြစ်၏ဟူသော အနက်ရောက်၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ကံသည် ကံကြောင့် ဖြစ်ခဲ့မူ ထိုကံသည် ဝိပါက်သာ ဖြစ်ရာ၏ဟူသော အလိုဖြင့် စောဒနာလိုသဖြင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ ဤဝဋ်အားလုံးသည် ကံကြောင့်ဖြစ်ခဲ့မူ ရှေး၌ ပြုအပ်ပြီးသော ကံအကြောင်းကြောင့်သာ ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၅။ ပုဗ္ဗေကတဟေတုဝါဒသို့ ရောက်အံ့သည်မှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၆။ ဤဝဋ်အားလုံးသည် ကံကြောင့်သာ ဖြစ်ပါမူ အတိတ်ဘဝ၌ ဖြစ်သော ဝဋ်၏ အကြောင်းဖြစ်သော ကံသည်လည်း အတိတ်၏ ရှေးအတိတ်ဘဝ၌ ကံကြောင့် ဖြစ်ရာ၏၊ ထို့ကြောင့် ကံ၏ အကျိုးဝိပါက်ဖြစ်၍ ပြည်စုံရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၇။ ပရဝါဒီဆရာကား မျိုးစေ့ကြောင့် အညွန့်ဖြစ်သကဲ့သို့ ကံကြောင့် ဖြစ်သည်ကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။

၈။ တစ်ဖန် နောက်ထပ် မေးမြန်းလတ်သော် ရှေးမျိုးစေ့ကြောင့် နောက်မျိုးစေ့ဖြစ်သကဲ့သို့ ထိုကံ၏လည်း ရှေးကံကြောင့် ဖြစ်၏ဟု ရည်ရွယ်၍ ဝန်ခံပြန်သည်။

၉။ ဝဋ်အားလုံးသည် ကံ၏ အကျိုးဝိပါက်ကြောင့် ဖြစ်ခဲ့ပါမူ ပါဏာတိပါတ အစရှိသည် တို့ကိုလည်း ကံ၏အကျိုး ဝိပါက်ဖြင့်ပင် ပြုရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၁၀။ ဒုဿီလျစေတနာသည်လည်း ရှေးကံကြောင့် ဖြစ်ရကား နည်းပရိယာယ်တစ်မျိုးအားဖြင့် ဝိပါက်ပင် ဖြစ်ရာ၏ဟူသော အယူဖြင့် ဝန်ခံ၏။

၁၁။ ပါဏာတိပါတသည် ကံ၏ အကျိုးဝိပါက်ကြောင့် ဖြစ်ခဲ့ပါမူ ပါဏာတိပါတကဲ့သို့ ဝိပါက်သည်လည်း အကျိုးရှိ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၁၂။ ပရဝါဒီဆရာကား ပါဏာတိပါတ၏ ငရဲ၌ ဖြစ်စေတတ်သည် စသည်တို့ကြောင့် အကျိုးရှိသည်၏ အဖြစ်ကိုမြင်၍ ဝန်ခံသည်။

၁၃။ ဤမည်သော အရာသည် ကံ၏ အကျိုးဝိပါက်၏ အကျိုးတည်းဟု ဆိုသောအရာဌာနကို မတွေ့မြင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၁၄။ ဒေယျဓမ္မ၏ အစွမ်းအားဖြင့် ဒါန၏ အကျိုးကို ဟောသည်။

၁၅။ ပရဝါဒီ ဆောင်သောသုတ်သည် 'ကံသည် မရှိ'ဟု အယူရှိသူ၏ အဖြစ်ကို ပယ်၍ 'ကံသည် ရှိ၏'ဟု အယူရှိသူ၏ အဖြစ်ကိုသာ ပြသည်၊ အလုံးစုံသော ဝဋ်၏ ကံကြောင့် ဖြစ်သည်ကို မပြ၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၇-သတ္တရသမဝဂ် (၁၆၉) ၄-ဣန္ဒြိယဗဒ္ဓကထာ

၇၈၆။ သကဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော တရားသည်သာလျှင် ဆင်းရဲ 'ဒုက္ခ' မည်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော တရားသည်သာလျှင် အနိစ္စမည်ပါသလော၊ ပြုပြင်အပ်ပါသလော၊ အကြောင်းကို စွဲ၍ ဖြစ်ပါသလော၊ ကုန်ခန်းခြင်းသဘောရှိပါသလော၊ ပျက်စီးခြင်းသဘော ရှိပါသလော၊ ကင်းပြတ်ခြင်းသဘောရှိပါသလော၊ ချုပ်ငြိမ်းခြင်းသဘောရှိပါသလော၊ ဖောက်ပြန်ခြင်းသဘော ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဣန္ဒြေနှင့် မစပ်သောတရားသည် မမြဲသည် ပြုပြင်အပ်သည် အကြောင်းကို စွဲ၍ ဖြစ်သည် ကုန်ခန်းခြင်းသဘောရှိသည် ပျက်စီးခြင်းသဘောရှိသည် ကင်းပြတ်ခြင်းသဘောရှိသည် ချုပ်ခြင်း သဘောရှိသည် ဖောက်ပြန်ခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဣန္ဒြေနှင့် မစပ်သောတရားသည် မမြဲသည် ပြုပြင်အပ်သည် အကြောင်းကို စွဲ၍ ဖြစ်သည် ကုန်ခန်းခြင်းသဘောရှိသည် ပျက်စီးခြင်းသဘောရှိသည် ကင်းပြတ်ခြင်း သဘောရှိသည် ချုပ်ခြင်းသဘောရှိသည် ဖောက်ပြန်ခြင်းသဘောရှိသည် မဖြစ်ခဲ့မူ "ဣန္ဒြေနှင့် စပ်သော တရားသည်သာလျှင် ဆင်းရဲ 'ဒုက္ခ' မည်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဣန္ဒြေနှင့် မစပ်သော တရားသည် အနိစ္စမည်သည် ပြုပြင်အပ်သည် အကြောင်းကို စွဲ၍ ဖြစ်သည်။ပ။ ဖောက်ပြန်ခြင်းသဘောရှိသည် ဖြစ်လျက် ထိုဣန္ဒြေနှင့် မစပ်သော တရားသည်လည်း ဆင်းရဲ 'ဒုက္ခ' မမည်သလော။

ပရဝါဒီ။ ။ သြော် မမည်ပါ။

သကဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော တရားသည် မမြဲသည် ပြုပြင်အပ်သည်။ပ။ ဖောက်ပြန်ခြင်း သဘောရှိသည် ဖြစ်ပါလျက် ထိုဣန္ဒြေနှင့် စပ်သောတရားသည်လည်း ဆင်းရဲ 'ဒုက္ခ' မမည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော တရားသည် မမြဲသည် ပြုပြင်အပ်သည်။ပ။ ဖောက်ပြန်ခြင်း သဘောရှိသည် ဖြစ်ပါလျက် ထိုဣန္ဒြေနှင့် စပ်သော တရားသည်လည်း ဆင်းရဲ 'ဒုက္ခ' မည်သလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ ဣန္ဒြေနှင့် မစပ်သော တရားသည် မမြဲသည် ပြုပြင်အပ်သည်။ပ။ ဖောက်ပြန်ခြင်း သဘောရှိသည် ဖြစ်ပါလျက် ထိုဣန္ဒြေနှင့် မစပ်သော တရားသည်လည်း ဆင်းရဲ 'ဒုက္ခ' မည်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၈၇။ သကဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော တရားသည်သာ ဆင်းရဲ 'ဒုက္ခ' မည်သလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ "အကြင်သဘောတရားသည် မမြဲ၊ ထိုမမြဲသော သဘောတရားသည် ဆင်းရဲ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဣန္ဒြေနှင့် မစပ်သော တရားသည် အနိစ္စမည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် မည်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကြင်တရားသည် မမြဲ၊ ထိုမမြဲသော တရားသည် ဆင်းရဲ၏ဟု မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ဣန္ဒြေနှင့် မစပ်သော တရားသည် မမြဲသည် ဖြစ်ခဲ့ပါမူ "ဣန္ဒြေနှင့်စပ်သော တရားသည်သာ ဆင်းရဲ 'ဒုက္ခ' မည်၏"ဟူ၍ မဆိုသင့်။

၇၈၈။ ပရဝါဒီ။ ။ "ဣန္ဒြေနှင့် စပ်သော တရားသည်သာ ဆင်းရဲ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော ဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသကဲ့သို့ ထို့အတူ ဣန္ဒြေနှင့် မစပ်သော ဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါသလော။[၃]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဣန္ဒြေနှင့် စပ်သော ဆင်းရဲကို ပိုင်းခြား၍ သိအပ်သော် တစ်ဖန် မဖြစ်သကဲ့သို့ ဤအတူ ဣန္ဒြေနှင့် မစပ်သော ဆင်းရဲကို ပိုင်းခြား၍ သိအပ်သော် တစ်ဖန် မဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဣန္ဒြေနှင့် စပ်သော တရားသည်သာ ဆင်းရဲ 'ဒုက္ခ' မည်၏။

**ဣန္ဒြိယဗဒ္ဓကထာ ပြီး၏။**

------

၁။ ဣန္ဒြိယဗဒ္ဓတရားသည် ဒုက္ခ၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့် ဒုက္ခမည်၏၊ အနိန္ဒြိယဗဒ္ဓ တရားသည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်သော အနက်သဘောကြောင့် အကြင် တရားသည် မမြဲ၊ ထိုမမြဲသောတရားသည် ဒုက္ခဟူ၍ ရေတွက်အပ်သည်၏ အဖြစ်ကြောင့် ဒုက္ခမည်၏၊ ဤသို့သော ဝေဖန်မှုကို မယူမူ၍ အကြင်ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်သုံး၏၊ ထိုဣန္ဒြိယဗဒ္ဓ သစ္စာတရားသည်သာ ဒုက္ခ မည်၏၊ တစ်ပါးသော အနိန္ဒြိယဗဒ္ဓတရားသည် ဒုက္ခ မမည်ဟု ဟေတုဝါဒအယူရှိသူတို့အား အနိန္ဒြိယဗဒ္ဓတရားတို့၏လည်း ဒုက္ခ၏အဖြစ်ကို ပြလို၍ ဤကထာကို ဟောတော်မူသည်။

၂။ "ယဒနိစ္စံ တံ ဒုက္ခံ"ဟု ဟောတော်မူသောကြောင့် ဣန္ဒြိယဗဒ္ဓသည်သာ အနိစ္စ ဖြစ်ရာသလောဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ "ယဒနိစ္စံ တံ ဒုက္ခံ" ဟူသော စကားဖြင့် သိမ်းကျုံးရေတွက်အပ်သော အနိန္ဒြိယဗဒ္ဓတရား၏ ဒုက္ခ၏ အဖြစ်ကို တားမြစ်ရန် မတတ်ကောင်းသောကြောင့် ပရဝါဒီဆရာ၏ စကားနှစ်ရပ်လုံးပင် သာဓက မထိုက်လေ။

♣

## ၁၇-သတ္တရသမဝဂ် (၁၇၀) ၅-ဠပေတွာ အရိယမဂ္ဂ န္တိ ကထာ[၁]

၇၈၉။ သကဝါဒီ။ ။ အရိယမဂ်ကို ချန်ထား၍ ကြွင်းကျန်သော သင်္ခါရတို့သည် ဒုက္ခမည်ကုန်သလော။

ပရဝါဒီ။ ။ သြော် မည်ကုန်၏။

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဒုက္ခမည်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဆင်းရဲ 'ဒုက္ခ' မည်ပါသလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။[၄]

သကဝါဒီ။ ။ အရိယသစ္စာတို့သည် သုံးပါးတို့သာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ အရိယသစ္စာတို့သည် သုံးပါးတို့သာ ဖြစ်ကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။[၆]

သကဝါဒီ။ ။ ဆင်းရဲခြင်း 'ဒုက္ခ' လည်းကောင်း၊ ဆင်းရဲဖြစ်ကြောင်း'ဒုက္ခသမုဒယ' လည်းကောင်း၊ ဆင်းရဲချုပ်ရာ'ဒုက္ခနိရောဓ'လည်းကောင်း၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့် 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ' လည်းကောင်း ဤသို့ အရိယသစ္စာလေးပါးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဆင်းရဲ 'ဒုက္ခ'လည်းကောင်း၊ ဆင်းရဲဖြစ်ကြောင်း'ဒုက္ခသမုဒယ'လည်းကောင်း၊ ဆင်းရဲချုပ်ရာ 'ဒုက္ခနိရောဓ'လည်းကောင်း၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့် 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' လည်းကောင်း ဤသို့ (အရိယသစ္စာ) လေးပါးတို့ကို မြတ်စွာဘုရား ဟောအပ် ခဲ့ကုန်မူ "အရိယသစ္စာတို့သည် သုံးပါးတို့သည်သာ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဆင်းရဲ 'ဒုက္ခ' မည်ပါသလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ အဘယ်အနက်သဘောကြောင့် ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဆင်းရဲ 'ဒုက္ခ' မည်သနည်း။

ပရဝါဒီ။ ။ မမြဲသော အနက်သဘောကြောင့် (ဆင်းရဲဖြစ်ကြောင်းသည်လည်း ဆင်းရဲ 'ဒုက္ခ' မည်ပါသည်)။

သကဝါဒီ။ ။ အရိယမဂ်သည် အနိစ္စမည်ပါသလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ အရိယမဂ်သည် ဒုက္ခမည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရိယမဂ်သည် အနိစ္စမည်သည် ဖြစ်ပါလျက် ထိုမဂ်သည်လည်း ဆင်းရဲ 'ဒုက္ခ' မမည်ပါသလော။

ပရဝါဒီ။ ။ သြော် မမည်ပါ။

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည် အနိစ္စမည်သည် ဖြစ်ပါလျက် ထိုဆင်းရဲ ဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဆင်းရဲ 'ဒုက္ခ' မမည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဆင်းရဲဖြစ်ကြောင်းသည် 'ဒုက္ခသမုဒယ' ဖြစ်၍ ထိုဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယ'သည်လည်း ဆင်းရဲ 'ဒုက္ခ' မည်ပါသလော။

ပရဝါဒီ။ ။ သြော် မည်ပါ၏။

သကဝါဒီ။ ။ အရိယမဂ်သည် အနိစ္စမည်၍ ထိုအရိယမဂ်သည်လည်း ဆင်းရဲ 'ဒုက္ခ' မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၇၉၀။ ပရဝါဒီ။ ။ "အရိယမဂ်ကို ချန်ထား၍ ကြွင်းကုန်သော သင်္ခါရတို့သည် ဆင်းရဲ 'ဒုက္ခ' မည်ကုန်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထိုအရိယမဂ်သည် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုအရိယမဂ်သည် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့် ဖြစ်ခဲ့ပါမူ ထို့ကြောင့် "အရိယမဂ်ကို ချန်ထား၍ ကြွင်းကျန်သော သင်္ခါရတို့သည် ဆင်းရဲ 'ဒုက္ခ' မည်ကုန်၏"ဟူ၍ ဆိုသင့်၏။

**ဌပေတွာ အရိယမဂ္ဂန္တိကထာ ပြီး၏။**

------

၁။ အရိယာမဂ်ကို ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟူ၍ ဟောတော်မူသောကြောင့် အရိယမဂ်မှ တစ်ပါးသော သင်္ခါရတို့သာ ဒုက္ခမည်ကုန်၏ဟု အယူရှိသူ ဟေတုဝါဒဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောသည်။
၂။ ဤအကြောင်းကြောင့် ဤသို့ဖြစ်လျှင် သမုဒယ၏လည်း ဒုက္ခ၏အဖြစ်သည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ဟေတုလက္ခဏာကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ဝဋ်ဆင်းရဲ၌ အကျုံးဝင်သည်၏ အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ သုတ်နှင့် ဆန့်ကျင်အံ့သည်မှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၆။ မိမိအယူ၏ အစွမ်းအားဖြင့် ဝန်ခံပြန်သည်။

♣

## ၁၇-သတ္တရသမဝဂ် (၁၇၁) ၆-န ဝတ္တဗ္ဗံ သံဃော ဒက္ခိဏံ ပဋိဂ္ဂဏှာတိကထာ[၁]

၇၉၁။ သကဝါဒီ။ ။ “သံဃာသည် အလှူကို ခံယူ၏”ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သံဃာသည် အဝေးမှ ဆောင်ယူအပ်သော ဝတ္ထုကို ခံယူထိုက်သည် ဧည့်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည် မြတ်သောအလှူကို ခံယူထိုက်သည် လက်အုပ်ချီခြင်းကို ခံယူထိုက်သည်လောက၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာသည် အဝေးမှ ဆောင်ယူအပ်သောဝတ္ထုကို ခံယူထိုက်သည် ဧည့်သည် အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည် မြတ်သော အလှူကိုခံယူထိုက်သည် လက်အုပ်ချီခြင်းကို ခံယူ ထိုက်သည်လောက၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည် ဖြစ်ခဲ့ပါမူ ထို့ကြောင့် “သံဃာသည် အလှူကို ခံယူ၏”ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ “သံဃာသည် အလှူကို ခံယူ၏”ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ားမြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ားမြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါကုန်မူ ထို့ကြောင့် “သံဃာသည် မြတ်သော အလှူကို ခံယူ၏”ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် မြတ်သော အလှူကို ခံယူ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သံဃာအား အလှူ 'ဒါန'ကို ပေးလှူသော အချို့သူတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာအား အလှူ 'ဒါန' ကို ပေးလှူသော အချို့သူတို့သည် ရှိခဲ့ပါကုန်လျှင် ထို့ကြောင့် "သံဃာသည် မြတ်သော အလှူကို ခံယူ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာအား သင်္ကန်းကို ပေးလှူသော။ပ။ ဆွမ်းကို ပေးလှူသော ကျောင်းကို ပေးလှူ သော သူနာ၏ အထောက်ပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူသော ခဲဖွယ်ကို ပေးလှူသော စားဖွယ်ကို ပေးလှူသော။ပ။ သောက်ရေကို ပေးလှူသော အချို့သူတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာအား သောက်ရေကို ပေးလှူသော အချို့သူတို့သည် ရှိခဲ့ပါကုန်မူ ထို့ကြောင့် "သံဃာသည် မြတ်သောအလှူကို ခံယူ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် မြတ်သော အလှူကို ခံယူ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "မီးသည် ဆီ ထောပတ် စသော ပူဇော်ဖွယ်ကို ခံယူသကဲ့သို့လည်းကောင်း၊ မြေကြီးသည် ကြီးစွာသော မိုးရေကို ခံယူသကဲ့သို့လည်းကောင်း၊ သမာဓိနှင့် ပြည့်စုံသော သံဃာသည် မြတ်သော အလှူကို ခံယူ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၁]

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် သံဃာသည် မြတ်သော အလှူကို ခံယူ၏။

၇၉၂။ ပရဝါဒီ။ ။ သံဃာသည် မြတ်သောအလှူကို ခံယူပါသလော။

သကဝါဒီ။ ။ သြော် ခံယူပါ၏။

ပရဝါဒီ။ ။ မဂ်သည် ခံယူသလော၊ ဖိုလ်သည် ခံယူသလော။[၂]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**န ဝတ္တဗ္ဗံ သံဃော ဒက္ခိဏံ ပဋိဂ္ဂဏှာတီတိကထာ ပြီး၏။**

------

၁။ မုချဆတ်ဆတ် ပရမတ်အားဖြင့် မဂ်ဖိုလ်တို့သည်သာ သံဃာမည်ကုန်၏၊ မဂ်ဖိုလ်မှတစ်ပါး သံဃာမည်သည် မရှိ၊ မဂ်ဖိုလ်တို့သည်လည်း တစ်စုံတစ်ရာ ဘာကိုမျှ မခံယူတတ်၊ ထို့ကြောင့် သံဃာသည် အလှူကို ခံယူ၏ဟု မဆိုသင့်၊ ဤသို့ အယူရှိသူ ယခုအခါ

မဟာပုညဝါဒီဟု ဆိုအပ်သော ဝေတုလ္လကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ သံဃာသည် အလှူကို မခံယူနိုင်ခဲ့ပါမူ သံဃာကို မြတ်စွာဘုရားသည် အာဟုနေယျ စသည်တို့ဖြင့် ချီးမွမ်းတော်မမူရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ဤသုတ်သည် ပရသမယမှ လာသောသုတ် ဖြစ်သည်။

၄။ ဤအမေးကို ပရဝါဒီဆရာက မိမိ၏ဝါဒဖြင့် မေးသည်၊ မဂ်ဖိုလ်တို့သာ သံဃာမည်သည် မဟုတ်ကုန်၊ မဂ်ဖိုလ်တို့ ဖြစ်ပေါ်လာမှုကြောင့် စင်ကြယ်သော ခန္ဓာတို့ကို အစွဲပြု၍ ပညတ်အပ်ကုန်သော ရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် သံဃာမည်ကုန်၏၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၇–သတ္တရသမဝဂ် (၁၇၂) ၇–န ဝတ္တဗ္ဗံ သံဃော ဒက္ခိဏံ ဝိသောဓေတီတိကထာ[၁]

၇၉၃။ သကဝါဒီ။ ။ "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သံဃာသည် အဝေးမှ ယူဆောင်အပ်သော ဝတ္ထုကို ခံယူထိုက်သည် ဧည့်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည် မြတ်သော အလှူကို ခံယူထိုက်သည် လက်အုပ် ချီခြင်းကို ခံယူထိုက်သည် လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေ ကောင်းသဖွယ် ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာသည် အဝေးမှ ယူဆောင်အပ်သော ဝတ္ထုကို ခံယူထိုက်သည်။ပ။ ဧည့်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည် မြတ်သောအလှူကို ခံယူထိုက်သည် လက်အုပ် ချီခြင်းကို ခံယူထိုက်သည် လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေ ကောင်းသဖွယ် ဖြစ်ခဲ့ပါမူ ထို့ကြောင့် "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောက်ျားမြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောက်ျား မြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍

မြတ်စွာဘုရား ဟောကြား အပ်ခဲ့ပါကုန်မူ ထိုအကြောင်းကြောင့် "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သံဃာအား အလှူဒါနကို ပေးလှူ၍ မြတ်သော အလှူကို ပြည့်စုံစေနိုင်သော အချို့ သူတို့သည် ရှိကုန်သည် မဟုတ်ပါကုန်လော။

ပရဝါဒီ။ ။ ဩော် ရှိကုန်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာအား အလှူကို ပေးလှူ၍ မြတ်သောအလှူကို ပြည့်စုံစေနိုင်သော အချို့သူတို့သည် ရှိကုန်မူ ထို့ကြောင့် "သံဃာသည် မြတ်သောအလှူကို သုတ်သင်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ သံဃာအား သင်္ကန်းကို ပေးလှူ၍။ပ။ ဆွမ်းကို ပေးလှူ၍။ပ။ ကျောင်းကို ပေးလှူ၍။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူ၍။ပ။ ခဲဖွယ်ကို ပေးလှူ၍ စားဖွယ်ကို ပေးလှူ၍ သောက်ရေကို ပေးလှူ၍ မြတ်သော အလှူကို ပြည့်စုံစေနိုင်သော အချို့ သူတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာအား သောက်ဖွယ်ကို ပေးလှူ၍ မြတ်သော အလှူကို ပြည်စုံ စေနိုင်သော အချို့သူတို့ ရှိခဲ့ပါကုန်မူ ထို့ကြောင့် "သံဃာသည် မြတ်သော အလှူကို သုတ်သင်၏"ဟူ၍ ဆိုသင့်၏။

၇၉၄။ ပရဝါဒီ။ ။ သံဃာသည် မြတ်သော အလှူကို သုတ်သင်ပါသလော။

သကဝါဒီ။ ။ ဩော် သုတ်သင်ပါ၏။

ပရဝါဒီ။ ။ မဂ်သည် သုတ်သင်ပါသလော၊ ဖိုလ်သည် သုတ်သင်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**န ဝတ္တဗ္ဗံ သံဃော ဒက္ခိဏံ ဝိသောဓေတီတိကထာ ပြီး၏။**

------

၁။ မဂ်ဖိုလ်တို့သည် သံဃာမည်ကုန်၏၊ ထိုမဂ်ဖိုလ်တို့သည်လည်း မြတ်သော အလှူကို သုတ်သင်ရန် မတတ်နိုင်ကုန်ဟု အယူရှိသူ ထိုဝေတုလ္လကတို့ကိုပင် ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။ (သုတ်သင်၏ဟူသည် အကျိုးကြီးသည်ကို ပြု၏ဟု ဆိုလိုသည်။)

♣

## ၁၇-သတ္တရသမဝဂ် (၁၇၃) ၈-န ဝတ္တဗ္ဗံ သံဃော ဘုဉ္ဇတီတိကထာ[၁]

၇၉၅။ သကဝါဒီ။ ။ "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ သံဃာဘတ်တို့ပြုလုပ်ကုန်သော ဥဒ္ဒေသဘတ်တို့ကို ပြုလုပ်ကုန် သော ယာဂုအဖျော်တို့ကို ပြုလုပ်ကုန်သော အချို့သူတို့သည် ရှိကုန်သည် မဟုတ်ပါသလော[၂]။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာဘတ်တို့ကို ပြုလုပ်ကုန်သော ဥဒ္ဒေသဘတ်တို့ကို ပြုလုပ်ကုန်သော ယာဂုအဖျော်တို့ကို ပြုလုပ်ကုန်သော အချို့သူတို့သည် ရှိကုန်မှု ထို့ကြောင့် "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ဂဏဘောဇဉ်ကို ပရမ္ပရဘောဇဉ်ကို အတိရိတ္တဘောဇဉ်ကို အနတိရိတ္တဘောဇဉ်ကို ဟောတော်မူအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် ဂဏဘောဇဉ်ကို ပရမ္ပရဘောဇဉ်ကို အတိရိတ္တ ဘောဇဉ်ကို အနတိရိတ္တဘောဇဉ်ကို ဟောတော်မူအပ်ပါမှု ထို့ကြောင့် "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် သရက်သီးအဖျော်ကိုလည်းကောင်း၊ သပြေသီးအဖျော်ကိုလည်းကောင်း၊ အိမ်ငှက်ပျောသီးအဖျော်ကိုလည်းကောင်း၊ တောငှက်ပျောသီးအဖျော်ကိုလည်းကောင်း၊ သစ်မည် စည်သီး အဖျော်ကိုလည်းကောင်း၊ မုဒရက်သီးအဖျော်ကိုလည်းကောင်း၊ ကြာစွယ်အဖျော်ကိုလည်းကောင်း၊ ဖက်သက်တရော်သီးအဖျော်ကိုလည်းကောင်း (ဤသို့) အဖျော်ရှစ်ပါးတို့ကို ဟောအပ်ကုန်သည် မဟုတ်ပါလော။[၃]

ပရဝါဒီ။ ။ သြော် ဟောအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် သရက်သီးအဖျော်ကိုလည်းကောင်း၊ သပြေသီး အဖျော်ကိုလည်းကောင်း၊ အိမ်ငှက်ပျောသီးအဖျော်ကိုလည်းကောင်း၊ တောငှက်ပျောသီးအဖျော်ကိုလည်းကောင်း၊ သစ်မည်စည်သီးအဖျော်ကိုလည်းကောင်း၊ မုဒရက်သီးအဖျော်ကိုလည်းကောင်း၊ ကြာစွယ်အဖျော်ကို လည်းကောင်း၊ ဖက်သက်တရော်သီးအဖျော်ကိုလည်းကောင်း (ဤသို့) အဖျော် ရှစ်ပါးတို့ကို ဟောအပ် ခဲ့ပါကုန်မှု ထို့ကြောင့် "သံဃာသည် စား၏၊ သောက်၏၊ ခဲ၏၊ လျက်၏"ဟူ၍ ဆိုသင့်၏။

၇၉၆။ ပရဝါဒီ။ ။ သံဃာသည် စားပါသလော၊ သောက်ပါသလော၊ ခဲပါသလော၊ လျက်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ မဂ်သည် စားပါသလော၊ သောက်ပါသလော၊ ခဲပါသလော၊ လျက်ပါသလော။ ဖိုလ်သည် စားပါသလော၊ သောက်ပါသလော၊ ခဲပါသလော၊ လျက်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**န ဝတ္တဗ္ဗံ သံဃော ဘုဉ္ဇတီတိကထာ ပြီး၏။**

------

၁။ မဂ်ဖိုလ်တို့သည် သံဃာမည်ကုန်၏၊ ထိုမဂ်ဖိုလ်တို့သည်လည်း တစ်စုံတစ်ရာဘာကိုမျှ မစားကြကုန်၊ ထို့ကြောင့် သံဃာသည် စား၏, သောက်၏, ခဲ၏, လျက်၏ဟူ၍ မဆိုထိုက်ဟု အယူရှိသူ ထိုဝေတုလ္လကဂိုဏ်းဝင်တို့ကိုပင် ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ သံဃာသည် အကယ်၍ မစားမသုံးပါမူ သံဃာဘတ်စသည်ကို ပြုခြင်းသည် အကျိုးမရှိဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ သံဃာသည် အကယ်၍ မသောက်ခဲ့ပါလျှင် မြတ်စွာဘုရားသည် အဘယ်သူအား အဖျော်ရှစ်ပါးတို့ကို ခွင့်ပြုခဲ့ပါသနည်းဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၇–သတ္တရသမဝဂ် (၁၇၄) ၉–န ဝတ္တဗ္ဗံ။ပ။ မဟပ္ဖလန္တိကထာ[၁]

၇၉၇။ သကဝါဒီ။ ။ "သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "သံဃာသည် အဝေးမှ ဆောင်ယူအပ်သော ဝတ္ထုကို ခံယူထိုက်သည် ဧည့်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည် မြတ်သောအလှူကို ခံယူထိုက်သည် လက်အုပ်ချီမှုကို ခံယူထိုက်သည် လူအပေါင်းတို့၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံဃာသည် အဝေးမှ ဆောင်ယူအပ်သော ဝတ္ထုကို ခံယူထိုက်သည်။ပ။ လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ခဲ့မူ ထို့ကြောင့် "သံဃာအား ပေးလှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်သော ယောကျ်ားမြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်သော ယောကျ်ား မြတ်တို့သည် မြတ်သောအလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရားဟောအပ်ခဲ့ပါကုန်မူ ထို့ကြောင့် "သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ ဆိုသင့်၏။

၇၉၈။ သကဝါဒီ။ ။ "သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ဂေါတမီ သင်သည် သံဃာအား လှူလော၊ သံဃာအား လှူအပ်သော် သင်သည် ငါ (ဘုရား) ကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ပူဇော်အပ်ပြီး ဖြစ်လတ္တံ့"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏။

သကဝါဒီ။ ။ သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "အဘယ်ပုဂ္ဂိုလ်အား ပေးလှူအပ်သော အလှူသည် ပူဇော်ကြ ကုန်သော ကောင်းမှုကို အလိုရှိကုန်သော ဥပဓိအကျိုးရှိသည့် ကောင်းမှုကို ပြုလုပ်ကုန်သော လူသတ္တဝါတို့အား များမြတ်သော အကျိုးရှိပါသနည်း"။ ဤသို့ နတ်တို့ကို အစိုးရသော သိကြားမင်းသည် မြတ်စွာဘုရားအား လျှောက်၏။ "သိကြားမင်း ကျင့်ဆဲဖြစ်သော မဂ်ပုဂ္ဂိုလ်လေးဦးတို့သည်လည်းကောင်း၊ ဖိုလ်၌ တည်သောပုဂ္ဂိုလ်လေးဦးတို့သည်လည်းကောင်း (ရှိကုန်၏)။ ဤ (ရှစ်ပါးသော) သံဃာတော်သည် ဖြောင့်မတ်သည် ဖြစ်၍ ဖြစ်ပေ၏။ ပညာ အကျင့်သီလ သမာဓိ နှင့် ပြည့်စုံပေ၏။ ထိုသံဃာ၌ ပေးလှူအပ်သော အလှူသည် ပူဇော်ကုန်သော ကောင်းမှုကို အလိုရှိကုန်သော ဥပဓိအကျိုးရှိသည့် ကောင်းမှုကို ပြုလုပ်ကုန်သော လူသတ္တဝါတို့အား များမြတ်သော အကျိုးရှိ၏"။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။ "မှန်၏၊ ဤသံဃာသည် ပြန့်ပြောသည် (ဖြစ်၍) မြင့်မြတ်ခြင်းသို့ ရောက်ပေ၏၊ ဤသံဃာကို ရေ၏တည်ရာ သမုဒ္ဒရာနှင့်အတူ နှိုင်းယှဉ်အပ်ပေ၏၊ ဤဂုဏ်တို့ကြောင့် မြတ်ကုန်သော အရောင်အလင်းကို ပြုတတ်ကုန်သော ဘုရားမြတ်၏ တပည့်သားတို့သည် တရားကို

ဟောကြကုန်၏။ အကြင်သူတို့သည် သံဃာကို ရည်မှန်း၍ အလှူ'ဒါန'ကို ပေးလှူကုန်၏၊ ထိုသူတို့သည် အလှူ'ဒါန' ကို ကောင်းစွာ ပေးလှူအပ်သည် မည်၏၊ ကောင်းစွာ ပူဇော်အပ်သည် မည်၏၊ ကောင်းစွာ ပသအပ်သည် မည်၏၊ သံဃာသို့ ရောက် သော သံဃာ၌ တည်သော ထိုအလှူကို မြင့်မြတ်သော အကျိုးရှိ၏"ဟူ၍လောကကို သိတော်မူသော မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူအပ် ၏။လောက၌ အကြင်သူတို့သည် ဤကဲ့သို့သော ပူဇော်ပသမှုကို အောက်မေ့ကုန်လျက် နှစ်သက်သော သဘောရှိကုန်သည် ဖြစ်၍ အကြောင်းရင်းနှင့် တကွ သော ဝန်တိုနှမြောမှု အညစ်အကြေးကို ပယ်ရှား၍ နေကုန်၏၊ ထိုသူတို့သည် မကဲ့ရဲ့ထိုက်ကုန်သည် ဖြစ်၍ နတ်ပြည်အရပ်သို့ ကပ်ရောက်ကုန်၏၊ ဤသို့သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် သံဃာအား လှူအပ်သော အလှူသည် များမြတ်သော အကျိုးရှိ၏။

**န ဝတ္တဗ္ဗံ သံဃဿ ဒိန္နံ မဟပ္ဖလန္တိကထာ ပြီး၏။**

------

၁။ မဂ်ဖိုလ်တို့သည်သာ သံဃာမည်၏၊ ထိုမဂ်ဖိုလ်တို့အားလည်း တစ်စုံတစ်ရာကိုမျှ ပေးလှူခြင်းငှါမတတ်ကောင်း၊ ထိုမဂ်ဖိုလ်တို့သည်လည်း တစ်စုံတစ်ရာကိုမျှ မခံယူနိုင်၊ ထိုမဂ်ဖိုလ်တို့အား ပေးလှူခြင်းဖြင့် တစ်စုံတစ်ခုသော ကျေးဇူးပြုခြင်းသည် မပြည့်စုံနိုင်ဟု အယူရှိသူ ထိုဝေတုလ္လကဂိုဏ်းဝင်တို့ကိုပင် ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ သံဃာအား ပေးလှူမှုသည် အကျိုးမကြီးခဲ့ပါမူ မြတ်စွာဘုရားသည် ဤသို့ ချီးမွမ်းတော်မမူရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၇-သတ္တရသမဝဂ် (၁၇၅) ၁၀-န ဝတ္တဗ္ဗံ ဗုဒ္ဓဿ ဒိန္နံ မဟပ္ဖလန္တိကထာ[၁]

၇၉၉။ သကဝါဒီ။ ။ "မြတ်စွာဘုရားအား လှူအပ်သော အလှူသည် များမြတ်သော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် အခြေနှစ်ချောင်းရှိသူတို့ထက် (အမျိုးအားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် (ဇာတ်အားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့၏ အကြီးအမှူးဖြစ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် (ဂုဏ်အားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် အလွန်မြတ်သည် အတူမရှိသည် အတူမရှိသော ရှေးဘုရားတို့နှင့်သာ တူသည်။ ပိုင်ဘက် မရှိသည် နှိုင်းယှဉ်ဘက် မရှိသည် ပြိုင်ဘက်ပုဂ္ဂိုလ် မရှိသည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် အခြေနှစ်ချောင်းရှိသူတို့ထက် (အမျိုးအားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် (ဇာတ်အားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့၏ အကြီး အမှူးဖြစ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် (ဂုဏ်အားဖြင့်) မြတ်သည် အခြေနှစ်ချောင်းရှိသူတို့ထက် အလွန်မြတ်သည် အတူမရှိသည် အတူမရှိသော ရှေးဘုရားတို့နှင့်သာ တူသည်။ ပိုင်ဘက် မရှိသည် နှိုင်းယှဉ်ဘက် မရှိသည်။ ပိုင်ဘက်ပုဂ္ဂိုလ် မရှိသည် ဖြစ်ခဲ့ပါမူ ထို့ကြောင့် "မြတ်စွာဘုရားအား လှူအပ် သော အလှူသည် မြတ်သော အကျိုးရှိ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "မြတ်စွာဘုရားအား လှူအပ်သော အလှူသည် မြတ်သော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားနှင့် အကျင့်သီလအားဖြင့်လည်းကောင်း၊ သမာဓိအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း တူမျှသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားနှင့် အကျင့် 'သီလ' အားဖြင့်လည်းကောင်း၊ သမာဓိ အားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း တူမျှသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် မရှိခဲ့ပါမူ ထို့ကြောင့် "မြတ်စွာဘုရားအား လှူအပ်သော အလှူသည် မြတ်သော အကျိုးရှိ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "မြတ်စွာဘုရားအား ပေးလှူအပ်သော အလှူသည် များမြတ်သော အကျိုးရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ကောင်းမှုကို အလိုရှိကုန်သော ပြန့်ပြောသော အကျိုးကို ရှာမှီးလေ့ရှိကုန်သော သူတို့၏ အဝေးမှ ယူဆောင်၍ လှူဒါန်းအပ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တွင် အကြင်မြတ်စွာဘုရားသည် အမြတ်ဆုံးအဖြစ်သို့ ရောက်တော်မူ၏။ ဤလောက၌လည်းကောင်း၊ အခြားသောလောက၌လည်းကောင်း ထို မြတ်စွာဘုရားထက် မြင့်မြတ်သူသည်လည်းကောင်း၊ ထိုမြတ်စွာဘုရားနှင့်တန်းတူ ညီမျှသူသည်လည်းကောင်း မရှိချေ"ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် မြတ်စွာဘုရားအား လှူအပ်သော အလှူသည် များမြတ်သော အကျိုးရှိ၏။

**န ဝတ္တဗ္ဗံ ဗုဒ္ဓဿ ဒိန္နံ မဟပ္ဖလန္တိကထာ ပြီး၏။**

------

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တစ်စုံတစ်ခုကိုမျှ ဘုဉ်းပေးသုံးဆောင်တော်မမူ၊ လောကသို့ လိုက်ရန် အကျိုးငှါသာ ဘုဉ်းပေးသုံးဆောင်သကဲ့သို့ မိမိကိုယ်ကို ပြတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရား၌ ပေးလှူအပ်သော အလှူသည် အကျိုးမများဟု အယူရှိသူ ထိုဝေတုလ္လကဂိုဏ်းဝင်တို့ကိုပင် ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ လူဒုဿီလ၌သော်လည်း ပေးလှူအပ်သော အလှူသည် ဘဝတစ်ထောင်သော အာနိသင်ရှိ၏၊ အဘယ့်ကြောင့် ဤသို့ သဘောရှိသောပုဂ္ဂိုလ်အား ပေးလှူအပ်သော အလှူသည် အကျိုးမများဘဲ ရှိအံ့နည်းဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၇–သတ္တရသမဝဂ် (၁၇၆) ၁၁–ဒက္ခိဏာဝိသုဒ္ဓိကထာ[၁]

၈၀၀။ သကဝါဒီ။ ။ အလှူ'ဒါန'သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံကြောင့် မစင်ကြယ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဝေးမှ ယူဆောင်၍ လှူအပ်သောဝတ္ထုကို ခံယူထိုက်ကုန်သော ဧည့်သည်တို့အတွက် ထားအပ်သောပစ္စည်းကို အလှူခံထိုက်ကုန်သော မြတ်သောအလှူကို ခံယူထိုက်ကုန်သော လက်အုပ်ချီခြင်းကို ခံယူထိုက်ကုန်သော လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ကုန်သော အချို့သော အလှူခံပုဂ္ဂိုလ်တို့သည် ရှိကုန်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အဝေးမှ ယူဆောင်၍ လှူအပ်သောဝတ္ထုကို ခံယူထိုက်ကုန်သော ဧည့်သည်တို့အတွက် ထားအပ်သောပစ္စည်းကို ခံယူထိုက်ကုန်သော မြတ်သောအလှူကို ခံယူထိုက်ကုန်သော လက်အုပ်ချီမှုကို ခံယူထိုက်ကုန်သော လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ကုန်သော အချို့သော အလှူခံပုဂ္ဂိုလ်တို့ ရှိကုန်သည် ဖြစ်ခဲ့မူ "အလှူ 'ဒါန'သည် ပေးလှူသူဘက်မှသာလျှင် စင်ကြယ်၍ အလှူခံဘက်မှ မစင်ကြယ်"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ "အလှူ'ဒါန'သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံကြောင့် မစင်ကြယ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ားမြတ်တို့ကို မြတ်သော အလှူကို ခံယူထိုက်ကုန်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ား မြတ်တို့ကို မြတ်သောအလှူကို ခံယူထိုက်ကုန်၏ဟူ၍ မြတ်စွာဘုရား

ဟောအပ်ပါကုန်မူ “အလှူ‘ဒါန’သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် မစင်ကြယ်”ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ “အလှူ ‘ဒါန’သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် မစင်ကြယ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပန်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၍ မြတ်သောအလှူကို ပြီးစေသော အချို့သောပုဂ္ဂိုလ်တို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သောတာပန်ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၍ မြတ်သောအလှူကို ပြီးစေသော အချို့သောပုဂ္ဂိုလ်တို့သည် ရှိခဲ့ကုန်မူ “အလှူ ‘ဒါန’သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် မစင်ကြယ်”ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သကဒါဂါမ်အား။ပ။ အနာဂါမ်အား။ပ။ ရဟန္တာအား အလှူကို ပေးလှူ၍ မြတ်သော အလှူကို ပြီးစေသော အချို့သူတို့ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာအား အလှူကို ပေးလှူ၍ မြတ်သောအလှူကို ပြီးစေသော အချို့သော သူတို့ရှိကုန်မူ “အလှူ ‘ဒါန’သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် မစင်ကြယ်”ဟူ၍ မဆိုသင့်။

၈၀၁။ ပရဝါဒီ။ ။ အလှူ ‘ဒါန’သည် အလှူခံသူကြောင့် စင်ကြယ်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ တစ်ယောက်သောသူက တစ်ယောက်သောသူကို ပြုလုပ် (ဖန်ဆင်း) နိုင်ပါသလော၊ ချမ်းသာဆင်းရဲကို သူတစ်ပါးက ပြုအပ်ပါသလော၊ အခြားတစ်ယောက်သောသူက ပြုလုပ်၍ အခြားတစ်ယောက်သောသူက ခံစားပါသလော။[၁]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အလှူ‘ဒါန’သည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် မစင်ကြယ် ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ “အာနန္ဒာ အလှူ၏ စင်ကြယ်ခြင်းတို့ကား ဤလေးမျိုးတို့ပေတည်း။ အဘယ် လေးမျိုးတို့နည်း၊ အာနန္ဒာ (အကြင်) အလှူသည် ပေးလှူသူကြောင့်သာ စင်ကြယ်၍ အလှူခံသူကြောင့် စင်ကြယ်သည် မဟုတ်၊ (ထိုအလှူသည်) ရှိ၏။

အာနန္ဒာ (အကြင်) အလှူသည် အလှူခံယူသူကြောင့်သာ စင်ကြယ်၍ ပေးလှူသူကြောင့် စင်ကြယ်သည် မဟုတ်၊ (ထိုအလှူသည်) ရှိ၏။

အာနန္ဒာ (အကြင်) အလှူသည် ပေးလှူသူကြောင့်လည်း စင်ကြယ်၍ အလှူခံယူသူကြောင့်လည်း စင်ကြယ်၏၊ (ထိုအလှူသည်) ရှိ၏။

အာနန္ဒာ (အကြင်) အလှူသည် ပေးလှူသူကြောင့်လည်း မစင်ကြယ်၊ အလှူခံယူသူကြောင့်လည်း မစင်ကြယ်၊ (ထိုအလှူသည်) ရှိ၏။

အာနန္ဒာ ဤလေးမျိုးတို့သည် အလှူ၏ စင်ကြယ်ခြင်းတို့ပေတည်း"ဟူ၍ မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "အလှူ 'ဒါန'သည် ပေးလှူသူကြောင့် စင်ကြယ်၍ အလှူခံယူသူကြောင့် မစင်ကြယ်"ဟူ၍ မဆိုသင့်။

**ဒက္ခိဏာဝိသုဒ္ဓိကထာပြီး၏။**

**သတ္တရသမဝဂ် ပြီး၏။**

------

၁။ အလှူခံပုဂ္ဂိုလ်ကြောင့် အလှူသည် စင်ကြယ်သည် ဖြစ်ခဲ့ပါမူ များသော အကျိုးရှိသည် ဖြစ်ခဲ့ပါမူ အလှူပေးပုဂ္ဂိုလ်သည် အလှူဝတ္ထုကို ပေးလှူအပ်၏၊ အလှူခံပုဂ္ဂိုလ်သည် အကျိုးဝိပါက်ကို ဖြစ်စေအပ်၏၊ ထို့ကြောင့် တစ်ပါးသူ တစ်ယောက်က တစ်ပါးသူ တစ်ယောက်ကို ပြုလုပ်တတ်သူ ဖြစ်ရာ၏၊ ချမ်းသာဆင်းရဲကို အခြားသူတစ်ယောက်သည် ပြုလုပ်အပ်၏ဟူသော အပြစ်ကို ရောက်ရာ၏။ တစ်ပါးသူတစ်ယောက်က ပြုလုပ်၍ တစ်ပါးသူတစ်ယောက်က အကျိုး ခံစားရာ၏၊ ထို့ကြောင့် အလှူပေးပုဂ္ဂိုလ်ကြောင့်သာလျှင် အလှူသည် စင်ကြယ်၏၊ အလှူခံပုဂ္ဂိုလ်ကြောင့် စင်ကြယ်သည် မဟုတ်၊ အလှူပေးသူ၏ စိတ်စင်ကြယ်မှုသည်သာ အကျိုးဝိပါက်ကို ပေးတတ်၏ဟု အယူရှိသူ ဥတ္တရာပထကဂိုဏ်းဝင်တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ အလှူခံပုဂ္ဂိုလ်ကြောင့် အလှူဒါန မစင်ကြယ်ခဲ့ပါမူ အဘယ်ကြောင့် အလှူခံပုဂ္ဂိုလ်၏ အာဟုနေယျ စသည်၏ အဖြစ်ကို ပြဘိသနည်းဟု ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။
၃။ ပေးလှူသူ ဒါယကာ၏ စေတနာကို အလှူခံပုဂ္ဂိုလ်က ပြုလုပ်အပ်သည် ဖြစ်ပါမူ ဤစောဒနာသည် သင့်သော သဘောရှိသည် ဖြစ်ရာ၏၊ ထိုအလှူပေးပုဂ္ဂိုလ်၏ ပေးလှူကြောင်းစေတနာသည် ထက်ဝန်းကျင် စင်ကြယ်သည်ဖြစ်၍ အလှူခံပုဂ္ဂိုလ်ဟု ဆိုအပ်သော ဝတ္ထုကို အစွဲပြု၍ မြတ်သော အကျိုးရှိသည်၏ အဖြစ်တည်းဟူသော သဘောဖြင့် စင်ကြယ်၏၊ ထို့ကြောင့် ဤစောဒနာသည် မသင့်သော စောဒနာမည်၏၊ အလှူခံကြောင့်လည်း ဒါနသည် စင်ကြယ်၏။

♣

**၁၈-အဋ္ဌာရသမဝဂ် (၁၇၇) ၁-မနုဿလောကကထာ**

၈၀၂။ သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူ၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော စေတီတို့သည်လည်းကောင်း၊ အရံ ကျောင်းတိုက် ရွာ (နိဂုံး) မြို့တို့သည်လည်းကောင်း၊ တိုင်းနိုင်ငံတို့သည်လည်းကောင်း၊ ဇနပုဒ်တို့သည်လည်းကောင်း ရှိကုန်သည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော စေတီတို့သည်လည်းကောင်း၊ အရံ ကျောင်းတိုက် ရွာ (နိဂုံး) မြို့တို့သည်လည်းကောင်း၊ တိုင်းနိုင်ငံတို့သည်လည်းကောင်း၊ ဇနပုဒ်တို့သည်လည်းကောင်း ရှိကုန်မူ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူ၏"ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူ၏"ဟု မဆိုသင့်ပါလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ မွေးဖွားတော်မူခဲ့သည်၊ ဗောဓိပင်၏ အနီး၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်သစ္စာလေးပါးကို သိတော်မူခဲ့သည်၊ မြတ်စွာဘုရားသည် ဗာရာဏသီ ပြည်၌ ဓမ္မစကြာတရားကို ဟောတော်မူခဲ့သည်၊ စာပါလစေတီ၌ အာယုသင်္ခါရကို စွန့်လွှတ်တော်မူခဲ့သည်၊ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ မွေးဖွားတော်မူခဲ့သည်။ပ။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည် ဖြစ်ခဲ့ပါမူ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူ၏"ဟု ဆိုသင့်၏။

သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူ၏"ဟု မဆိုသင့်ပါလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ရဟန်းတို့ အခါတစ်ပါး၌ ငါဘုရားသည် ဥက္ကဋ္ဌမြို့ သုဘဂတော အင်ကြင်းပင် အနီးဝယ် သီတင်းသုံးနေတော်မူ၏"ဟူ၍လည်းကောင်း၊ "ရဟန်းတို့ အခါတစ်ပါး၌ ငါဘုရားသည် ဥရုဝေလတော ဆိတ်ကျောင်းညောင်ပင်၌ ဘုရားဖြစ်ခါစ ဖြစ်၍ ရှေးဦးစွာ သီတင်းသုံးနေတော်မူ၏"ဟူ၍လည်းကောင်း၊ "ရဟန်းတို့ အခါတစ်ပါး၌ ငါဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာပေးရာ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏"ဟူ၍လည်းကောင်း၊ "ရဟန်းတို့ အခါတစ်ပါး၌ ငါဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏"ဟူ၍လည်းကောင်း၊ "ရဟန်းတို့ အခါတစ်ပါး၌ ငါဘုရားသည်

ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ် ဆောင်ပေါက်သော ဇရပ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏”ဟူ၍လည်းကောင်း၊ ဤသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထိုသို့ဖြစ်ပါမူ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေ တော်မူခဲ့၏။

၈၀၃။ ပရဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူခဲ့ပါသလော။

သကဝါဒီ။ ။ ဩော် တည်နေတော်မူခဲ့ပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည်လောက၌ မွေးဖွားတော်မူခဲ့သည်လောက၌ ကြီးပွါးတော်မူခဲ့သည်လောကနှင့် မလိမ်းကျံ မကပ်ငြိဘဲလောကကို လွှမ်းမိုး၍ နေတော်မူခဲ့သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြတ်စွာဘုရားသည်လောက၌ မွေးဖွားတော်မူခဲ့သည်လောက၌ ကြီးပွါးတော်မူခဲ့သည်လောကနှင့် မလိမ်းကျံ မကပ်ငြိဘဲလောကကို လွှမ်းမိုး၍ နေတော်မူခဲ့သည် ဖြစ်ခဲ့ပါမူ “ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လူ့ပြည်လောက၌ တည်နေတော်မူခဲ့၏”ဟူ၍ မဆိုသင့်။

**မနုဿလောကကထာ ပြီး၏။**

------

၁။ “တထာဂတောလောကေ ဇာတောလောကေ သံဝဍ္ဎောလောကံ အဘိဘုယျ ဝိဟရတိ အနုပလိတ္တောလောကေန” ဟူသော သုတ်ကို မသင့်မတင့်သောအားဖြင့် ယူ၍ မြတ်စွာဘုရားသည် တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏၊ ထိုတုသိတာနတ်ပြည်၌သာ နေတော်မူ၏၊ လူ့ပြည်လောကသို့ ကြွလာတော်မမူ၊ ဖန်ဆင်းအပ်သော နိမ္မိတရုပ်မျှကိုသာ ဤလူ့ပြည်၌ ပြတော်မူ၏ဟု အယူရှိကြကုန်သော ဝေတုလ္လကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ သီတင်းသုံးတော်မူရာ အရပ်ဖြင့်လည်းကောင်း၊ ပြီးစေကြောင်း သုတ်ပါဠိဖြင့်လည်းကောင်း သိစေရန် ဤပုစ္ဆာကို တက်သည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၇၈) ၂– ဓမ္မဒေသနာကထာ[၁]

၈၀၄။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် “တရားတော်ကို ဟောပြတော်မူအပ်၏”ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အဘယ်ပုဂ္ဂိုလ်သည် ဟောပြတော်မူအပ်ပါသနည်း။

ပရဝါဒီ။ ။ နိမ္မိတရုပ်ပွါးတော်သည် ဟောပြတော်မူအပ်ပါ၏။

သကဝါဒီ။ ။ နိမ္မိတရုပ်ပွါးတော်သည် မာရ်ငါးပါးကို အောင်မြင်တော်မူပါသလော၊ လူနတ်တို့၏ ဆရာလော၊ မဖောက်မပြန် မှန်ကန်စွာ ကိုယ်တိုင် (တရားအားလုံးကို) သိတော်မူပါသလော၊ အလုံးစုံကို သိတော်မူပါသလော၊ အလုံးစုံကို မြင်တော်မူပါသလော၊ တရား၏အရှင် ဖြစ်တော်မူပါသလော၊ တရားကြောင့် ကိုးကွယ်ရာ ဖြစ်တော်မူပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူအပ်၏"ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်ပုဂ္ဂိုလ်သည် ဟောပြတော်မူအပ်ပါသနည်း။

ပရဝါဒီ။ ။ အရှင်အာနန္ဒာသည် ဟောပြတော်မူအပ်ပါ၏။

သကဝါဒီ။ ။ အရှင်အာနန္ဒာသည် မာရ်ငါးပါးကို အောင်မြင်တော်မူပါသလော၊ လူနတ်တို့၏ ဆရာ ဖြစ်တော်မူပါသလော၊ မဖောက်မပြန် ကိုယ်တော်တိုင် (တရားအားလုံးကို) ထိုးထွင်း၍ သိတော်မူပါသလော၊ အလုံးစုံကို သိတော်မူပါသလော၊ အလုံးစုံကို မြင်တော်မူပါသလော၊ တရား၏ အရှင်သခင် ဖြစ်တော်မူပါသလော၊ တရားကြောင့် ကိုးကွယ်ရာ ဖြစ်တော်မူပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၀၅။ သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားတော်ကို ဟောပြတော်မူအပ်၏"ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

သကဝါဒီ။ ။ "သာရိပုတြာ ငါဘုရားသည် အကျဉ်းအားဖြင့်လည်း တရားတော်ကို ဟောပြတော်မူ၏၊ သာရိပုတြာ ငါဘုရားသည် အကျယ်အားဖြင့်လည်း တရားတော်ကို ဟောပြတော်မူ၏၊ သာရိပုတြာ ငါဘုရားသည် အကျဉ်းအကျယ်အားဖြင့်လည်း တရားတော်ကို ဟောပြတော်မူ၏၊ တရားကို သိသူတို့ကို မူကား ရနိုင်ခဲကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားတော်ကို ဟောပြ တော်မူအပ်၏။

၈၀၆။ သကဝါဒီ။ ။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားတော်ကို ဟောပြတော့်မူအပ်၏"ဟု မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။

သကဝါဒီ။ ။ "ရဟန်းတို့ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍ တရားကို ဟောတော်မူ၏၊ ထူးသော ဉာဏ်ဖြင့် မသိဘဲ တရားကို ဟောတော်မူသည် မဟုတ်၊ ရဟန်းတို့ အကြောင်းနှင့်တကွသော တရားကို ငါဘုရား ဟောတော်မူ၏၊ အကြောင်းနှင့်တကွ မဟုတ်သောတရားကို ငါဘုရား ဟောတော်မူသည် မဟုတ်၊ ရဟန်းတို့ ကိလေသာကို ပယ်ရှားခြင်းနှင့်တကွဖြစ်သော တရားကို ငါဘုရား ဟောတော်မူ၏၊ ကိလေသာ ပယ်ရှားခြင်း မရှိသော တရားကို ငါဘုရား ဟောတော်မူသည် မဟုတ်၊ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် သိ၍ တရားကို ဟောပြသော ထူးသောဉာဏ်ဖြင့် မသိမူ၍ ဟောပြသည် မဟုတ်သော အကြောင်းနှင့်တကွသော တရားကို ဟောပြသော အကြောင်းမရှိသော တရားကို ဟောပြသည် မဟုတ် သော ကိလေသာပယ်ရှားမှုနှင့် တကွသော တရားကို ဟောပြသော ကိလေသာပယ်ရှားမှု မရှိသော တရား ကို ဟောပြသည် မဟုတ်သော ထိုငါဘုရား၏ ဆုံးမမှုကို လိုက်နာ ပြုကျင့်အပ်၏၊ ကံမြစ်မှုကို လိုက်နာ ပြုကျင့်အပ်၏၊ ရဟန်းတို့ 'မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော ဘုရားတည်း၊ တရားတော်သည် ကောင်းစွာ ဟောတော်မူအပ်သော တရားတည်း၊ သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူသော သံဃာတည်း'ဟူ၍ သင်တို့သည် နှစ်သက်ခြင်းငှါ ထိုက်၏၊ ကျေနပ်ခြင်းငှါ ထိုက်၏၊ ဝမ်းမြောက်ခြင်းငှါ ထိုက်၏ဟု ဤဝေယျာကရဏစကားပြေ ဒေသနာကို ဟောတော်မူအပ်သည် ရှိသော် တစ်သောင်းသောလောကဓာတ်သည် တုန်လှုပ်လေ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားကို ဟောပြတော်မူအပ်၏။

**ဓမ္မဒေသနာကထာပြီး၏။**

------

၁။ တုသိတာနတ်ပြည်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူခြင်း အကျိုးငှါ နိမ္မိတရုပ်ပွါးတော်ကို စေလွှတ်၏၊ ထို့ကြောင့်ပင် ထိုနိမ္မိတရုပ်ပွါးတော်၏ တရားဒေသနာကို နာခံပြီး၍ အရှင်အာနန္ဒာမထေရ်သည် တရားတော်ကို ဟော၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကိုယ်တော်တိုင် တရားမဟောပါဟု အယူရှိကြကုန်သော ဝေတုလ္လကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ဖန်ဆင်းအပ်သော ရုပ်ပွါးတော်သာ တရားဟောခဲ့ပါမူ ထိုနိမ္မိတကိုယ်တော်သည်သာ ဆရာဘုရား ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ နိမ္မိတရုပ်ပွါးတော်၏ ဇိနအဖြစ်ကို ဝန်မခံလို၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၈-အဋ္ဌာရသမဝဂ် (၁၇၉) ၃- ကရုဏာကထာ[၁]

၈၀၇။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားမှု 'ကရုဏာ'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ချစ်ခင်မှု 'မေတ္တာ'သည် မရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားမှု 'ကရုဏာ'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ဝမ်းမြောက်မှု 'မုဒိတာ'သည်။ပ။ လျစ်လျူ ရှုမှု 'ဥပေက္ခာ'သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ချစ်ခင်မှု 'မေတ္တာ'သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားမှု 'ကရုဏာ'သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ဝမ်းမြောက်မှု 'မုဒိတာ'သည်။ပ။ လျစ်လျူ ရှုမှု 'ဥပေက္ခာ'သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားမှု 'ကရုဏာ'သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားမှု 'ကရုဏာ'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် သနားခြင်း'ကရုဏာ'မရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ မြတ်စွာဘုရားသည် သနားခြင်း 'ကရုဏာ' ရှိသူ၊လောက၏ စီးပွါးကို ကျင့်သူ၊လောကကို သနားစောင့်ရှောက်သူ၊လောက၏ အကျိုးကို ပြုကျင့်သူ ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် သနားခြင်း 'ကရုဏာ'ရှိသူ၊လောက၏ စီးပွါးကို ကျင့်သူ၊လောကကို သနားစောင့်ရှောက်သူ၊လောက၏ အကျိုးကို ပြုကျင့်သူ ဖြစ်ခဲ့ပါမူ "ဘုန်းတော် ကြီးသော မြတ်စွာဘုရားအား သနားခြင်း 'ကရုဏာ' မရှိ သူ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားခြင်း'ကရုဏာ'သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူခဲ့ပါမူ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားခြင်း'ကရုဏာ'သည် မရှိ"ဟူ၍ မဆိုသင့်။

၈၀၈။ ပရဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားခြင်း'ကရုဏာ'သည် ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် တပ်စွန်းမှု 'ရာဂ' ရှိသူ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား သနားခြင်း'ကရုဏာ'သည် မရှိ။

**ကရုဏာကထာ ပြီး၏။**

------

၁။ ချစ်ခင်အပ်ကုန်သော ဝတ္ထုတို့၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့် ရာဂနှင့်တကွဖြစ်ကုန်သော သူတို့၏ ရာဂ၏ အစွမ်းအားဖြင့် ကရုဏာ၏ အတုအရောင်ဖြစ်သော ဖြစ်ခြင်းကို တွေ့မြင်ရ၍ ရာဂသည်ပင် ကရုဏာ မည်၏၊ ထိုကရုဏာ အမည်ရသော ရာဂသည်လည်း မြတ်စွာဘုရားအား မရှိ၊ ထို့ကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအား ကရုဏာမရှိဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကရုဏာကထာကို ဟောတော်မူသည်။

၂။ ဤကရုဏာမည်သည် ကိလေသာ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သတ္တဝါလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ စေတောဝိမုတ္တိ၏ အဖြစ်ကြောင့်လည်းကောင်း၊ တစ်ဆယ့်တစ်ပါးသော အာနိသင်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း မေတ္တာစသည်တို့နှင့် တူသော သဘောရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားအား ကရုဏာတရား မရှိခဲ့ပါမူ မေတ္တာစသော တရားတို့သည်လည်း မရှိကုန်ရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ထိုသို့သော ကရဏာမရှိသူဟူသော ဝေါဟာရကို မမြင်သောကြောင့် ပရဝါဒီက
ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၀) ၄– ဂန္ဓဇာတိကထာ[၁]

၈၀၉။ သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်သည် အခြားနံ့သာမျိုးတို့ကို သာလွန်၍ လွှမ်းမိုးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် လွှမ်းမိုးနိုင်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် နံ့သာတို့ကို ဘုဉ်းပေးတော်မူပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် ဆွမ်းနှင့် (ဂျုံဖြင့်ပြုလုပ်သော) မုယောမုံ့ကို ဘုဉ်းပေးတော်မူသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် ဆွမ်းနှင့် မုယောမုံ့ကို ဘုဉ်းပေးတော်မူခဲ့ပါမူ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်သည် အခြားသော နံ့သာမျိုးတို့ကို သာလွန်၍ လွှမ်းမိုးနိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်သည် အခြားသော နံ့သာမျိုးတို့ကို သာလွန်၍ လွှမ်းမိုးနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် လွှမ်းမိုးနိုင်ပါ၏။

သကဝါဒီ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်ကို ရေချိုးကုန်သော, လိမ်းကျံကုန်သော, ပွတ်တိုက်ကုန်သော, သေတ္တာ၌ သိုမှီးကုန်သော,၊ ကတ်၌ ထည့်ထားကုန်သော, ဈေး၌ ဖြန့်ခင်းရောင်းချကုန်သော အချို့သော သူတို့သည်လည်းကောင်း၊ ထိုမြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်ဟူသော နံ့သာဖြင့်လည်း နံ့သာ၏ ပြုဖွယ်ကိစ္စကို ပြုလုပ်ကုန်သော အချို့သော သူတို့သည်လည်းကောင်း ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဂန္ဓဇာတိကထာပြီး၏။**

------

၁။ မြတ်စွာဘုရား၌ မသင့်သောအကြောင်းအားဖြင့် ချစ်ခင်ခြင်း၏ အစွမ်းအားဖြင့်
မြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်တို့သည် တစ်ပါးသော နံ့သာမျိုးတို့ကို အလွန့်အလွန်
လွှမ်းမိုး၍ ယူနိုင်၏၊ ထိုမြတ်စွာဘုရား၏ ကျင်ကြီးကျင်ငယ်ထက် အထူးသဖြင့် ကောင်းသော

အနံ့ရှိသော နံ့သာမျိုးသည် မရှိဟု အယူရှိကြကုန်သော အန္ဓကနှင့် ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဂန္ဓဇာတိကထာကို ဟောတော်မူသည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၁) ၅– ဈာနသင်္ကန္တိကထာ[၁]

၈၁၀။ သကဝါဒီ။ ။ တစ်ခုတည်းသော အရိယမဂ်ဖြင့် လေးပါးကုန်သော သာမညဖိုလ်တို့ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပြုနိုင်ပါ၏။

သကဝါဒီ။ ။ လေးပါးသော ဖဿတို့၏။ပ။ လေးပါးသော သညာတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တစ်ခုတည်းသော အရိယမဂ်ဖြင့် လေးပါးသော သာမညဖိုလ်တို့ကို မျက်မှောက် ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပြုနိုင်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် လေးပါးသော သာမညဖိုလ်တို့ကို မျက်မှောက်ပြုနိုင် ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်ဖြင့်။ပ။ အနာဂါမိမဂ်ဖြင့် လေးပါးသော သာမညဖိုလ်တို့ကို မျက်မှောက်ပြုနိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် (မျက်မှောက်ပြုနိုင်ပါသနည်း)။

ပရဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် (မျက်မှောက်ပြုနိုင်ပါ၏)။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို ဝိစိကိစ္ဆာကို သီလဗ္ဗတပရာမာသကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို ဝိစိကိစ္ဆာကို သီလဗ္ဗတပရာမာသကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်နိုင်ပါ၏။

သကဝါဒီ။ ။ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကို သောတာပတ္တိဖိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကို သောတာပတ္တိဖိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့မူ "အရဟတ္တမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို ဝိစိကိစ္ဆာကို သီလဗ္ဗတပရာမာသကို ပယ်စွန့်နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကို ကြမ်းတမ်းသော ဗျာပါဒကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကို ကြမ်းတမ်းသော ဗျာပါဒကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်နိုင်ပါ၏။

သကဝါဒီ။ ။ ကာမရာဂ, ဗျာပါဒတို့၏ ခေါင်းပါးသည်၏ အဖြစ်ကို သကဒါဂါမိဖိုလ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမရာဂ, ဗျာပါဒတို့၏ ခေါင်းပါးသည်၏ အဖြစ်ကို သကဒါဂါမိဖိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ "အရဟတ္တမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကို ကြမ်းတမ်းသော ဗျာပါဒကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို ပယ်စွန့်နိုင် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို ပယ်စွန့်နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်နိုင်ပါ၏။

သကဝါဒီ။ ။ "ကာမရာဂ, ဗျာပါဒကို အကြွင်းမဲ့ ပယ်ရှားခြင်းကို အနာဂါမိဖိုလ်"ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကာမရာဂ, ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ရှားခြင်းကို အနာဂါမိဖိုလ်ဟူ၍ မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ "အရဟတ္တမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂကို သိမ်မွေ့သော ဗျာပါဒကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

၈၁၁။ ပရဝါဒီ။ ။ "တစ်ခုတည်းသော အရိယမဂ်ဖြင့် လေးခုသော သာမညဖိုလ်တို့ကို မျက်မှောက်ပြု၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် သောတာပတ္တိမဂ်ကို ပွါးစေအပ်ပါသလော။

သကဝါဒီ။ ။ သြော် ပွါးစေအပ်ပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် သောတာပန်လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် သကဒါဂါမိမဂ်။ပ။ အနာဂါမိမဂ်ကို ပွါးစေအပ်ပါသလော။

သကဝါဒီ။ ။ ဩော် ပွါးစေအပ်ပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် အနာဂါမ်လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၁၂။ သကဝါဒီ။ ။ မြတ်စွာဘုရားသည် တစ်ခုတည်းသော အရိယမဂ်ဖြင့် လေးခုသော သာမညဖိုလ်တို့ကို မျက်မှောက်ပြု၍ တပည့်သာဝကတို့သည် လေးပါးသော အရိယမဂ်တို့ဖြင့် လေးခုသော သာမညဖိုလ်တို့ကို မျက်မှောက်ပြုပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မျက်မှောက်ပြုကုန်၏။

သကဝါဒီ။ ။ တပည့်သာဝကတို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် မမြင်အပ်သော တရားကို မြင်ပါကုန်သလော၊ မသိအပ်သော တရားကို သိပါကုန်သလော၊ မျက်မှောက်မပြုအပ်သော တရားကို မျက်မှောက်ပြုပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဧကမဂ္ဂကထာ ပြီး၏။**

------

၁။ မြတ်စွာဘုရား၌ မသင့်မတင့်သောအားဖြင့် ချစ်ခင်ခြင်း၏ အစွမ်းအားဖြင့်သာလျှင် မြတ်စွာဘုရားသည် သောတာပန် ဖြစ်၍ သကဒါဂါမ်ဖြစ်၏၊ သကဒါဂါမ်ဖြစ်၍ အနာဂါမ်ဖြစ်၏၊ အနာဂါမ်ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏၊ တစ်ခုတည်းသာဖြစ်သော အရိယာမဂ်ဖြင့် ဖိုလ်လေးပါးတို့ကို မျက်မှောက်ပြု၏ဟု အယူရှိကြကုန်သော အန္ဓကနှင့် ဉတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဧကမဂ္ဂကထာကို ဟောတော်မူသည်။
၂။ ဖိုလ်လေးပါးတို့နှင့် တကွဖြစ်ကုန်သော ဖဿလေးပါး စသည်တို့ကို ပေါင်းစုသည်၏ အစွမ်းအားဖြင့် စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ အဘယ်မဂ်ဖြင့် မျက်မှောက်ပြုသနည်းဟု မေးလို၍ ဤပုစ္ဆာကို တက်သည်။
၄။ ဘုရားဖြစ်သောပုဂ္ဂိုလ်အား သောတာပန်အဖြစ် မရှိသောကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၂) ၆– ဈာနသင်္ကန္တိကထာ[၁]

၈၁၃။ သကဝါဒီ။ ။ ဈာန်တစ်ခုမှ ဈာန်တစ်ခုသို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ပဥ္စမဈာန်မှ တတိယဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဈာန်တစ်ခုမှ ဈာန်တစ်ခုသို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဥ္စမဈာန်မှ ဒုတိယဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ပဥ္စမဈာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည်ပင် ဒုတိယဈာန်ဖြစ်ပေါ်စေခြင်းငှါ ဖြစ်ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ပဥ္စမဈာန်မှ ဒုတိယဈာန်သို့ ပြောင်းရွှေ့နိုင်သည်ဖြစ်၍ ပဥ္စမဈာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည် ဒုတိယဈာန်ကို ဖြစ်စေခြင်း ငှါ (ဖြစ်၏)"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ စိတ်မညွတ်သူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုတိယဈာန်သည် ဆင်ခြင်သူအား ဖြစ်သည်။ပ။ စိတ်ညွတ်သူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒုတိယဈာန်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ။ပ။ စိတ်ညွတ်သူအား ဖြစ်ခဲ့ပါမူ "ပဥ္စမဈာန်မှ ဒုတိယဈာန်သို့ ပြောင်းရွှေ့နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ပဥ္စမဈာန်မှ ဒုတိယဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ပဥ္စမဈာန်သည် ကာမတို့ကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်သည် ကာမတို့ကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဌမစျာန်သည် ဝိတက်နှင့်တကွ ဝိစာရနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဒုတိယစျာန်သည် ဝိတက်နှင့်တကွ ဝိစာရနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဌမစျာန်မှ ဒုတိယစျာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ထိုပဌမစျာန်သည်ပင် ထိုဒုတိယစျာန်ဖြစ်ပါသလော။[၄]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၁၄။ သကဝါဒီ။ ။ ဒုတိယစျာန်မှ တတိယစျာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ဒုတိယစျာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည်ပင် တတိယစျာန်ကို ဖြစ်စေခြင်းငှါ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုတိယစျာန်မှ ပဌမစျာန်သို့ ပြောင်းရွှေ့နိုင်သည်ဖြစ်၍ "ဒုတိယစျာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည်ပင် တတိယစျာန်ကို ဖြစ်စေခြင်းငှါ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် မဆိုသင့်ပါ။

သကဝါဒီ။ ။ တတိယစျာန်သည် မဆင်ခြင်သူအား ဖြစ်နိုင်ပါသလော။ပ။ စိတ်မညွတ်သူအား ဖြစ်နိုင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တတိယစျာန်သည် ဆင်ခြင်သူအား ဖြစ်သည်။ပ။ စိတ်ညွတ်သူအား ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တတိယစျာန်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ။ပ။ စိတ်ညွတ်သူအား ဖြစ်ခဲ့ပါမူ "ဒုတိယစျာန်မှ တတိယစျာန်သို့ ပြောင်းရွှေ့နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒုတိယစျာန်မှ တတိယစျာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်သည် ဝိတက်ဝိစာရတို့ကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ တတိယဈာန်သည် ဝိတက်ဝိစာရတို့ကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုတိယဈာန်သည် ပီတိနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ တတိယဈာန်သည် ပီတိနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုတိယဈာန်မှ တတိယဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ထိုဒုတိယဈာန်သည်ပင် ထိုတတိယဈာန်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၁၅။ သကဝါဒီ။ ။ တတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ တတိယဈာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည်ပင် စတုတ္ထဈာန်ကို ဖြစ်စေခြင်းငှါ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်သည် ဖြစ်၍ "တတိယဈာန်ကို ဖြစ်စေခြင်းငှါ အကြင်ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် (ရှိ၏)၊ ထိုဆင်ခြင်မှု စိတ်ညွတ်မှုသည်ပင် စတုတ္ထ ဈာန်ကို ဖြစ်စေခြင်းငှါ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စတုတ္ထဈာန်သည် မဆင်ခြင်သူအား ဖြစ်ပါသလော။ပ။ စိတ်မညွတ်သူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စတုတ္ထဈာန်သည် ဆင်ခြင်သူအား ဖြစ်သည်။ပ။ စိတ်ညွတ်သူအား ဖြစ်သည် မဟုတ်ပါလော။ပ။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စတုတ္ထဈာန်သည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ။ပ။ စိတ်ညွတ်သူအား ဖြစ်ခဲ့ပါမူ "တတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ တတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ တတိယဈာန်သည် ပီတိကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စတုတ္ထဈာန်သည် ပီတိကို အပြစ်အားဖြင့် နှလုံးသွင်းသူအား ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တတိယဈာန်သည် သုခနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စတုတ္ထဈာန်သည် သုခနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တတိယဈာန်မှ စတုတ္ထဈာန်သို့ ပြောင်းရွှေ့နိုင်ပါသလော။

ပရဝါဒီ။ ။ သြော် ပြောင်းရွှေ့နိုင်ပါ၏။

သကဝါဒီ။ ။ ထိုတတိယဈာန်သည်ပင် ထိုစတုတ္ထဈာန် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၁၆။ ပရဝါဒီ။ ။ "ဈာန်တစ်ခုမှ ဈာန်တစ်ခုသို့ ပြောင်းရွှေ့နိုင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ကပ်ရောက်၍ နေ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။[၁]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဈာန်တစ်ခုမှ ဈာန်တစ်ခုသို့ ပြောင်းရွှေ့နိုင်၏။

**ဈာနသင်္ကန္တိကထာ ပြီး၏။**

------

၁။ "ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဒုတိယံ ဈာနံ တတိယံ ဈာနံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ" ဟူသော ဤပဋိပါဠိဒေသနာကို အမှီပြု၍ ထိုထိုဈာန်၏ ဥပစာရ၏ ဖြစ်ခြင်းကို ကြည်ထား၍

ဈာန်တစ်ခုမှ ဈာန်တစ်ခုသို့ ပြောင်းရွှေ့၏ဟု အယူရှိကြကုန်သော မဟိသာသကနှင့် အန္ဓကဂိုဏ်းဝင် အချို့တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ဒုတိယဈာန်၏ ဥပစာသို့ မရောက်ဘဲ အစဉ်ကို ခုန်သောအားဖြင့် ပဌမဈာန်မှ ဒုတိယဈာန်သို့ ပြောင်းရွှေ့နိုင်ခဲ့ပါမူ ပဌမဈာန်မှ တတိယဈာန်သို့ ဒုတိယဈာန်မှ စတုတ္ထဈာန်သို့လည်း ပြောင်းရွှေ့နိုင်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ပဌမဈာန်မှ အခြားမဲ့၌ ဒုတိယဈာန်သို့ ဒုတိယဈာန် စသည်တို့မှလည်း တတိယဈာန် စသည်တို့သို့ ဝင်စားနိုင်ခဲ့ပါမူ တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့် ဝင်စားရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၄။ ရှေ့ဇောမှ နောက်ဇောကဲ့သို့ အခြားမရှိ ဖြစ်ခဲ့ပါမူ ရှေ့နောက်အဖြစ်ကို ဖယ်ထား၍ လက္ခဏာအားဖြင့် ထိုပဌမဈာန်သည်ပင် ထိုဒုတိယဈာန်ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၅။ ပရဝါဒီပြသော သုတ္တန်ပါဠိသည် အစဉ်အားဖြင့် ဈာန်တို့ကို ဟောအပ်သည်၏ အဖြစ်ကိုသာ ပြ၏၊ အကြားမရှိဘဲ ဖြစ်ခြင်းကို ပြသည်မဟုတ်၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၃) ၇– ဈာနန္တရိကကထာ[၁]

၈၁၇။ သကဝါဒီ။ ။ ဈာန်နှစ်ခုတို့၏ အကြား၌ ဖြစ်သော ‘ဈာနန္တရိက’ (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ခုတို့၏ အကြား၌ ဖြစ်သော ‘ဖဿန္တရိက’ (သမာဓိ) သည် ရှိပါသလော။ပ။ သညာ နှစ်ခုတို့၏ အကြား၌ ဖြစ်သော ‘သညန္တရိက’ (သမာဓိ) သည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဈာနန္တရိကသမာဓိသည် ရှိပါသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်၏လည်းကောင်း၊ တတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။ ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ တတိယဈာန်၏လည်းကောင်း၊ စတုတ္ထဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဒုတိယဈာန်၏လည်းကောင်း၊ တတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိခဲ့ပါမူ "ဈာနန္တရိက (သမာဓိ) သည် ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ တတိယဈာန်၏လည်းကောင်း၊ စတုတ္ထဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ တတိယဈာန်၏လည်းကောင်း၊ စတုတ္ထဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိခဲ့ပါမူ "ဈာနန္တရိက (သမာဓိ) သည် ရှိ၏"ဟူ၍ မဆိုသင့်။

၈၁၈။ သကဝါဒီ။ ။ ပဌမဈာန်၏လည်းကောင်း၊ ဒုတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဒုတိယဈာန်၏လည်းကောင်း၊ တတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပဌမဈာန်၏လည်းကောင်း၊ ဒုတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ တတိယဈာန်၏လည်းကောင်း၊ စတုတ္ထဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒုတိယဈာန်၏လည်းကောင်း၊ တတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဌမဈာန်၏လည်းကောင်း၊ ဒုတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တတိယဈာန်၏လည်းကောင်း၊ စတုတ္ထဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပဌမဈာန်၏လည်းကောင်း၊ ဒုတိယဈာန်၏လည်းကောင်း အကြား၌ ဖြစ်သော ဈာနန္တရိက (သမာဓိ) သည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၁၉။ သကဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်လည်းရှိ ဝိစာရလည်းရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မည်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိတက်လည်းရှိ ဝိစာရလည်းရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မမည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မမည်ပါသလော။[၅]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မမည်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၂၀။ သကဝါဒီ။ ။ (အကြောင်းကို) စွဲမှီ၍ ဖြစ်ဆဲဖြစ်ကုန်သော ဈာန်နှစ်ခုတို့၏ အကြား ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဖြစ်ပါသလော။[၆]

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိ ဖြစ်လတ်သော် ပဋ္ဌမဈာန်သည် ချုပ်ပြီး မဟုတ်ပါလော၊ ဒုတိယဈာန်သည် စွဲမှီ၍ ဖြစ်ဆဲ မဟုတ်ပါလော။[၇]

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၈]

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိ ဖြစ်လတ်သော် ပဌမ ဈာန်သည် ချုပ်ပြီးဖြစ်ခဲ့ပါမူ ဒုတိယဈာန်သည် စွဲမှီ၍ ဖြစ်ဆဲဖြစ်ခဲ့ပါမူ "စွဲမှီ၍ ဖြစ်ဆဲဖြစ်ကုန်သော ဈာန် နှစ်ပါးတို့၏ အကြား၌ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိကသမာဓိ ဖြစ်၏"ဟူ၍ မဆိုသင့်။

၈၂၁။ ပရဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) မမည် ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ပဌမဈာန်။ပ။ ဒုတိယဈာန်။ပ။ တတိယဈာန်။ပ။ စတုတ္ထဈာန်လော။[၉]

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁၀]

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ) တည်း။

၈၂၂။ သကဝါဒီ။ ။ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိသည် ဈာနန္တရိက (သမာဓိ)လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ဝိတက်လည်းရှိ ဝိစာရလည်းရှိသော သမာဓိလည်းကောင်း၊ ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော သမာဓိလည်းကောင်း၊ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိလည်းကောင်း" ဤသို့ (သမာဓိ) သုံးပါးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "ဝိတက်လည်းရှိ။ပ။ ဝိစာရလည်းမရှိသော သမာဓိလည်းကောင်း" ဤသို့ (သမာဓိ) သုံးပါးတို့ကို မြတ်စွာဘုရား ဟောအပ်ခဲ့ပါကုန်မူ "ဝိတက်ကားမရှိ ဝိစာရမျှသာရှိသော (သမာဓိ) သည် ဈာနန္တရိကသမာဓိမည်၏"ဟူ၍ မဆိုသင့်။

**ဈာနန္တရိကကထာ ပြီး၏။**

------

၁။ ပဉ္စကနည်း၌ ဈာန်ငါးပါးတို့ကို မဝေဖန်အပ်ကုန်၊ သက်သက် သမာဓိသုံးပါးတို့ကိုသာ အကျဉ်းပြအပ်ကုန်၏၊ ထို့ကြောင့် အဝိတက္ကဝိစာရသမာဓိ၏ အခွင့်ကို မသိကုန်သောကြောင့် ပဌမဈာန်နှင့် ဒုတိယဈာန်အကြား၌ ဤအဝိတက္ကသဝိစာရသမာဓိသည် ဈာနန္တရိကသမာဓိမည်၏ဟု အယူရှိကြကုန်သော သမိတိနှင့် အချို့သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ ဈာန်သည်လည်း စေတသိက်တရားတို့ပင် ဖဿစသော တရားတို့လည်း စေတသိက်တရား တို့ပင်တည်း၊ ထို့ကြောင့် ဈာနန္တရိက မည်ခဲ့ပါမူ ဖဿန္တရိက စသည်တို့သည်လည်း ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ အဝိတက္ကဝိစာရမတ္တသမာဓိသည် ဈာနန္တရိက မည်ခဲ့ပါမူ ဒုတိယဈာန် တတိယဈာန် စသည်တို့သည်လည်း ဈာန်တို့သာ ဖြစ်ကုန်သောကြောင့် ထိုဒုတိယဈာန်, တတိယဈာန်တို့၏လည်း အကြားမည်သည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၄။ မိမိဝါဒ၏ အစွမ်းအားဖြင့် ပရဝါဒီကပင် ပဋိက္ခေပလည်း ပြု၏၊ ဝန်ခံလည်း ဝန်ခံ၏။

၅။ သမာဓိသုံးပါးတို့၏ သမာဓိအဖြစ် တူမျှသည်ရှိသော် အဝိတက္ကဝိစာရမတ္တသမာဓိသာ ဈာနန္တရိက မည်၍ တစ်ပါးသော သမာဓိသည် ဈာနန္တရိက မမည်၊ ဤသုံးပါးတို့၌ ထူးသော အကြောင်းကား အဘယ်နည်းဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၆။ ပဌမဈာန်နှင့် ဒုတိယဈာန်တို့ကို ရည်ရွယ်၍ မေးသည်။

၇။ ပစ္စုပ္ပန်ဖြစ်သော ထိုဈာန်တို့၏ အကြား၌ အဝိတက္ကဝိစာရမတ္တသမာဓိသည် 'ဈာနန္တရိကသမာဓိ' မည်၏ဟူသော အယူဖြင့် ဝန်ခံသည်။

၈။ ဈာန်သုံးပါး တစ်ပြိုင်နက် ဖြစ်ခြင်း၏ မသင့်သောကြောင့် ဝန်ခံသည်။

၉။ စတုက္ကနည်းကို ရည်ရွယ်၍ မေးသည်။

၁၀။ ထိုစတုက္ကနည်း၌ အဝိတက္ကဝိစာရမတ္တသမာဓိ၏ မရှိသောကြောင့် သကဝါဒီက ပဋိက္ခေပပြုသည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၄) ၈–သဒ္ဒံ သုဏာတီတိကထာ[၁]

၈၂၃။ သကဝါဒီ။ ။ သမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် အသံကို ကြားပါသလော။

ပရဝါဒီ။ ။ ဩော် ကြားပါ၏။

သကဝါဒီ။ ။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်းကို မြင်ပါသလော။ပ။ နားဖြင့်။ပ။ နှာခေါင်းဖြင့်။ပ။ လျှာဖြင့်။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်သည် အသံကို ကြားပါသလော။

ပရဝါဒီ။ ။ ဩော် ကြားပါ၏။

သကဝါဒီ။ ။ သောတဝိညာဏ်နှင့် ပြည့်စုံသူသည် သမာပတ်ဝင်စားပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသောသူအား သမာဓိဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မနောဝိညာဏ်နှင့် ပြည့်စုံသောသူအား သမာဓိရှိခဲ့မူ "သမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် အသံကို ကြား၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသောသူအား သမာဓိဖြစ်ပေါ်၍ သောတဝိညာဏ်နှင့် ပြည့်စုံသော သူသည် အသံကို ကြားပါသလော။

ပရဝါဒီ။ ။ သြော် ကြားပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မနောဝိညာဏ်နှင့် ပြည့်စုံသောသူအား သမာဓိဖြစ်ပေါ်၍ သောတ ဝိညာဏ်နှင့် ပြည့်စုံသူသည် အသံကို ကြားခဲ့မူ "သမာပတ်ဝင်စားသူသည် အသံကို ကြား၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မနောဝိညာဏ်နှင့် ပြည့်စုံသူအား သမာဓိ ဖြစ်ပေါ်၍ သောတဝိညာဏ်နှင့် ပြည့်စုံသူ အား အသံကို ကြားပါသလော။

ပရဝါဒီ။ ။ သြော် ကြားပါ၏။

သကဝါဒီ။ ။ ဖဿနှစ်ပါးတို့၏။ပ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၂၄။ ပရဝါဒီ။ ။ "သမာပတ်ဝင်စားသူသည် အသံကို ကြား၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားသည် အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ ဟောတော်မူအပ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြတ်စွာဘုရားသည် အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ ဟောအပ် ခဲ့ပါမူ "သမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် အသံကို ကြား၏"ဟူ၍ ဆိုသင့်၏။

၈၂၅။ သကဝါဒီ။ ။ မြတ်စွာဘုရားသည် အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ ဟောတော်မူအပ်၏ဟု (နှလုံးပြု၍) သမာပတ်ဝင်စားသူသည် အသံကို ကြားပါသလော။

ပရဝါဒီ။ ။ သြော် ကြားပါ၏။

သကဝါဒီ။ ။ ဝိတက်ကိုလည်းကောင်း၊ ဝိစာရကိုလည်းကောင်း ဒုတိယဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောအပ်သည် ဖြစ်၍ ထို ဒုတိယဈာန်အား ဝိတက်, ဝိစာရတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အသံကို ပဌမဈာန်၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု (နှလုံးပြု၍) သမာပတ်ဝင်စားသူသည် အသံကို ကြားပါသလော။

ပရဝါဒီ။ ။ သြော် ကြားပါ၏။

သကဝါဒီ။ ။ ပီတိကို တတိယဈာန်၏ ဆူးငြောင့်ဟူ၍။ပ။ ထွက်သက်, ဝင်သက်ကို စတုတ္ထဈာန်၏ ဆူးငြောင့်ဟူ၍။ ရူပသညာကို အာကာသာနဉ္စာယတနသမာပတ် ဝင်စားသူ၏ ဆူးငြောင့်ဟူ၍။ အာကာသာနဉ္စာယတနသညာကို ဝိညာဏဉ္စာယတနသမာပတ်ဝင်စားသူ၏ ဆူးငြောင့်ဟူ၍။ ဝိညာဏဉ္စာ ယတနသညာကို အာကိဉ္စညာယတန သမာပတ်ကို ဝင်စားသူ၏ ဆူးငြောင့်ဟူ၍။ အာကိဉ္စညာယတန သညာကို နေဝသညာနာသညာယတနသမာပတ် ဝင်စားသူ၏ ဆူးငြောင့်ဟူ၍။ သညာကိုလည်းကောင်း၊ ဝေဒနာကိုလည်းကောင်း

နိရောဓသမာပတ်ဝင်စားသူ၏ ဆူးငြောင့်ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် ဖြစ်၍ နိရောဓသမာပတ်ဝင်စားသူအား သညာသည်လည်းကောင်း၊ ဝေဒနာသည်လည်းကောင်း ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သဒ္ဒံ သုဏာတီတိကထာ ပြီး၏။**

------

၁။ အသံသည် ပဌမဈာန်၏ ဆူးငြောင့်မည်၏ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ပဌမဈာန်သမာပတ် ဝင်စားသူသည် ထိုအသံကို မကြားခဲ့ပါမူ အသို့လျှင် ဆူးငြောင့် ဖြစ်ရာပါသနည်း၊ ထို့ကြောင့် သမာပတ်ဝင်စားသူသည် အသံကို ကြားရ၏ဟု ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီတို့ အယူရှိ၏၊ ထို့ကြောင့် ဤကထာကို ဟောတော်မူသည်။

၂။ သမာပတ်ဝင်စားသူအား ပဉ္စဒွါရ၌ဖြစ်သော တရားမျိုး မရှိ၊ ထိုပဉ္စဒွါရ၌ဖြစ်သော တရားမရှိဘဲ ထိုသမာပတ် ဝင်စားသူသည် အသံကို ကြားနိုင်ခဲ့လျှင် အဆင်းကိုလည်း မြင်နိုင်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၁၈–အဋ္ဌာရသမဝဂ် (၁၈၅) ၉–စက္ခုနာ ရူပံ ပဿတီတိကထာ[၁]

၈၂၆။ သကဝါဒီ။ ။ မျက်စိဖြင့် အဆင်းကို မြင်ပါသလော။

ပရဝါဒီ။ ။ ဩော် မြင်ပါ၏။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို မြင်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို မြင်ပါသလော။

ပရဝါဒီ။ ။ ဩော် မြင်ပါ၏။[၄]

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို သိပါသလော။

ပရဝါဒီ။ ။ ဩော် သိပါ၏။

သကဝါဒီ။ ။ ရုပ်သည် မနောဝိညာဏ်လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ မျက်စိဖြင့် အဆင်းကို မြင်ပါသလော။

ပရဝါဒီ။ ။ ဩော် မြင်ပါ၏။

သကဝါဒီ။ ။ မျက်စိအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မျက်စိအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မျက်စိအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိခဲ့မူ "မျက်စိဖြင့် အဆင်းကို မြင်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ နားဖြင့် အသံကို ကြားပါသလော။ပ။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှုပါသလော။ပ။ လျှာဖြင့် အရသာကို လျက်ပါသလော။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ သြော် တွေ့ထိပါ၏။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို သိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ရုပ်ဖြင့် ရုပ်ကို သိပါသလော။

ပရဝါဒီ။ ။ သြော် သိပါ၏။

သကဝါဒီ။ ။ ရုပ်သည် မနောဝိညာဏ်လော။[၅]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ သြော် တွေ့ထိပါ၏။

သကဝါဒီ။ ။ ကိုယ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိုယ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကိုယ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိခဲ့မူ "ကိုယ်ဖြင့် အတွေ့ အထိကို တွေ့ထိ၏"ဟူ၍ မဆိုသင့်။

၈၂၇။ ပရဝါဒီ။ ။ "မျက်စိဖြင့် အဆင်းကို မြင်၏။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၏"ဟူ၍ မဆို သင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်၏။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့် မျက်စိဖြင့် အဆင်းကို မြင်၏။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၏။[၆]

## စက္ခုနာ ရူပံ ပဿတီတိကထာ ပြီး၏။

## အဋ္ဌာရသမဝဂ် ပြီး၏။

------

၁။ "စက္ခုနာ ရူပံ ဒိသွာ"ဟူသော စကားကို အမှီပြု၍ ပသာဒစက္ခုသည်သာ ရူပါရုံကို မြင်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ မျက်စိဖြင့် အဆင်းကို မြင်ခဲ့ပါမူ ရုပ်ဖြင့် ရုပ်ကို မြင်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ ရူပါယတနကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ စက္ခုကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ ရုပ်ဖြင့် ရုပ်ကို သိခဲ့ပါမူ ရုပ်သည် မနောဝိညာဏ်အဖြစ်သို့ ရောက်ခဲ့ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၆။ ပရဝါဒီဆောင်သော သုတ်ကို သသမ္ဘာရကထာနည်းအားဖြင့် ဟောတော်မူအပ်၏၊ မြားဖြင့်ပစ်သော်လည်း လေးဖြင့်ပစ်၏ဟု ဆိုအပ်သကဲ့သို့ စက္ခုဝိညာဏ်ဖြင့် သိပါသော်လည်း မျက်စိဖြင့် သိ၏ဟု ဆိုအပ်ပါ၏၊ ထို့ကြောင့် သာဓက မထိုက်ပါ။

♣

## ၁၉-ဧကူနဝီသတိမဝဂ် (၁၈၆) ၁-ကိလေသဇဟနကထာ[၁]

၈၂၈။ သကဝါဒီ။ ။ အတိတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ ချုပ်ပြီးသည်ကို ချုပ်စေပါသလော၊ ကင်းပြီးသည်ကို ကင်းစေပါသလော၊ ကုန်ခန်း ပြီးသည်ကို ကုန်ခန်းစေပါသလော၊ ကွယ်ပြီးသည်ကို ကွယ်စေပါသလော၊ ကွယ်ပျောက်ပြီးသည်ကို ကွယ်ပျောက်စေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အတိတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်တရားသည် ချုပ်ပြီး မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်တရားသည် ချုပ်ပြီးဖြစ်ခဲ့ပါမူ "အတိတ်ကိလေသာတို့ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အတိတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အတိတ်တရားသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အတိတ်တရားသည် မရှိခဲ့ပါမူ "အတိတ်ကိလေသာတို့ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

၈၂၉။ သကဝါဒီ။ ။ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ မဖြစ်သေးသည်ကို မဖြစ်စေပါသလော၊ ကောင်းစွာ မဖြစ်သေးသည်ကို ကောင်းစွာ မဖြစ်စေပါသလော၊ အသစ်မဖြစ်သေးသည်ကို အသစ်မဖြစ်စေပါသလော၊ ထင်ရှားမဖြစ်သေးသည်ကို ထင်ရှားမဖြစ်စေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အနာဂတ်တရားသည် မဖြစ်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်တရားသည် မဖြစ်သေးခဲ့ပါမူ "အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ အနာဂတ်တရားသည် မရှိသေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အနာဂတ်တရားသည် မရှိသေးခဲ့ပါမူ "အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏"ဟူ၍ မဆိုသင့်။

၈၃၀။ သကဝါဒီ။ ။ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဩော် ပယ်စွန့်ပါ၏။

သကဝါဒီ။ ။ တပ်မက်သူသည် ရာဂကို ပယ်စွန့်ပါသလော၊ ဖျက်ဆီးသူသည် ဒေါသကို ပယ်စွန့် ပါသလော၊ တွေဝေသူသည် မောဟကို ပယ်စွန့်ပါသလော၊ ညစ်ညမ်းသူသည် ကိလေသာတို့ကို ပယ်စွန့် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တပ်မက်မှု 'ရာဂ'ဖြင့် တပ်မက်မှု 'ရာဂ'ကို ပယ်စွန့်ပါသလော၊ ဖျက်ဆီးမှု 'ဒေါသ'ဖြင့် ဖျက်ဆီးမှု 'ဒေါသ'ကို ပယ်စွန့်ပါသလော၊ တွေဝေမှု 'မောဟ' ဖြင့် တွေဝေမှု 'မောဟ' ကို ပယ်စွန့်ပါသလော၊ ညစ်ညမ်းမှု 'ကိလေသာ'တို့ဖြင့် ညစ်ညမ်းမှု 'ကိလေသာ'တို့ကို ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တပ်မက်မှု 'ရာဂ'သည် စိတ်နှင့် ယှဉ်သည် ဖြစ်၍ မဂ်သည် စိတ်နှင့် ယှဉ်ပါသလော။

ပရဝါဒီ။ ။ ဩော် ယှဉ်ပါ၏။

သကဝါဒီ။ ။ စိတ်နှစ်ပါးတို့၏ ပေါင်းဆုံမှုသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တပ်မက်မှု 'ရာဂ'သည် အကုသိုလ်ဖြစ်၍ မဂ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိကုန် အပြစ်မရှိကုန်သော အယုတ် အမြတ် ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော အပြစ်ရှိကုန် အပြစ်မရှိကုန်သော အယုတ် အမြတ် ဖြစ်ကုန်သော အမည်းအဖြူအားဖြင့် တူသော အဖို့ရှိကုန်သော တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်ပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရောက်ပါကုန်၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလေးမျိုးတို့ကား အလွန့်အလွန်ဝေးသော အရာတို့ပေတည်း။ အဘယ်လေးမျိုးတို့နည်း၊ ရဟန်းတို့ ကောင်းကင်သည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း ရှိ၏၊ ဤကောင်းကင်နှင့် မြေကြီးသည် ရှေးဦးစွာ အလွန့်အလွန်ဝေးသော အရာတည်း။ပ။

ထို့ကြောင့် သူတော်ကောင်းတို့၏ တရားသည် မသူတော်တို့မှ ဝေး၏”ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် “ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော။ပ။ မျက်မှောက်အဖြစ်သို့ ရောက် ကုန်၏”ဟူ၍ မဆိုသင့်။

၈၃၁။ ပရဝါဒီ။ ။ “အတိတ်ကိလေသာတို့ကို ပယ်စွန့်၏၊ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏၊ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ကိလေသာတို့ကို ပယ်စွန့်သောသူသည် မရှိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် အတိတ်ကိလေသာတို့ကို ပယ်စွန့်၏၊ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏၊ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်၏။

**ကိလေသဇဟနကထာ ပြီး၏။**

------

၁။ ကိလေသာတို့ကို ပယ်ခြင်းမည်သည် ရှိ၏၊ ကိလေသာကို ပယ်သော ပုဂ္ဂိုလ်သည် အတိတ်ကိလေသာတို့ကိုလည်း ပယ်အပ်ကုန်၏၊ အနာဂတ်ကိလေသာ, ပစ္စုပ္ပန်ကိလေသာ တို့ကိုလည်း ပယ်အပ်ကုန်၏၊ ထို့ကြောင့် အတိတ်ကိလေသာတို့ကို ပယ်စွန့်၏၊ အနာဂတ်ကိလေသာ, ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်စွန့်၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီ ဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၁၉–ဧကူနဝီသတိမဝဂ် (၁၈၇) ၂–သုညတာကထာ[၁]

၈၃၂။ သကဝါဒီ။ ။ သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ အနိမိတ္တနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဩော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ အပ္ပဏိဟိတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "အနိမိတ္တနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "အပ္ပဏိဟိတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ သင်္ခါရသည် မြဲပါသလော၊ အကြောင်းကို စွဲ၍ မဖြစ်ပါသလော၊ ကုန်ခန်းခြင်းသဘော မရှိပါသလော၊ ပျက်စီးခြင်းသဘော မရှိပါသလော၊ ကင်းပြတ်ခြင်းသဘော မရှိပါသလော၊ ချုပ်ငြိမ်းခြင်းသဘော မရှိပါသလော၊ ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာသည် မမြဲသည် ပြုပြင်အပ်သည် အကြောင်းကို စွဲ၍ ဖြစ်သည် ကုန်ခန်းခြင်း ပျက်စီးခြင်းသဘောရှိသည် ကင်းပြတ်ခြင်းသဘောရှိသည် ချုပ်ငြိမ်းခြင်းသဘောရှိသည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သင်္ခါရက္ခန္ဓာသည် မမြဲသည်။ပ။ ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် ဖြစ်ခဲ့မူ "သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်။

၈၃၃။ သကဝါဒီ။ ။ ရူပက္ခန္ဓာ၏ ကင်းဆိတ်မှုသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၏ ကင်းဆိတ်မှုသည် ရူပက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာက္ခန္ဓာ၏။ပ။ သညာက္ခန္ဓာ၏။ပ။ ဝိညာဏက္ခန္ဓာ၏ ကင်းဆိတ်မှုသည် သင်္ခါရ က္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ သြော် အကျုံးဝင်ပါ၏။

သကဝါဒီ။ ။ သင်္ခါရက္ခန္ဓာ၏ ကင်းဆိတ်မှုသည် ဝိညာဏက္ခန္ဓာ၌ အကျုံးဝင်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "သင်္ခါရက္ခန္ဓာ၏ ကင်းဆိတ်မှုသည် ရူပက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရူပက္ခန္ဓာ၏ ကင်းဆိတ်မှုသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "သင်္ခါရက္ခန္ဓာ၏ ကင်းဆိတ်မှုသည် ဝေဒနာက္ခန္ဓာ၌။ပ။ သညာက္ခန္ဓာ၌။ပ။ ဝိညာဏက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ဝိညာဏက္ခန္ဓာ၏ ကင်းဆိတ်မှုသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့် ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၃၄။ ပရဝါဒီ။ ။ "သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤပြုပြင်အပ်သော သင်္ခါရတို့သည် အတ္တမှလည်းကောင်း၊ အတ္တနိယမှ လည်းကောင်း ကင်းဆိတ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၂]

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သုညတနိဗ္ဗာန်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏။

**သုညတာကထာ ပြီး၏။**

------

၁။ သုညတတို့သည် ခန္ဓာတို့၏ အနတ္တလက္ခဏာနှင့် နိဗ္ဗာန်ဟူ၍ နှစ်ပါးတို့ ဖြစ်ကြကုန်၏၊ ထိုတွင် အချို့သော အနတ္တလက္ခဏာသည် တစ်ခုသော နည်းပရိယာယ်ဖြင့် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည် ဖြစ်ရာ၏၊ နိဗ္ဗာန်သည် မည်သည့် ခန္ဓာ၌မျှ အကျုံးမဝင်၊ ဤသို့သော ဝိဘာဂကို မယူဘဲ သုညတတို့သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ကုန်၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ဤသုတ်သည် တစ်ပါးသော အယူဝါဒမှ ဆောင်အပ်သော သုတ်ဖြစ်၏၊ ဤ၌ သင်္ခါရအရ 'သဗ္ဗေသင်္ခါရာ အနိစ္စာ'ဟု လာသော အရာ၌ကဲ့သို့ ခန္ဓာငါးပါးတို့ပင်တည်း၊ ထိုခန္ဓာငါးပါးတို့သည်လည်း အတ္တ, အတ္တနိယမှ ဆိတ်သုဉ်းသည်၏ အဖြစ်ကြောင့်

သာသနာသို့ သက်ဝင်၏၊ မဆန့်ကျင်၊ ထို့ကြောင့် ပရဝါဒီဆောင်သော သုတ်သည် သုညတ၏ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်၏အဖြစ်ကို မပြ၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၁၉–ဧကူနဝီသတိမဝဂ် (၁၈၈) ၃–သာမညဖလကထာ[၁]

၈၃၅။ သကဝါဒီ။ ။ ရဟန်းဖြစ်ကျိုး'သာမညဖိုလ်'သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော၊ မှီခိုရာလော၊ ပုန်းအောင်းရာလော၊ ကိုးကွယ်ရာလော၊ လဲလျောင်းရာလော၊ မရွေ့လျောရာလော၊ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန်းဖြစ်ကျိုး'သာမညဖိုလ်'သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၃၆။ သကဝါဒီ။ ။ ရဟန်းဖြစ်ကျိုး 'သာမညဖိုလ်'သည် မပြုပြင်အပ်သော သဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန်းအဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန်းအဖြစ်သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန်းဖြစ်ကျိုး 'သာမညဖိုလ်'သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိဖိုလ်သည်။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တဖိုလ်သည် မပြုပြင်အပ့်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တမဂ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်သည် ပြုပြင်အပ်သောသဘော 'သင်္ခတ'လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်သည် မပြုပြင်အပ်သောသဘော'အသင်္ခတ'လော၊ သကဒါဂါမိဖိုလ်သည်။ပ။ အနာဂါမိဖိုလ်သည်။ပ။ အရဟတ္တဖိုလ်သည် မပြုပြင်အပ်သောသဘော'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ငါးပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် ငါးပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သာမညဖလကထာ ပြီး၏။**

------

၁။ မဂ္ဂဝီထိ၌လည်းကောင်း၊ ဖလသမာပတ္တိဝီထိ၌လည်းကောင်း အရိယမဂ်၏ အကျိုးဖြစ်သော စိတ်သည် သာမညဖလ မည်၏၊ ဤကား သကသမယ၌ ဆုံးဖြတ်ချက်တည်း၊ ပရဝါဒီဆရာတို့မူကား ထိုသို့ မယူမူ၍ ကိလေသာတို့ကို ပယ်ခြင်းသည်လည်းကောင်း၊ ဖိုလ်တို့၏ ဖြစ်ခြင်းသည်လည်းကောင်း သာမညဖလ မည်၏။ ထို့ကြောင့် သာမညဖလသည် အသင်္ခတတည်းဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသာမညဖလကထာကို ဟောတော်မူသည်။

♣

## ၁၉–ဧကူနဝီသတိမဝဂ် (၁၈၉) ၄–ပတ္တိကထာ[၁]

၈၃၇။ သကဝါဒီ။ ။ ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော၊ မှီခိုရာလော၊ ပုန်းအောင်းရာလော၊ ကိုးကွယ်ရာလော၊ လဲလျောင်းရာလော၊ မရွေ့လျောရာလော၊ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ် သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၃၈။ သကဝါဒီ။ ။ သက်န်းကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သက်န်းကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဆွမ်းကို။ပ။ ကျောင်းကို။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မရှေ့လျောရာလော၊ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သက်န်းကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'ဖြစ်၍ ဆွမ်းကို။ပ။ ကျောင်းကို။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ရခြင်းသည် မပြုပြင် အပ်သောသဘော 'အသင်္ခတ' ဖြစ်၍။ပ။ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ငါးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ငါးပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် ငါးပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၃၉။ သကဝါဒီ။ ။ ပဌမစျာန်ကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။ [ဤသို့ အလုံးစုံကို ချဲ့အပ်၏။ ] ဒုတိယစျာန်ကို။ တတိယစျာန်။ စတုတ္ထစျာန်ကို။ အာကာသနဉ္စာယတန စျာန်ကို။ ဝိညာဏဉ္စာယတနစျာန်ကို။ အာကိဉ္စညာယတနစျာန်ကို။ နေဝသညာနာသညာယတနစျာန်ကို။ သောတာပတ္တိမဂ်ကို။ သောတာပတ္တိဖိုလ်ကို။ သကဒါဂါမိမဂ်ကို။ သကဒါဂါမိဖိုလ်ကို။ အနာဂါမိမဂ်ကို။ အနာဂါမိဖိုလ်ကို။ အရဟတ္တမဂ်ကို။ အရဟတ္တဖိုလ်ကို ရခြင်းသည် မပြုပြင်အပ်သော သဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မရွေ့လျောရာလော၊ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တဖိုလ်ကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ကို ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ သောတာပတ္တိဖိုလ်ကို ရခြင်းသည် မပြုပြင်အပ်သောသဘော'အသင်္ခတ' ဖြစ်၍။ပ။ အရဟတ္တမဂ်ကို ရခြင်းသည် မပြုပြင်အပ်သောသဘော'အသင်္ခတ' ဖြစ်၍ အရဟတ္တဖိုလ်ကို ရခြင်းသည် မပြုပြင်အပ်သော သဘော'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ကိုးပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ကိုးပါးတို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မိုခိုရာတို့သည် ကိုးပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်းရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၄၀။ ပရဝါဒီ။ ။ "ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' တည်း"ဟူ၍ မဆိုသင့်ပါသလော။[၂]

သကဝါဒီ။ ။ ဩဝ် မဆိုသင့်ပါ။[၃]

ပရဝါဒီ။ ။ ရခြင်းသည် ရုပ်လော၊ ဝေဒနာလော၊ သညာလော၊ သင်္ခါရလော၊ ဝိညာဏ်လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရခြင်းသည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'တရားတည်း။

**ပတ္တိကထာ ပြီး၏။**

------

၁။ အကြင် အကြင်တရားကို ရအပ်၏၊ ထိုထိုတရား ရခြင်းသည် ပတ္တိမည်၏၊ ထိုရခြင်းသည်လည်း အသင်္ခတပင်တည်းဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤပတ္တိကထာကို ဟောတော်မူသည်။
၂။ အကြင်အယူဖြင့် ရခြင်းသည် အသင်္ခတမည်၏ဟု အောက်မေ့မှတ်ထင်၏၊ ထိုရခြင်းကို ပြလို၍ ဤပုစ္ဆာကို ပရဝါဒီက မေးသည်။
၃။ သကဝါဒီဆရာကား ပဋိက္ခေပပြုလျက် ရခြင်း၏ ရုပ်စသည် အဖြစ်ကို ဝန်မခံ၊ မှန်၏ ရခြင်းမည်သော တစ်စုံတစ်ခုသော တရား မရှိ၊ အသင်္ခတအဖြစ်ကိုမူကား ခွင့်မပြု၊ ပရဝါဒီဆရာသည် သကဝါဒီ၏ ပယ်ခြင်းမျှဖြင့် ပယ်၍ အသင်္ခတဟု မိမိအယူကို တည်စေရကား မသင့်သောအားဖြင့် တည်စေသောကြောင့် တည်စေသည် မမည်။

♣

## ၁၉–ဧကူနဝီသတိမဝဂ် (၁၉၀) ၅–တထတာကထာ[၁]

၈၄၁။ သကဝါဒီ။ ။ တရားအားလုံးတို့၏ မှန်ကန်သည်၏အဖြစ်သည် မပြုပြင်အပ်သော သဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ တရားအားလုံးတို့၏ မှန်ကန်သည်၏အဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတတို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၄၂။ သကဝါဒီ။ ။ ရုပ်၏ ရုပ်အဖြစ်သည် ရှိသည် ဖြစ်၍ ရုပ်အဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ပင်လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်၏ ရုပ်အဖြစ်သည် ရှိသည်ဖြစ်ရကား ရုပ်အဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ပင် ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သောသဘော'အသင်္ခတ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် နှစ်ပါးတို့လော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် နှစ်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာ၏ ဝေဒနာအဖြစ်သည် ရှိသည်ဖြစ်၍ ဝေဒနာအဖြစ်သည်။ပ။ သညာ၏ သညာအဖြစ်သည် ရှိသည်ဖြစ်၍ သညာအဖြစ်သည်။ပ။ သင်္ခါရတို့၏

သင်္ခါရအဖြစ်သည် ရှိသည်ဖြစ်၍ သင်္ခါရအဖြစ်သည်။ပ။ ဝိညာဏ်၏ ဝိညာဏ်အဖြစ်သည် ရှိသည်ဖြစ်၍ ဝိညာဏ်အဖြစ်သည် မပြုပြင် အပ်သောသဘော 'အသင်္ခတ'ပင်လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာန်လော။ပ။ မသေရာလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်၏ ရုပ်အဖြစ်သည် ရှိသည်ဖြစ်ရကား ရုပ်အဖြစ်သည်။ပ။ ဝိညာဏ်၏ ဝိညာဏ် အဖြစ်သည် ရှိသည်ဖြစ်ရကား ဝိညာဏ်အဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ' ဖြစ်၍ နိဗ္ဗာန်သည် မပြုပြင်အပ်သော သဘော 'အသင်္ခတ' ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မပြုပြင်အပ်သောသဘော 'အသင်္ခတ'တို့သည် ခြောက်ပါးတို့လော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှီခိုရာတို့သည် ခြောက်ပါးတို့လော။ပ။ အပေါက်အကြားသည်လည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၄၃။ ပရဝါဒီ။ ။ တရားအားလုံးတို့၏ မှန်ကန်သည်၏ အဖြစ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတ'ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ တရားအားလုံးတို့၏ မှန်ကန်သည်၏ အဖြစ်သည် ရုပ်လော၊ ဝေဒနာလော၊ သညာလော၊ သင်္ခါရတို့လော၊ ဝိညာဏ်လော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် တရားအားလုံးတို့၏ မှန်ကန်သည်၏ အဖြစ်သည် မပြုပြင်အပ်သော သဘော 'အသင်္ခတ' တည်း။

**တထတာကထာ ပြီး၏။**

------

၁။ ရုပ်အစရှိကုန်သော တရားအားလုံးတို့၏ ရုပ်စသည်တို့၏ ရုပ္ပနစသော သဘော၏ အဖြစ်သည် မှန်သည်၏အဖြစ် မည်၏၊ ထိုမှန်သည်၏ အဖြစ်သည်လည်း သင်္ခတဖြစ်သော ရုပ်စသည်တို့၌ အကျုံးမဝင်သည်၏ အဖြစ်ကြောင့် အသင်္ခတ မည်၏ဟု အယူရှိကြကုန်သော အချို့သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူ၏။

## ၁၉–ဧကူနဝီသတိမဝဂ် (၁၉၁) ၆–ကုသလကထာ[၁]

၈၄၄။ သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် ကုသိုလ်လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် အာရုံရှိပါသလော၊ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် အာရုံမရှိသည် ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ် ညွတ်မှုသည် မရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အသျှင်ပရဝါဒီ နိဗ္ဗာနဓာတ်သည် အာရုံမရှိသည် ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိခဲ့ပါလျှင် “နိဗ္ဗာနဓာတ်သည် ကုသိုလ်တည်း”ဟူ၍ မဆိုသင့်။

၈၄၅။ သကဝါဒီ။ ။ အလောဘသည် ကုသိုလ်ဖြစ်ရကား အာရုံရှိသည် ဖြစ်၍ ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် ကုသိုလ်ဖြစ်ရကား အာရုံရှိသည် ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဒေါသသည် ကုသိုလ်ဖြစ်ရကား။ပ။ အမောဟသည် ကုသိုလ်ဖြစ်ရကား။ပ။ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်ရကား အာရုံရှိသည် ဖြစ်၍ ထိုပညာအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် ကုသိုလ်ဖြစ်ရကား အာရုံရှိသည် ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည်ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။ပ။

သကဝါဒီ။ ။ အလောဘသည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်၍ ထိုအလောဘအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည်ဖြစ်၍ ထိုနိဗ္ဗာနဓာတ်အား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အဒေါသသည် ကုသိုလ်ဖြစ်ပါလျက်။ပ။ အမောဟသည် ကုသိုလ်ဖြစ်ပါလျက်။ပ။ သဒ္ဓါသည်၊ ဝီရိယသည်၊ သတိသည်၊ သမာဓိသည်။ပ။ ပညာသည် ကုသိုလ်ဖြစ်ပါလျက် အာရုံမရှိသည် ဖြစ်၍ ထိုပညာအား ဆင်ခြင်မှု။ပ။ စိတ်ညွတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၄၆။ ပရဝါဒီ။ ။ "နိဗ္ဗာနဓာတ်သည် ကုသိုလ်တည်း"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ နိဗ္ဗာနဓာတ်သည် အပြစ်မရှိသည် မဟုတ်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အသျှင်သကဝါဒီ နိဗ္ဗာနဓာတ်သည် အပြစ်မရှိခဲ့မူ "နိဗ္ဗာနဓာတ်သည် ကုသိုလ်တည်း"ဟူ၍ ဆိုသင့်၏။

**ကုသလကထာ ပြီး၏။**

------

၁။ အပြစ်ကင်းသော တရားသည်လည်း ကုသိုလ်မည်၏၊ အလိုရှိအပ်သော အကျိုးရှိသောတရားသည်လည်း ကုသိုလ် မည်၏၊ အပြစ်ကင်းသော တရားမည်သည် ကိလေသာတို့နှင့် မယှဉ်သောတရားတည်း၊ ဤနည်းသည် အကုသိုလ်တရားကို ချန်ထား၍ တရားအားလုံးတို့သို့ သက်ရောက်၏၊ အလိုရှိသော အကျိုးရှိသော တရားမည်သည် နောင်ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ အလိုရှိအပ်သော အကျိုးကို ပြီးစေသော ကုသိုလ်တည်း၊ ဤနည်းသည် ကုသလတိက်၌ အစဖြစ်သော ပုဒ်သို့သာလျှင် သက်ဝင်၏၊ ဤသို့ ခွဲခြားဝေဖန်မှုကို မယူမူ၍ အပြစ်ကင်းသည်၏ အဖြစ်မျှဖြင့်ပင် နိဗ္ဗာန်သည် ကုသိုလ်မည်၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကုသလကထာကို ဟောတော်မူသည်။

♣

## ၁၉-ဧကူနဝီသတိမဝဂ် (၁၉၂) ၇-အစ္စန္တနိယာမကထာ[၁]

၈၄၇။ သကဝါဒီ။ ။ ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အမိကို သတ်သောသူသည် စင်စစ် မြဲပါသလော၊ အဖကို သတ်သောသူသည် စင်စစ်။ပ။ ရဟန္တာကို သတ်သောသူသည်။ပ။ (ဘုရား၌) သွေးကို ဖြစ်စေသောသူသည်။ပ။ သံဃာကို ကွဲပြား စေသောသူသည် စင်စစ် မြဲပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

၈၄၈။ သကဝါဒီ။ ။ ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စင်စစ် မြဲသောပုဂ္ဂိုလ်အား ဝိစိကိစ္ဆာသည် ဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ရာပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စင်စစ် မြဲသောပုဂ္ဂိုလ်အား ဝိစိကိစ္ဆာသည် ဖြစ်ခဲ့မူ "ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ စင်စစ် မြဲသောပုဂ္ဂိုလ်အား ဝိစိကိစ္ဆာသည် မဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ရာ။

သကဝါဒီ။ ။ (စင်စစ် မြဲသောပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ (စင်စစ် မြဲသောပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်ဖြင့်။ပ။ အနာဂါမိမဂ်ဖြင့်။ပ။ အရဟတ္တမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် ပယ်ရှားအပ်ပါသနည်း။

ပရဝါဒီ။ ။ အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်မဂ်သည် (ဝဋ်မှ) ထွက်မြောက်ကြောင်းလော၊ ကိလေသာ ကုန်ကြောင်းလော၊ (သစ္စာလေးပါးကို) သိကြောင်းလော၊ အာသဝေါ မရှိပါသလော။ပ။ ညစ်ညူးမှု 'ကိလေသာ' မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အကုသိုလ်မဂ်သည် (ဝဋ်မှ) ထွက်မြောက်ကြောင်း မဟုတ်သည်။ပ။ ညစ်ညူးမှု 'ကိလေသာ' ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အကုသိုလ်မဂ်သည် (ဝဋ်မှ) ထွက်မြောက်ကြောင်း မဟုတ်သည်။ပ။ ညစ်ညူးမှု 'ကိလေသာ'ရှိသည် ဖြစ်ခဲ့မူ "စင်စစ် မြဲသောပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာကို အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်။

၈၄၉။ သကဝါဒီ။ ။ သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား ဥစ္ဆေဒဒိဋ္ဌိသည် ဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ရာပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား ဥစ္ဆေဒဒိဋ္ဌိသည် ဖြစ်ခဲ့မူ "ပုထုဇဉ် အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား ဥစ္ဆေဒဒိဋ္ဌိသည် မဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ရာ။

သကဝါဒီ။ ။ (သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်သည် ဥစ္ဆေဒဒိဋ္ဌိကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား ဥစ္ဆေဒဒိဋ္ဌိကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်ဖြင့်။ပ။ အနာဂါမိမဂ်ဖြင့်။ပ။ အရဟတ္တမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် ပယ်ရှားအပ်ပါသနည်း။

ပရဝါဒီ။ ။ အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်သည်၊ မဂ်သည်။ပ။ အရှင်ပရဝါဒီ "သဿတဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်သည် ဥစ္ဆေဒဒိဋ္ဌိကို အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်။

၈၅၀။ သကဝါဒီ။ ။ ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား သဿတဒိဋ္ဌိသည် ဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား သဿတဒိဋ္ဌိသည် ဖြစ်ခဲ့မူ "ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်အား သဿတဒိဋ္ဌိသည် မဖြစ်ရာသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိကို) ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်ဖြင့်။ပ။ အနာဂါမိမဂ်ဖြင့်။ပ။ အရဟတ္တမဂ်ဖြင့် ပယ်ရှားအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အဘယ်မဂ်ဖြင့် ပယ်ရှားအပ်ပါသနည်း။

ပရဝါဒီ။ ။ အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်ပါ၏။

သကဝါဒီ။ ။ အကုသိုလ်မဂ်သည်။ပ။ အရှင်ပရဝါဒီ "ဥစ္ဆေဒဒိဋ္ဌိဖြင့် မြဲသောပုဂ္ဂိုလ်သည် သဿတ ဒိဋ္ဌိကို အကုသိုလ်မဂ်ဖြင့် ပယ်ရှားအပ်၏"ဟူ၍ မဆိုသင့်။

၈၅၁။ ပရဝါဒီ။ ။ "ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ "ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဧကန်မည်းညစ်သော အကုသိုလ် တရားတို့နှင့် ပြည့်စုံသူ ဖြစ်၏၊ ထိုသူသည် တစ်ကြိမ် နစ်မြုပ်သော် နစ်မြုပ်တော့သည်သာလျှင် ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဝ် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိ၏။

၈၅၂။ သကဝါဒီ။ ။ "ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဧကန်မည်းညစ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူ ဖြစ်၏၊ ထိုသူသည် တစ်ကြိမ် နစ်မြုပ်သော် နစ်မြုပ်တော့သည်သာလျှင် ဖြစ်၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုထုဇဉ်အား မြဲသည်၏အဖြစ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် ရှိပါ၏။

သကဝါဒီ။ ။ အခါခပ်သိမ်း ပေါ်ပြီး၍ နစ်မြုပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဇောက်မည်းညစ်သော အကုသိုလ် တရားတို့နှင့် ပြည့်စုံသူဖြစ်၏၊ ထိုသူသည် တစ်ကြိမ် နစ်မြုပ်သော် နစ်မြုပ်တော့သည်သာလျှင် ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟု နှလုံးပြု၍ ထိုအကြောင်းကြောင့်ပင် ပုထုဇဉ်အား စင်စစ် မြဲသည်၏ အဖြစ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပေါ်၍ တည်သူ ဖြစ်၏၊ ပေါ်၍ ရှု၏၊ ကြည့်၏၊ ပေါ်၍ ကူး၏၊ ပေါ်ပြီး၍ ထောက်တည်ရာသို့ ရောက်သူ ဖြစ်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အခါခပ်သိမ်း ပေါ်၍ ထောက်တည်ရာသို့ ရောက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အစ္စန္တနိယာမကထာ ပြီး၏။**

------

၁။ 'သကိံ နိမုဂ္ဂေါ နိမုဂ္ဂေါဝ ဟောတိ' ဟူသော သုတ်ကို အမှီပြု၍ ပုထုဇဉ်၏ စင်စစ် မြဲကြောင်းဖြစ်သော တရားရှိသည်၏ အဖြစ်သည် ရှိ၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ နိယတမိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်၏လည်းကောင်း၊ မာတုဃာတက စသောပုဂ္ဂိုလ်၏လည်းကောင်း မိစ္ဆတ္တနိယာမ တူခဲ့သော် မာတုဃာတက အစရှိသောပုဂ္ဂိုလ်တို့သည် စင်စစ် မြဲကြောင်းဖြစ်သော မိစ္ဆတ္တနိယာမ တရားရှိသူတို့ ဖြစ်ရာ၏ဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။
၃။ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူသည် သံသရာ၏ သစ်ငုတ်သဖွယ်ဖြစ်၍ ဘဝတစ်ပါး၌လည်း မကောင်းသောသဘော၌ မြဲသည်သာတည်း၊ ဤမာတုဃာတကပုဂ္ဂိုလ်တို့သည်ကား တစ်ခုသောအတ္တဘော၌သာလျှင် မြဲကုန်၏ဟူသောအယူဖြင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

♣

## ၁၉–ဧကူနဝီသတိမဝဂ် (၁၉၃) ၈–ဣန္ဒြိယကထာ[၁]

၈၅၃။ သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် မရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော ဝီရိယိန္ဒြေသည်။ပ။ သတိန္ဒြေသည်။ပ။ သမာဓိန္ဒြေသည်။ပ။ ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော ဝီရိယသည်။ပ။ သတိသည်။ပ။ သမာဓိသည်။ပ။ ပညာသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော စိတ်သည် ရှိသည်ဖြစ်၍ လောကီဖြစ်သော မနိန္ဒြေသည် ရှိပါသလော။[၃]

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော စိတ်သည် ရှိသည်ဖြစ်၍ လောကီဖြစ်သော မနိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော သောမနဿသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော သောမနဿိန္ဒြေသည် ရှိပါသလော။ပ။ လောကီဖြစ်သော ဇီဝိတသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော ဇီဝိတသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော ဇီဝိတိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၈၅၄။ သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော စိတ်သည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော မနိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော စိတ်သည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော မနိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော သောမနဿသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော သောမန ဿိန္ဒြေသည် မရှိပါသလော၊ လောကီဖြစ်သော ဇီဝိတသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော ဇီဝိ တိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော စိတ်သည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော မနိန္ဒြေသည် မရှိပါသလော။ပ။ လောကီဖြစ်သော ဇီဝိတသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော ဇီဝိတိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၅၅။ သကဝါဒီ။ ။ လောကုတ္တရာဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်၍ လောကုတ္တရာဖြစ်သော သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော သဒ္ဓိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကုတ္တရာဖြစ်သော ဝီရိယသည် ရှိသည်ဖြစ်၍။ပ။ လောကုတ္တရာဖြစ်သော ပညာသည် ရှိသည်ဖြစ်၍ လောကုတ္တရာဖြစ်သော ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ လောကီဖြစ်သော ပညာသည် ရှိသည်ဖြစ်၍ လောကီဖြစ်သော ပညိန္ဒြေသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက် လောကီဖြစ်သော သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကုတ္တရာဖြစ်သော သဒ္ဓါသည် ရှိသည်ဖြစ်ပါလျက် လောကုတ္တရာဖြစ်သော သဒ္ဓိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လောကီဖြစ်သော ဝီရိယသည် ရှိသည်ပါလျက်။ပ။ လောကုတ္တရာဖြစ်သော ပညာသည် ရှိသည် ဖြစ်ပါလျက် လောကီဖြစ်သော ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကုတ္တရာဖြစ်သော ပညာသည် ရှိသည်ဖြစ်ပါလျက် လောကုတ္တရာဖြစ်သော ပညိန္ဒြေသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၅၆။ သကဝါဒီ။ ။ လောကီဖြစ်သော ဣန္ဒြေငါးပါးတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ငါဘုရားသည် ဗုဒ္ဓစက္ခုဖြင့်လောကကို ကြည့်ရှုတော်မူလတ်သော် ပညာ မျက်စိ၌ ကိလေသာမြူနည်းပါးသော သတ္တဝါတို့ကိုလည်းကောင်း၊ ပညာမျက်စိ၌ ကိလေသာမြူ များပြား သော သတ္တဝါတို့ကိုလည်းကောင်း၊ ထက်မြက်သောဣန္ဒြေရှိသော သတ္တဝါတို့ကိုလည်းကောင်း၊ နုံ့သော ဣန္ဒြေရှိသော သတ္တဝါတို့ကိုလည်းကောင်း၊ ကောင်းသောအခြင်းအရာရှိကုန် သိလွယ်ကုန်သော သတ္တဝါတို့ကိုလည်းကောင်း၊ တမလွန်လောက၌ အပြစ်ကို ဘေးဟု ရှုလျက် နေကုန်သော အချို့သတ္တဝါတို့ကို လည်းကောင်း မြင်တော်မူ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် လောကီဖြစ်သော ဣန္ဒြေငါးပါးတို့သည် ရှိကုန်၏။

**ဣန္ဒြိယကထာ ပြီး၏။**

**ဧကူနဝီသတိမဝဂ် ပြီး၏။**

------

၁။ လောကီဖြစ်သော သဒ္ဓါသည် သဒ္ဓါမျှသာ မည်၏၊ သဒ္ဓိန္ဒြေ မမည်၊ ထို့အတူ လောကီဝီရိယ သတိ သမာဓိ ပညာသည်လည်း ဝီရိယ။ပ။ ပညာမျှသာ မည်၏။ ဝီရိယိန္ဒြေ။ပ။ ပညိန္ဒြေ မမည်။ ဤသို့အယူရှိကြကုန်သော ဟေတုဝါဒ နှင့် မဟိသာသကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဣန္ဒြိယကထာကို ဟောတော်မူသည်။
၂။ လောကီဖြစ်ကုန်သော်လည်း သဒ္ဓါ အစရှိသော တရားတို့သည်သာလျှင် အစိုးရသည်၏ အဖြစ်ဟူသော သဘောဖြင့် ဣန္ဒြေ မည်ကုန်၏၊ သဒ္ဓါ စသည်တို့မှ တစ်ပါးသော သဒ္ဓိန္ဒြေစသည် မရှိ၊ ထို့ကြောင့် လောကီဖြစ်ကုန်သော်လည်း သဒ္ဓါစသော တရားတို့၏သာလျှင် သဒ္ဓိန္ဒြေ စသည်၏ အဖြစ်ကို ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။
၃။ လောကီဖြစ်ကုန်သော်လည်း မန စသောတရားတို့သည် မနိန္ဒြေ စသည် မည်ကုန်သကဲ့သို့ ဤအတူ လောကီသဒ္ဓါ စသော တရားတို့သည်လည်း သဒ္ဓိန္ဒြေ စသည် မည်ကုန်၏ဟု ဥပမာဖြင့် ဤအနက်ကို ထင်စွာ ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။

♣

## ၂၀–ဝီသတိမဝဂ် (၁၉၄) ၁–အသဉ္စိစ္စကထာ[၁]

သကဝါဒီ။ ။ စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် မဖြစ်ပါ။

သကဝါဒီ။ ။ စေတနာမရှိဘဲ သတ္တဝါကို သတ်ခဲ့သော် ပါဏာတိပါတကံထိုက်သူ ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ စေတနာမရှိဘဲ သူမပေးအပ်သော ဥစ္စာကို ခိုးယူသော်။ပ။ မုသားပြောဆိုသော် မုသာဝါဒကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စေတနာမရှိဘဲ သတ္တဝါကို သတ်ခဲ့သော် ပါဏာတိပါတကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် မဖြစ်ပါ။

သကဝါဒီ။ ။ စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ စေတနာမရှိဘဲ မပေးအပ်သော ဥစ္စာကို ခိုးယူသော်။ပ။ မုသားပြောဆိုသော် မုသာဝါဒကံထိုက်သူ မဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ မဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၅၈။ သကဝါဒီ။ ။ စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်၏"ဟူသော သုတ္တန့် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ "စေတနာနှင့်တကွ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ စေတနာနှင့်တကွ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်၏ဟူသော သုတ္တန် (ပါဠိ) ရှိခဲ့ပါမူ "စေတနာမရှိဘဲ အမိကို သတ်ခဲ့သော် အနန္တရိယကံထိုက်သူ ဖြစ်၏"ဟူ၍ မဆိုသင့်။

၈၅၉။ ပရဝါဒီ။ ။ "အမိကို သတ်သောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။[၆]

ပရဝါဒီ။ ။ အမိကို သတ်ခဲ့ပြီးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။[၇]

ပရဝါဒီ။ ။ အရှင်သကဝါဒီ အမိကို သတ်ခဲ့ပြီးဖြစ်ပါမူ ထို့ကြောင့် “အမိကို သတ်သောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ ဆိုသင့်၏။[၆]

ပရဝါဒီ။ ။ “အဖကို သတ်သောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အဖကို သတ်ခဲ့ပြီးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အဖကို သတ်ခဲ့ပြီးဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် “အဖကို သတ်သော သူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ “ရဟန္တာကို သတ်သောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရဟန္တာကို သတ်ခဲ့ပြီးသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာကို သတ်ခဲ့ပြီးဖြစ်ခဲ့ပါမူ ထိုအကြောင်းကြောင့် “ရဟန္တာကို သတ်သော သူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ ဆိုသင့်၏။

ပရဝါဒီ။ ။ “မြတ်စွာဘုရားအား သွေးကို ဖြစ်စေသောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ မြတ်စွာဘုရားအား သွေးကို ဖြစ်စေအပ်ပြီး မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ မြတ်စွာဘုရားအား သွေးကို ဖြစ်စေအပ်ပြီး ဖြစ်ခဲ့မူ ထိုအကြောင်းကြောင့် “(မြတ်စွာဘုရားအား) သွေးကို ဖြစ်စေသောသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏”ဟူ၍ ဆိုသင့်၏။

၈၆၀။ သကဝါဒီ။ ။ သံဃာကို သင်းခွဲသူသည် အနန္တရိယကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။[၇]

သကဝါဒီ။ ။ သံဃာကို သင်းခွဲသူ အားလုံးတို့ပင် အနန္တရိယကံထိုက်သူများ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၈]

သကဝါဒီ။ ။ သံဃာကို သင်းခွဲသူ အားလုံးတို့သည်ပင် အနန္တရိယကံထိုက်သူများ ဖြစ်ပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါကုန်၏။

သကဝါဒီ။ ။ ဓမ္မကံဟု မှတ်ထင်သည် ဖြစ်၍ သံဃာကို သင်းခွဲသူသည် အနန္တရိယကံထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၆၁။ သကဝါဒီ။ ။ ဓမ္မကံဟု မှတ်ထင်သည် ဖြစ်၍ သံဃာကို သင်းခွဲသူသည် အနန္တရိယကံ ထိုက်သူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ဥပါလိ အပါယ်ဘုံ၌ဖြစ်သော ငရဲ၌ဖြစ်သော တစ်ကမ္ဘာပတ်လုံး တည်သော မကုစားနိုင်သော သံဃာကို သင်းခွဲသူသည် ရှိ၏၊ ဥပါလိ အပါယ်ဘုံ၌ မဖြစ်သော ငရဲ၌ မဖြစ်သော တစ်ကမ္ဘာ ပတ်လုံး မတည်သော ကုစားနိုင်သော သံဃာကို သင်းခွဲသူသည် ရှိ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ဓမ္မကံဟု မှတ်ထင်သည် ဖြစ်၍ သံဃာကို သင်းခွဲသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏"ဟူ၍ မဆိုသင့်။

၈၆၂။ ပရဝါဒီ။ ။ "ဓမ္မကံဟု မှတ်ထင်သည် ဖြစ်၍ သံဃာကို သင်းခွဲသူသည် အနန္တရိယကံ ထိုက်သူ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။[၆]

ပရဝါဒီ။ ။ "သံဃာကို သင်းခွဲသူသည် အပါယ်ဘုံ၌ ဖြစ်၏၊ ငရဲ၌ ဖြစ်၏၊ တစ်ကမ္ဘာ ပတ်လုံး တည်၏၊ ကွဲပြားမှု အစု'ဝဂ်'၌ မွေ့လျော်၏၊ မတရား၌ တည်၏၊ ယောဂ လေးပါးတို့ကုန်ရာ (နိဗ္ဗာန်) မှ ပျက်စီး၏၊ ညီညွတ်သော သံဃာကို သင်းခွဲပြီး၍ တစ်ကမ္ဘာပတ်လုံး ငရဲ၌ ကျက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သံဃာကို သင်းခွဲသူသည် အနန္တရိယကံထိုက်သူ ဖြစ်၏။

**အသဥ္စိစ္စကထာ ပြီး၏။**

------

၁။ အနန္တရိယကံ၏ အကြောင်းဖြစ်သော ဝတ္ထုတို့သည် အလေးပြုအပ်ကုန်သည် ဝန်လေးကုန်သည်ဖြစ်ရကား စေတနာနှင့်တကွ လုံ့လမပြုသော်လည်း ထိုဝတ္ထုတို့ကို ဖျက်ဆီးအပ်ကုန်သည်ရှိသော် အနန္တရိယကံထိုက်၏ဟု အယူရှိသူ ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤအသဥ္စိစ္စကထာကို ဟောတော်မူသည်။

၂။ အနန္တရိယကံမည်သည် ကမ္မပထသို့ ရောက်သော ကံဖြစ်၏၊ စေတနာနှင့်တကွ လုံ့လမပြုဘဲ ကမ္မပထပျက်ခြင်း ဖြစ်ခဲ့မူ အနန္တရိယကံမှ ကြွင်းသော ပါဏာတိပါတကံ စသောကံတို့သည်

စေတနာနှင့်တကွ လုံ့လမပြုဘဲ ဖြစ်ကြကုန်ရာ၏ဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။

၃။ ထိုသို့သဘောရှိသော အယူ မရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ အနာရောဂါကို ဆေးကုရာ စသောအခါ၌ စေတနာနှင့်တကွ လုံ့လမပြုဘဲ သေစေမှုကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

၅။ စေတနာနှင့်တကွ လုံ့လမပြုဘဲ ဇီဝိတိန္ဒြေမှ ချသည်၏ အဖြစ်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

၆။ ဤသို့သော အဓိပ္ပါယ်ကို မယူမူ၍ မိမိဝါဒကို တည်စေခြင်းသည် မသင့်သောအားဖြင့် တည်စေသည်၏အဖြစ်ကြောင့် တည်စေကြောင်း မဟုတ်သည်သာတည်း။

၇။ "သံဃံ သမဂ္ဂံ ဘေတွာန ကပ္ပံ နိရယမှိ ပစ္စတိ"ဟူသော စကားကို မသင့်သော အကြောင်းအားဖြင့်ယူ၍ ပရဝါဒီက ဝန်ခံသည်။

၈။ ဓမ္မကံဟု အမှတ်ရှိသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုသည်။

၉။ ဓမ္မကံဟု အမှတ်ရှိသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

♣

## ၂၀-ဝီသတိမဝဂ် (၁၉၅) ၂-ဉာဏကထာ

၈၆၃။ သကဝါဒီ။ ။ ပုထုဇဉ်အား အသိ 'ဉာဏ်'သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ ပုထုဇဉ်အား ပညာသည်၊ အပြားအားဖြင့် သိခြင်းသည်၊ စိစစ်ခြင်းသည်၊ အပြား အားဖြင့် စိစစ်ခြင်းသည်၊ တရားတို့ကို စိစစ်ခြင်း 'ဓမ္မဝိစယ'သည်၊ ကောင်းစွာ မှတ်ခြင်းသည်၊ ကပ်၍ မှတ်ခြင်းသည်၊ ရှေးရှုကပ်၍ မှတ်ခြင်းသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ပုထုဇဉ်အား ပညာသည်၊ အပြားအားဖြင့် သိခြင်းသည်။ပ။ ရှေးရှုကပ်၍ မှတ်ခြင်းသည် ရှိသည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပုထုဇဉ်အား ပညာသည်၊ အပြားအားဖြင့် သိခြင်းသည်၊ စိစစ်ခြင်းသည်။ပ။ ရှေးရှုကပ်၍ မှတ်ခြင်းသည် ရှိခဲ့မူ "ပုထုဇဉ်အား အသိ 'ဉာဏ်' မရှိ"ဟု မဆိုသင့်။

၈၆၄။ သကဝါဒီ။ ။ ပုထုဇဉ်အား အသိ 'ဉာဏ်'သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ပုထုဇဉ်သည် ပဌမဈာန်ကို ဝင်စားရာသလော။

ပရဝါဒီ။ ။ ဩော် ဝင်စားရာ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပုထုဇဉ်သည် ပဌမစျာန်ကို ဝင်စားနိုင်ခဲ့ပါမူ "ပုထုဇဉ်အား အသိ 'ဉာဏ်' မရှိ"ဟု မဆိုသင့်။

သကဝါဒီ။ ။ ပုထုဇဉ်သည် ဒုတိယစျာန်ကို။ပ။ တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို။ပ။ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားရာသလော။ ဝိညာဏဉ္စာယတနစျာန်ကို။ပ။ အာကိဉ္စညာယတန စျာန်ကို။ပ။ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရာသလော။ ပုထုဇဉ်သည် အလှူကို ပေးလှူရာသလော။ပ။ သင်္ကန်းကို ပေးလှူရာသလော။ပ။ ဆွမ်းကို ပေးလှူရာသလော။ ကျောင်းကို ပေးလှူရာသလော။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူရာသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ပုထုဇဉ်သည် သူနာ၏အထောက်အပံ့ အသက်၏အရံအတားဖြစ်သော ဆေးကို ပေးလှူခဲ့မူ "ပုထုဇဉ်အား အသိ 'ဉာဏ်' မရှိ"ဟု မဆိုသင့်။

၈၆၅။ ပရဝါဒီ။ ။ ပုထုဇဉ်အား အသိ 'ဉာဏ်'သည် ရှိပါသလော။

သကဝါဒီ။ ။ ဩော် ရှိပါ၏။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ထိုအသိ 'ဉာဏ်'ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား သိနိုင်ပါသလော၊ သမုဒယ သစ္စာကို ပယ်စွန့်နိုင်ပါသလော၊ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ပါသလော၊ မဂ္ဂသစ္စာကို ပွါးများစေ နိုင်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဉာဏကထာ ပြီး၏။**

------

၁။ ဉာဏ်သည် လောကီဉာဏ် လောကုတ္တရာဉာဏ်ဟု နှစ်မျိုးရှိ၏၊ သမာပတ္တိဉာဏ်သည် လည်းကောင်း၊ ဒါန စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ကမ္မဿကတာဉာဏ်သည် လည်းကောင်း လောကီဉာဏ် မည်၏။ သစ္စာလေးပါးကို ပိုင်းခြားတတ်သော မဂ်ဉာဏ်သည် လည်းကောင်း၊ ဖိုလ်ဉာဏ်သည်လည်းကောင်း လောကုတ္တရာဉာဏ် မည်၏။ ဤသို့ ဝေဖန်ခြင်းကို မပြုမူ၍ သစ္စာလေးပါးကို ပိုင်းခြားတတ်သော ဉာဏ်သည်သာ ဉာဏ်မည်၏၊ ထိုမှ တစ်ပါးသော သမာပတ္တိဉာဏ် ကမ္မဿကတာဉာဏ်သည် ဉာဏ်မမည်၊ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်အား ဉာဏ်မရှိ၊ ဤသို့ အယူရှိကြ ကုန်သော ဟေတုဝါဒရှိသူ ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

## ၂၀-ဝိသတိမဝဂ် (၁၉၆) ၃-နိရယပါလကထာ[၁]

၈၆၆။ သကဝါဒီ။ ။ ငရဲဘုံတို့၌ ငရဲထိန်းတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ငရဲဘုံတို့၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ငရဲဘုံတို့၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ ငရဲဘုံ၌ ငရဲထိန်းတို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ လူတို့ ၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် ရှိကုန်သည် ဖြစ်၍ ညှဉ်းပန်း နှိပ်စက်သူ 'ကာရဏိက'တို့သည်လည်း ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ငရဲဘုံတို့၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် ရှိကုန်သည်ဖြစ်၍ ညှဉ်းပန်းနှိပ်စက်သူ 'ကာရဏိက'တို့လည်း ရှိပါကုန်သလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ငရဲဘုံတို့၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် ရှိကုန်သည်ဖြစ်၍ ညှဉ်းပန်းနှိပ်စက်သူ 'ကာရဏိက'တို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ လူတို့ ၌ ညှဉ်းပန်းနှိပ်စက်မှု 'ကမ္မကာရဏ'တို့သည် ရှိကုန်သည် ဖြစ်၍ ညှဉ်းပန်း နှိပ်စက်သူ 'ကာရဏိက'တို့လည်း မရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၆၇။ ပရဝါဒီ။ ။ ငရဲတို့ ၌ ငရဲထိန်းတို့သည် ရှိပါကုန်သလော။

သကဝါဒီ။ ။ သြော် ရှိပါကုန်၏။

ပရဝါဒီ။ ။ "ဤလူ့ဘုံမှ စုတေလျက် တမလွန်လောကသို့ ရောက်သူကို ဝေဿဘူ ငရဲမင်းသည်လည်း မညှဉ်းဆဲ မနှိပ်စက်နိုင်၊ ပြိတ္တာတို့၏ မင်းဖြစ်သော ငရဲမင်းသည်လည်းကောင်း၊ သောမနတ်မင်းသည်လည်းကောင်း၊ ယမနတ်မင်းသည်လည်းကောင်း၊ ဝေဿဝဏ်နတ်မင်းသည်လည်းကောင်း မညှဉ်းဆဲ မနှိပ်စက်ကုန်။ ထိုတမလွန်လောက (ငရဲဘုံ) ၌ မိမိကံတို့သည်ပင် (မိမိကို) ညှဉ်းပန်း နှိပ်စက်ကုန်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ငရဲဘုံတို့၌ ငရဲထိန်းတို့သည် မရှိကုန်။

၈၆၈။ သကဝါဒီ။ ။ ငရဲဘုံတို့၌ ငရဲထိန်းတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း မည်သော ညှဥ်းပန်းနှိပ်စက်မှုကို ပြုကုန်၏၊ ရဲရဲညီသော သံငုတ်ကို လက် (ဖဝါး) ၌ ရိုက်နှက်ကုန်၏၊ ရဲရဲညီသော သံငုတ်ကို ဒုတိယလက် (ဖဝါး) ၌ ရိုက်နှက်ကုန်၏၊ ရဲရဲညီသော သံငုတ်ကို ခြေ (ဖဝါး) ၌ ရိုက်နှက်ကုန်၏၊ ရဲရဲညီသော သံငုတ်ကို ဒုတိယခြေ (ဖဝါး) ၌ ရိုက်နှက်ကုန်၏၊ ရဲရဲညီသော သံငုတ်ကို အလယ်ရင်ချိုင့်၌ ရိုက်သွင်းကုန်၏၊ ထိုငရဲသားသည် ထိုငရဲဘုံ၌ ထက်မြက်ကုန် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏၊ အကြင်မျှလောက် ကာလပတ်လုံး ထိုမကောင်းမှုကံသည် ကင်းပျောက်ခြင်း မဖြစ်သေး၊ ထိုမျှလောက် ကာလပတ်လုံး မသေနိုင်သေးချေ" ဤသို့လျှင် မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ငရဲဘုံတို့၌ ငရဲထိန်းတို့သည် ရှိကုန်၏။

သကဝါဒီ။ ။ ငရဲဘုံတို့၌ ငရဲထိန်းတို့သည် မရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် အိပ်စေကုန်၍ ဓားမတို့ဖြင့် ရွေကုန်၏။ပ။ ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ခြေကားမိုးမြော် ဦးခေါင်းစောက်ထိုး ထားကုန် လျက် ပဲခွပ်တို့ဖြင့် ရွေကုန်၏။ပ။ ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ရထား၌ တပ်ကုန်၍ ရဲရဲညီ သော အလျှံတပြောင်ပြောင် တောက်လောင်သော မီးအရှိန်အဝါနှင့် တကွ ဖြစ်၍ဖြစ်သော မြေပေါ်၌ (ရှေ့သို့) သွားစေလည်း သွားစေကုန်၏၊ နောက်သို့ ဆုတ်စေလည်း ဆုတ်စေကုန်၏။ပ။ ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ရဲရဲညီသော အလျှံတပြောင်ပြောင် တောက်လောင်သော မီးအရှိန်အဝါနှင့် တကွ ဖြစ်၍ဖြစ်သော ကြီးစွာသော မီးကျီးတောင်သို့ တက်လည်း တက်စေကြကုန်၏၊ ဆင်းလည်း ဆင်းစေကြကုန်၏။ပ။ ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ခြေထောက်မိုးမြော် ဦးခေါင်း စောက်ထိုး ကိုင်ကုန်၍ ရဲရဲညီပူလောင်သော ရဲရဲညီသော အလျှံတပြောင်ပြောင် တောက်လောင်သော မီးအရှိန်အဝါနှင့်တကွ ဖြစ်၍ဖြစ်သော ကြေးအိုး၌ ထည့်ကြကုန်၏၊ ထိုငရဲသားသည် ထိုငရဲ၌ အမြှုပ်တို့ ဖြင့် လိမ်းကျံလျက် ကျက်ရ၏၊ ထိုငရဲသားသည် ထိုငရဲ၌ အမြှုပ်တို့ ဖြင့် လိမ်းကျံလျက် ကျက်လတ်သော် တစ်ကြိမ်တစ်ခါလည်း အထက်သို့ ပေါ်တက်၏၊ တစ်ကြိမ်တစ်ခါလည်း အောက်သို့ ကျသွား၏၊ တစ်ကြိမ်တစ်ခါလည်း ဖီလာသွား၏၊ ထိုငရဲသားသည် ထိုငရဲ၌ ထက်မြက်စပ်ရှားသော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏၊ အကြင်မျှလောက် ထိုမကောင်းမှုကံသည် ကုန်ဆုံးခြင်း မဖြစ်သေး၊ ထိုမကောင်းမှုကံ မကုန် သေးသမျှ မသေနိုင်သေးချေ။ ရဟန်းတို့ ထိုငရဲသားကို ငရဲထိန်းတို့သည် ငရဲကြီး၌ ပစ်ချကုန်၏၊ ရဟန်းတို့ ထိုငရဲကြီးသည်ကား– "လေးထောင့်ရှိ၏၊ တံခါးလေးပေါက်ရှိ၏၊ အဖို့အစုအားဖြင့် ဝေဖန်အပ်၏၊ နှိုင်းယှဉ်အပ်၏၊ သံတံတိုင်းလျှင် အဆုံးအပိုင်းအခြားရှိ၏၊ သံဖြင့် မှောက်ထား အပ်၏၊ ထိုငရဲကြီး၏ သံမြေသည် တောက်ပ၏၊ မီးတောက်မီးလျှံနှင့် ယှဉ်၏၊ ထက်ဝန်းကျင်မှ ယူဇနာတစ်ရာတိုင်တိုင် ပျံ့နှံ့၍ အခါခပ်သိမ်းတည်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် ငရဲဘုံတို့၌ ငရဲထိန်းတို့သည် ရှိကုန်၏။

**နိရယပါလကထာ ပြီး၏။**

------

၁။ ငရဲ၌ ငရဲသူသတ္တဝါတို့၏ ကံတို့ကသာလျှင် ငရဲထိန်းအသွင်ဖြင့် ငရဲသူသတ္တဝါတို့ကို သတ်ကြကုန်၏၊ ငရဲထိန်းမည်သော သတ္တဝါတို့သည် မရှိကုန်၊ ဤသို့ အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ငရဲ၌ ငရဲထိန်းတို့ မရှိကုန်မူ ကမ္မကာရဏတို့သည်လည်း မရှိကုန်ရာဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၂၀–ဝီသတိမဝဂ် (၁၉၇) ၄–တိရစ္ဆာနကထာ[၁]

၈၆၉။ သကဝါဒီ။ ။ နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩေ် ရှိပါကုန်၏။

သကဝါဒီ။ ။ တိရစ္ဆာန်ဘုံတို့၌ နတ်တို့သည် ရှိပါကုန်သလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩေ် ရှိပါကုန်၏။

သကဝါဒီ။ ။ နတ်လောကသည် တိရစ္ဆာန်ဘုံ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩေ် ရှိပါကုန်၏။

သကဝါဒီ။ ။ ထိုနတ်ဘုံတို့ ၌ ပေါက်ဖတ်တို့သည်၊ နံကောင်တို့သည်၊ ခြင်တို့သည်၊ ယင်တို့သည်၊ မြွေတို့သည်၊ ကင်းမြီးကောက်တို့သည်၊ ကင်းခြေများတို့သည်၊ တီကောင်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၇၀။ ပရဝါဒီ။ ။ နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် မရှိပါကုန်သလော။

သကဝါဒီ။ ။ ဩေ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ထိုနတ်ဘုံ၌ ဧရာဝဏ်မည်သော ဆင်မင်းသည် ရှိသည်မဟုတ်ပါလော၊ (သိန္ဓောမြင်း) တစ်ထောင် ကသော နတ်၌ဖြစ်သော ယာဉ်သည် ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩေ် ရှိပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ထိုနတ်ဘုံ၌ ဇရာဝဏ်မည်သော ဆင်မင်းသည် ရှိခဲ့မူ (သိန္ဓောမြင်း) တစ်ထောင် ကသော နတ်၌ဖြစ်သော ယာဉ်သည် ရှိခဲ့မူ ထို့ကြောင့် "နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် ရှိကုန်၏"ဟု ဆိုသင့်၏။

၈၇၁။ သကဝါဒီ။ ။ နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါကုန်၏။

သကဝါဒီ။ ။ ထိုနတ်ဘုံတို့ ၌ ဆင်ကို ဖွဲ့ချည်သူတို့သည်၊ မြင်းကို ဖွဲ့ချည်သူတို့သည်၊ (ဆင်မြင်းကို) အစာကျွေးသူတို့သည်၊ (ဆင်မြင်းကို) ဆုံးမသူ ဆင်ထိန်း မြင်းထိန်းတို့သည်၊ (ဆင်မြင်း၏) အစာကို ပြုလုပ်သူတို့သည် ရှိပါကုန်သလော။[2]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ ထို့ကြောင့်ပင် နတ်ဘုံတို့၌ တိရစ္ဆာန်တို့သည် မရှိကုန်။

**တိရစ္ဆာနကထာ ပြီး၏။**

------

၁။ နတ်ပြည်လောက၌ ဇရာဝဏ်စသော နတ်သားတို့သည် ဆင်၏ ပုံသဏ္ဌာန် မြင်း၏ ပုံသဏ္ဌာန်တို့ကို ဖန်ဆင်းကြကုန်၏၊ ထိုနတ်ပြည်လောက၌ တိရစ္ဆာန်တို့ မရှိကုန်၊ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကား တိရစ္ဆာန် အသွင်အပြင် ရှိကုန်သော နတ်သားတို့ကို မြင်၍ နတ်ပြည်လောကတို့၌ တိရစ္ဆာန်တို့ ရှိကုန်၏ဟု အယူရှိကြကုန်၏၊ ထိုဆရာတို့ကို ရည်ရွယ်၍ ဤတိရစ္ဆာနကထာကို ဟောတော်မူသည်။
၂။ နတ်ပြည်လောက၌ တိရစ္ဆာန်တို့ ရှိကြကုန်မူ တိရစ္ဆာန်လောက၌လည်း နတ်တို့ ရှိကုန်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။
၃။ နတ်ပြည်လောက၌ ဆင်စသည်တို့ ရှိကြကုန်မူ ဆင်ထိန်း စသည်တို့သည်လည်း ရှိကြကုန်ရာ၏ဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။

♣

## ၂၀-ဝီသတိမဝဂ် (၁၉၈) ၅-မဂ္ဂကထာ[1]

၈၇၂။ သကဝါဒီ။ ။ မဂ်သည် အင်္ဂါငါးပါး ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မဂ်သည် သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟူသော အင်္ဂါရှစ်ပါးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မဂ်သည် သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟူသော အင်္ဂါရှစ်ပါးရှိ၏ဟု မြတ်စွာဘုရား ဟောတော်မူအပ်ခဲ့ပါလျှင် "မဂ်သည် အင်္ဂါငါးပါးရှိ၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ မဂ်သည် အင်္ဂါငါးပါး ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်သည် မြတ်၏၊ သစ္စာတို့တွင် လေးပဒရှိသော သစ္စာတို့သည် မြတ်ကုန်၏၊ တရားတို့တွင် တပ်ခြင်း ကင်းသော (နိဗ္ဗာန်) တရားသည် မြတ်၏၊ အခြေနှစ်ချောင်းရှိသော လူတို့တွင် စက္ခုငါးပါး ရှိသော မြတ်စွာဘုရားသည် မြတ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် မဂ်သည် အင်္ဂါရှစ်ပါးရှိ၏။

၈၇၃။ သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ္ဂင်ဖြစ်ပါလျက် ထိုသမ္မာဝါစာသည်လည်း မဂ်မဟုတ်ပါသလော။[၂]

ပရဝါဒီ။ ။ သြော် မှန်ပါ၏။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်ဖြစ်ပါလျက် ထိုသမ္မာဒိဋ္ဌိသည်လည်း မဂ်မဟုတ်ပါသလော။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ္ဂင်ဖြစ်ပါလျက် ထိုသမ္မာဝါစာသည်လည်း မဂ်မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မှန်ပါ၏။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည့်မဂ္ဂင် ဖြစ်ပါလျက် ထိုသမ္မာသမာဓိသည်လည်း မဂ်မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ္ဂင်ဖြစ်၍ ထိုသမ္မာအာဇီဝသည်လည်း မဂ်မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် မှန်ပါ၏။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည်။ပ။ သမ္မာသမာဓိသည် မဂ္ဂင်ဖြစ်ပါလျက် ထိုသမ္မာသမာဓိသည်လည်း မဂ်မဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်ဖြစ်၍ ထိုသမ္မာဒိဋ္ဌိသည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည် မဂ္ဂင်ဖြစ်၍ ထိုသမ္မာဝါစာသည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်ဖြစ်၍ ထိုသမ္မာဒိဋ္ဌိသည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ္ဂင်ဖြစ်၍ ထိုသမ္မာအာဇီဝသည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မာသင်္ကပ္ပသည်။ပ။ သမ္မာဝါယာမသည်။ပ။ သမ္မာသတိသည်။ပ။ သမ္မာသမာဓိသည် မဂ္ဂင် ဖြစ်၍ ထိုသမ္မာသမာဓိသည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သမ္မာဝါစာသည်။ပ။ သမ္မာကမ္မန္တသည်။ပ။ သမ္မာအာဇီဝသည် မဂ္ဂင်ဖြစ်၍ ထို (သမ္မာ အာဇီဝ) သည်လည်း မဂ်ဟုတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

၈၇၄။ ပရဝါဒီ။ ။ အရိယမဂ်သည် အင်္ဂါရှစ်ပါး ရှိပါသလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ "ရှေးဦးကပင် ထိုပုဂ္ဂိုလ်၏ ကာယကံသည်လည်းကောင်း၊ ဝစီကံသည်လည်းကောင်း၊ အာဇီဝသည်လည်းကောင်း အလွန် သန့်ရှင်းစင်ကြယ်သည် ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ အင်္ဂါရှစ်ပါးသော ဤအရိယမဂ်သည် ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် မဂ်သည် အင်္ဂါရှစ်ပါးရှိ၏။

၈၇၅။ သကဝါဒီ။ ။ မဂ်သည် အင်္ဂါငါးပါးရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "သုဘဒ္ဒ အကြင်ဓမ္မဝိနယသာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို မရအပ်၊ ထိုမဂ်ကို မရအပ်ရာ ဓမ္မဝိနယသာသနာ၌ (ပဌမ) သောတာပန်ရဟန်းကိုလည်း မရအပ်၊ ထိုမဂ်ကို မရသော ဓမ္မဝိနယသာသနာ၌ ဒုတိယ (သကဒါဂါမ်) ရဟန်းကိုလည်း မရအပ်၊ ထိုမဂ်ကို မရသော ဓမ္မဝိနယ သာသနာ၌ တတိယ (အနာဂါမ်) ရဟန်းကိုလည်း မရအပ်၊ ထိုမဂ်ကို မရသော ဓမ္မဝိနယသာသနာ၌ စတုတ္ထ (ရဟန္တာ) ရဟန်းကိုလည်း မရအပ်ချေ။

သုဘဒ္ဒ အကြင်ဓမ္မဝိနယသာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ရအပ်၏၊ ထိုဓမ္မဝိနယ သာသနာ၌ ပဌမ (သောတာပန်) ရဟန်းကိုလည်း ရအပ်၏။ပ။ ဒုတိယ (သကဒါဂါမ်)။ပ။ တတိယ (အနာဂါမ်)။ပ။ ထိုဓမ္မဝိနယ သာသနာ၌ စတုတ္ထ (ရဟန္တာ) ရဟန်းကိုလည်း ရအပ်၏။

သုဘဒ္ဒ ဤဓမ္မဝိနယသာသနာ၌သာလျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ရအပ်၏၊ သုဘဒ္ဒ ဤသာနာတော်၌သာလျှင် ပဌမ (သောတာပန်) ရဟန်းကို။ ဤသာသနာတော်၌သာလျှင် ဒုတိယ (သကဒါဂါမ်) ရဟန်းကို။ ဤသာသနာတော်၌သာလျှင် တတိယ (အနာဂါမ်) ရဟန်းကို။ ဤသာသနာတော်၌သာလျှင် စတုတ္ထ (ရဟန္တာ) ရဟန်းကို ရအပ်၏၊ (ငါဘုရား၏ သာသနာမှ) တစ်ပါး အခြားသော အယူဝါဒတို့သည် (သစ္စာလေးပါးကို) သိကုန်သော ရဟန်းလေးမျိုးတို့မှ ကင်းဆိတ်ကုန်၏”ဟူ၍ မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဪ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် မဂ်သည် အင်္ဂါရှစ်ပါးရှိ၏။

**မဂ္ဂကထာ ပြီး၏။**

------

၁။ “ပုဗ္ဗေ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ”ဟူသော ဤသုတ်ကိုလည်းကောင်း သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့၏ စိတ်နှင့် မယှဉ်သည်၏အဖြစ်ကိုလည်းကောင်း အမှီပြု၍ မုချအားဖြင့် မဂ်သည် အင်္ဂါငါးပါးသာ ရှိ၏ဟု အယူရှိကြကုန်သော မဟိသာသကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤမဂ္ဂကထာကို ဟောတော်မူသည်။
၂။ ဤပုစ္ဆာကို ပရသမယ၏ အစွမ်းအားဖြင့် မေးသည်၊ ပရသမယ၌ သမ္မာဝါစာ စသည်တို့သည် မဂ်ဟူ၍ လာကုန်၏၊ ရုပ်ဖြစ်သောကြောင့် မဂ်မဟုတ်ဟု ဖွင့်ဆိုကြ၏။
၃။ မဂ္ဂင်မည်သော တရား၏ မဂ် မမည်သည်၏အဖြစ် မရှိသည်ကို ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။

♣

## ၂၀–ဝီသတိမဝဂ် (၁၉၉) ၆–ဉာဏကထာ[၁]

၈၇၆။ သကဝါဒီ။ ။ တစ်ဆယ့်နှစ်ပါးသော တည်ရာရှိသော ဉာဏ်သည် လောကုတ္တရာလော။

ပရဝါဒီ။ ။ ဩဪ် ဟုတ်ပါ၏။

သကဝါဒီ။ ။ လောကုတ္တရာ အသိဉာဏ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ လောကုတ္တရာ အသိဉာဏ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩဪ် ဟုတ်ပါ၏။[၄]

သကဝါဒီ။ ။ သောတာပတ္တိမဂ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သောတာပတ္တိမဂ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ သောတာပတ္တိဖိုလ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သကဒါဂါမိမဂ်တို့သည်။ပ။ အနာဂါမိမဂ်တို့သည်။ပ။ အရဟတ္တမဂ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အရဟတ္တမဂ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရဟတ္တဖိုလ်တို့သည် တစ်ဆယ့်နှစ်ပါးတို့လော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၇၇။ ပရဝါဒီ။ ။ "တစ်ဆယ့်နှစ်ပါးသော တည်ရာရှိသော အသိဉာဏ်သည် လောကုတ္တရာ တည်း"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရဟန်းတို့ "ဤတရားသည် ဒုက္ခဖြစ်သော အရိယသစ္စာတည်း"ဟု ငါဘုရားအား ရှေး၌ မကြားဖူးသေးသော (သစ္စာ) တရားတို့၌ (ပညာ) မျက်စိသည် ဖြစ်ပြီ၊ အသိ (ဉာဏ်) သည် ဖြစ်ပြီ၊ အပြားအားဖြင့် သိမှု 'ပညာ'သည် ဖြစ်ပြီ၊ ထိုးထွင်း၍ သိအပ်သော ဉာဏ် (ဝိဇ္ဇာ) သည် ဖြစ်ပြီ၊ (ပညာ) အရောင်အလင်းသည် ဖြစ်ပြီ၊ ရဟန်းတို့ ထိုဒုက္ခဖြစ်သော အရိယသစ္စာကို ပိုင်းခြား၍ သိအပ်၏"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ပိုင်းခြား၍ သိအပ်ပြီ"ဟု ငါဘုရားအား။ပ။

ရဟန်းတို့ "ဤတရားသည် ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာတည်း"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ထိုဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို ပယ်အပ်၏"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ပယ်အပ်ပြီ" ဤသို့ ငါဘုရားအား။ပ။

ရဟန်းတို့ "ဤတရားသည် ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာတည်း"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ထိုဒုက္ခ၏ချုပ်ရာ အရိယသစ္စာကို မျက်မှောက်ပြုအပ်၏"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "မျက်မှောက်ပြုအပ်ပြီ"ဟု ငါဘုရားအား။ပ။

ရဟန်းတို့ "ဤတရားသည် ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းဖြစ်သော အရိယ သစ္စာတည်း"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ထိုဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို ပွါးစေအပ်၏"ဟု ငါဘုရားအား။ပ။ ရဟန်းတို့ "ပွါးစေအပ်ပြီ" ဤသို့ ငါဘုရားအား ရှေး၌ မကြားဖူးသေးသော (သစ္စာ) တရားတို့၌ (ပညာ) မျက်စိသည် ဖြစ်ခဲ့ပြီ။ပ။ ပညာအရောင်အလင်းသည် "ဖြစ်ခဲ့ပြီ"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။[၁]

သကဝါဒီ။ ။ သြော် ရှိပါ၏။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် တစ်ဆယ့်နှစ်ပါးသော တည်ရာရှိသော အသိ 'ဉာဏ်' သည် လောကုတ္တရာတည်း။

**ဉာဏကထာ ပြီး၏။**

**ဝီသတိမဝဂ် ပြီး၏။**

**စတုတ္ထပဏ္ဏာသက ပြီး၏။**

------

၁။ ဓမ္မစက္ကပဝတ္တနသုတ်၌ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော ဉာဏ်ကို ရည်ရွယ်၍ တစ်ဆယ့်နှစ်ပါးသော တည်ရာရှိသော ဉာဏ်သည် လောကုတ္တရာမည်၏ဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဉာဏကထာကို ဟောတော်မူသည်။

၂။ ထို လောကုတ္တရာအသိဉာဏ်သည် တစ်ဆယ့်နှစ်ပါးသောတည်ရာ ရှိခဲ့မူ မဂ်ဉာဏ်တို့သည် တစ်ဆယ့်နှစ်ပါးတို့ ဖြစ်ရာ၏ဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။

၃။ မဂ်တစ်ခုတည်းအဖြစ်ကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ တစ်ဖန်နောက်ထပ် မေးမြန်းလတ်သော် တစ်ခုတစ်ခုသောသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့၏ အစွမ်းအားဖြင့် ဉာဏ်တို့၏ ထူးသည်၏ အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

၅။ ပရဝါဒီ ပြသောသုတ်သည် ရှေ့အဖို့ နောက်အဖို့၌ ဖြစ်သော ဉာဏ်တို့နှင့်တကွ ဉာဏ်တို့၏ ထူးသည်၏ အဖြစ်ကိုသာ ပြသည်၊ အရိယမဂ်၏ တစ်ဆယ့်နှစ်ပါးသော ဉာဏ်ရှိသည်၏ အဖြစ်ကို မပြရကား သာဓက မထိုက်။

♣

## ၂၁–ဧကဝီသတိမဝဂ် (၂၀၀) ၁–သာသနကထာ[၁]

၈၇၈။ သကဝါဒီ။ ။ သာသနာကို အသစ်ပြုလုပ်အပ်ပါသလော။[၂]

ပရဝါဒီ။ ။ သြော် ပြုလုပ်အပ်ပါ၏။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့ကို အသစ်ပြုလုပ်အပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သာသနာကို အသစ်ပြုလုပ်အပ်ပါသလော။

ပရဝါဒီ။ ။ သြော် ပြုလုပ်အပ်ပါ၏။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့ကို။ပ။ ဣဒ္ဓိပါဒ်တို့ကို။ပ။ ဣန္ဒြေတို့ကို။ပ။ ဗိုလ်တို့ကို။ပ။ ဗောဇ္ဈင်တို့ကို အသစ်ပြုလုပ်အပ်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ ဖြစ်သော အကုသိုလ်ကို နောက်၌ ကုသိုလ်ဖြစ်အောင် ပြုလုပ်အပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ (ဖြစ်သော) အာသဝေါတို့၏ အာရုံဖြစ်သော တရားကို။ပ။ သံယောဇဉ်တို့၏ အာရုံဖြစ်သော တရားကို။ပ။ ဂန္ထတို့၏ အာရုံဖြစ်သော တရားကို။ပ။ သြဃတို့၏ အာရုံဖြစ်သော တရားကို။ပ။ ယောဂတို့၏ အာရုံဖြစ်သော တရားကို။ပ။ နီဝရဏတို့၏ အာရုံဖြစ်သော တရားကို။ပ။ ပရာမာသတို့၏ အာရုံဖြစ်သော တရားကို။ပ။ ဥပါဒါန်တို့၏ အာရုံဖြစ်သော တရားကို။ပ။ ကိလေသာတို့၏ အာရုံဖြစ်သော တရားကို နောက်၌ ကိလေသာတို့၏ အာရုံမဟုတ်သည်ကို ပြုအပ်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ သာသနာတော်ကို အသစ်ပြုလုပ်သော အချို့သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့ကို အသစ်ပြုလုပ်သော အချို့သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့ကို။ပ။ ဣဒ္ဓိပါဒ်တို့ကို။ပ။ ဣန္ဒြေတို့ကို။ပ။ ဗိုလ်တို့ကို။ပ။ ဗောဇ္ဈင်တို့ကို အသစ်ပြုလုပ်သော အချို့သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ (ဖြစ်သော) အကုသိုလ်ကို နောက်၌ ကုသိုလ်ဖြစ်အောင် ပြုလုပ်သော အချို့ သော ပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ (ဖြစ်သော) အာသဝေါတို့၏ အာရုံဖြစ်သော တရားကို။ပ။ ကိလေသာတို့၏ အာရုံဖြစ်သော တရားကို နောက်၌ ကိလေသာတို့၏ အာရုံမဟုတ်သည်တို့ကို ပြုလုပ်သော အချို့သောပုဂ္ဂိုလ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရား၏ သာသနာတော်ကို တစ်ဖန် အသစ်ပြုလုပ်ခြင်းငှါ ရနိုင်ကောင်းပါသလော။

ပရဝါဒီ။ ။ သြော် ရအပ်ပါ၏။

သကဝါဒီ။ ။ သတိပဋ္ဌာန်တို့ကို တစ်ဖန် အသစ်ပြုလုပ်ခြင်းငှါ ရနိုင်ကောင်းပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်တို့ကို။ပ။ ဣဒ္ဓိပါဒ်တို့ကို။ ဣန္ဒြေတို့ကို။ပ။ ဗိုလ်တို့ကို။ပ။ ဗောဇ္ဈင်တို့ကို တစ်ဖန် အသစ်ပြုလုပ်ခြင်းငှါ ရနိုင်ကောင်းပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ (ဖြစ်သော) အကုသိုလ်ကို နောက်၌ ကုသိုလ်ဖြစ်အောင် ပြုလုပ်ခြင်းငှါ ရနိုင် ကောင်းပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရှေး၌ (ဖြစ်သော) အာသဝတို့၏ အာရုံဖြစ်သော တရားကို။ပ။ ကိလေသာတို့၏ အာရုံဖြစ်သော တရားကို နောက်၌ ကိလေသာတို့၏ အာရုံမဟုတ်သည်ကို ပြုလုပ်ခြင်းငှါ ရနိုင်ကောင်း ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သာသနကထာ ပြီး၏။**

------

၁။ သံဂါယနာသုံးတန်တို့ကို ရည်ရွယ်၍ သာသနာတော်ကို အသစ်ပြုအပ်၏ဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာတော်ကို အသစ်ဖြစ်အောင် တစ်စုံတစ်ယောက်က ပြု၏ဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာတော်ကို အသစ်ဖြစ်အောင် ပြုရန် တတ်ကောင်း၏ဟူ၍လည်းကောင်း ဤသို့ အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသာသနကထာကို ဟောတော်မူသည်။
၂။ သတိပဋ္ဌာန်အစရှိသော အရိယာဓမ္မတို့သည်လည်းကောင်း၊ ကုသိုလ် အစရှိသည်တို့ကို ဟောကြားခြင်းသည်လည်းကောင်း သာသနာ မည်၏။ ထိုအရာဝယ် မြတ်စွာဘုရားသည် အကြင် သတိပဋ္ဌာန် စသည်တို့ကို ဟောကြားအပ်ကုန်၏၊ ထိုသတိပဋ္ဌာန် အစရှိသည်တို့ကို ဖယ်ထား၍ တစ်ပါးသော သတိပဋ္ဌာန် စသည်တို့ကို ပြုခြင်းဖြင့်လည်းကောင်း၊ အကုသိုလ် စသည်တို့ကို ကုသိုလ် စသည်၏အဖြစ်ကို ပြုခြင်းဖြင့်လည်းကောင်း သာသနာကို အသစ်ဖြစ်အောင် ပြုအပ်သည် မည်ရာ၏။ တစ်စုံတစ်ယောက်သော သူသည် ဤသို့ ပြုပါသလောဟု ဤသို့ ပြုသူ တစ်စုံတစ်ယောက်ရှိ ပါသလော၊ ဤသို့ ပြုရန် တတ်ကောင်းပါသလောဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၂၁–ဧကဝီသတိမဝဂ် (၂၀၁) ၂–အဝိဝိတ္တကထာ[၁]

၈၇၉။ သကဝါဒီ။ ။ ပုထုဇဉ်သည် ဓာတ်သုံးပါး၌ဖြစ်သော[၂] တရားတို့မှ မကင်းဆိတ်ပါသလော။

ပရဝါဒီ။ ။ ဩာ် မကင်းဆိတ်ပါ။

သကဝါဒီ။ ။ ပုထုဇဉ်သည် ဓာတ်သုံးပါး၌ဖြစ်သော ဖဿတို့မှ။ပ။ ဓာတ်သုံးပါး၌ဖြစ်သော ဝေဒနာတို့မှ။ သညာတို့မှ။ စေတနာတို့မှ။ စိတ်တို့မှ။ သဒ္ဓါတို့မှ။ ဝီရိယတို့မှ။ သတိတို့မှ။

သမာဓိတို့မှ။ပ။ ဓာတ်သုံးပါး၌ ဖြစ်သော ပညာတို့မှ မကင်းဆိတ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[2]

သကဝါဒီ။ ။ ပုထုဇဉ်သည် ဓာတ်သုံးပါး၌ဖြစ်သော ကံတို့မှ မကင်းဆိတ်ပါသလော။

ပရဝါဒီ။ ။ ဩော် မကင်းဆိတ်ပါ။

သကဝါဒီ။ ။ အကြင်ခဏ၌ ပုထုဇဉ်သည် သင်္ကန်းကို လှူ၍၊ ထိုခဏ၌ ပဌမဈာန်သို့ ရောက်၍ နေပါသလော။ပ။ အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။ အကြင်ခဏ၌ ပုထုဇဉ်သည် ဆွမ်းကို ပေးလှူ၍။ပ။ ကျောင်းကို ပေးလှူ၍။ပ။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူ၍၊ ထိုခဏ၌ စတုတ္ထဈာန်သို့ ရောက်၍ နေပါသလော၊ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၈၀။ ပရဝါဒီ။ ။ "ပုထုဇဉ်သည် ဓာတ်သုံးပါး၌ဖြစ်သော ကံတို့မှ မကင်းဆိတ်"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ပုထုဇဉ်သည် ရူပဓာတ်,အရူပဓာတ်သို့ ကပ်ရောက်သော ကံကို ပိုင်းခြား၍ သိအပ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ပုထုဇဉ်သည် ဓာတ်သုံးပါး၌ဖြစ်သော ကံတို့မှ မကင်းဆိတ်။ပ။

**အဝိဝိတ္တကထာ ပြီး၏။**

------

၁။ အကြင်ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာသော အကြင်တရားသည် ပစ္စုပ္ပန်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုပစ္စုပ္ပန်တရားမှ မကင်းဆိတ်သည် မည်၏၊ ဤကား သကသမယ၌ ဆုံးဖြတ်ချက်တည်း၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဓာတ်သုံးပါး၌ ဖြစ်သော တရားတို့ကို ပိုင်းခြား၍ မသိအပ်ကုန်၊ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် တစ်ပြိုင်နက်သော ခဏ၌ပင် ဓာတ်သုံးပါး၌ ဖြစ်ကုန်သော တရားအားလုံးတို့မှ ကင်းဆိတ်သည် မည်၏၊ ဤသို့ အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤအဝိဝိတ္တကထာကို ဟောတော်မူသည်။

၂။ ဓာတ်သုံးပါးဟူသည် ကာမဓာတ်၊ ရူပဓာတ်နှင့် အရူပဓာတ်ပင်တည်း။

၃။ အားလုံးသော ဖဿစသော တရားတို့၏ တစ်ပြိုင်နက်သော ခဏဌ် ဖြစ်ခြင်းဟူသော အပြစ်ကို ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။

♣

## ၂၁–ဝီသတိမဝဂ် (၂၀၂) ၃–သံယောဇနကထာ[၁]

၈၈၁။ သကဝါဒီ။ ။ သံယောဇဉ်အချို့ကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် ရှိပါ၏။

သကဝါဒီ။ ။ သက္ကာယဒိဋ္ဌိအချို့ကို မပယ်ရှားမူ၍။ပ။ ဝိစိကိစ္ဆာကို မပယ်ရှားမူ၍။ပ။ သီလဗ္ဗတ ပရာမာသကို မပယ်ရှားမူ၍။ပ။ ရာဂကို မပယ်ရှားမူ၍။ ဒေါသကို မပယ်ရှားမူ၍။ မောဟကို မပယ်ရှား မူ၍။ အနောတ္တပ္ပကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သံယောဇဉ်အချို့ကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩဘ် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂရှိသူ၊ ဒေါသရှိသူ၊ မောဟရှိသူ၊ မာနရှိသူ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းရှိသူ၊ ဂုဏ်ပြိုင်ခြင်းရှိသူ၊ ပင်ပန်းခြင်းရှိသူ၊ ကိလေသာရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂမရှိသူ၊ ဒေါသမရှိသူ၊ မောဟမရှိသူ၊ မာနမရှိသူ၊ သူ့ကျေးဇူးကို ချေဖျက်မှုမရှိသူ၊ ဂုဏ်ပြိုင်မှုမရှိသူ၊ ပင်ပန်းမှုမရှိသူ၊ ကိလေသာမရှိသူ ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဘ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂမရှိသူ။ပ။ ကိလေသာမရှိသူ ဖြစ်ခဲ့မူ "သံယောဇဉ် အချို့ကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိ၏"ဟု မဆိုသင့်။

၈၈၂။ ပရဝါဒီ။ ။ "သံယောဇဉ်အချို့ကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဘ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရဟန္တာသည် အလုံးစုံသော မြတ်စွာဘုရား၏ အရာကို သိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။[၃]

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သံယောဇဉ်အချို့ကို မပယ်ရှားမူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိ၏။

**သံယောဇနကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ ဉာဏ်တော်အရာဟူသမျှ အားလုံးကို မသိနိုင်၊ ထို့ကြောင့် ထိုမြတ်စွာဘုရားအရာဖြစ်သော အာရုံ၌ ထိုရဟန္တာပုဂ္ဂိုလ်သည် မဂ်ဖြင့် မပယ်အပ်သော အဝိဇ္ဇာနှင့် ဝိစိကိစ္ဆာတို့သည် ဖြစ်ရာ၏၊ ဤသို့သော အမှတ်ဖြင့် အချို့သော သံယောဇဉ်ကို မပယ်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းရှိ၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသံယောဇနကထာကို ဟောတော်မူသည်။

၂။ ရဟန္တာပုဂ္ဂိုလ်၏ သံယောဇဉ်အားလုံးကို ပယ်ခြင်းကို ပြခြင်းငှါ ဤပုစ္ဆာကို တက်သည်။

၃။ ရဟန္တာပုဂ္ဂိုလ်အား သဗ္ဗညုတဉာဏ် မရှိခြင်းကြောင့် သကဝါဒီက ပယ်မြစ်ခြင်းကို ပြု၏၊ အဝိဇ္ဇာ ဝိစိကိစ္ဆာတို့ကို မပယ်ခြင်းကြောင့် ပြုအပ်သည်ကား မဟုတ်ပေ၊ ပရဝါဒီဆရာကား ထိုအဝိဇ္ဇာ ဝိစိကိစ္ဆာတို့၏ မပယ်အပ်သည်၏အဖြစ်ကို ရည်ရွယ်၍ မိမိ အယူကို တည်စေ၏၊ ထိုအယူကို တည်စေခြင်းသည် မသင့်သောအားဖြင့် တည်စေသည်၏ အဖြစ်ကြောင့် တည်စေသည် မမည်ပေ။

♣

## ၂၁–ဧကဝီသတိမဝဂ် (၂၀၃) ၄–ဣဒ္ဓိကထာ

၈၈၃။ သကဝါဒီ။ ။ မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ "သစ်ပင်တို့သည် အမြဲ အရွက်ရှိသည် ဖြစ်စေကုန်"ဟု မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ "သစ်ပင်တို့သည် အမြဲ အပွင့်ရှိသည် ဖြစ်စေကုန်။ပ။ သစ်ပင်တို့သည် အမြဲ အသီး ရှိသည် ဖြစ်စေကုန်။ အရောင်အလင်းသည် အမြဲ ဖြစ်ပါစေ။ ဘေးကင်းခြင်းသည် အမြဲ ဖြစ်ပါစေ။ ဝပြော သာယာခြင်းသည် အမြဲ ဖြစ်ပါစေ။ ချမ်းသာခြင်းသည် အမြဲ ဖြစ်ပါစေသတည်း"ဟု မြတ်စွာဘုရားတို့ အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း အလို ရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဖြစ်ပေါ်သော ဖဿသည် "မချုပ်ပါစေလင့်"ဟု ဤသို့အလိုရှိတိုင်း ပြည့်စုံခြင်းသည် မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဖြစ်ပေါ်သော ဝေဒနာသည်။ပ။ သညာသည်။ စေတနာသည်။ စိတ်သည်။ သဒ္ဓါသည်။ ဝီရိယသည်။ သတိသည်။ သမာဓိသည်။ပ။ ပညာသည် "မချုပ်ပါစေလင့်"ဟု ဤသို့ အလိုရှိတိုင်း ပြည့်စုံခြင်းသည် မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ "ရုပ်သည် အမြဲ ဖြစ်ပါစေ"ဟု အလိုရှိတိုင်း ပြည့်စုံခြင်းသည်။ပ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ "ဝိညာဏ်သည် အမြဲ ဖြစ်ပါစေ"ဟု အလိုရှိတိုင်း ပြည့်စုံခြင်းသည် မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ဖြစ်ခြင်းသဘောရှိသော သတ္တဝါတို့သည် "မဖြစ်ပါစေကုန်လင့်"။ပ။ အိုခြင်းသဘော ရှိသော သတ္တဝါတို့သည် "မအိုပါစေကုန်လင့်"။ပ။ ဖျားနာခြင်းသဘောရှိသော သတ္တဝါတို့သည် "မဖျားနာ ပါစေကုန်လင့်"။ပ။ သေခြင်းသဘောရှိသော သတ္တဝါတို့သည် "မသေပါစေကုန်လင့်"ဟု အလိုရှိတိုင်း ပြည့်စုံခြင်းသည် မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၈၄။ ပရဝါဒီ။ ။ "မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့်'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိ၏"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်ပိလိန္ဒဝစ္ဆသည် များသော စစ်သည်ဗိုလ်ပါရှိသော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း၏ ပြာသာဒ်နန်းတော်ကို "ရွှေဖြစ်စေ"ဟူ၍ နှလုံးသွင်းသည် ဖြစ်၍ (ပြာသာဒ်သည်) ရွှေအတိသာ ဖြစ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အရှင်ပိလိန္ဒဝစ္ဆသည် များသော စစ်သည်ဗိုလ်ပါရှိသော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း၏ ပြာသာဒ်ကို ရွှေဖြစ်စေဟူ၍ နှလုံးသွင်းသည်ဖြစ်၍ (ပြာသာဒ်သည်) ရွှေအတိသာ ဖြစ်ခဲ့မူ "မြတ်စွာဘုရားတို့အားလည်းကောင်း၊ တပည့် 'သာဝက'တို့အားလည်းကောင်း အလိုရှိတိုင်း ပြည့်စုံခြင်းသည် ရှိ၏"ဟု ဆိုသင့်၏။

**ဣဒ္ဓိကထာ ပြီး၏။**

------

၁။ ဤဣဒ္ဓိမည်သည် အချို့သောအရာ၌ ပြည့်စုံ၏၊ အချို့သောအရာ၌ မပြည့်စုံ၊ အနိစ္စ စသည်တို့ကို နိစ္စ စသည်ဖြစ်အောင် ပြုခြင်း၌ စင်စစ်အားဖြင့် မပြည့်စုံနိုင်၊ သဘောတူသော ရုပ်နာမ်တရားတို့၏ အစဉ်ကို ပြန်လှန်စေ၍ သဘောမတူသော ရုပ်နာမ်အစဉ်ဖြစ်အောင် ပြုခြင်း၌လည်းကောင်း၊ သဘောတူသော ရုပ်နာမ်အစဉ်၏ အစွမ်းအားဖြင့်သာလျှင် ရှည်ကြာမြင့်စွာ ဖြစ်စေခြင်း၌လည်းကောင်း အကြင်ပုဂ္ဂိုလ်တို့၏ အကျိုးငါ ပြုအပ်၏။ ထိုပုဂ္ဂိုလ်တို့၏ ကောင်းမှု အစရှိသော အကြောင်းတို့ကို အမှီပြု၍ အချို့သောအရာ၌ ပြည့်စုံ၏၊ ဤကား သကသမယ၌ ဆုံးဖြတ်ချက်တည်း၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဗိမ္ဗိသာရမင်း၏ ပြာသာဒ်ကို ရွှေဖြစ်စေသတည်းဟု နှလုံးသွင်း၏၊ ထိုနှလုံးသွင်းကို အမှီပြု၍ အလိုအတိုင်း ပြည့်စုံခြင်းသည် ဖြစ်၏ဟု အယူရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဣဒ္ဓိကထာကို ဟောတော်မူသည်။

♣

## ၂-ဧကဝီသတိမဝဂ် (၂၀၄) ၅-ဗုဒ္ဓကထာ[၁]

၈၈၅။ သကဝါဒီ။ ။ မြတ်စွာဘုရားတို့အား (အခြားသော) မြတ်စွာဘုရားတို့ထက် ယုတ်လျော့သည်၏ အဖြစ် ပိုလွန်သည်၏ အဖြစ်သည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သတိပဋ္ဌာန်းအားဖြင့် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သမ္မပ္ပဓာန်အားဖြင့်။ပ။ ဣဒ္ဓိပါဒ်အားဖြင့်။ပ။ ဣန္ဒြေအားဖြင့်။ ဗိုလ်အားဖြင့်။ ဗောဇ္ဈင်အားဖြင့်။ ဝသီဘော်အားဖြင့်။ပ။ သဗ္ဗညုတဉာဏ်အားဖြင့် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဗုဒ္ဓကထာ ပြီး၏။**

------

၁။ ထိုထိုအခါ၌ ခန္ဓာကိုယ်တော်၏ မတူသည်၏အဖြစ်ကိုလည်းကောင်း၊ အသက်တော်၏ မတူသည်၏အဖြစ်ကိုလည်းကောင်း၊ ပကတိအရောင်တော်၏ မတူသည်၏အဖြစ်ကို လည်းကောင်း ချန်ထား၍ ကြွင်းကျန်သော မြတ်စွာဘုရားဂုဏ် ကျေးဇူးတို့ဖြင့် ဘုရားရှင်တို့၏ အခြားသော ဘုရားရှင်တို့မှ ယုတ်လျော့သည်၏အဖြစ် ပိုလွန်သည်၏အဖြစ်မည်သည် မရှိ။ အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကား သာမညအားဖြင့်သာလျှင် အယုတ်အလွန်ရှိ၏ဟု အယူရှိကြ၏၊ ထိုဆရာတို့ကို ရည်ရွယ်၍ ဤဗုဒ္ဓကထာကို ဟောတော်မူသည်။

♣

## ၂၁-ဧကဝီသတိမဝဂ် (၂၀၅) ၆-သဗ္ဗဒိသာကထာ[၁]

၈၈၆။ သကဝါဒီ။ ။ အလုံးစုံသော အရပ် (မျက်နှာ)တို့၌ မြတ်စွာဘုရားတို့သည် တည်ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩာ် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှေ့အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

သကဝါဒီ။ ။ အရှေ့အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် တည်ရှိပါ၏။

သကဝါဒီ။ ။ ထိုမြတ်စွာဘုရားသည် အဘယ်အမည်ရှိပါသနည်း၊ အဘယ်အမျိုးဇာတ်ရှိပါသနည်း၊ အဘယ်အနွယ်ရှိပါသနည်း၊ ထိုမြတ်စွာဘုရား၏ အမိအဖတို့သည် အဘယ်အမည်ရှိပါကုန်သနည်း၊ ထို မြတ်စွာဘုရား၏ တပည့် 'သာဝက'အစုံသည် အဘယ်အမည်ရှိပါသနည်း၊ ထိုမြတ်စွာဘုရား၏ အလုပ် အကျွေးသည် အဘယ်အမည် ရှိပါသနည်း၊ အဘယ်သို့သော သင်္ကန်းကို (ဝတ်) ရုံတော်မူပါသနည်း၊ အဘယ်သို့သော သပိတ်ကို ဆောင်တော်မူပါသနည်း။ အဘယ်ရွာ၌လည်းကောင်း၊ အဘယ်နိဂုံး၌ လည်းကောင်း၊ မြို့၌လည်းကောင်း၊ တိုင်းပြည်၌လည်းကောင်း၊ ဇနပုဒ်၌လည်းကောင်း တည်ရှိပါသနည် း။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တောင်အရပ်၌။ပ။ အနောက်အရပ်၌။ပ။ မြောက်အရပ်၌။ပ။ အောက်အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အောက်အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် တည်ရှိပါ၏။

သကဝါဒီ။ ။ ထိုမြတ်စွာဘုရားသည် အဘယ်အမည်ရှိပါသနည်း။ပ။ ဇနပုဒ်၌လည်းကောင်း (တည်ရှိပါသလော)။[၃]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အထက်အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အထက်အရပ်၌ မြတ်စွာဘုရားသည် တည်ရှိပါသလော။

ပရဝါဒီ။ ။ သြော် တည်ရှိပါ၏။

သကဝါဒီ။ ။ စာတုမဟာရာဇ်ဘုံ၌ တည်ရှိပါသလော။ပ။ တာဝတိံသာဘုံ၌ တည်ရှိပါသလော၊ ယာမာဘုံ၌ တည်ရှိပါသလော၊ တုသိတာဘုံ၌ တည်ရှိပါသလော၊ နိမ္မာနရတိဘုံ၌ တည်ရှိပါသလော၊ ပရနိမ္မိတဝသဝတ္တီဘုံ၌ တည်ရှိပါသလော။ပ။ ဗြဟ္မာလောက၌ တည်ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**သဗ္ဗဒိသာကထာ ပြီး၏။**

------

၁။ အရပ်လေးမျက်နှာ ထက်အောက်ဝန်းကျင်တို့၌ လောကဓာတ်တို့၏ စုဝေး၍ တည်ခြင်းသည် ရှိ၏၊ ထိုလောကဓာတ်အားလုံးတို့၌လည်း ဘုရားရှင်တို့ ရှိကုန်၏ဟု အထူးထူးကြံဆအပ်သော အတတ်ကို ဖြစ်စေ၍ အရပ်မျက်နှာအားလုံးတို့၌ ဘုရားရှင်တို့သည် ရှိကုန်၏ဟု အယူရှိကြကုန်သော မဟာသံဃိကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤသဗ္ဗဒိသာ ကထာကို ဟောတော်မူသည်။

၂။ ဂေါတမမြတ်စွာဘုရားကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် မိမိအယူ၏ အစွမ်းအားဖြင့် တစ်ပါးသောလောကဓာတ်၌ တည်သော ဘုရားကို ရည်ရွယ်၍ ဝန်ခံသည်။

၃။ ဘုရားရှိ၏ဟု သိခဲ့မူ အမည်စသည်တို့၏ အစွမ်းအားဖြင့် ဖြေဆိုလော့ဟု စောဒနာလိုသောကြောင့် ဤအမေးကို တက်သည်။

♣

## ၂၁–ဧကဝီသတိမဝဂ် (၂၀၆) ၇–ဓမ္မကထာ[၁]

၈၈၇။ သကဝါဒီ။ ။ တရားအားလုံးတို့သည် မြဲပါကုန်သလော။

ပရဝါဒီ။ ။ သြော် မြဲပါကုန်၏။[၂]

သကဝါဒီ။ ။ (တရားအားလုံးတို့သည်) မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (တရားအားလုံးတို့သည်) မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မြဲသော အစုအပုံသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မမြဲသော အစုအပုံသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မမြဲသော အစုအပုံသည် ရှိခဲ့မူ "တရားအားလုံးတို့သည် မြဲကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ တရားအားလုံးတို့သည် မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မြဲပါကုန်၏။

သကဝါဒီ။ ။ မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသောအစု၊ မှန်ကန်သော သဘောရှိသည် ဖြစ်၍ မြဲသောအစု, မမြဲသောအစုဟူ၍ အစုသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟောအပ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသောအစု၊ မှန်ကန်သော သဘောရှိသည် ဖြစ်၍ မြဲသောအစု, မမြဲသောအစုဟူ၍ အစုသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောအပ်ခဲ့ ပါကုန်မူ "တရားအားလုံးတို့သည် မြဲကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရုပ်သည် ဖောက်ပြန်တတ်သော သဘောအားဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ ဩော် မြဲပါ၏။

သကဝါဒီ။ ။ (ရုပ်သည်) မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ရုပ်သည်) မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် သိတတ်သော သဘောအားဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဝိညာဏ်သည် မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ဝိညာဏ်သည်) မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၈၈။ ပရဝါဒီ။ ။ "ရုပ်သည် ဖောက်ပြန်သော သဘောအားဖြင့် မြဲ၏။ပ။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် သိတတ်သော သဘောအားဖြင့် မြဲ၏"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရုပ်သည် ဝေဒနာဖြစ်ပါသလော။ပ။ သညာဖြစ်ပါသလော။ သင်္ခါရတို့ ဖြစ်ပါကုန်သလော။ ဝိညာဏ်ဖြစ်ပါသလော။ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် ရုပ်ဖြစ်ပါသလော။ပ။ ဝေဒနာဖြစ်ပါသလော။ သညာဖြစ်ပါသလော။ သင်္ခါရတို့ ဖြစ်ပါကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ရုပ်သည် ဖောက်ပြန်သော သဘောအားဖြင့် မြဲ၏၊ ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် သိတတ်သော သဘောအားဖြင့် မြဲ၏။

**ဓမ္မကထာ ပြီး၏။**

------

၁။ ရုပ်စသော တရားတို့သည် ရုပ္ပနစသော သဘောအားဖြင့် မြဲကုန်၏၊ ထိုရုပ္ပနစသော သဘောကို မစွန့်ကြကုန်၊ ထို့ကြောင့် တရားအားလုံးတို့သည် မြဲကုန်၏ဟု အယူရှိကြကုန်သော အန္ဓကနှင့် ဥတ္တရာပထကိုဏ်းဝင် အချို့သော ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤဓမ္မကထာကို ဟောတော်မူ၏။
၂။ တရားအားလုံးတို့သည် ခိုင်မြဲကြကုန်မူ မိစ္ဆတ္တနိယတတို့သော်လည်း ဖြစ်ကုန်ရာ၏၊ သမ္မတ္တနိယတတို့သော်လည်း ဖြစ်ကုန်ရာ၏၊ ဤနှစ်ပါးသော နိယတတို့မှ တစ်ပါး နိယတ မရှိကုန်ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၂၁–ဧကဝီသတိမဝဂ် (၂၀၇) ၈–ကမ္မကထာ[^]

၈၈၉။ သကဝါဒီ။ ။ ကံအားလုံးတို့သည် မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဩော် မြဲပါကုန်၏။

သကဝါဒီ။ ။ (ကံအားလုံးတို့သည်) မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ (ကံအားလုံးတို့သည်) မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မမြဲသောအစုသည် မရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မမြဲသောအစုသည် ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မမြဲသောအစုသည် ရှိခဲ့မူ "ကံအားလုံးတို့သည် မြဲကုန်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ကံအားလုံးတို့သည် မြဲပါကုန်သလော။

ပရဝါဒီ။ ။ သြော် မြဲပါကုန်၏။

သကဝါဒီ။ ။ မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသောအစု၊ မှန်ကန်သော သဘောရှိသည် ဖြစ်၍ မြဲသောအစု, မမြဲသောအစုဟူ၍ အစုသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟောအပ်ပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသောအစု၊ မှန်ကန်သော သဘောရှိသည် ဖြစ်၍ မြဲသောအစု, မမြဲသောအစုဟူ၍ အစုသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောအပ့်ကုန်သည် ဖြစ်ခဲ့မူ "ကံအားလုံးတို့သည် မြဲကုန်၏"ဟူ၍ မဆိုသင့်။

၈၉၀။ သကဝါဒီ။ ။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုဘဝ၌ ခံစားအပ်သော သဘောအားဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ (ဒိဋ္ဌဓမ္မဝေဒနီယကံသည်) မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဥပပဇ္ဇဝေဒနီယကံသည်။ပ။ အပရာပရိယဝေဒနီယကံသည် ဘဝအဆက်ဆက် ခံစား အပ်သော သဘောအားဖြင့် မြဲပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မှားယွင်းသော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ မှန်ကန်သော သဘောရှိသည်ဖြစ်၍ မြဲပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၉၁။ ပရဝါဒီ။ ။ "ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုဘဝ၌ ခံစားအပ်သော သဘောအားဖြင့် မြဲ၏ဟူ၍ မဆိုသင့်ပါသလော။ ဥပပဇ္ဇဝေဒနီယကံသည်။ပ။ အပရာပရိယဝေဒနီယကံသည် ဘဝအဆက်ဆက်၌ ခံစားအပ်သော သဘောအားဖြင့် မြဲ၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် ဟုတ်ပါ၏။[၂]

ပရဝါဒီ။ ။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဥပပဇ္ဇဝေနီယကံ ဖြစ်ပါသလော၊ အပရာပရိယဝေဒနီယကံ ဖြစ်ပါသလော။ပ။ ဥပပဇ္ဇဝေဒနီယကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပါသလော၊ အပရာပရိယဝေဒနီယကံ ဖြစ်ပါသလော။ပ။ အပရာပရိယဝေဒနီယကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပါသလော၊ ဥပပဇ္ဇဝေဒနီယကံ ဖြစ်ပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုဘဝ၌ ခံစားအပ်သော သဘောအားဖြင့် မြဲ၏၊ ဥပပဇ္ဇဝေဒနီယကံသည်။ပ။ အပရာပရိယဝေဒနီယကံသည် ဘဝအဆက်ဆက်၌ ခံစားအပ်သော သဘောအားဖြင့် မြဲ၏။

**ကမ္မကထာ ပြီး၏။**

**ဧကဝီသတိမဝဂ် ပြီး၏။**

------

၁။ ဒိဋ္ဌဓမ္မဝေဒနီယ အစရှိသည်တို့သည် ဒိဋ္ဌဓမ္မဝေဒနီယ စသည့်သဘောတို့ဖြင့် မြဲကုန်၏၊ ထို့ကြောင့် ကံအားလုံးတို့သည် နိယတမည်ကုန်၏ဟု အယူရှိကြကုန်သော အန္ဓကနှင့် ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤကမ္မကထာကို ဟောတော်မူသည်။

၂။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးခြင်းငှါ စွမ်းနိုင်ပါမူ အကျိုးပေး၏၊ အကယ်၍ အကျိုးမပေးနိုင်ပါမူ အဟောသိကံ ဖြစ်လေ၏၊ ဤအနက်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂ဝ၈) ၁-ပရိနိဗ္ဗာနကထာ[၁]

၈၉၂။ သကဝါဒီ။ ။ သံယောဇဉ်အချို့ကို မပယ်စွန့်၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ သက္ကာယဒိဋ္ဌိအချို့ကို မပယ်စွန့်မူ၍။ပ။ အနောတ္တပ္ပကို မပယ်စွန့်၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ သံယောဇဉ်အချို့ကို မပယ်စွန့်မူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂနှင့်တကွ ဖြစ်ပါသလော။ပ။ ကိလေသာနှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ရာဂမရှိသည်။ပ။ ကိလေသာမရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ရာဂမရှိသည်။ပ။ ကိလေသာမရှိသည် ဖြစ်ခဲ့မူ "သံယောဇဉ်အချို့ကို မပယ်စွန့်မူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိ၏"ဟု မဆိုသင့်။

၈၉၃။ ပရဝါဒီ။ ။ သံယောဇဉ်အချို့ကို မပယ်စွန့်မူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိ၏"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ ရဟန္တာသည် မြတ်စွာဘုရားဉာဏ်တော်၏ အရာဟူသမျှကို သိပါသလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် သံယောဇဉ်အချို့ကို မပယ်စွန့်မူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ရှိ၏။

**ပရိနိဗ္ဗာနကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဉာဏ်တော်အရာဖြစ်သော တရား၌ သံယောဇဉ်ကို မပယ်နိုင်မူ၍သာလျှင် ပရိနိဗ္ဗာန်ပြုရ၏ဟု အယူရှိကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤပရိနိဗ္ဗာနကထာကို ဟောတော်မူသည်။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂၀၉) ၂-ကုသလစိတ္တကထာ[၁]

၈၉၄။ သကဝါဒီ။ ။ ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပုညာဘိသင်္ခါရကို ပြုလုပ်လျက်။ အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်လျက်။ လားရာဂတိကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ ဖြစ်ရာဘဝကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ အစိုးရခြင်းကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ အကြီးအမှူးကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ များစွာသော စည်းစိမ်ကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ များစွာသော အခြံအရံကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ နတ်ပြည်၌ တင့်တယ်ခြင်းကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက်။ လူ့ပြည်၌ တင့်တယ်ခြင်းကို ဖြစ်စေတတ်သော ကံကို ပြုလုပ်လျက် ပရိနိဗ္ဗာန်ပြုပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပွါးစေ၍ ဖျက်ဆီးပြီးလျှင်။ ပယ်စွန့်၍ စွဲလမ်းပြီးလျှင်။ ဖြေရှင်း၍ နှောင်ဖွဲ့ပြီးလျှင်။ မှုတ်လွှင့်၍ ပေါင်းစည်းပြီးလျှင် ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ပွါးစေဆဲလည်းမဟုတ် ဖျက်ဆီးဆဲလည်း မဟုတ်မူ၍ ဖျက်ဆီးပြီး၍ တည်သည် မဟုတ်ပါသလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ပွါးစေဆဲလည်းမဟုတ် ဖျက်ဆီးဆဲလည်း မဟုတ်မူ၍ ဖျက်ဆီးပြီး၍ တည်သည် ဖြစ်ခဲ့မူ "ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် ပယ်စွန့်ဆဲလည်းမဟုတ် စွဲလမ်းဆဲလည်း မဟုတ်မူ၍ ပယ်စွန့်ပြီး၍ တည်သည် မဟုတ်ပါလော၊ ဖြေရှင်းဆဲလည်းမဟုတ် နှောင်ဖွဲ့ဆဲလည်း မဟုတ်မူ၍ ဖြေရှင်းပြီး၍ တည်သည် မဟုတ်ပါလော၊ ရဟန္တာသည် မှုတ်လွှင့်ဆဲလည်းမဟုတ် ပေါင်းစည်းဆဲလည်း မဟုတ်မူ၍ မှုတ်လွှင့် ပြီး၍ တည်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် မှုတ်လွှင့်ဆဲလည်းမဟုတ် ပေါင်းစည်းဆဲလည်း မဟုတ်မူ၍ မှုတ်လွှင့်ပြီး၍ တည်သည် ဖြစ်ခဲ့မူ "ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန် ပြု၏"ဟူ၍ မဆိုသင့်။

၈၉၅။ ပရဝါဒီ။ ။ "ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ သြော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ ရဟန္တာသည် ထင်သောသတိရှိသည်, အောက်မေ့မှုရှိသည်, ဆင်ခြင်ဉာဏ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုသည် မဟုတ်ပါလော။[၁]

သကဝါဒီ။ ။ သြော် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ ရဟန္တာသည် ထင်သောသတိရှိသည်, အောက်မေ့မှုရှိသည်, ဆင်ခြင် ဉာဏ်ရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုခဲ့မူ "ရဟန္တာသည် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ ဆိုသင့်၏။

**ကုသလစိတ္တကထာ ပြီး၏။**

------

၁။ ရဟန္တာပုဂ္ဂိုလ်သည် သတိ၏ ပြန့်ပြောခြင်းသို့ ရောက်သည်ဖြစ်၍ ဖြစ်သောကြောင့် ပရိနိဗ္ဗာန်ပြုသော်လည်း သတိရှိသည် ပညာဉာဏ် အဆင်အခြင်နှင့် ပြည့်စုံသည် ဖြစ်၍သာလျှင် ပရိနိဗ္ဗာန်ပြု၏၊ ထို့ကြောင့် ကုသိုလ်စိတ်ရှိသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကုသလစိတ္တကထာကို ဟောတော်မူသည်။

၂။ ကုသိုလ်စိတ်ရှိသူမည်သည် ပုညာဘိသင်္ခါရကို ပြုလုပ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထို့ကြောင့် ထိုအနက်သဘောဖြင့် စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

၃။ ပရဝါဒီဆရာ၏ စကားသည် ဇောခဏ၌ ကိရိယာဇောနှင့် ယှဉ်သော သတိသမ္ပဇဉ်ကို ပြခြင်းငှါ ဆိုအပ်ပါ၏၊ ကုသိုလ်စိတ်ကို ပြခြင်းငှါ ဆိုအပ်သည် မဟုတ်၊ ထို့ကြောင့် သာဓက မထိုက်။

♣

## ၂၂–ဗာဝီသတိမဝဂ် (၂၁၀) ၃–အာနေဉ္ဇကထာ[၁]

၈၉၆။ သကဝါဒီ။ ။ ရဟန္တာသည် အာနေဉ္ဇသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ပကတိစိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသည် မဟုတ်ပါလော။[၂]

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ပကတိစိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုခဲ့မူ "ရဟန္တာသည် အာနေဉ္ဇသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် အာနေဉ္ဇသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ကိရိယာစိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဝိပါက်စိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ဝိပါက်စိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုခဲ့ပါမူ "ရဟန္တာသည် အာနေဉ္ဇသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် အာနေဉ္ဇသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဩဝ် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရဟန္တာသည် ကိရိယာဗျာကတစိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရဟန္တာသည် ဝိပါက်အဗျာကတစိတ်၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရဟန္တာသည် ဝိပါက်အဗျာကတစိတ်၌ တည်သည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုခဲ့မူ "ရဟန္တာသည် အာနေဥ္စသမာဓိ၌ တည်သည် ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ရဟန္တာသည် အာနေဥ္စသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် စတုတ္ထဈာန်မှ ထ၍ (၄င်း၏) အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ မြတ်စွာဘုရားသည် စတုတ္ထဈာန်မှ ထ၍ (၄င်း၏) အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့မူ "ရဟန္တာသည် အာနေဥ္စသမာဓိ၌ တည်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏"ဟူ၍ မဆိုသင့်။

**အာနေဥ္စကထာ ပြီး၏။**

------

၁။ မြတ်စွာဘုရားသည် စတုတ္ထဈာန်၌ တည်လျက် ပရိနိဗ္ဗာန်ပြု၏ဟု မြဲစွာမှတ်ယူလျက် ရဟန္တာပုဂ္ဂိုလ်သည် အာနေဥ္စသမာပတ်၌ တည်လျက် ပရိနိဗ္ဗာန်ပြု၏ဟု အယူရှိကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤအာနေဥ္စကထာကို ဟောတော်မူသည်။

၂။ သညာရှိသူ သတ္တဝါအားလုံးတို့သည် ဘဝင်စိတ်၌တည်၍ ဘဝင်၏ အဆုံးဖြစ်သော စုတိစိတ်ဖြင့် သေကြေရကုန်၏၊ ဤအနက်အဓိပ္ပါယ်ဖြင့် စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။ (အထူးမှတ်ချက်) စတုဝေါကာရဘုံ၌ ရဟန္တာပုဂ္ဂိုလ်၏ ပကတိဘဝင်စိတ်သည် အာနေဥ္စပင် မည်ပါသော်လည်း ဤအမေးပြဿနာကို ပဥ္စဝေါကာရဘဝင်၏ အစွမ်းအားဖြင့် ထုတ်ဆောင်အပ်၏။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂၁၁) ၄-ဓမ္မာဘိသမယကထာ[1]

၈၉၇။ သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ (သစ္စာ) တရားကို ထိုးထွင်း၍ သိမှု ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ တရားကို ဟောပြောခြင်း၊ တရားကို ကြားနာခြင်း၊ တရားကို ဆွေးနွေးခြင်း၊ အနက်ကို မေးမြန်းခြင်း၊ သီလကို ဆောက်တည်ခြင်း၊ ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါး (ပေါက်) ရှိသူ၏အဖြစ်၊ စားဖွယ် (ဘောဇဉ်) ၌ အတိုင်းအရှည်ကို သိသူ၏အဖြစ်၊ ညဥ့်၏ ရှေ့အဖို့နောက်အဖို့တို့ဝယ် နိုးကြားခြင်း၌ အားထုတ်မှုသည် ရှိပါသလော။၂

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ တရားကို ဟောပြောခြင်း၊ တရားကို ကြားနာခြင်း။ပ။ ညဥ့်၏ ရှေ့အဖို့နောက်အဖို့တို့ဝယ် နိုးကြားခြင်း၌ အားထုတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ သြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ တရားကို ဟောပြောခြင်း၊ တရားကို ကြားနာခြင်း။ပ။ ညဥ့်၏ ရှေ့အဖို့နောက်ဖို့တို့ဝယ် နိုးကြားခြင်း၌ အဖန်ဖန်အားထုတ်မှုသည် မရှိခဲ့ ပါလျှင် "ကိန်းအောင်းရာ အမိဝမ်းတိုက်၌ တရားကို ထိုးထွင်းသိခြင်းသည် ရှိ၏"ဟု မဆိုသင့်။

သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ (သစ္စာ) တရားကို ထိုးထွင်းသိခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ သမ္မာဒိဋ္ဌိ၏ ဖြစ်ခြင်းငှါ သူတစ်ပါးအထံမှ တရားသံကို (နာခံ) ရခြင်းလည်းကောင်း၊ အသင့်အားဖြင့် နှလုံးသွင်းနိုင်ခြင်းလည်းကောင်း (ဤသို့) အကြောင်းနှစ်ပါးတို့သည် ရှိကုန်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါကုန်၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ သမ္မာဒိဋ္ဌိ၏ ဖြစ်ခြင်းငှါ သူတစ်ပါးအထံမှ တရားသံကို နာခံရခြင်းလည်းကောင်း၊ အသင့်အားဖြင့် နှလုံးသွင်းရခြင်းလည်းကောင်း (ဤသို့) အကြောင်းနှစ်ပါးတို့ ရှိခဲ့ပါကုန်မူ "ကိန်းအောင်းရာ အမိဝမ်းတိုက်၌ တရားကို ထိုးထွင်းသိခြင်းသည် ရှိ၏"ဟု မဆိုသင့်။

သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ (သစ္စာ) တရားကို ထိုးထွင်း၍ သိခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိပ်ပျော်သူ၊ မေ့လျော့သူ၊ သတိကင်းပျောက်သူ၊ ဆင်ခြင်ဉာဏ်မရှိသူအား တရားကို ထိုးထွင်းသိခြင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ဓမ္မာဘိသမယကထာ ပြီး၏။**

------

၁။ အတိတ်ဘဝ၌ သောတာပန်ဖြစ်၍ အမိဝမ်းတိုက်သို့ သက်ဝင်ပြီးလျှင် မွေးဖွားလာသော သောတာပန်ပုဂ္ဂိုလ်ကို တွေ့မြင်ရ၍ အမိဝမ်းတိုက်၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိသူသည် ရှိ၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤဓမ္မာဘိသမယကထာကို ဟောတော်မူသည်။

၂။ အမိဝမ်းတိုက်၌ သစ္စာလေးပါးကို ထိုးထွင်းသိမှု ရှိခဲ့ပါလျှင် သစ္စာလေးပါးကို ထိုထွင်း၍ သိခြင်း၏ အကြောင်းဖြစ်ကုန်သော ဓမ္မဒေသနာ စသည်တို့သည် ဖြစ်ရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂၁၂-၂၁၄) ၅-၇-တိဿောပိကထာ[၁]

၈၉၈။ သကဝါဒီ။ ။ ကိန်းအောင်းရာ အမိဝမ်းတိုက်၌ အရဟတ္တဖိုလ်ကို ရခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိပ်ပျော်နေသူ၊ မေ့လျော့နေသူ၊ သတိကင်းပျောက်သူ၊ ဆင်ခြင်ဉာဏ်မရှိသူအား အရဟတ္တဖိုလ်ကို ရခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၈၉၉။ သကဝါဒီ။ ။ အိပ်မက်မက်သူအား (သစ္စာ) တရားကို ထိုးထွင်း၍ သိခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိပ်ပျော်နေသူ၊ မေ့လျော့သူ၊ သတိကင်းပျောက်သူ၊ ဆင်ခြင်ဉာဏ်မရှိသူအား တရား ကို ထိုးထွင်း၍ သိခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၀၀။ သကဝါဒီ။ ။ အိပ်မက်မက်သူအား အရဟတ္တဖိုလ်ကို ရခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ အိပ်ပျော်နေသူ၊ မေ့လျော့သူ၊ သတိကင်းပျောက်သူ၊ ဆင်ခြင်ဉာဏ်မရှိသူအား အရဟတ္တဖိုလ်ကို ရခြင်းသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**တိဿောပိကထာ ပြီး၏။**

------

၁။ မွေးဖွားပြီး၍ မကြာမြင့်သော သောတာပန်ပုဂ္ဂိုလ်တို့၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကိုလည်းကောင်း၊ သုပ္ပဝါသာ ဥပါသိကာမ၏ ကိုယ်ဝန်ကို တွေ့မြင်ရ၍ အမိဝမ်းတိုက်၌ အရဟတ္တဖိုလ်သို့ရောက်ခြင်းသည် ရှိ၏ဟူ၍လည်းကောင်း၊ အိပ်မက်၌ ကောင်းကင်သို့သွားခြင်း စသည်တို့ကို မြင်မက်၍ ထိုအိပ်မက်၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည် ရှိ၏ဟူ၍လည်းကောင်း၊ ထိုအိပ်မက်၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် ရှိ၏ဟူ၍လည်းကောင်း အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၂၂–ဗာဝီသတိမဝဂ် (၂၁၅) ၈–အဗျာကတကထာ

၉၀၁။ သကဝါဒီ။ ။ အိပ်မက်မက်သူ၏ စိတ်အားလုံးသည် အဗျာကတစိတ်ချည်း ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ အိပ်မက်၌ (သူတစ်ပါး) အသက်ကို သတ်ရာသလော။

ပရဝါဒီ။ ။ ဩော် သတ်ရာ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အိပ်မက်၌ သူ့အသက်ကို သတ်ခဲ့ပါမူ "အိပ်မက်မက်သူ၏ စိတ်အားလုံးသည် အဗျာကတစိတ်ချည်းသာ"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ အိပ်မက်၌ မပေးအပ်သော ဥစ္စာကို ခိုးယူရာသလော။ပ။ မုသားပြောဆိုရာသလော။ ဂုံးတိုက်သော စကားကို ပြောဆိုရာသလော။ ကြမ်းတမ်းသော စကားကို ပြောဆိုရာသလော။ အကျိုးမဲ့ သော စကားကို ပြောဆိုရာသလော။ အိမ်ခြံစပ်ကို ဖောက်ဖျက်ရာသလော။ လုယက်အပ်သောပစ္စည်းကို ဆောင်ရာသလော။ တစ်အိမ်၌ လုယက်မှုကို ပြုရာသလော။ လမ်းခရီး၌ (လုယက်ရန်) တည်ရာသလော။ သူတစ်ပါးမယားကို သွားလာရာသလော။ ရွာဖျက်ဆီးမှုကို ပြုရာသလော။ နိဂုံးဖျက်ဆီးမှုကို ပြုရာသလော။ အိပ်မက်၌ မေထုန်အကျင့်ကို မှီဝဲရာသလော။ အိပ်မက်မက်သူအား သုတ်သည် လွတ်ရာသလော။ အိပ်မက်၌ အလှူကို ပေးလှူရာသလော။ သင်္ကန်းကို ပေးလှူရာသလော။ ဆွမ်းကို ပေးလှူရာသလော။ ကျောင်းကို ပေးလှူရာသလော။ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးကို ပေးလှူရာသလော။ ခဲဖွယ်ကို ပေးလှူရာသလော။ စားဖွယ်ကို ပေးလှူရာသလော။ သောက်ဖွယ်ကို ပေးလှူရာသလော။ စေတီကို ရှိခိုးရာသလော။ စေတီ၌ ပန်းကို တင်ရာသလော။ နံ့သာကို တင်ရာသလော။ နံ့သာပျောင်းကို တင်ရာသလော။ပ။ စေတီကို အရိုအသေပြုရာသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အိပ်မက်၌ စေတီကို အရိုအသေပြုခဲ့ပါမူ "အိပ်မက်မက်သူ၏ စိတ် အားလုံးသည် အဗျာကတစိတ်ချည်းသာ ဖြစ်၏"ဟူ၍ မဆိုသင့်။

၉၀၂။ ပရဝါဒီ။ ။ "အိပ်မက်မက်သူ၏ စိတ်အားလုံးသည် အဗျာကတစိတ်ချည်းသာ ဖြစ်၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩဩ် ဟုတ်ပါ၏။

ပရဝါဒီ။ ။ အိပ်မက်မက်သူ၏ စိတ်ကို မပြောပလောက်ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်ပါလော။

သကဝါဒီ။ ။ ဩဩ် ဟောအပ်ပါ၏။

ပရဝါဒီ။ ။ အရှင်သကဝါဒီ အိပ်မက်မက်သူ၏ စိတ်ကို မပြောပလောက်ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်ခဲ့ပါမူ "အိပ်မက်မက်သူ၏ စိတ်အားလုံးသည် အဗျာကတစိတ်ချည်းသာ ဖြစ်၏"ဟူ၍ ဆိုသင့်၏။

**အဗျာကတကထာ ပြီး၏။**

------

၁။ "အတ္တေဝ ဘိက္ခဝေ စေတနာ၊ သာစ ခေါ အဗ္ဗောဟာရိကာ"ဟူ၍ ဟောတော်မူသောကြောင့် အိပ်မက်မက်သူ၏ စိတ်အားလုံးသည် အဗျာကတပေတည်းဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာအချို့တို့ကို ရည်ရွယ်၍ ဤအဗျာကတကထာကို ဟောတော်မူသည်။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂၁၆) ၉-အာသေဝနပစ္စယကထာ[၁]

၉၀၃။ သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဩ် မရှိပါ။

သကဝါဒီ။ ။ "ရဟန်းတို့ သူ့အသက်သတ်မှုကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုလုပ်အပ်သော် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်အမျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သူ့အသက်သတ်မှု၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည့်လူဖြစ်သော် အသက်တိုခြင်းကို ဖြစ်စေတတ်၏"ဟု မြတ်စွာဘုရား ဟောအပ် သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩဩ် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့် တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩဩ် ရှိပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူမှုကို မှီဝဲအပ်သော် ပွါးစေအပ် သော် အကြိမ်များစွာ ပြုအပ်သော် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်အမျိုး၌

ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူမှု၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူဖြစ်သည်ရှိသော် စည်းစိမ်ပျက်စီးခြင်း ဖြစ်စေတတ်၏။ပ။ ကာမတို့၌ မှားယွင်းစွာ ပြုကျင့်မှု၏ အလုံးစုံတို့ အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူ ဖြစ်လတ်သော် ရန်သူများခြင်းကို ဖြစ်စေတတ်၏။ပ။ မုသားပြောဆိုခြင်း၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူဖြစ်လတ်သော် မဟုတ်မမှန် စွပ်စွဲပြောဆိုခံရခြင်းကို ဖြစ်စေ တတ်၏။ပ။ ကုန်းတိုက်သော စကား၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူဖြစ်လတ်သော် မိတ်ဆွေတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်၏။ပ။ ကြမ်းတမ်းသော စကား၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည်ရှိ၏၊ ထိုအကျိုးသည် လူဖြစ်လတ်သော် မနှစ်လိုသော အသံကို ဖြစ်စေတတ်၏။ပ။ အကျိုးမဲ့စကားကို ပြောဆိုခြင်း၏ အလုံးစုံတို့ အောက် ပေါ့ သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူဖြစ်လတ်သော် မလိုက်နာသော စကားရှိသူ၏ အဖြစ် ကို ဖြစ်စေတတ်၏။ ရဟန်းတို့ သေရည်သေရက်သောက်ခြင်းကို မှီဝဲအပ်သော်။ပ။ သေရည်သေရက် သောက်ခြင်း၏ အလုံးစုံတို့အောက် ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအကျိုးသည် လူဖြစ်လတ်သော် ရူးသွပ်သူ၏ အဖြစ်ကို ဖြစ်စေတတ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

၉၀၄။ သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ "ရဟန်းတို့ မိစ္ဆာဒိဋ္ဌိကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုအပ်သော် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်အမျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ "ရဟန်းတို့ မိစ္ဆာသင်္ကပ္ပကို။ပ။ မိစ္ဆာသမာဓိကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုအပ်သော်။ပ။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

၉၀၅။ သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ "ရဟန်းတို့ သမ္မာဒိဋ္ဌိကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုလုပ်အပ် သော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည် ဖြစ်၍ အမြိုက်နိဗ္ဗာန်ဟူသော လဲလျောင်းရာရှိ၏၊ အမြိုက် (နိဗ္ဗာန်)ဟူသော အဆုံးရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

သကဝါဒီ။ ။ တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် မရှိပါသလော။

ပရဝါဒီ။ ။ ဩော် မရှိပါ။

သကဝါဒီ။ ။ "ရဟန်းတို့ သမ္မာသင်္ကပ္ပကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုအပ် သော်။ပ။ ရဟန်းတို့ သမ္မာသမာဓိကို မှီဝဲအပ်သော် ပွါးစေအပ်သော် အကြိမ်များစွာ ပြုအပ်သော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည်ဖြစ်၍ အမြိုက်နိဗ္ဗာန်ဟူသော လဲလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်ဟူသော အဆုံးရှိ၏"ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော အာသေဝနပစ္စည်း၏ အဖြစ်သည် ရှိ၏။

**အာသေဝနပစ္စယကထာ ပြီး၏။**

------

၁။ တရားအားလုံးတို့သည် မိမိတို့၏ ခဏနှင့် ယှဉ်ကုန်၏၊ မည်သည့်တရားမျှ တစ်ခဏမျှသော်လည်း တည်၍ အာသေဝနပစ္စည်းကို မှီဝဲသည်မည်သည် မရှိ၊ ထို့ကြောင့် အာသေဝနပစ္စည်း တပ်သောတရား တစ်စုံတစ်ခုမျှ မရှိ၊ အာသေဝနပစ္စည်း တပ်သည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာသော တစ်စုံတစ်ခုသောတရားသည် မရှိဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် ပရဝါဒီဆရာ အချို့တို့ကို ရည်ရွယ်၍ ဤအာသေဝနပစ္စယကထာကို ဟောတော်မူသည်။

♣

## ၂၂-ဗာဝီသတိမဝဂ် (၂၁၇) ၁၀-ခဏိကကထာ[၁]

၉၀၆။ သကဝါဒီ။ ။ တရားအားလုံးတို့သည် စိတ္တက္ခဏတစ်ချက်သာ ရှိပါကုန်သလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ မြေကြီးသည် စိတ်၌ တည်ပါသလော။ သမုဒ္ဒရာကြီးသည် စိတ်၌ တည်ပါသလော။ မြင့်မိုရ်တောင်မင်းသည် တည်ပါသလော။ ရေသည် တည်ပါသလော။ မီးသည်

တည်ပါသလော။ လေသည် တည်ပါသလော။ မြက် ထင်း တောစိုးသစ်ပင်တို့သည် (စိတ်၌) တည်ပါကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တရားအားလုံးတို့သည် စိတ္တက္ခဏတစ်ချက်သာ ရှိပါကုန်သလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ စက္ခာယတနသည် စက္ခုဝိညာဏ်နှင့်တကွ ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ စက္ခာယတနသည် စက္ခုဝိညာဏ်နှင့်တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။[၄]

သကဝါဒီ။ ။ "ငါ့ရှင်တို့ အတွင်းအဇ္ဈတ္တ၌ဖြစ်သော မျက်စိသည်လည်း မပျက်စီးသည် ဖြစ်၏၊ အပဖြစ်သော အဆင်းတို့သည်လည်း ရှေးရှုထင်ခြင်းသို့ မရောက်ကုန်၊ ထိုမျက်စိနှင့် အဆင်းအားလျော်သော နှလုံးသွင်းမှုသည် မဖြစ်၊ ထိုမျက်စိနှင့် အဆင်းအား လျော်သော ဝိညာဏ်၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် မဖြစ်သေး။

ငါ့ရှင်တို့ အတွင်းအဇ္ဈတ္တ၌ဖြစ်သော မျက်စိသည်လည်း မပျက်စီးသည် ဖြစ်၏၊ အပဖြစ်သော အဆင်းတို့သည်ကား ရှေးရှုထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုမျက်စိနှင့် အဆင်းအားလျော်သော နှလုံး သွင်းမှုသည် မဖြစ်၊ ထိုမျက်စိနှင့် အဆင်းအားလျော်သော သိမှု ဝိညာဏ်၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် မဖြစ်သေး။

ငါ့ရှင်တို့ အကြင်အခါ အတွင်းအဇ္ဈတ္တ၌ဖြစ်သော မျက်စိသည်လည်း မပျက်စီးသည် ဖြစ်၏၊ အပ ဖြစ်သော အဆင်းတို့သည်ကား ရှေးရှုထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုမျက်စိနှင့် အဆင်းအားလျော်သော နှလုံးသွင်းမှုသည်လည်း ဖြစ်၏၊ ထိုအခါ ဤသို့ ထိုအဆင်းနှင့် မျက်စိအား လျော်သော သိမှုဝိညာဏ်၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏"ဟူ၍ အရှင်သာရိပုတြာ ဟောတော်မူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "စက္ခာယတနသည် စက္ခုဝိညာဏ်နှင့် တကွ ဖြစ်၏"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ သောတာယတနသည်။ပ။ ဃာနာယတနသည်။ပ။ ဇိဝှါယတနသည်။ပ။ ကာယာ ယတနသည် ကာယဝိညာဏ်နှင့် တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ကာယာယတနသည် ကာယဝိညာဏ်နှင့် တကွ ဖြစ်ပါသလော။

ပရဝါဒီ။ ။ သြော် ဖြစ်ပါ၏။

သကဝါဒီ။ ။ "ငါ့ရှင်တို့ အတွင်းအဇ္ဈတ္တဖြစ်သော ကိုယ်သည်လည်း မပျက်စီးသည် ဖြစ်၏၊ အပ ဖြစ်သော အတွေ့အထိတို့သည်လည်း ရှေးရှုထင်ခြင်းသို့ မရောက်ကုန်။ပ။ ငါ့ရှင်တို့

အတွင်းအဇ္ဈတ္တ ဖြစ်သော ကိုယ်သည်လည်း မပျက်စီးသည် ဖြစ်၏၊ အပဖြစ်သော အဆင်းတို့သည်ကား ရှေးရှုထင်ခြင်းသို့ ရောက်ကုန်၏။ ငါ့ရှင်တို့ အကြင်အခါ၌ အတွင်းအဇ္ဈတ္တဖြစ်သော ကိုယ်သည်လည်း မပျက်စီးသည် ဖြစ်၏၊ အပဖြစ်သော အတွေ့အထိတို့သည်လည်း ရှေးရှုထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုကိုယ်နှင့် အတွေ့အထိအား လျော်သော နှလုံးသွင်းမှုသည်လည်း ဖြစ်၏၊ ထိုအခါ ဤသို့ ထိုကိုယ်နှင့် အတွေ့အထိအား လျော် သော သိမှု 'ဝိညာဏ်' ဖြစ်ပေါ်ခြင်းသည် ဖြစ်၏"ဟူ၍ အရှင်သာရိပုတြာ ဟောတော်မူသော သုတ္တန် (ပါဠိ) ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ရှိပါ၏။

သကဝါဒီ။ ။ ထို့ကြောင့်ပင် "ကာယာယတနသည် ကာယဝိညာဏ်နှင့်တကွ ဖြစ်၏"ဟု မဆိုသင့်။

၉၀၇။ ပရဝါဒီ။ ။ "တရားအားလုံးတို့သည် စိတ္တက္ခဏတစ်ချက်သာ ရှိကုန်၏"ဟု မဆိုသင့်ပါသလော။

သကဝါဒီ။ ။ ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။ တရားအားလုံးတို့သည် မြဲကုန်သလော၊ ခိုင်ခန့်ကုန်သလော၊ ခိုင်မြဲကုန်သလော၊ ဖောက်ပြန် ပျက်စီးခြင်းသဘော မရှိကုန်သလော။

သကဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ ထို့ကြောင့်ပင် တရားအားလုံးတို့သည် စိတ္တက္ခဏတစ်ချက်သာ ရှိကုန်၏။[၅]

**ခဏိကကထာ ပြီး၏။**

**ဗာဝီသတိမဝဂ် ပြီး၏။**

------

၁။ သခ်ံတတရားအားလုံးတို့သည် မမြဲကုန်၊ ထို့ကြောင့် စိတ္တက္ခဏတစ်ချက်မျှသာ ရှိကုန်၏၊ အနိစ္စအဖြစ် တူမျှသည်ဖြစ်လျက် တစ်ခုသော တရားက လျင်စွာ ပျက်၍ တစ်ခုသော တရားက ကြာမြင့်မှ ပျက်၏ဟူရာ၌ အဘယ်မည်သော သတ်မှတ်ချက်ရှိပါအံ့နည်းဟု အယူရှိကြကုန်သော ပုဗ္ဗသေလိယ, အပရသေလိယဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။
၂။ တရားအားလုံးတို့သည် စိတ္တက္ခဏတစ်ချက်သာ ရှိကြသည် ဖြစ်ကုန်မူ စက္ခာယတန အစရှိသည်တို့သည် စက္ခုဝိညာဏ် အစရှိသည်တို့နှင့် အတူတကွသာလျှင် ချုပ်ကုန်ရာ၏ဟု စောဒနာခြင်းငှါ ဤပုစ္ဆာကို တက်သည်။
၃။ အမိဝမ်းတိုက်၌ တည်သော သတ္တဝါ၏ ဝိညာဏ်ဖြစ်ခြင်းကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။
၄။ ပဝတ္တိအခါကို ရည်ရွယ်၍ မိမိအယူအားလျော်စွာ ဝန်ခံပြန်သည်။

၅။ အကြင်ကြောင့် မမြဲကုန်၊ ထို့ကြောင့် စိတ္တက္ခဏတစ်ချက်သာ ရှိကုန်၏ဟု မိမိအယူဖြင့် ပရဝါဒီဆရာသည် အကြောင်းကို ဆို၏၊ ထိုဆိုခြင်းသည်ပင် မဆိုအပ်သည်နှင့် တူသည်သာ ဖြစ်၏။

♣

## ၂၃–တေဝီသတိမဝဂ် (၂၁၈) ၁–ကောဓိပ္ပါယကထာ[၁]

၉၀၈။ သကဝါဒီ။ ။ တူသောအလိုဆန္ဒဖြင့် မေထုန်အကျင့်ကို မှီဝဲအပ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မှီဝဲအပ်ပါ၏။

သကဝါဒီ။ ။ တူသောအလိုဆန္ဒဖြင့် သမဏမဟုတ်သူ ဖြစ်ရာသလော၊ ရဟန်းပဋိညာဉ်မဟုတ်သူ ဖြစ်ရာသလော၊ အမြစ်ပြတ်သူ ဖြစ်ရာသလော၊ ပါရာဇိကကျသူ ဖြစ်ရာသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ တူသောအလိုဆန္ဒဖြင့် မေထုန်အကျင့်ကို မှီဝဲအပ်ပါသလော။

ပရဝါဒီ။ ။ ဩဝ် မှီဝဲအပ်ပါ၏။

သကဝါဒီ။ ။ တူသောအလိုဆန္ဒဖြင့် သတ္တဝါကို သတ်အပ်ပါသလော။ မပေးအပ်သော ဥစ္စာကို ခိုးယူအပ်ပါသလော။ မုသားပြောဆိုအပ်ပါသလော။ ကုန်းတိုက်စကားကို ပြောဆိုအပ်ပါသလော။ ကြမ်း တမ်းသော စကားကို ပြောဆိုအပ်ပါသလော။ အကျိုးမဲ့သော စကားကို ပြောဆိုအပ်ပါသလော။ အိမ်ခြံစပ် ကို ဖောက်ဖျက်အပ်ပါသလော။ လုယက်အပ်သော ဥစ္စာကို ဆောင်အပ်ပါသလော။ တစ်အိမ်တည်း၌ လုယက်မှုကို ပြုအပ်ပါသလော။ (လုယက်ရန်) လမ်း၌ ရပ်တည်အပ်ပါသလော။ သူတစ်ပါးမယားကို သွားလာအပ်ပါသလော။ ရွာဖျက်ဆီးမှုကို ပြုအပ်ပါသလော။ နိဂုံးဖျက်ဆီးမှုကို ပြုအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။

**ကောဓိပ္ပါယကထာ ပြီး၏။**

------

၁။ ရာဂါဓိပ္ပါယမှတစ်ပါး သနားသည်၏အဖြစ်ဟူသော တူညီသော အလိုဖြင့် မေထုန်အကျင့်ကို မှီဝဲထိုက်၏ဟူ၍လည်းကောင်း၊ သံသရာဘဝအဆက်ဆက်၌ အတူတကွ ဖြစ်ရလို၏ဟု နှလုံးသွင်း၍ တောင့်တသည်၏ အစွမ်းဖြင့် တူသောအလိုရှိသော မေထုန်အကျင့်ကို မှီဝဲသင့်၏ဟူ၍လည်းကောင်း အယူရှိကြကုန်သော အန္ဓကနှင့် ဝေတုလ္လကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကောဓိပ္ပါယ ကထာကို ဟောတော်မူသည်။

♣

## ၂၃–တေဝီသတိမဝဂ် (၂၁၉) ၂–အရဟန္တဝဏ္ဏကထာ[၁]

၉၀၉။ သကဝါဒီ။ ။ နတ်တို့သည် ရဟန္တာတို့၏ အသွင်ဖြင့် မေထုန်အကျင့်ကို မှီဝဲကုန်သလော။

ပရဝါဒီ။ ။ ဩော် မှီဝဲပါကုန်၏။

သကဝါဒီ။ ။ နတ်တို့သည် ရဟန္တာတို့၏ အသွင်ဖြင့် သတ္တဝါကို သတ်ပါကုန်သလော။ပ။ မပေး အပ်သော ပစ္စည်းကို ခိုးယူပါကုန်သလော။ မုသားစကား ပြောဆိုပါကုန်သလော။ ကုန်းတိုက်စကားကို ပြောဆိုပါကုန်သလော။ ကြမ်းတမ်းသော စကားကို ပြောဆိုပါကုန်သလော။ အကျိုးမဲ့သော စကားကို ပြောဆိုပါကုန်သလော။ အိမ်ခြိစပ်ကို ဖောက်ဖျက်ပါကုန်သလော။ လုယက်အပ်သော ဥစ္စာကို ဆောင်ပါကုန်သလော။ တစ်အိမ်၌ လုယက်မှုကို ပြုပါကုန်သလော။ လမ်း၌ လုယက်ရန် ရပ်တည်ပါကုန်သလော။ သူတစ်ပါးမယားကို သွားလာပါကုန်သလော။ ရွာဖျက်ဆီးမှုကို ပြုပါကုန်သလော။ နိဂုံးဖျက်ဆီးမှုကို ပြုပါ ကုန်သလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**အရဟန္တဝဏ္ဏကထာ ပြီး၏။**

------

၁။ ဣရိယာပုထ်နှင့် ပြည့်စုံကုန်သော အသွင်အပြင်နှင့် ပြည့်စုံကုန်သော ရဟန်းယုတ်တို့ကို မြင်ရ၍ နတ်ဘီလူးတို့သည် ရဟန္တာတို့၏ အသွင်အပြင်ဖြင့် မေထုန်မှီဝဲ၏ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင်အချို့တို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၂၃-တေဝီသတိမဝဂ် (၂၂၀-၂၂၄) ၃-၇ ဣဿရိယ ကာမကာရိကာကထာ[၁]

၉၁၀။ သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ အပါယ်ဘုံသို့ ရောက်ရပါသလော။

ပရဝါဒီ။ ။ ဩော် ရောက်ရပါ၏။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ငရဲသို့ ရောက်ရပါသလော၊ သိဉ္ဇိုးငရဲသို့ ရောက်ရပါသလော၊ ကာလသုတ်ငရဲသို့ ရောက်ရပါသလော၊ တာပနငရဲသို့ ရောက်ရပါသလော၊ မဟာတာပနငရဲသို့ ရောက်ရပါသလော၊ သံဃာ တကငရဲသို့ ရောက်ရပါသလော၊ ရောရုဝငရဲသို့ ရောက်ရပါသလော၊ မဟာရောရုဝငရဲသို့ ရောက်ရပါသလော၊ အဝီစိငရဲသို့ ရောက်ရပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ အပါယ်ဘုံသို့ ရောက်ရပါသလော။

ပရဝါဒီ။ ။ ဩော် ရောက်ရပါ၏။

သကဝါဒီ။ ။ “ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ အပါယ်ဘုံသို့ ရောက်၏”ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ထြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ “ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ အပါယ်ဘုံသို့ ရောက်၏”ဟူသော သုတ္တန် (ပါဠိ) မရှိခဲ့ပါမူ “ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ အပါယ်ဘုံသို့ ရောက်၏”ဟူ၍ မဆိုသင့်။

၉၁၁။ သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်ရပါသလော။

ပရဝါဒီ။ ။ ထြော် သက်ရောက်ရပါ၏။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ငရဲသို့ ကပ်ရောက်ရပါသလော။ တိရစ္ဆာန်မျိုးသို့ ကပ်ရောက်ရပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်ရပါသလော။

ပရဝါဒီ။ ။ ထြော် သက်ရောက်ရပါ၏။

သကဝါဒီ။ ။ ဘုရားအလောင်းသည် တန်ခိုးရှိသူ ဖြစ်ပါသလော။[၂]

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ ဘုရားအလောင်းသည် တန်ခိုးရှိသူ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ထြော် ဖြစ်ပါ၏။[၄]

သကဝါဒီ။ ။ ဘုရားအလောင်းသည် ဆန္ဒိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော။ပ။ ဝီရိယိဒ္ဓိပါဒ်ကို။ပ။ စိတ္တိဒ္ဓိပါဒ်ကို။ပ။ ဝီမံသိဒ္ဓိပါဒ်ကို ပွါးစေအပ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်ရပါသလော။

ပရဝါဒီ။ ။ ထြော် သက်ရောက်ရပါ၏။

သကဝါဒီ။ ။ "ဘုရားအလောင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်၏"ဟူသော သုတ္တန် (ပါဠိ) မရှိခဲ့ပါမူ "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ သက်ရောက်၏"ဟူ၍ မဆိုသင့်။

၉၁၂။ သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ပြုကျင့်ခဲ့ရပါသလော။

ပရဝါဒီ။ ။ ဩဝ် ပြုကျင့်ခဲ့ရပါ၏။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် "လောကသည် မြဲ၏"ဟူ၍ စွဲယူခဲ့ပါသလော။ "လောကသည် မမြဲ"ဟူ၍။ပ။ "လောကသည် အဆုံးရှိ၏"ဟူ၍။ပ။ "လောကသည် အဆုံးမရှိ"ဟူ၍။ပ။ "ထိုအသက်သည်ပင် ထိုကိုယ်"ဟူ၍။ပ။ "အသက်တခြား ကိုယ်တခြား"ဟူ၍။ပ။ "သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏"ဟူ၍။ပ။ "သတ္တဝါသည် သေပြီးနောက်၌ မဖြစ်"ဟူ၍။ပ။ "သတ္တဝါသည် သေပြီးနောက်၌ ဖြစ်လည်း ဖြစ် မဖြစ်လည်းမဖြစ်"ဟူ၍။ပ။ "သတ္တဝါသည် သေပြီးနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်"ဟူ၍ စွဲယူခဲ့ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ပြုကျင့်ခဲ့ရပါသလော။

ပရဝါဒီ။ ။ ဩဝ် ပြုကျင့်ခဲ့ရပါ၏။

သကဝါဒီ။ ။ "ဘုရားအလောင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ပြုကျင့်ခဲ့ရ၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ဩဝ် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ပြုကျင့်ခဲ့ရ၏"ဟူသော သုတ္တန် (ပါဠိ) မရှိခဲ့ပါမူ "ဘုရားအလောင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ပြုကျင့်ခဲ့ရ၏"ဟူ၍ မဆိုသင့်။

၉၁၃။ သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် သူတစ်ပါးအား ပူပန်စေတတ်သော အကျင့်ကို ပြုကျင့်ခဲ့ပါသလော၊ အခြား သော ပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခဲ့ပါသလော။

ပရဝါဒီ။ ။ ထြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် "လောကသည် မြဲ၏"ဟူ၍ စွဲယူခဲ့ပါသလော။ပ။ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်"ဟူ၍ စွဲယူခဲ့ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၁၄။ သကဝါဒီ။ ။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အခြားသောပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခဲ့ပါသလော။

ပရဝါဒီ။ ။ ထြော် ညွှန်ပြခဲ့ပါ၏။

သကဝါဒီ။ ။ "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အခြားသော ပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခဲ့၏"ဟူသော သုတ္တန် (ပါဠိ) ရှိပါသလော။

ပရဝါဒီ။ ။ ထြော် မရှိပါ။

သကဝါဒီ။ ။ အရှင်ပရဝါဒီ "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အခြားသော ပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခဲ့၏"ဟူသော သုတ္တန် (ပါဠိ) မရှိခဲ့ပါလျှင် "ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အခြားသော ပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခဲ့ရ၏"ဟူ၍ မဆိုသင့်။

**ဣဿရိယကာမကာရိကာကထာ ပြီး၏။**

------

၁။ ဆဒ္ဒန္တဇာတ်စသည်တို့ကို ရည်ရွယ်၍ ဘုရားလောင်းသည် မိမိစိတ်ကို အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ရာ ဖြစ်သော ငရဲသို့ ကျရောက်ရ၏၊ အမိဝမ်းတိုက်သို့ သက်ရ၏၊ ဒုက္ကရစရိယာအကျင့်မျိုးကို ကျင့်ရ၏၊ သူတစ်ပါးအား ပူပန်စေခြင်းကို ပြုခဲ့ရ၏၊ တစ်ပါးသောသူကို ဆရာဟု ညွှန်းခဲ့ရ၏ဟု အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

၂။ ဘုရားအလောင်းသည် အစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အပါယ်စသည်သို့ ကျရောက်ခဲ့မူ တန်ခိုးဖြင့်သာ ကျရာ၏၊ ကံ၏အစွမ်းဖြင့် မကျရာဟု စောဒနာလိုသောကြောင့် ဤပုစ္ဆာကို တက်သည်။

၃။ ဘာဝနာမယတန်ခိုးကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၄။ ပုညိဒ္ဓိကို ရည်ရွယ်၍ ဝန်ခံပြန်သည်။
၅။ ဘုရားအလောင်းသည် ထိုအစိုးရသည်၏ အဖြစ်ဖြင့် အလိုရှိတိုင်း ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် ဒုက္ကရစရိယအကျင့်ကို ကျင့်ခဲ့ပါမူ သဿတဒိဋ္ဌိစသော အယူတို့ကိုလည်း ယူရာ၏ဟု စောဒနာလို၍ ဤပုစ္ဆာကို တက်သည်။

♣

## ၂၃-တေဝီသတိမဝဂ် (၂၂၅) ၈-ပတိရူပကထာ[၁]

၉၁၅။ သကဝါဒီ။ ။ ရာဂမဟုတ်သော ရာဂအတုသည် ရှိပါသလော၊

ပရဝါဒီ။ ။ ဩာ် ရှိပါ၏။

သကဝါဒီ။ ။ ဖဿမဟုတ်သော ဖဿအတုသည် ရှိပါသလော။ ဝေဒနာမဟုတ်သော ဝေဒနာအတုသည် ရှိပါသလော။ သညာမဟုတ်သော သညာအတုသည် ရှိပါသလော။ စေတနာမဟုတ်သော စေတနာအတုသည် ရှိပါသလော။ စိတ်မဟုတ်သော စိတ်အတုသည် ရှိပါသလော။ သဒ္ဓါမဟုတ်သော သဒ္ဓါ အတုသည် ရှိပါသလော။ ဝီရိယမဟုတ်သော ဝီရိယအတုသည် ရှိပါသလော။ သတိမဟုတ်သော သတိ အတုသည် ရှိပါသလော။ သမာဓိမဟုတ်သော သမာဓိအတုသည် ရှိပါသလော။ ပညာမဟုတ်သော ပညာ အတုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

၉၁၆။ သကဝါဒီ။ ။ ဒေါသမဟုတ်သော ဒေါသအတုသည် ရှိပါသလော၊ မောဟမဟုတ်သော မောဟအတုသည် ရှိပါသလော၊ ကိလေသာမဟုတ်သော ကိလေသာအတုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဩာ် ရှိပါ၏။

သကဝါဒီ။ ။ ဖဿမဟုတ်သော ဖဿအတုသည် ရှိပါသလော။ပ။ ပညာမဟုတ်သော ပညာ အတုသည် ရှိပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

**ပတိရူပကထာ ပြီး၏။**

------

၁။ မေတ္တာ ကရုဏာ မုဒိတာ စသည်တို့ကို ရည်ရွယ်၍ ရာဂမဟုတ်ဘဲလျက် ရာဂနှင့် အလားတူသောတရား ရှိ၏ဟူ၍လည်းကောင်း၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကို ရည်ရွယ်၍ ဒေါသမဟုတ်ဘဲလျက် ဒေါသနှင့်တူသော တရားရှိ၏ဟူ၍လည်းကောင်း၊ ဟသိတုပ္ပါဒ်ကို ရည်ရွယ်၍ မောဟမဟုတ်ဘဲလျက် မောဟနှင့်တူသော တရားရှိ၏ဟူ၍လည်းကောင်း၊ အလဇ္ဇီရဟန်းတို့ကို နှိပ်ခြင်း, သီလဝန္တရဟန်းတို့ကို ချီးမြှောက်ခြင်း, မကောင်းမှုကို ကဲ့ရဲ့ခြင်း, ကောင်းမှုကို ချီးမွမ်းခြင်းကိုလည်းကောင်း၊ ပိလိန္ဒဝစ္ဆထေရ်၏

ဝသလဝါဒကိုလည်းကောင်း၊ မြတ်စွာဘုရား၏ ခေဋ္ဌသကဝါဒနှင့် မောဃပုရိသဝါဒကိုလည်းကောင်း ရည်ရွယ်၍ ကိလေသာ မဟုတ်ဘဲလျက် ကိလေသာနှင့် အလားတူသော တရားရှိ၏ဟူ၍ အယူရှိကြကုန်သော အန္ဓကဂိုဏ်းဝင် ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။

♣

## ၂၃–တေဝီသတိမဝဂ် (၂၂၆) ၉–အပရိနိပ္ဖန္နကထာ

၉၁၇။ သကဝါဒီ။ ။ ရုပ်သည် (ကံစသော အကြောင်းလေးပါးဖြင့်) မပြီးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ ရုပ်သည် အနိစ္စမဟုတ်သော တရားလော၊ သင်္ခတမဟုတ်သော တရားလော၊ အကြောင်းကို စွဲ၍ မဖြစ်သော တရားလော၊ ကုန်ခန်းခြင်းသဘောမရှိသော တရားလော၊ ပျက်စီးခြင်း သဘောမရှိသော တရားလော၊ ကင်းပြတ်ခြင်းသဘောမရှိသော တရားလော၊ ချုပ်ငြိမ်းခြင်းသဘောမရှိသော တရားလော၊ ဖောက်ပြန်ခြင်းသဘောမရှိသော တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ ရုပ်သည် မမြဲသည်၊ ပြုပြင်အပ်သည်၊ အကြောင်းကို စွဲ၍ ဖြစ်သည်၊ ကုန်ခန်းခြင်း သဘောရှိသည်၊ ပျက်စီးခြင်းသဘောရှိသည်၊ ကင်းပြတ်ခြင်းသဘောရှိသည်၊ ချုပ်ခြင်းသဘောရှိသည်၊ ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ရုပ်သည် မမြဲသည်၊ ပြုပြင်အပ်သည်။ပ။ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသည် ဖြစ်ခဲ့မူ "ရုပ်သည် (ကံစသော အကြောင်းလေးပါးဖြင့်) မပြီး"ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒုက္ခသည်သာ (ကံစသော အကြောင်းလေးပါးဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏"ဟု မြတ်စွာဘုရားသည် ရုပ်ကို မမြဲဟူ၍ ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ 'အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏'ဟု မြတ်စွာဘုရားသည် ရုပ်ကို မမြဲဟူ၍ ဟောအပ်ခဲ့ပါမူ "ဒုက္ခသည်သာလျှင် (ကံစသော အကြောင်းလေးပါးဖြင့်) ပြီး၏"ဟူ၍ မဆိုသင့်။ပ။

၉၁၈။ သကဝါဒီ။ ။ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ စက္ခာယတနသည်။ပ။ ဓမ္မာယတနသည်။ စက္ခုဓာတ်သည်။ပ။ ဓမ္မဓာတ်သည်။ စက္ခုန္ဒြေသည်။ပ။ အညာတာဝိန္ဒြေသည် (ကံစသော အကြောင်းလေးပါးဖြင့်) မပြီးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ ဩော် မှန်ပါ၏။

သကဝါဒီ။ ။ အညာတာဝိန္ဒြေသည် အနိစ္စမဟုတ်သော တရားလော။ပ။ ဖောက်ပြန်ပျက်စီးခြင်း သဘော မရှိသော တရားလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ အညာတာဝိန္ဒြေသည် မမြဲသည် ပြုပြင်အပ်သည်။ပ။ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ အညာတာဝိန္ဒြေသည် မမြဲသည်၊ ပြုပြင်အပ်သည်၊ အကြောင်းကို စွဲ၍ ဖြစ်သည်၊ ကုန်ခန်းခြင်းသဘောရှိသည်၊ ပျက်စီးခြင်းသဘောရှိသည်၊ ကင်းပြတ်ခြင်းသဘောရှိသည်၊ ချုပ်ငြိမ်းခြင်းသဘောရှိသည်၊ ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိသည် ဖြစ်ခဲ့မူ “အညာတာဝိန္ဒြေသည် (ကံစသော အကြောင်းလေးပါးဖြင့်) မပြီး”ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ ဒုက္ခသည်သာ (ကံစသော အကြောင်းလေးပါးဖြင့်) ပြီးပါသလော။

ပရဝါဒီ။ ။ သြော် ပြီးပါ၏။

သကဝါဒီ။ ။ ‘အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏’ဟု မြတ်စွာဘုရားသည် အညာတာဝိန္ဒြေကို မမြဲဟူ၍ ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ သြော် ဟုတ်ပါ၏။

သကဝါဒီ။ ။ အရှင်ပရဝါဒီ ‘အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏’ဟု မြတ်စွာဘုရားသည် အညာတာဝိန္ဒြေကို မမြဲဟူ၍ ဟောအပ်ခဲ့ပါမူ “ဒုက္ခသည်သာ (ကံစသော အကြောင်းလေးပါးဖြင့်) ပြီး၏”ဟူ၍ မဆိုသင့်။

**အပရိနိပ္ဖန္နကထာ ပြီး၏။**

**တေဝီသတိမဝဂ် ပြီး၏။**

**ပဥ္စတ္တိံသဘာဏဝါရ ပြီး၏။**

**ကထာဝတ္ထုပါဠိတော် မြန်မာပြန် ပြီးပြီ။**

------

၁။ “ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။” ဟူသော စကားတော်ကို အမှီပြု၍ ဒုက္ခသစ္စာသည်သာလျှင် အကြောင်းတို့ဖြင့် ပြီးသည် မည်၏၊ ကြွင်းသော ခန္ဓာ အာယတန ဓာတ် ဣန္ဒြေတရားတို့သည် အကြောင်းတို့ကြောင့် ပြီးသည် မမည်ကုန်ဟု အယူရှိကြကုန်သော ဥတ္တရာပထဂိုဏ်းဝင် အချို့နှင့် ဟေတုဝါဒရှိသူ ပရဝါဒီဆရာတို့ကို ရည်ရွယ်၍ ဤကထာကို ဟောတော်မူသည်။